ကျမ်းစာအမှတ်စဉ်—၁၂

# ဋီကာကျော်မြန်မာပြန်

## တတိယတွဲ

မေဓာဝီ ဆရာဆိုင် ပြန်ဆိုသည်

အဂ္ဂမဟာပဏ္ဍိတ မစိုးရိမ်ဆရာတော်ဘုရားကြီး
တည်းဖြတ်သုတ်သင်တော်မူသည်

ပြည်ထောင်စု မြန်မာနိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့

သာသနာနှစ်-၂၄၉၉ ကောဇာနှစ်-၁၃၁၇

၄၂၈၅

ကျမ်းစာအမှတ်စဉ်—၁၂

# ဋီကာကျော်မြန်မာပြန်

## တတိယတွဲ

သစ္စဝါဒီဋီကာ, အဘိဓမ္မဂဏ္ဌိ, ဝိနယဂဏ္ဌိနှင့် ကစ္စာယနဂဏ္ဌိကျမ်းပြု
ပရိယတ္တိသာသနဟိတဓမ္မာစရိယ ဘွဲ့တံဆိပ်ရ

မေဓာဝီ ဆရာဆိုင် ပြန်ဆို၍

အဂ္ဂမဟာပဏ္ဍိတ မစိုးရိမ်ဆရာတော်ဘုရားကြီး
တည်းဖြတ်သုတ်သင်တော်မူသည်

ပြည်ထောင်စု မြန်မာနိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့

သာသနာနှစ်-၂၄၉၉ ကောဇာနှစ်-၁၃၁၇

**အကျိုးအကြောင်းကို ဖော်ပြသော နိဒါန စာတမ်း**

(၁) ဘာဝေတဗ္ဗံ ပနိဒ္ဓေဝံ၊
ဘာဝနာ ဒွယ မုတ္တမံ။
ပဋိပတ္တိ ရသဿာဒံ၊
ပတ္ထယန္တေန သာသနေ။ ။

ဟူသော 'အဘိဓမ္မတ္ထသင်္ဂဟ' ကျမ်းပြု သီဟဠဝါသီ မဟာထေရ် အရှင် **အနုရုဒ္ဓါ**-၏ ကျမ်းပြီး နိဂမ အာသီသ ဥယျောဇဉ် နှင့်အညီ မြတ်စွာဘုရား၏ သာသနာတော်၌ ပျော်စရာ ကောင်းလှသော—

[က] ဈာန်ဝင်စား၍ ချမ်းချမ်းသာသာ စံစားမှု-ဈာနသုခ,
[ခ] ဖိုလ်ဝင်စား၍ ချမ်းချမ်းသာသာ စံစားမှု-ဖလသုခ,

ယခုဘဝ ပစ္စုပ္ပန် ခန္ဓာကိုယ်မှာ ဧကန် ရကြ၍ ထို ဈာန်ချမ်းသာ, ဖိုလ်ချမ်းသာတို့ကို ကောင်းစွာပိုင်ပိုင် ကိုယ်တိုင် ကိုယ်ကျ အသီးအသီး အသက အသက ခံစား စံစား ရရှိကြစေခြင်းငှါ ကောင်းစွာ ဟောကြားတော်မူခဲ့သော မြတ်စွာဘုရား၏ အဘိဓမ္မာ ဒေသနာတို့ကို လေ့လာ သင်ကြား (အထိုက်အလျောက်) တတ်မြောက် နားလည်ကြရပေလိမ့်မည်။

[အဘိဓမ္မာ ခုနစ်ကျမ်းလုံးကိုပင် မဟုတ်သော်လည်း အောက်ထစ်ဆုံး အဖြစ်ဖြင့် **'သင်္ဂြိုဟ်'** ဟူ၍ ခေါ်ကြသော **"အဘိဓမ္မတ္ထ-သင်္ဂဟကျမ်း"** တစ်ကျမ်းကိုပင် ကြိုးပမ်း လေ့လာကြရပေလိမ့်မည်။]

(၂) တတ်မြောက် နားလည်ရမည် ဆိုသောကြောင့် တတ်မြောက် နားလည်ချင်လှ၍ အဘိဓမ္မာဆိုင်ရာ ကျမ်းစာအုပ်များကို ကြည့်ရှုလိုက်သည့်အခါ—

[က] ပါဠိတော်က ပါဠိဘာသာ,
[ခ] အဋ္ဌကထာက ပါဠိဘာသာ,

[ဂ] အဖွင့်ဋီကာများက ပါဠိဘာသာ ညီညီ-ညာညာ တည်ရှိ၍ နေကြလေသောကြောင့် ပါဠိဘာသာကို မလေ့လာဘူးသူ မလေ့လာနိုင်သူတို့အတွက် အဓိပ္ပါယ်မကွဲ အနက်မကွဲ အခက်အခဲ များစွာနှင့် ကြုံကြိုက်ကြရ ပြန်တော့သည်။

(၃) ထိုသို့ ပါဠိဘာသာ သက်သက်ကိုဎင်း, ပါဠိတချက် မြန်မာတချက် နိသျနက် ကျမ်းစာများကိုဎင်း, မလေ့လာနိုင်သူ မလိုက်စားနိုင်သူတို့၏ အခက်ကို သက်သာ ချောင်ချိစေလျက် လေ့လာ-လိုက်စား အခြေခံ သဘောတရားများ ဖြစ်ပွါး လွယ်ကူကြ စေရန် မြန်မာဘာသာ့ပြန် သက်သက်ဖြင့် အနက် မပျက် အဓိပ္ပါယ် မပျက် အချက်အလက် ကျကျ ရေးသားပြန်ဆို၍ ထားအပ်သော အဘိဓမ္မာဆိုင်ရာ—

[က] ပါဠိတော် မြန်မာပြန်
[ခ] အဋ္ဌကထာ မြန်မာပြန်
[ဂ] အဖွင့်ဋီကာ မြန်မာပြန်များသည် မြန်မာဆန်ဆန်ဖြင့် အမှန်ပင် ရှိသင့်, ရှိထိုက်လှပါပေ၏။

(၄) သို့-ရှိသင့်, ရှိထိုက်သည့်အတိုင်း **ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့ကြီးက** ဦးစီးအား့ပေး အရေး တယူ အလေးမူလျက် ဖြူစင် သန့်ရှင်းသော သမ္မာဆန္ဒ, ဝီရိယ, မြော်မြင်မှုတို့ကြောင့် ယခုအခါ—

**အဘိဓမ္မတ္ထ သင်္ဂဟ အဋ္ဌကထာ မြန်မာပြန် ဋီကာကျော် ခေါ် အဘွင့် မြန်မာပြန်**

ကျမ်းတို့ကို တခမ်းတနား မြန်မာဘာသာအားဖြင့် ရေးသားပြန်ဆို ကာ (ပူးတွဲ) ရိုက်နှိပ်ထုတ်ဝေနိုင်ပေပြီ။

(၅) ဤဋီကာကျော် ပါဠိဘာသာကျမ်းကို မြန်မာဘာသာ သက်သက် ပြန်ဆို ရေးသားသူမှာ ရန်ကုန်မြို့ ပါဠိဆရာကြီး **မေခဝီ ဦးဆိုင်**-ဖြစ်၍ ပြန်ဆိုပုံ ပြန်ဆိုနည်းမှာ [ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီး ကြီးမှူး၍ ဆရာမြို့ ပြန်ဆိုသော မြန်မာပြန် ပိဋကများကဲ့သို့] ပါဠိမပါ မြန်မာနိဿယပင် ဖြစ်ပေသည်။ ''ဤပြန်ဆိုနည်းသာလျှင် အဘိဓမ္မာ ပိဋကအတွက် သင့်လျော် လုံလောက်ပေပြီ''ဟု ဤစာရေးသူက ထင်မြင် ယုံကြည်မိပေသည်။ [သုတ္တန်ပိဋက ဝတ္ထုဘာသာပြန် များကိုကား မင်းဘူးမြို့ ဆရာတော် အရှင်သြဘာသသည် ဝေဿန္တရာ ဇာတ်တော်ကြီးကို ကဗျာနည်း အလင်္ကာနည်း တို့ဖြင့် သင့်လျော်သလို ပြန်ဆိုတော်မူဘိသကဲ့သို့ သင့်လျော်သလို ဘာသာပြန်လိုက ပြန်သင့်ပေသည်။ အဘိဓမ္မာ ပိဋက ဆိုင်ရာ အတွက် မှာကား ရှေးရှေး နိဿယများမှ ပါဠိ ကိုသာ ချန်ထားလျက် နိဿယစကားအတိုင်း ပြန်ဆိုထားသော ဤသို့သော မြန်မာပြန်မျိုးသာ သင့်လျော်ပေပြီ-ဟု ဆိုလိုပေသည်။]

(၆) သမ္ပတ္တိ စက်လေးဖြာတို့ဖြင့် ကောင်းစွာ ကြုံကြိုက်လျက် ရှိကြကုန်သော အမျိုးကောင်းသား အမျိုးကောင်း သမီးတို့သည် (ဝါ) ရဟန်း ရှင်လူ သူတော်စင် သူတော်ကောင်း တို့သည်-

**အဘိဓမ္မတ္ထသင်္ဂဟ မြန်မာပြန်**
**ဋီကာကျော် အဘွင့် မြန်မာပြန်**

ကျမ်းတို့ကို ချမ်းချမ်းသာသာ လွယ်လွယ် ကူကူဖြင့် ''သင်သင်- အံအံ၊ ကြံကြံ-ကျင့်ကျင့်'' ပညာဉာဏ် ပွင့်ကြကုန်သည် ဖြစ်၍ ပရိယတ္တိ သာသနာ, ပဋိပတ္တိ သာသနာ အတူမကွာ-တိုးပွါး ဈာနသုခ, ဖလသုခ အကျိုးတရားတို့ကို တိုးပွါး ရရှိကြသည် အထိ ရိုးရိုး သားသား ဖြောင့်ဖြောင့် မတ်မတ် (ဝါ) ရိုးရိုးကျင့်, မြင့်မြင့်ကြံ အခြေခံ ကလျာဏ ပုထုဇ္ဇန် အတန်းက အစချီလျက် ရုပ်,နာမ်ကို ဟုတ်မှန်သည့်အတိုင်း သိရှိ နားလည်စေနိုင်သော

"အဘိဓမ္မာ-ဘာသာပြန်ကျမ်း" တည်းဟူသော ပရိယတ္တိလည်းရှိ ကမ္မဋ္ဌာန်းအားထုတ်မှု ပဋိပတ္တိလည်း ရှိကြလျက် ကိုယ်၏ ယဉ်ကျေးမှု, စိတ်၏ယဉ်ကျေးမှု ကိုယ်ချမ်းသာ စိတ်ချမ်းသာ စုံလင်စွာ ပေါ်ထွက်,လက်တွေ့ ဉာဏ်တွေ့ ကျင့်ကြံ အားထုတ် ခံစား စံစား အရသာ တွေ့နိုင်ကြပေလိမ့်မည်-ဟု အထူးမြော်လင့် ဝမ်းမြောက် သင့်ကြပါပေသတည်း။

၁၃၁၆-ခု၊ သီတင်းကျွတ်လဆန်း ၇-ရက်နေ့

[ ပဌာန်း ] ဦးဝိသုဒ္ဓ
မန္တလေး ပရိယတ္တိသာသနဟိတ နှင့် အစိုးရစာချ ဓမ္မာစရိယ
ပါဠိနယူပဒေသကျောင်း, မစိုးရိမ်တိုက်, မန္တလေးမြို့။

# မာတိကာ

အကြောင်းအရာ စာမျက်နှာနံပါတ်

## ၇—သမုစ္စည်းပိုင်း


| | | |
|---|---|---|
| ၁။ | အကုသလသင်္ဂဟ, အာသဝ ၄-ပါးအဘွင့် .... | ၅ |
| ၂။ | ဩဃ ၄—ပါးအဘွင့် .... .... .... | ၇ |
| ၃။ | ယောဂ ၄-ပါးအဘွင့် .... .... .... | ၈ |
| ၄။ | ဂန္ထ ၄-ပါးအဘွင့် .... .... .... | ၉ |
| ၅။ | ဥပါဒါန် ၄-ပါးအဘွင့် .... .... .... | ၁၀ |
| ၆။ | နီဝရဏ ၆-ပါးအဘွင့် .... .... | ၁၁ |
| ၇။ | အနုသယ ၇-ပါးအဘွင့် .... .... | ၁၄ |
| ၈။ | သံယောဇဉ် ၁၀-ပါးအဘွင့် .... .... | ၁၅ |
| ၉။ | ကိလေသာ ၁၀-ပါးအဘွင့် .... .... | ၁၆ |
| ၁၀။ | မိဿကသင်္ဂဟ,ဈာနင် ၇-ပါးအဘွင့် .... | ၁၉ |
| ၁၁။ | မဂ္ဂင် ၁၂-ပါးအဘွင့် .... .... .... | ၂၀ |
| ၁၂။ | ဣန္ဒြေ ၂၂-ပါးအဘွင့် .... .... | ၂၂ |
| ၁၃။ | ဗိုလ်နှင့်အဓိပတိအဘွင့် .... .... | ၂၇ |
| ၁၄။ | အာဟာရ ၄-ပါးအဘွင့် .... .... | ၂၉ |
| ၁၅။ | ဗောဓိပက္ခိယသင်္ဂဟ,သတိပဋ္ဌာန် ၄-ပါးအဘွင့် .... | ၃၅ |
| ၁၆။ | သမ္မပဓာန် ၄-ပါးအဘွင့် .... .... | ၃၇ |
| ၁၇။ | ဣဒ္ဓိပါဒ်နှင့်ဗောဇ္ဈင်အဘွင့် .... .... | ၃၈ |
| ၁၈။ | သဗ္ဗသင်္ဂဟ, ခန္ဓာ ၅-ပါးအဘွင့် .... .... | ၄၃ |
| ၁၉။ | ဥပါဒါနက္ခန္ဓာ ၅-ပါးအဘွင့် .... .... | ၄၅ |
| ၂၀။ | အာယတန ၁၂-ပါးအဘွင့် .... .... | ၄၆ |
| ၂၁။ | ဓာတ် ၁၈—ပါးအဘွင့် .... .... | ၄၉ |
| ၂၂။ | သစ္စာ ၄-ပါးအဘွင့် .... ... | ၅၁ |

အကြောင်းအရာ စာမျက်နှာနံပါတ်

# ၈-ပစ္စည်းပိုင်း


၁။ နည်း ၂-ပါးအဘွင့် .... .... .... ၆၄
၂။ ပဋိစ္စသမုပ္ပါဒ်နည်းအဘွင့် .... .... ၆၉
၃။ အစွန် ၃-ပါးအဘွင့် .... .... .... ၇၇
၄။ အခြင်းအရာ ၂၀-အဘွင့် .... .... ၈၁
၅။ အစပ် ၃-ပါးအဘွင့် .... .... .... ၈၂
၆။ အလွှာ ၃-ပါးအဘွင့် .... .... .... ၈၃
၇။ ဝဋ် ၃-ပါးအဘွင့် .... .... .... ၈၄
၈။ ဝဋ်မြစ် ၂-ပါးအဘွင့် .... .... .... ၈၅
၉။ ပဋ္ဌာန်းနည်း, ၂၄-ပစ္စည်းအဘွင့် .... .... ၈၈
၁၀။ နာမ်သည်နာမ်အားကျေးဇူးပြုသည့် ၆-ပစ္စည်းအဘွင့် ၁၀၅
၁၁။ နာမ်သည် နာမ်ရုပ်အားကျေးဇူးပြုသည့် ၅-ပစ္စည်း အဘွင့် .... .... .... ၁၀၈
၁၂။ နာမ်သည် ရုပ်အားကျေးဇူးပြုသည့် ၁-ပစ္စည်းအဘွင့် ၁၁၀
၁၃။ ရုပ်သည်နာမ်အား ကျေးဇူးပြုသည့် ၁-ပစ္စည်းအဘွင့် ၁၁၁
၁၄။ ဥပနိဿယ ၃-မျိုးအဘွင့် .... .... ၁၁၃
၁၅။ အဓိပတိပစ္စည်းအဘွင့် .... .... .... ၁၁၉
၁၆။ သဟဇာတပစ္စည်း အဘွင့် .... .... ၁၂၁
၁၇။ အညမညပစ္စည်း အဘွင့် ... .... ၁၂၂
၁၈။ အာဟာရပစ္စည်း အဘွင့် .... .... ၁၂၃
၁၉။ ဣန္ဒြိယပစ္စည်းအဘွင့် .... .... .... ၁၂၅
၂၀။ ဝိပ္ပယုတ္တပစ္စည်းအဘွင့် .... .... .... ၁၂၇
၂၁။ အတ္ထိ, အဝိဂတပစ္စည်းအဘွင့် .... .... ၁၂၉

အကြောင်းအရာ စာမျက်နှာနံပါတ်


၂၂။ ပစ္စည်းအကျဉ်းချုပ် အဘွင့် .... .... ၁၃၀
၂၃။ ပညတ်အပြား အဘွင့် .... .... .... ၁၃၅
၂၄။ အတ္ထပညတ်အပြား အဘွင့် .... .... ၁၃၇
၂၅။ သဒ္ဒပညတ် ၆-ပါးအဘွင့် .... .... ၁၄၀
၂၆။ ဝစီဃောသာနုသာရေန ဂါထာအဘွင့် .... ၁၄၄


# ၉—ကမ္မဋ္ဌာန်းပိုင်း


၁။ ဘာဝနာ ၂-ပါးအဘွင့် .... .... ၁၄၉
၂။ စရိုက် ၆-ပါးအဘွင့် .... .... ၁၅၀
၃။ ဘာဝနာ ၃-ပါးအဘွင့် .... .... ၁၅၂
၄။ နိမိတ် ၃-ပါးအဘွင့် .... .... ၁၅၄
၅။ ကသိုဏ်း ၁၀-ပါးအဘွင့် .... .... ၁၅၆
၆။ အသုဘ ၁၀-ပါးအဘွင့် .... .... ၁၅၈
၇။ အနုဿတိ ၁၀-ပါးအဘွင့် .... .... ၁၆၀
၈။ အပ္ပမညာ ၄-ပါးအဘွင့် .... .... ၁၆၁
၉။ သပ္ပါယဘေဒအဘွင့် .... .... ၁၆၄
၁၀။ ဘာဝနာဘေဒ, ဘာဝနာဖြင့် ကမ္မဋ္ဌာန်းကို
ဝေဘန်ပုံ အဘွင့် .... .... .... ၁၆၄
၁၁။ ဈာန်ဖြင့် ကမ္မဋ္ဌာန်းကိုဝေဘန်ပုံ အဘွင့် .... ၁၆၈
၁၂။ ဂေါစရဘေဒ, နိမိတ်ဖြင့် ကမ္မဋ္ဌာန်းကို
ဝေဘန်ပုံအဘွင့် .... .... ... ၁၇၁
၁၃။ ဘာဝနာဖြင့် နိမိတ်ကို မှတ်ပုံအဘွင့် .... ၁၇၂
၁၄။ နိမိတ်ထင်ပုံအဘွင့် .... .... .... ၁၇၄
၁၅။ ရူပဈာန်ဖြစ်ပုံအဘွင့် .... .... .... ၁၇၇

ကြောင်းအရာ　　　　　　　　　　　　စာမျက်နှာနံပါတ်

၁၆။ အရူပဈာန်ဖြစ်ပုံအတွင့် .... .... .... ၁၇၉
၁၇။ အဘိညာဏ်ဖြစ်ပုံအတွင့် .... .... .... ၁၀၃
၁၀။ အဘိညာဏ် ၅-ပါးအတွင့် .... .... ၁၀၇
၁၉။ ဝိပဿနာကမ္မဋ္ဌာန်း, ဝိသုဒ္ဓိ ၇-ပါးအတွင့် .... ၁၉၀
၂၀။ လက္ခဏာယာဥ် ၃-ပါးအတွင့် .... .... ၁၉၀
၂၁။ ဝိပဿနာဉာဏ် ၁၀-ပါးအတွင့် .... .... ၁၉၂
၂၂။ ဝိမောက္ခ ၃-ပါးအတွင့် .... .... .... ၁၉၄
၂၃။ သီလဝိသုဒ္ဓိ အတွင့် .... .... .... ၁၉၅
၂၄။ စိတ္တဝိသုဒ္ဓိအတွင့် .... .. . .... ၁၉၆
၂၅။ ဒိဋ္ဌိဝိသုဒ္ဓိ အတွင့် .... .... .... ၁၉၇
၂၆။ ကင်္ခါဝိတရဏ ဝိသုဒ္ဓိ အတွင့် .... .... ၁၉၀
၂၇။ မဂ္ဂါမဂ္ဂဉာဏဒဿန ဝိသုဒ္ဓိအတွင့် .... .... ၂၀၁
၂၀။ ပဋိပဒါဉာဏဒဿန ဝိသုဒ္ဓိအတွင့် .... .... ၂၀၅
၂၉။ ဉာဏဒဿန ဝိသုဒ္ဓိအတွင့် .... .... ၂၀၀
၃၀။ မဂ်စိတ်, ဖိုလ်စိတ်ဖြစ်ပုံ အတွင့် .... .... ၂၁၀
၃၁။ ဝိမောက္ခဘေဒ အတွင့် .... .... .... ၂၁၅
၃၂။ ပုဂ္ဂလဘေဒ အတွင့် .... .... .... ၂၂၁
၃၃။ နိရောဓသမာပတ်ဝင်စားပုံ အတွင့် .... .... ၂၂၅
၃၄။ နိဂုံးအတွင့် .... .... .... ၂၂၇

ငိုကာကျော် မြန်မာပြန်

# သမုစ္စည်းပိုင်း

**၁။ ။ဒွါသတ္တတိ ဝိဓာ ဝုတ္တာ၊ ဝတ္ထုဓမ္မာ သလက္ခဏာ။**
**တေသံ ဒါနိ ယထာယောဂံ၊ ပဝက္ခာမိ သမုစ္စယံ။ ။**

အာရမ္မဏဝိဇာနန, ဖုသန, ကက္ခဠ, သန္တိအစရှိသော မိမိတို့၏ ကိစ္စလက္ခဏာနှင့် တကွ ဖြစ်ကုန်သော ၇၂-ပါး အပြားရှိကုန်သော သဘောတရားတို့ကို ငါသည် ဆိုအပ်ခဲ့ကုန်ပြီ၊ ယခုအခါ၌ ၇၂-ပါး အပြားရှိကုန်သော ထိုသဘောတရားတို့၏ ပေါင်းခြင်းကို ယှဉ်သင့်သည်အား လျော်စွာ ငါသည် အပြားအားဖြင့် ဆိုပေအံ့။

---

၁။ ။အာရုံကိုသိခြင်း အစရှိသော လက္ခဏာ ရှိကုန်သော စိတ်,စေတသိက်, နိပ္ဖန္နရုပ်,နိဗ္ဗာန်တို့၏ အစွမ်းအားဖြင့် ၇၂-ပါး[၁] အပြားရှိကုန်သော သဘောတရားတို့ကို ငါသည် ဆိုအပ်ခဲ့ကုန်ပြီ၊ ယခုအခါ၌ ထိုတရားတို့၏ တခုတခုစီပေါင်းခြင်း၏ အစွမ်းအားဖြင့် ယှဉ်သင့်သည်အား လျော်စွာ အကုသလသင်္ဂဟ စသည်အပြား ရှိသော တကွပေါင်းရာဖြစ်သော အစုကို ငါသည် ဆိုပေအံ့— ဤသို့ အနက်ယောဇနာခြင်းကို ပြုအပ်၏။

---

## သင်္ဂဟမာတိကာ

**၂။ ။အကုသလသင်္ဂဟော, မိဿကသင်္ဂဟော, ဗောဓိပက္ခိယ-သင်္ဂဟော, သဗ္ဗသင်္ဂဟော စေတိ သမုစ္စယသင်္ဂဟော စတုဗ္ဗိဓော ဝေဒိတဗ္ဗော။**

အကုသလသင်္ဂဟရင်း၊ မိဿကသင်္ဂဟရင်း၊ ဗောဓိပက္ခိယ သင်္ဂဟရင်း၊ သဗ္ဗသင်္ဂဟရင်း၊ ဤသို့ လေးပါး အပြားရှိသော သမုစ္စယသင်္ဂဟကို သိအပ်၏။

---

**၁–ဒွါသတ္တတိဝိဓာ**-အရ စိတ်သည် အာရုံသိမှုတူ၍၁-ပါး။ စေတသိက် ၅၂-ပါး၊ နိပ္ဖန္နရုပ် ၁၈-ပါး၊ နိဗ္ဗာန်တို့ကိုယူ၊ အနိပ္ဖန္နရုပ်ကိုကား နိပ္ဖန္နရုပ်တို့၏ အခိုက်အတန့်မျှသာ ဖြစ်သောကြောင့် မယူရ။

ထို ၇၂-ပါးသော ပရမတ္ထ သဘောတရားများကို အတူတကွ ပေါင်းစည်းရာ သင်္ဂဟဖြစ်သောကြောင့် **သမုစ္စယသင်္ဂဟ** မည်၏-ဟု မှတ်။

## သင်္ဂဟမာတိကာအဖွင့်

၂။ ။အကုသိုလ်တို့ကိုသာလျှင် သဘောတူသောတရားအစု၏ အစွမ်းဖြင့် ပေါင်းရာဖြစ်သော သင်္ဂဟသည် **အကုသလသင်္ဂဟ**[၁] မည်၏၊ ကုသိုလ် အစရှိသည်တို့၏ အစွမ်းဖြင့် အရောရော ဖြစ်ကုန်သော တရားတို့ကို ပေါင်းရာဖြစ်သော သင်္ဂဟသည် **မိဿကသင်္ဂဟ**[၂] မည်၏၊ သစ္စာလေးပါးကို ထိုးထွင်း၍ သိတတ်သည်-ဟု ဆိုအပ်သော အရိယာမဂ်၏အဘို့၌ ဖြစ်ကုန်သောကြောင့် ဗောဓိပက္ခိယ မည်ကုန်သော သတိပဋ္ဌာန် စသည်အပြားရှိကုန်သော တရားတို့၏ သဘောတူသော တရားအစု၏ အစွမ်းဖြင့် ပေါင်းရာ ဖြစ်သော သင်္ဂဟသည် **ဗောဓိပက္ခိယသင်္ဂဟ**[၃] မည်၏၊ ခန္ဓာအစ ရှိသည်တို့၏ အစွမ်းဖြင့် ဆိုအပ်သော အလုံးစုံသော ၇-ပါး အပြားရှိကုန်သော သဘောတရားတို့ကို ပေါင်းရာ ဖြစ်သော သင်္ဂဟသည် **သဗ္ဗသင်္ဂဟ**[၄] မည်၏။

---

### အကုသလသင်္ဂဟ အာသဝ ၄-ပါး

၃။ ။**ကထံ အကုသလသင်္ဂဟေ တာဝ စတ္တာရော အာသဝါ ကာမာသဝေါ, ဘဝါသဝေါ, ဒိဋ္ဌာသဝေါ, အဝိဇ္ဇာ-သဝေါ။**

---

၁—စင်စစ် အကုသိုလ်ဇာတ်အားဖြင့် တူသောသဘော ရှိကုန်သော အာသဝေါ စသော တရားတို့ကို တပေါင်းတည်း ပြု၍ ပြဆိုရာ ဖြစ်သော သင်္ဂဟသည် **အကုသလသင်္ဂဟ** မည်၏။

၂—ကုသိုလ် အကုသိုလ် အဗျာကတ ဖြစ်သော တရားတို့ကို ရောနှော၍ သိမ်းယူပြဆိုရာ ဖြစ်သော သင်္ဂဟသည် **မိဿကသင်္ဂဟ** မည်၏။

၃—ဗောဓိဉာဏ်၏ ရင့်ခြင်းအကြောင်း ဖြစ်ကုန်သော သတိပဋ္ဌာန်စသော တရားတို့ကို ဝါ-အရိယာမဂ်ဉာဏ်၏ အဆောက်အဦ အသင်းအပင်း၌ ဖြစ်ကုန်သော သတိစသော တရားတို့ကို တပေါင်းတည်း သိမ်းယူ ပြဆိုရာ ဖြစ်သောကြောင့် **ဗောဓိပက္ခိယသင်္ဂဟ** မည်၏။

၄—အလုံးစုံသော ပရမတ္ထတရားတို့ကို ခန္ဓာ အစရှိသည်တို့၏ အစွမ်းဖြင့် တပေါင်းတည်း သိမ်းယူပြဆိုရာ ဖြစ်သော သင်္ဂဟသည် **သဗ္ဗသင်္ဂဟ** မည်၏-ဟု မှတ်။

အဘယ်သို့ သိအပ်သနည်း ဟူမူကား—အကုသလသင်္ဂဟ၌ ရှေးဦးစွာဝေဘန်ခြင်းကို ငါဆိုအပ်၏၊ အာသဝတို့သည် ကာမာသဝ ၎င်း၊ ဘဝါသဝ၎င်း၊ ဒိဋ္ဌာသဝ၎င်း၊ အဝိဇ္ဇာသဝ၎င်း၊ ဤသို့ လေးပါးအပြားရှိကုန်၏။

---

### အကုသလသင်္ဂဟအာသဝ ၄-ပါးအဘွင့်

၃။ ။ရှေးအဘို့ကို မထင်မမြင်သည်ဖြစ်၍ ကြာမြင့်စွာ ထုံ တတ်သော အနက်ကြောင့် **အာသဝ**[၁]မည်ကုန်၏၊ တနည်းကား— အနာမှ ယိုသော အစေးကဲ့သို့ စက္ခုအစရှိသော အပြားအားဖြင့် အာရုံတို့၌ ယိုစီးတတ်သောကြောင့် **အာသဝ** မည်ကုန်၏၊ တနည်းကား—ဘုံအားဖြင့် ဘဝဂ်မည်သော နေဝသညာ- နာသညာယတနဘုံကို နှံ့၍ တရားအားဖြင့် ဂေါတြဘုတိုင်အောင် နှံ့၍ ဖြစ်တတ်ကုန်သောကြောင့် **အာသဝ** မည်ကုန်၏၊ ဤ'အာသဝ' ဟူသောပုဒ်၌ **အာ**, အက္ခရာသည် ပိုင်းခြားခြင်း အနက်ရှိ၏၊ အဝဓိသည်လည်း ကြိယာကို ပိုင်းခြားသော မရိယာဒ အဝဓိ, ကြိယာကို နှံ့သော အဘိဝိဓိ အဝဓိ တို့၏ အစွမ်းဖြင့် နှစ်ပါး အပြားရှိ၏၊ ထိုနှစ်ပါးတို့တွင် "**အာပါဋလိပုတ္တံ ဝုဋ္ဌော ဒေဝေါ**" ဤသို့ အစရှိသော ပါဌ်တို့၌ကဲ့သို့ ကြိယာကို အပပြု၍ ဖြစ်သော အဝဓိသည် မရိယာဒ အဝဓိ မည်၏၊ "**အာဘဝဂ္ဂံ သဒ္ဒေါ အဗ္ဘုဂ္ဂတော**" ဤသို့ အစရှိသော ပါဌ်တို့၌ကဲ့သို့ ကြိယာကို နှံ့၍ ဖြစ်သော အဝဓိသည် အဘိဝိဓိ အဝဓိ မည်၏၊ ဤအာသဝေါ ဟူသော ပါဌ်၌ အာသဒ္ဒါကို အဘိဝိဓိ အဝဓိ၌ မှတ်အပ်၏၊ ထို့ကြောင့်သာလျှင် ထိုလောဘ စသော တရားသုံးပါးတို့သည် ဖြစ်ရာဌာနလည်းဖြစ်သော အာရုံဖြစ်၍လည်း ဖြစ်သော နေဝသညာ- နာသညာယတနဘုံ၌၎င်း၊ အာရုံဖြစ်သော ဂေါတြဘု၌၎င်း၊ ဖြစ်

---

[၁]—ရှည်မြင့်စွာသော ကာလပတ်လုံး ထုံခြင်းရှိသော အနက်, ထူထပ်သော အနက်ကြောင့် ၎င်း၊ အိုင်းအမာမှ မန်းရည်ပြည်စေးများ ယိုစီးသကဲ့သို့ စက္ခုစသော ဒွါရခြောက်ပါးမှ ရူပါရုံ စသော အာရုံခြောက်ပါး၌ ယိုစီးတတ်သောကြောင့်၎င်း၊ ဘုံအားဖြင့် ဘဝဂ်တိုင်အောင် ဓမ္မအားဖြင့် ဂေါတြဘုတိုင်အောင် နှံ့၍ ဖြစ်တတ်သောကြောင့်၎င်း **အာသဝ** မည်၏။

ကုန်၏၊ ထို့ကြောင့် ဤ**အာသဝေါ**-ပုဒ်၌ **အာ** ဥပသာရပုဒ်သည် အဘိဝိဓိ၌ ဖြစ်၏-ဟု မှတ်အပ်၏။

နေဝသညာနာသညာ ဘုံကို နှံ၍၎င်း၊ ဂေါတြဘုကို နှံ၍၎င်း၊ ဖြစ်တတ်ကုန်သော တပါးကုန်သော မာန အစရှိသော တရားတို့သည် ထင်ရှားရှိကုန်သော်လည်း ငါ၏ကိုယ်, ငါ၏ဥစ္စာ-ဟု မှားသောအားဖြင့် စွဲလမ်းခြင်း၏ အစွမ်းဖြင့် အထူးသဖြင့် နှံ၍ ဖြစ်တတ်သည် ဖြစ်၍ ယစ်ခြင်းကို ပြုတတ်သည် ဖြစ်၍ မုဒရက်ရည်နှင့် တူသည်အဖြစ်ကြောင့် ထိုလောဘ စသော တရားသုံးပါးတို့သည် သာလျှင် **အာသဝ** ဟူသော ဝေါဟာရဖြင့် ထင်ရှားကုန်၏၊ ထို့ကြောင့် ထိုလောဘ စသော တရားသုံးပါးတို့သည်သာလျှင် အာသဝ မည်ကုန်၏၊ မာန စသော တရားတို့သည် အာသဝ မမည်ကုန်၊ ဤသို့မှတ်အပ်၏—ဟူလို။

ကာမတဏှာသည်ပင် အာသဝ မည်သောကြောင့် ကာမရာဂသည် **ကာမာသဝ**[၁] မည်၏၊ ရူပဘဝ အရူပဘဝတို့၌ ပြင်းစွာ တပ်နှစ်သက်တတ်သောရာဂသည် **ဘဝါသဝ**[၂] မည်၏၊ ကုသိုလ်ဈာန်၌ တပ်နှစ်သက်သော တဏှာကို၎င်း၊ သဿတဒိဋ္ဌိနှင့် တကွ ဖြစ်သော ရာဂကို၎င်း၊ ဤအာသဝ၌သာလျှင် ပေါင်းအပ်ကုန်၏၊ ထိုသုံးပါးသော ရာဂတို့တွင် ရှေးဦးစွာသော ဆန္ဒရာဂသည် ဥပပတ္တိဘဝတို့၌ ဖြစ်သော ရာဂတည်း၊ နှစ်ခုမြောက်သော နိကန္တိ ဖြစ်သောရာဂသည် ရူပ အရူပ ကုသိုလ်ဈာန်-ဟု ဆိုအပ်သော ကမ္မဘဝ၌ဖြစ်သော ရာဂတည်း၊ သုံးခုမြောက်ဖြစ်သော သဿတ ဒိဋ္ဌိနှင့် တကွ ဖြစ်သော ရာဂသည် ဘဝဒိဋ္ဌိနှင့် တကွ ဖြစ်သော ရာဂတည်း။

၆၂-ပါးအပြားရှိသော ဒိဋ္ဌိသည် **ဒိဋ္ဌာသဝ**[၃] မည်၏၊ ဒုက္ခအစရှိကုန်သော သစ္စာလေးပါး တို့၌၎င်း၊ ရှေးဖြစ်သော အတိတ်အဘို့၌၎င်း၊

---

၁—ကာမဂုဏ် ငါးပါးတို့၌ လိုချင်တပ်မက်သော လောဘစေတသိက်သည် **ကာမာသဝ** မည်၏။

၂—ရူပဘုံ အရူပဘုံတို့၌ တပ်နှစ်သက်သော လောဘစေတသိက်သည် **ဘဝါသဝ** မည်၏။

၃—၆၂ ပါးသော ဒိဋ္ဌိသည် **ဒိဋ္ဌာသဝ** မည်၏။

နောက် ဖြစ်သော အနာဂတ် အဘို့၌၎င်း၊ အတိတ် အနာဂတ် ဖြစ်သော ခန္ဓာ အာယတန ဓာတ်အစွန်းတို့၌၎င်း၊ ပဋိစ္စသမုပ္ပါဒ် တို့၌၎င်း၊ ဤသို့ ရှစ်ပါးကုန်သော အရာတို့၌ မသိခြင်းသည် **အဝိဇ္ဇာသဝ** [၁] မည်၏။

---

## ဩဃ ၄-ပါး

၄။ ။**စတ္တာရော ဩဃာ ကာမောဃော, ဘဝေါဃော, ဒိဋ္ဌောဃော, အဝိဇ္ဇောဃော။**

ဩဃတို့သည် ကာမောဃ၎င်း၊ ဘဝေါဃ၎င်း၊ ဒိဋ္ဌောဃ၎င်း၊ အဝိဇ္ဇောဃ၎င်း၊ ဤသို့ လေးပါးအပြားရှိကုန်၏။

---

## ဩဃ ၄-ပါးအဘွင့်

၄။ ။လွှမ်းမိုးနှိပ်စက်၍ အောက်သို့ ဆောင်တတ်သောကြောင့် ရေအယဉ်ကို ဩဃ-ဟု ဆိုအပ်၏၊ တနည်းကား—မိမိ၏အောက်သို့ ရောက်သည်ကိုပြု၍ နစ်မွန်းစေတတ်သော ကြောင့် ရေအယဉ်ကို ဩဃ-ဟု ဆိုအပ်၏၊ ထိုလောဘ စသောတရားသုံးပါးတို့သည်လည်း သတ္တဝါတို့ကို နှိပ်စက်၍ သတ်ကုန်သကဲ့သို့၎င်း ဝဋ်ဆင်းရဲ၌ နစ်မွန်း စေကုန်သကဲ့သို့၎င်း ဖြစ်တတ်ကုန်၏၊ ဤသို့ ရေအယဉ်နှင့် တူသည် အဖြစ်ကြောင့် **ဩဃ** [၂] မည်ကုန်၏၊ ဤဩဃနိဒ္ဒေသ၌ အာသဝ တရားတို့ကိုသာလျှင် အကြွင်းအကြွင်းဆိုအပ်ခဲ့ပြီးသော အနက်ကြောင့် ဩဃ-ဟူ၍လည်း ဆိုအပ်ကုန်၏။

---

၁—သစ္စာလေးပါးတို့၌၎င်း, အတိတ်ဖြစ်သော ခန္ဓာ အာယတန ဓာတ် အစွန်းဖြစ်သော ပုဗ္ဗန္တ၌၎င်း, အနာဂတ်ဖြစ်သော ခန္ဓာ အာယတန ဓာတ် အစွန်းဖြစ်သော အပရန္တ၌၎င်း, အတိတ် အနာဂတ် ဖြစ်သော ခန္ဓာအာယတန ဓာတ် အစွန်းဖြစ်သော ပုဗ္ဗန္တာပရန္တတို့၌၎င်း, ပဋိစ္စသမုပ္ပါဒ် အင်္ဂါ ၁၂-ပါး၌၎င်း မသိခြင်း မောဟသည် **အဝိဇ္ဇာသဝ** မည်၏။ (အကျဉ်းအားဖြင့် လောဘ, ဒိဋ္ဌိ, မောဟ စေတသိက်များပင်တည်း။)

ဈာန်စိတ်တည်းဟူသော ကမ္ဘာဝ၌ တပ်သော လောဘ, သဿတဒိဋ္ဌိဟူသော ဘဝဒိဋ္ဌိနှင့် တကွ ဖြစ်သော လောဘတို့သည်လည်း **ဘဝါသဝ** မည်၏-ဟု မှတ်။

၂—သတ္တဝါတို့ကို လွှမ်းမိုး၍ အောက်သို့ ဆောင်တတ်သောကြောင့်၎င်း, ဝဋ်ဆင်းရဲ အောက်၌ နစ်မွန်းစေတတ်သောကြောင့်၎င်း, ရေအယဉ်နှင့် တူသောကြောင့် **ဩဃ** မည်၏။

## ယောဂ ၄-ပါး

**၅။ ။စတ္တာရော ယောဂါ ကာမယောဂေါ, ဘဝယောဂေါ, ဒိဋ္ဌိယောဂေါ, အဝိဇ္ဇာယောဂေါ။**

ယောဂတို့သည် ကာမယောဂရင်း၊ ဘဝယောဂရင်း၊ ဒိဋ္ဌိယောဂ ရင်း၊ အဝိဇ္ဇာယောဂရင်း၊ ဤသို့ လေးပါးအပြားရှိကုန်၏။

---

## ယောဂ ၄-ပါးအဘွင့်

၅။ ။ဝဋ်ဆင်းရဲ၌ရင်း၊ ဘဝ-ဟု ဆိုအပ်သော ယန္တရား၌ရင်း၊ သတ္တဝါတို့ကို ကံ၏အကျိုးနှင့် ယှဉ်စေတတ်ကုန်သောကြောင့် **ယောဂ**[၁] မည်၏၊ တနည်းကား—ဘဝတပါး အစရှိသည်ကို ဘဝ တပါးအစရှိသည်တို့နှင့် ဝဋ်ဆင်းရဲ၌ရင်း၊ ဘဝ-ဟု ဆိုအပ်သော ယန္တရား၌ရင်း ယှဉ်စေတတ် သောကြောင့် **ယောဂ** မည်၏။ တနည်းကား—သတ္တဝါတို့ကို ဝဋ်ဆင်းရဲနှင့် ယှဉ်စေတတ်သော ကြောင့် **ယောဂ** မည်၏၊ အောက်၌ ဆိုအပ်ခဲ့ကုန်ပြီးသော လောဘစသော တရားသုံးပါးတို့သည်ပင် **ယောဂ** မည်ကုန်၏။

---

## ဂန္ထ ၄-ပါး

**၆။ ။စတ္တာရော ဂန္ထာ အဘိဇ္ဈာကာယဂန္ထော, ဗျာပါဒေါ-ကာယဂန္ထော, သီလဗ္ဗတပရာမာသော ကာယဂန္ထော, ဣဒံ သစ္စာဘိနိဝေသော ကာယဂန္ထော။**

---

၁—ဝဋ်ဆင်းရဲ၌ရင်း, ဘဝတည်းဟူသော ယန္တရားစက်၌ရင်း, သတ္တဝါတို့ကို ကံ၏ အကျိုး တရားနှင့် ယှဉ်စေတတ်သောကြောင့်ရင်း, ဘဝတပါး စသည်ကို ဘဝတပါးစသည်နှင့်ရင်း, ဝဋ်ဒုက္ခနှင့်ရင်း သတ္တဝါတို့ကို ယှဉ်စေတတ်, ဖွဲ့ချည်တတ် သောကြောင့်ရင်း **ယောဂ** မည်၏-ဟူလို။

ဂန္ထတို့သည် အဘိဇ္ဈာကာယဂန္ထရင်း၊ ဗျာပါဒကာယဂန္ထရင်း၊ သီလဗ္ဗတပရာမာသကာယဂန္ထရင်း၊ ဣဒံ သစ္စာဘိနိဝေသကာယဂန္ထရင်း၊ ဤသို့ လေးပါးအပြားရှိကုန်၏။

## ဂန္ထ ၄-ပါးအဘွင့်

၆။ ။နာမ်တရားအပေါင်းဖြင့် ရုပ်အပေါင်းကို, ပစ္စုပ္ပန်ဖြစ်သော ကာယဖြင့် အနာဂတ်ဖြစ်သော ကာယကို ဖြေခြင်းငှါ တတ်နိုင်ခဲသည်ကိုပြု၍ ရစ်ထုံးတတ်သောကြောင့် **ကာယဂန္ထ** [၁] မည်ကုန်၏၊ နွားတို့၏ အလေ့အစရှိသော အလေ့ဖြင့်ရင်း၊ အကျင့်ဖြင့်ရင်း၊ ထိုနှစ်ပါးစုံဖြင့်ရင်း သံသရာမှစင်ကြယ်၏-ဟု ဤသို့ သဘောမဟုတ်သောအားဖြင့် စွဲလမ်းခြင်းသည် **ပရာမာသ** [၂] မည်၏၊ "ဤငါ၏ကိုယ်သည်ရင်း၊ လောကသည်ရင်း မြဲ၏" အစရှိသောအယူသည် သာလျှင် မှန်၏၊ တပါးသောအယူသည် မမှန်၊ ဤသို့ မြဲမြံစွာ စွဲလမ်းခြင်းသည် **ဣဒံ သစ္စာဘိနိဝေသ** [၃] မည်၏။

## ဥပါဒါန် ၄-ပါး

၇။ ။**စတ္တာရော ဥပါဒါနာ ကာမုပါဒါနံ, ဒိဋ္ဌုပါဒါနံ, သီလဗ္ဗတုပါဒါနံ, အတ္တဝါဒုပါဒါနံ။**

---

၁—စုတိ ပဋိသန္ဓေတို့၏ အစွန်းဖြင့် ဝဋ်သုံးပါး၌ ဆက်စပ် ထုံးဖွဲ့တတ်သောကြောင့် ဂန္ထမည်၏။

နာမကာယနှင့် ရူပကာယကိုရင်း, ပစ္စုပ္ပန်ကာယနှင့် အနာဂတ်ကာယကိုရင်း, ဖြေနိုင်ခက်အောင် ရစ်ပတ် ထုံးဖွဲ့တတ်သောကြောင့် တဏှာသည် **အဘိဇ္ဈာကာယဂန္ထ** မည်၏။

ဒေါသသည် **ဗျာပါဒကာယဂန္ထ** မည်၏။

၂—နွားတို့၏ အလေ့ နွားတို့၏ အကျင့် သဘော စသည်ဖြင့် သံသရာမှ စင်ကြယ်၏-ဟု သဘော မဟုတ်သောအားဖြင့် စွဲလမ်းခြင်း ဒိဋ္ဌိသည် **သီလဗ္ဗတပရာမာသ** မည်၏။

၃—ငါ၏ အယူသည်သာလျှင် မှန်၏၊ တပါးသော အယူသည် မမှန် အချည်းနှီးသာတည်း-ဟု မြဲမြံစွာစွဲလမ်းခြင်း သီလဗ္ဗတပရာမာသဒိဋ္ဌိမှ ကြွင်းသော ဒိဋ္ဌိအပေါင်းသည် **ဣဒံသစ္စာဘိနိဝေသကာယဂန္ထ** မည်၏-ဟူလို။

ဥပါဒါန်တို့သည် ကာမုပါဒါန်ဎင်း၊ ဒိဋ္ဌုပါဒါန်ဎင်း၊ သီလဗ္ဗတုပါဒါန်ဎင်း၊ အတ္တဝါဒုပါဒါန်ဎင်း၊ ဤသို့ လေးပါးအပြားရှိကုန်၏။

---

## ဥပါဒါန် ၄-ပါးအဘွင့်

၇။ ။မြွေသည် ဘားကို မြဲစွာဖမ်းယူသကဲ့သို့ အာရုံကိုမြဲစွာယူတတ်ကုန်သောကြောင့် **ဥပါဒါန်**[၁] မည်ကုန်၏၊ ကာမတဏှာသည်သာလျှင် ဥပါဒါန်မည်သောကြောင့် **ကာမုပါဒါန်**[၂] မည်၏၊ တနည်း-ဝတ္ထုကာမဂုဏ်တို့ကို မြဲစွာယူတတ်သောကြောင့် ကာမုပါဒါန်မည်၏၊ ငါ၏ ဤနွား၏သီလ, နွား၏အကျင့် အစရှိသည်ဖြင့် သံသရာမှစင်ကြယ်၏-ဟု ဤသို့ နွားသီလ နွားအကျင့် အစရှိသည်တို့ကို စွဲသမ်းခြင်းသည် **သီလဗ္ဗတုပါဒါန်**[၃] မည်၏၊ ဤမိစ္ဆာအယူဖြင့် ငါ၏ကိုယ်-ဟူ၍ ဆိုတတ်ကုန်၏၊ ဤသို့ ဆိုကြောင်းဖြစ်သောကြောင့် ဝါဒမည်၏၊ ဥပါဒါနက္ခန္ဓာငါးပါးတို့ဖြင့် ဝိသေသ သာမညအားဖြင့် နှစ်ဆယ်သောအပြားအားဖြင့် တိတ္ထိတို့ကြံဆအပ်သော အတ္တကိုယူကြောင်းသည် အတ္တဝါဒ မည်၏၊ ထို အတ္တဝါဒ သည်ပင်လျှင် ဥပါဒါန်ဖြစ်သောကြောင့် **အတ္တဝါဒုပါဒါန်**[၄] မည်၏။

---

## နီဝရဏ ၆-ပါး

**၈။ ။ဆ နီဝရဏာနိ ကာမစ္ဆန္ဒနီဝရဏံ, ဗျာပါဒနီဝရဏံ, ထိနမိဒ္ဓနီဝရဏံ,ဥဒ္ဓစ္စကုက္ကုစ္စနီဝရဏံ,ဝိစိကိစ္ဆာနီဝရဏံ အဝိဇ္ဇာနီဝရဏံ။**

---

၁—မြွေသည် ဘားကို မြဲမြဲစွာ ဖမ်းယူသကဲ့သို့ အာရုံကို ပြင်းစွာ မြဲမြဲစွာ စွဲလမ်းတတ်သောကြောင့် **ဥပါဒါန်** မည်၏။

၂—ဝတ္ထုကာမ တရားမှန်သမျှကို စွဲသမ်းတတ်သော ကာမတဏှာသည် **ကာမုပါဒါန်** မည်၏။

၃—ငါ၏ နွားတို့၏ အလေ့ နွားတို့၏အကျင့် စသည်ဖြင့် သံသရာမှ စင်ကြယ်၏-ဟု ဂေါသီလ, ဂေါဝတ စသည်တို့ကို ပြင်းစွာ စွဲသမ်းခြင်းသည် **သီလဗ္ဗတုပါဒါန်** မည်၏။

၄—တိတ္ထိတို့သည် ကြံဆအပ်သော ၂၀-သော အတ္တဒိဋ္ဌိ ဝါ-သက္ကာယဒိဋ္ဌိကို ဆိုကြောင်းဖြစ်သော မှားသော အယူသည် **အတ္တဝါဒုပါဒါန်** မည်၏-ဟူလို။

နီဝရဏတို့သည် ကာမစ္ဆန္ဒနီဝရဏငင်း၊ ဗျာပါဒနီဝရဏငင်း၊ ထိနမိဒ္ဓနီဝရဏငင်း၊ ဥဒ္ဓစ္စကုက္ကုစ္စနီဝရဏငင်း၊ ဝိစိကိစ္ဆာနီဝရဏငင်း၊အဝိဇ္ဇာနီဝရဏငင်း၊ ဤသို့ ၆-ပါး အပြားရှိကုန်၏။

---

## နီဝရဏ ၆-ပါးအဘွင့်

၁။ ။ချာန်အစရှိသည်တို့၏ အစွမ်းဖြင့် ဖြစ်သော ကုသိုလ်စိတ်ကို တားမြစ်တတ်ကုန်၏၊ ထို့အတူ ထိုကုသိုလ်စိတ်အား ဖြစ်ခြင်းငှါ မပေးတတ်ကုန်သောကြောင့် **နီဝရဏ** [၁] မည်ကုန်၏။

တနည်းကား—ပညာစက္ခုကို ဖုံးလွှမ်း ပိတ်ပင်တတ် ကုန်သောကြောင့် **နီဝရဏ** မည်ကုန်၏၊ ငါးပါးကုန်သော ကာမဂုဏ်တို့၌ ပြင်းစွာ တပ်နှစ်သက်တတ်ကုန်သော ရာဂ-ဟု ဆိုအပ်သော ကာမသည်ပင်လျှင် အာရုံကို အလိုရှိခြင်းဟူသော အနက်ကြောင့်လည်း ဆန္ဒ မည်၏၊ ထိုနှစ်ပါးသော သတ္တိကြောင့် **ကာမစ္ဆန္ဒ** မည်၏၊ ထိုကာမစ္ဆန္ဒသည်ပင်လျှင် နီဝရဏမည်သောကြောင့် **ကာမစ္ဆန္ဒ-နီဝရဏ** မည်၏။ထိုဒေါသဖြင့် စိတ်သည်ပျက်စီးတတ်၏၊ထိုသို့ပျက်စီးကြောင်းဖြစ်သောကြောင့် **ဗျာပါဒ** မည်၏။ **"အနတ္ထံမေအစရိ"** ဤသို့ အစရှိသောနည်းဖြင့် ဖြစ်သော ကိုးပါးအပြားရှိသော ရန်ငြိုးဖွဲ့ခြင်းလျှင် နီးစွာသော အကြောင်းရင်းရှိသည်အဖြစ်ကြောင့် ၉-ပါး အပြားရှိသော ဒေါသသည် **ဗျာပါဒ** မည်၏။

တနည်းကား—အရာမဟုတ်သည်၌ဖြစ်သော အမျက်ထွက်ခြင်းနှင့်တကွ ၁၀-ပါးအပြားရှိသော ဒေါသသည် ဗျာပါဒ မည်၏၊ ထိုဗျာပါဒသည်ပင် နီဝရဏမည်သောကြောင့် **ဗျာပါဒနီဝရဏ** မည်၏။

---

၁—ချာန်အစရှိသည်တို့၏ အစွမ်းဖြင့် ဖြစ်ထိုက်သော ကုသိုလ်စိတ်ကို တားမြစ်တတ်, ထိုချာန်စသည်တို့၏ အဖြစ်ဖြင့် ဖြစ်ခွင့်ကို မပေးတတ်သောကြောင့်ငင်း, ပညာမျက်စိကို ဖုံးလွှမ်းပိတ်ပင်တတ်, တားမြစ်တတ်သောကြောင့်ငင်း **နီဝရဏ** မည်၏။

ထိနမိဒ္ဓသည်ပင် နီဝရဏမည်သောကြောင့် ထိနမိဒ္ဓနီဝရဏ မည်၏၊ ထို့အတူ ဥဒ္ဓစ္စကုက္ကုစ္စ နီဝရဏ မည်၏။ အဘယ့်ကြောင့် ပြားသောလက္ခဏာ ရှိကုန်သော ထိုထိနမိဒ္ဓ, ဥဒ္ဓစ္စ ကုက္ကုစ္စ တို့ကို နှစ်ပါးနှစ်ပါးတို့ကို တပေါင်းတည်းပြု၍ တခုတည်းသော နီဝရဏအဖြစ်ဖြင့် ဟောအပ်ကုန်သနည်း၊ ဤသည်ကား-စောဒနာ ခြင်းတည်း၊ ကိစ္စ, အကြောင်း, ဆန့်ကျင်ဘက် [၁] တို့၏ တူသည်၏ အဖြစ်ကြောင့် ဟောအပ်ကုန်၏၊ ဤကားအဖြေတည်း။ ယင်းစကား အကျယ်ဖော်ပြဦးအံ့—ထိနမိဒ္ဓတို့၏ မိမိနှင့် ယှဥ်သော စိတ်, စေတသိက်ကို တွန့်သည်အဖြစ်သို့ ရောက်စေခြင်း ကိစ္စသည်တူ၏၊ ဥဒ္ဓစ္စကုက္ကုစ္စတို့၏ မငြိမ်သက်သည်အဖြစ်ကို ပြုခြင်းကိစ္စသည်တူ၏၊ ထို့အတူ ရှေးဖြစ်ကုန်သော နှစ်ပါးကုန်သော ထိနမိဒ္ဓတို့၏ ကိုယ်၏ တဆန့်ဆန့်ရှိသည် အဖြစ်-ဟု ဆိုအပ်သော အကြောင်းသည်တူ၏၊ အာဟာရဟူသည် အကြောင်းမည်၏၊ ဤအနက်ကို မှတ်အပ်၏၊ နောက်ဖြစ်ကုန်သော နှစ်ပါးကုန်သော ဥဒ္ဓစ္စကုက္ကုစ္စတို့၏ ဆွေမျိုး တို့၏ ပျက်စီးခြင်း အစရှိသည်တို့ကို ကြံခြင်း-ဟု ဆိုအပ်သော အကြောင်းသည် တူ၏၊ ရှေး၌ ဖြစ်ကုန်သော နှစ်ပါးကုန်သော ထိနမိဒ္ဓတို့၏ ဆန့်ကျင်ဘက်ဖြစ်သော ဝီရိယသည်တူ၏၊ နောက်၌ ဖြစ်ကုန်သော နှစ်ပါးကုန်သော ဥဒ္ဓစ္စကုက္ကုစ္စတို့၏ ဆန့်ကျင်ဘက် ဖြစ်သော သမာဓိသည် တူ၏၊ ထို့ကြောင့် ထိုထိနမိဒ္ဓ ဥဒ္ဓစ္စကုက္ကုစ္စ

---

၁—ကိစ္စအကြောင်း ဆန့်ကျင်ဘက် တူသောကြောင့် နှစ်ပါးပင် ဖြစ်သော်လည်း တပါးတည်းပြု၍ ထိန, မိဒ္ဓ, ဥဒ္ဓစ္စ, ကုက္ကုစ္စ-ဟု ဟောထားခြင်း ဖြစ်၏။

တူပုံကား—ထိနနှင့် မိဒ္ဓတို့သည် သမ္ပယုတ် ဖြစ်သော စိတ်၏ တွန့်တိုခြင်းသို့ ရောက်စေခြင်း-ဟု ဆိုအပ်သော ကိစ္စချင်း တူကြ၏။ ဥဒ္ဓစ္စနှင့် ကုက္ကုစ္စတို့သည် သမ္ပယုတ် ဖြစ်သော စိတ်၏ မငြိမ်သက်သည်၏ အဖြစ်ကို ပြုခြင်း-ဟု ဆိုအပ်သော ကိစ္စချင်း တူကြ၏။

ထိနနှင့် မိဒ္ဓတို့သည် ပျင်းရိခြင်း ကိုယ်တဆန့်ဆန့် ရှိသည်အဖြစ်-ဟု ဆိုအပ်သော အကြောင်းချင်း တူကြ၏။ ။ဥဒ္ဓစ္စနှင့် ကုက္ကုစ္စတို့သည် ဆွေမျိုး စည်းစိမ် ပျက်စီးခြင်း စသည်ကို ကြံခြင်း-ဟု ဆိုအပ်သော အကြောင်းချင်း တူကြ၏။

ထိန၏ ဆန့်ကျင်ဘက်ကား ဝီရိယ, မိဒ္ဓ၏ ဆန့်ကျင်ဘက်ကား ဝီရိယ, ဥဒ္ဓစ္စ၏ ဆန့်ကျင်ဘက်ကား သမထ(သမာဓိ), ကုက္ကုစ္စ၏ ဆန့်ကျင်ဘက်ကား သမထ (သမာဓိ) ဤသို့ ကိစ္စ အာဟာရ ဆန့်ကျင်ဘက်ခြင်း တူကြ၏-ဟု မှတ်။

တို့ကို တခုသော နီဝရဏအဖြစ်ဖြင့် ဆိုအပ်ကုန်၏၊ ထို့ကြောင့် ဧရှေးအဋ္ဌကထာ ဆရာတို့သည်—

ကိစ္စာဟာရဝိပက္ခာနံ၊ ဧကတ္တာ ဧကမေတ္တ ဟိ။
ကတမုဒ္ဓစ္စကုက္ကုစ္စံ၊ ထိနမိဒ္ဓဉ္စ တာဒိနာ။
လီနတာ သန္တတာ ကိစ္စံ၊ တန္ဒီ ဉာတိ ဝိတက္ကနံ။
ဟေတုဝီရိယသမတာ၊ ဣမေ တေသံ ဝိရောဓိနော။ ။

ဟု ဆိုကုန်ပြီ။

အနက်ကား—ကိစ္စ, အကြောင်း, ဆန့်ကျင်ဘက်တို့၏ တူသည်၏ အဖြစ်ကြောင့် ဤရှစ်ပါးကုန်သော နီဝရဏတို့တွင် ဥဒ္ဓစ္စကုက္ကုစ္စ ကိုငှင်း၊ ထိနမိဒ္ဓကိုငှင်း တခုတည်းသော နီဝရဏကိုသာလျှင် မြတ်စွာဘုရားသည် ပြုအပ်၏။

ထိုထိန မိဒ္ဓ ဥဒ္ဓစ္စကုက္ကုစ္စ တို့၏ သမ္ပယုတ်ဖြစ်သော နာမက္ခန္ဓာကို တွန့်သည်အဖြစ်သို့ ရောက်စေခြင်း, မငြိမ်သက်သည် အဖြစ်ကိုပြုခြင်း သည်လျှင် ကိစ္စ မည်၏၊ ကိုယ်၏ တဆန့်ဆန့် ရှိသည်အဖြစ်, ဆွေမျိုး တို့၏ ပျက်စီးခြင်းကို ကြံခြင်းသည် ဟေတု မည်၏၊ ဝီရိယနှင့် သမာဓိ-ဟု ဆိုအပ်ကုန်သော ဤတရားတို့သည် ထိန မိဒ္ဓ ဥဒ္ဓစ္စ ကုက္ကုစ္စတို့၏ ဆန့်ကျင်ဘက် ဖြစ်ကုန်၏။

---

**အနုသယ ၇-ပါး**

**၉။ ။သတ္တာနုသယာ ကာမရာဂါနုသယော, ဘဝရာဂါ-နုသယော, ပဋိဃာနုသယော, မာနာနုသယော, ဒိဋ္ဌာ-နုသယော, ဝိစိကိစ္ဆာနုသယော, အဝိဇ္ဇာနုသယော။**

အနုသယတို့သည် ကာမရာဂါနုသယငှင်း၊ ဘဝရာဂါနုသယငှင်း၊ ပဋိဃာနုသယငှင်း၊ မာနာနုသယငှင်း၊ ဒိဋ္ဌာနုသယငှင်း၊ ဝိစိကိစ္ဆာ နုသယငှင်း၊ အဝိဇ္ဇာနုသယငှင်း၊ ဤသို့ ၇-ပါး အပြားရှိကုန်၏။

## အနုသယ ၇-ပါးအဘွင့်

၉။ ။မဂ်ဖြင့် မပယ်အပ်သေး၍ အဖန်တလဲလဲ သတ္တဝါတို့၏ သန္တာန်၌ ဖြစ်တတ်ကုန်သောကြောင့် **အနုသယ** [၁] မည်ကုန်၏၊ ကာမရာဂ အစရှိသည်တို့၏ ဖြစ်ခြင်းငှါ လျောက်ပတ်သော အကြောင်းကို ရ၍ ဖြစ်ကုန်၏၊ ဤကား အနုသယအနက်တည်း။ အဘယ့်ကြောင့် အပ္ပဟီနဋ္ဌကြောင့် အနုသယမည်သနည်း-ဟူမူ မဂ်ဖြင့် မပယ်အပ်သေးကုန်သော အာရုံစသော အကြောင်းကို ရသည်ရှိသော် ဖြစ်ခြင်းငှါ ထိုက်ကုန်သော ကိလေသာတို့သည် သန္တာန်၌ အဖန်တလဲလဲ ကိန်းကုန်သကဲ့သို့ ဖြစ်ကုန်၏၊ ထို့ကြောင့် ထိုမဂ်ဖြင့် မပယ်အပ်သေးသော ကိလေသာတို့ကို အနုသယ-ဟု ဆိုအပ်ကုန်၏ ဟူလို။ အနာဂတ်ဖြစ်ကုန်သော ထိုကိလေသာတို့သည် မုချအားဖြင့် အနုသယမည်ကုန်၏၊ အတိတ်ပစ္စုပ္ပန် ဖြစ်ကုန်သော ကိလေသာတို့ကိုလည်း ထိုအနာဂတ်ဖြစ်သော ကိလေသာနှင့် ညစ်နွမ်းခြင်းသဘော တူသည်အဖြစ်ကြောင့် ထိုအနာဂတ်ဖြစ်သော ကိလေသာအတူ အနုသယ-ဟု ဆိုအပ်ကုန်၏၊ ထိုစကားမှန်၏၊ ကာလကွဲပြားရုံမျှဖြင့် တရားတို့၏ သဘောပြားခြင်းသည် မရှိချေ၊ ထို့ကြောင့် **တံ သဘာဝတ္တာ**-ဟု ဆိုအပ်၏။

မပယ်အပ်သော အနက်ကြောင့် အနုသယ မည်ကုန်သည် အကယ်၍ ဖြစ်ကုန်အံ့—ဤသို့ဖြစ်ကုန်သော် အလုံးစုံလည်း ဖြစ်ကုန်သော မပယ်အပ်ကုန်သော ကိလေသာတို့သည် အနုသယ မည်ကုန်သည် မဟုတ်ပါလော၊ ဤသို့အကယ်၍ စောဒနာငြားအံ့—ငါတို့သည် မဂ်ဖြင့် မပယ်ကာမျှဖြင့် အနုသယ-ဟု မဆိုကုန်၊ စင်စစ်အားဖြင့်ကား မပယ်အပ်သော အနက်ကြောင့် အားအစွမ်းသို့ ရောက်ကုန်

---

[၁]—မဂ်ဖြင့် မပယ်ရသေးသဖြင့် သတ္တဝါတို့၏ သန္တာန်၌ အဖန်တလဲလဲ ဖြစ်တတ်, ကိန်းတတ်သောကြောင့် **အနုသယ** မည်၏။ ထိုအနုသယဟူသည် မုချအားဖြင့် အနာဂတ်ကိလေသာများသာ ဖြစ်၏။ သို့သော် သဘောအားဖြင့် တူသောကြောင့် အတိတ် ကိလေသာ ပစ္စုပ္ပန် ကိလေသာတို့ကိုလည်း ပရိယာယ်အားဖြင့် အနုသယ-ဟု ဆိုအပ်ကုန်၏။ မဂ်ဖြင့် မပယ်ရသေးသော အားအစွမ်းနှင့် ပြည့်စုံသော ကာမရာဂ စသော ကိလေသာတို့ကိုသာ အနုသယ-ဟု ဆိုရ၏။ ကိလေသာ သာမညကိုကား အနုသယ-ဟု မဆိုရ-ဟု မှတ်။

သော ကိလေသာတို့သည် အနုသယ မည်ကုန်၏-ဟု ငါတို့ ဆိုကုန်၏၊ အားအစွမ်းနှင့် ပြည့်စုံခြင်းသည်လည်း တပါးသော ကိလေသာတို့နှင့် မဆက်ဆံသော ကာမဂုဏ်တို့၏ အသီးဖြစ်သော အနုသယသဘောတည်း၊ ထို့ကြောင့် ငြင်းခုံခြင်းဖြင့် အကျိုးမရှိပြီ။ ကာမရာဂသည်ပင်လျှင် အနုသယ ဖြစ်သောကြောင့် ကာမရာဂါနုသယ မည်၏။

---

## သုတ္တန်နည်း သံယောဇဉ် ၁၀-ပါး

**၁၀။ ။ဒသသံယောဇနာနိ ကာမရာဂသံယောဇနံ,ရူပရာဂ-သံယောဇနံ,အရူပရာဂသံယောဇနံ,ပဋိဃသံယော-ဇနံ, မာနသံယောဇနံ, ဒိဋ္ဌိသံယောဇနံ, သီလဗ္ဗတ-ပရာမာသသံယောဇနံ, ဝိစိကိစ္ဆာသံယောဇနံ, ဥဒ္ဓစ္စ-သံယောဇနံ, အဝိဇ္ဇာသံယောဇနံ, သုတ္တန္တေ။**

သုတ္တန်၌ ဟောတော်မူအပ်ကုန်သော သံယောဇဉ်တို့သည် ကာမရာဂသံယောဇဉ်၎င်း၊ ရူပရာဂသံယောဇဉ်၎င်း၊ အရူပရာဂသံယောဇဉ်၎င်း၊ ပဋိဃသံယောဇဉ်၎င်း၊ မာနသံယောဇဉ်၎င်း၊ ဒိဋ္ဌိသံယောဇဉ်၎င်း၊ သီလဗ္ဗတပရာမာသသံယောဇဉ်၎င်း၊ ဝိစိကိစ္ဆာသံယောဇဉ်၎င်း၊ ဥဒ္ဓစ္စသံယောဇဉ်၎င်း၊ အဝိဇ္ဇာသံယောဇဉ်၎င်း၊ ဤသို့ ဆယ်ပါးအပြားရှိကုန်၏။

---

## သုတ္တန်နည်း သံယောဇဉ် ၁၀-ပါး အဘွင့်

၁၀။ ။သတ္တဝါတို့ကို နှောင်ဖွဲ့ တတ်ကုန် သောကြောင့် **သံယောဇဉ်**[၁] မည်ကုန်၏။

---

၁—သတ္တဝါတို့ကို သံသရာတည်းဟူသော နှောင်အိမ်၌ အာရုံအမျိုးမျိုးတည်းဟူသော ကြိုးတို့ဖြင့် တုပ်နှောင် ဖွဲ့ချည်တတ်သောကြောင့် သံယောဇဉ် မည်၏။

## ကိလေသာ ၁၀-ပါး

၁၂။ ။ဒသကိလေသာ လောဘော, ဒေါသော, မောဟော, မာနော, ဒိဋ္ဌိ, ဝိစိကိစ္ဆာ, ထိနံ, ဥဒ္ဓစ္စံ, အဟိရိကံ, အနောတ္တပ္ပံ။

ကိလေသာတို့သည် လောဘရင်း၊ ဒေါသရင်း၊ မောဟရင်း၊ မာနရင်း၊ ဒိဋ္ဌိရင်း၊ ဝိစိကိစ္ဆာရင်း၊ ထိနရင်း၊ ဥဒ္ဓစ္စရင်း၊အဟိရိကရင်း၊ အနောတ္တပ္ပရင်း၊ ဤသို့ ဆယ်ပါးအပြားရှိကုန်၏။

---

## ကိလေသာ ၁၀-ပါး အဘွင့်

၁၂။ ။ထိုလောဘ စသော တရားတို့ဖြင့် စိတ်သည် ပူပန်တတ်၏၊ ထိုသို့ ပူပန်ကြောင်း ဖြစ်သောကြောင့် **ကိလေသာ**[၁] မည်ကုန်၏၊ တနည်းကား—ထိုလောဘ စသော ကိလေသာတို့သည် စိတ်ကို နှိပ်စက်အပ်သောကြောင့် **ကိလေသာ** မည်ကုန်၏။

---

## တရားကိုယ်ကောက်နည်း

၁၃။ ။အာသဝါဒီသု ပနေတ္ထ ကာမဘဝနာမေန တဗ္ဗတ္ထု-ကာ တဏှာ အဓိပ္ပေတာ၊ သီလဗ္ဗတပရာမာသော, ဣဒံ သစ္စာဘိနိဝေသော, အတ္တဝါဒုပါဒါ ိစ တထာ ပဝတ္တံ ဒိဋ္ဌိဂတမေဝ ပဝုစ္စတိ။

အထူးကိုဆိုဦးအံ့—ဤအကုသလသင်္ဂဟ၌ အာသဝ အစရှိသည်တို့၌ ကာမဟူသောအမည် ဘဝဟူသောအမည်ဖြင့် ထိုကာမဟူသောအမည် ဘဝဟူသောအမည်၏ မှီရာဖြစ်သော လောဘတဏှာကို အလိုရှိအပ်၏၊ ထိုသို့သော အခြင်းအရာအားဖြင့် ဖြစ်သော ဒိဋ္ဌိစေတသိက်ကိုပင်လျှင် သီလဗ္ဗတပရာမာသဟူ၍ရင်း၊ ဣဒံသစ္စာဘိနိဝေသဟူ၍ရင်း၊ အတ္တဝါဒုပါဒါန်ဟူ၍ရင်း ဆိုအပ်၏။

---

[၁] ၁—စိတ်၏ ပူပန်ကြောင်းဖြစ်သောကြောင့်ရင်း, စိတ်ကို နှိပ်စက် ညှဥ်းဆဲတတ်သောကြောင့်ရင်း **ကိလေသာ** မည်၏။

## တရားကိုယ်ကောက်နည်း အဘွင့်

၁၃။ ။**ကာမဘဝနာမေန**[၁] ဟူသည်ကား၊ ဝါ-ဟူသောပုဒ်ကို ကာမဘဝ-ဟု ဆိုအပ်ကုန်သော အာရုံတို့၏အမည်ဖြင့်-ဟု အနက်ပေး။ **တထာပဝတ္တံ**-ဟူသည်ကား၊ ဝါ-ဟူသောပုဒ်ကို ဂေါသီလ ဂေါဝတ အစရှိသည့်တို့ကို မှားသောအားဖြင့် စွဲလမ်းခြင်း အစရှိသည်တို့၏ အစွမ်းဖြင့် ဖြစ်သော-ဟု အနက်ပေး။

---

**၁၄။ ။အာသဝေါဃာ စ ယောဂါ စ၊**
**တယော ဂန္ထာ စ ဝတ္ထုတော။**
**ဥပါဒါနာ ဒုဝေ ဝုတ္တာ၊**
**အဋ္ဌ နီဝရဏာ သိယုံ။**
**ဆဠေဝါနုသယာ ဟောန္တိ၊**
**နဝ သံယောဇနာ မတာ။**
**ကိလေသာ ဒသ ဝုတ္တောယံ၊**
**နဝဓာ ပါပသင်္ဂဟော။ ။**

သဘော တရားကိုယ်အားဖြင့် အာသဝ ဩဃတို့ကိုရင်း၊ ယောဂတို့ကိုရင်း၊ ဂန္ထတို့ကိုရင်း၊ သုံးပါး အပြားရှိကုန်၏ဟူ၍ မိန့်ဆိုအပ်ကုန်၏၊ ဥပါဒါန်တို့ကို နှစ်ပါး အပြားရှိကုန်၏-ဟူ၍ မိန့်ဆိုအပ်ကုန်၏၊ နီဝရဏတို့သည် ရှစ်ပါး အပြားရှိကုန်၏၊ အနုသယတို့သည် ခြောက်ပါး အပြားရှိကုန်၏၊ သံယောဇဉ်တို့ကို ကိုးပါး အပြားရှိ၏ဟူ၍ သိအပ်ကုန်၏၊ ကိလေသာတို့ကို ဆယ်ပါး အပြားရှိ၏ဟူ၍ သိအပ်ကုန်၏၊ ဤသို့ ကိုးပါး အပြားအားဖြင့် ဤအကုသလသင်္ဂဟကို ငါသည် ဆိုအပ်ပြီ။

---

၁၄။ ။အာသဝတို့ကိုရင်း၊ ဩဃတို့ကိုရင်း၊ ယောဂတို့ကိုရင်း၊ ဂန္ထတို့ကိုရင်း၊ သရုပ်အားဖြင့် ဆိုအပ်ပြီးသောနည်းဖြင့် သုံးပါးတို့

---

၁-အာသဝအရာ စသည်၌ကိုကာမာသဝ, ဘဝါသဝ-ဟု လာရှိရာ ကာမအရ ဝတ္ထုကာမကို ဘဝအရ ကမ္မဘဝနှင့် ဥပပတ္တိဘဝကို ဟောရင်း ဖြစ်သော်လည်း ၎င်းဝတ္ထုကာမ စသည်တို့၏ အကြောင်းရင်း ဖြစ်သော တဏှာကိုသာ ဌာနူပစာအားဖြင့် ကောက်ယူရမည် ဟူသော အဓိပ္ပါယ်ကို မှတ်အပ်၏။ ။(အကြွင်းပေါ်လွင်ပြီ။)

ဟူ၍ ဆိုအပ်ကုန်၏၊ ထို့အတူ ဥပါဒါန်တို့ကို တဏှာ ဒိဋ္ဌိတို့၏ အစွမ်းဖြင့် နှစ်ပါးတို့ဟူ၍ ဆိုအပ်ကုန်၏၊ နီဝရဏတို့သည် ထိန မိဒ္ဓ ဥဒ္ဓစ္စ ကုက္ကုစ္စတို့ကို အသီးယူခြင်းကြောင့် ရှစ်ပါးတို့သာဖြစ်ကုန်၏၊ ကာမရာဂါနုသယ ဘဝရာဂါနုသယတို့၏ တဏှာသဘော ရှိသည် အဖြစ်ဖြင့် တပေါင်းတည်း ယူအပ်သည် အဖြစ်ကြောင့် အနုသယတို့သည် ခြောက်ပါးတို့သာဖြစ်ကုန်၏၊ သုတ္တန်ဒေသနာ အဘိဓမ္မာဒေသနာ နှစ်ခုအပေါင်း၌ တဏှာသဘောရှိကုန်သော သံယောဇဉ်တို့ကိုငင်း၊ ဒိဋ္ဌိသဘောရှိကုန်သော သံယောဇဉ်တို့ကို ငင်း၊ တပေါင်းတည်းပြု၍ ပေါင်းယူအပ်သည် အဖြစ်ကြောင့် သံယောဇဉ်တို့ကို ကိုးပါးတို့ဟူ၍ သိအပ်ကုန်၏၊ ဣလေသာတို့ ကိုကား—သုတ္တန်အားဖြင့်ငင်း၊ အဘိဓမ္မာအားဖြင့်ငင်း ဆယ်ပါးတို့ ဟူ၍ ဆိုအပ်ကုန်၏၊ ဤသို့ အကုသိုလ်တို့၏ သင်္ဂဟနည်းကို ကိုးပါး အပြားရှိ၏-ဟူ၍ မိန့်ဆိုအပ်၏။

ဤလောဘ စသောတရားတို့တွင် လောဘဒိဋ္ဌိတို့ကို ကိုးပါး ရှစ်ပါး အပြားဖြင့် ရေတွက်အပ်ကုန်၏၊ အဝိဇ္ဇာကို ၇-ပါးအပြား ဖြင့် ရေတွက်အပ်၏၊ ပဋိဃကို ငါးပါးအပြားဖြင့် ရေတွက်အပ်၏၊ ဝိစိကိစ္ဆာကို ၄-ပါးအပြားအားဖြင့် ရေတွက်အပ်၏၊ မာန ဥဒ္ဓစ္စ တို့ကို သုံးပါးအပြားဖြင့် ရေတွက်အပ်ကုန်၏၊ ထိနကို နှစ်ပါး အပြားဖြင့် ရေတွက်အပ်၏၊ ကုက္ကုစ္စ မိဒ္ဓ အဟိရိကတို့ကိုငင်း၊ အနောတ္တပ္ပ ဣဿာ မစ္ဆရိယ တို့ကိုငင်း တပါးအပြားဖြင့် ရေတွက် အပ်ကုန်၏၊ ဤသို့လျှင် အကုသိုလ်တရားတို့ကို ၉-ပါးအပြားဖြင့် ရေတွက်အပ်ကုန်၏။

ပါပသင်္ဂဟအဘွင့်ပြီး၏။

---

**မိဿကသင်္ဂဟ၊ ဟိတ် ၆-ပါး**

**၁၅။ ။မိဿကသင်္ဂဟေ ဆဟေတူ လောဘော,ဒေါသော, မောဟော, အလောဘော, အဒေါသော, အမော ဟော။**

မိဿကသင်္ဂဟ၌ ဤသို့ဝေဘန်ခြင်းကို ငါသည်မိန့်ဆိုအပ်၏၊ ဟိတ်တို့သည်လောဘဟိတ်ငှင်း၊ဒေါသဟိတ်ငှင်း၊မောဟဟိတ်ငှင်း၊ အလောဘဟိတ်ငှင်း၊ အဒေါသဟိတ်ငှင်း၊ အမောဟဟိတ်ငှင်း၊ ဤသို့ ခြောက်ပါးအပြားရှိကုန်၏။

---

## မိဿကသင်္ဂဟဟိတ် ၆-ပါး အဘွင့်

၁၅။ ။ဟိတ်တို့၌ ဆိုသင့် ဆိုထိုက်သော စကားကို အောက်ပကိဏ်းပိုင်း၌ ဘွင့်ဆိုအပ်ခဲ့ ပြီးပြီ။

---

## ဈာန် ၇-ပါး

**၁၆။ ။သတ္တဈာနင်္ဂါနိ ဝိတက္ကော, ဝိစာရော, ပီတိ, ဧကဂ္ဂတာ, သောမနဿံ, ဒေါမနဿံ, ဥပေက္ခာ။**

ဈာနင်တို့သည် ဝိတက်ဈာနင်ငှင်း၊ ဝိစာရဈာနင်ငှင်း၊ ပီတိဈာနင်ငှင်း၊ ဧကဂ္ဂတာဈာနင်ငှင်း၊ သောမနဿဈာနင်ငှင်း၊ ဒေါမနဿဈာနင်ငှင်း၊ ဥပေက္ခာဈာနင်ငှင်း၊ ဤသို့ ၇-ပါးအပြားရှိကုန်၏။

---

## ဈာနင် ၇-ပါးအဘွင့်

၁၆။ ။အာရုံသို့ကပ်၍ ကြံခြင်း-ဟု ဆိုအပ်သော ရှုတတ်သော အနက်ကြောင့်ငှင်း၊ ထိုက်သည်အားလျော်စွာ ဆန့်ကျင်ဘက်ဖြစ်သော နီဝရဏတရားတို့ကို လောင်ကျွမ်းစေတတ်သော အနက်ကြောင့်ငှင်း၊ ဝိတက်စသောတရားတို့သည် **ဈာန်** [၁] မည်ကုန်၏၊ ထိုဈာန်တို့ဟူသည် အပေါင်းဖြစ်ကုန်သော ဈာန်တရားတို့ကို အစိတ်၏

---

၁—ကောင်းသော ကုသိုလ်အာရုံ၌ ဖြစ်စေ, မကောင်းသော အကုသိုလ် အာရုံ၌ ဖြစ်စေ၊ စူးစူးစိုက်စိုက် စွဲစွဲမြဲမြဲ ကပ်၍ ရှုတတ်သောကြောင့် **ဈာန်** မည်၏။ ထို့ကြောင့် ကုသိုလ်ဈာန် အကုသိုလ်ဈာန် နှစ်မျိုးအရ ဈာန် ၇-ပါးဖြစ်၏။ ဒေါမနဿကား အကုသိုလ်သက်သက် ဈာန်ဖြစ်၏၊ ကြွင်း၆-ပါးတို့ကား ကုသိုလ် အကုသိုလ် အဗျာကတ ၃-မျိုးတို့နှင့် ဆိုင်သော ဈာန်များဖြစ်ကြ၏။

အဖြစ်ဖြင့် သိအပ်ကုန်သောကြောင့် အင်္ဂါတို့လည်း မည်ကုန်၏၊ ထိုနှစ်ပါးသော အနက်ကြောင့် **ဈာနင်္ဂါနိ**[၁] မည်ကုန်၏၊ အစိတ်မှ လွတ်သော အပေါင်းမရှိသော်လည်း **သေနင်္ဂ ရထင်္ဂ** အစရှိသည်တို့ ကဲ့သို့ ဝိတက် အစရှိသည်တို့ကို တပေါင်းတည်းဖြစ်၍ နီဝရဏတရား တို့ကို လောင်ကျွမ်းတတ်သည် အဖြစ်ကြောင့် အသီးအသီး အစိတ်၏ အဖြစ်ဖြင့် ဆိုအပ်ကုန်၏၊ ဤ ၇-ပါးသော ဈာနင်တို့တွင် ဒေါမနဿသည် အကုသိုလ်ဈာနင်မည်၏၊ ကြွင်းသော အင်္ဂါတို့ သည် ကုသိုလ် အကုသိုလ် အဗျာကတ ဈာနင် မည်ကုန်၏။

---

## မဂ္ဂင် ၁၂-ပါး

**၁၇။ ။ဒွါဒသမဂ္ဂင်္ဂါနိ သမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပေါ, သမ္မာ-ဝါစာ, သမ္မာကမ္မန္တော, သမ္မာအာဇီဝေါ, သမ္မာ-ဝါယာမော, သမ္မာသတိ, သမ္မာသမာဓိ, မိစ္ဆာဒိဋ္ဌိ, မိစ္ဆာသင်္ကပ္ပေါ, မိစ္ဆာဝါယာမော, မိစ္ဆာသမာဓိ။**

မဂ္ဂင်တို့သည် သမ္မာဒိဋ္ဌိဂင်း၊ သမ္မာသင်္ကပ္ပဂင်း၊ သမ္မာဝါစာဂင်း၊ သမ္မာကမ္မန္တဂင်း၊ သမ္မာအာဇီဝဂင်း၊ သမ္မာဝါယာမဂင်း၊ သမ္မာ သတိဂင်း၊ သမ္မာသမာဓိဂင်း၊ မိစ္ဆာဒိဋ္ဌိဂင်း၊ မိစ္ဆာသင်္ကပ္ပဂင်း၊ မိစ္ဆာဝါယာမဂင်း၊ မိစ္ဆာသမာဓိဂင်း၊ ဤသို့ ၁၂-ပါးအပြားရှိကုန်၏။

---

## မဂ္ဂင် ၁၂-ပါးအဘွင့်

၁၇။ ။သမ္မာဒိဋ္ဌိစသော တရားတို့သည် သုဂတိဘဝ ဒုဂ္ဂတိ ဘဝတို့သို့ဂင်း၊ နိဗ္ဗာန်သို့ဂင်း ရှေးရှုရောက်စေတတ်သောကြောင့် **မဂ်**[၂] မည်ကုန်၏၊ ထိုသုဂတိ ဒုဂ္ဂတိ နိဗ္ဗာန်တို့သို့ ရောက်ကြောင်းဖြစ်

---

၁—ဈာန်၏ အစိတ် ဖြစ်သောကြောင့် **ဈာနင်** မည်၏။

၂—သုဂတိဘုံ ဒုဂ္ဂတိဘုံ နိဗ္ဗာန်သို့ ရှေးရှုရောက်စေတတ်သောကြောင့် **မဂ်** မည်၏။

ကုန်သော သမ္မာဒိဋ္ဌိစသော အစိတ်တို့သည် အင်္ဂါမည်ကုန်၏၊ ထိုနှစ်ပါးသောအနက်ကြောင့် **မဂ္ဂင်** [၁] မည်ကုန်၏။

တနည်းကား—အင်္ဂါရှစ်ပါးရှိသော မဂ်၏ အစိတ်တို့သည် မဂ္ဂင်မည်ကုန်၏၊ မဖောက်မပြန်သော အားဖြင့် မြင်တတ်သောကြောင့် **သမ္မာဒိဋ္ဌိ** မည်၏၊ ထိုသမ္မာဒိဋ္ဌိသည်ကား **အဋ္ဌိဒိန္န** ဤသို့အစရှိသော အစွမ်းဖြင့် ၁၀-ပါး အပြားရှိ၏။

တနည်းကား-ပရိညာ အစရှိသော ကိစ္စ၏ အစွမ်းအားဖြင့် ၄-ပါးအပြားရှိ၏။

ထိုဝိတက်ဖြင့် မဖောက်မပြန်သောအားဖြင့် သမ္ပယုတ်တရားတို့သည် အာရုံကို ကြံတတ်ကုန်၏၊ ထိုသို့ ကြံတတ်ကြောင်း ဖြစ်သောကြောင့် **သမ္မာသင်္ကပ္ပ** မည်၏၊ ထိုသမ္မာသင်္ကပ္ပသည် နေက္ခမ္မသင်္ကပ္ပ, အဗျာပါဒသင်္ကပ္ပ, အဝိဟိံသ သင်္ကပ္ပတို့၏ အစွမ်းအားဖြင့် သုံးပါး အပြားရှိ၏၊ သမ္မာဝါစာ အစရှိသည်တို့ကို အောက်ဒုတိယပိုင်း အဘွင့်၌ ထင်စွာပြဆိုအပ်ကုန်ပြီးသည်သာတည်း၊ ထိုဝီရိယတရားဖြင့် မဖောက်မပြန်သော အားဖြင့် သမ္ပယုတ်တရားတို့သည် အားထုတ်တတ်ကုန်၏၊ ထိုသို့အားထုတ်ကြောင်း ဖြစ်သောကြောင့် **သမ္မာဝါယာမ** မည်၏၊ ထိုတရားသဘောဖြင့် သမ္ပယုတ် တရားတို့သည် မဖောက်ပြန်သော အားဖြင့် အောက်မေ့တတ်ကုန်၏၊ ထိုသို့ အောက်မေ့ကြောင်း ဖြစ်သောကြောင့် **သမ္မာသတိ** မည်၏၊ ဤသမ္မာသတိ သမ္မာဝါယာမတို့၏ အပြားကို အထက် ဗောဓိပက္ခိယ သင်္ဂဟ၌ ဘွင့်ဆိုလတံ့၊ ထိုဧကဂ္ဂတာသည် မဖောက်ပြန်သော အားဖြင့် မိမိသည်သာလျှင် မိမိနှင့်ယှဉ်သောစိတ်ကို ထားအပ်၏၊ ထိုသို့ ထားတတ်သောကြောင့် **သမ္မာသမာဓိ** မည်၏၊ ပဌမဈာန် အစရှိသည်တို့၏ အစွမ်းဖြင့် ငါးပါးအပြားရှိသော ဧကဂ္ဂတာသည်

---

၁—ထိုသုဂတိ နိဗ္ဗာန်တို့၏ အကြောင်း အစိတ် ဖြစ်သောကြောင့် **အင်္ဂ** မည်၏။ ထိုနှစ်ပါး ပေါင်း၍ **မဂ္ဂင်** မည်၏။

မိစ္ဆာဒိဋ္ဌိ စသော တရားများကား ဒုဂ္ဂတိဘုံသို့ ရောက်ကြောင်း ဖြစ်သောကြောင့် **မဂ္ဂင်** မည်ကုန်၏။

သမ္မာသမာဓိ မည်၏။ မိစ္ဆာဒိဋ္ဌိ အစရှိသည်တို့သည်လည်း ဒုဂ္ဂတိ ဘ၀သို့ ရောက်ကြောင်းဖြစ်သောကြောင့် မဂ္ဂင် မည်ကုန်၏။

---

## ဣန္ဒြေ ၂၂-ပါး

**၁၈။ ။ဗာဝီသတိန္ဒြိယာနိ–စက္ခုန္ဒြိယံ, သောတိန္ဒြိယံ, ဃာနိန္ဒြိယံ, ဇိဝှိန္ဒြိယံ, ကာယိန္ဒြိယံ, ဣတ္ထိန္ဒြိယံ, ပုရိသိန္ဒြိယံ, ဇီဝိတိန္ဒြိယံ, မနိန္ဒြိယံ, သုခိန္ဒြိယံ, ဒုက္ခိန္ဒြိယံ, သောမနဿိန္ဒြိယံ, ဒေါမနဿိန္ဒြိယံ, ဥပေက္ခိန္ဒြိယံ, သဒ္ဓိန္ဒြိယံ, ဝီရိယိန္ဒြိယံ, သတိန္ဒြိယံ, သမာဓိန္ဒြိယံ, ပညိန္ဒြိယံ, အနညာတညဿာမီတိန္ဒြိယံ, အညိန္ဒြိယံ, အညာတာဝိန္ဒြိယံ။**

ဣန္ဒြေတို့သည် စက္ခုန္ဒြေ၎င်း၊ သောတိန္ဒြေ၎င်း၊ ဃာနိန္ဒြေ၎င်း၊ ဇိဝှိန္ဒြေ၎င်း၊ ကာယိန္ဒြေ၎င်း၊ ဣတ္ထိန္ဒြေ၎င်း၊ ပုရိသိန္ဒြေ၎င်း၊ ဇီဝိတိန္ဒြေ၎င်း၊ မနိန္ဒြေ၎င်း၊ သုခိန္ဒြေ၎င်း၊ ဒုက္ခိန္ဒြေ၎င်း၊ သောမနဿိန္ဒြေ၎င်း၊ ဒေါမနဿိန္ဒြေ၎င်း၊ ဥပေက္ခိန္ဒြေ၎င်း၊ သဒ္ဓိန္ဒြေ၎င်း၊ ဝီရိယိန္ဒြေ၎င်း၊ သတိန္ဒြေ၎င်း၊ သမာဓိန္ဒြေ၎င်း၊ ပညိန္ဒြေ၎င်း၊ အနညာတညဿာမီတိန္ဒြေ၎င်း၊ အညိန္ဒြေ၎င်း၊ အညာတာဝိန္ဒြေ၎င်း၊ ဤသို့ ၂၂-ပါး အပြားရှိကုန်၏။

---

## ဣန္ဒြေ ၂၂-ပါးအဘွင့်

၁၈။ ။မြင်ခြင်း အစရှိသော ကိစ္စတို့ကြောင့် စက္ခုဝိညာဏ် အစရှိသည်တို့ကို၎င်း၊ များသောအားဖြင့် ထိုဣတ္ထိန္ဒြေ ပုရိသိန္ဒြေ တို့နှင့် တကွဖြစ်ကုန်သော မိန်းမ ယောကျ်ားတို့၏ သန္တာန်၌ သာလျှင် ဣတ္ထိလိင် အစရှိသည်တို့ ဖြစ်ခြင်းကြောင့် လိင်အစ ရှိသည်တို့ကို၎င်း၊ သဟဇာတ်တရားတို့ကို စောင့်ရှောက်တတ်သည် အဖြစ်ကြောင့် တည်တတ်ကုန်သော ကမ္မဇရုပ် သမ္ပယုတ်တရား တို့ကို၎င်း၊ အာရုံကိုသိခြင်း၌ သမ္ပယုတ်တရားတို့ကို၎င်း၊ ဣဋ္ဌာရုံ အစရှိသည်တို့ကို ခံစားခြင်းကိစ္စ ရှိသည်အဖြစ်၌ သုခဝေဒနာ

အစရှိသည့်တို့နှင့် တကွဖြစ်သော တရားတို့ကိုဋ်း၊ ယုံကြည်ခြင်း အစရှိသည့်တို့၌ ယုံကြည်ခြင်းအစရှိသော အစွမ်းကြောင့် ဖြစ်ကုန် သော ထိုသဟဇာတ်တရားတို့ကိုဋ်း၊ မသိဘူးသေးသော သစ္စာ လေးပါးတို့ကို သိအောင်ပြုအံ့-ဟု ကျင့်သောပုဂ္ဂိုလ်အား အန-ညာတညဿာမိတိန္ဒြေ ဖြစ်ခြင်းကြောင့် ထိုသို့သော အခြင်းအရာ အားဖြင့် ဖြစ်ကုန်သော သဟဇာတ်တရားတို့ကိုဋ်း၊ ပဌမမဂ်ဖြင့် သိအပ်သော အပိုင်းအခြားကို မလွန်မူ၍ သိခြင်းကြောင့်ဋ်း၊ ရဟန္တာတို့၏ ဥစ္စာဖြစ်သည့် အဖြစ်ကြောင့်ဋ်း၊ သောတာပတ္တိ မဂ်ဖြင့် သိအပ်သော အပိုင်းအခြားကို မလွန်မူ၍ သိသောအခြင်း အရာဖြင့် ဖြစ်ကုန်သော သဟဇာတ်တရားတို့ကိုဋ်း၊ မိမိသို့ အစဉ် လိုက်ကုန်သော တရားတို့သည် အစိုးရခြင်းတည်းဟူသော အနက် ကြောင့် **ဉ္ဉန္ဒြေ**[၁] မည်ကုန်၏။ ထိုကြောင့် စက္ခုန္ဒြိယံ ဤသို့အစရှိသော စကားကို မိန့်ဆိုတော်မူပြီ။ ('တို့ကို'ဟု ပါသမျှအနက်တို့ကို အစိုးရ ခြင်း၌စပ်)

သမ္မောဟဝိနောဒနီအဋ္ဌကထာ၌ ဤဆိုအပ်ပြီးသည်မှ တပါးဖြစ်ကုန်သော မိမိတို့၏ အကြောင်းဖြစ်သော ကံကိုပြတတ်သော အနက်အစရှိကုန် သော ဣန္ဒြိယသဒ္ဒါ၏ အနက်တို့ကို ဘွင့်ဆိုအပ်ကုန်ပြီ၊ ဇီဝိတိန္ဒြိယံ ဟူသည်ကား-ရုပ်ဇီဝိတ နာမ်ဇီဝိတတို့၏ အစွမ်းဖြင့် နှစ်ပါးအပြား ရှိသော ဇီဝိတိန္ဒြေတည်း-ဟူလို။

အစမထင်သော သံသရာ၌ မသိဘူးသေးသော နိဗ္ဗာန်ကို တနည်းကား—သစ္စာလေးပါးတရားကိုသာလျှင် သိစေအံ့-ဟု ဤသို့ မြတ်သော အလိုဖြင့် ကျင့်သော ယောဂီပုဂ္ဂိုလ်၏ ဣန္ဒြေသည်

---

၁—သမ္ပယုတ်တရားတို့ကို အစိုးရသောကြောင့် ဉ္ဉန္ဒြေ မည်၏။

တနည်း—ဝိပါက်, ကဋတ္တာရုပ်တို့ကို အစိုးရသော ဉ္ဉ မည်သော ကံကို ပြတတ် သောကြောင့် ဉ္ဉန္ဒြေ မည်၏။

တနည်း—ဉ္ဉ မည်သော ကံကြောင့် ပြီးကုန်သည် ဖြစ်ရကား ဉ္ဉန္ဒြေ မည်၏။

တနည်း—ဉ္ဉ မည်သော မြတ်စွာဘုရားသည် မြင်အပ် ဟောအပ်သောကြောင့် ဉ္ဉန္ဒြေ မည်၏။

**အနညာတညဿာမိတိန္ဒြေ**[၁] မည်၏၊ သောတာပတ္တိမဂ်သည်မြင်အပ်ပြီးသော အပိုင်းအခြားကို မလွန်မူ၍ သိတတ်သောကြောင့် အညမည်၏၊ ဣန္ဒြေလည်းမည်၏၊ ထို့ကြောင့် **အညိန္ဒြေ**[၂] မည်၏၊ လေးပါးကုန်သော သစ္စာတို့ကို ထိုးထွင်းကာသိပြီး၍ တည်သော ရဟန္တာပုဂ္ဂိုလ်၏ ဣန္ဒြေသည် **အညာတာဝိန္ဒြေ**[၃] မည်၏၊ ဣန္ဒြေမည်ကုန်သော တရားတို့၏ သရုပ်ကို ပြခြင်းငှါ ဤဣန္ဒြိယနိဒ္ဒေသ၌ ပညိန္ဒြေကို ယူခြင်းကို မြတ်စွာဘုရားသည် ပြုတော်မူ၏၊ ပုဂ္ဂိုလ်၏အလိုကိစ္စအထူးကို ပြခြင်းငှါ အနညာတညဿာမိတိန္ဒြေ အစရှိသည်တို့ကို ယူခြင်းကိုပြုအပ်၏။

ဤဣန္ဒြိယနိဒ္ဒေသ၌ သတ္တဝါ ဟူသောပညတ်၌ ထူးသောမိရာ ရှိသည် အဖြစ်ကြောင့် အဇ္ဈတ္တိကာယတန[၄] ငါးပါးတို့ကို အစ၌ မြတ်စွာဘုရားသည် ဟောအပ်ကုန်၏၊ **မနိန္ဒြေ** ကိုကား[၅] အဇ္ဈတ္တိကာယတန၏ အဖြစ်နှင့်တူသည်အဖြစ်ကြောင့် ဤအဇ္ဈတ္တိကာယတန အဆုံး၌သာလျှင် ဟောတော်မူအပ်သော်လည်း နာမ်ဣန္ဒြေတို့နှင့်

---

၁—အစမထင် သံသရာပြင်၌ တရံတဆစ်မျှ မသိဘူးသေးသော အမြိုက်နိဗ္ဗာန် သစ္စာလေးပါး တရားထူးကို သိအောင် ပြုအံ့-ဟု ကျင့်သော ယောဂီပုဂ္ဂိုလ်၏ ဣန္ဒြေသည် **အနညာတညဿာမိတိန္ဒြေ** မည်၏။

၂—သောတာပတ္တိမဂ်သည် မြင်အပ်ပြီးသော အပိုင်းအခြားကို မလွန်မူ၍ သိတတ်သော ဣန္ဒြေသည် **အညိန္ဒြေ** မည်၏။

၃—သိအပ်ပြီးသော သစ္စာလေးပါး တရားတို့ကို သိပြီးသော ရဟန္တာပုဂ္ဂိုလ်၏ ဣန္ဒြေသည် **အညာတာဝိန္ဒြေ** မည်၏။ တရားကိုယ်အားဖြင့် သောတာပတ္တိမဂ်၌ ရှိသော ပညာသည် **အနညာတညဿာမိတိန္ဒြေ** မည်၏၊ အထက်မဂ်သုံးခု အောက်ဖိုလ် သုံးခု၌ ရှိသော ပညာသည် **အညိန္ဒြေ** မည်၏။ အရဟတ္တဖိုလ်၌ ရှိသော ပညာသည် **အညာတာဝိန္ဒြေ** မည်၏။

**ဣန္ဒြေဟောစဉ်**—

၄—သတ္တဝါ-ဟု ခေါ်ဝေါ်အပ်သော အက္ခရာအစဉ်-ဟု ဆိုအပ်သော နာမပညတ်၏ ထူးသော မှီရာ အကြောင်း ဖြစ်သောကြောင့် အဇ္ဈတ္တိကာယတန ငါးပါးကို အစ၌ ဟောတော်မူသည်။

၅—မနိန္ဒြေကို အဇ္ဈတ္တိကာယတနမျိုး ဖြစ်၍ အဇ္ဈတ္တိကာယတန၏ အခြားမဲ့၌ ဆိုသင့်သော်လည်း သုခိန္ဒြေစသော နာမ်ဣန္ဒြေတို့နှင့် တပေါင်းတည်း ပြခြင်းငှါ ဇီဝိတိန္ဒြေ၏ အခြားမဲ့၌ ဆိုရ၏။

တဂုစ္ဆ တပေါင်းတည်းပြခြင်းငှါ ဇီဝိတိန္ဒြေ၏ အခြားမဲ့၌ မိန့်ဆိုအပ်၏၊ ထိုသတ္တပညတ်သည် ဤဇုတ္တိန္ဒြေ စသည်တို့၏ အစွမ်းကြောင့် မိန်းမ ယောက်ျားဟူ၍ ခွဲဝေခြင်းသို့ ရောက်၏၊ ဤသို့သတ္တဝါ-ဟု ခေါ်ဝေါ် အပ်သော အထူးသို့ ရောက်ခြင်းကို ပြခြင်းငှါ ထိုအဇ္ဈတ္တိကာယတန ငါးခု၏အခြားမဲ့၌ ဘာဝရုပ်[၁] နှစ်ခု အပေါင်းကို မိန့်ဆိုအပ်၏၊ ထိုကမ္မဇရုပ် တရားတို့သည် ဤဇီဝိတိန္ဒြေ၏ အစွမ်းကြောင့် တည် ကုန်၏၊ ဤသို့သော အကြောင်းကို ပြခြင်းငှါ ထိုဘာဝိန္ဒြေနှစ်ပါးမှ နောက်၌ ဇီဝိတိန္ဒြေကို[၂] ဆိုအပ်၏၊ သတ္တ-ဟု မှတ်အပ်သော ပရမတ္ထ တရား အစုအပေါင်းသည် အပေါင်းသန္တာန်၏ အစွမ်းဖြင့် ဖြစ်သည် ဖြစ်၍ ဤဝေဒနာတို့ကြောင့် ညစ်ညူးလတံ့-ဟု ဤညစ်ညူးခြင်း၏ အကြောင်းကို ပြခြင်းငှါ ထိုဇီဝိတိန္ဒြေမှ နောက်၌ ဝေဒနာ ငါးခု အပေါင်းကို[၃] မိန့်ဆိုအပ်၏။

ထိုဝေဒနာတို့မှ အထူးသဖြင့် စင်ကြယ်ခြင်းကို အလိုရှိကုန်သော ယောဂီပုဂ္ဂိုလ်တို့၏ ဖြူစင်ခြင်း၏အကြောင်းကို ပြခြင်းငှါ ထိုဝေဒနာ ငါးခုအပေါင်းမှ နောက်၌ သဒ္ဓါအစရှိသော တရားငါးခုအပေါင်း ကို[၄] မိန့်ဆိုအပ်၏၊ ဆည်းပူးအပ်ပြီးသော ဖြူစင်ခြင်း၏ အကြောင်း ဖြစ်သော ကောင်းမှုရှိကုန်သော သူတော်ကောင်းတို့သည် ဤ

---

၁—သတ္တဝါ-ဟု ဆိုအပ်သော နာမပညတ်၏ ဇုတ္တိန္ဒြေ, ပုရိသိန္ဒြေတို့၏ အစွမ်းဖြင့် မိန်းမ ယောက်ျား-ဟု ကွဲပြားသော အဖြစ်သို့ ရောက်ခြင်းကို ပြခြင်းငှါ ကာယိန္ဒြေ၏ အခြားမဲ့၌ ဘာဝရုပ် ၂-ပါးကို ဟောတော်မူ၏။

၂—ဥပါဒိန္န ကမ္မဇရုပ် တရားတို့သည် ဇီဝိတိန္ဒြေ၏အစွမ်းဖြင့် တည်ကြသောကြောင့် ဤဥပါဒိန္န ကမ္မဇရုပ် တရားတို့၏ တည်ရာအကြောင်းကို ပြခြင်းငှါ ထိုဘာဝရုပ်တို့၏ အခြားမဲ့၌ ဇီဝိတိန္ဒြေကို ဟောတော်မူ၏။

၃—သတ္တဝါ-ဟု ခေါ်ဝေါ်အပ်သော ဥပါဒိန္နတရား အပေါင်းသည် သန္တာန်အစဉ်၏ အစွမ်းဖြင့် ဖြစ်သည်ရှိသော် ဤဝေဒနာတို့ကြောင့် ညစ်နွမ်းတတ်သည်-ဟု ညစ်နွမ်းခြင်း၏ အကြောင်းကို ပြခြင်းငှါ မနိန္ဒြေ၏ အခြားမဲ့၌ သုခိန္ဒြေစသော ဝေဒနိန္ဒြေ ငါးပါးကို ဟောတော်မူ၏။

၄—ထိုညစ်နွမ်းခြင်း၏ အကြောင်းဖြစ်သော ဝေဒနာတို့မှ စင်ကြယ်ခြင်းကို အလိုရှိ ကုန်သော ပုဂ္ဂိုလ်တို့၏ စင်ကြယ်ခြင်း၏ အကြောင်းကို ပြခြင်းငှါ ထိုဝေဒနိန္ဒြေ ငါးပါးတို့၏ အခြားမဲ့၌ သဒ္ဓိန္ဒြေ အစရှိသော ဇုန္ဒြေအပေါင်းကို ဟောတော်မူ၏။

အနညာတညဿာမိတိန္ဒြေ အစရှိကုန်သော ဣန္ဒြေတို့ကြောင့် ထို ဝေဒနာတို့မှ စင်ကြယ်ကုန်၏-ဟု ဤသို့သော အကြောင်းကို ပြခြင်းငှါ ၎င်း၊ အထူးသဖြင့် စင်ကြယ်ခြင်းသို့ ရောက်ကုန်သည်၊ ပြီးပြီးသော ကိစ္စရှိကုန်သည်-ဟု ဤသို့သော အကြောင်းကို ပြခြင်းအကျိုးငှါ၎င်း၊ အဆုံး၌ ၃-ပါးကုန်သော **ဣန္ဒြေ**[၁]တို့ကို မိန့်ဆိုအပ်ကုန်၏၊ ဤမျှ အတိုင်းအရှည်ရှိသော စက္ခု စသော ၂၂-ပါးသော တရားဖြင့်သာ လိုအပ်သော အနက်၏ ပြီးပြည့်စုံခြင်းသည် ဖြစ်၏၊ ထို့ကြောင့် တပါးကုန်သော ဖဿစသော တရားတို့ကို ဣန္ဒြေအဖြစ်ဖြင့် မြတ်စွာ ဘုရားသည် မဟောအပ်ကုန်၊ ဤဆိုအပ်ပြီးသော အလုံးစုံသည် ထို စက္ခုန္ဒြေ စသည်တို့၏ အစဉ်အားဖြင့် ဟောခြင်း အကြောင်း တည်း၊ ထို့ကြောင့် အလွန်ချဲ့လွန်းသဖြင့် အကျိုးမရှိပြီ။

---

## ဗိုလ် ၉-ပါး

**၁၉။ ။နဝဗလာနိ သဒ္ဓါဗလံ, ဝီရိယဗလံ, သတိဗလံ, သမာဓိဗလံ, ပညာဗလံ, ဟိရီဗလံ, ဩတ္တပ္ပဗလံ, အဟိရိကဗလံ, အနောတ္တပ္ပဗလံ။**

ဗိုလ်တို့သည် သဒ္ဓါဗိုလ်၎င်း၊ ဝီရိယဗိုလ်၎င်း၊ သတိဗိုလ်၎င်း၊ သမာဓိဗိုလ်၎င်း၊ ပညာဗိုလ်၎င်း၊ ဟိရိဗိုလ်၎င်း၊ ဩတ္တပ္ပဗိုလ်၎င်း၊ အဟိရိကဗိုလ်၎င်း၊ အနောတ္တပ္ပဗိုလ်၎င်း၊ ဤသို့ ၉-ပါး အပြား ရှိကုန်၏။

---

၁-ဆည်းပူးအပ်ပြီးသော ဖြူစင်ခြင်း၏ အကြောင်းဖြစ်သော ကောင်းမှု ရှိကုန်သော သူတော်ကောင်းတို့သည် ဤအနညာတညဿာမိတိန္ဒြေ စသော ဣန္ဒြေ သုံးပါးတို့ဖြင့် ညစ်နွမ်းခြင်း၏ အကြောင်း ဖြစ်သော ဝေဒနာတို့မှ စင်ကြယ်ရ၏-ဟု စင်ကြယ်ခြင်း၏ အကြောင်း အဖြစ်ကို၎င်း၊ စင်ကြယ်ခြင်းသို့ ရောက်သည်၏ အဖြစ်, ပြီးပြီးသော ကိစ္စရှိသည်၏အဖြစ် ကို၎င်း ပြခြင်းငှါ အဆုံး၌ အနညာတညဿာမိတိန္ဒြေစသော ဣန္ဒြေသုံးပါးကို ဟောတော်မူ၏-ဟု မှတ်။

စက္ခုစသော ၂၂-ပါးသော ဣန္ဒြေတို့ကို ဟောခြင်းဖြင့်ပင် အလိုရှိအပ်သော အကျိုးများ ပြီးစီးခြင်းကြောင့် ဖဿ,ပထဝီ စသော တရားတို့ကို ဣန္ဒြိယ အရာ၌ မဟောအပ်ကုန်-ဟု မှတ်။

## ဗိုလ် ၉-ပါး အဘွင့်

၁၉။ ။သဒ္ဓါမရှိသောသူ၏ အဖြစ်,ပျင်းရိခြင်း, မေ့လျော့ခြင်း, ပျံ့လွင့်ခြင်း, မသိခြင်း, အရှက်မရှိခြင်း, အလန့်မရှိခြင်း-ဟု ဆိုအပ်ကုန်သော ဆန့်ကျင်ဘက် တရားတို့သည် တုန်လှုပ်ချောက်ချားခြင်းငှါ မတတ်နိုင်သည် အဖြစ်ကြောင့်ငှင်း၊ သမ္ပယုတ်တရားတို့၌ မြဲမြံစွာ ဖြစ်သည်အဖြစ်ကြောင့်ငှင်း၊ ငှင်းသဒ္ဓါ အစရှိကုန်သော ၇-ပါးသော တရားတို့သည် **ဗိုလ်**[၁]မည်ကုန်၏၊အဟိရိက အနောတ္တပ္ပ နှစ်ပါး အပေါင်းသည်ကား သမ္ပယုတ်တရားတို့၌ မြဲမြံစွာ ဖြစ်သည် အဖြစ်ကြောင့် **ဗိုလ်** မည်၏။ (တုန်လှုပ်ချောက်ချားခြင်းငှါ မတတ်နိုင်သည် အဖြစ်ကြောင့် **ဗိုလ်** မည်၏။)

---

## အဓိပတိ ၄-ပါး

**၂၀။ ။စတ္တာရော အဓိပတီ ဆန္ဒာဓိပတိ, ဝီရိယာဓိပတိ, စိတ္တာဓိပတိ, ဝီမံသာဓိပတိ။**

အဓိပတိတို့သည် ဆန္ဒာဓိပတိငှင်း၊ ဝီရိယာဓိပတိငှင်း၊ စိတ္တာဓိပတိငှင်း၊ ဝီမံသာဓိပတိငှင်း၊ ဤသို့လေးပါး အပြားရှိကုန်၏။

---

## အဓိပတိ ၄-ပါး အဘွင့်

၂၀။ ။မိမိနှင့်စပ်၍ဖြစ်ကုန်သော တရားတို့၏ အကြီးဖြစ်ကုန်သော တရားတို့သည် **အဓိပတိ** [၂]မည်ကုန်၏၊ ယင်းစကား ထင်ရှားအောင် ပြဦးအံ့—**ဆန္ဒဝတော ကိံ နာမကမ္မံ နသိဇ္ဈတိ** ဤသို့ အစ

---

၁—အသဒ္ဓိယ, ကောသဇ္ဇ, ပမာဒ, ဥဒ္ဓစ္စ, အဝိဇ္ဇာ, အဟိရိက, အနောတ္တပ္ပ-ဟု ဆိုအပ်ကုန်သော ဆန့်ကျင်ဘက် တရားတို့သည် မတုန်လှုပ်စေနိုင်သောကြောင့်ငှင်း၊ သမ္ပယုတ်တရားတို့၌မြဲမြံစွာ ဖြစ်သည်အဖြစ်ကြောင့်ငှင်း၊ ဤအကြောင်း ၂-ပါးကြောင့် သဒ္ဓါစသော ၇-ပါးတို့သည် ဗိုလ် မည်ကုန်၏။

အဟိရိကနှင့် အနောတ္တပ္ပ တရား ၂-ပါးတို့ကား သမ္ပယုတ်တရားတို့၌ မြဲမြံစွာ ဖြစ်သောကြောင့်သာ ဗိုလ် မည်ကုန်၏။

၂—မိမိနှင့် စပ်၍ ဖြစ်ကုန်သော သမ္ပယုတ်တရားတို့၏ အရှင်သခင် ဇကြီးအမှူး ဖြစ်သောကြောင့် **အဓိပတိ** မည်၏။

ရှိသော ဈေး၌ဖြစ်သော စိတ္တုပ္ပါဒ်မှ ပကတူပနိဿယ ပစ္စည်းကိုရ၍ ဖြစ်သော နောက်စိတ်၌ အကြီးဖြစ်ကုန်သော ဆန္ဒအစရှိသည် တို့သည် မိမိနှင့်ယှဉ်သော သမ္ပယုတ်တရားတို့ကို ပြီးစေတတ်ကုန်၏၊ ထိုသမ္ပယုတ်တရားတို့သည်လည်း ထိုဆန္ဒအစရှိသည်တို့၏ အစွမ်း ကြောင့် ဖြစ်ကုန်၏၊ ထို့ကြောင့် ထိုဆန္ဒအစရှိသော တရားတို့သည် မိမိနှင့် စပ်ကုန်သော တရားတို့၏ အကြီးဖြစ်ကုန်၏၊ ဆန္ဒအစရှိကုန် သော လေးပါးကုန်သော တရားတို့မှ တပါးဖြစ်ကုန်သော အဓိပတိ တရားတို့၏ အဓိပတိမည်သည့် အဖြစ်ကို တားမြစ်သည်၏ အစွမ်း အားဖြင့် အကြီး၏ အဖြစ်သည် **အဓိပတိ** [၁] မည်၏၊ တပါးသော ဣန္ဒြေ တို့သည် ရှိကုန်သော်လည်း သက်သက် ရူပါရုံကို မြင်ခြင်း အစ ရှိသည်တို့၌ စက္ခုဝိညာဏ် အစရှိသည်တို့ကို မိမိအလိုသို့ လိုက်စေ ကာမျှသည်သာလျှင် **ဣန္ဒြေ** [၂] အဖြစ် မည်၏၊ ဤသည်လျှင် အဓိပတိ နှင့် ဣန္ဒြေတို့၏ အထူးတည်း။

---

## အာဟာရ ၄-ပါး

၂၁။ ။**စတ္တာရော အာဟာရာ ကဗဠီကာရော အာဟာရော, ဖဿော ဒုတိယော, မနောသဉ္စေတနာ တတိယာ, ဝိညာဏံ စတုတ္ထံ။**

အာဟာရတို့သည် အလုပ်အလွေ့ကို မပြုအပ်သော်လည်း ပြုအပ် သကဲ့သို့သော အာဟာရရှင်း၊ နှစ်ခုတို့၏ ပြည့်ကြောင်းဖြစ်သော ဖဿအာဟာရရှင်း၊ သုံးခုတို့၏ ပြည့်ကြောင်းဖြစ်သော မနော-သဉ္စေတနာအာဟာရရှင်း၊ လေးခုတို့၏ ပြည့်ကြောင်းဖြစ်သော ဝိညာဏအာဟာရရှင်း၊ ဤသို့ လေးပါး အပြားရှိကုန်၏။

---

၁—မိမိအဓိပတိ တပ်ခနနိုက် အခြားသော အဓိပတိ တရားတို့၏ အဓိပတိအဖြစ်ကို တားမြစ်၍ မိမိသာ အစိုးရသည် အဖြစ်သည် **အဓိပတိ အစိုးရခြင်း** ဖြစ်၏။

၂—တပါးသော ဣန္ဒြေများ အစိုးရခြင်းရှိသော်လည်း မိမိနှင့် စပ်သော တရားကိုသာ မိမိ အလိုသို့ လိုက်စေခြင်းသဘော, အစိုးရခြင်း သဘောမျိုးသည် ဣန္ဒြေ **အစိုးရခြင်း** ဖြစ်၏။

(ဤကား—အဓိပတိနှင့် ဣန္ဒြိယ အစိုးရပုံချင်း ခြားနားချက်တည်း။)

## အာဟာရ ၄-ပါးအတွင်

၂၁။ ။သြဇာလျှင် ရှစ်ခုတို့၏ ပြည့်ကြောင်း ဖြစ်ကုန်သော ရုပ်အစရှိသည်တို့ကို ဆောင်တတ်ကုန်သောကြောင့် **အာဟာရ**[၁] မည်ကုန်၏၊ အကျယ်ချဲ၍ ပြဦးအံ့-ကဗဠီကာရအာဟာရသည် သြဇာလျှင် ရှစ်ခုတို့၏ ပြည့်ကြောင်းဖြစ်သော အဋ္ဌကလာပ်ရုပ်ကို ဆောင်၏၊ ဖဿအာဟာရသည် ဝေဒနာသုံးပါးတို့ကို ဆောင်၏၊ မနောသဉ္စေတနာ အာဟာရ-ဟု ဆိုအပ်သော ကုသိုလ် အကုသိုလ်ကံသည် ဘုံသုံးပါးတို့၌ ပဋိသန္ဓေကို ဆောင်၏၊ ဝိညာဏအာဟာရ-ဟု ဆိုအပ်သော ပဋိသန္ဓေဝိညာဏ်သည် မိမိနှင့်တကွဖြစ်သော နာမ်ရုပ်တို့ကို ဆောင်၏။

မိမိမိမိတို့၏ ပစ္စယုပ္ပန်ဖြစ်ကုန်သော တရားတို့ကို ဆောင်တတ်ကုန်သော တပါးကုန်သော တရားတို့သည်လည်း အကယ်၍ကား ရှိကုန်၏၊ ထိုသို့ပင် ရှိကုန်သော်လည်း အဇ္ဈတ္တိကသန္တာန်၏ ထူးသောအကြောင်း ဖြစ်သောကြောင့် ဤတရားလေးပါးတို့ကိုသာလျှင် အာဟာရ ဟူ၍ ဆိုအပ်ကုန်၏၊ ထူးသောအကြောင်း၏ အကျယ်ကိုဆိုဦးအံ့-ကဗဠီကာရအာဟာရလျှင် အစရှိကုန်သော သတ္တဝါတို့၏ ရူပကာယ၏ ကဗဠီကာရအာဟာရသည် ထူးသော အကြောင်းဖြစ်၏၊ အဘယ့်ကြောင့်ဖြစ်သနည်း-ဟူမူ ကံအစရှိသည်သည် ဖြစ်စေအပ်သော်လည်း ထိုရူပကာယ၏ ကဗဠီကာရအာဟာရ ဟူသော အထောက်အပံ့၏ အစွမ်းကြောင့်သာလျှင် ဆယ်နှစ်အစရှိ

---

၁—သြဇာလျှင် ရှစ်ခုမြောက်သော အာဟာရဇ အဋ္ဌကလာပ်ရုပ် စသည်ကို ဆောင်တတ်သောကြောင့် **အာဟာရ** မည်၏။

ကဗဠီကာရာဟာရသည် သြဇာလျှင် ရှစ်ခုမြောက်သော အဋ္ဌကလာပ်ရုပ်ကိုဆောင်သည်။

ဖဿာဟာရသည် ဝေဒနာသုံးပါးကို ဆောင်သည်။

မနောသဉ္စေတနာဟာရ-ဟု ဆိုအပ်သော ကုသိုလ် အကုသိုလ်ကံသည် ဘဝသုံးပါး၌ ပဋိသန္ဓေကိုဆောင်သည်။

ဝိညာဏာဟာရ-ဟု ဆိုအပ်သော ပဋိသန္ဓေ ဝိညာဏ်သည် သဟဇာတ်ဖြစ်သော နာမ်ရုပ်ကို ဆောင်သည်။

သော ကာလတို့ပတ်လုံး တည်နိုင်သည်၏ အဖြစ်ကြောင့် ကဗဠီကာရအာဟာရသည် ရူပကာယ၏ ထူးသော အကြောင်းဖြစ်၏။

ထို့ကြောင့်သာလျှင် ဤကဗဠီကာရအာဟာရသည် အထိန်းသည် သတို့သားကို နို့ရည်တိုက်ခြင်း စသည်ဖြင့် ထောက်ပံ့နိုင်စေသကဲ့သို့ငှင်း၊ ဆွေးမြေ့သော အိမ်ကို ထောက်ပံ့နိုင်စေသော ယန္တရားတိုင်ကဲ့သို့ငှင်း ဖြစ်၏-ဟု မိန့်ဆိုအပ်၏၊ ဖဿအာဟာရသည်လည်း သုခဝေဒနာ အစရှိကုန်သော ဝေဒနာတို့၏ အကြောင်းဖြစ်သော အာရုံကို တွေ့ထိ၍သာလျှင် သုခဝေဒနာ အစရှိသည်တို့ကို ဖြစ်စေခြင်းဖြင့် သတ္တဝါတို့၏ ကြာမြင့်စွာတည်ခြင်းအကြောင်းဖြစ်၏၊ မနောသဉ္စေတနာဟာရသည် ကုသိုလ်ကံ အကုသိုလ်ကံတို့၏ အစွမ်းဖြင့် အားထုတ်သည်ဖြစ်၍သာလျှင် ဘုံသုံးပါးတို့၌ တည်ခြင်းကို ဖြစ်စေတတ်သောကြောင့် သတ္တဝါတို့၏ တည်ခြင်းအကြောင်းဖြစ်၏၊ ဝိညာဏာဟာရသည် အာရုံကိုသိတတ်သည်ဖြစ်၍ နာမ်ရုပ်ကိုဖြစ်စေသဖြင့် သတ္တဝါတို့၏ တည်ခြင်းအကြောင်း ဖြစ်၏၊ ဤသို့ ဆိုအပ်ပြီးသောနည်းဖြင့် ဤလေးပါးတို့ကိုသာလျှင် [၁] အဇ္ဈတ္တဖြစ်သော ရူပကာယတရား၏ ထူးသောအကြောင်း၏ အဖြစ်ကြောင့် အာဟာရတို့ဟူ၍ ဆိုအပ်ကုန်၏၊ ဖဿအစရှိသည်တို့၏ ဒုတိယအစရှိသောအဖြစ်ကို ဒေသနာအစဉ်အားဖြင့်သာ ဆိုအပ်၏ဟု သိအပ်၏၊ ဖြစ်စဉ်အားဖြင့် မဆိုအပ်-ဟု သိလေ။

---

**၂၃။ ။ပဉ္စဝိညာဏေသု ဈာနင်္ဂါနိ, အဝီရိယေသု ဗလာနိ, အဟေတုကေသု မဂ္ဂင်္ဂါနိ နလဗ္ဘန္တိ၊ တထာ ဝိစိကိစ္ဆာစိတ္တေ ကေဂ္ဂတာ မဂ္ဂိန္ဒြိယ ဗလဘာဝံ နဂစ္ဆတိ။**

ဒွေးပဉ္စဝိညာဏ်တဆယ်တို့၌ ဈာနင်တို့ကို မရအပ်ကုန်၊ ဝီရိယမယှဉ်သောစိတ် ၁၆-ခုတို့၌ ဗိုလ်တို့ကို မရအပ်ကုန်၊ အဟိတ်စိတ်

---

၁—အဇ္ဈတ္တိကသန္တာန်၏ ထူးသော အကြောင်းတရားများ ဖြစ်သောကြောင့် ဤတရားလေးပါးတို့ကိုသာ အာဟာရ-ဟု ဆိုအပ်ကုန်၏-ဟု မှတ်။

၁၈-ခုတို့၌ မဂ္ဂင်တို့ကို မရအပ်ကုန်၊ ထို့အတူ ဝိစိကိစ္ဆာသဟဂုတ် စိတ်၌ စေတသိက်သည် မဂ္ဂင် ဈာန် ဗိုလ်အဖြစ်သို့မရောက်။

---

၂၃။ ။ပဥ္စဝိညာဏ်တို့၌ ဝိတက်မယှဉ်ခြင်းကြောင့် အာရုံတို့၌ ရှေးရှု[၁] ကျရောက်ကာမျှ ဖြစ်သောကြောင့် ထိုပဥ္စဝိညာဏ်တို့၌ ဥပေက္ခာ သုခ ဒုက္ခတို့သည် ထင်ရှားရှိကုန်သော်လည်း ကသိုဏ်းစသော အာရုံကိုကပ်၍ ကြံသောအခြင်းအရာ မရှိခြင်းကြောင့် ဈာနင်၏အဖြစ်ဖြင့် မထုတ်ဆောင်အပ်ကုန်၊ ထိုစကားမှန်၏၊ ဈာနင်ဟူသည် ဝိတက်လျှင် နောက်ဆုံးအကွပ် အကြီးအကြပ်ရှိ၏-ဟု ဆိုအပ်၏၊ ဒွေးပဥ္စဝိညာဏ် ၁၀-ပါး၊ မနောဓာတ်သုံးပါး၊ သန္တီရဏသုံးခုတို့၏ အစွမ်းဖြင့် ၁၆-ပါးသောစိတ်တို့၌ ဝီရိယ မယှဉ်သောကြောင့် ထို ၁၆-ပါးသောစိတ်တို့၌ သမာဓိသည်[၂] ထင်ရှားရှိသော်လည်း ဗိုလ်အဖြစ်သို့ မရောက်၊ ထိုစကားမှန်၏၊ ဗိုလ်ဟူသည် ဝီရိယလျှင် နောက်ပိတ်အကွပ် အကြီးအကြပ်ရှိ၏-ဟု ဆိုအပ်၏၊ ထိုမှတပါး အဟိတ်စိတ် ၁၈-ပါး တို့၌[၃] ဟိတ်မယှဉ်သောကြောင့် မဂ္ဂင်တို့ကို မရအပ်ကုန်၊ ထိုစကားမှန်၏၊ မဂ္ဂင်ဟူသည် ဟိတ်တရားလျှင် နောက်ပိတ် အကွပ် အကြီးအကြပ်ရှိ၏-ဟူ၍ ဆိုအပ်၏။ ဤသို့သော အနက်သဘောကို နှလုံးထားတော်မူ၍ **ဒွိပဉ္စဝိညာဏေသု** ဤသို့ အစရှိသောစကားကို မိန့်ဆိုပြီ၊ ဈာနင်တို့ကို မရအပ်ကုန်-ဟု စာစပ်ခြင်းကို ပြုအပ်၏။

---

၁—ဒွေးပဥ္စဝိညာဏ် ၁၀-တို့၌ ဝိတက် ကင်းသဖြင့် အာရုံသို့ ရှေးရှု ကျကာမျှ ဖြစ်၍ ထိုဒွေး ပဥ္စဝိညာဏ် ၁၀-၌ ရှိသော ဥပေက္ခာ, သုခ, ဒုက္ခဝေဒနာတို့သည် အာရုံသို့ ကပ်၍ ရှုခြင်း အခြင်းအရာ မရှိသောကြောင့် ဈာနင် မထိုက်ပေ။

၂—ဒွေးပဥ္စဝိညာဏ် ၁၀-ပါး မနောဓာတ် ၃-ပါး, သန္တီရဏ ၃-ပါး-ဟု ဆိုအပ်သော ဝီရိယ မယှဉ်သောစိတ် ၁၆-ပါးတို့၌ ဝီရိယ မယှဉ်၊ ဝီရိယ အထောက်အပံ့ ကင်းသဖြင့် အားနည်းသောကြောင့် ၎င်း၌ရှိသော စေတသိက်ကို သမာဓိဗိုလ် မဖွဲ့ထိုက်။

၃—အဟိတ်စိတ်တို့၌ ယှဉ်သော ဝိတက်, ဝီရိယ, စေတသိက်တို့သည် ဟိတ်ကင်းသဖြင့် အားနည်းသောကြောင့် မဂ်ကိစ္စ မတတ်နိုင်ကြကုန်။

အဓိမောက္ခနှင့် မယှဉ်ခြင်းကြောင့် ဝိစိကိစ္ဆာစိတ်၌ ဧကဂ္ဂတာသည် [1] တည်ကြည်ကာမျှသာ ဖြစ်သောကြောင့် မိစ္ဆာသမာဓိ သမာဓိန္ဒြေ သမာဓိဗိုလ် ဟူသော ခေါ်ဝေါ်ခြင်းသို့ မရောက်၊ ထို့ကြောင့် **တထာ ဝိစိကိစ္ဆာ စိတ္တေ** ဤသို့ အစရှိသော စကားကို မိန့်ဆိုပြီ။

---

**၂၄။ ။ဒွိဟေတုက တိဟေတုကဇဝနေသွေဝ ယထာသမ္ဘဝံ အဓိပတိ ဧကော ဝ လဗ္ဘတိ။**

ဒွိဟိတ်ဇော ၁၇-ခု တိဟိတ်ဇော ၃၄-ခုတို့၌သာလျှင် ဖြစ်သင့်သည်အားလျော်စွာ အဓိပတိကို တခုစီသာလျှင် ရအပ်၏။

---

၂၄။ ။ဒွိဟေတုက တိဟေတုက [2] သဒ္ဒါဖြင့် ဧကဟိတ်စိတ်တို့၌ အဓိပတိတို့၏ မဖြစ်ခြင်းကို ပြ၏၊ **ဇဝနေသွေဝ** [3] ဟူသောပါဠ်၌ အဝဓာရဏ အနက်ရှိသော ဧဝသဒ္ဒါသည် လောကီဝိပါက်တို့၌ အဓိပတိတို့၏ မဖြစ်ခြင်းကို ပြခြင်းအကျိုးရှိ၏၊ အကြောင်းကား ထိုလောကီဝိပါက်စိတ်တို့သည် ဆန္ဒအစရှိသည်တို့ကို အကြီးပြုကုန်၍ မဖြစ်ကုန်သောကြောင့် လောကီဝိပါက်စိတ်တို့၌ အဓိပတိတို့ မဖြစ်ကုန်၊ ဝီမံသာဓိပတိသည် ဒွိဟိတ်ဇောတို့၌ မဖြစ်သောကြောင့်၎င်း၊ နောက်စိတ်ကို ပြုပြင်စီရင်တတ်သော ရှေးဖြစ်သောစိတ်-ဟု ဆိုအပ်သော အကြောင်း၏ ဖြစ်သင့်သည်အားလျော်စွာ ဖြစ်ခြင်းကြောင့်

---

၁—ဝိစိကိစ္ဆာစိတ်၌ ရှိသော ဧကဂ္ဂတာသည် အဓိမောက္ခနှင့် ကင်းသောကြောင့် စိတ်၏ တည်ကြည်ရုံမျှ ဖြစ်၍ မိစ္ဆာသမာဓိမဂ်, သမာဓိန္ဒြေ, သမာဓိဗိုလ် မဖွဲ့ထိုက်-ဟု မှတ်။

၂—**ဒွိဟေတုကတိဟေတုက**-ဟူသောပါဠ်ဖြင့် ဧကဟိတ်စိတ် အဟိတ်စိတ်တို့၌ အဓိပတိ မရအပ်ဟူသော အဓိပ္ပါယ်ကို ပြ၏။ အကြောင်းကား ဟိတ်မရှိသဖြင့်၎င်း၊ ယှဉ်ဖော်ယှဉ်ဘက် ဟိတ်မရှိသဖြင့်၎င်း အလွန်တရာ တွေဝေသောကြောင့်တည်း။

၃—**ဇဝနေသွေဝ**-ဟူသော ပါဠ်ဖြင့် လောကီဝိပါက်စိတ်တို့၌ အဓိပတိ မဖြစ်ဟူသော အဓိပ္ပါယ်ကို ပြ၏။ အကြောင်းသော်ကား လောကီဝိပါက် စိတ်များသည် ပဋိသန္ဓေစိတ် ဘဝင်စိတ်များဖြစ်ကြ၍ အားထုတ်ခြင်းကင်းသောကြောင့် အဓိပတိမဖြစ်-ဟု မှတ်။

ရှင်း၊ တခုသော အဓိပတိကိုသာလျှင် ရအပ်သည်အဖြစ်ကို ရည်၍ **ယထာသမ္ဘဝံ**[၁] ဟူသော ဤစကားကို မိန့်ဆိုပြီ။

တခုသောအဓိပတိကိုသာလျှင် ရအပ်၏၊ အဘယ့်ကြောင့် ဆိုသော် တခုသော အဓိပတိကိုရသည်မှ တပါး ၃-ပါး ၄-ပါးသော အဓိပတိကို တပြိုင်နက်ရအပ်သည်ရှိသော် တပါးသည် တပါးအား အဓိပတိသတ္တိနှင့် မယှဉ်ခြင်းကြောင့်တည်း။ ထိုစကားသင့်စွ၊ ထို့ကြောင့်သာလျှင် မြတ်စွာဘုရားသည် "**ဟေတူ ဟေတုသမ္ပယုတ္တကာနံ။ပ။ ပစ္စယော**" ဤသို့ အစရှိသည်ဖြင့် **ဟေတုပစ္စယနိဒ္ဒေသ၌** ဟောတော်မူသကဲ့သို့ "**အဓိပတိ အဓိပတိသမ္ပယုတ္တကာနံ**" ဤသို့ စသည်ဖြင့် မဟောမူ၍ "**ဆန္ဒာဓိပတိ ဆန္ဒသမ္ပယုတ္တကာနံ**" ဤသို့စသည်ဖြင့် တခုတခုသော အဓိပတိ၏ သတ္တိဖြင့်သာလျှင် အဓိပတိပစ္စည်းကို ထုတ်အပ်၏။

---

**၂၅။ ။ဆဟေတူ ပဉ္စဈာနင်္ဂါ၊ မဂ္ဂင်္ဂါ နဝ ဝတ္ထုတော။**
**သောဠသိန္ဒြိယဓမ္မာ စ၊ ဗလဓမ္မာ နဝေရိတာ။**
**စတ္တာရော ဓိပတီ ဝုတ္တာ၊ တထာဟာရာတိ သတ္တဓာ။**
**ကုသလာဒိသမာကိဏ္ဏော၊ ဝုတ္တော မိဿကသင်္ဂဟော။**

တရားကိုယ်အားဖြင့် ဟိတ်တို့ကို ခြောက်ပါးအပြားရှိကုန်၏-ဟူ၍ ဆိုအပ်ကုန်၏၊ ဈာနင်တို့ကို ငါးပါးအပြားရှိကုန်၏-ဟူ၍ ဆိုအပ်ကုန်၏၊ မဂ္ဂင်တို့ကို ကိုးပါး အပြားရှိကုန်၏-ဟူ၍ ဆိုအပ်ကုန်၏၊ ဣန္ဒြေတရားတို့ကို ၁၆-ပါးအပြားရှိကုန်၏-ဟူ၍ဆိုအပ်ကုန်၏၊ ဗိုလ်တရားတို့ကို ကိုးပါး အပြားရှိကုန်၏-ဟူ၍ ဆိုအပ်ကုန်၏၊ အဓိပတိတို့ကို လေးပါး အပြားရှိကုန်၏-ဟူ၍ ဆိုအပ်ကုန်၏၊ အာဟာရ တို့ကို ထို့အတူ လေးပါးအပြားရှိကုန်၏-ဟူ၍ဆိုအပ်ကုန်၏၊ ဤသို့ ခုနစ်ပါး

---

၁-ယထာသမ္ဘဝံ-ဟူသော ပါဌ်ဖြင့် ဒွိဟိတ်ဇောတို့၌ ဝီမံသာဓိပတိ မဖြစ်သင့်သောကြောင့်ရှင်း, နောက်စိတ်ကို ပြုပြင်တတ်သော ရှေးစိတ်-ဟု ဆိုအပ်သော ဥပနိဿယ၏ ဒွိဟိတ်ဇော, တိဟိတ်ဇော ဖြစ်သင့်သည်အားလျော်စွာ ဖြစ်ခြင်းကြောင့်ရှင်း, လျော်သော အဓိပတိ တပါးပါးကို ရ၏-ဟူသော အဓိပ္ပါယ်ကို ပြ၏။

အပြားအားဖြင့် ကုသိုလ်စသည်နှင့်ပြွမ်းသော မိဿကသင်္ဂဟကို မိန့်ဆိုအပ်၏။

---

၂၅။ ။သဘောသတ္တိအားဖြင့် ဟိတ်တရားတို့ကို ^၁ ခြောက်ပါး အပြားရှိကုန်၏-ဟူ၍ ဆိုအပ်ကုန်၏၊ သောမနဿ ဒေါမနဿ ဥပေက္ခာတို့၏ ဝေဒနာအစွမ်းဖြင့် တပေါင်းတည်းယူအပ်သည် အဖြစ်ကြောင့် ဈာနင်တို့ကို ငါးပါး အပြားရှိကုန်၏-ဟူ၍ ဆိုအပ်ကုန်၏၊ မိစ္ဆာသင်္ကပ္ပ မိစ္ဆာဝါယာမ မိစ္ဆာသမာဓိ တို့၏ ဝိတက် ဝီရိယ စိတ္တေကဂ္ဂတာ၏ အဖြစ်ဖြင့် တူသည်အဖြစ်အားဖြင့် သမ္မာသင်္ကပ္ပ အစရှိသည်တို့နှင့် တပေါင်းတည်း ယူအပ်သည် အဖြစ်ကြောင့် မဂ္ဂင်တို့ကို ကိုးပါး အပြားရှိကုန်၏-ဟူ၍ ဆိုအပ်ကုန်၏၊ ငါးပါးကုန်သော ဝေဒနိန္ဒြေတို့၏ ဝေဒနာအဖြစ်နှင့် တူသည်အဖြစ်ကြောင့် သုံးပါးကုန်သော လောကုတ္တရာ ဣန္ဒြေတို့၏ရင်း၊ ပညိန္ဒြေ၏ရင်း၊ ဉာဏ်၏အဖြစ်နှင့် တူသည်အဖြစ်ဖြင့် တပေါင်းတည်း ယူအပ်သည် အဖြစ်ကြောင့် ရုပ် ဇီဝိတိန္ဒြေ နာမ် ဇီဝိတိန္ဒြေ တို့ကိုလည်း အသီး ယူအပ်သည် အဖြစ်ကြောင့် ဣန္ဒြေတရားတို့ကို ၁၆-ပါး အပြားရှိကုန်၏-ဟူ၍ ဆိုအပ်ကုန်၏၊ ဗိုလ်တရားတို့ကိုကား အကြင်အကြင် ဆိုအပ်ပြီးသော နည်းဖြင့် ကိုးပါးအပြားရှိကုန်၏-ဟူ၍ ဆိုအပ်ကုန်၏၊ အဓိပတိ တရားတို့ကို လေးပါးအပြားရှိကုန်၏-ဟူ၍ ဆိုအပ်ကုန်၏၊ အာဟာရ တို့ကို ထို့အတူ လေးပါးအပြားရှိကုန်၏-ဟူ၍ ဆိုအပ်ကုန်၏၊ ဤသို့ ကုသိုလ်အစရှိကုန်သော ၃-ပါးသော တရားတို့နှင့် ရော၏၊ ထိုကြောင့်သာလျှင် မိဿကသင်္ဂဟ အမည်ရှိသော သင်္ဂဟကို ၇-ပါး အပြားအားဖြင့် မိန့်ဆိုအပ်၏။

---

၁—ဟိတ်စသော တရားတို့ကို တရားကိုယ်တူရာ ပေါင်း၍ စိစစ်လိုက်သည်ရှိသော်—

(၁) ဟိတ်ကား ၆-ပါး
(၂) ဈာနင်ကား ၅-ပါး
(၃) မဂ္ဂင်ကား ၉-ပါး
(၄) ဣန္ဒြေကား ၁၆-ပါး
(၅) ဗိုလ်ကား ၉-ပါး
(၆) အဓိပတိကား ၄-ပါး
(၇) အာဟာရကား ၄-ပါးသာ ဖြစ်၏-ဟူလို။

ဤမိဿကသင်္ဂဟ၌ ပညာကို[၁] ငါးပါးအပြားအားဖြင့် ရေတွက်အပ်၏၊ ဝီရိယ ကေဂ္ဂတာတို့ကို လေးပါးအပြားအားဖြင့် ရေတွက်အပ်ကုန်၏၊ စိတ်ကိုင်း၊ သတိကိုင်း၊ သုံးပါးအပြားအားဖြင့် ရေတွက်အပ်၏၊ ဝိတက်ကိုင်း၊ ဝေဒနာကိုင်း၊ သဒ္ဓါကိုင်း၊ နှစ်ပါးအပြားအားဖြင့် ရေတွက်အပ်၏-ဟူ၍ သိအပ်ကုန်၏၊ ကြွင်းကုန်သော တရားတို့ကို တပါးတပါးသောအစုဖြင့် ရေတွက်အပ်ကုန်၏၊ ဤသို့ သင်္ဂဟတို့ကို ၂၀-ပါးတို့ ဟူ၍ ဆိုအပ်ကုန်၏။

မိဿကသင်္ဂဟအဘွင့်ပြီးပြီ။

---

## ဗောဓိပက္ခိယသင်္ဂဟ
## သတိပဋ္ဌာန် ၄-ပါး

**၂၆။ ။ဗောဓိပက္ခိယသင်္ဂဟေ စတ္တာရော သတိပဋ္ဌာနာ ကာယာနုပဿနာ သတိပဋ္ဌာနံ, ဝေဒနာနုပဿနာ သတိပဋ္ဌာနံ, စိတ္တာနုပဿနာ သတိပဋ္ဌာနံ, ဓမ္မာနုပဿနာ သတိပဋ္ဌာနံ။**

ဗောဓိပက္ခိယသင်္ဂဟ၌[၂] ဤသို့ ဝေဘန်ခြင်းကို ငါသည်ဆိုအပ်၏၊ သတိပဋ္ဌာန်တို့သည် ကာယာနုပဿနာသတိပဋ္ဌာန်ငင်း၊ ဝေဒနာနုပဿနာသတိပဋ္ဌာန်ငင်း၊ စိတ္တာနုပဿနာသတိပဋ္ဌာန်ငင်း၊ ဓမ္မာနုပဿနာသတိပဋ္ဌာန်ငင်း၊ ဤသို့ လေးပါးအပြား ရှိကုန်၏။

---

## သတိပဋ္ဌာန် ၄-ပါးအဘွင့်

၂၆။ ။ကိုယ်စသောအာရုံ၌ လွန်စွာ သက်ဝင်၍ တည်တတ်, ဖြစ်တတ်သောကြောင့် ပဋ္ဌာန မည်၏၊ အသုဘအခြင်းအရာတို့ကို

---

၁—ဤမိဿကသင်္ဂဟ၌ ပြဆိုအပ်သော တရားတို့တွင် ပညာကို ငါးကိစ္စ, ငါးဌာန၊ ဝီရိယကေဂ္ဂတာတို့ကို လေးကိစ္စ, လေးဌာန၊ စိတ် သတိတို့ကို သုံးကိစ္စ, သုံးဌာန၊ ဝိတက် ဝေဒနာ သဒ္ဓါတို့ကို နှစ်ကိစ္စ, နှစ်ဌာန၊ ဤ၅စ်ပါးမှ ကြွင်းသော တရားတို့ကို တကိစ္စ တဌာနတို့ဖြင့် ရေတွက်အပ်ကုန်၏။

၂—သစ္စာလေးပါး တရားကို သိတတ်သောကြောင့် ဗောဓိ မည်သော အရိယာမဂ်၏ အပင်းအသင်း၌ဖြစ်ကုန်သော သတိပဋ္ဌာန် သမ္မပ္ပဓာန် စသော တရားတို့သည် **ဗောဓိပက္ခိယ** မည်ကုန်၏။ ။ထိုတရားတို့ကို ရေတွက် ဖော်ပြရာ ဖြစ်သော သင်္ဂဟသည် **ဗောဓိပက္ခိယ သင်္ဂဟ** မည်၏။

ယူခြင်း အစရှိသည်တို့၏ အစွမ်းဖြင့် ကိုယ်အစရှိသောအာရုံသို့ဝင်၍ ကိုယ်အစရှိသော အာရုံ၌ ဖြစ်တတ်၏၊ ဤကား ပဋ္ဌာတိ ပုဒ်၏ အနက်တည်း။ သတိသည်သာလျှင် ကိုယ်စသောအာရုံ၌ ဖြစ်တတ်သောကြောင့် **သတိပဋ္ဌာန်** [၁] မည်၏၊ ထိုသတိပဋ္ဌာန်သည်ကား ကာယ, ဝေဒနာ, စိတ္တ, ဓမ္မတို့၌ အသုဘ, အနိစ္စ, ဒုက္ခ, အနတ္တ ဟူသောအခြင်းအရာကို ယူခြင်း၏ အစွမ်းအားဖြင့်၎င်း၊ သုဘသညာ, သုခသညာ, နိစ္စသညာ, အတ္တသညာ ဟူ၍ ဆိုအပ်ကုန်သော ဖောက်ပြန်ခြင်း တို့ကို ပယ်သည့်အစွမ်းအားဖြင့်၎င်း၊ လေးပါး အပြားရှိ၏၊ ထို့ကြောင့် **စတ္တာရောသတိပဋ္ဌာနာ**-ဟု မိန့်ဆိုအပ်၏။

စက်ဆုပ်ဘွယ်ရှိကုန်သော ဆံအစရှိသည်တို့၏ ဖြစ်ရာ ဖြစ်သော ကြောင့် အတ္တဘောသည် ကိုယ်မည်၏၊ တနည်းကား-ထွက်သက် ဝင်သက်တို့၏ အပေါင်းသည် ကာယ မည်၏၊ ထိုကိုယ်ကို အဖန် တလဲလဲ စီးဖြန်းသည်၏ အစွမ်းဖြင့်၎င်း၊ အနိစ္စာနုပဿနာ စသော ၇-ပါးကုန်သော အနုပဿနာတို့၏ အစွမ်းအားဖြင့်၎င်း၊ အောက်မေ့ခြင်းသည် ကာယာနုပဿနာမည်၏၊ ဒုက္ခဒုက္ခဝိပရိဏာမ ဒုက္ခ, သင်္ခါရဒုက္ခဖြစ်ကုန်သော ဝေဒနာတို့ကို ဝေဒနာ၏အစွမ်းဖြင့် အောက်မေ့ခြင်းသည် ဝေဒနာနုပဿနာ မည်၏၊ ထို့အတူ သရာဂ မဟဂ္ဂတ အစရှိသည်တို့၏ အစွမ်းအားဖြင့်၎င်း၊ သမ္ပယောဂအပြား ဘုံအပြားအားဖြင့်၎င်း၊ ပြားသော စိတ်ကို အောက်မေ့ခြင်းသည် စိတ္တာနုပဿနာ မည်၏၊ ပြားသော လက္ခဏာ ရှိကုန်သော သညာ သင်္ခါရ-ဟု ဆိုအပ်ကုန်သော တရားတို့ကို အောက်မေ့ ခြင်းသည် ဓမ္မာနုပဿနာ မည်၏။

---

## သမ္မပ္ပဓာန် ၄-ပါး

၂၇။ ။စတ္တာရော သမ္မပ္ပဓာနာ ဥပ္ပန္နာနံ ပါပကာနံ ပဟာနာယ ဝါယာမော, အနုပ္ပန္နာနံ ပါပကာနံ

---

၁–အခြားတပါး များစွာသော အာရုံတို့၌ စိတ်ပျံ့နှံ့ ပြေးဝင်ခြင်းကို တားမြစ်၍ ကိုယ်စသော အာရုံ၌သာလျှင် အစဉ်ဝင်လျက် တည်တန့်စွာ ဖြစ်တတ်သောကြောင့် **သတိပဋ္ဌာန်** မည်၏။ သတိပဋ္ဌာန်-ဟူသည် သတိ တပါးတည်းပင် ဖြစ်သော်လည်း ယူသောကိစ္စ, ပယ်သော ကိစ္စ အားဖြင့် အာရုံပြားသောကြောင့် လေးပါးပြားရ၏။

**အနုပ္ပန္နာနံ ပါပကာနံ အကုသလာနံ ဓမ္မာနံ ပဟာနာယ ဝါယာမော, အနုပ္ပန္နာနံ ကုသလာနံ ဥပ္ပါဒါယ ဝါယာမော, ဥပ္ပန္နာနံ ကုသလာနံ ဘိယျောဘာဝါယ ဝါယာမော။**

သမ္မပ္ပဓာန်တို့သည် ဖြစ်ကုန်ပြီးသော အကုသိုလ်တရားတို့ကို ပယ်ခြင်းငှါ လုံ့လပြုခြင်းဥင်း၊ မဖြစ်ကုန်သေးသော အကုသိုလ် တရားတို့ကို မဖြစ်စေခြင်းငှါ လုံ့လပြုခြင်းဥင်း၊ မဖြစ်ကုန်သေးသော ကုသိုလ်တရားတို့ကို ဖြစ်စေခြင်းငှါ လုံ့လပြုခြင်းဥင်း၊ ဖြစ်ကုန် ပြီးသော ကုသိုလ်တရားတို့ကို အလွန်ပွါးများစေခြင်းငှါ လုံ့လ ပြုခြင်းဥင်း၊ ဤသို့ လေးပါးအပြားရှိကုန်၏။

---

## သမ္မပ္ပဓာန် ၄-ပါးအဘွင့်

၂၇။ ။ထိုဝီရိယဖြင့် သမ္မယုတ်တရားတို့သည် ကောင်းစွာ အားထုတ်တတ်ကုန်၏၊ ထိုသို့ အားထုတ်ကြောင်း ဖြစ်သောကြောင့် ဝီရိယသည် **သမ္မပ္ပဓာန်**[၁] မည်၏၊ ထိုဝီရိယသည် ကိစ္စအပြားအားဖြင့် လေးပါးအပြားရှိ၏၊ ထို့ကြောင့် "**စတ္တာရော သမ္မပ္ပဓာနာ**" ဤသို့ အစရှိသော စကားကို မိန့်ဆိုပြီ၊ အသုဘဟူ၍ နှလုံးသွင်းခြင်း ကမ္မဋ္ဌာန်းကို အဖန်တလဲလဲ အားထုတ်သည် အစွမ်းဖြင့် လုံ့လ ပြုခြင်းသည် **ဝါယာမ** မည်၏၊ **ဘိယျောဘာဝါယ** ဟူသည်ကား၊ ဝါ-ဟူသောပုဒ်ကို အလွန်ပွါးခြင်းငှါ-ဟု အနက်ပေး။

---

## ဣဒ္ဓိပါဒ် ၄-ပါး

**၂၈။ ။စတ္တာရော ဣဒ္ဓိပါဒါ ဆန္ဒိဒ္ဓိပါဒေါ, ဝီရိယိဒ္ဓိ-ပါဒေါ, စိတ္တိဒ္ဓိပါဒေါ, ဝီမံသိဒ္ဓိပါဒေါ။**

---

၁-ကောင်းစွာ အားထုတ်ကြောင်း, ပြီးစေကြောင်း ဖြစ်သောကြောင့် သမ္မပ္ပဓာန် မည်၏။ ထိုသမ္မပ္ပဓာန်သည် ဝီရိယတရား တပါးတည်း ဖြစ်သော်လည်း ဖြစ်ပြီးသော အကုသိုလ်တရားတို့ကို ပယ်ခြင်းစသော ကိစ္စတို့၏ အစွမ်းဖြင့် လေးပါးပြားရ၏-ဟုမှတ်။

ဣဒ္ဓိပါဒ်တို့သည် ဆန္ဒိဒ္ဓိပါဒ်၎င်း၊ ဝီရိယိဒ္ဓိပါဒ်၎င်း၊ စိတ္တိဒ္ဓိပါဒ်၎င်း၊ ဝိမံသိဒ္ဓိပါဒ်၎င်း၊ ဤသို့ လေးပါး အပြား ရှိကုန်၏။

---

## ဣဒ္ဓိပါဒ် ၄-ပါးအဖွင့်

၂၈။ ။ဤဣဒ္ဓိဝိဓ အဘိညာဏ်ဖြင့် ဓိဋ္ဌာန်အပ် ဖန်ဆင်းအပ်သော နဂါး ဂဠုန် အသွင် အစရှိသော ဝတ္ထုသည် ပြည့်စုံတတ်၏၊ ထိုသို့ပြည့်စုံကြောင်းဖြစ်သော သတ္တိကြောင့် ဣဒ္ဓိဝိဓဉာဏ်သည် **ဣဒ္ဓိ** မည်၏၊ ဣဒ္ဓိဝိဓဉာဏ်၏ တည်ရာသည် **ဣဒ္ဓိပါဒ်**[၁] မည်၏၊ ဆန္ဒသည်သာလျှင် တည်ရာ ဖြစ်သောကြောင့် **ဆန္ဒိဒ္ဓိပါဒ်** မည်၏။

---

## ဗောဇ္ဈင် ၇-ပါး

**၃၁။ ။သတ္တ ဗောဇ္ဈင်္ဂါ သတိသမ္ဗောဇ္ဈင်္ဂေါ, ဓမ္မဝိစယသမ္ဗောဇ္ဈင်္ဂေါ, ဝီရိယသမ္ဗောဇ္ဈင်္ဂေါ, ပီတိသမ္ဗောဇ္ဈင်္ဂေါ, ပဿဒ္ဓိသမ္ဗောဇ္ဈင်္ဂေါ, သမာဓိသမ္ဗောဇ္ဈင်္ဂေါ, ဥပေက္ခာသမ္ဗောဇ္ဈင်္ဂေါ။**

ဗောဇ္ဈင်တို့သည် သတိသမ္ဗောဇ္ဈင်၎င်း၊ ဓမ္မဝိစယသမ္ဗောဇ္ဈင်၎င်း၊ ဝီရိယသမ္ဗောဇ္ဈင်၎င်း၊ ပီတိသမ္ဗောဇ္ဈင်၎င်း၊ ပဿဒ္ဓိသမ္ဗောဇ္ဈင်၎င်း၊ သမာဓိသမ္ဗောဇ္ဈင်၎င်း၊ ဥပေက္ခာသမ္ဗောဇ္ဈင်၎င်း၊ ဤသို့ ၇-ပါး အပြား ရှိကုန်၏။

---

## ဗောဇ္ဈင် ၇-ပါးအဖွင့်

၃၁။ ။ဝိပဿနာကို အားထုတ်သော ကာလမှစ၍ ယောဂါဝစရပုဂ္ဂိုလ်သည် သိတတ်သောကြောင့် **ဗောဓိ** မည်၏၊

---

၁-ဈာန်, မဂ်, ဖိုလ်ရမှု ပြီးစီးအောင်မြင်မှုသည် ဣဒ္ဓိ မည်၏။ ထိုပြီးစီးအောင်မြင်မှု၏ အခြေခံ အကြောင်းရင်းဖြစ်သော ဆန္ဒ,ဝီရိယ, စိတ္တ, ဝိမံသ တရားတို့သည် ဣဒ္ဓိပါဒ် မည်ကုန်၏။

တနည်းကား—သတိ အစရှိသော အကြောင်းတရား အပေါင်းဖြင့် ယောဂါဝစရပုဂ္ဂိုလ်သည် သစ္စာတို့ကို ထိုးထွင်း၍ သိတတ်၏၊ ထိုသို့ သိကြောင်းဖြစ်သောကြောင့် သတိ စသော တရားအပေါင်းသည် **ဗောဓိ** မည်၏၊ တနည်းကား—ကိလေသာ တည်းဟူသော အိပ်ပျော်ခြင်းမှ နိုးတတ်ကြောင်းဖြစ်သောကြောင့် သတိ စသော တရားအပေါင်းသည် **ဗောဓိ** မည်၏၊ တနည်းကား—ကိလေသာ ဟူသော အကောက်မရှိမူ၍ မဂ်ဖိုလ်သို့ ရောက်သဖြင့် ပွင့်ကြောင်း ဖြစ်သောကြောင့် သတိ စသော တရားအပေါင်းသည် **ဗောဓိ** [၁] မည်၏။

ထိုယောဂါဝစရပုဂ္ဂိုလ်၏ အကြောင်း ဖြစ်ကုန်သောကြောင့် **ဗောဇ္ဈင်** [၂] မည်ကုန်၏၊ တနည်းကား—ထိုသတိ စသော တရားအပေါင်း၏ အစိတ်ဖြစ်ကုန်သောကြောင့် **ဗောဇ္ဈင်** မည်ကုန်၏၊ ထိုဗောဇ္ဈင်တို့သည် ဓမ္မသဘောအားဖြင့် ၇-ပါး အပြား ရှိကုန်၏၊ ထို့ကြောင့် "သတိသမ္ဗောဇ္ဈင်္ဂေါ" အစရှိသော စကားကို မိန့်ဆိုပြီ၊ သတိသည်သာလျှင် ကောင်းသော ဗောဇ္ဈင် ဖြစ်သောကြောင့် **သတိသမ္ဗောဇ္ဈင်** မည်၏၊ တနည်းကား—သတိသည်သာလျှင် ကောင်းသော ယောဂါဝစရပုဂ္ဂိုလ်၏ အကြောင်းဖြစ်သောကြောင့် သတိသမ္ဗောဇ္ဈင် မည်၏၊ တနည်းကား—ကောင်းသော ပညာ

---

၁—သစ္စာလေးပါး တရားတို့ကို ထိုးထွင်း၍ သိတတ်သောကြောင့် ယောဂီ ပုဂ္ဂိုလ်သည် **ဗောဓိ** မည်၏။

တနည်း—ညီညွတ်သော သတိစသော တရား ၇-ပါးသည် သစ္စာလေးပါးကို သိခြင်း၏ အကြောင်း ဖြစ်သောကြောင့် ဗောဓိ မည်၏။

တနည်း—ညီညွတ်သော ထိုတရား ၇-ပါးသည် ကိလေသာ အစဉ်-ဟု ဆိုအပ်သော အိပ်ပျော်ခြင်းမှ နိုးကြောင်း ဖြစ်သောကြောင့် **ဗောဓိ** မည်၏။

တနည်း—ညီညွတ်သော ထိုတရား ၇-ပါးသည် ကိလေသာတို့ကြောင့် တွန့်တိုခြင်း မရှိသဖြင့် မဂ်ဖိုလ်သို့ ရောက်ခြင်းဖြင့် ပွင့်ကြောင်း ဖြစ်သောကြောင့်လည်း **ဗောဓိ** မည်၏။

၂—သစ္စာလေးပါးကို ထိုးထွင်း၍ သိသော ယောဂီပုဂ္ဂိုလ်၏ အကြောင်းဖြစ်သောကြောင့် **ဗောဇ္ဈင်** မည်၏။

တနည်း—သတိစသော ညီညွတ်သော တရားအပေါင်း-ဟု ဆိုအပ်သော ဓမ္မသာမဂ္ဂီ ဗောဓိ၏ အစိတ်ဖြစ်သောကြောင့် ဗောဇ္ဈင် မည်၏-ဟူလို။

စသော တရားအပေါင်း၏ အစိတ်ဖြစ်သောကြောင့် သတိသမ္ဗောဇ္ဈင် မည်၏၊ အနိစ္စ စသော တရားတို့ကို စုံစမ်းဆင်ခြင်တတ်သောကြောင့် ဝိပဿနာပညာသည် **ဓမ္မဝိစယ** မည်၏၊ ဤ **ဥပေက္ခာသမ္ဗောဇ္ဈင်္ဂ** ဟူသောပါဌ်၌ တတြမဇ္ဈတ္တုပေက္ခာကို ဥပေက္ခာ-ဟု အလိုရှိအပ်၏။

---

## ဌာနအားဖြင့် ဝေဘန်ခြင်း

၃၅။ **။သက်ပ္ပ ပဿဒ္ဓိ စ ပီတုပေက္ခာ၊**
**ဆန္ဒော စ စိတ္တံ ဝိရတိတ္တယဉ္စ။**
**နဝေကဌာနာ ဝီရိယံ နဝဋ္ဌ၊**
**သတိ သမာဓိ စတု ပဉ္စ ပညာ။**
**သဒ္ဓါ ဒုဋ္ဌာနုတ္တမ သတ္တတိံသ၊**
**ဓမ္မာနမေသော ပဝရော ဝိဘာဂေါ။**

ဝိတက်,[၁] ပဿဒ္ဓိ စေတသိက်တို့ငင်း၊ ပီတိ, တတြမဇ္ဈတ္တတာ စေတသိက်တို့ငင်း၊ ဆန္ဒစေတသိက်ငင်း၊ လောကုတ္တရာစိတ်ငင်း၊ ဝိရတီစေတသိက်တို့၏ သုံးခုတို့၏ အပေါင်းငင်း၊ ဤသို့ ကိုးပါး

---

၁—**ဝိတက်** စေတသိက်သည် သမ္မာသက်ပ္ပမဂ္ဂင် တဌာန တကိစ္စသာ တပ်၏။
**ပဿဒ္ဓိ** စေတသိက်သည် ပဿဒ္ဓိသမ္ဗောဇ္ဈင် တဌာန တကိစ္စသာ တပ်၏။
**ပီတိ** စေတသိက်သည် ပီတိသမ္ဗောဇ္ဈင် တဌာန တကိစ္စသာ တပ်၏။
**တတြမဇ္ဈတ္တတာ** စေတသိက်သည် ဥပေက္ခာသမ္ဗောဇ္ဈင် တဌာန တကိစ္စသာ တပ်၏။
**ဆန္ဒ** စေတသိက်သည် ဆန္ဒိဒ္ဓိပါဒ် တဌာန တကိစ္စသာ တပ်၏။
**လောကုတ္တရာစိတ်သည်** စိတ္တိဒ္ဓိပါဒ် တဌာန တကိစ္စသာ တပ်၏။
**သမ္မာဝါစာ** စေတသိက်သည် သမ္မာဝါစာမဂ္ဂင် တဌာန တကိစ္စသာ တပ်၏။
**သမ္မာကမ္မန္တ** စေတသိက်သည် သမ္မာကမ္မန္တမဂ္ဂင် တဌာန တကိစ္စသာ တပ်၏။
**သမ္မာအာဇီဝ** စေတသိက် သည် သမ္မာအာဇီဝမဂ္ဂင် တဌာန တကိစ္စသာ တပ်၏။
**သဒ္ဓါ** စေတသိက်သည် သဒ္ဓိန္ဒြေ, သဒ္ဓါဗိုလ်အားဖြင့် နှစ်ဌာန နှစ်ကိစ္စ တပ်၏။
**ပညိန္ဒြေ** စေတသိက်သည် ဝီမံသိဒ္ဓိပါဒ်, ပညိန္ဒြေ, ပညာဗိုလ်, ဓမ္မဝိစယသမ္ဗောဇ္ဈင်, သမ္မာဒိဋ္ဌိမဂ္ဂင် အားဖြင့် ငါးဌာန ငါးကိစ္စ တပ်၏။
**သတိ** စေတသိက်သည် သတိပဋ္ဌာန်လေးပါး, သတိန္ဒြေ, သတိဗိုလ်, သတိသမ္ဗောဇ္ဈင်, သမ္မာသတိမဂ္ဂင် အားဖြင့် ရှစ်ဌာန ရှစ်ကိစ္စတပ်၏။

သောတရားတို့သည် တခုသော ဈာန ရှိကုန်၏၊ ဝိရိယစေတသိက်သည် ကိုးဈာနန်၌ ရှိ၏၊ သတိစေတသိက်သည် ရှစ်ဈာနန်၌ ရှိ၏၊ ဧကဂ္ဂတာစေတသိက်သည် လေးဈာနန်၌ ရှိ၏၊ ပညိန္ဒြေစေတသိက်သည် ငါးဈာနန်၌ရှိ၏၊ သဒ္ဓါစေတသိက်သည် နှစ်ဈာနန်၌ ရှိ၏၊ ဤသို့ မြတ်ကုန်သော ၃၇-ပါးသော ဗောဓိပက္ခိယတရားတို့၏ မြတ်သော ဤသို့ သဘောရှိသော ဝေဘန်ခြင်းကို ငါသည် ဆိုအပ်၏။

## ဈာနအားဖြင့်ဝေဘန်ခြင်းအဘွင့်

၃၅။ ။သတ္တဓာ။ပ။ဟော-ဟုဆိုပြီး၍ တဖန် ထို ၇-ပါးအပြား ရှိသော သင်္ဂဟနည်းကို ပြခြင်းငှါ "သက်ပ္ပပဿဒ္ဓိ" အစရှိသော စကားကို မိန့်ဆိုအပ်၏၊ ထိုဗောဓိပက္ခိယတရားတို့တွင် ဝိရိယသည်[၁] သမ္မပ္ပဓာန်လေးပါး။ပ။ သမ္မာဝါယာမတို့၏ အစွမ်းဖြင့် ကိုးကိစ္စ တပ်သည်၏ အဖြစ်ကြောင့် ကိုးဈာန ရှိ၏၊ သတိသည် သတိပဋ္ဌာန် လေးပါး။ပ။ သမ္မာသတိတို့၏ အစွမ်းအားဖြင့် ရှစ်ကိစ္စတပ်သော ကြောင့် ရှစ်ဈာန ရှိ၏၊ သမာဓိသည် သမ္မာဓိန္ဒြေ။ပ။ သမ္မာသမာဓိ တို့၏ အစွမ်းဖြင့် လေးကိစ္စတပ်သောကြောင့် လေးဈာနရှိ၏၊ ပညာသည် ဝိမံသိဒ္ဓိပါဒ်။ပ။ သမ္မာဒိဋ္ဌိတို့၏ အစွမ်းဖြင့် ငါးကိစ္စ တပ်သောကြောင့် ငါးဈာနရှိ၏၊ သဒ္ဓါသည် သဒ္ဓိန္ဒြေ သဒ္ဓါဗိုလ် တို့၏ အစွမ်းဖြင့် နှစ်ကိစ္စတပ်သောကြောင့် နှစ်ဈာန ရှိ၏၊ အရိယာ မဂ်၏ အဘို့၌ ဖြစ်သည်အဖြစ်ကြောင့် ထူးကုန်သော ၃၇-ပါးသော တရားတို့ကို မြတ်သော ဤခွဲဝေခြင်းကို သိအပ်၏။

**၃၆။ ။သဗ္ဗေ လောကုတ္တရေ ဟောန္တိ၊ နဝါ သက်ပ္ပပီတိယော။**
**လောကိယေပိ ယထာယောဂံ၊ ဆဗ္ဗိသုဒ္ဓိ ပဝတ္တိယံ။**

လောကုတ္တရာစိတ်၌ အလုံးစုံကုန်သော ဗောဓိပက္ခိယတရားတို့ သည် ဖြစ်ကုန်၏၊ ဝိတက် ပီတိ စေတသိက်တို့သည် အချို့သော

---

၁–ဝိရိယ စေတသိက်သည် သမ္မပ္ပဓာန်လေးပါး, ဝိရိယိဒ္ဓိပါဒ်, ဝိရိယိန္ဒြေ, ဝိရိယဗိုလ်, ဝိရိယသမ္ဗောဇ္ဈင်, သမ္မာဝါယာမမဂ္ဂင်အားဖြင့် ကိုးဈာန ကိုးကိစ္စ တပ်၏-ဟူလို။

လောကုတ္တရာစိတ်၌ မဖြစ်ကုန်၊ လောကီ သောဘဏစိတ်၌လည်း ခြောက်ပါးသော ဝိသုဒ္ဓိတို့ ဖြစ်လတ်သော် ယှဉ်သင့်သည် အားလျော်စွာ ဖြစ်ကုန်၏။

---

၃၆။ ။ရှစ်ပါး အပြားရှိသော လောကုတ္တရာစိတ်၌ အလုံးစုံကုန်သော ၃၇-ပါးသော ဗောဓိပက္ခိယတရားတို့သည် ဖြစ်ကုန်၏၊ ဒုတိယဈာန်နှင့် ယှဉ်သော လောကုတ္တရာစိတ်၌ ဝိတက်၏ စတုတ္ထ, ပဉ္စမဈာန်နှင့် ယှဉ်သော လောကုတ္တရာ၌ ပီတိ၏ မဖြစ်ခြင်းကြောင့် ဝိတက်ပီတိ[၁] တို့သည် အချို့သော လောကုတ္တရာစိတ်၌ မဖြစ်ကုန်၊ လောကီဖြစ်သော ကာမာဝစရကုသိုလ် မဟဂ္ဂုတ်ကုသိုလ်စိတ်၌ သီလဝိသုဒ္ဓိ အစရှိသော ခြောက်ပါးသော ဝိသုဒ္ဓိတို့၏ ဖြစ်လတ်သော် ထိုထိုသို့သော သတိပဋ္ဌာန် အစရှိသော ကိစ္စအားလျော်သည် အစွမ်းအားဖြင့် အချို့ကုန်သော ဗောဓိပက္ခိယတရားတို့သည် အချို့သော လောကီဖြစ်သော ကာမာဝစရကုသိုလ် မဟဂ္ဂုတ်ကုသိုလ်စိတ်၌ အသီးသီး ဖြစ်ကုန်၏၊ အချို့သော ဗောဓိပက္ခိယ တရားတို့သည် အချို့သော လောကီစိတ်၌ မဖြစ်ကုန်။

ဗောဓိပက္ခိယသင်္ဂဟအဘွင့်ပြီးပြီ။

---

**သဗ္ဗသင်္ဂဟ**

**ခန္ဓာငါးပါး**

**၃၇။ ။သဗ္ဗသင်္ဂဟေ ပဉ္စက္ခန္ဓာ ရူပက္ခန္ဓော, ဝေဒနာက္ခန္ဓော, သညာက္ခန္ဓော, သင်္ခါရက္ခန္ဓော, ဝိညာဏက္ခန္ဓော။**

---

၁-လောကုတ္တရာစိတ်၌ ထိုအလုံးစုံသော ဗောဓိပက္ခိယ တရားတို့သည် တပြိုင်နက် ဖြစ်ကုန်၏။ သို့သော် ဝိတက်စေတသိက်သည် ပဌမဈာန်၌သာ ဖြစ်၍ ဒုတိယ စသော ဈာန်တို့၌ မဖြစ်၊ ပီတိသည် ပဌမ ဒုတိယ တတိယ ဈာန်တို့၌သာ ဖြစ်၍ စတုတ္ထဈာန် ပဉ္စမ ဈာန်တို့၌ မဖြစ်။

လောကီကုသိုလ် ကြိယာ သောဘဏစိတ်တို့၌ကား ဉာဏဒဿနဝိသုဒ္ဓိမှတပါး သီလဝိသုဒ္ဓိ ဒိဋ္ဌိဝိသုဒ္ဓိ စသော လောကီဝိသုဒ္ဓိ ခြောက်ပါး ဖြစ်လတ်သော် ယှဉ်သင့် ဖြစ်သင့်သည်အား လျော်စွာ ထိုဗောဓိပက္ခိယ တရားတို့သည် ဖြစ်ကုန်၏-ဟူလို။

သဗ္ဗသင်္ဂဟ၌ ဤသို့ ဝေဘန်ခြင်းကို ငါသည် ဆိုအပ်၏၊ ခန္ဓာတို့သည် ရူပက္ခန္ဓာ၁ရင်း၊ ဝေဒနာက္ခန္ဓာ၁ရင်း၊ သညာက္ခန္ဓာ၁ရင်း၊ သင်္ခါရက္ခန္ဓာ၁ရင်း၊ ဝိညာဏက္ခန္ဓာ၁ရင်း၊ ဤသို့ ငါးပါး အပြား ရှိကုန်၏။

---

## ခန္ဓာငါးပါးအဘွင့်

၃၇။ ။အတိတ် အနာဂတ် ပစ္စုပ္ပန် အစရှိသော အပြား အားဖြင့် ပြားကုန်သော ထိုထိုသို့သော သဘောတူ ဖြစ်ကုန်သော တရားတို့သည် တပေါင်းတည်း အစုဟူသော အနက်ကြောင့် **ခန္ဓာ**[၁] မည်ကုန်၏၊ ထို့ကြောင့် မြတ်စွာဘုရားသည် "**တဒေကဇ္ဈံ။ပ။ ရူပက္ခန္ဓော**-ဤသို့ အစရှိသော စကားကို ဟောတော်မူပြီ၊ ထို ခန္ဓာတို့ကို တည်ရာဖြစ်သော ခွက်[၂]၊ သုံးဆောင်အပ်သော ဘောဇဉ်၊ စားဘွယ် အမဲ ဟင်းလျာ၊ ချက်ပြုတ် တတ်သော စားဖိုသည်၊ စားတတ်သော သူတို့နှင့် တူသည်အဖြစ်ကြောင့် ငါးပါးတို့ဟူ၍ မြတ်စွာဘုရားသည် ဟောတော်မူအပ်ကုန်၏၊ ထို့ကြောင့် အရှင် အနုရုဒ္ဓါဆရာသည်လည်း "ရူပက္ခန္ဓော" ဤသို့ အစရှိသော စကားကို မိန့်ဆိုပြီ။

---

၁—အတိတ် အနာဂတ် ပစ္စုပ္ပန် အစရှိသော အပြားဖြင့် ပြားကုန်သော ထိုထိုသို့သော သဘောတူ ဖြစ်ကုန်သော တရားတို့သည် ပညာဖြင့် တပေါင်းတည်း ပြုအပ်သော ပေါင်းစုခြင်း အနက်သဘောကြောင့် **ခန္ဓာ** မည်၏။

၂—ထိုခန္ဓာငါးပါးတို့တွင် ရူပက္ခန္ဓာသည် ဝေဒနာ၏ မှီရာဖြစ်သောကြောင့် တည်ရာ ခွက်နှင့် တူ၏၊ ဝေဒနာက္ခန္ဓာသည် ဝိညာဏ်၏ ခံစားအပ်သောကြောင့် ဘောဇဉ်နှင့် တူ၏။ သညာက္ခန္ဓာသည် ဝေဒနာ၏ သာယာခံစားခြင်းကို ရခြင်း၏ အကြောင်း ဖြစ်သော ကြောင့် စားဘွယ်ဟင်းလျာနှင့် တူ၏။ သင်္ခါရက္ခန္ဓာသည် ပြုပြင်စီရင်တတ်သောကြောင့် စားဖိုသည်နှင့် တူ၏။ ဝိညာဏက္ခန္ဓာသည် ဝေဒနာတည်းဟူသော ဘောဇဉ်ကို စားတတ် သောကြောင့် စားတတ်သော ထမင်းရှင်နှင့် တူ၏။

ဤမျှသော ရူပက္ခန္ဓာ အစရှိသောတရားတို့၏ ခွက်အစရှိသည်နှင့် တူသောသဘော အားဖြင့် အလိုရှိအပ်သော ခန္ဓာ၏ အနက် ပြီးပြည့်စုံသောကြောင့် ခန္ဓာကို ငါးပါးသာ ဟောတော်မူ၏။

ခန္ဓာငါးပါး၏ အစဉ်ကိုလည်း ထိုခွက်စသော ဥပမာအရအားဖြင့်သာ ဟောတော် မူ၏-ဟူလို။

ယင်းစကား ချုံပြဦးအံ့—ရုပ်သည် ဝေဒနာ၏ မီရာဖြစ်သောကြောင့် ထည့်စရာ တည်ရာခွက်နှင့်တူ၏၊ ဝေဒနာသည် ဝိညာဏ်၏ ခံစားအပ်သည်အဖြစ်ကြောင့် ဘောဇဉ်နှင့် တူ၏၊ သညာသည် ဝေဒနာ၏ သာယာခံစားမှုကို ရခြင်း၏အကြောင်း ဖြစ်သောကြောင့် အမဲ ဟင်းလျာနှင့် တူ၏၊ သင်္ခါရတို့သည် ပြုပြင်တတ်သောကြောင့် စဖိုသည်နှင့် တူကုန်၏၊ ဝိညာဏ်သည် ဝေဒနာဟူသော ဘောဇဉ်ကို စားတတ်သောကြောင့် စားသောသူနှင့် တူ၏၊ ဤဆိုအပ်ပြီးသော စကားအစဉ်ဖြင့် လိုအပ်သောအနက် လိုအပ်သောအကျိုး၏ ပြည့်စုံခြင်းဖြစ်၏၊ ထို့ကြောင့် မြတ်စွာဘုရားသည် ငါးပါးတို့ကိုသာလျှင် ဟောတော်မူအပ်ကုန်၏။

ဒေသနာအစဉ်၌လည်း ဤသို့ ရုပ်စသည်တို့၏ ခွက် အစ ရှိသည်တို့နှင့် တူသည်အဖြစ်သည် သာလျှင် အကြောင်းတည်း၊ အဘယ်ကြောင့် ဆိုသော် အကြင်ခွက်၌ စား၏၊ အကြင်ဘောဇဉ်ကို စား၏၊ အကြင် ငါး အမဲ စသောဟင်းလျာဖြင့် စား၏၊ အကြင် ချက်ပြုတ်တတ်သော စဖိုသည်သည် စားစေ၏၊ အကြင်ထမင်းရှင်သည် စား၏၊ ထိုခွက်စသည် တို့၏ အစဉ်အားဖြင့် ဟောခြင်းငှါ အလိုရှိသည်အဖြစ်ကြောင့်တည်း၊ ဝါ-ဖြစ်သော အကြောင်းကြောင့် ဖြစ်၏။

---

### ဥပါဒါနက္ခန္ဓာငါးပါး

**၃၈။ ။ပဉ္စုပါဒါနက္ခန္ဓာ ရူပုပါဒါနက္ခန္ဓော,ဝေဒနုပါဒါနက္ခန္ဓော, သညုပါဒါနက္ခန္ဓော, သင်္ခါရုပါဒါနက္ခန္ဓော, ဝိညာဏုပါဒါနက္ခန္ဓော။**

ဥပါဒါန်၏ အာရုံဖြစ်သော ခန္ဓာတို့သည် ရူပုပါဒါနက္ခန္ဓာငှင်း၊ ဝေဒနုပါဒါနက္ခန္ဓာငှင်း၊ သညုပါဒါနက္ခန္ဓာငှင်း၊ သင်္ခါရုပါဒါနက္ခန္ဓာငှင်း၊ ဝိညာဏုပါဒါနက္ခန္ဓာငှင်း၊ ဤသို့ ငါးပါးအပြားရှိကုန်၏။

## ဥပါဒါနက္ခန္ဓာငါးပါးအတွင်

၃၀။ ။ဥပါဒါန်တို့၏ အာရုံဖြစ်သော ခန္ဓာတို့သည် ဥပါဒါနက္ခန္ဓာ[၁] မည်ကုန်၏၊ ဥပါဒါန်တို့၏ အာရုံအဖြစ်ဖြင့် ယူအပ်ဟောအပ်ကုန်သော ထိုရုပ်အစရှိသည်တို့သည် ငါးပါးတို့သာလျှင် ဖြစ်ကုန်၏၊ထို့ကြောင့်“ရူပုပါဒါနက္ခန္ဓော” ဤသို့ အစရှိသောစကားကို မိန့်အပ်၏၊ ခန္ဓာနှစ်မျိုး အထူးကား-ရုပ္ပနသဘော အစရှိသည်ဖြင့် တူကုန်သော အလုံးစုံသော တရားတို့ကို ပေါင်းခြင်းငှါ အာသဝေါ တရားတို့၏ အာရုံလည်းဖြစ်ကုန်သော အာသဝေါ တရားတို့၏ အာရုံလည်းမဖြစ်ကုန်သော တရားတို့ကို သာမည အားဖြင့် ပဉ္စက္ခန္ဓာ-ဟူ၍ ဟောအပ်ကုန်၏၊ ဝိပဿနာဇော၏ အာရုံကို ပြခြင်းငှါ အာသဝေါတရားတို့၏ အာရုံဖြစ်ကုန်သော တရားတို့ကို ဥပါဒါနက္ခန္ဓာ-ဟူ၍ ဟောအပ်ကုန်၏၊ ဤသည်လျှင် ထိုခန္ဓာ ဥပါဒါနက္ခန္ဓာတို့၏ အထူးတည်း။

ဤရုပ် စသော ခန္ဓာငါးပါးတို့တွင် ဝေဒနာ အစရှိသည်တို့သည် အာသဝေါတရားတို့၏ အာရုံသည်ငှင်း၊ အာသဝေါတရားတို့၏ အာရုံ မဟုတ်ကုန်သည်ငှင်း၊ ဖြစ်ကုန်သကဲ့သို့ ထို့အတူ ရုပ်သည် စင်စစ် ကာမာဝစရဖြစ်သောကြောင့် အာသဝေါ တရားတို့၏ အာရုံသည်ငှင်း၊ အာသဝေါတရားတို့၏ အာရုံမဟုတ်သည်ငှင်း မဖြစ်၊ စင်စစ် အာသဝေါတရားတို့၏ အာရုံသာဖြစ်၏၊

---

၁—ဥပါဒါန် တရားတို့၏ အာရုံဖြစ်သော ခန္ဓာသည် **ဥပါဒါနက္ခန္ဓာ** မည်၏။ ကာမုပါဒါန် စသော ဥပါဒါန်တရား အာသဝေါတရားတို့၏ အာရုံဖြစ်ကုန်သော လောကီခန္ဓာ ငါးပါး တို့သည် **ဥပါဒါနက္ခန္ဓာ** မည်ကုန်၏။

ဥပါဒါန်တရား အာသဝေါတရားတို့၏ အာရုံမဟုတ်ကုန်သော လောကုတ္တရာ နာမ်ခန္ဓာ လေးပါးတို့သည် ခန္ဓာသာ မည်ကုန်၏၊ ဥပါဒါနက္ခန္ဓာ မမည်ကုန်၊ ရူပက္ခန္ဓာကား သာသဝါမွာဟူသော ဒုက်အရ လောကီအာသဝေါတရားတို့၏ အာရုံ ကေန် ဖြစ်၏၊ နာမ်ခန္ဓာလေးပါးသည်သာ ဥပါဒါန် အာသဝေါတရားတို့၏ အာရုံဖြစ်လျှင် ဥပါဒါနက္ခန္ဓာ မည်၏။ ဥပါဒါန် အာသဝေါ တရားတို့၏ အာရုံမဟုတ်လျှင် ခန္ဓာသာမည်၏-ဟု မှတ်။

ထိုသို့ဖြစ်သော်လည်း သဘောတူသော ရုပ်အစုကို ပေါင်းသည်၏ အစွမ်းဖြင့် ထိုရုပ်ကို ခန္ဓာတို့၌ဟောအပ်၏၊ ဉပါဒါန်တရားတို့၏ အာရုံဖြစ်သည့် အဖြစ်ကြောင့်ငင်း၊ နာမက္ခန္ဓာတို့နှင့် တူသော အစုဖြစ်သည်၏ အဖြစ်ကြောင့်ငင်း၊ ဉပါဒါနက္ခန္ဓာတို့၌ ဟောအပ်၏၊ ဤသို့မှတ်အပ်၏။

## အာယတန ၁၂-ပါး

**၃၉။ ။ဒွါဒသာယတနာနိ စက္ခာယတနံ, သောတာယတနံ, ဃာနာယတနံ, ဇိဝှါယတနံ, ကာယာယတနံ, မနာ-ယတနံ, ရူပါယတနံ, သဒ္ဒါယတနံ, ဂန္ဓာယတနံ, ရသာယတနံ, ဖောဋ္ဌဗ္ဗာယတနံ, ဓမ္မာယတနံ။**

အာယတနတို့သည် စက္ခာယတနငင်း၊ သောတာယတနငင်း၊ ဃာနာယတနငင်း၊ ဇိဝှါယတနငင်း၊ ကာယာယတနငင်း၊ မနာယတနငင်း၊ ရူပါယတနငင်း၊ သဒ္ဒါယတနငင်း၊ ဂန္ဓာယတနငင်း၊ ရသာယတနငင်း၊ ဖောဋ္ဌဗ္ဗာယတနငင်း၊ ဓမ္မာယတနငင်း၊ ဤသို့ ၁၂-ပါး အပြားရှိကုန်၏။

## အာယတန ၁၂-ပါးအဘွင့်

၃၉။ ။ဤစကျူစသော အာယတနတို့၌ ထိုထိုသို့သော ဒွါရ အာရုံတို့၌ ဖြစ်ကုန်သော စိတ်, စေတသိက်တို့သည် ထိုထိုသို့သော မိမိ၏ ကိစ္စဖြင့် လုံ့လ ပြုတတ်ကုန်သောကြောင့် **အာယတန** [၁]

၁—ထိုထိုဒွါရ အာရုံ၌ ဖြစ်ကုန်သော စိတ် စေတသိက် တရားတို့သည် ထိုထိုသို့သော အာရုံကို ခံစားခြင်း အစရှိသော မိမိတို့ ကိစ္စဖြင့် အားထုတ်ရာဌာန ဖြစ်သောကြောင့်ငင်း၊ ထိုထိုဒွါရ အာရုံ၌ ဖြစ်ကုန်သော စိတ်စေတသိက် တရားတို့ကို ချဲ့တတ်သောကြောင့်ငင်း၊ ရှည်စွာသော သံသရာ ဝဋ်ဆင်းရဲကို ဖြစ်စေတတ်သောကြောင့်ငင်း၊ စကျူပသာဒ စသည် တို့သည် **အာယတန** မည်ကုန်၏။

မည်ကုန်၏၊ တနည်းကား—ဒွါရအာရုံ၌ ဖြစ်ကုန်သော ထိုတရားတို့ကို ထိုစက္ခာယတန အစရှိသည်တို့သည် ချဲ့တတ်ကုန်သောကြောင့်လည်း **အာယတန**မည်ကုန်၏၊ တနည်းကား—ရှည်စွာသော သံသရာဒုက္ခကို ဖြစ်စေတတ်ကုန်သောကြောင့်လည်း **အာယတန** မည်ကုန်၏၊ တနည်းကား— အကြင်စက္ခာယတန အစရှိသည်တို့သည် စက္ခုဝိညာဏ် အစရှိသည်တို့၏အကြောင်း ဖြစ်ကုန်သောကြောင့်လည်း **အာယတန** မည်ကုန်၏။

နည်းတပါးကို ငါဆိုဦးအံ့—သတ္တလောက၌ နေရာ, တည်ရာ, စုဝေးရာ, ဖြစ်ရာအရပ်ကို အာယတန-ဟူ၍ ဆိုအပ်၏၊ ထို့ကြောင့် ထို ၁၂-ပါးသော တရားတို့သည်လည်း ထိုထိုသို့သော ဒွါရ၌ ဖြစ်ကုန်သော ထိုထိုသို့သော အာရုံ၌လည်း ဖြစ်ကုန်သော စက္ခုဝိညာဏ် အစရှိသည်တို့၏ နေရာဖြစ်သည် အဖြစ်ကြောင့်၎င်း၊ တည်တတ်သည်အဖြစ်အားဖြင့် ဖြစ်ကုန်သော ထိုစက္ခုဝိညာဏ် အစရှိသည်တို့၏သာလျှင် တည်ရာဖြစ်သည် အဖြစ်ကြောင့်၎င်း၊ ဒွါရအာရုံဖြစ်သည် အဖြစ်ကြောင့် ထိုစက္ခုဒွါရ ရူပါရုံ အစရှိသည်တို့၌ စုဝေးကုန်သော ထိုစက္ခုဝိညာဏ် အစရှိသည်တို့၏သာလျှင် စုဝေးရာဖြစ်သောကြောင့်၎င်း၊ထိုစက္ခုဒွါရ အစရှိသည်တို့၌သာလျှင် ဖြစ်ကုန်သော ထိုစက္ခုဝိညာဏ် အစရှိသည်တို့၏သာလျှင် ဖြစ်ရာဖြစ်သောကြောင့်၎င်း၊ **အာယတန** မည်ကုန်၏။

ထိုအာယတနတို့သည်ကား-ဒွါရဖြစ်၍ဖြစ်ကုန်သော အဇ္ဈတ္တိကာယတနတို့သည် ခြောက်ပါးတို့၎င်း၊ အာရုံဖြစ်၍ ဖြစ်ကုန်သော ဗာဟိရာယတနတို့သည် ခြောက်ပါးတို့၎င်း၊ ဤသို့သော အပြားအားဖြင့် ၁၂-ပါးအပြားရှိကုန်၏၊ ထို့ကြောင့် "စက္ခာယတနံ"ဤသို့ အစရှိသော စကားကို မိန့်ဆိုတော်မူ၏၊ စက္ခုပသာဒလည်းဟုတ်၏၊ ထိုစက္ခုပသာဒဟူသည် အာယတနလည်းဟုတ်သောကြောင့် စက္ခာယတန မည်၏၊ ကြွင်းသော အာယတနစသော ပုဒ်တို့၌လည်း ထို့အတူ ဝိဂြိုဟ်ကို ပြုအပ်၏၊ ဤအာယတန ၁၂-ပါးတို့တွင် အဇ္ဈတ္တိကာယတနတို့တွင် သနိဒဿန သပ္ပဋိဃ အာရုံရှိသည်အဖြစ်

ကြောင့် စက္ခာယတနသည် ထင်ရှား၏၊ ထို့ကြောင့် စက္ခာယတနကို[၁] ရှေးဦးစွာ မိန့်ဆိုအပ်၏၊ ထိုစက္ခာယတန၏ အခြားမဲ့၌ အနိဒဿန သပ္ပဋိဃ အာရုံရှိကုန်သော ဤမှတပါးသော သောတာယတနအစ ရှိသည်တို့ကို မိန့်ဆိုအပ်ကုန်၏၊ ထိုသောတာယတန စသည်တို့တွင် လည်း မရောက်သော အာရုံကို ယူတတ်သည်အဖြစ်အားဖြင့် တူသည်အဖြစ်ကြောင့် စက္ခာယတန၏ အခြားမဲ့၌ သောတာယတန ကို မိန့်ဆိုအပ်၏၊ ဤသောတာယတနမှ တပါးကုန်သော သုံးပါး ကုန်သော အာယတနတို့တွင် လျင်မြန်စွာ အာရုံကိုယူခြင်းငှါ စွမ်းနိုင်သည် အဖြစ်ကြောင့် ဃာနာယတနကို ရှေးဦးစွာ မိန့်ဆို အပ်၏၊ အဘယ်ကြောင့်ဆိုသော် ရှေ့မှ ထားကာမျှဖြစ်သော ဘောဇဉ်အစရှိသည်၏ အနံ့သည် လေကို အစဉ်လျောက်သဖြင့် ဃာနပသာဒ၌ ထိ၏၊ ထို့ကြောင့် အာရုံကို ရှေးဦးစွာ ယူနိုင်၏၊ ထိုဃာန၏အခြားမဲ့၌ ဖြစ်ရာအရပ် တူသည်အဖြစ်ကြောင့် ဇိဝှါ-ယတနကို မိန့်ဆိုအပ်၏၊ ထိုဇိဝှါယတန၏ အခြားမဲ့၌ အလုံးစုံသော ရူပကာယကို နှံ့၍တည်သော ကာယာယတနကို မိန့်ဆိုအပ်၏၊ ထို ကာယာယတန၏ အခြားမဲ့၌ ငါးပါးကုန်သော အဇ္ဈတ္တိကာယတန တို့၏လည်း အာရုံကိုယူခြင်းငှါ စွမ်းနိုင်သော မနာယတနကို မိန့်ဆို တော်မူ၏၊ အကြင်အကြင် ဆိုအပ်ကုန်ပြီးသော အဇ္ဈတ္တိကာယတန ခြောက်ပါးတို့၏ အစဉ်အားဖြင့် ထိုထိုသို့သော အဇ္ဈတ္တိကာယတန တို့၏ အာရုံဖြစ်ကုန်သော ရူပါယတနစသည်တို့ကို မိန့်ဆိုအပ်ကုန်၏။

---

၁—အဇ္ဈတ္တိကာယတနတို့တွင် သနိဒဿန သပ္ပဋိဃလျှင် အာရုံရှိသည်ဖြစ်၍ ထင်ရှား သောကြောင့် စက္ခာယတနကို ရှေးဦးဟောတော်မူ၏။ ထို့နောင် အနိဒဿန သပ္ပဋိဃလျှင် အာရုံရှိကုန်သော သောတာယတန စသည်တို့ကို ဟောတော်မူ၏။ ထိုတွင်လည်း မရောက် သော အာရုံကို ယူတတ်သော အဖြစ်ဖြင့် တူသောကြောင့် စက္ခာယတန၏ အခြားမဲ့၌ သောတာယတနကို ဟောတော်မူ၏၊ ထို့နောင် လျင်မြန်စွာ အာရုံကို ယူခြင်းငှါ စွမ်းနိုင်သော ဃာနာယတနကို ဟောတော်မူ၏။ ထို့နောင် ကိုယ်အစိတ်၌ ဖြစ်ခြင်းအားဖြင့် တူသောကြောင့် ဇိဝှါယတနကို ဟောတော်မူ၏၊ ထို့နောင် အလုံးစုံသော ကိုယ်အရပ်၌ ဖြစ်သော ကာယာ ယတနကို ဟောတော်မူ၏။ ထို့နောင် စက္ခုစသော အဇ္ဈတ္တိကာယတန ငါးပါးတို့၏ အာရုံကို ယူခြင်းငှါ စွမ်းနိုင်သော မနာယတနကို ဟောတော်မူ၏၊ ထို့နောင် အဇ္ဈတ္တိကာယတန ခြောက်ပါးတို့၏ အစဉ်အားလျော်စွာ ဗာဟိရာယတန ခြောက်ပါးတို့ကို ဟောတော် မူ၏-ဟု မှတ်။

## ဓာတ် ၁၈-ပါး

၄၀။ ။အဋ္ဌာရသဓာတုယော စက္ခုဓာတု, သောတဓာတု, ဃာနဓာတု, ဇိဝှါဓာတု, ကာယဓာတု, ရူပဓာတု, သဒ္ဒဓာတု, ဂန္ဓဓာတု, ရသဓာတု, ဖောဋ္ဌဗ္ဗဓာတု, စက္ခုဝိညာဏဓာတု, သောတဝိညာဏဓာတု, ဃာန-ဝိညာဏဓာတု,ဇိဝှါဝိညာဏဓာတု,ကာယဝိညာဏ-ဓာတု, မနောဓာတု, မနောဝိညာဏဓာတု။

ဓာတ်တို့သည် စက္ခုဓာတ်၎င်း၊ သောတဓာတ်၎င်း၊ ဃာနဓာတ်၎င်း၊ ဇိဝှါဓာတ်၎င်း၊ ကာယဓာတ်၎င်း၊ ရူပဓာတ်၎င်း၊ သဒ္ဒဓာတ်၎င်း၊ ဂန္ဓဓာတ်၎င်း၊ ရသဓာတ်၎င်း၊ ဖောဋ္ဌဗ္ဗဓာတ်၎င်း၊ စက္ခုဝိညာဏဓာတ်၎င်း၊ သောတဝိညာဏဓာတ်၎င်း၊ ဃာနဝိညာဏဓာတ်၎င်း၊ ဇိဝှါဝိညာဏဓာတ်၎င်း၊ ကာယဝိညာဏဓာတ်၎င်း၊ မနောဓာတ်၎င်း၊ မနောဝိညာဏဓာတ်၎င်း၊ ဤသို့ ၁၈-ပါး အပြားရှိကုန်၏။

---

## ဓာတ် ၁၈-ပါး အဘွင့်

၄၀။ ။မိမိ မိမိ၏ သဘောကို ဆောင်တတ်ကုန်သောကြောင့် **ဓာတ်** မည်ကုန်၏၊ တနည်းကား—ဖြစ်သင့်သည်အား လျော်စွာ များသောအပြားရှိသော သံသရာဒုက္ခကို ဖြစ်စေတတ်ကုန်သောကြောင့် **ဓာတ်** မည်ကုန်၏၊ တနည်းကား—ဝန်ကိုဆောင်ကုန်သော သတ္တဝါတို့သည် ဝန်ကိုဆောင်အပ်ကုန်သကဲ့သို့ သတ္တဝါတို့သည် ဆောင်အပ်ကုန်သောကြောင့် **ဓာတ်** မည်ကုန်၏၊ အလိုသို့လိုက်၍ မဖြစ်သင့်သဖြင့် ထိုသဘောတရား တို့သည် သံသရာဒုက္ခကို ဖြစ်စေကာမျှတို့သည်သာလျှင် ဖြစ်ကုန်သောကြောင့် **ဓာတ်** မည်ကုန်၏၊ ထိုတရားသဘောတို့ဖြင့် သတ္တဝါတို့သည် သံသရာဒုက္ခကို ပြီးစေအပ်၏၊ ဤသို့ ပြီးစေကြောင်းဖြစ်သော သတ္တိကြောင့် **ဓာတ်** မည်ကုန်၏၊ ဤတရားသဘောတို့၌ ထိုသို့ ပြီးစေအပ်သော သံသရာဆင်းရဲကိုလည်း ထားအပ်၏၊ ထိုသို့ ထားရာဖြစ်သောကြောင့်

**ဓာတ်** မည်ကုန်၏၊ အကြေ အသွေး အစရှိကုန်သော အတ္တဘော၏ အစိတ်တို့သည် ဓာတ်မည်ကုန်သကဲ့သို့ငှင်း၊ ဆေးဒန်း မြင်းသီလာ အစရှိသော ကျောက်၏ အစိတ်တို့သည် ဓာတ်မည်ကုန်သကဲ့သို့ငှင်း၊ ထိုတရားသဘောတို့သည် သိအပ်ကုန်သော တရားအပေါင်း၏ အစိတ် ဖြစ်ကုန်သောကြောင့် **ဓာတ်**[၁] မည်ကုန်၏။ ရှေးဆရာတို့သည် အဘယ်သို့ ဆိုကုန်သနည်း ဟူမူ—

> ဝိဒဟာတိ ဝိဓာနဉ္စ၊ ဓီယတေ စ ဝိဓိယတေ။
> တောယ ဓီယတေ ဧတ္ထ၊ ဇာတိ ဝါ ဓာတု သမ္မတာ။
> သရီရသေလာဝယဝ၊ ဓာတုယော ဝိယ ဓာတုယော။

ဟု မိန့်ဆိုကုန်ပြီ။

အနက်ကား—သံသရာဒုက္ခကို စီရင်တတ် ဖြစ်စေတတ်သော ကြောင့်ငှင်း ဓာတ်-ဟု သိအပ်၏၊ သံသရာဒုက္ခကို ဖြစ်စေကာမျှ ဖြစ်သောကြောင့်ငှင်း ဓာတ်-ဟု သမုတ်အပ်၏၊ သတ္တဝါတို့သည် ဆောင်အပ်သောကြောင့်ငှင်း ဓာတ်-ဟု သမုတ်အပ်၏၊ ထိုတရား သဘောဖြင့် သတ္တဝါတို့သည် သံသရာဒုက္ခကို ပြီးစေအပ်၏၊ ဤသို့ ပြီးစေကြောင်းဖြစ်သောကြောင့်ငှင်း ဓာတ်-ဟု သမုတ်အပ်၏၊ ဤတရားသဘော၌ သံသရာဒုက္ခကို ထားအပ်၏၊ ဤသို့ ထားရာ ဖြစ်သောကြောင့်ငှင်း ဓာတ်-ဟု သမုတ်အပ်၏၊ အတ္တဘော အစိတ် ဖြစ်ကုန်သော သွေး အစရှိသော ဓာတ်တို့ကဲ့သို့ငှင်း၊ ကျောက်၏ အစိတ်ဖြစ်ကုန်သော ဓာတ်တို့ကဲ့သို့ငှင်း ဖြစ်ကုန်သောကြောင့်

---

၁—မိမိတို့၏ ကက္ခဋ္ဌ, ဖုသန စသော သဘောကို ဆောင်တတ်သောကြောင့်ငှင်း, ဖြစ်သင့်သည်အားလျော်စွာ များပြားသော သံသရာဒုက္ခကို စီရင်တတ်သောကြောင့်ငှင်း, ဝန်ထမ်းပုဂ္ဂိုလ်တို့သည် ဝန်ကို ဆောင်အပ်သကဲ့သို့ သတ္တဝါတို့သည် ဆောင်အပ်သောကြောင့် ငှင်း, သတ္တဝါတို့သည် သံသရာဒုက္ခကို အဖန်တလဲလဲ ပြုပြင်စီရင်ကြောင်း ဖြစ်သောကြောင့် ငှင်း, အကြောင်း၏အဖြစ်ဖြင့် ပြုအပ်, စီရင်အပ်သော သံသရာဆင်းရဲ၏ ထားရာ ဖြစ်သော ကြောင့်ငှင်း, အကြေအသွေး အစရှိသော ကိုယ်၏ အစိတ်ဓာတ်တို့ကဲ့သို့ငှင်း, ဆေးဒန်း မြင်းသီလာစသော ကျောက်အစိတ်ဓာတ်တို့ကဲ့သို့ငှင်း, သိအပ်သော တရားအပေါင်း၏အစိတ် ဖြစ်ကုန်သောကြောင့် **ဓာတ်** မည်ကုန်၏-ဟူလို။

(ဓာတ် ၁၈-ပါး၏ ဟောစဉ်ကို အာယတနဟောပုံအတိုင်းသိ)

ခေတ် မည်ကုန်၏၊ ထိုခေတ်တို့ကိုကား—မနာယတနကို သတ္တဝိညာဏခေတ်၏ အစွမ်းဖြင့် ၇-ပါးအပြားအားဖြင့် ခွဲဝေ၍ ကြွင်းကုန်သော ၁၁-ပါးသော အာယတနတို့နှင့်တကွခေတ် ၁၈-ပါးတို့ဟူ၍ မြတ်စွာဘုရားသည် ဟောအပ်ကုန်၏၊ ထို့ကြောင့် "စက္ခုခေတု" ဤသို့ အစရှိသော စကားကို မိန့်ဆိုပြီ၊ အစဉ်ပြခြင်းကို အာယတန၌ ဆိုအပ်ပြီးသောနည်းဖြင့် မှတ်အပ်၏။

---

## သစ္စာ ၄-ပါး

**၄၁။ ။စတ္တာရိ အရိယသစ္စာနိ ဒုက္ခံအရိယသစ္စံ, ဒုက္ခသမုဒယော အရိယသစ္စံ, ဒုက္ခနိရောဓော အရိယသစ္စံ, ဒုက္ခနိရောဓဂါမိနီ ပဋိပဒါ အရိယသစ္စံ။**

အရိယသစ္စာတို့သည် ဒုက္ခ-ဟု ဆိုအပ်သော အရိယသစ္စာဝင်း၊ ဒုက္ခ၏ အကြောင်းဖြစ်သော အရိယသစ္စာဝင်း၊ ဒုက္ခ၏ ချုပ်ရာဖြစ်သော အရိယသစ္စာဝင်း၊ ဒုက္ခ၏ချုပ်ရာ နိဗ္ဗာန်သို့ ရောက်ကြောင်း အကျင့်-ဟု ဆိုအပ်သော အရိယသစ္စာဝင်း၊ ဤသို့ လေးပါးအပြား ရှိကုန်၏။

---

## သစ္စာ ၄-ပါးအဘွင့်

၄၁။ ။အရိယာပုဂ္ဂိုလ်တို့ကို ပြုတတ် ပြီးစေတတ်သည့် အဖြစ်ကြောင့် အရိယာမည်ကုန်၏၊ မှန်ကန်သည် အဖြစ်ကြောင့် သစ္စာလည်း မည်ကုန်၏၊ ထို့ကြောင့် **အရိယသစ္စာ** မည်ကုန်၏၊ ယင်းအရ အကျယ်ပြဆိုဦးအံ့—ဤအရိယသစ္စာ[၁] တို့သည် ၄-ပါးကုန်သော

---

၁—အရိယာပုဂ္ဂိုလ်၏ အဖြစ်ကို ပြုတတ်သောကြောင့် **အရိယ** မည်၏။ မှန်ကန်သောကြောင့် **သစ္စာ** မည်၏။ အရိယာပုဂ္ဂိုလ်တို့၏ အဖြစ်ကို ပြုတတ်သော မှန်ကန်သောတရားဖြစ်သောကြောင့် အရိယသစ္စာ မည်ကုန်၏-ဟူလို။

တနည်း—အရိယာပုဂ္ဂိုလ်တို့သည် ထိုးထွင်း၍ သိအပ်သော သစ္စာ ဖြစ်သောကြောင့် **အရိယသစ္စာ** မည်ကုန်၏။ အရိယမည်သော မြတ်စွာဘုရား၏ သစ္စာ ဖြစ်သောကြောင့် **အရိယသစ္စာ** မည်ကုန်၏။

ထိုသစ္စာတို့သည် ကိလေသာတို့သည် ဖျက်ဆီးအပ်သော သဘော,ကိလေသာတို့သည် မဖျက်ဆီးအပ်သောသဘော,အကျိုးသဘော, အကြောင်းသဘောတို့၏ အစွမ်းဖြင့် လေးပါးအပြားရှိ၏-ဟု မှတ်။

အရိယမဂ်ကို ကျင့်ဆဲဖြစ်ကုန်သော မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်တို့ငင်း၊ ၄-ပါး ကုန်သော ဖလဋ္ဌာန်ပုဂ္ဂိုလ်တို့ငင်း၊ ဤသို့ ရှစ်ယောက်သော အရိယာ ပုဂ္ဂိုလ်တို့ကို ပြီးစေတတ်ကုန်၏၊ အကြောင်းသော်ကား—သစ္စာ ၄-ပါးကို ထိုးထွင်း၍ သိခြင်းသည် မရှိသော် ထိုအရိယာပုဂ္ဂိုလ်တို့၏ အရိယာ အဖြစ်သို့ မရောက်ခြင်းကြောင့်ငင်း၊ ထိုသစ္စာ ၄—ပါးကို ထိုးထွင်း၍ သိသည်ရှိသော်သာလျှင် စင်စစ် ထိုအရိယာအဖြစ်သို့ ရောက်ခြင်းကြောင့်ငင်း ပြီးစေကုန်၏။

ဒုက္ခ, ဒုက္ခ၏အကြောင်း, ဒုက္ခ၏ချုပ်ရာ, ထိုချုပ်ရာသို့ ရောက်ကြောင်း တို့၏သာလျှင် အစဉ်အားလျော်စွာ နှိပ်စက်တတ်သည်၏ အဖြစ်သည်ငင်း ဒုက္ခ၏ အကြောင်း၏ အဖြစ်သည်ငင်း၊ ဒုက္ခမှ ထွက်မြောက်ရာ၏ အဖြစ်သည်ငင်း၊ နိဗ္ဗာန်သို့ ရောက်ကြောင်း အဖြစ်သည်ငင်း ဖြစ်၏၊ ဒုက္ခသစ္စာမှတပါးကုန်သော တရားတို့၏ နှိပ်စက်တတ်သောအဖြစ် အစရှိသည်သည် မဖြစ်။ ဒုက္ခသစ္စာအစရှိ သည်တို့၏ နှိပ်စက်တတ်သည်အဖြစ် အစရှိသော သဘောသာလျှင် ဖြစ်၏၊ မနှိပ်စက် မညှဉ်းဆဲတတ်သည် အစရှိသည် အဖြစ်သည် မဖြစ်ပေ၊ ထို့ကြောင့် ဒုက္ခသစ္စာအစရှိသည်တို့မှ တပါးကုန်သော တရားတို့၌ 'ဗာဓကတ္တ' အစရှိသည်၏ အမြဲမဖြစ်ခြင်း, ဒုက္ခသစ္စာ အစရှိသည်တို့၌ နှံ၍ ဖြစ်တတ်ကုန်သည်၏အဖြစ်-ဟု ဆိုအပ်သော လက္ခဏာဖြင့် ထိုဒုက္ခစသောသစ္စာတို့သည် မှန်ကုန်၏၊ မြဲကုန်၏၊ ထို့ကြောင့် ရှေးဆရာတို့သည်—

> ဗာဓနလက္ခဏံ ဧတ္တာရော၊ ဆိန္နန္နေ့ ဧတုရော မလေ။
> ဒိဏာဒေါသေ စ ဧတ္တာရော၊ သာဓေန္တော့ာရိယ ပုဂ္ဂလေ။
> အညတ္ထ ဗာဓကတ္တာဒိ၊ န ဟိ ဧတေဟိ လဗ္ဘတိ။
> နာဗာဓကတ္တမေတေသံ၊တစ္ဆာနေ တာနိ ဝေ တတော။

ဟု မိန့်ဆိုကုန်ပြီ၊

အနက်ကား—လေးပါးကုန်သော အရိယသစ္စာတို့သည် သစ္စာ လေးပါးကို သိသည်အားလျော်စွာ လေးပါးကုန်သော ကိလေသာ အညစ်အကြေးတို့ကို ဖြတ်တတ်ကုန်သော လေးပါးကုန်သော

မဂ္ဂဋ္ဌာန်ဖြစ်ကုန်သော အရိယာပုဂ္ဂိုလ်တို့ကိုရှင်း၊ ကုန်ပြီးသော ကိလေသာ အပြစ်ရှိကုန်သော လေးယောက်ကုန်သော ဖလဋ္ဌာန် ဖြစ်ကုန်သော အရိယာ ပုဂ္ဂိုလ်တို့ကိုရှင်း ပြီးစေကုန်၏၊ ထိုဒုက္ခ အစရှိသည်တို့မှ တပါးသော တရားတို့၌ နှိပ်စက်တတ်သည် အဖြစ် စသည်ကို မရအပ်သည်သာလျှင်တည်း။ ထိုဒုက္ခစသော တရားတို့၌သာလျှင် ဖြစ်၏၊ ထိုဒုက္ခ အစရှိသည်တို့၏ မနှိပ်စက် တတ်သည်၏ အဖြစ်သည် မဖြစ်၊ နှိပ်စက်ကတတ်သည်အဖြစ် အစ ရှိသည်သာလျှင် ဖြစ်၏၊ ထို့ကြောင့် ထိုအရိယသစ္စာတို့သည် စင်စစ်အားဖြင့် မှန်ကန်ကုန်၏။

တနည်းကား—ထိုအရိယာပုဂ္ဂိုလ် တို့သည် ထိုးထွင်း၍ သိအပ် သည် အဖြစ်ကြောင့် အရိယာပုဂ္ဂိုလ်တို့၏ သစ္စာတို့ဖြစ်ရကား **အရိယသစ္စာ** မည်ကုန်၏၊ တနည်းကား—ထိုမြတ်စွာဘုရားသည် ဟောအပ်သောကြောင့် အရိယာ ဖြစ်သော မြတ်စွာဘုရား၏ သစ္စာတို့ဖြစ်ရကား **အရိယသစ္စာ** မည်ကုန်၏၊ ထိုအရိယသစ္စာ တို့သည် ကိလေသာတို့သည် ဖျက်ဆီးအပ်, ကိလေသာတို့သည် မဖျက်ဆီးအပ်သော အကျိုး အကြောင်းတို့၏ အစွမ်းဖြင့် လေးပါး အပြားရှိကုန်၏၊ ထို့ကြောင့် **“စတ္တာရိအရိယသစ္စာနိ”** ဤသို့ အစ ရှိသော စကားကို မိန့်ဆိုပြီ။

ထို‘ဒုက္ခသစ္စံ’ အစရှိသော ပါဠိ၌ စက်ဆုပ်အပ်သည် အဖြစ် ကြောင့်ရှင်း၊ အချည်းနှီးဖြစ်သည် အဖြစ်ကြောင့်ရှင်း **ဒုက္ခ** မည်၏၊ ကံအစရှိကုန်သော ပစ္စည်း အပေါင်းတို့သည် တည်သည်ရှိသော် ဒုက္ခသစ္စာ ဖြစ်ခြင်း၏ အကြောင်းဖြစ်သည် အဖြစ်ကြောင့် ထို ရာဂကြောင့် ဒုက္ခသည် ဖြစ်တတ်၏၊ ဤသို့ ဒုက္ခ၏ ဖြစ်ကြောင်း ဖြစ်သောကြောင့် **သမုဒယ** မည်၏၊ ဒုက္ခသစ္စာ၏ ဖြစ်ကြောင်းသည် **ဒုက္ခသမုဒယ** မည်၏၊ ဤအသင်္ခတတရား၌ တနည်း—ဤအသင်္ခတ တရားဖြင့် ဒုက္ခသစ္စာ၏ တဖန် မဖြစ်သောအားဖြင့် ချုပ်၏၊ ထိုသို့ ဒုက္ခ၏ တဖန် မဖြစ်ခြင်းဖြင့် အပြီးချုပ်ရာ ချုပ်ကြောင်း ဖြစ်သော သတ္တိကြောင့် **ဒုက္ခနိရောဓ** မည်၏၊ ဒုက္ခ၏ ချုပ်ရာ နိဗ္ဗာန်သို့ အာရုံ

ပြုသောအားဖြင့် ရောက်တတ်သောကြောင့် **ဒုက္ခနိရောဓဂါမိနီ** မည်၏၊ ထိုသမ္မာဒိဋ္ဌိ စသော တရားအပေါင်းဖြင့် ထိုဒုက္ခ၏ချုပ်ရာ နိဗ္ဗာန်သို့ အရိယာပုဂ္ဂိုလ်တို့သည် ရောက်တတ်၏၊ ထိုသို့ ရောက်ကြောင်း ဖြစ်သောကြောင့် **ဒုက္ခနိရောဓဂါမိနီပဋိပဒါ** မည်၏။

---

**၄၂။ ။ဧတ္ထ ပန စေတသိက သုခုမ ရူပ နိဗ္ဗာန ဝသေန ဧကူနသတ္တတိ ဓမ္မာ ဓမ္မာယတန ဓမ္မဓာတူတိ သင်္ခ ဂစ္ဆန္တိ၊ မနာယတနမေဝ သတ္တဝိညာဏ ဓာတုဝသေန ဘိဇ္ဇတိ။**

အထူးကို ဆိုဦးအံ့—ဤသဗ္ဗသင်္ဂဟ၌ စေတသိက် ဒွေပညာသ, သုခုမရုပ် သောဠသ, နိဗ္ဗာန်တို့၏ အစွမ်းဖြင့် တခုယုတ် ခုနစ်ဆယ်သော တရားတို့သည် ဓမ္မာယတန ဓမ္မဓာတ်-ဟု ရေတွက်ခြင်းသို့ ရောက်ကုန်၏၊ မနာယတနတခုသည်ပင် သတ္တဝိညာဏဓာတ်၏ အစွမ်းဖြင့် ပြား၏။

---

၄၂။ ။စေတသိက်တို့၏ငင်း၊ ၁၆-ပါးသော သုခုမရုပ်တို့၏ငင်း၊ နိဗ္ဗာန်၏ငင်း အစွမ်းဖြင့် တခုယုတ် ၇၀-သော တရားတို့သည် အာယတနတို့တွင် ဓမ္မာယတန, ဓာတ်တို့တွင် ဓမ္မဓာတ်[၁] ဟူ၍ ရေတွက်ခြင်းသို့ ရောက်ကုန်၏။

---

**၄၃။ ။ရူပဥ္စ ဝေဒနာ သညာ၊ သေသ စေတသိကာ တထာ။ ဝိညာဏမိတိ ပဉ္စေတေ၊ ပဉ္စက္ခန္ဓာတိ ဘာသိတာ။**

ရုပ်အဋ္ဌဝီသငင်း၊ ဝေဒနာ စေတသိက်ငင်း၊ သညာ စေတသိက်ငင်း၊ ဝေဒနာ သညာမှ ကြွင်းသော စေဘသိက် ၅၀-တို့ငင်း၊

---

၁—ဤစေတသိက် စသော တခုယုတ် ခုနစ်ဆယ်သော တရားတို့သည် သဘော လက္ခဏာကို ဆောင်ခြင်းအနက် သဘောသာရှိသောကြောင့် ဓမ္မာယတန ဓမ္မဓာတ်မည်ကုန်၏။ ကြွင်းသော စက္ခုဓာတ် စသည်ကား အသီးအသီး အမည်ထူးများ ရပြီးဖြစ်၍ သဘောကို ဆောင်သော်လည်း ဓမ္မဓာတ် မမည်ရတော့ပြီ-ဟူလို။

ထိုမြို စိတ်တခုယုတ် ၉၀-ၚင်း၊ ဤသို့ ငါးပါးကုန်သော ထိုတရားတို့ကို ခန္ဓာငါးပါးဟူ၍ ဟောတော်မူအပ်ကုန်၏။

---

၄၃။ ။**သေသ စေတသိကာ**-ဟူသည့်ကား—ဝေဒနာ သညာတို့မှ ကြွင်းကုန်သော ငါးဆယ်ကုန်သော စေတသိက်တို့သည် ဖြစ်ကုန်၏၊ အဘယ့်ကြောင့် ဝေဒနာ သညာတို့ကို အသီးအခြား ခန္ဓာဟူ၍ ပြုအပ်ပါသနည်း၊ ဤသို့ မေးအပ်သည်ရှိသော် ဝဋ်တရားတို့၌ သာယာတတ်သော ဝေဒနာ, ထိုသာယာ တတ်သော ဝေဒနာအား ကျေးဇူးပြုတတ်သော အကြောင်း၏ အဖြစ်ကြောင့် အသီးအခြား ခန္ဓာ ဖွဲ့ခြင်းကို ပြုအပ်၏၊ ဤသို့ ဖြေဆိုအပ်၏၊ ၎င်းအရ အကျယ်ဘော်ပြဦးအံ့—ဝဋ်သုံးပါးတရားတို့၌ ဝေဒနာသည် သာယာတတ်သည် အစွမ်းဖြင့် ဖြစ်တတ်၏၊ အသုဘ၌ သုဘ အစရှိသည်ဟူ၍ သညာဖောက်ပြန်သည် အစွမ်းဖြင့် ထိုဝေဒနာ၏ ထိုသို့ ဝဋ်တရားတို့၌ သာယာသော အခြင်းအရာအားဖြင့် ဖြစ်၏၊ ထို့ကြောင့် သညာသည် ထိုသို့ ဝဋ်တရားတို့၌ ခံစားခြင်းဝေဒနာ၏ အကြောင်းဖြစ်၏၊ ထို့ကြောင့် သံသရာ၏ ပဓာန၌ ဖြစ်သော အကြောင်း၏ အဖြစ်ကြောင့် ထိုဝေဒနာ သညာတို့ကို အသီးခွဲဝေ၍ ဟောတော်မူအပ်ကုန်၏၊ ထိုစကားမှန်၏၊ အရှင်အနုရုဒ္ဓါဆရာသည် နာမရူပပရိစ္ဆေဒကျမ်း၌—

ဝဋ္ဋဓမ္မေသု အဿာဒံ၊ တဒဿာဒုပသေဝနံ၊
ဝိနိဘုဇ္ဇ နိဒဿေတုံ၊ ခန္ဓဒွယမုဒါဟဋံ။

ဟု မိန့်ဆိုအပ်၏။

အနက်ကား-ဝဋ်တရားတို့၌ ခံစားခြင်း,ထိုခံစားခြင်းအကြောင်းကို အသီးခွဲဝေ၍ ပြခြင်းငှါ ခန္ဓာ ၂-ပါးကို ထုတ်အပ်၏။

---

**၄၄။ ။ပဉ္စုပါဒါနက္ခန္ဓာတိ၊ တထာ တေဘူမကာ မတာ။**
**ဘေဒါဘာဝေန နိဗ္ဗာနံ၊ ခန္ဓသင်္ဂဟ နိဿဋံ။ ။**

ထို့အတူ ဘုံသုံးပါး၌ ဖြစ်ကုန်သော ထိုသဘောတရား ငါးပါးတို့ကို ငါးပါးသော ဥပါဒါနက္ခန္ဓာ-ဟု သိအပ်ကုန်၏၊ နိဗ္ဗာန်သည် ပစ္စုပ္ပန်, အတိတ်, အနာဂတ်, အဇ္ဈတ္တ, ဗဟိဒ္ဓ, ဩဠာရိက, အာသန္န, ဟီန, ပဏီတ, သုခုမ, ဒူရ-ဟု ဆိုအပ်သော ၁၁-ပါးသော အပြားမရှိခြင်းကြောင့် ခန္ဓာဟူသော အရေအတွက်မှ လွတ်၏။

---

၄၄။ ။အာယတနဓာတ်တရားတို့၌ နိဗ္ဗာန်ကို ရေတွက်အပ်သည် မဟုတ်ပါလော၊ ခန္ဓာတို့၌ အဘယ့်ကြောင့် မရေတွက်အပ်ပါသနည်း၊ ဤသို့သော စောဒနာ စကားကို နှလုံးထား၍ "ဘေဒါဘာဝေန" ဤသို့ အစရှိသော စကားကို မိန့်ဆိုပြီ၊ ယင်းစကားအရ အကျယ်ကို ပြဦးအံ့-အတိတ်အစရှိသော အပြားအားဖြင့် ပြားကုန်သော တရားတို့၏ အစုဟူသော အနက်ကြောင့် ခန္ဓာဟူသော အမည်သည် ဖြစ်၏၊ ထို့ကြောင့် နိဗ္ဗာန် [၁] သည်ကား အတိတ်စသော အပြားမရှိသောကြောင့် ခန္ဓာဟူသော အရေအတွက်မှ လွတ်၏။ ဤသို့သော အနက်ကို မှတ်အပ်၏။

---

၄၅။ ။ဒွါရာလမ္ဗဏဘေဒေန၊ ဘဝန္တာယတနာနိ စ။
ဒွါရာလမ္ဗတဒုပ္ပန္န၊ ပရိယာယေန ဓာတုယော။ ။

အာယတနတို့သည် ခြောက်ပါးသောဒွါရ ခြောက်ပါးသော အာရုံ၏ အပြားဖြင့် ၁၂-ပါးအပြားရှိကုန်၏၊ ဓာတ်တို့သည်လည်း ခြောက်ပါးသောဒွါရ, ခြောက်ပါးသောအာရုံ ထိုဒွါရ, အာရုံကို မှီ၍ ဖြစ်သော ဝိညာဏ် တို့၏ အစဉ်ဖြင့် ၁၈-ပါး အပြားရှိကုန်၏။

---

၄၅။ ။ခြောက်ပါးကုန်သော ဒွါရတို့၏၎င်း၊ ခြောက်ပါးကုန်သော အာရုံတို့၏၎င်း အပြားအားဖြင့် အာယတနတို့သည် ၁၂-ပါးအပြား

---

၁—အတိတ်, အနာဂတ်, ပစ္စုပ္ပန်, အဇ္ဈတ္တ, ဗဟိဒ္ဓ, ဒူရ, အာသန္န, ဟီန, ပဏီတ, သုခုမ, ဩဠာရိက-ဟု ဆိုအပ်သော ၁၁-ပါး အပြားရှိသော တရားမှသာ ခန္ဓာမည်၏၊ နိဗ္ဗာန်ကား ထို ၁၁-ပါးသော အပြားမရှိသောကြောင့် ခန္ဓာ မမည်-ဟု မှတ်။ (အကြွင်းပေါ်ပြီ။)

ရှိကုန်၏၊ ခြောက်ပါးကုန်သော ဒွါရတို့၏၎င်း၊ ခြောက်ပါးကုန်သော အာရုံတို့၏၎င်း၊ ထိုနှစ်ပါးစုံကိုမှီ၍ ဖြစ်ကုန်သော ထိုဒွါရ အာရုံ အတိုင်းအရှည်ရှိသည်သာလျှင် ဖြစ်ကုန်သော ဝိညာဏ်တို့၏၎င်း အစဉ်ဖြင့် ဓာတ်တို့သည် ၁၈-ပါး အပြားရှိကုန်၏။

---

၄၆။ ။ဒုက္ခံ တေဘူမကံဝဋ္ဋံ၊ တဏှာ သမုဒယော ဘဝေ။ နိရောဓော နာမ နိဗ္ဗာနံ၊ မဂ္ဂေါ လောကုတ္တရော မတော။

ဘုံသုံးပါး၌ဖြစ်သော ဝဋ်တရားသည် ဒုက္ခသစ္စာ မည်၏၊ လောဘစေတသိက်သည် သမုဒယသစ္စာ မည်၏၊ နိဗ္ဗာန်သည် နိရောဓသစ္စာ မည်၏၊ လောကုတ္တရာဖြစ်သော မဂ္ဂင်ရှစ်ပါးကို မဂ္ဂသစ္စာ မည်၏ ဟူ၍ သိအပ်၏။

---

၄၆။ ။ဤဝဋ်တရားအား သုံးပါးကုန်သော ဘုံတို့ ရှိကုန်သောကြောင့် **တိဘူမံ** မည်၏၊ **တိဘူမံ**-သဒ္ဒါသည်ပင်လျှင် **တေဘူမကံ** မည်၏။

ဤသံသရာစက်၌ လောကီကုသိုလ်ကံ အကုသိုလ်ကံသည်၎င်း၊ ထိုကံ၏အကျိုးဖြစ်သော ဝိပါက်သည်၎င်း ဖြစ်တတ်၏၊ ထိုသို့ ဖြစ်ရာ ဖြစ်သော သတ္တိကြောင့် **ဝဋ္ဋ** မည်၏၊ **တဏှာ**-ဟူသည်ကား ကာမတဏှာ အစရှိသည်တို့၏ အစွမ်းဖြင့် သုံးပါး အပြားရှိသော၊ တဖန်ခြောက်ပါးသော အာရုံ၏ အစွမ်းဖြင့် ၁၈-ပါး အပြားရှိသော၊ အတိတ် အနာဂတ် ပစ္စုပ္ပန်တို့၏ အစွမ်းဖြင့် ၅၄-ပါး အပြားရှိသော၊ အဇ္ဈတ္တိက ဗာဟိရတို့၏ အစွမ်းဖြင့် ၁၀၈-ပါးအပြား ရှိသော တဏှာတည်း။ အဘယ့်ကြောင့် တဏှာမှတပါးကုန်သော ဒုက္ခ၏အကြောင်းတို့သည် ရှိကုန်သော်လည်း တဏှာကိုသာလျှင် သမုဒယဟူ၍ ဆိုအပ်ပါသနည်း၊ ဤသို့မေးလတ်သော် ပဓာန ဖြစ်သော အကြောင်း၏ အဖြစ်ကြောင့် ဆိုအပ်၏-ဟု ဖြေဆိုအပ်၏၊ ၎င်းအရ အကျယ်ပြဆိုဦးအံ့—လောကီဖြစ်သော ကုသိုလ် အကုသိုလ်

ကံ၏ ဆန်းကျယ်စွာ ဖြစ်ခြင်း၏ အကြောင်းဖြစ်သောကြောင့်၎င်း၊ ကုသိုလ် အကုသိုလ်ကံ၏ အပေါင်းအဖော်၏ အဖြစ်သို့ ရောက်ခြင်းကြောင့်၎င်း၊ ပုဂ္ဂ၏ ဆန်းကျယ်စွာ ဖြစ်ခြင်း၏ အကြောင်းဖြစ်သောကြောင့်၎င်း၊ တဏှာသည် ဒုက္ခ၏ ထူးသော အကြောင်းဖြစ်၏၊ ထို့ကြောင့် တဏှာသည် ဒုက္ခ၏ ပဓာနဖြစ်သော အကြောင်းဖြစ်၏။

**ဒုက္ခနိရောဓဂါမိနီပဋိပဒါ**-ဟူသောအမည်ဖြင့် ဟောအပ်သော မဂ်သည့် မဂ်မည်၏၊ လောကုတ္တရာဖြစ်သော မဂ်ကို မဂ်ဟူ၍ သိအပ်၏၊ ဤသို့ တဖန် မဂ္ဂသဒ္ဒါကို ယောဇနာအပ်၏။

---

၄၇။ ။**မဂ္ဂယုတ္တာ ဖလာ စေဝ၊ စတုသစ္စဝိနိဿဋာ။**
**ဣတိ ပဉ္စ ပဘေဒေန၊ ပဝုတ္တော သဗ္ဗသင်္ဂဟော။ ။**

မဂ္ဂင် ရှစ်ပါးနှင့် ယှဉ်ကုန်သော မဂ်စိတ္တုပ္ပါဒ်တို့သည်၎င်း၊ ဖိုလ်စိတ္တုပ္ပါဒ် တို့သည်၎င်း၊ သစ္စာလေးပါးမှ လွတ်ကုန်၏၊ ဤသို့ ငါးပါးသော အပြားအားဖြင့် သဗ္ဗသင်္ဂဟကို ငါသည် မိန့်ဆိုအပ်၏။

---

၄၇။ ။အင်္ဂါကမဂ်မှ လွတ်ကုန်သော,အင်္ဂါကမဂ်မှ ကြွင်းကုန်သော, အင်္ဂါကမဂ်နှင့် ယှဉ်ကုန်သော ဖဿ စသည်တို့၎င်း၊ သမ္ပယုတ်တရားနှင့် တကွဖြစ်သောဖိုလ်၎င်း၊ ဤသို့ ထိုတရားတို့သည် သစ္စာလေးပါးတို့မှ မချလွတ်ကုန်၏၊ ပရိယာယ်အားဖြင့်ကား-အညတာဝိနိုန္နိဒ္ဒေသ၌လည်း **မဂ္ဂင်္ဂ မဂ္ဂပရိယာပန္န**-ဟူ၍ ဘုရားဟောတော်မူအပ်သည့် အဖြစ်ကြောင့် ဖိုလ်တရားတို့၌ သမ္မာဒိဋ္ဌိ အစရှိသည်တို့ကို, မဂ္ဂသစ္စာ၌ ဤမှ တပါးကုန်သော ဖိုလ်နှင့် ယှဉ်သော တရားတို့ကို သင်္ခါရဒုက္ခနှင့်တူသည် အဖြစ်ကြောင့် ဒုက္ခသစ္စာ၌ ရေတွက်ခြင်းကို ပြုခြင်း၄ါတတ်ကောင်း၏၊ အကျိုးကား-ဤသို့ ရေတွက်ခြင်းကို ပြုအပ်သည်ရှိသော် သစ္စာဒေသနာ၏လည်း အလုံးစုံကို ပေါင်း၍ ယူတတ်သည်အဖြစ်သည် ပြည့်စုံ၏၊

အဘယ့်ကြောင့် ခန္ဓာအစရှိကုန်သော များစွာကုန်သော ထိုတရားတို့ကို ဟောအပ်ပါကုန်သနည်းဟူမူ၊ မြတ်စွာဘုရားသည်လည်း ထိုသို့များသော အပြားအားဖြင့်သာလျှင် ဟောတော်မူအပ်သည့် အဖြစ်ကြောင့် ဟောတော်မူအပ်ကုန်၏၊ မြတ်စွာဘုရားသည်လည်း အဘယ့်ကြောင့် ထိုသို့ များသော အပြားအားဖြင့် ဟောတော်မူအပ်ကုန် သနည်း၊ ဤသို့ မေးလတ်သော် သုံးပါးအပြားရှိသော သတ္တဝါတို့အား ချီးမြှောက်ခြင်းကိုအလိုရှိသောကြောင့် ဟောအပ်ကုန်၏၊ ဤသို့ဖြေဆိုအပ်၏၊ ယင်းစကားအရ အကျယ်အားဖြင့် ဘွင့်ပြဦးအံ့—နာမ်၌ တွေဝေသောသတ္တဝါ, ရုပ်၌ တွေဝေသော သတ္တဝါ, နာမ်ရုပ် နှစ်ပါး၌ တွေဝေသော သတ္တဝါတို့၏ အစွမ်းဖြင့်၎င်း၊ ရင့်သော ဣန္ဒြေ, မရင့်လွန်းသော ဣန္ဒြေ, နုသောဣန္ဒြေတို့၏ အစွမ်းအားဖြင့်၎င်း၊ အကျဉ်းဖြစ်သော ဒေသနာ၌ နှစ်သက်သော သတ္တဝါ, အလယ်အလတ်ဖြစ်သော ဒေသနာ၌ နှစ်သက်သော သတ္တဝါ, အကျယ်ဖြစ်သောဒေသနာ၌ နှစ်သက်သော သတ္တဝါတို့၏ အစွမ်းအားဖြင့်၎င်း၊ သတ္တဝါတို့သည် သုံးပါးအပြား ရှိကုန်၏၊ ထိုသတ္တဝါတို့တွင် နာမ်၌ တွေဝေသော သတ္တဝါတို့၏ အစွမ်းဖြင့် ခန္ဓ ဒေသနာကို မြတ်စွာဘုရားသည် ဟောတော် မူအပ်၏၊ အကြောင်းသော်ကား-ထိုခန္ဓဒေသနာ၌ နာမ်ကို လေးပါးအပြားအားဖြင့် ဝေဘန်အပ်သောကြောင့်တည်း၊ ရုပ်၌တွေဝေသော သတ္တဝါတို့၏ အစွမ်းအားဖြင့် အာယတန ဒေသနာကို မြတ်စွာဘုရားသည် ဟောတော်မူအပ်၏၊ အကြောင်းသော်ကား-ထိုအာယတနဒေသနာ၌ ရုပ်ကို အခွဲနှင့်တကွ ၁၁-ပါးအားဖြင့် ဝေဘန်အပ်သောကြောင့်တည်း၊ နာမ် ရုပ် နှစ်ပါး၌ တွေဝေကုန်သော သတ္တဝါတို့၏ အစွမ်းဖြင့် ဓာတ်ဒေသနာတော်ကို မြတ်စွာဘုရားသည် ဟောတော်မူအပ်၏၊ အကြောင်းသော်ကား—ထိုဓာတ်ဒေသနာ၌ နာမ် ရုပ် နှစ်ပါးတို့ကိုလည်း အကျယ်အားဖြင့် ဝေဘန်အပ်သောကြောင့်တည်း။

ထို့အတူ ရင့်သော ဣန္ဒြေရှိကုန်သော သတ္တဝါ တို့၏၎င်း၊ အကျဉ်းဖြစ်သော ဒေသနာ၌ နှစ်သက်သော သတ္တဝါတို့၏၎င်း

အစွမ်းဖြင့် ခန္ဓာဒေသနာကို ဟောတော်မူအပ်၏၊ ဤသို့အစရှိသော စကားကို ယှဉ်စေအပ်၏၊ သံသရာဝဋ္ဋဆင်းရဲ၌ ဖြစ်ခြင်း သံသရာဝဋ္ဋဆင်းရဲမှနစ်ခြင်း နှစ်ပါးတို့၏ အကြောင်း၏ အစွမ်းဖြင့် ဉာဏ်တည်းဟူသော မျက်စိဖြင့် ရှုအပ်သော်သာလျှင် သုံးပါးအပြားရှိသည်လည်း ဖြစ်သော ထိုတရားသဘောသည် ကျေးဇူးအထူးကို ဆောင်တတ်၏၊ တပါးသောအပြားဖြင့် သစ္စာဒေသနာတော်သည် ကျေးဇူးအထူးကို ဆောင်တတ်သည်မဟုတ်၊ ဤသို့ မှတ်အပ်၏။

ဤဆိုအပ်ပြီးသောစကားဖြင့် အဘိဓမ္မတ္ထဝိဘာဝနီမည်သော အဘိဓမ္မတ္ထသင်္ဂြိုဟ်ကျမ်း၏အဘွင့်၌

**သတ္တမသမုစ္စည်းပိုင်းအဘွင့်သည် ပြီးဆုံးခြင်းသို့ရောက်ပြီ။**

# ငိုကာကျော်မြန်မာပြန်

## ပစ္စည်းမိုင်း

# ပစ္စည်းပိုင်း

**၁။ ။ယေသံ သန္တတမ္ဘာနံ၊ ယေဓမ္မာ ပစ္စယာ ယထာ။**
**တံ ဝိဘာဂမိတောဒါနိ၊ ပဝက္ခာမိ ယထာရဟံ။ ။**

အကြင်သို့ သဘော ရှိကုန်သော သဟိတ်စိတ် စေတသိက်တို, မောဟမှုအွေး၌ မောဟကြည်သော စေတသိက် ဒွေပညာသ, သဟိတ် စိတ္တဇရုပ်, သဟိတ် ပဋိသန္ဓေကမ္မဇရုပ် အစရှိကုန်သော ပစ္စယုပ္ပန် တရားတို့အား အကြင် ဟိတ် ၆-ပါး အစရှိသော ပစ္စည်းတရားတို့သည် အကြင် ဟေတုသတ္တိ အစရှိသော အပြားဖြင့် ကျေးဇူး ပြုတတ်ကုန်၏၊ ထိုပစ္စယုပ္ပန်တရားတို့အား ထိုပစ္စည်းတရားတို့၏ ကျေးဇူး ပြုတတ်သော သတ္တိအပြားကို ဤပစ္စယသင်္ဂဟ အရာ၌ ယခုအခါ ထိုက်သည်အားလျော်စွာ ငါသည် အပြားအားဖြင့် ဆိုပေအံ့။

---

၁။ ။ယခုအခါ၌ အကြင်အကြင် ဆိုအပ်ကုန်ပြီးသော နာမ်ရုပ်တို့၏ ပဋိစ္စသမုပ္ပါဒ်နည်း ပဋ္ဌာန်းနည်း၏ အစွမ်းဖြင့် ပစ္စည်းတို့ကို ပြခြင်းငှါ "**ယေသံ**" ဤသို့ အစရှိသော စကားကို အားထုတ်အပ်၏၊ အကြောင်း တို့သည် ပေါင်း၍ ပြုပြင်အပ်သည် အဖြစ်ကြောင့် သန်တ-ဟု ဆိုအပ်ကုန်သော အကြင်ပစ္စယုပ္ပန် တရားတို့အား အကြင် ပစ္စည်းတရားတို့သည် အကြင်အကြင် သို့သော အကြောင်း သတ္တိဖြင့် ဋီကာလဉ္စရင်း၊ ဥပါဒ်ကာလဉ္စရင်း ကျေးဇူး ပြုတတ်ကုန်၏၊ ထိုပစ္စယုပ္ပန် တရားတို့အား ထိုပစ္စည်း တရားတို့၏ ကျေးဇူးပြုခြင်း ဟူသော အခြင်းအရာ အပြားကို ဤ (သမုစ္စယသင်္ဂဟ၏ အခြားမဲ့ ဖြစ်သော) ပစ္စယသင်္ဂဟ အရာ၌ ထိုထို ပစ္စယုပ္ပန် တရားတို့သည် ရှိသော် ထိုထို ပစ္စည်းတရားတို့၏ ထိုထိုသို့သော ကျေးဇူးပြုတတ်သည်၏ အဖြစ်-ဟု ဆိုအပ်သော အခြင်းအရာအား လျော်စွာ ယခုအခါ၌ ငါသည် အပြားအားဖြင့် ဆိုပေအံ့—ဤသို့ အနက် ယောဇနာခြင်းကို ပြုအပ်၏။

## နည်း ၂-ပါးအပြား

**၂။ ။ပဋိစ္စသမုပ္ပါဒနယော ပဋ္ဌာနနယော စေတိ ပစ္စယ သင်္ဂဟော ဒုဝိဓော ဝေဒိတဗ္ဗော။**

ပဋိစ္စသမုပ္ပါဒ်နည်းဎင်း၊ ပဋ္ဌာန်းနည်းဎင်း၊ ဤသို့ ပစ္စယသင်္ဂဟကို နှစ်ပါးအပြားရှိ၏ ဟူ၍ သိအပ်၏။

---

## နည်း ၂-ပါးအဘွင့်

၂။ ။ထို **ပဋိစ္စသမုပ္ပါဒ နယ, ပဋ္ဌာန နယဝသေန**-ဟူသော ပါဌ်၌ ဝိဂ္ဂြဟ်ကို ဤသို့ ပြုအပ်၏၊ ထိုအဝိဇ္ဇာ စသော အကြောင်း ကြောင့် ပစ္စည်းတို့၏ ညီညွတ်ခြင်းသို့ အညီအညွတ် ရောက်၍ အကျိုးတို့၏ ဖြစ်ခြင်းသည် ရှိ၏၊ ထိုသို့ ဖြစ်ကြောင်း ဖြစ်သော သတ္တိကြောင့် ထိုအဝိဇ္ဇာ စသော အကြောင်းသည် **ပဋိစ္စသမုပ္ပါဒ်**[၁] မည်၏။

ဤပဋ္ဌာန်းကျမ်း၌ အထူးထူး အပြားပြား ရှိကုန်သော ပစ္စည်း တို့သည် ရှိကုန်၏၊ ဤသို့ အစရှိသော ဝစနတ္ထကြောင့် **ပဋ္ဌာန်း** မည်၏၊ အဆုံးမရှိသော ထက်ဝန်းကျင်သော အဘို့အားဖြင့် ဖြစ်သော ပဋ္ဌာန်းကျမ်းကြီးကို ရ၏၊ ထိုပဋ္ဌာန်းကျမ်းကြီး၌ ဟော တော်မူအပ်သောနည်းသည် **ပဋ္ဌာန်းနည်း**[၂] မည်၏။

---

## နည်း ၂-ပါး အထူး

**၃။ ။တတ္ထ တဗ္ဘာဝ ဘာဝိဘာဝါ ကာရမတ္တောပလက္ခိတော ပဋိစ္စသမုပ္ပါဒနယော၊ ပဋ္ဌာနနယော ပန အာဟစ္စ ပစ္စယဋ္ဌိတိ မာရဗ္ဘ ပဝုစ္စတိ၊ ဥဘယံ ပန ဝေါမိဿိတွာ ပပဉ္စေန္တိ အာစရိယာ။**

---

၁—အကြောင်းတရားတို့၏ ညီညွတ်ခြင်းသို့ အညီအညွတ် ကပ်ရောက်၍ အကျိုးတရား တို့၏ ဖြစ်ကြောင်း ဖြစ်သောကြောင့် အဝိဇ္ဇာစသော အကြောင်းတရားသည် **ပဋိစ္စသမုပ္ပါဒ်** မည်၏။

၂—အထူးထူး အပြားပြားသော ပစ္စည်းတို့၏ ဖြစ်ရာ ဖြစ်သောကြောင့် **ပဋ္ဌာန်း** မည်၏။

ထိုနည်းနှစ်ပါးတို့တွင် ထိုအဝိဇ္ဇာ စသော အကြောင်းတရားတို့၏ ဖြစ်သဖြင့် ဖြစ်လေ့ရှိကုန်သော သင်္ခါရ အစရှိသော အကျိုးတရားတို့၏ ဖြစ်သော အခြင်းအရာမျှဖြင့် မှတ်အပ်သောနည်းသည် ပဋိစ္စသမုပ္ပါဒ်နည်း မည်၏၊ ပဋ္ဌာန်း နည်းကိုကား—အထူးပြု၍ ဖြစ်သော ပစ္စည်း-ဟု ဆိုအပ်သော တည်ရာကို အကြောင်းပြု၍ မိန့်ဆိုအပ်၏၊ နည်းနှစ်ပါးတို့ကို ရောနှော၍ အဋ္ဌကထာ ဆရာတို့သည် ချဲကုန်၏၊ ငါတို့သည်ကား အသီးအသီး ပြကုန်အံ့။

---

## နည်း ၂-ပါး အထူးအဘွင့်

၃။ ။**တတ္ထ**—ဟူသည်ကား၊ ဝါ-ဟူသောပုဒ်ကို ထိုနည်းနှစ်ပါးတို့တွင်-ဟု အနက်ပေး။ ထိုအဝိဇ္ဇာ အစရှိသော ပစ္စည်းတရားတို့၏ ဖြစ်ခြင်းကြောင့် သင်္ခါရ စသော ပစ္စယုပ္ပန် တရားတို့၏ ဖြစ်ခြင်းဟူသော အလေ့၏ အဖြစ်သည် **တဗ္ဘာဝဘာဝီဘာဝ** မည်၏၊ ထိုအဝိဇ္ဇာ အစရှိကုန်သော ပစ္စည်း တရားတို့၏ ဖြစ်ခြင်းကြောင့် သင်္ခါရ အစရှိကုန်သော ပစ္စယုပ္ပန် တရားတို့၏ ဖြစ်လေ့ရှိသည်၏ အဖြစ်သည်သာလျှင် အခြင်းအရာမျှတည်း၊ ထိုအဝိဇ္ဇာ အစရှိကုန်သော ပစ္စည်းတို့၏ ဖြစ်ခြင်းကြောင့် သင်္ခါရ အစရှိသော ပစ္စယုပ္ပန် တရားတို့၏ ဖြစ်ခြင်းဟူသော အလေ့၏ အဖြစ်-ဟု ဆိုအပ်သော အခြင်းအရာမျှဖြင့် မှတ်အပ်သောနည်းသည် **တဗ္ဘာဝ-ဘာဝီဘာဝါ ကာရမတ္တောပလက္ခိတ** မည်၏။

ထို အထက်ပါ စကားဖြင့် ထို အဝိဇ္ဇာ အစ ရှိကုန်သော ပစ္စည်းတို့၏ မဖြစ်ခြင်းကြောင့် သင်္ခါရ အစရှိကုန်သော ပစ္စယုပ္ပန် တရားတို့၏ မဖြစ်ခြင်းဟူသော အလေ့၏ အဖြစ်-ဟု ဆိုအပ်သော အခြင်းအရာမျှဖြင့် မှတ်အပ်သည် အဖြစ်ကိုလည်း **တဗ္ဘာဝ။ပ။ လက္ခိတော** ဟူသောပုဒ်၏ အစွမ်းအားဖြင့် ပြအပ်၏၊ အဘယ့်ကြောင့် ပြအပ်သနည်းဆိုသော် အန္ဝယ, ဗျတိရေက၏ အစွမ်းဖြင့်လည်း ပစ္စည်း လက္ခဏာကို ပြအပ်သောကြောင့်တည်း။ ထို့ကြောင့် မြတ်စွာဘုရားသည် **"ဣမသ္မိံသတိ။ပ။ နိရုဇ္ဈတိ"** ဟူသော ဤစကားကို

ဟောတော်မူပြီ၊ အနက်ကား—ဤပစ္စည်း အကြောင်းတရားသည် ရှိလတ်သော် ဤအကျိုးတရားသည် ဖြစ်၏၊ ဤပစ္စည်းအကြောင်း တရား၏ ဖြစ်ခြင်းကြောင့် ဤအကျိုးတရားသည် ဖြစ်၏၊ ဤပစ္စည်း တရားသည် မရှိပါမူ ဤအကျိုးတရားသည် မဖြစ်၊ ဤအကြောင်း တရား၏ ချုပ်ခြင်းကြောင့် ဤအကျိုးတရားသည် ချုပ်၏၊ ဤ အကြောင်းကြောင့် အကြောင်းကိုစွဲ၍ အကျိုးသည် ဖြစ်တတ်၏၊ ထိုသို့ အကျိုးတရား၏ ဖြစ်ကြောင်းဖြစ်သော သတ္တိကြောင့် ပစ္စည်းမည်၏။ ဤအကြောင်း၌ အကျိုးသည် ထိုအကြောင်းနှင့် စပ်၍ဖြစ်ခြင်းရှိသည် အဖြစ်အားဖြင့် တည်တတ်၏၊ ထိုသို့ တည်ရာ ဖြစ်သော သတ္တိကြောင့် ဌိတိ မည်၏။ အထူးပြု၍ ဖြစ်သော ပစ္စည်း-ဟု ဆိုအပ်သော တည်ရာသည် **အာဟစ္စပစ္စယဋ္ဌိတိ** မည်၏။ အကြောင်းသော်ကား-ပဋိစ္စသမုပ္ပါဒ်[1] နည်းသည် ထိုအဝိဇ္ဇာ အစ ရှိကုန်သော ပစ္စည်းတရားတို့၏ ဖြစ်ခြင်းကြောင့် သင်္ခါရ စသော ပစ္စယုပ္ပန်တရားတို့၏ ဖြစ်ခြင်းဟူသော အလေ့၏ ဖြစ်ခြင်း-ဟုဆို အပ်သော အခြင်းအရာမျှကို စွဲ၍ ဖြစ်သောကြောင့် ဟေတု[2] အစရှိ သောပစ္စည်းကို မှတ်ခြင်း-ဟု ဆိုအပ်သော အထူးကို မငဲ့မူ၍ သာမည အားဖြင့်သာလျှင် ဖြစ်၏၊ ဤ ပဋ္ဌာန်းနည်းသည်ကား—ဟေတု အစရှိသော ထိုထိုသို့သော ပစ္စည်းတို့၏ ထိုထိုသို့သော ပစ္စယုပ္ပန်

---

၁—အဝိဇ္ဇာ အစရှိသော အကြောင်းတရားတို့၏ ဖြစ်ခြင်းကြောင့် ဖြစ်လေ့ရှိကုန်သော သင်္ခါရ အစရှိကုန်သော အကျိုးတရားတို့၏ ဖြစ်ခြင်းဟူသော အခြင်းအရာမျှဖြင့် မှတ်အပ်သော နည်းသည် **ပဋိစ္စသမုပ္ပါဒ်နည်း** မည်၏။

၂—အထူးပြု၍ ဖြစ်သော ပစ္စည်း-ဟု ဆိုအပ်သော တည်ရာကို အကြောင်းပြု၍ ဖြစ်သော နည်းသည် **ပဋ္ဌာန်းနည်း** မည်၏။ ဤကား နည်း ၂-ပါး၏အထူးတည်း။

(၁) အဝိဇ္ဇာပစ္စယာ (၂) သင်္ခါရာ-ဟု အကြောင်းနှင့် အကျိုးကိုသာဟောတော်မူခြင်းသည် **ပဋိစ္စသမုပ္ပါဒ်နည်း** မည်၏။

(၁) ဟေတု၊ (၂) ဟေတုသမ္ပယုတ္တကာနံ ဓမ္မာနံ တံ သမုဋ္ဌာနာနဉ္စ ရူပါနံ၊ (၃) ဟေတုပစ္စယေန ပစ္စယော ဟူ၍ အကြောင်း, အကျိုး, သတ္တိ အစွမ်းကိုပါဟောတော်မူခြင်းသည် **ပဋ္ဌာန်းနည်း** မည်၏။

ပစ္စည်းနှင့် ပစ္စယုပ္ပါန်ကိုသာ ဟောပြတော်မူသော နည်းသည် ပဋိစ္စသမုပ္ပါဒ်နည်း မည်၏။

ပစ္စည်း, ပစ္စယုပ္ပါန်, ပစ္စယသတ္တိ သုံးမျိုးကို ဟောပြတော်မူသော နည်းသည် ပဋ္ဌာန်းနည်း မည်၏။

ဖြစ်သော တရားအထူးအား ထိုထိုသို့ ကျေးဇူးပြုတတ်သည် အဖြစ်ဟု ဆိုအပ်သော အစွမ်းသတ္တိသာ ဖြစ်သော အခြင်းအရာ အထူးကို စွဲ၍ အထူးပြု၍ ဖြစ်၏၊ ထို့ကြောင့် ဤပဋ္ဌာန်းနည်းကို အထူးပြု၍ ဖြစ်သော ပစ္စည်း-ဟု ဆိုအပ်သော တည်ရာကို အကြောင်းပြု၍ ဆိုအပ်၏၊ ထို့ကြောင့် ဤပဋ္ဌာန်းနည်းသည်သာ **အာဟစ္စပစ္စယဋ္ဌိတိ** မည်၏။

အချို့သော ဆရာတို့သည်ကား လည်ချောင်း အာစောက် အစရှိသည်တို့၌ ထိ၍ ရွတ်ဆိုအပ်သော ပစ္စည်းသည် **အာဟစ္စ-ပစ္စယဋ္ဌိတိ** မည်၏၊ ဤသို့ ဘွင့်ဆိုကုန်၏၊ ထိုကေစိဆရာတို့၏ စကားသည်ကား-ကြားဘူးကာမျှသာ ဖြစ်သောကြောင့် ထိုကေစိဆရာတို့အား ပညာရှိတို့ ရယ်ဘွယ်စကားအဖြစ်ကို ပြ၏၊ အဘယ့်ကြောင့် ပြသနည်း ဆိုသော်-ပဋိစ္စသမုပ္ပါဒ်နည်းကိုရင်း, တပါးသော တစုံတခုသောနည်းကိုရင်း, လည်ချောင်း အာစောက် အစရှိသည်တို့၌ မထိမူ၍ ပြခြင်းငှါ မတတ်ကောင်းသောကြောင့်တည်း။

**ဝေါမိဿိတွာ**-ဟူသည်ကား၊ ပဋ္ဌာန်းနည်းကိုလည်း ပဋိစ္စသမုပ္ပါဒ်နည်း၌သာလျှင် ထည့်၍ ထိုအဝိဇ္ဇာ အစရှိသော ပစ္စည်းတရားတို့၏ ဖြစ်ခြင်းဟူသော အလေ့၏ အဖြစ်အားဖြင့်ရင်း၊ ဟေတု အစရှိသော ပစ္စည်း၏ အစွမ်းအားဖြင့်ရင်း ပေါင်းကုန်၍ အဋ္ဌကထာဆရာတို့သည် ဖွဲ့ကုန်၏၊ ငါတို့သည်ကား အသီးအသီးသာလျှင် ပြကုန်အံ့၊ ဤသည်လျှင် အရှင်အနုရုဒ္ဓါဆရာ၏ အလိုတော်ကျ အဓိပ္ပါယ်တည်း။

---

## ပဋိစ္စသမုပ္ပါဒ်နည်း

၄။ ။တတ္ထ အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊ သင်္ခါရပစ္စယာ ဝိညာဏံ၊ ဝိညာဏပစ္စယာ နာမရူပံ၊ နာမရူပပစ္စယာ သဠာယတနံ၊ သဠာယတနပစ္စယာ ဖဿော၊ ဖဿပစ္စယာ ဝေဒနာ၊ ဝေဒနာပစ္စယာ တဏှာ၊ တဏှာပစ္စယာ ဥပါဒါနံ၊

**ဥပါဒါနပစ္စယာ ဘဝေါ၊ ဘဝပစ္စယာ ဇာတိ၊ ဇာတိ-ပစ္စယာ ဇရာ မရဏံ သောက ပရိဒေဝ ဒုက္ခ ဒေါမ-နဿု ပါယာသာ သမ္ဘဝန္တိ ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတီတိ။**

**အယမေတ္ထပဋိစ္စသမုပ္ပါဒနယော။**

တိုနည်း ၂-ပါးတို့တွင် **အဝိဇ္ဇာ။ ပ။ သမုဒယောဟောတိ** ဟူသော ဤနည်းသည် ဤပစ္စယသင်္ဂဟအရာ၌ ပဋိစ္စသမုပ္ပါဒ်နည်း မည်၏၊ သစ္စာလေးပါးတရားကို ဖုံးလွှမ်းတတ်သော မောဟ ဟူသော အကြောင်းကြောင့် ပုညာဘိသင်္ခါရ, အပုညာဘိသင်္ခါရ, အာနေဉ္ဇာဘိသင်္ခါရတို့သည် ဖြစ်ကုန်၏၊ သင်္ခါရဟူသော အကြောင်း ကြောင့် ပဋိသန္ဓေစိတ် ဧကူနဝီသ-ဟု ဆိုအပ်သော ဝိညာဏ်သည် ဖြစ်၏၊ ဝိညာဏ်ဟူသော အကြောင်းကြောင့် နာမ်သည်ငှင်း၊ ရုပ်သည်ငှင်း၊ နာမ်ရုပ်သည်ငှင်း ဖြစ်၏၊ နာမ်ရုပ် ဟူသော အကြောင်းကြောင့် စက္ခာယတန, သောတာယတန, ဃာနာယတန, ဇိဝှါယတန, ကာယာယတန, မနာယတနသည် ဖြစ်၏၊ သဠာယ-တန ဟူသောအကြောင်းကြောင့် စက္ခုသမ္ဖဿ, သောတသမ္ဖဿ, ဃာနသမ္ဖဿ, ဇိဝှါသမ္ဖဿ, ကာယသမ္ဖဿ, မနောသမ္ဖဿသည် ဖြစ်၏၊ ဖဿ ဟူသော အကြောင်းကြောင့် စက္ခုသမ္ဖဿဇာ-ဝေဒနာ, သောတသမ္ဖဿဇာဝေဒနာ, ဃာနသမ္ဖဿဇာဝေဒနာ ဇိဝှါသမ္ဖဿဇာဝေဒနာ,ကာယသမ္ဖဿဇာဝေဒနာ,မနောသမ္ဖဿ ဇာဝေဒနာသည် ဖြစ်၏၊ ဝေဒနာ ဟူသော အကြောင်းကြောင့် ကာမတဏှာ, ဘဝတဏှာ, ဝိဘဝတဏှာသည် ဖြစ်၏၊ တဏှာ ဟူသော အကြောင်းကြောင့် ကာမုပါဒါန်, ဒိဋ္ဌုပါဒါန်, သီလဗ္ဗတု ပါဒါန်, အတ္တဝါဒုပါဒါန်သည် ဖြစ်၏၊ ဥပါဒါန်ဟူသော အကြောင်း ကြောင့် ကမ္မဘဝ ဥပပတ္တိဘဝသည် ဖြစ်၏၊ဘဝဟူသော အကြောင်း ကြောင့် ပဋိသန္ဓေနေခြင်းသည် ဖြစ်၏၊ ဇာတိဟူသော အကြောင်း ကြောင့် အိုခြင်း သေခြင်းသည် ဖြစ်၏၊ စိုးရိမ်ခြင်း၊ ငိုကြွေးခြင်း၊ ဆင်းရဲခြင်း၊ နှလုံးမသာယာခြင်း၊ ပြင်းစွာပင်ပန်းခြင်းတို့သည် ဖြစ် ကုန်၏၊ အကြင်အကြင် ဆိုအပ်ပြီးသော ပစ္စည်း အဆက်ဆက်-ဟု

ဆိုအပ်သော အစီအရင်ဖြင့် ချမ်းသာ အစရှိသည်တို့နှင့်မရောသော ထိုဆင်းရဲအစု၏ ဖြစ်ခြင်းသည် ထင်ရှား၏၊ ဤကား ဤအရာ၌ ပဋိစ္စသမုပ္ပါဒ် နည်းတည်း။

---

## ပဋိစ္စသမုပ္ပါဒ်နည်း အဘွင့်

### အဝိဇ္ဇာအဘွင့်

၄။ ။မသိတတ်သောကြောင့် **အဝိဇ္ဇာ** [၁] မည်၏၊ တနည်းကား မရအပ်သော ကာယဒုစ္စရိုက် စသည်ကို ရစေတတ်သောကြောင့် **အဝိဇ္ဇာ** မည်၏၊ တနည်းကား-ရအပ်သော ကာယသုစရိုက် စသည်ကို မရစေတတ်သောကြောင့် **အဝိဇ္ဇာ** မည်၏၊ သိအပ်သော သစ္စာလေးပါး စသည်ကို မသိခြင်းကို ပြုတတ်သောကြောင့် **အဝိဇ္ဇာ** မည်၏၊ တနည်းကား—သတ္တဝါတို့ကို ပရမတ္ထအားဖြင့် ထင်ရှားမရှိသော ယောကျ်ား မိန်းမ စသည်၌ ငါ-ဟူ၍ ထင်စေတတ်သောကြောင့် **အဝိဇ္ဇာ** မည်၏၊ တနည်းကား—သတ္တဝါတို့ကို ပရမတ္ထအားဖြင့် ထင်ရှားရှိသော ခန္ဓာအစရှိသည်၌ ခန္ဓာ စသည်ဖြင့် မထင်စေတတ်သောကြောင့် **အဝိဇ္ဇာ** မည်၏၊ ဤအဝိဇ္ဇာ ဟူသော အမည်သည် လေးပါးကုန်သော အရိယသစ္စာတို့၌၎င်း၊ ပုဗ္ဗန္တ, အပရန္တ, ပုဗ္ဗန္တာပရန္တ, ပဋိစ္စသမုပ္ပါဒ် တရားလေးပါးတို့၌၎င်း မသိခြင်း၏ အမည်တည်း၊ အဝိဇ္ဇာသည်သာလျှင် ပစ္စည်းဖြစ်သော ကြောင့် အဝိဇ္ဇာပစ္စည်း မည်၏။

### သင်္ခါရအဘွင့်

ထိုအဝိဇ္ဇာ-ဟူသော အကြောင်းကြောင့် ပြုပြင်စီရင်အပ်သော ဝိပါက်ခန္ဓာ ကဋတ္တာရုပ်ကို ပြုပြင်တတ်ကုန်သောကြောင့် ကုသိုလ်ကံ

---

[၁] —သစ္စာလေးပါးကို မသိတတ်သောကြောင့်၎င်း, မလျောက်ပတ်သည် ဖြစ်၍ မရထိုက်သော ကာယဒုစ္စရိုက် စသည်ကို ရတတ်၍, လျောက်ပတ်သည် ဖြစ်၍ ရထိုက်သော ကာယသုစရိုက် စသည်ကို မရတတ်သောကြောင့်၎င်း, သိအပ်သော သစ္စာလေးပါး စသည်ကို မသိအပ်သည်ကို ပြုသောကြောင့်၎င်း, ပရမတ္ထအားဖြင့် ထင်ရှားမရှိသော ယောကျ်ား မိန်းမ စသည်၌ ယောကျ်ား မိန်းမ-ဟု ထင်မှားစေတတ်သောကြောင့်၎င်း,ပရမတ္ထအားဖြင့် ထင်ရှား ရှိသော ခန္ဓာစသည်၌ ခန္ဓာ-ဟု မထင်မှတ်စေတတ်သောကြောင့်၎င်း **အဝိဇ္ဇာ** မည်၏။

အကုသိုလ်ကံတို့သည် **သင်္ခါရ**[၁] မည်ကုန်၏၊ ထိုသင်္ခါရတို့သည် ပုညာဘိသင်္ခါရငင်း၊ အပုညာဘိသင်္ခါရငင်း၊ အာနေဉ္ဇာဘိသင်္ခါရငင်း၊ ဤသို့ သုံးပါးအပြား ရှိကုန်၏၊ ထိုသုံးပါးသော သင်္ခါရတို့တွင် ကာမာဝစရ ရူပါဝစရ ဖြစ်ကုန်သော ၁၃-ပါးသော ကုသိုလ်စေတနာတို့သည် ပုညာဘိသင်္ခါရမည်၏၊ ၁၂-ပါးသော အကုသိုလ်စေတနာတို့သည် အပုညာဘိသင်္ခါရမည်၏၊ ၄-ပါးကုန်သော အရူပကုသိုလ် စေတနာတို့သည် အာနေဉ္ဇာဘိသင်္ခါရမည်၏၊ ဤသို့ ဤတခုယုတ် ၃၀-ကုန်သော စေတနာတို့သည် သင်္ခါရ[၂] မည်ကုန်၏။

## ဝိညာဏ်အဘွင့်

ပဋိသန္ဓေအစွမ်းဖြင့် တခုယုတ်နှစ်ဆယ် အပြားရှိသော၊ ပဝတ္တိအစွမ်းဖြင့် ၃၂-ပါးအပြားရှိသော ဝိပါက်စိတ်တို့သည် **ဝိညာဏ်**[၃] မည်၏။

## နာမရူပအဘွင့်

နာမ်သည်ငင်း၊ ရုပ်သည်ငင်း နာမ်ရုပ်[၄] မည်၏၊ ထိုနာမ်ရုပ်တို့တွင် ဝေဒနာအစရှိသော ခန္ဓာသုံးပါးအပေါင်းသည် ဤအရာ၌ နာမ်

---

၁—ပြုပြင်စီရင်အပ်သော ဝိပါက် နာမက္ခန္ဓာ, ကဋတ္တာရုပ် အကျိုးတရားတို့ကို ပြုပြင်စီရင်တတ်သောကြောင့် **သင်္ခါရ** မည်၏။

ထိုသင်္ခါရသည် ပုညာဘိသင်္ခါရ, အပုညာဘိသင်္ခါရ, အာနေဉ္ဇာဘိသင်္ခါရ ဟူ၍ သုံးပါးအပြားရှိ၏၊ ကာမ ရူပ ကုသိုလ်စေတနာ ၁၃-ခုသည် **ပုညာဘိသင်္ခါရ** မည်၏။ အကုသိုလ်စေတနာ ၁၂-ခုသည် **အပုညာဘိသင်္ခါရ** မည်၏။ အရူပကုသိုလ် စေတနာ ၄-ခုသည် **အာနေဉ္ဇာဘိသင်္ခါရ** မည်၏။

၂—**သင်္ခါရပစ္စယာဝိညာဏံ**-၌ သင်္ခါရအရ ပဋိသန္ဓေ အခါ၌ ဥဒ္ဓစ္စသဟဂုတ်စိတ်ကြဉ်သော အလုံးစုံသော ပုညာဘိသင်္ခါရ, အပုညာဘိသင်္ခါရ, အာနေဉ္ဇာဘိသင်္ခါရ-ဟု ဆိုအပ်သော ကုသိုလ် အကုသိုလ် စေတနာ ၂၉-ပါးကို ယူရ၏။

ဝိညာဏ်-အရ ပဋိသန္ဓေစိတ် ဧကူနဝီသ-ဟု ဆိုအပ်သော ဝိညာဏ်, သို့မဟုတ် လောကီဝိပါက် ဗာတ္တိံသ-ဟု ဆိုအပ်သော ဝိညာဏ်, သို့မဟုတ် စိတ်တခုယုတ် ကိုးဆယ်-ဟု ဆိုအပ်သော ဝိညာဏ်ကို ယူရ၏။

၃—**ဝိညာဏပစ္စယာနာမရူပံ**-၌ ဝိညာဏံ-အရ ပဋိသန္ဓေစိတ် ဧကူနဝီသ-ဟု ဆိုအပ်သော ဝိညာဏ်, သို့မဟုတ် လောကီဝိပါက် ဗာတ္တိံသ ဟူသော ဝိညာဏ်ကို ယူရ၏။

၄—နာမရူပံဝယ် နာမ-အရ စေတသိက် ပဉ္စတိံသကိုယူ၊ ရူပံ-အရ ကမ္မဇရုပ်ကိုသာ ယူရ၏။

မည်၏၊ ဘူတရုပ် ဥပါဒါရုပ် အပြားဖြင့် နှစ်ပါးအပြားရှိသော ကံကြောင့်ဖြစ်သော ရုပ်သည် ရုပ်မည်၏၊ ထိုနာမ်ရုပ်နှစ်ပါး အပေါင်းသည်လည်း ဤပဋိစ္စသမုပ္ပါဒ်နည်း၌ ပဋိသန္ဓေဝိညာဏ်နှင့် တကွဖြစ်၏၊ ဤသို့ မှတ်အပ်၏။

**နာမရူပပစ္စယာ**[၁] ဟူသောပါဠိ၌ ဝေဒနာ အစရှိသော ခန္ဓာသုံးပါး အပေါင်း-ဟု ဆိုအပ်သော နာမ်ငှင်း၊ မိမိသန္တာန်၌ အကျုံးဝင်သော လေးပါးသော မဟာဘုတ်, ခြောက်ပါးသော ဝတ္ထုရုပ်, ဇီဝိတိန္ဒြေ-ဟူသော ရုပ်ငှင်း၊ ဆိုအပ်ပြီးသော နာမ်ရုပ်ငှင်း နာမ်ရုပ်မည်၏၊ ဤသို့ သရုပ်တခုကြွင်းကို သိအပ်၏။

## သဠာယတနအဘွင့်

စက္ခာယတန အစရှိကုန်သော ခြောက်ပါးကုန်သော အဇ္ဈတ္တိကာယတနတို့သည် အာယတနမည်၏၊ အချို့သော ဆရာတို့၏ အယူအားဖြင့် ရူပါယတန အစရှိကုန်သော ခြောက်ပါးသော ဗာဟိရာယတနတို့သည်လည်း အာယတနမည်၏၊ ခြောက်ပါးသော အာယတနတို့သည်ငှင်း၊ ခြောက်ခုမြောက်သော မနာယတနသည်ငှင်း သဠာယတန မည်၏။

## ဖဿအဘွင့်

စက္ခုသမ္ဖဿ အစရှိသည်တို့၏ အစွမ်းဖြင့် ခြောက်ဒွါရ၌ ဖြစ်သော ဖဿသည် ဖဿ မည်၏။

## ဝေဒနာအဘွင့်

သုခဝေဒနာ ဒုက္ခဝေဒနာ ဥပေက္ခာဝေဒနာတို့၏ အစွမ်းဖြင့် သုံးပါးအပြားရှိသော ဝေဒနာသည် ဝေဒနာ မည်၏။

---

၁—**နာမရူပပစ္စယာသဠာယတနံ**-၌ နာမအရ ဝေဒနာစသော ခန္ဓာ ၃-ပါးကိုယူ၊ ရူပအရ မိမိသန္တာန်၌ အကျုံးဝင်သော မဟာဘုတ် ၄-ပါး, ဝတ္ထုရုပ် ခြောက်ပါး, ဇီဝိတိန္ဒြေကို ယူရ၏။ သဠာယတန-အရ အဇ္ဈတ္တိကာယတန ခြောက်ပါးကိုယူ။

တနည်း—ဗာဟိရာယတန ခြောက်ပါးကို ယူရ၏။

## တဏှာအဘွင့်

ကာမတဏှာ ဘဝတဏှာ ဝိဘဝတဏှာ-ဟူ၍ သုံးပါးအပြား ရှိသော တဏှာသည် တဏှာမည်၏၊ ထိုတဏှာတို့သည် ခြောက်ပါး သောအာရုံ အစရှိသည်တို့၏ အစွမ်းဖြင့် ၁၀၈-ပါး အပြား ရှိကုန်၏။

## ဥပါဒါန်အဘွင့်

ကာမုပါဒါန် အစရှိသည်တို့၏ အစွမ်းဖြင့် လေးပါးကုန်သော ဥပါဒါန်တို့သည် **ဥပါဒါန်** [၁] မည်ကုန်၏၊ တဏှာနှင့် ဥပါဒါန် အထူးကား ဤ **တဏှာပစ္စယာ ဥပါဒါနံ**-ဟူသောပုဒ်၌ အားနည်း သော တဏှာသည် တဏှာမည်၏၊ အားကြီးသော တဏှာသည် ဥပါဒါန်မည်၏၊ တနည်းကား—လက်သို့ မရောက်သေးသော အာရုံကို တောင့်တခြင်းသည် တဏှာမည်၏၊ အမိုက်တိုက်၌ ဥစ္စာကို ယူအံ့သောငှါ ခိုးသူတို့၏ လက်ကိုဆန့်သကဲ့သို့ တဏှာကို မှတ်အပ်၏၊ လက်သို့ ရောက်ပြီးသော အာရုံကို မြဲမြံစွာ စွဲလမ်းခြင်း သည် ဥပါဒါန်မည်၏၊ ခိုးသူတို့၏ လက်သို့ ရောက်ပြီးသော ဥစ္စာကို မြဲမြံစွာ ကိုင်သကဲ့သို့ ဥပါဒါန်ကို မှတ်အပ်၏၊ တဏှာသည် နည်းသော အလိုရှိသော သူ၏ အဖြစ်နှင့် ဆန့်ကျင်ဘက်ဖြစ်၏၊ ဥပါဒါန်သည် ရောင့်ရဲခြင်းနှင့် ဆန့်ကျင်ဘက်ဖြစ်၏၊ တဏှာသည် ရှာမှီးခြင်းကြောင့် ဖြစ်သော ဆင်းရဲခြင်း၏ အကြောင်းအရင်း ဖြစ်၏၊ ဥပါဒါန်သည် ရပြီးသော ဥစ္စာကို စောင့်ခြင်းကြောင့် ဖြစ်သော ဆင်းရဲခြင်း၏ အကြောင်းရင်းဖြစ်၏၊ ဤသည်လျှင် ထိုတဏှာ ဥပါဒါန် တို့၏ အထူးတည်း။

## ဘဝအဘွင့်

ဘဝသည် [၂] ကမ္မဘဝ ဥပပတ္တိဘဝ-ဟု နှစ်ပါးအပြားရှိ၏၊ ထိုနှစ်ပါးတို့တွင် ရှေးဦးစွာသော ကမ္မဘဝသည် ထိုကုသိုလ်ကံ

---

၁—**ဥပါဒါနပစ္စယာဘဝေါ**-၌ ဥပါဒါနအရ ဥပါဒါန်တရား လေးပါးကိုယူ။

၂—ဘဝအရ ကမ္မဘဝ, ဥပပတ္တိဘဝ ၂-ပါးကိုယူရ၏။ ချမ်းသာ အမျိုးမျိုး, ဆင်းရဲ အမျိုးမျိုးတို့၏ ဖြစ်ပေါ်ခြင်း၏ အကြောင်းဖြစ်သောကြောင့် စေတနာတရားသည် **ကမ္မဘဝ** မည်၏။ ထင်ရှားစွာ ဖြစ်ပေါ်လာသော ဝိပါက် ကမ္မဇရုပ်-ဟု ဆိုအပ်သော ကာမဘဝစသော အကျိုးတရားသည် **ဥပပတ္တိဘဝ**-မည်၏။ (အကြွင်းပေါ်လွင်ပြီ။)

အကုသိုလ်ကံ တည်းဟူသော အကြောင်းကြောင့် ဝိပါက်နာမက္ခန္ဓာ ကဋတ္တာရုပ်-ဟု ဆိုအပ်သော အကျိုးတရားသည် ဖြစ်တတ်၏၊ ထိုသို့ဖြစ်ကြောင်း ဖြစ်သော သတ္တိကြောင့် ဘဝမည်၏၊ ထိုကမ္မဘဝသည် ကာမာဝစရကုသိုလ် အကုသိုလ် အစရှိသည်တို့၏ အစွမ်းဖြင့် တခုယုတ်သုံးဆယ် အပြားရှိ၏၊ နှစ်ခုမြောက်သော ဥပပတ္တိဘဝသည်ကား-ကံကြောင့် ဖြစ်တတ်သောကြောင့် ဘဝမည်၏၊ ထိုဥပပတ္တိဘဝသည် ကာမဘဝ အစရှိသည်တို့၏ အစွမ်းဖြင့် ကိုးပါး အပြားရှိ၏၊ **ဥပါဒါန ပစ္စယာ ဘဝေါ**-ဟူသောပါဠ်၌ ဥပပတ္တိဘဝကိုလည်း အလိုရှိအပ်၏၊ **ဘဝပစ္စယာဇာတိ**-ဟူသော ပါဠ်၌ ကမ္မဘဝကိုသာလျှင် အလိုရှိအပ်၏၊ အဘယ့်ကြောင့် ဆိုသော် ထိုကမ္မဘဝသည် ပဋိသန္ဓေအား ကျေးဇူးပြုတတ်၏၊ ထို့ကြောင့် ကမ္မဘဝကိုသာ အလိုရှိအပ်၏၊ တပါးသော ဥပပတ္တိဘဝသည်ကား-ကျေးဇူးမပြုတတ်၊ အဘယ့်ကြောင့် ကျေးဇူးမပြုတတ်ပါသနည်း-ဟူမူ ထိုဥပပတ္တိဘဝသည် ရှေးဦးစွာ ဖြစ်ဆဲ ဖြစ်ကုန်သော ခန္ဓာတို့၏ သဘောသည် ဇာတိမည်၏၊ ထိုဇာတိ တရားသည်ပင် ထိုဇာတိမည်သော တရား၏ အကြောင်းဖြစ်ခြင်းငှါ မသင့်သောကြောင့်တည်း။

## ဇာတိ ဇရာ စသောအဘွင့်

ထိုထိုသို့သော သတ္တဝါတို့၏ ထိုထိုသို့သော ဂတိစသည်တို့၌ အတ္တဘောကို ရခြင်းသည် **ဇာတိ** မည်၏၊ ထိုသို့သော အခြင်းအရာ အားဖြင့် ဖြစ်သော အတ္တဘော၏ ဟောင်းနွမ်း ဆွေးမြေ့သည်၏ အဖြစ်သည် **ဇရာ** မည်၏၊ တဘဝဖြင့် ပိုင်းခြားအပ်သော ထိုအတ္တဘော၏ အဆုံးသည် **မရဏ** မည်၏၊ ဆွေမျိုးတို့၏ ပျက်စီးခြင်း အစရှိသည်တို့ဖြင့် နှိပ်စက်အပ်သော သူ၏ စိတ်ပူပန်ခြင်းသည် **သောက** မည်၏၊ ထိုဆွေမျိုးတို့၏ ပျက်စီးခြင်း အစရှိသည်တို့ဖြင့် နှိပ်စက်အပ်သော သူ၏သာလျှင် ဝစီဝိညတ်နှင့် တကွဖြစ်သော အထူးထူး အပြားပြားအားဖြင့် ဆိုသောအသံသည် **ပရိဒေဝ** မည်၏၊ ကိုယ်၌ဖြစ်သော ဒုက္ခဝေဒနာသည် **ဒုက္ခ** မည်၏၊ စိတ်၌ဖြစ်သော ဒုက္ခဝေဒနာသည် **ဒေါမနဿ** မည်၏၊ ဆွေမျိုးတို့၏ ပျက်စီးခြင်း

စသည်တို့ဖြင့် နှိပ်စက်အပ်သော သူ၏ အလွန်ပြင်းစွာသော စိတ်၏ ဆင်းရဲခြင်းကို ဖြစ်စေတတ်သော ပြင်းစွာသော ပင်ပန်းခြင်းသည် **ဥပါယာသ** မည်၏။

## အဝိဇ္ဇာ စသည် တို့၏ ပစ္စည်းအဖြစ်ဖြင့်ယူရပုံ

ဤပဋိစ္စသမုပ္ပါဒ်နည်း၌ ဝဋ္ဋ(အာရုံ အစရှိသောပစ္စည်း တပါး သည် ရှိသော်လည်း အဝိဇ္ဇာအစရှိသော တခုခုသောပစ္စည်းကို ဟောရခြင်း၏ ပြဓာန်းသည် အဖြစ်ကြောင့်၎င်း၊ ထင်ရှားသည် အဖြစ်ကြောင့်၎င်း ပြုအပ်၏-ဟု မှတ်အပ်၏။

## အဝိဇ္ဇာ၏ ပစ္စည်းဖြစ်ပုံ

ဤပဋိစ္စသမုပ္ပါဒ်နည်း၌ အဝိဇ္ဇာနုသယသည် အဖန်တလဲလဲ ဖြစ်စေအပ်သော သေက္ခပုဂ္ဂိုလ် ပုထုဇ္ဇန်ပုဂ္ဂိုလ်တို့၏ သန္တာန်၌ သာလျှင် သင်္ခါရတရားတို့၏ ဝိပါက်ခန္ဓာတို့ကို ရင့်ကျက်စေခြင်း သဘောရှိသည် အဖြစ်အားဖြင့် ဖြစ်ခြင်းကြောင့် အဝိဇ္ဇာ-ဟူသော အကြောင်းကြောင့် သင်္ခါရတို့သည် ဖြစ်ကုန်၏။ (အဝိဇ္ဇာရှိသူမှ သင်္ခါရဖြစ်နိုင်၏-ဟူလို)

## ဝိညာဏ် စသည်ဖြစ်ပုံ

ပဋိသန္ဓေ ဝိညာဏ် ကိုလည်း သင်္ခါရတို့သည် ဖြစ်စေအပ်သည် ဖြစ်၍ ဘဝတပါး၌ တည်၏၊ အကြောင်းသော်ကား–ဇနကဖြစ်သော အကြောင်းမရှိသည်ရှိသော် ထိုဝိညာဏ်၏ ဖြစ်ပေါ်လာခြင်းသည် မရှိရာသောကြောင့် သင်္ခါရ-ဟူသော အကြောင်းကြောင့် ပဋိသန္ဓေ ဝိညာဏ်ဖြစ်၏-ဟူလို။ နာမ်ရုပ်သည် ရှေ့သွား ပြဓာန်းသည်လည်း ဖြစ်သော တည်ရာလည်းဖြစ်သော ပဋိသန္ဓေဝိပါက်ဝိညာဏ်သည် ထောက်ပံ့ ခိုင်စေအပ်သည်ဖြစ်၍ ပဋိသန္ဓေအခါ ပဝတ္တိအခါတို့၌ တည်တတ်၏၊ ထို့ကြောင့် ဝိညာဏ်-ဟူသော အကြောင်းကြောင့် နာမ်ရုပ်ဖြစ်၏-ဟူလို။ သဠာယတနသည်လည်း နာမ်ရုပ်-ဟူသော အကြောင်းရှိသည် ဖြစ်၍ ခြောက်ပါးအပြားရှိသော ဖဿ၏

အကြောင်း၏ အဖြစ်ဖြင့် ထိုက်သည်အားလျော်စွာ ဖြစ်၏၊ တပါးသော အကြောင်းအားဖြင့် မဖြစ်၊ ထို့ကြောင့် နာမ်ရုပ်-ဟူသော အကြောင်းကြောင့် သဠာယတနဖြစ်၏-ဟူလို။ ဖဿသည်လည်း သဠာယတန ဖြစ်သည် ရှိသော်သာလျှင် အာရုံကို တွေ့ထိနိုင်၏၊ အကြောင်းသော်ကား—ဒွါရမရှိသည်ရှိသော် ထိုဖဿ၏ ဖြစ်ခြင်း မရှိရာသောကြောင့် သဠာယတန ဖြစ်မှသာလျှင် အာရုံကို တွေ့ထိနိုင်၏၊ ထို့ကြောင့် သဠာယတန-ဟူသော အကြောင်းကြောင့် ဖဿဖြစ်၏ ဟူလို။ ဣဋ္ဌာရုံ အနိဋ္ဌာရုံ ဣဋ္ဌမဇ္ဈတ္တာရုံ-ဟု ဆိုအပ်သော အာရုံကိုလည်းထိ၍သာလျှင် ဝေဒနာကို ခံစားနိုင်၏၊ မထိမူ၍ မခံစားနိုင်၊ ထို့ကြောင့် ဖဿ-ဟူသော အကြောင်းကြောင့် ဝေဒနာဖြစ်၏-ဟူလို။ ခံစားအပ်ကုန်သော တရားတို့၌လည်း တပ်နှစ်သက်သည်ဖြစ်၍ အဖန်တလဲလဲ တပ်နှစ်သက်ဘွယ်-ဟု ရှုလေ့ရှိသော သတ္တဝါအပေါင်းအား ဝေဒနာ အကြောင်းရှိသည်ဖြစ်၍ တဏှာသည် ဖြစ်၏၊ ထို့ကြောင့် ဝေဒနာ-ဟူသော အကြောင်းကြောင့် တဏှာ ဖြစ်၏-ဟူလို။ သတ္တဝါတို့သည် တဏှာ-ဟု ဆိုအပ်သော ချစ်ခြင်းဖြင့် တပ်နှစ်သက်ကုန်သည် ဖြစ်၍ ဥပါဒါန်တရားတို့၏ အာရုံဖြစ်ကုန်သော တရားတို့၌ မြဲမြံစွာ စွဲလမ်းခြင်းငှါ ဖြစ်ကုန်၏၊ အကြောင်းသော်ကား—သတ္တဝါတို့သည် တဏှာဖြင့် ရူပါရုံစသည်တို့ကို သာယာကုန်၍ သာယာကုန်၍ ကာမဂုဏ်ငါးပါးတို့၌ တဏှာဖြင့်ခံစားခြင်းသို့ ရောက်ကုန်၏၊ ထို့ကြောင့် တဏှာသည်ကာမုပါဒါန်၏ အကြောင်း ဖြစ်၏၊ ထို့အတူ ရူပါရုံ အစရှိသည် အပြားရှိသော အာရုံ၌ တပ်နှစ်သက်သော သတ္တဝါသည် ပေးလှူအပ်သော ကုသိုလ်၏ အကျိုးသည် မရှိ၊ ဤသို့ အစရှိသဖြင့် မိစ္ဆာအယူကိုရင်း၊ သံသရာမှ လွတ်ခြင်းငှါ အလိုရှိသည်ဖြစ်၍ သံသရာမှ စင်ကြယ်ခြင်း၏ အကြောင်းမဟုတ်သည်၌ သံသရာမှ စင်ကြယ်ခြင်း၏ အကြောင်း-ဟူ၍ မှားသောအားဖြင့် စွဲလမ်းခြင်းကိုရင်း၊ ဥပါဒါနက္ခန္ဓာတို့၌ ငါ၏ကိုယ် ငါ၏ကိုယ်နှင့်စပ်၍ ဖြစ်ခြင်း-ဟူ၍ စွဲလမ်းကြောင်းဖြစ်၍ ဖြစ်သော အတ္တဝါဒအယူနှစ်ခုတို့၏ အကြောင်းကိုရင်း စွဲယူ၏၊ ထို့ကြောင့် တဏှာသည် ဒိဋ္ဌုပါဒါန် အစရှိသည်တို့၏ အကြောင်းဖြစ်၏၊ ထို့ကြောင့် တဏှာဟူသော အကြောင်းကြောင့် ဥပါဒါန်ဖြစ်၏-ဟူလို။ ထိုက်သည်အား

လျော်စွာ သမ္ပယောဂ အနုသယတို့၏ အစွမ်းဖြင့် ဥပါဒါန်၌ တည်ကုန်သော သတ္တဝါတို့သည် ကုသိုလ်ကံ အကုသိုလ်ကံကို အားထုတ်ခြင်းငှါ ဖြစ်ကုန်၏၊ ထို့ကြောင့် ဥပါဒါန်သည် ဘဝ၏ အကြောင်းဖြစ်၏၊ ဥပပတ္တိဘဝ-ဟု ဆိုအပ်သော ဇာတ်ကိုလည်း ကမ္မဘဝလျှင် အကြောင်းရှိသည်ဖြစ်၍ မျိုးစေ့ကြောင့် အညွန့်ကို ရအပ်သကဲ့သို့ ထိုထိုသို့သော ဘဝ၌ အဖန်တလဲလဲ ရအပ်၏၊ ထို့ကြောင့် ကမ္မဘဝသည် ဇာတိ၏ အကြောင်းဖြစ်၏-ဟူလို ဇာတိသည် ရှိသော်သာ ဇရာမရဏသည် ဖြစ်၏၊ အကြောင်းကား-ပဋိသန္ဓေ မတည် မဖြစ်ကုန်သော သတ္တဝါတို့အား ဇရာ မရဏ၏ ဖြစ်ခြင်းသည် မရှိသောကြောင့်တည်း၊ ထို့ကြောင့် ဇာတိသည် ဇရာမရဏတို့၏ အကြောင်းဖြစ်၏၊ ဤသို့ အကြင်အကြင် ဆိုအပ်ခဲ့ပြီးသောနည်းဖြင့် ထိုသင်္ခါရအစ ဇရာ မရဏ အဆုံး ရှိကုန်သော ပစ္စယုပ္ပန်တရားတို့၏ ထိုအဝိဇ္ဇာ အစရှိသော ပစ္စည်းတရားဖြစ်သည် ရှိသော် သင်္ခါရ အစရှိသော ပစ္စယုပ္ပန်တရားတို့၏ ဖြစ်ခြင်းကို မှတ်အပ်၏။

**ဝေမေတဿ ။ပ။ သမုဒယောဟောတိ**-ဟူသည်ကား၊ အကြင် အကြင် ဆိုအပ်ပြီးသော ပစ္စည်းအဆက်ဆက်-ဟု ဆိုအပ်သော အကြောင်းကြောင့် ဝဋ္ဋ-ဟု ဆိုအပ်သောသုခ စသည်တို့နှင့် မရောသော၊ တနည်းကား—အလုံးစုံသော ထိုဒုက္ခအစု၏သာ ဖြစ်ခြင်း ဖြစ်၏၊ ချမ်းသာမှု သုခ, တင့်တယ်မှု သုဘတို့၏ ဖြစ်ခြင်း မဟုတ်ပေ၊ ဗိဿနိုးနတ် ထာဝရဘုရားအစရှိသည်တို့သည် ဖန်ဆင်းခြင်း အစ ရှိသော အကြောင်းကြောင့်လည်း ဤဝဋ္ဋဆင်းရဲ ဒုက္ခအစုဖြစ်သည် မဟုတ်၊ **ဣဓ**-အရ ဤပစ္စယသင်္ဂဟ အရာ၌-ဟု အနက်ပေး။

---

### အစွန့်စသည်အပြား

၅။ ။**တတ္ထ တယော အဒ္ဓါ, ဒွါဒသင်္ဂါနိ, ဝီသတာကာရာ, တိသန္ဓိ, စတုသင်္ခေပါ, တီဏိ ဝဋ္ဋာနိ, ဒွေမူလာနိ စ ဝေဒိတဗ္ဗာနိ။**

ထိုပဋိစ္စသမုပ္ပါဒ်နည်း၌ သုံးပါးကုန်သော အဓွန့်ကာလတို့ကိုင်၄်း၊ ၁၂-ပါးကုန်သော အင်္ဂါတို့ကိုင်၄်း၊ နှစ်ဆယ်သော အခြင်းအရာတို့ကိုင်၄်း၊ သုံးပါးသော အစပ်တို့ကိုင်၄်း၊ လေးပါးသော အလ္လာတို့ကိုင်၄်း၊ သုံးပါးသော ဝဋ္ဋတို့ကိုင်၄်း၊ နှစ်ပါးသော မူလတို့ကိုင်၄်း၊ သိအပ်ကုန်၏။

---

**အဓွန့် အဘွင့်**

၅။ ။အမြဲဖြစ်တတ်သောကြောင့် ကာလသည် **အဓွန့်**[၁] မည်၏။

---

**အဓွန့် သုံးပါး**

**၆။ ။ကထံ အဝိဇ္ဇာ သင်္ခါရာ အတီတော အဒ္ဓါ၊ ဇာတိ ဇရာ မရဏံ အနာဂတော အဒ္ဓါ၊ မဇ္ဈေ အဋ္ဌ ပစ္စုပ္ပန္နော အဒ္ဓါတိ တယော အဒ္ဓါ။**

အဘယ်သို့ သိအပ်ပါသနည်းဟူမူ-အဝိဇ္ဇာနှင့် သင်္ခါရတို့သည် အတိတ်ဖြစ်သော ကာလ မည်ကုန်၏၊ ဇာတိ ဇရာ မရဏသည် အနာဂတ်ဖြစ်သော ကာလ မည်၏၊ အလယ်၌ ရှစ်ပါးကုန်သော ဝိညာဏ်,နာမ်ရုပ်,သဠာယတန, ဖဿ, ဝေဒနာ, တဏှာ, ဥပါဒါန်, ဘဝတို့သည် ပစ္စုပ္ပန်ဖြစ်သော ကာလမည်၏၊ ဤသို့ သုံးပါးကုန်သော ကာလတို့ကို သိအပ်ကုန်၏။

---

**အဓွန့်သုံးပါး အဘွင့်**

၆။ ။ဤအဝိဇ္ဇာ သင်္ခါရ စသောစကား၌ အတိတ်ဘဝ၌ အကျုံးဝင်သော အကြောင်းဖြစ်ကုန်သော တရားတို့ကိုသာလျှင် အလိုရှိအပ်သည် အဖြစ်ကြောင့် အဝိဇ္ဇာ သင်္ခါရတို့သည် အတိတ်

---

၁-အတိတ်, အနာဂတ်, ပစ္စုပ္ပန် ကာလသုံးပါးသည် အမြဲမပြတ်ဖြစ်တတ်သောကြောင့် **အဓွန့်** မည်၏။

ဖြစ်သော ကာလ ၁ မည်၏၊ **အဒ္ဓါ** သဒ္ဒါဖြင့် အဝိဇ္ဇာ အစရှိကုန်သော တရားတို့ကိုသာလျှင် ယူရ၏၊ အကြောင်းကား-အဝိဇ္ဇာ စသော တရားမှလွတ်သော တစုံတခုသော ကာလကို မရအပ်သောကြောင့် တည်း၊ ထိုစကား မှန်၏၊ ဖြစ်ကုန်ပြီးသော တရား, မဖြစ်ကုန်သေး သောတရားတို့ကို အတိတ်ကာလ အနာဂတ်ကာလ-ဟု ခေါ်ဆို ကြကုန်၏၊ ဥပါဒ် အစရှိသော ခဏငယ်သုံးခု အပေါင်း၌ အကျုံး ဝင်ကုန်သော တရားတို့ကိုသာလျှင် ပစ္စုပ္ပန်ကာလဖြင့် ခေါ်ဆို ကြကုန်၏။

ဇာတိ ဇရာ မရဏသည် ပစ္စုပ္ပန် အကြောင်းကြောင့် အနာဂတ် ကာလ၌ ဖြစ်တတ်သောကြောင့် အနာဂတ် အဒ္ဓန့်ကာလ ၂ မည်၏၊ အလယ်၌ အင်္ဂါရှစ်ပါးတို့သည် ပစ္စုပ္ပန် အဒ္ဓန့်ကာလ မည်၏၊ အကြောင်းသော်ကား-အတိတ်အကြောင်းကြောင့် ပစ္စုပ္ပန်ဘဝ၌ ဖြစ်ဆဲ ဖြစ်သော အကျိုးသဘောရှိသည် အဖြစ်ကြောင့်၎င်း၊ အနာဂတ် အကျိုး၏လည်း ဤပစ္စုပ္ပန်ဘဝ၌ အကြောင်းသဘော ရှိသည် အဖြစ်ကြောင့် အလယ်၌ ဖြစ်ကုန်သော ဝိညာဏ် အစရှိ ကုန်သော အင်္ဂါရှစ်ပါးတို့သည် ပစ္စုပ္ပန်ဖြစ်သော အဒ္ဓန့်ကာလ ၃ မည်၏။

---

## ၈။ ။သောကာဒိဝစနံ ပနေတ္ထ နိဿန္ဒဖလ နိဒဿနံ။

ဤပဋိစ္စသမုပ္ပါဒ်နည်း၌ သောက အစရှိသော စကားကို ဆိုခြင်း သည် ဇာတိ၏ မုချမဟုတ်သော အကျိုးဆက်မျှကို ပြခြင်း ဖြစ်၏။

---

၁-အတိတ်ဘဝ၌ အကျုံးဝင်သော အဝိဇ္ဇာသင်္ခါရ-ဟူသော အကြောင်းတို့ကို သာလျှင် အလိုရှိအပ်သည်၏ အဖြစ်ကြောင့် အဝိဇ္ဇာနှင့် သင်္ခါရတို့သည် အတိတ်ဖြစ်သော ကာလ မည်၏။

၂-ပစ္စုပ္ပန်ဘဝ၌ အကျုံးဝင်သော တဏှာ ဥပါဒါန် အစရှိသော အကြောင်းကြောင့် အနာဂတ်ဘဝ ဖြစ်လတ္တံ့သောကြောင့် ဇာတိ ဇရာ မရဏသည် အနာဂတ်ဖြစ်သော ကာလ မည်၏။

၃-အတိတ်အကြောင်းကြောင့် ဤပစ္စုပ္ပန်ဘဝ၌ ဖြစ်ဆဲအကျိုး သဘော ရှိသောကြောင့် ၎င်း, အနာဂတ်အကျိုး ငါးပါး၏ ဤပစ္စုပ္ပန်ဘဝ၌ အကြောင်းသဘော ရှိသောကြောင့်၎င်း, ဝိညာဏ်စသည်တို့ကို ပစ္စုပ္ပန်ကာလ မည်၏-ဟူလို။

၇။ ။**သောကပရိဒေဝ**–အစရှိသည် တို့ကိုလည်း အင်္ဂါ၏ အဖြစ်ဖြင့် ဆိုအပ်ကုန်သည် မဟုတ်ပါလော၊ ဤသို့သော စောဒနာခြင်းကို နှလုံးထားတော်မူ၍ "**သောကာဒိဝစနံ**" ဤသို့ အစရှိသော စကားကို မိန့်ဆိုပြီ၊ သောက အစရှိသော စကားကို ဆိုရခြင်းသည် ပဋိသန္ဓေ၏ မုချ မဟုတ်သော အကျိုးမျှကို ပြခြင်းတည်း၊ အသီးအခြား အင်္ဂါကို ပြခြင်းမဟုတ်၊ ဤသို့သော အနက်ကို မှတ်အပ်၏။

---

၈။ ။**အဝိဇ္ဇာ သင်္ခါရဂ္ဂဟဏေန ပနေတ္ထ တဏှုပါဒါန ဘဝါပိ ဂဟိတာ ဘဝန္တိ**။

ဤ ၁၂-ပါးသော အင်္ဂါတို့တွင် အဝိဇ္ဇာ သင်္ခါရကို ယူသဖြင့် တဏှာ, ဥပါဒါန်, ဘဝတို့ကိုလည်း ယူအပ်ကုန်၏။

---

၉။ ။**တဏှုပါဒါန။ ပ။ ဟောန္တိ**-ဟူသည်ကား ကိလေသာ အဖြစ်ခြင်း တူသည်အဖြစ်ကြောင့် အဝိဇ္ဇာကို ယူသဖြင့် တဏှာ ဥပါဒါန်တို့ကိုလည်း[၁] ယူအပ်ကုန်၏၊ ကံအဖြစ်ချင်း တူသည်အဖြစ်ကြောင့် သင်္ခါရကိုယူသဖြင့် ကမ္မဘဝကိုလည်း[၂] ယူအပ်၏။

---

၁၀။ ။**တထာ တဏှုပါဒါန ဘဝဂ္ဂဟဏေန စ အဝိဇ္ဇာ သင်္ခါရာ**။

ထို့အတူ တဏှာ ဥပါဒါန်ဘဝတို့ကို ယူသဖြင့်လည်း အဝိဇ္ဇာ သင်္ခါရတို့ကို ယူအပ်ကုန်၏။

---

၁–အဝိဇ္ဇာနှင့် တဏှာ ဥပါဒါန်တို့သည် ကိလေသာ အဖြစ်ခြင်း တူသောကြောင့် အဝိဇ္ဇာကို ယူသဖြင့် တဏှာနှင့် ဥပါဒါန်တို့ကို ယူရ၏။

၂–သင်္ခါရနှင့် ကမ္မဘဝတို့သည် ကံအဖြစ်ချင်း တူသောကြောင့် သင်္ခါရကို ယူသဖြင့် ကမ္မဘဝကိုလည်း ယူအပ်၏-ဟူလို။

၁၀။ ။ထို့အတူ တဏှာ,ဥပါဒါန်, ဘဝတို့ကို ယူသဖြင့်လည်း အဝိဇ္ဇာ သင်္ခါရတို့ကို [၁] ယူအပ်ကုန်၏၊ ဤသို့ အနက်စပ်ခြင်းကို သိအပ်၏၊ ဤစကား၌လည်း ဆိုအပ်ပြီးသော နည်းဖြင့် ထိုတဏှာ, ဥပါဒါန်, ကမ္မဘဝ တို့ကို ယူသဖြင့် ထိုအဝိဇ္ဇာ သင်္ခါရတို့ကို ပေါင်းယူခြင်းကို မှတ်အပ်၏။

---

**၁၁။ ။ဇာတိ, ဇရာ, မရဏဂ္ဂဟဏေန စ ဝိညာဏာဒိ ဖလပဥ္စကမေဝ ဂဟိတန္တိ ကတွာ။**

ဇာတိ, ဇရာ, မရဏကို ယူသဖြင့်လည်း ဝိညာဏ် အစရှိသော အကျိုး ငါးပါး အပေါင်းကိုသာလျှင် ယူအပ်၏၊ ထို့ကြောင့်—

---

၁၁။ ။ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာတို့၏ ဖြစ်ဆဲ ရင့်ဆဲ ပျက်ဆဲ မျှကိုသာလျှင် ဇာတိ,ဇရာ, မရဏ [၂] ဟူ၍လည်း ဆိုအပ်၏၊ ဤသို့ နှလုံးထား၍ "ဇာတိ ဇရာ မရဏေနာတိ အာဒိ-ဝစနံ" ဤသို့ အစရှိသော စကားကို မိန့်ဆိုပြီ။

---

## အခြင်းအရာ-၂၀

**၁၂။ ။အတီတေ ဟေတဝေါ ပဉ္စ၊ ဣဒါနိ ဖလပဉ္စကံ။**
**ဣဒါနိ ဟေတဝေါ ပဉ္စ၊ အာယတိံ ဖလပဉ္စကန္တိ။**
**ဝီသတာကာရ တိသန္ဓိ၊ စတုသင်္ခေပါ စ ဘဝန္တိ။ ။**

လွန်လေပြီးသော ဘဝ၌ ငါးပါးကုန်သော အကြောင်းတို့ရင်း၊ ယခုပစ္စုပ္ပန်ဘဝ၌ အကျိုး ငါးပါး အပေါင်းရင်း၊ ယခုပစ္စုပ္ပန်ဘဝ၌ ငါးပါးသော အကြောင်းတို့ရင်း၊ နောင်လာလတ္တံ့သော ဘဝ၌

---

၁—တဏှာ ဥပါဒါန် ဘဝကို ယူသဖြင့် အဝိဇ္ဇာသင်္ခါရကို ယူရာ၌လည်း အထက်ပါ အတိုင်းမှတ်။

၂—ဇာတိ ဇရာ မရဏ-ဟူသည် တရားကိုယ် အသီးအခြားမရှိ၊ ဝိညာဏ်, နာမ်, ရုပ်, သဠာယတန, ဖဿ, ဝေဒနာတို့၏ ဖြစ်ဆဲ, ရင့်ဆဲ, ပျက်ဆဲ အခိုက်အတန့်သာဖြစ်၍ ဇာတိ ဇရာ မရဏကို ယူသဖြင့် ဝိညာဏ်စသော အကျိုးတရား ငါးပါးကို ယူရ၏-ဟူလို။

အကျိုး ငါးပါး အပေါင်းငှင်း၊ ဤသို့ ၂၀-သော အခြင်းအရာတို့သည်ငှင်း၊ သုံးပါးသော အစပ်တို့သည်ငှင်း၊ လေးပါးသော အလွှာတို့သည်ငှင်း ဖြစ်ကုန်၏။

---

## အခြင်းအရာ ၂၀-အဘွင့်

၁၂။ ။**အတီတေ ဟေတဝေါ ပဉ္စ**—ဟူသည်ကား၊ သရုပ်အားဖြင့် ဆိုအပ်ကုန်သော နှစ်ပါးကုန်သော အဝိဇ္ဇာ သင်္ခါရတို့ကို ပေါင်းသည်၏ အစွမ်းဖြင့် ယူအပ်ကုန်သော သုံးပါးကုန်သော တဏှာ, ဥပါဒါန်, ဘဝတို့၏ အစွမ်းဖြင့် ပစ္စုပ္ပန်အကျိုးအား ကျေးဇူးပြုကုန်သော အတိတ်ဘဝ၌ ဖြစ်ကုန်သော အကြောင်းတို့သည် ငါးပါးတို့တည်း။

**ဣဒါနိ ဖလပဉ္စကံ**—ဟူသည်ကား၊ အတိတ်ဖြစ်သော အကြောင်း ငါးပါးကြောင့် ဤပစ္စုပ္ပန်ဘဝ၌ ဖြစ်သော ဝိညာဏ် အစရှိသော အကျိုးငါးပါးအပေါင်းသည် ဖြစ်၏။

**ဣဒါနိ ဟေတဝေါ ပဉ္စ**—ဟူသည်ကား၊ သရုပ်အားဖြင့် ဆိုအပ်ကုန်သော တဏှာ အစရှိကုန်သော သုံးပါးတို့ကို တပေါင်းတည်း ယူသောအားဖြင့် ရအပ်ကုန်သော အဝိဇ္ဇာ သင်္ခါရ-ဟု ဆိုအပ်ကုန်သော နှစ်ပါးတို့၏အစွမ်းဖြင့် နောင်အနာဂတ် ဘဝ၌ အကျိုးတရားငါးပါးအား ကျေးဇူးပြုတတ်ကုန်သော ဤပစ္စုပ္ပန်ဘဝ၌ အကြောင်းတရားတို့သည် ငါးပါးတို့တည်း။

**အာယတိံ ဖလပဉ္စကံ**—ဟူသည်ကား၊ ဇာတိ, ဇရာ, မရဏကို ယူသဖြင့် ဆိုအပ်သော ပစ္စုပ္ပန်ဖြစ်သော အကြောင်းငါးပါးကြောင့် အနာဂတ်ဘဝ၌ ဖြစ်လတ္တံ့သော ဝိညာဏ် အစရှိသော အကျိုး ငါးပါးသည် ဖြစ်၏၊ ထို့ကြောင့် ဤဆိုအပ်ပြီးသော အပြားအားဖြင့် နှစ်ဆယ် အတိုင်းအရှည်ရှိသော တရားတို့သည် အတိတ် အစရှိသည့်

တို့တွင် ထိုထိုသော အတိတ်ဖြစ်သော အကြောင်း အစရှိသည်၌ ထည့်လောင်းအပ်သောကြောင့် **အာကာရ**[၁] မည်ကုန်၏။

## အစပ် ၃-ပါးအဘွင့်

အတိတ် အကြောင်းတို့၏၎င်း၊ ဤပစ္စုပ္ပန်ဘဝ၌ အကျိုးငါးပါး အပေါင်း၏၎င်း အကြား၌ တခုသော အစပ်တည်း၊ ဤပစ္စုပ္ပန် ဘဝ၌ အကျိုးငါးပါး အပေါင်း၏၎င်း၊ ဤပစ္စုပ္ပန်ဘဝ၌ အကြောင်းတို့၏ ၎င်း အကြား၌ တခုသောအစပ်တည်း၊ ဤပစ္စုပ္ပန်ဘဝ၌ အကြောင်း တို့၏၎င်း၊ အနာဂတ်ကာလ၌ အကျိုး၏၎င်း အကြား၌ တခုသော အစပ်တည်း၊ ဤသို့သော အပြားအားဖြင့် အစပ်သုံးပါးတို့[၂] ဖြစ်ကုန်၏၊ ထိုစကား မှန်၏၊ သင်္ခါရ ဝိညာဏ်တို့၏ အကြား၌ တခုသော အစပ်တည်း၊ ဝေဒနာ,တဏှာတို့၏ အကြား၌ တခုသော အစပ်တည်း၊ ဘဝ,ဇာတိတို့၏ အကြား၌ တခုသော အစပ်တည်း ဟူသော ဤစကားကို **သမ္မောဟဝိနောဒနီအဋ္ဌကထာ** ၌ မိန့်ဆို အပ်၏။

ယင်းစကားကို အကျယ်ချဲ့၍ ပြဆိုဦးအံ့—ထို သုံးပါးသော အစပ်တို့တွင် အကြောင်းကြောင့် အကျိုး၏ မပြတ်သော ဖြစ်ခြင်း ရှိသည့် အဖြစ်ကြောင့် အကြောင်းနှင့် အကျိုး စပ်၍ ဖြစ်သော ရှေးဦးစွာသော အစပ်သည် ဖြစ်၏၊ ထို့အတူ တတိယ အစပ် သည်လည်း ဖြစ်၏၊ နှစ်ခုတို့၏ ပြည့်ကြောင်းဖြစ်သော အစပ် သည်ကား—အကျိုးတရားကြောင့် အကြောင်းတရား၏ မပြတ်သော ဖြစ်ခြင်းရှိသည့် အဖြစ်ကြောင့် အကျိုးအကြောင်း၏ စပ်ခြင်းဖြစ်၍

၁—အဝိဇ္ဇာ, သင်္ခါရ, တဏှာ, ဥပါဒါန်, ကမ္မဘဝ-ဟူသော အတိတ်အကြောင်း ငါးပါး၊ ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ-ဟူသော ပစ္စုပ္ပန်အကျိုး ငါးပါး၊ တဏှာ, ဥပါဒါန်, ကမ္မဘဝ, အဝိဇ္ဇာ, သင်္ခါရ-ဟူသော ပစ္စုပ္ပန်အကြောင်း ငါးပါး၊ဇာတိ, ဇရာ, မရဏ-သဘော ဖြစ်သော ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ-ဟူသော အနာဂတ်အကျိုး ငါးပါး၊ ပေါင်း အခြင်းအရာ ၂၀-ဖြစ်၏။

၂—အတိတ်အကြောင်း၏ အဆုံးဖြစ်သော သင်္ခါရနှင့် ပစ္စုပ္ပန်အကျိုး၏ အစဖြစ်သော ဝိညာဏ်သည် တစပ်၊ ပစ္စုပ္ပန် အကျိုး၏ အဆုံးဖြစ်သော ဝေဒနာနှင့် ပစ္စုပ္ပန် အကြောင်း၏ အစဖြစ်သော တဏှာသည် တစပ်။ ပစ္စုပ္ပန် အကြောင်း၏ အစဖြစ်သော ဘဝနှင့်အနာဂတ် အကျိုး၏ အစဖြစ်သော ဇာတိသည် တစပ်၊ ဤသို့အားဖြင့် အစပ်သုံးပါး ဖြစ်၏။

ဖြစ်သော တခုသော အစပ်ဖြစ်၏၊ အကြောင်းအကြောင်းကြောင့် အကျိုးဖြစ်သော တရားသည်လည်း တပါးသော အကြောင်းသဘောရှိသော တရား၏ အကြောင်း ဖြစ်သောကြောင့် အကျိုးကြောင့်လည်း အကြောင်းသည် မပြတ် ဖြစ်နိုင်၏။

## အလ္လာ ၃-ပါးအတွင့်

ဤကံ၏ အကျိုး တရားတို့၌ အဝိဇ္ဇာ အစရှိသည်တို့ကိုဎင်း၊ ဝိညာဏ် စသည်တို့ကိုဎင်း ပေါင်းအပ်ကုန်၏၊ ထိုသို့ ပေါင်းရာဖြစ်သော သတ္တိကြောင့် **သင်္ခေပ** မည်၏၊ အတိတ်ဖြစ်သော အကြောင်းဎင်း၊ ဤပစ္စုပ္ပန်၌ အကျိုးဎင်း၊ ဤပစ္စုပ္ပန်၌ အကြောင်းဎင်း၊ အနာဂတ်၌ အကျိုးဎင်း၊ ဤသို့သော အပြားအားဖြင့်လေးပါးကုန်သော အလ္လာတို့သည် ဖြစ်ကုန်သောကြောင့် **စတုသင်္ခေပ**[၁] မည်ကုန်၏။

---

**၁၃။ ။အဝိဇ္ဇာ တဏှုပါဒါနာ စ ကိလေသဝဋ္ဋံ၊ ကမ္မဘဝ- သင်္ခါတော ဘဝေကဒေသော သင်္ခါရာ စ ကမ္မဝဋ္ဋံ၊ ဥပပတ္တိဘဝသင်္ခါတော ဘဝေကဒေသော အဝ- သေသာ စ ဝိပါကဝဋ္ဋန္တိ တီဏိ ဝဋ္ဋာနိ။ ။**

အဝိဇ္ဇာသည်ဎင်း၊ တဏှာ, ဥပါဒါန်တို့သည်ဎင်း ကိလေသဝဋ္ဋ[၂] မည်၏၊ ကမ္မဘဝ-ဟု ဆိုအပ်သော ဘဝတစိတ်သည်ဎင်း၊ သင်္ခါရတို့သည်ဎင်း ကမ္မဝဋ္ဋ[၃] မည်၏၊ ဥပပတ္တိဘဝ-ဟု ဆိုအပ်သော

---

၁—အတိတ်အကြောင်း ငါးပါးသည် တလ္လာ၊ ပစ္စုပ္ပန်အကျိုး ငါးပါးသည် တလ္လာ၊ ပစ္စုပ္ပန်အကြောင်း ငါးပါးသည် တလ္လာ၊ အနာဂတ်အကျိုး ငါးပါးသည် တလ္လာ၊ ပေါင်း လေးလ္လာ ဖြစ်၏၊ အကျဉ်းချုံး၍ ပေါင်းရုံး ရေတွက်ရာ ဖြစ်သောကြောင့် အလ္လာမည်၏-ဟု မှတ်။

၂—အဝိဇ္ဇာ, တဏှာ, ဥပါဒါန် ၃-ပါးသည် ကိလေသာတရား ဖြစ်၍ ကိလေသဝဋ္ဋ မည်၏။

၃—ကမ္မဘဝနှင့် သင်္ခါရ ၂-ပါးသည် ကံ-တရားများဖြစ်၍ **ကမ္မဝဋ္ဋ** မည်၏၊ ထိုတွင် အနာဂတ်ဘဝ ပဋိသန္ဓေ၏ အကြောင်းဖြစ်သော စေတနာသည် ကမ္မဘဝ မည်၏၊ ယခု ပစ္စုပ္ပန်ဘဝ ပဋိသန္ဓေ၏ အကြောင်းဖြစ်သော ရှေးရှေးဘဝ စေတနာသည် သင်္ခါရ မည်၏၊ **ဘဝေကဒေသော** ပါဌ်ဖြင့် ဘဝ-ဟူသည် ကမ္မဘဝ, ဥပပတ္တိဘဝ-ဟု ၂-မျိုးရှိသဖြင့် ကမ္မဘဝသည် ဘဝတစိတ်သာ ဖြစ်၏-ဟူသော အဓိပ္ပါယ်ကို ပြ၏။

ဘဝတစိတ်သည်ငှင်း၊ ဆိုအပ်ပြီးသည်မှ ကြွင်းကုန်သော ဝိညာဏ်, နာမ် ရုပ်, သဠာယတန, ဖဿ, ဝေဒနာ, ဇာတိ, ဇရာ, မရဏ တို့သည်ငှင်း ဝိပါကဝဋ်[၁] မည်ကုန်၏၊ ဤသို့ သုံးပါးသော ဝဋ်တို့ကိုသိအပ်ကုန်၏။

---

## ဝဋ် ၃-ပါးအဘွင့်

၁၃။ **ကမ္မဘဝသင်္ခါတော ဘဝေကဒေသော**-ဟူသောပါဠိ၌ နောင်အနာဂတ်ဘဝ၌ ပဋိသန္ဓေအား နာနာက္ခဏိက ကမ္မပစ္စယ သတ္တိဖြင့် ကျေးဇူးပြုတတ်သော စေတနာသည် **ဘဝ** မည်၏၊ ရှေး အတိတ်ဖြစ်သော ကမ္မဘဝကြောင့် ဖြစ်ရာဖြစ်သော အတ္တဘော၌ ဖြစ်သော ဤပစ္စုပ္ပန်ဘဝ၌ ပဋိသန္ဓေအကြောင်းဖြစ်သော စေတနာ သည် **သင်္ခါရ** မည်၏၊ ဤသို့ သိအပ်၏။ (အတိတ်စေတနာသည် သင်္ခါရ, ပစ္စုပ္ပန်စေတနာသည် ကမ္မဘဝ)

**အဝသေသာစ**—ဟူသည်ကား၊ ဝိညာဏ် စသော ငါးပါးတို့၏ အပေါင်း, ဇာတိ, ဇရာ, မရဏ တို့၏အစွမ်းအားဖြင့် ခုနစ်ပါးအပြား ရှိကုန်သော ပစ္စုပ္ပန်အကျိုး၏ အစွမ်းဖြင့် ဟောတော်မူအပ်သော တရားတို့သည် အဝသေသာ မည်ကုန်၏။

**ဥပပတ္တိဘဝသင်္ခါတော ဘဝေကဒေသော**-ဟူသော ဤပါဠိ၌ ကား-အနာဂတ်၌ အကျုံးဝင်ကုန်သော ဝိညာဏ် နာမ်ရုပ် သဠာယတန, ဖဿ, ဝေဒနာ, ဇာတိ, ဇရာ,မရဏ တို့၏အစွမ်းဖြင့် ခုနစ်ပါးသော တရားတို့ကို သိအပ်ကုန်၏။

**ဥပါဒါနပစ္စယာဘဝေါ**-ဟူသောပါဠိ၌ ဘဝသဒ္ဒါဖြင့် ကမ္မ-ဘဝကိုလည်း ဟောအပ်သည် အဖြစ်ကြောင့် **ဘဝေကဒေသ** သဒ္ဒါ ကို အရှင်အနုရုဒ္ဓါဆရာသည် မိန့်ဆိုအပ်၏။

---

၁—ဥပပတ္တိဘဝနှင့် ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ, ဇာတိ, ဇရာ, မရဏဘို့သည် အကျိုးတရား ဖြစ်၍ ဝိပါကဝဋ် မည်၏၊ သံသရာ၌ မပြတ်မတည် ချာချာ လည်စေတတ်သောကြောင့် ဝဋ်မည်၏-ဟုမှတ်။

## ဝဋ်မြစ် ၂-ပါး

**၁၄။ အဝိဇ္ဇာ တဏှာဝသေန ဒွေမူလာနိ စ ဝေဒိတဗ္ဗာနိ။**

အဝိဇ္ဇာ တဏှာတို့၏ အစွမ်းအားဖြင့် နှစ်ပါးကုန်သော မူလ တို့ကို သိအပ်ကုန်၏။

---

## ဝဋ်မြစ် ၂-ပါးအဘွင့်

၁၄။ အဝိဇ္ဇာ, သင်္ခါရ, ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ-ဟု ဆိုအပ်သော ရှေးအဘို့ဖြစ်သော ဝဋ်၏အမြစ်ကား အဝိဇ္ဇာတည်း[၁]၊ တဏှာ, ဥပါဒါန်, ဘဝ, ဇာတိ, ဇရာမရဏ-ဟု ဆိုအပ် သော နောက်အဘို့ဖြစ်သော ဝဋ်၏အမြစ်ကား-တဏှာတည်း [၂]။ ဤသို့ နှစ်လုံးပိုက်၍ **အဝိဇ္ဇာ။ပ။ မူလာနိ**-ဟု မိန့်ဆိုပြီ။

---

**၁၅။ ။တေသမေဝ စ မူလာနံ၊ နိရောဓေန နိရုဇ္ဈတိ။**
**ဇရာ မရဏ မုစ္ဆာယ၊ ပီဠိတာန မဘိဏှသော။**
**အာသဝါနံ သမုပ္ပါဒါ၊ အဝိဇ္ဇာ စ ပဝတ္တတိ။ ။**

သံသရာစက် လည်သည်မှတပါး သံသရာစက် ပြတ်သည်ကို ဆိုဦးအံ့—ထိုနှစ်ပါးသော မူလတို့၏သာလျှင် အရဟတ္တမဂ်ဖြင့် အကြွင်းမဲ့ ချုပ်စေခြင်းကြောင့် ဝဋ်တရားသည် ချုပ်၏၊ အိုခြင်း သေခြင်း တွေဝေ မိန်းမောခြင်းဖြင့် မပြတ် နှိပ်စက်အပ်ကုန်သော သတ္တဝါတို့အား အာသဝေါတရားတို့၏ ဖြစ်ခြင်းကြောင့် အဝိဇ္ဇာ သည်လည်း ဖြစ်၏။

---

၁၆။ အဝိဇ္ဇာ တဏှာ-ဟု ဆိုအပ်ကုန်သော ထိုဝဋ်ဆင်းရဲ တို့၏ အကြောင်းရင်းတို့၏သာလျှင် တဖန်မဖြစ်ခြင်း သဘော ရှိသည်၏ အဖြစ်သို့ရောက်ခြင်း-ဟု ဆိုအပ်သော အရဟတ္တမဂ်

---

၁–အဝိဇ္ဇာသည် ရှေးရှေးဘဝ သံသရာစက်၏ အကြောင်းရင်း မူလ ဖြစ်၏။

၂–တဏှာသည် နောက်နောက် ဘဝ၏ အကြောင်းရင်း ဖြစ်၏၊ အကြောင်းရင်း ဖြစ်၍ မူလ မည်၏-ဟု မှတ်။ (အကြွင်းပေါ်လွင်ပြီ)

ဉာဏ်ဖြင့် သစ္စာလေးပါးကို သိခြင်းကြောင့် ပြီးသော မဖြစ်ခြင်းကြောင့် ဝဋ္ဋတရားသည် ချုပ်၏။

အဖန်တလဲလဲ ဇရာ, မရဏ-ဟု ဆိုအပ်သော မိန်းမောတွေဝေခြင်းသည် နှိပ်စက်အပ်ကုန်သော သတ္တဝါတို့အားငှါး၊ သောကအစရှိသည်တို့သည် အဖန်ကလဲလဲ နှိပ်စက်အပ်ကုန်သော သတ္တဝါတို့အားငှါး၊ ကာမာသဝ အစရှိကုန်သော အာသဝေါတရားလေးပါးတို့၏ ဖြစ်ခြင်းကြောင့် တဖန် အဝိဇ္ဇာသည်လည်း ဖြစ်၏၊ ထိုစကားသင့်၏၊ "**အာသဝသမုဒယာ အဝိဇ္ဇာသမုဒယော**" ဟူသော ဤစကားကို မြတ်စွာဘုရားသည် ဟောတော်မူအပ်၏၊ ထို**အာသဝါနံသမုပ္ပါဒါ** ဟူသောပါဌ်ဖြင့် အဝိဇ္ဇာ၏ အကြောင်းကိုပြအပ်၏၊ ဤသို့ အဝိဇ္ဇာ၏ အကြောင်းကို မပြအပ်သည်ရှိသော် ပဋိစ္စသမုပ္ပါဒ်စက်သည် မစပ်ခဲ့ရာ၊ ထို့ကြောင့် အဝိဇ္ဇာ၏ အကြောင်းကို ပြအပ်၏-ဟူသို။

---

**၁၆။ ။ဝဋ္ဋမာဗန္ဓမိစ္စေဝံ၊ တေဘူမကမနာဒိကံ။**
**ပဋိစ္စသမုပ္ပါဒေါတိ၊ ပဋ္ဌပေသိ မဟာမုနိ။ ။**

ဤဆိုအပ်ပြီးသောနည်းဖြင့် မပြတ်လည်သော အစမထင်သော ဘုံသုံးပါး၌ ဖြစ်သော ဝဋ္ဋတရားကို အကြောင်းတရားတို့၏ ညီညွတ်ခြင်းကိုစွဲ၍ အကျိုးတရားတို့၏ ဖြစ်ရာ ပဋိစ္စသမုပ္ပါဒ်တရားဟူ၍ မြတ်စွာဘုရားသည် ပညတ်တော်မူ၏။

---

၁၆။ ။ဤသို့ ဆိုအပ်ပြီးသောနည်းဖြင့် မပြတ်လည်သော,အစမရှိသော ဘုံသုံးပါး၌ အကျုံးဝင်သည်၏ အဖြစ်ကြောင့် ဘုံသုံးပါး၌ ဖြစ်သော, ကိလေသာ ကံ ကံ၏အကျိုးတို့၏ အစွမ်းဖြင့် သုံးပါးသော ဝဋ္ဋဖြစ်သော တရားအပေါင်းကို ပဋိစ္စသမုပ္ပါဒ် ဟူ၍ မြတ်စွာဘုရားသည် ပညတ်တော်မူ၏။

## ပဋ္ဌာန်းနည်း၊ ၂၄-ပစ္စည်း

၁၇။ ။ဟေတုပစ္စယော, အာရမ္မဏပစ္စယော, အဓိပတိပစ္စယော, အနန္တရပစ္စယော, သမနန္တရပစ္စယော, သဟဇာတပစ္စယော, အညမညပစ္စယော, နိဿယပစ္စယော, ဥပနိဿယပစ္စယော, ပုရေဇာတပစ္စယော, ပစ္ဆာဇာတပစ္စယော, အာသေဝနပစ္စယော, ကမ္မပစ္စယော, ဝိပါကပစ္စယော, အာဟာရပစ္စယော, ဣန္ဒြိယပစ္စယော, ဈာနပစ္စယော, မဂ္ဂပစ္စယော, သမ္ပယုတ္တပစ္စယော, ဝိပ္ပယုတ္တပစ္စယော, အတ္ထိပစ္စယော, နတ္ထိပစ္စယော, ဝိဂတပစ္စယော, အဝိဂတပစ္စယောတိ အယမေတ္ထ ပဋ္ဌာနနယော။ ။

(၁) ဟိတ်ဖြစ်၍ ကျေးဇူးပြုတတ်သော တရားငြင်း။
(၂) အာရုံဖြစ်၍ ကျေးဇူးပြုတတ်သော တရားငြင်း။
(၃) အကြီးအမှူးဖြစ်၍ ကျေးဇူးပြုတတ်သော တရားငြင်း။
(၄) အခြားမဲ့ဖြစ်၍ ကျေးဇူးပြုတတ်သော တရားငြင်း။
(၅) ကောင်းစွာ အခြားမဲ့ဖြစ်၍ ကျေးဇူးပြုတတ်သော တရားငြင်း။
(၆) တကွဖြစ်၍ ကျေးဇူးပြုတတ်သော တရားငြင်း။
(၇) အချင်းချင်းဖြစ်၍ ကျေးဇူးပြုတတ်သော တရားငြင်း။
(၈) မှီရာဖြစ်၍ ကျေးဇူးပြုတတ်သော တရားငြင်း။
(၉) အားကြီးသော အကြောင်းဖြစ်၍ ကျေးဇူးပြုတတ်သော တရားငြင်း။
(၁၀) ရှေး၌ဖြစ်၍ ကျေးဇူးပြုတတ်သော တရားငြင်း။
(၁၁) နောက်မှဖြစ်၍ ကျေးဇူးပြုတတ်သော တရားငြင်း။
(၁၂) အဖန်တလဲလဲ မှီဝဲထုံအပ်သည်ဖြစ်၍ ကျေးဇူးပြုတတ်သော တရားငြင်း။
(၁၃) မျိုးစေ့ဖြစ်၍ ကျေးဇူးပြုတတ်သော တရားငြင်း။
(၁၄) အကျိုးဖြစ်၍ ကျေးဇူးပြုတတ်သော တရားငြင်း။

(၁၅) ထောက်ပံ့နိုင်စေတတ်သည်ဖြစ်၍ ကျေးဇူးပြုတတ်သော တရားငင်း။
(၁၆) အစိုးရသည်ဖြစ်၍ ကျေးဇူးပြုတတ်သော တရားငင်း။
(၁၇) ကပ်၍ ရှုတတ်သည်ဖြစ်၍ ကျေးဇူးပြုတတ်သော တရားငင်း။
(၁၈) အကြောင်းဖြစ်၍ ကျေးဇူးပြုတတ်သော တရားငင်း။
(၁၉) ယှဉ်သည်ဖြစ်၍ ကျေးဇူးပြုတတ်သော တရားငင်း။
(၂၀) မယှဉ်သည်ဖြစ်၍ ကျေးဇူးပြုတတ်သော တရားငင်း။
(၂၁) ရှိသည်ဖြစ်၍ ကျေးဇူးပြုတတ်သော တရားငင်း။
(၂၂) မရှိသည်ဖြစ်၍ ကျေးဇူးပြုတတ်သော တရားငင်း။
(၂၃) ကင်းသည်ဖြစ်၍ ကျေးဇူးပြုတတ်သော တရားငင်း။
(၂၄) မကင်းသည်ဖြစ်၍ ကျေးဇူးပြုတတ်သော တရားငင်း၊ ဤသို့ ၂၄-ပစ္စည်းတို့သည် အနန္တနယ ဖြစ်သော သမန္တပဋ္ဌာန်း ကျမ်းကြီး၌ တည်ကုန်၏။

---

## ၂၄-ပစ္စည်း အဘွင့်

၁၇။ ။ဤသို့ အကြင်အကြင် ဆိုအပ်ခဲ့ပြီးသော အပြားအားဖြင့် ပဋိစ္စသမုပ္ပါဒ်နည်းကို အသီးအသီးခွဲဝေသောအားဖြင့် ပြပြီး၍ ယခု အခါ၌ ပဋ္ဌာန်းနည်းကို ပြခြင်းငှါ "ဟေတုပစ္စယော" ဤသို့အစရှိသော စကားကို မိန့်ဆိုအပ်ပြီ၊ ထို **ဟေတုပစ္စယော** အစရှိသော စကား၌ ဝိဂြိုဟ်ကို ဤဆိုလတ့ံသောနည်းဖြင့် သိအပ်၏။

## ဟေတုပစ္စည်း အဘွင့်

ထိုလောဘ အစရှိသော ပစ္စည်းတရားဖြင့် ပစ္စယုပ္ပန်တရားသည် တည်တတ်၏၊ ထိုသို့ ပစ္စယုပ္ပန်တရားတို့၏ တည်ကြောင်းဖြစ်သော သတ္တိကြောင့် ဟိတ်ခြောက်ပါးသည် **ဟေတု** မည်၏၊ ဓာတ်သဒ္ဒါ တို့၏ များသောအနက်ရှိသည်အဖြစ်ကြောင့် **ဟိ** သဒ္ဒါကို ဤအရာ၌ တည်ခြင်းအနက်ရှိ၏ဟူ၍ မှတ်အပ်၏။

တနည်းကား—သစ်ပင်သည် အထက်သို့ ဩဇာဓာတ်ကို ရွှေရှုဆောင်တတ်သော အမြစ်ကြောင့် အလွန်စည်ပင် ပြန့်ပွါးခြင်းသို့ ရောက်သကဲ့သို့ ထို့အတူ ကုသိုလ်ကံ အကုသိုလ်ကံ၏ အကြောင်းဖြစ်၍ ဖြစ်သော ထိုလောဘ အစရှိသော အကြောင်းကြောင့် ထိုလောဘ အစရှိသောတရားလျှင် အကြောင်းရှိသော အကျိုးတရားသည် အလွန်ပွါးခြင်းသို့ ရောက်တတ်၏၊ ထိုသို့ ရောက်ကြောင်းဖြစ်သော သတ္တိကြောင့် ဟိတ်ခေါ်ပါးသည် **ဟေတု** မည်၏၊ ထိုဟိတ်ဟူသည် ပစ္စည်းလည်း ဖြစ်သောကြောင့် **ဟေတုပစ္စည်း** မည်၏၊ ဤဟေတုပစ္စည်းသည် ဟိတ်ဖြစ်၍ ကျေးဇူးပြုတတ်သော တရား ဟိတ်အဖြစ်ဖြင့် ကျေးဇူးပြုတတ်သော တရားပင်တည်း ဟူသော အဓိပ္ပါယ်ကို ဆိုလို၏။

တည်ရာဖြစ်သော အနက်ကြောင့် **ဟိတ်**[၁] မည်၏၊ ကျေးဇူးပြုတတ်သော အနက်ကြောင့် **ပစ္စည်း**[၂] မည်၏၊ ဤသို့ အကျဉ်းအားဖြင့် တည်ရာဖြစ်သော အနက်အားဖြင့် ကျေးဇူးပြုတတ်သော တရားသည် ဟေတုပစ္စည်း မည်၏-ဟူလို။

## ဟေတုပစ္စယုပ္ပန် တရားများ

ထိုဟေတုပစ္စည်းသည် ပဝတ္တိအခါ၌ စိတ်ကြောင့်ဖြစ်ကုန်သော ရုပ်တို့အားရင်း၊ ပဋိသန္ဓေအခါ၌ ကံကြောင့်ဖြစ်ကုန်သော ရုပ်တို့အားရင်း၊ ပဝတ္တိအခါ ပဋိသန္ဓေအခါ နှစ်ပါးစုံ၌ မိမိနှင့် ယှဉ်ကုန်သော နာမ်တရားတို့အားရင်း သစ်ပင်၏ အမြစ်တို့သည် ကောင်းစွာ

---

၁–သမ္ပယုတ်တရားတို့၏ တည်ရာ တည်ကြောင်း ပွါးစီးစည်ပင်ခြင်းသို့ ရောက်ကြောင်းဖြစ်သောကြောင့် ဟိတ် ၆-ပါးသည် **ဟိတ်** မည်၏။

၂–ကျေးဇူးပြုတတ်သောကြောင့် **ပစ္စည်း** မည်၏။

အထူးကား—အာရုံ၌ သဟဇာတ်တရားတို့၏ ကောင်းစွာ တည်တန့်နိုင်သော ဝိသေသသတ္တိထူးသည် **ဟိတ်** မည်၏။ ဤသို့ တည်တန့်နိုင်အောင် ထောက်ပံ့ ကျေးဇူးပြုမှုသာမညသတ္တိသည် **ပစ္စည်း** မည်၏။ ဤသို့ ဟိတ်နှင့် ပစ္စည်း အထူးကိုမှတ်။

တည်ရာ၏ အဖြစ်ကို ပြီးစေကုန်သကဲ့သို့ ကောင်းစွာ တည်ရာ၏ အဖြစ်ကို ပြီးစေတတ်သည်-ဟု ဆိုအပ်သော မူလဖြစ်သော အနက်ဖြင့် ကျေးဇူးပြုတတ်ကုန်သော ဟိတ်ခြောက်ပါး တရားတို့တည်း၊ ဝါ-တရားတို့သည် ဟေတုပစ္စည်း မည်၏၊ ဤသို့ မှတ်အပ်၏။

## အာရမ္မဏပစ္စည်းအဖွင့်

အားနည်းသော ယောက်ျားသည် တောင်ဝှေး အစရှိသော ဝတ္ထုကို ဆွဲကိုင်အပ်သကဲ့သို့ စိတ် စေတသိက်တို့သည် ဆွဲအပ်သောကြောင့် **အာရမ္မဏ** [၁] မည်၏၊ ဆွဲကိုင်ရခြင်း အကြောင်းကား စိတ် စေတသိက်တို့သည် အကြင်အကြင် အာရုံကို အာရုံပြု၍ ဖြစ်ကုန်၏၊ ထိုထိုအာရုံ တရားတို့သည် ထိုထိုအာရုံ ပြုကုန်သော အာရမ္မဏိကတရားတို့အား အာရုံ၏ အဖြစ်ဖြင့် ကျေးဇူးပြုသည် မည်၏၊ ထို့ကြောင့် ဆွဲကိုင်အပ်၏-ဟူလို။

အကြင်အကြောင်းကြောင့် အကြင်သဘောတရားသည် စိတ် စေတသိက်တို့အား အာရုံ၏ အဖြစ်ဖြင့် ကျေးဇူးပြုတတ်သော အဖြစ်သို့ မရောက်ရာ၊ ထိုသဘောထားမျိုး မရှိ၊ ထို့ကြောင့် 'ယံယံဓမ္မံ-အာရဗ္ဘ' စသည်ဖြင့် မြတ်စွာဘုရားသည် (ပဋ္ဌာန်းပစ္စယနိဒ္ဒေသ၌) ဟောတော်မူအပ်၏။

## အဓိပတိပစ္စည်းအဖွင့်

မိမိနှင့်စပ်၍ ဖြစ်ခြင်းရှိကုန်သော တရားတို့၏ အကြီးဖြစ်သော ပစ္စည်းသည် **အဓိပတိပစ္စည်း** [၂] မည်၏။

---

၁—အားနည်းသော ယောက်ျားသည် တောင်ဝှေး, တုတ်လှံကန် အစရှိသည်ကို စွဲကိုင်အပ်သကဲ့သို့ အာရမ္မဏိက ဖြစ်သော စိတ် စေတသိက်တရားတို့သည် စွဲကိုင်အပ်သောကြောင့် အာရုံခြောက်ပါးသည် **အာရမ္မဏပစ္စည်း** မည်၏။

၂—မိမိနှင့် စပ်၍ ဖြစ်ကုန်သော တရားတို့၏ အကြီးအမှူး အဖြစ်ဖြင့် ကျေးဇူးပြုတတ်သော လွန်ကဲသော တရားသည် **အဓိပတိပစ္စည်း** မည်၏။

## အနန္တရပစ္စည်း သမနန္တရပစ္စည်း အဘွင့်

ထိုပစ္စည်းအား ပစ္စယုပ္ပန်တရားနှင့် တကွ အခြားမရှိသော ကြောင့် **အနန္တရပစ္စည်း**[၁] မည်၏၊ သဏ္ဌာန်မရှိသောကြောင့် အလွန် သိမ်မွေ့စွာ အခြားမရှိသည်ဖြစ်၍ ကျေးဇူးပြုတတ်သောတရားသည် **သမနန္တရပစ္စည်း**[၂] မည်၏၊ မိမိမိမိ၏ အခြားမဲ့၌ လျောက်ပတ်သော စိတ္တုပ္ပါဒ်ကို ဖြစ်စေခြင်းငှါ စွမ်းနိုင်သော ရှေးရှေး၌ဖြစ်၍ ချုပ်ပြီး သော တရားကို အနန္တရပစ္စည်းဟူ၍၎င်း၊ သမနန္တရပစ္စည်းဟူ၍၎င်း ဆိုအပ်၏၊ ထိုငါဆိုသော စကားသည် မှန်၏၊ ထိုပစ္စည်းနှစ်ပါး တို့၏ အထူးကား-အနန္တရ,သမနန္တရ-ဟု သဒ္ဒါမျှသာထူး၏၊ အနက် အားဖြင့်ကား—ထိုပစ္စည်းနှစ်ခုအပေါင်းသည် ကောင်းစွာ အခြား မဲ့၌ ချုပ်ပြီးသော တရားအပေါင်း၏ သာလျှင် အမည်တည်း၊ ထိုပစ္စည်းနှစ်ပါးတို့၏ အနက်အားဖြင့် အထူးကို မရအပ်သည် သာတည်း။

အချို့သော ဆရာတို့သည် အနက်အခြားမရှိသည် အဖြစ်ကြောင့် အနန္တရပစ္စည်း-မည်၏၊ ကာလအခြား မရှိသည် အဖြစ်ကြောင့် သမနန္တရ ပစ္စည်း-မည်၏-ဟု အကြင်စကားကို မိန့်ဆိုကုန်၏၊ ထိုစကားကို “**နိရောဓ။ ပ။ သမနန္တရပစ္စယေနပစ္စယော**” ဤသို့ အစ ရှိသောပါဠ်ဖြင့် ဆန့်ကျင်၏။

အဘယ့်ကြောင့် ဆန့်ကျင်ပါသနည်းဟူမူ၊ နေဝသညာ နာသညာ ယတနဇောသည် ၇-ရက် အစရှိသော ကာလပတ်လုံး ချုပ်ပြီးသည်

---

၁—ပစ္စယုပ္ပန်တရားနှင့်ဘကွ ခြားခြင်းမရှိသော အဖြစ်ဖြင့် ကျေးဇူးပြုတတ်သောကြောင့် **အနန္တရပစ္စည်း** မည်၏။

၂—ရုပ်ကလာပ်တို့ကဲ့သို့ အလုံးအဝန်း စသော သဏ္ဌာန် မရှိသည်အဖြစ်ကြောင့် ကောင်းစွာ ပစ္စယုပ္ပန်ဘရားတို့နှင့်တကွ ခြားခြင်းမရှိသည် အဖြစ်ဖြင့် ကျေးဇူးပြုတတ်သော တရားသည် **သမနန္တရပစ္စည်း** မည်၏။

၎င်းအနန္တရပစ္စည်းနှင့် သမနန္တရပစ္စည်းတို့သည် **သံ**-သဒ္ဒါမျှသာ ထူး၏။ သဘော အနက်အားဖြင့်ကား အထူးမရှိ၊ သို့သော် ဝေနေယျ သတ္တဝါတို့၏ အလိုအား လျော် သောအားဖြင့် ၂-မျိုးခွဲ၍ ဟောတော်မူရ၏။ အနက်သဘောအားဖြင့် ၎င်းပစ္စည်း ၂-ပါးသည် ကောင်းစွာ အခြားမရှိဘဲ ချုပ်သော စိတ် စေတသိက် အပေါင်း၏ အမည်သာ ဖြစ်၏-ဟု မှတ်။

ဖြစ်၍ ဖလသမာပတ်အား သမနန္တရသတ္တိဖြင့် ကျေးဇူးပြုတတ်သောကြောင့် ဆန့်ကျင်၏၊ ထို့ကြောင့် မှားသောနှလုံးသွင်းခြင်းကို မပြုမူ၍ သဒ္ဒါမျှသာလျှင် ဤပစ္စည်းနှစ်ပါး၌ ထူးသောအကြောင်းကို ယုံကြည်အပ်၏၊ အနက်သဘောအားဖြင့် ထူးသောအကြောင်းကို မယုံကြည်အပ်၊ မမှတ်အပ်၊ ယင်း မထူးပုံကို ထင်ရှားအောင်ဖော်ပြဦးအံ့—ရှေး၌ ဖြစ်သော တရားတို့၏ ချုပ်ခြင်းကိုင်း၊ နောက်၌ဖြစ်သော တရားတို့၏ ဖြစ်ခြင်းကိုင်း ခြားတတ်သော တစုံတခုသော တရားမရှိသည် အဖြစ်ကြောင့် ထိုတရားတို့ကို မပြတ်ဖြစ်ခြင်းငှါ စွမ်းနိုင်သည် အဖြစ်အားဖြင့် ချုပ်ခြင်းသည် အနန္တရပစ္စည်း၏ သတ္တိမည်၏၊ ဤပစ္စယုပ္ပန်တရားသည် ဤပစ္စည်းတရားမှ အထက်အရပ်၌ တည်၏၊ ဤပစ္စယုပ္ပန်တရားသည် ဤပစ္စည်းတရား၏ အောက်၌တည်၏၊ ဤပစ္စယုပ္ပန်တရားသည် ဤပစ္စည်းတရား၏ ထက်ဝန်းကျင်၌တည်၏၊ ဤသို့ ခွဲဝေခြင်းမရှိသည်အဖြစ်ဖြင့် မိမိနှင့်တူသည်၏ အဖြစ်ကဲ့သို့ ပစ္စုပ္ပန်တရားကို ဆောင်၍ ကောင်းစွာ မပြတ်ဖြစ်သည် အဖြစ်အားဖြင့် နောက်တရားကို ဖြစ်စေခြင်းငှါ စွမ်းနိုင်သည်ဖြစ်၍ ချုပ်ခြင်းသည် သမနန္တရပစ္စည်း၏ သတ္တိ မည်၏၊ ဤသို့ ထိုပစ္စည်းနှစ်ပါးတို့သည် သဒ္ဒါမျှသာလျှင် ထူးကုန်၏။

ယင်းစကားကို ဆက်၍ ပြဆိုဦးအံ့—နိရောဓသမာပတ်အား အနန္တရ သတ္တိဖြင့် ကျေးဇူး ပြုတတ်သော်လည်း နေဝသညာနာသညာယတနဇော၏ငင်း၊ အသညသတ်ပဋိသန္ဓေမှ ရှေးဖြစ်သော စုတိစိတ်၏ငင်း၊ ကာလတပါး၌လည်း ဖြစ်ကုန်သော်လည်း အနာဂါမိဖိုလ် အရဟတ္တဖိုလ် ကာမ တိဟိတ် ပဋိသန္ဓေ တို့ကို အလယ်ကြား၌ နာမ်တရား၏ အဖြစ်ဖြင့် တူသော ဇာတ်ရှိသော နာမ်တရားဖြင့် ခြားခြင်းမရှိသောကြောင့် ပြားသောဇာတ်ရှိကုန်သော ရုပ်တရားတို့၏လည်း ခြားခြင်းကို ပြုပြင်ခြင်း၌ မစွမ်းနိုင်သည် အဖြစ်ကြောင့် မပြတ်ဖြစ်စေခြင်း၌ငင်း၊ မိမိနှင့်တူသည် အဖြစ်ကဲ့သို့ ဆောင်၍ ဖြစ်စေခြင်း၌ငင်း စွမ်းနိုင်သည်၏ အဖြစ်သည်ရှိ၏၊ ထို့ကြောင့် ထိုနိရောဓသမာပတ်အား ပစ္စည်းတတ်သော နေဝ

သညာနာသညာယတနဇောဇ ကာမတိဟိတ် စုတိစိတ်တို့၏လည်း အနန္တရပစ္စည်း သမနန္တရပစ္စည်းကို ရအပ်၏၊ ထို့ကြောင့် သဘော တရားအားဖြင့် အထူးမရှိသော်လည်း ထိုထိုသို့သော အနန္တရပစ္စည်း သမနန္တရပစ္စည်း အပြားအားဖြင့် သိလတ့ံကုန်သော ဝေနေယျ သတ္တဝါတို့၏ အလိုဖြင့် ဤပစ္စည်း နှစ်ပါးတို့ကို မြတ်စွာဘုရား သည် ဟောတော်မူအပ်ကုန်သောကြောင့် သံ-ပ-ဟူသော ဥပသာရ ပုဒ်တို့၏ အနက် အထူးမျှဖြင့်သာလျှင် အထူးကို ယုံကြည်အပ်၏။

## သဟဇာတပစ္စည်း အဘွင့်

မိမိ မဖြစ်သည်ရှိသော် တကွ ဖြစ်ကုန်သော တရား တို့၏ လည်း မဖြစ်ခြင်းကြောင့် ဆီမီးသည် မိမိနှင့် တကွ ဖြစ်သော အလင်းအား ကျေးဇူးပြုသကဲ့သို့ မိမိနှင့် တကွ ဖြစ်ကုန်သော ပစ္စယုပ္ပန်တရားတို့အား တကွဖြစ်သည်အဖြစ်ဖြင့် ကျေးဇူးပြုတတ် သော တရားသည် **သဟဇာတပစ္စည်း**[၁] မည်၏။

## အညမညပစ္စည်း အဘွင့်

နာမ်ဖြစ်ကုန်သော ခန္ဓာလေးပါး တို့သည်၎င်း၊ မဟာဘုတ် လေးပါး ရုပ်တရားတို့သည်၎င်း၊ ပဋိသန္ဓေခဏ၌ ဟဒယဝတ္ထုရုပ် ပဉ္စဝေါကာရပဋိသန္ဓေစိတ်-ဟု ဆိုအပ်ကုန်သော တရားတို့သည်၎င်း၊ သစ်သားသုံးခု တိဒဏ္ဍသည် တခုသည် တခုကို ထောက်ပံ့နိုင်စေ သကဲ့သို့ အချင်းချင်း ထောက်ပံ့ နိုင်စေအပ်သည် ဖြစ်၍ မိမိအား ကျေးဇူးပြုတတ်သော တရားတို့အား အပြန်အလှန် ထောက်ပံ့နိုင် စေသည် အဖြစ်ဖြင့် ကျေးဇူးပြုတတ်သော တရားသည် **အညမည ပစ္စည်း**[၂] မည်၏။

---

၁—ဆီမီးသည် မိမိနှင့် အတူတကွ ဖြစ်သော အလင်းဓာတ်အား တကွဖြစ်၍ ကျေးဇူး ပြုသကဲ့သို့ မိမိနှင့် တကွဖြစ်ကုန်သော ပစ္စယုပ္ပန်တရားတို့အား တကွဖြစ်သည် အဖြစ်ဖြင့် ကျေးဇူးပြုတတ်သောကြောင့် **သဟဇာတပစ္စည်း** မည်၏။

၂—လှံကန်သုံးခုသည် တခုသည် တခုကို ထောက်ပံ့နိုင်စေသကဲ့သို့ အချင်းချင်း တပါးသည် တပါးကို အပြန်အလှန် ထောက်ပံ့နိုင်စေသည် အဖြစ်ဖြင့် ကျေးဇူးပြုတတ်သောကြောင့် **အညမညပစ္စည်း** မည်၏။

အထူးကား—အတူတကွ ဖြစ်၍သာ ကျေးဇူးပြုလျှင် **သဟဇာတပစ္စည်း** မည်၏။ တကွလည်းဖြစ်, အချင်းချင်း အပြန်အလှန်လည်း ဖြစ်၍ ကျေးဇူးပြုလျှင် **အညမညပစ္စည်း** မည်၏။ ဤကား သဟဇာတပစ္စည်းနှင့် အညမညပစ္စည်း ၂-ပါး အထူးတည်း။

## အညမညပစ္စည်းနှင့် သဟဇာတပစ္စည်းတို့၏ အထူး

အချင်းချင်း ကျေးဇူးပြုတတ်သည်၏ အစွမ်းဖြင့် သာလျှင် ကျေးဇူးပြုတတ်သည်၏ အဖြစ်သည် **အညမညပစ္စယသတ္တိ** မည်၏၊ ပစ္စယုပ္ပန်တရားတို့နှင့် တကွ ဖြစ်ကာမျှဖြင့် ကျေးဇူးပြုတတ်သည် အဖြစ်သည် အညမညပစ္စယသတ္တိမဟုတ်, **သဟဇာတပစ္စယသတ္တိ**သာ ဖြစ်၏၊ ဤသည်လျှင် ထိုအညမညပစ္စည်း သဟဇာတပစ္စည်း နှစ်ပါးတို့၏ အထူးတည်း။

ထိုစကားမှန်၏၊ သဟဇာတပစ္စည်း၏ အဖြစ်ဖြင့်သာ ဖြစ်လေ့ရှိသော တစုံတခုသော အညမညပစ္စည်းသည်မရှိ။ အဘယ့်ကြောင့် မရှိပါသနည်း-ဟူမူ စိတ္တဇရုပ်တို့အား သဟဇာတသတ္တိဖြင့် ကျေးဇူးပြုတတ်သော နာမ်တရား၏ငှင်း၊ ဉပါဒါန် ရုပ်တို့အားငှင်း သဟဇာတသတ္တိဖြင့် ကျေးဇူးပြုတတ်ကုန်သော မဟာဘုတ်တို့၏ငှင်း၊ အညမညပစ္စည်းအဖြစ်ကို ပဋ္ဌာန်း၌ မြတ်စွာဘုရားသည် မထုတ်အပ်သည် အဖြစ်ကြောင့် မရှိပေ။ ထိုစကားမှန်၏၊ သဟဇာတသတ္တိဖြင့်သာလျှင် မိမိအား ကျေးဇူးပြုတတ်ကုန်သော တရားတို့အား ကျေးဇူးပြုတတ်သည် အဖြစ်သည် အညမညပစ္စယသတ္တိသည် အကယ်၍ ဖြစ်ငြားအံ့၊ ဤသို့ ဖြစ်သည်ရှိသော် ထိုအခါ၌ သဟဇာတပစ္စည်း အညမညပစ္စည်းတို့သည် တူကုန်ရာ၏၊ ထို့ကြောင့် အညမညပစ္စည်း အဖြစ်ဖြင့်သာလျှင် ကျေးဇူးပြုသည် အဖြစ်သည် အညမညပစ္စည်း မည်၏၊ တကွဖြစ်ကာမျှဖြင့် ကျေးဇူးပြုသည် အဖြစ်သည် အညမညပစ္စည်း မဖြစ်-ဟူလို။

## နိဿယပစ္စည်း အဘွင့်

ပုဆိုး (အထည်ပိတ်သား) သည် ပန်းချီဆေး၏ မှီရာဖြစ်သကဲ့သို့ တကွဖြစ်သော နာမ်ရုပ်တို့၏ မှီရာဖြစ်ကုန်သော ခန္ဓာလေးပါးတို့ငှင်း၊ မြေကြီးသည် သစ်ပင် တောင် အစရှိသည်တို့၏ တည်ရာဖြစ်သကဲ့သို့ တည်ရာ၏ အဖြစ်-ဟု ဆိုအပ်သော အခြင်းအရာအားဖြင့်သာလျှင် မိမိနှင့် တကွ ဖြစ်သော ရုပ် သတ္တဝိညာဏဓာတ်တို့၏ အစဉ်အတိုင်း မှီရာဖြစ်ကုန်သော ဘူတရုပ်, ဝတ္ထုရုပ်တို့ငှင်း၊

ဤသို့ ဤတရားတို့ကား–မှီတတ်သောတရားတို့သည် မှီအပ်သော ကြောင့် **နိဿယပစ္စည်း**[၁] မည်၏။

## ဥပနိဿယပစ္စည်း အဘွင့်

**ဥပ**သဒ္ဒါ၏ အလွန်ဟူသော အနက်ကို ပြတတ်သောကြောင့် အားရှိသည် အဖြစ်အားဖြင့် မှီရာရှိသောပစ္စည်းသည် **ဥပနိဿယ ပစ္စည်း**[၂] မည်၏၊ ထိုဥပနိဿယပစ္စည်း၏ အပြားကို အရှင်အနုရုဒ္ဓါ ဆရာ ကိုယ်တိုင်ပင်လျှင် ဆိုတော်မူလတံ့။

## ပုရေဇာတပစ္စည်း အဘွင့်

ခြောက်ပါးသော ဝတ္ထုရုပ်တို့ငှင်း၊ ခြောက်ပါးသော အာရုံတို့ ငှင်း၊ ဤသို့ ဤတရားတို့သည် ပစ္စယုပ္ပန်တရားမှ ရှေးဦးစွာ ဖြစ်နှင့် သည် အဖြစ်ဖြင့် ကျေးဇူးပြုတတ်ကုန်သောကြောင့် **ပုရေဇာတ ပစ္စည်း**[၃] မည်၏။

## ပစ္ဆာဇာတပစ္စည်း အဘွင့်

နောက်၌ ဖြစ်၍ ကျေးဇူးပြုတတ်သော တရားသည် မရှိပါမူ ကံကြောင့်ဖြစ်သော ခန္ဓာအစဉ်၏ မပြတ်တည်ကြောင်း အဖြစ်သို့ ရောက်မည်ဖြစ်သော ရူပကာယကို ခိုင်စေတတ်သည် အဖြစ်ဖြင့် ကျေးဇူးပြုတတ်ကုန်သော နောက်၌ ဖြစ်ကုန်သော စိတ်စေတသိက် ဖြစ်ကုန်သော တရားတို့သည် **ပစ္ဆာဇာတပစ္စည်း**[၄] မည်၏၊ ထို

---

၁–ပုဆိုးသည် ပန်းချီဆေး၏ မှီရာ ဖြစ်သကဲ့သို့ငှင်း၊ မြေကြီးသည် သစ်ပင်, တော, တောင် စသည်ဘို့၏ တည်ရာ ဖြစ်သကဲ့သို့ငှင်း ပစ္စယုပ္ပန်တရားတို့၏ မှီရာ တည်ရာ ဖြစ်သော ကြောင့် **နိဿယပစ္စည်း** မည်၏။

၂–ပစ္စယုပ္ပန်တရားတို့အား အားကြီးသော မှီရာအဖြစ်ဖြင့် ကျေးဇူးပြုတတ်သောကြောင့် **ဥပနိဿယပစ္စည်း** မည်၏။

၃–ပစ္စယုပ္ပန်တရားမှ ရှေးဦးစွာ ဖြစ်နှင့်၍ တည်သင့်သည် အဖြစ်ဖြင့် ကျေးဇူးပြုတတ် သောကြောင့် **ပုရေဇာတပစ္စည်း** မည်၏။

၄–ပစ္ဆာဇာတပစ္စည်း မရှိသော် ကံကြောင့် ဖြစ်သော ခန္ဓာအစဉ် မပြတ်တည်ခြင်း၏ အကြောင်းအထောက်အပံ့အဖြစ်ဖြင့် ပစ္စယုပ္ပန်တရား၏ နောက်မှဖြစ်၍ ကျေးဇူးပြုတတ်သော ကြောင့် **ပစ္ဆာဇာတပစ္စည်း** မည်၏။ ထိုပစ္ဆာဇာတပစ္စည်းသည် ငှင်းတငယ်၏ ကိုယ် တို့အား ကျေးဇူးပြုသော ကဗဠီကာရအာဟာရ၌ တောင့်တသော တဏှာနှင့် ယှဉ်သော စေတနာနှင့် တူ၏။

ပစ္ဆာဇာတပစ္စည်းကို ဋ္ဌင်းတငယ် ကိုယ်တို့၏ အာဟာရ၌ စားလိုသော တောင့်တသောစေတနာသည် နောက်၌ဖြစ်၍ ကျေးဇူးပြုသကဲ့သို့ နောက်မှ ဖြစ်၍ ကျေးဇူးပြုတတ်သော တရား-ဟု မှတ်အပ်၏။

## အာသေဝနပစ္စည်း အဘွင့်

ရှေးရှေး၌ လေ့ကျက်အပ်သော ကျမ်းသည် နောက်နောက်၌ လေ့ကျက်အပ်သော ကျမ်းကို လွယ်ကူစွာ သင်ယူစေနိုင်ခြင်းဖြင့် ကျေးဇူးပြုသကဲ့သို့ ကုသိုလ်အစရှိသည် အဖြစ်ဖြင့် မိမိနှင့်တူသော ကုသိုလ် စသော ပစ္စယုပ္ပန်တရားအား အဖန်တလဲလဲ လေ့ကျက်အပ်သည် ဖြစ်၍ အားရှိသည် အဖြစ်ဖြင့် ထူးသော မိမိနှင့်တူသော ဇာတ်ရှိသည် အဖြစ်ကို ယူစေခြင်းသည် **အာသေဝန** မည်၏၊ ထို အဖန်တလဲလဲ ထုံခြင်းဟူသော သတ္တိဖြင့် မိမိနှင့်တူသော ဇာတ်ရှိကုန်သော ပစ္စယုပ္ပန်တရားတို့အား ကျေးဇူးပြုတတ်ကုန်သော ပစ္စယုပ္ပန်တရားနှင့်တူသော ဇာတ်ရှိကုန်သော ပစ္စည်းတရားတို့သည် သာလျှင် **အာသေဝနပစ္စည်း**[၁] မည်၏၊ အကြောင်းသော်ကား— ပြားသော ဇာတ်ရှိကုန်သော ရှေးဖြစ်သော ပစ္စည်းတရားတို့သည် ပြားသော ဇာတ်ရှိကုန်သော နောက်ဖြစ်ကုန်သော ပစ္စယုပ္ပန်တရားတို့ကို အဖန်တလဲလဲ ထုံခြင်း လေ့ကျက်ခြင်းဟူသော သတ္တိဖြင့် အဖန်တလဲလဲ လေ့ကျက်အပ်သည် ဖြစ်၍ အားရှိသည် အဖြစ်အားဖြင့် ထူးသော ကုသိုလ်အစရှိသည် အဖြစ်-ဟု ဆိုအပ်သော မိမိ၏ သဘောကို ယူစေခြင်းငှါ မစွမ်းနိုင်ကုန်၊ မိမိ-ဟု ဆိုအပ်သော

---

၁—ရှေးရှေး၌ လေ့ကျက်အပ်သော ကျမ်းဂန်သည် နောက်နောက် လေ့ကျက်အပ်သော ကျမ်းဂန်ကို လွယ်ကူစွာ သင်ယူစေနိုင်ခြင်းဖြင့် ကျေးဇူးပြုသကဲ့သို့ ရှေးကုသိုလ်တရားသည် ကုသိုလ်အစရှိသည် အဖြစ်ချင်း တူသော နောက်ကုသိုလ် ပစ္စယုပ္ပန်တရားအား အဖန်တလဲလဲ လေ့ကျက်အပ်သည် ဖြစ်၍ အားရှိသောကြောင့် ထူးသော မိမိနှင့် တူသော ဇာတ်ရှိသည် အဖြစ်ကို ယူစေခြင်းသည် **အာသေဝနပစ္စည်း**-မည်၏။ ဆိုလိုရင်းကား- ရှေးကုသိုလ်စသော ပစ္စည်းတရားသည် နောက်၌ဖြစ်သောကုသိုလ်စသောပစ္စယုပ္ပန်တရားအား မိမိနှင့် တူအောင် အဖန်တလဲလဲ ပြုပြင်ခြင်း ဖြစ်စေခြင်းသည် **အာသေဝနပစ္စည်း**-မည်၏။ ထို့ကြောင့် ယင်းအာသေဝန ပစ္စည်းကား ဇာတ်တူ ဇောသာလျှင် ကျေးဇူး ပြု၏၊ ဇာတ်ပြားသော တရားအား ကျေးဇူးမပြု-ဟု မှတ်။

ပြားသော ဇာတ်ရှိကုန်သော နောက်၌ ဖြစ်ကုန်သော တရားတို့သည်လည်း (မိမိအလိုလို) ထိုပြားသော ဇာတ်ရှိကုန်သော ရှေး၌ ဖြစ်ကုန်သော တရားတို့မှ ပြားသော ဇာတ်ရှိကုန်သော ရှေး၌ ဖြစ်ကုန်သော တရားတို့၏ သဘောကို မယူနိုင်ကုန်သောကြောင့် ပစ္စယုပ္ပန်တရားတို့နှင့် တူသော ဇာတ်ရှိကုန်သော ဇာတ်တူတရားတို့အား ကျေးဇူးပြုကုန်သော ဇာတ်တူပစ္စည်းတရားတို့သည်သာလျှင် **အာသေဝနပစ္စည်း** မည်၏။

## အာသေဝန ပစ္စယုပ္ပန် တရားများ

ထိုအာသေဝန ပစ္စည်းတပ်သော တရားတို့သည် အခြားမဲ့ဖြစ်၍ ချုပ်ကုန်ပြီးသော လောကီကုသိုလ် အကုသိုလ်တရားတို့သည်၎င်း၊ အာဝဇ္ဇန်းကြဉ်သော ကြိယာဇောတို့သည်၎င်း၊ ဖြစ်ကုန်၏-ဟူ၍ မှတ်အပ်၏။

## ကမ္မပစ္စည်း အဘွင့်

စိတ်၏အားထုတ်ခြင်း-ဟု ဆိုအပ်သော ဗျာပါရ၏ အဖြစ်ဖြင့် သဟဇာတ တရားတို့အား၎င်း၊ အထူးထူးသော ခဏနှင့်ယှဉ်ကုန်သော ဝိပါက်တို့အား၎င်း၊ ကဋတ္တာရုပ်တို့အား၎င်း၊ ကျေးဇူးပြုတတ်သော စေတနာသည် **ကမ္မပစ္စည်း** [၁] မည်၏။

## ဝိပါကပစ္စည်း အဘွင့်

မိမိ၏ အားထုတ်ခြင်း မရှိသည်ဖြစ်၍ ငြိမ်သက်စွာ ဖြစ်ခြင်းဖြင့် သဟဇာတ်ဖြစ်သော နာမ်ရုပ်တို့အား အားထုတ်ခြင်း မရှိသည်

---

၁—စိတ်၏ အားထုတ်ခြင်း-ဟု ဆိုအပ်သော ဗျာပါရ၏ အဖြစ်ဖြင့် သဟဇာတ် တရားတို့အား၎င်း, အထူးထူးသော ခဏနှင့် ယှဉ်ကုန်သော ဝိပါက်တို့အား၎င်း, ကဋတ္တာရုပ်အား၎င်း, ကျေးဇူးပြုတတ်သော စေတနာသည် **ကမ္မပစ္စည်း**-မည်၏။

ဆိုလိုရင်းကား-သစ်ပင်၏ အမြစ်သည် သစ်ပင်နှင့် တကွဖြစ်၍ ထိုသစ်ပင်အား မြဲမြံနိုင်ခံ့စေခြင်းငှါ ကျေးဇူးပြုသကဲ့သို့ ထို့အတူ ပဝတ္တိအခါ စေတနာသည် သဟဇာတ်ဖြစ်ကုန်သော နာမ်ရုပ်တို့အား ကျေးဇူးပြုသောကြောင့် **သဟဇာတကမ္မပစ္စည်း**-မည်၏။

ကောင်းစွာ လှမ်းအပ် စီရင်အပ်သော မျိုးစေ့သည် အပင်အညွန့်ကို ဖြစ်စေခြင်းငှါ ကျေးဇူးပြုသကဲ့သို့ ထို့အတူ အတိတ်ဖြစ်သော ရှေးရှေးဘဝ ကုသိုလ်, အကုသိုလ် စေတနာသည် ပဋိသန္ဓေ ဝိပါက် နာမက္ခန္ဓာ, ကဋတ္တာရုပ်တို့အား ကျေးဇူးပြုသောကြောင့် **နာနာက္ခဏိကကမ္မပစ္စည်း** မည်၏-ဟု မှတ်။

ဖြစ်၍ ငြိမ်သက်စွာ ဖြစ်ခြင်းငှါ ကျေးဇူးပြုတတ်ကုန်သော ဝိပါက် ဖြစ်ကုန်သော စိတ်စေတသိက်တို့သည် **ဝိပါကပစ္စည်း**[၁] မည်၏၊ အဘယ့်ကြောင့် ငြိမ်သက်စွာဖြစ်လျက် ကျေးဇူးပြုပါသနည်း-ဟူမူ ထိုဝိပါက်ဖြစ်သော စိတ်စေတသိက်တို့သည် စိတ်ကိုအားထုတ်ခြင်း ဟု ဆိုအပ်သော လုံ့လဖြင့် မပြီးစေအပ်သည် အဖြစ်ကြောင့် ကံကို ပြုအပ်သည်ဖြစ်၍ ဝါ-အားထုတ်မှ ပြီးခြင်းကြောင့်သာလျှင် အား ထုတ်ခြင်း မရှိသည်ဖြစ်၍ ငြိမ်သက်စွာ ဖြစ်ခြင်းရှိကုန်သောကြောင့် အားထုတ်ခြင်း မရှိသည်ဖြစ်၍ ငြိမ်သက်စွာ ဖြစ်ခြင်းဖြင့် ကျေးဇူး ပြုကုန်၏၊ကိလေသာတို့မှ ငြိမ်းသည်ဖြစ်၍ ငြိမ်သက်သောသဘောမျိုး ရှိကုန်သည် မဟုတ်ကုန်-ဟူလို၊ ထိုစကားမှန်၏၊ ထိုသို့အားထုတ်ခြင်း မရှိသည်ဖြစ်၍ ငြိမ်သက်သော သဘောရှိသည်အဖြစ်ကြောင့်သာလျှင် ဘဝင် အစရှိသည်တို့ကို သိနိုင်ခဲကုန်၏၊ အာရုံ၌ ရွှေရှုကျကာမျှ, အာရုံကို ဝန်ခံကာမျှ, အာရုံကို စုံစမ်းကာမျှ ဖြစ်ကုန်သော ဝိပါက်တို့ကိုလည်း သိနိုင်ခဲကုန်၏၊ ဆက်၍ဆိုဦးအံ့——ပဉ္စဒွါရ၌ ဇောတို့၏ ဖြစ်ခြင်းသာလျှင် ထိုပဉ္စဝိညာဏ် သမ္ပဋိစ္ဆိုင်း သန္တီရဏ ဟု ဆိုအပ်ကုန်သော ဝိပါက်တို့၏ ရူပါရုံ အစရှိသည်ကို ယူအပ် သည် အဖြစ်ကို သိအပ်၏။

## အာဟာရပစ္စည်း အဘွင့်

ရုပ်နာမ်တို့ကို ခိုင်စေတတ်သည် အဖြစ်ဖြင့် ကျေးဇူး ပြုတတ် ကုန်သော လေးပါးကုန်သော အာဟာရတို့သည် **အာဟာရပစ္စည်း**[၂] မည်၏၊ ထောက်ပံ့ ခိုင်စေတတ်သည် ဟူသောစကားသည် မှန်၏၊ ဇနကသတ္တိဖြင့် ကျေးဇူး ပြုတတ်သည်၏ အဖြစ်သည် ရှိသော်လည်း ခိုင်စေတတ်သည် အဖြစ်သည်သာ အာဟာရ၏ ပဓာနဖြစ်သော ကိစ္စတည်း၊ ဖြစ်စေတတ်သော်လည်း အာဟာရသည် မပြတ်

---

၁—မိမိကို အားထုတ်ခြင်း ဗျာပါရ မရှိသည် ဖြစ်၍ ငြိမ်သက်စွာ ဖြစ်ခြင်းဖြင့် သဟဇာတ် ဖြစ်ကုန်သော နာမ်ရုပ်တို့အား အားထုတ်ခြင်း မရှိသည် ဖြစ်၍ ငြိမ်သက်စွာ ဖြစ်ခြင်း အကျိုးငှါ ကျေးဇူးပြုတတ်သော တရားသည် **ဝိပါကပစ္စည်း**-မည်၏။

၂—ပစ္စယုပ္ပန် ဖြစ်ကုန်သော ရုပ်နာမ်တရားတို့အား ထောက်ပံ့ခိုင်စေတတ်သည် အဖြစ်ဖြင့် ကျေးဇူးပြုတတ်သောကြောင့် အာဟာရလေးပါးသည် **အာဟာရပစ္စည်း**-မည်၏။

ဖြစ်ခြင်း၏ အစွမ်းဖြင့် ထောက်ပံ့သည်ဖြစ်၍သာလျှင် ဖြစ်စေ၏၊ ထို့ကြောင့် ခိုင်စေတတ်သည် အဖြစ်သည်သာလျှင် အာဟာရ အဖြစ် မည်၏။

## ဈာနပစ္စည်း အဘွင့်

ထိုထိုသို့သော ရူပါရုံကို ရှုခြင်း စသောကိစ္စတို့ကြောင့် အကျိုး ပစ္စယုပ္ပန် တရားတို့ကို မိမိသို့ အစဉ်လိုက်စေခြင်း-ဟု ဆိုအပ်သော အစိုးရခြင်းအနက်ဖြင့် ကျေးဇူး ပြုတတ်သော တရားသည် **ဣန္ဒြိယ ပစ္စည်း** [၁] မည်၏။

## ဈာနပစ္စည်း အဘွင့်

ကသိုဏ်း အစရှိသော အာရုံသို့ကပ်၍ ကြံခြင်း, လက္ခဏာရေး သုံးပါးသို့ ကပ်၍ ကြံခြင်း အစွမ်းအားဖြင့် ကပ်၍ အာရုံကို ကြံတတ်ကုန်သော ဝိတက်အစရှိသည်တို့သည် **ဈာနပစ္စည်း** [၂] မည်၏။

## မဂ္ဂပစ္စည်း အဘွင့်

သုဂတိဘဝမှ ဂင်း၊ ကုသိုလ်မှ ဂင်း၊ ဒုဂ္ဂတိဘဝမှ ဂင်း၊ အကုသိုလ်မှ ဂင်း၊ ထုတ်ဆောင်တတ်သော အနက်အားဖြင့် ကျေးဇူး ပြုတတ် ကုန်သော သမ္မာဒိဋ္ဌိ အစရှိသော တရားတို့သည် **မဂ္ဂပစ္စည်း** [၃] မည်၏။

---

၁—ဒဿနစသော ထိုထိုကိစ္စဘို့၌ စက္ခုဝိညာဏ်စသော ပစ္စယုပ္ပန်တရားတို့ကို မိမိအလိုသို့ အစဉ်လိုက်စေခြင်း-ဟု ဆိုအပ်သော အစိုးရသော အဖြစ်ဖြင့် ကျေးဇူးပြုတတ်သောကြောင့် **ဣန္ဒြိယပစ္စည်း**-မည်၏။

၂—ကသိုဏ်းစသော အာရုံ, တေဘုမကတရားတို့၏ အနိစ္စတာစသော လက္ခဏာ, နိဗ္ဗာန်၏ တထလက္ခဏာကို ကပ်၍ကြံခြင်း ရှုခြင်း၏ အစွမ်းဖြင့် ကပ်ရောက်၍ ထိုအာရုံ တို့ကို ကြံတတ် ရှုတတ်ကုန်သောကြောင့် ဝိတက်အစရှိကုန်သော ၇-ပါးသော တရား တို့သည် **ဈာနပစ္စည်း**-မည်၏။

၃—သုဂတိဘုံမှ မကောင်းမှုကို ပြုလေ့ရှိကုန်သော သူတို့ကို ဒုဂ္ဂတိဘုံ၌ ဖြစ်စေသော အားဖြင့် ထုတ်ဆောင်တတ်သော အနက်သဘော, အပါယ်လေးဘုံမှ ကောင်းမှုကို ပြုလေ့ ရှိကုန်သော သူတို့ကို သုဂတိဘုံ၌ ဖြစ်စေသောအားဖြင့် ထုတ်ဆောင်တတ်သော အနက် သဘောအားဖြင့် ကျေးဇူးပြုတတ်ကုန်သောကြောင့် သမ္မာ ဒိဋ္ဌိစသော တရားတို့သည် **မဂ္ဂပစ္စည်း**—မည်၏၊ ဆိုလိုရင်းကား-သုဂတိဘဝမှ ဂင်း, ကုသိုလ်မှ ဂင်း, ဒုဂ္ဂတိဘဝမှ ဂင်း, အကုသိုလ်မှ ဂင်း, ထွက်မြောက်အောင် ကျေးဇူးပြုတတ်သောကြောင့် **မဂ္ဂပစ္စည်း** မည်၏— ဟူလို။

## သမ္ပယုတ္တပစ္စည်း အဘွင့်

ပရမတ္ထ အားဖြင့် ပြားကုန်သော်လည်း တူသည် အဖြစ်သို့ ရောက်ကုန်သကဲ့သို့ တူသောဖြစ်ခြင်း အစရှိသည်၏ အဖြစ်-ဟု ဆိုအပ်သော သမ္ပယောဂလက္ခဏာဖြင့် ကျေးဇူး ပြုတတ်ကုန်သော နာမ် တရားတို့သည်သာလျှင် **သမ္ပယုတ္တပစ္စည်း** [၁] မည်၏။

## ဝိပ္ပယုတ္တပစ္စည်း အဘွင့်

တပါးသည် တပါးနှင့်စပ်သည် အဖြစ်ဖြင့် ယှဉ်ကုန်သော်လည်း ဆိုအပ်ပြီးသော ကေပ္ပါဒ အစရှိသော အပြားအားဖြင့် မယှဉ်သည်၏ အဖြစ်ကြောင့် ထူးသည်အဖြစ်သို့ ရောက်သဖြင့် ကျေးဇူး ပြုတတ်ကုန်သော ဆဝတ္ထု စိတ်စေတသိက်တို့သည်။ (ဝါ-နာမ်နှင့်ရုပ်, ရုပ်နှင့်နာမ်တို့သည်) **ဝိပ္ပယုတ္တပစ္စည်း** [၂] မည်ကုန်၏။

## အတ္ထိပစ္စည်း အဘွင့်

ပစ္စုပ္ပန်ကာလ သဘော-ဟု ဆိုအပ်သော ထင်ရှားသည် အဖြစ်ကြောင့် ထိုသို့ ထင်ရှားရှိကုန်သော သဘောရှိသည်သာလျှင် ဖြစ်သော တရားကို ခိုင်စေတတ်သည့်အဖြစ်ဖြင့် ကျေးဇူး ပြုတတ်ကုန်သော "သဟဇာတံ ပုရေဇာတံ" ဤသို့ အစရှိသော အပြားဖြင့် ဆိုလဘ့်ကုန်သော တရားတို့သည် **အတ္ထိပစ္စည်း** [၃] မည်၏၊ ထောက်ပံ့ ခိုင်စေတတ်သည် အဖြစ်ကို ဆိုရသောအကြောင်းကား—အတ္ထိပစ္စည်း

---

၁—ပရမတ္ထအားဖြင့် ပြားကုန်သော်လည်း တူသည်အဖြစ်သို့ ရောက်ကုန်သကဲ့သို့ ကေပ္ပါဒ အစရှိသော သမ္ပယောဂလက္ခဏာဖြင့် ကျေးဇူးပြုတတ်ကုန်သောကြောင့် နာမက္ခန္ဓာတရား လေးပါးတို့သည် **သမ္ပယုတ္တပစ္စည်း**-မည်၏။

၂—တပါးသည် တပါးနှင့် စပ်သည် အဖြစ်ဖြင့် ယှဉ်ကုန်သော်လည်း ဆိုအပ်ပြီးသော ကေပ္ပါဒ အစရှိသော လက္ခဏာအားဖြင့် မယှဉ်သည် ဖြစ်၍ မနီးနှောသည် အဖြစ်ကြောင့် ထူးသည်အဖြစ်သို့ ရောက်သဖြင့် ကျေးဇူးပြုတတ်သော စိတ် စေတသိက်တရားတို့သည် **ဝိပ္ပယုတ္တပစ္စည်း**-မည်၏။

၃—ပစ္စုပ္ပန် သဘောလက္ခဏာ ရှိသည်၏ အဖြစ်-ဟု ဆိုအပ်သော ထင်ရှားသည် အဖြစ်ကြောင့် ထိုသို့ ထင်ရှားရှိကုန်သော သဘောရှိကုန်သော တရားတို့ကို ခိုင်စေတတ်သည် အဖြစ်ဖြင့် ကျေးဇူး ပြုတတ်ကုန်သော သဟဇာတတ္ထိ စသော ငါးပါးသော တရားတို့သည် **အတ္ထိပစ္စည်း**-မည်၏။

တို့၏ ဖြစ်စေတတ်သော သတ္တိသည် ရှိလင့်ကစား ဌီခဏ္ဍသာလျှင် အတ္တိပစ္စည်းတို့၏ အစွမ်းသတ္တိသည် လွန်ကဲ၏၊ ထို့ကြောင့် ထိုအတ္တိပစ္စည်းတို့၏ ထောက်ပံ့ ခိုင်စေတတ်သည် အဖြစ်ကိုသာလျှင် ယူအပ်၏။

## နတ္ထိပစ္စည်း အဘွင့်

တခုသော ဖဿ အစရှိသော တရားအပေါင်းသည် ဖြစ်လတ်သော် နှစ်ခုမြောက်သော ဖဿ အစရှိသော တရားအပေါင်း၏ မရှိခြင်းကြောင့် မိမိ၏ တည်ခြင်းသည် ရှိလတ်သော် ဖြစ်ခြင်းအခွင့်ကို မရကုန်သော မိမိ၏အခြားမဲ့၌ ဖြစ်ဆဲ ဖြစ်ကုန်သော စိတ်စေတသိက်တို့အား ဖြစ်ရန်အခွင့်ကို ပေးသည်အစွမ်းဖြင့် ကျေးဇူး ပြုတတ်ကုန်သော အခြားမဲ့ဖြစ်၍ ချုပ်ကုန်သော စိတ်စေတသိက်တို့သည် **နတ္ထိပစ္စည်း**[၁] မည်၏။

## ဝိဂတပစ္စည်း အဘွင့်

မိမိ၏ သဘောမှ ကင်းခြင်းကြောင့် မဖြစ်ကုန်သော စိတ်စေတသိက်တို့အား မိမိသဘော ကင်းသည်အဖြစ်ဖြင့် ကျေးဇူး ပြုတတ်သော တရားတို့သည် **ဝိဂတပစ္စည်း**[၂] မည်၏။

---

၁–တခုသော ဖဿ စသော တရားအပေါင်း ဖြစ်နေသည် ရှိသော် နှစ်ခုမြောက်သော ဖဿ စသော တရားအပေါင်း မဖြစ်နိုင်သောကြောင့် မိမိ တည်ရှိနေသဖြင့် ဖြစ်ခွင့် မရကုန်သော မိမိ၏ အခြားမဲ့၌ ဖြစ်လတ္တံ့ကုန်သော စိတ် စေတသိက်တရားတို့အား ဖြစ်ခွင့် ပေးသည်အစွမ်းဖြင့် ကျေးဇူး ပြုတတ်ကုန်သော အခြားမဲ့ ဖြစ်၍ ချုပ်ကုန်ပြီးသော စိတ် စေတသိက် တရားတို့သည် **နတ္ထိပစ္စည်း**-မည်၏။

၂–မိမိ၏ ဖုသန စသော သဘောမကင်းသဖြင့် မိမိ၏ အခြားမဲ့၌ မဖြစ်လတ္တံ့ကုန်သော စိတ် စေတသိက် တရားတို့အား မိမိသဘော ကင်းသည် အဖြစ်ဖြင့် ကျေးဇူး ပြုတတ်ကုန်သော နတ္ထိပစ္စည်း တရားတို့သည်ပင် **ဝိဂတပစ္စည်း**-မည်၏။

ချုပ်သည်၏ အခြားမဲ့၌ ကင်းဆိတ်သည်၏ အဖြစ်သည် **နတ္ထိပစ္စည်း**-မည်၏။ ချုပ်ခြင်းဘင်သို့ ရောက်သည်၏ အဖြစ်သည် **ဝိဂတပစ္စည်း**-မည်၏။ (ဤသို့အထူးကိုမှတ်)

## အဝိဂတပစ္စည်းအတွင်
## အတ္ထိပစ္စည်းနှင့် ထူးခြားပုံ

ချုပ်ခြင်းသို့ မရောက်သည် အစွမ်းအားဖြင့် ကျေးဇူး ပြုတတ်ကုန်သော အတ္ထိပစ္စည်းတို့သည်သာလျှင် **အဝိဂတပစ္စည်း**[၁] မည်၏၊ မိမိ၏ သဘောနှင့် တကွ ဖြစ်သည် အဖြစ်ဖြင့်သာလျှင် ကျေးဇူး ပြုတတ်သော တရားသတ္တိသည် အတ္ထိပစ္စည်း၏ သတ္တိ မည်၏၊ ချုပ်ခြင်းသို့ မရောက်သည် အစွမ်းဖြင့် ကျေးဇူး ပြုတတ်သည် အဖြစ်သည် အဝိဂတပစ္စည်း၏ သတ္တိ မည်၏၊ ဤဆိုအပ်ပြီးသော သတ္တိအထူးကို ထိုပစ္စည်းနှစ်ပါးတို့၏ သရုပ်အထူး မရှိသော်လည်း မှတ်အပ်၏။

ထိုစကားမှန်၏၊ ၂၄-ပါးသော ပစ္စည်း တရားတို့၏ သတ္တိ အထူးကို ခပ်သိမ်းသော အခြင်းအရာဖြင့် သိ၍ မြတ်စွာဘုရားသည် ၂၄-ပါးသော ပစ္စည်း တရားတို့ကို ဟောတော်မူအပ်ကုန်၏၊ ဤသို့ မြတ်စွာဘုရား၌ ယုံကြည်သဖြင့် ထိုပစ္စည်း တရားတို့သည် ဤသို့ ထူးကုန်၏-ဟု သုတမယဉာဏ်ကို ဖြစ်စေ၍ စိန္တာမယဉာဏ် ဘာဝနာမယဉာဏ်တို့ဖြင့် ထိုပစ္စည်းတို့၏ အထူးကို သိခြင်းငှါ ပြင်းစွာအားထုတ်ခြင်းကို ပြုအပ်၏။

ဆက်၍ ဆိုဦးအံ့—အတ္ထိပစ္စည်း-ဟု ဆိုအပ်သော တရား အပေါင်း၏ မထူးသည် အဖြစ်သည် ရှိသော်လည်း ထိုထိုသို့သော အပြားအားဖြင့် ဝေနေယျသတ္တဝါတို့၏ အစွမ်းအားဖြင့် အောက်၌ ဟောအပ်ပြီးသော်လည်း အတ္ထိပစ္စည်းကို တဖန် အပြား အထူးဖြင့် မြတ်စွာဘုရားသည် ဟောတော်မူအပ်၏၊ အဘယ်ကဲ့သို့နည်း—ဟူမူ အဟေတုကဒုက်ကို ဟောပြီးသော်လည်း ဟေတုဝိပ္ပယုတ္တဒုက်ကို ဟောအပ်သကဲ့သို့တည်း၊ ဤသို့ မှတ်အပ်၏။

---

၁—ချုပ်ခြင်းသို့ မရောက်သည် အစွမ်းဖြင့် ကျေးဇူး ပြုတတ်ကုန်သော အတ္ထိပစ္စည်း တရားတို့သည်ပင် **အဝိဂတပစ္စည်း**-မည်၏။

**အထူးကား**—မိမိ ထင်ရှားရှိသော သဘောနှင့် ပြည့်စုံသည် အဖြစ်ဖြင့် ကျေးဇူး ပြုတတ်သော အဖြစ်သည် **အတ္ထိပစ္စည်း**-မည်၏၊ ချုပ်ခြင်း ဘင်သို့ မရောက်သည် အစွမ်းဖြင့် ကျေးဇူး ပြုတတ်သော အဖြစ်သည် **အဝိဂတပစ္စည်း**-မည်၏။

## နိဒ္ဒေသ

၁၈။ ။ဆဓာ နာမန္တု နာမဿ၊ ပဉ္စဓာ နာမ ရူပိနံ။
ဧကဓာ ပုန ရူပဿ၊ ရူပံ နာမဿစေကဓာ။
ပညတ္တိ နာမရူပါနိ၊ နာမဿ ဒုဝိဓာ ဒွယံ။
ဒွယဿ နဝဓာ စေတိ၊ ဆဗ္ဗိဓာပစ္စယာ ကထံ။ ။

ဥဒ္ဒေသမှတပါး နိဒ္ဒေသကို ဆိုဦးအံ့-နာမ်သည် နာမ် အချင်းချင်းအား ခြောက်ပါးအပြားဖြင့် ကျေးဇူးပြု၏၊ နာမ်သည် နာမ် ရုပ်တို့အား ငါးပါးသော အခြင်းအရာဖြင့် ကျေးဇူးပြု၏၊ တဖန် နာမ်သည် ရုပ်အား တပါးသော အခြင်းအရာဖြင့် ကျေးဇူး ပြုတတ်၏၊ နာမ်ပစ္စည်း တပ်သည်မှတပါး ရုပ်ပစ္စည်းတပ်သည်ကို ဆိုဦးအံ့—ရုပ်သည် နာမ်အား တပါးသောအပြားဖြင့် ကျေးဇူး ပြုတတ်၏၊ ပညတ် နာမ် ရုပ်တို့သည် နာမ်အား နှစ်ပါးသော အခြင်း အရာဖြင့် ကျေးဇူး ပြုတတ်ကုန်၏၊ သုဒ္ဓမှတပါး မိဿကကို ဆိုဦးအံ့—နာမ် ရုပ် နှစ်ပါးအပေါင်းသည် နာမ် ရုပ် နှစ်ပါး အပေါင်းအား ကိုးပါးသော အခြင်းအရာဖြင့် ကျေးဇူးပြုတတ်၏၊ ဤသို့ ပစ္စည်းတို့သည် ခြောက်ပါး အပြား အားဖြင့် တည်ကုန်၏။

## နိဒ္ဒေသအဘွင့်

၁၈။ လေးပါးသော ခန္ဓာ-ဟု ဆိုအပ်သော နာမ်သည် ထိုသို့ သဘောရှိသည်သာလျှင် ဖြစ်သော နာမ်အား ခြောက်ပါးသော အခြင်းအရာတို့ဖြင့် ကျေးဇူးပြု၏၊ ထိုနာမ်သည်ပင်လျှင် အပေါင်း ဖြစ်ကုန်သော နာမ် ရုပ်တို့အား ငါးပါး အပြားဖြင့် ကျေးဇူး ပြု၏၊ တဖန် ဘူတရုပ် ဥပါဒါရုပ်အားဖြင့် ပြားသော ရုပ်အား တပါးသော အပြားဖြင့် ကျေးဇူးပြု၏၊ ရုပ်သည်လည်း နာမ်အား တပါးသော အပြားဖြင့် ကျေးဇူးပြု၏၊ ပညတ် နာမ် ရုပ် တို့သည် နာမ်အား နှစ်ပါးသော အပြားဖြင့် ကျေးဇူးပြု ကုန်၏၊ နာမ် ရုပ် နှစ်ပါးအပေါင်းသည် ထိုသို့သဘောရှိသော

နာမ် ရုပ် နှစ်ပါးအပေါင်းအား ကိုးပါးအပြားဖြင့် ကျေးဇူးပြု၏၊ ဤသို့ ပစ္စည်းတို့သည် [၁] ခြောက်ပါး အပြားဖြင့် တည်ကုန်၏။

**နာမ်သည် နာမ်အား ကျေးဇူးပြုပုံ ၆-ပစ္စည်း**

၁၉။ **။အနန္တရ နိရုဒ္ဓါ စိတ္တ စေတသိကာ ဓမ္မာ ပစ္စုပ္ပန္နာနံ စိတ္တ စေတသိကာနံ ဓမ္မာနံ အနန္တရ သမနန္တရ နတ္ထိ ဝိဂတဝသေန,ပုရိမာနိ ဇဝနာနိ ပစ္ဆိမာနံ ဇဝနာနံ အာသေဝန ဝသေန,သဟဇာတာ စိတ္တ စေတသိကာ ဓမ္မာ အညမညံ သမ္ပယုတ္တဝသေနေတိ စ ဆဓာ နာမံ နာမဿ ပစ္စယော ဟောတိ။**

ဆဓာအရ အကျယ်ချဲ့၍ ပြဦးအံ့—အခြားမဲ့ ဖြစ်၍ ချုပ်ကုန်ပြီးသော စိတ် စေတသိက် ဖြစ်ကုန်သော ရဟန္တာတို့၏ စုတိကြဉ်သော စိတ်တခုယုတ် ကိုးဆယ်, စေတသိက် ၌ပညာသနာမက္ခန္ဓာတို့သည် မိမိသို့ အတူလိုက်၍ ဖြစ်ကုန်သော စိတ်, စေတသိက် ဖြစ်ကုန်သော ရဟန္တာတို့၏ စုတိစိတ်နှင့် တကွ စိတ်တခုယုတ် ကိုးဆယ်, စေတသိက်ဒွေပညာသ နာမက္ခန္ဓာတို့အား အနန္တရ, သမနန္တရ, နတ္ထိ, ဝိဂတ သတ္တိဖြင့် ကျေးဇူးပြုကုန်၏၊ ရှေး၌ ဖြစ်ကုန်သော အဆုံးဇော မဂ်ဇော ဖိုလ်ဇောကြဉ်သော ဇော သတ္တစတ္တာလီသ, စေတသိက်ဒွေပညာသ နာမက္ခန္ဓာတို့သည် နောက်

---

၁—(၁) နာမ်သည် နာမ်အချင်းချင်းအား သတ္တိ ၆-မျိုး ၆-နည်း ၆-ပစ္စည်းဖြင့် ကျေးဇူးပြု၏။

(၂) နာမ်သည် နာမ်နှင့် ရုပ်အား သတ္တိ ၅-မျိုး ၅-နည်း ၅-ပစ္စည်းဖြင့် ကျေးဇူးပြု၏။

(၃) နာမ်သည် ရုပ်အား သတ္တိ ၁-မျိုး ၁-နည်း ၁-ပစ္စည်းဖြင့် ကျေးဇူးပြု၏။

(၄) ရုပ်သည် နာမ်အား သတ္တိ ၁-မျိုး ၁-နည်း ၁-ပစ္စည်းဖြင့် ကျေးဇူးပြု၏။

(၅) ပညတ်နှင့် နာမ်ရုပ်တို့သည် နာမ်အား သတ္တိ ၂-မျိုး ၂-နည်း ၂-ပစ္စည်းဖြင့် ကျေးဇူးပြု၏။

(၆) နာမ်ရုပ် ၂-ပါးသည် နာမ်ရုပ် ၂-ပါးအား သတ္တိ ၉-မျိုး ၉-နည်း ၉-ပစ္စည်းဖြင့် ကျေးဇူးပြု၏။ ။

ဤစကားသည် ဆိုလတံ့စကား၏ မာတိကာစကားမျှ ဖြစ်သည်။

နောက်၌ ဖြစ်ကုန်သော ပဌမဇော ဗိုလ်ဇော ကြဉ်သော ဇောဇော ပညာသ, စေတသိက် ဒွေပညာသ နာမက္ခန္ဓာတို့အား အာသေဝန သတ္တိဖြင့် ကျေးဇူး ပြုကုန်၏၊ တကွဖြစ်ကုန်သော စိတ် စေတသိက် တရားတို့သည် အချင်းချင်းအား သမ္ပယုတ္တသတ္တိဖြင့် ကျေးဇူးပြုကုန်၏၊ ဤသို့နာမ်သည် နာမ်အချင်းချင်းအား ၁ ခြောက်ပါးသော အခြင်းအရာဖြင့် ကျေးဇူးပြု၏။

---

## နာမ်သည် နာမ်အား ကျေးဇူးပြုပုံ ၆-ပစ္စည်းအဘွင့်

၁၉။ ။ကံ၏ အစွမ်းကြောင့် အကျိုး၏ အဖြစ်သို့ ရောက်သော ကံ၏ အဟုန်သည် ပစ်ချ အပ်သည် ဖြစ်၍ ကျသကဲ့သို့ ဖြစ်၍ ဖြစ်သော ဝိပါက်ဖြစ်သော အဗျာကတသည် မိမိ၏ သဘောကို ယူ၍ အဖန်တလဲလဲ ထုံ၍ တပါးသော ဝိပါက်ဖြစ်သော အဗျာကတကို မဖြစ်စေတတ်၊ ရှေး၌ဖြစ်သော ဝိပါက်၏ အာနုဘော်ကို ယူ၍လည်း မဖြစ်၊ "**န မဂ္ဂ။ ပ။ ကေ**"ဟူ၍ ပဋ္ဌာန်း၌ ဘုရားဟော တော်မူခြင်းကြောင့် အဟိတ်ကြိယာတို့တွင် ဟသိတုပ္ပါဒ်၏သာလျှင် ဆရာတို့သည် အာသေဝန၏ အဖြစ်ကို ထုတ်ခြင်းကြောင့် အာဝဇ္ဇန်း ဒွေးသည် အာသေဝနပစ္စည်း မဖြစ်၊ ထို့ကြောင့် ဇောတို့သည် သာလျှင် အာသေဝနပစ္စည်း အဖြစ်သို့ ရောက်ကုန်၏၊ ထို့ကြောင့်

---

**နာမ်သည် နာမ်အား ကျေးဇူးပြုပုံ**

၁—ဝီထိစိတ် အစဉ်ဝယ် ရှေးရှေး ချုပ်ကုန်သော စိတ် စေတသိက် နာမ်တရားတို့သည် နောက်နောက်မှ ဆက်၍ ဖြစ်ကုန်သော စိတ် စေတသိက် နာမ်တရားတို့အား အနန္တရမျိုး ဖြစ်၍ အနန္တရပစ္စည်း, သမနန္တရပစ္စည်း, နတ္ထိပစ္စည်း, ဝိဂတပစ္စည်းအားဖြင့် ကျေးဇူး ပြုကုန်၏။

ဇော ၇-ကြိမ် စောရာ၌ ရှေးဇော နာမ်တရားတို့သည် နောက်ဇော နာမ်တရား တို့အား ဆိုအပ်ပြီးသော အနန္တရ စသော ၄-ပစ္စည်းအပြင် အာသေဝနပစ္စည်းအားဖြင့်လည်း ကျေးဇူးပြုနိုင်၏။ -

ဝီထိစိတ် တခုတခု ဖြစ်သော စိတ် စေတသိက် နာမ်တရားများသည် သဟဇာတမျိုး ဖြစ်၍ သမ္ပယုတ္တပစ္စည်းဖြင့် ကျေးဇူးပြု၏၊ ဤသို့ နာမ်သည် နာမ်အချင်းချင်း ကျေးဇူးပြုရာ၌ အနန္တရ, သမနန္တရ, နတ္ထိ, ဝိဂတ, အာသေဝန, သမ္ပယုတ္တ-ဟု ဆိုအပ်သော ခြောက်ပစ္စည်း အားဖြင့် ကျေးဇူးပြုတတ်၏-ဟူလို။ သမ္ပယုတ္တပစ္စည်းကိုသာ ဆိုသော်လည်း သဟဇာတမျိုး ဖြစ်၍ သဟဇာတ, အညမည, နိဿယ, ဝိပါက, သမ္ပယုတ္တ, အတ္ထိ, အဝိဂတ စသော ပစ္စည်းများပါ ဖြစ်သင့် ကျေးဇူးပြုသင့်သည်-ဟုမှတ်။

**ပုရိမာနိဇဝနာနိ** [၁] ဤသို့ အစရှိသော စကားကို မိန့်ဆိုတော်မူ၏၊ ဤ "**ပုရိမာနိဇဝနာနိ**" ဟူသော စကား၌ ဇဝနာနိ-ဟု သာမည ဆိုသော်လည်း လောကီကုသိုလ် အကုသိုလ် အဗျာကတဇောတို့ကို သာလျှင် မှတ်အပ်ကုန်၏၊ အဘယ့်ကြောင့် လောကီဇောတို့ကိုသာလျှင် မှတ်အပ်ကုန်သနည်း-ဟူမူ လောကုတ္တရာဇောတို့၏ အာသေဝနပစ္စည်း တပ်သည် အဖြစ်ကို ပဋ္ဌာန်း၌ မြတ်စွာဘုရားသည် မထုတ်အပ်သည် အဖြစ်ကြောင့် လောကီဇောတို့ကို သာလျှင် မှတ်အပ်ကုန်၏။

ထို့ကြောင့် ပဋ္ဌာန်းအဋ္ဌကထာ၌ "**လောကုတ္တရော ပန အာသေဝနပစ္စယော နာမ နတ္ထိ**" ဟူသော စကားကို မိန့်ဆိုအပ်၏၊ အဘယ့်ကြောင့် လောကုတ္တရာဇောသည် အာသေဝနပစ္စည်း မတပ်ပါသနည်း-ဟူမူ၊ ထိုလောကုတ္တရာဇောတို့တွင် ကုသိုလ်ဇောသည် ပြားသောဇာတ်ရှိသော ဖိုလ်ဇော၏ ရှေ့သွားဖြစ်သည် အဖြစ်ကြောင့် ထိုဖိုလ်ဇောကို အာသေဝနသတ္တိကို မယူစေနိုင်၊ ဖိုလ်စိတ်တို့သည်လည်း ဇော၏ အစွမ်းဖြင့် ဖြစ်ကုန်သော်လည်း ဝိပါက်

---

၁–**ပုရိမာနိဇဝနာနိ**-အရ အဆုံးဇော, မဂ်ဇော, ဖိုလ်ဇော ကြဉ်အပ်ကုန်သော ဇော ၄၇-ပါး, စေတသိက် ၅၂-ပါးကိုယူ။

**ပစ္ဆိမာနံဇဝနာနံ**-အရ ပဌမဇော, ဖိုလ်ဇော ကြဉ်အပ်ကုန်သော ဇော ၅၁-ပါး စေတသိက် ၅၂-ပါးကိုယူ။

အဘယ့်ကြောင့် ဇောသည်သာ အာသေဝနပစ္စည်း တပ်နိုင်၍ ဝိပါက်နှင့် အာဝဇ္ဇန်းဒွေးတို့သည် အာသေဝနပစ္စည်း မတပ်နိုင်ပါသနည်း-ဟူမူ၊ ကံ၏အစွမ်းကြောင့် ဝိပါက်အဖြစ်သို့ ရောက်လာသော ဝိပါက်အဗျာကတ တရားသည် ကံ၏ အဟုန်သည် ပစ်ချအပ်သည် ဖြစ်၍ ကျသကဲ့သို့ ဖြစ်၍ မိမိသဘောကို ယူစေ, ထုံစေလျက် နောက်ဖြစ်သော ဝိပါက် အဗျာကတ တရားကို မဖြစ်စေနိုင်၊ နောက်ဖြစ်သော ဝိပါက် အဗျာကတသည်လည်း ရှေးဖြစ်သော ဝိပါက်အဗျာကတ၏ အစွမ်းကို ယူ၍ ကျေးဇူး မပြုနိုင်သောကြောင့် ဝိပါက်သည် အာသေဝနပစ္စည်း မတပ်နိုင် အဟိတ်ကြိယာဘို့တွင် ဟသိတုပ္ပါဒ် တပါးသာ အာသေဝနပစ္စည်း တပ်နိုင်၏-ဟု ဟော၍ ကြွင်းသော အာဝဇ္ဇန်းဒွေးကို မဟောသောကြောင့် အာဝဇ္ဇန်းဒွေးသည် အာသေဝနပစ္စည်း မတပ်နိုင်–ဟုမှတ်။

လောကုတ္တရာဇောတို့သည်လည်း အာသေဝနပစ္စည်း အဖြစ်ဖြင့် မြတ်စွာဘုရား မဟောသောကြောင့် အာသေဝနပစ္စည်းမတပ်ကုန်။

ဂေါတြဘု ဝေါဒါန်ဘို့ကား ဘုံ အာရုံတို့၏ အစွမ်းဖြင့် ဇာတ်ကွဲပြားခြင်းကို ဤ၌ အလိုမရှိသောကြောင့် မဂ်အား အာသေဝနပစ္စည်း တပ်နိုင်၏-ဟုမှတ်။

အဗျာကတ၌ ဆိုအပ်ပြီးသော နည်းဖြင့် အာသေဝနသတ္တိကို မယူကုန်၊ တပါးသော ဝိပါက်ဖြစ်သော ဇောကိုလည်း မယူစေကုန်၊ ထို့ကြောင့် လောကုတ္တရာဇောတို့သည် အာသေဝနပစ္စည်း မတပ်ကုန်-ဟူလို။ **"အာသေဝနဝိနိမုတ္တံ ဇဝနံ နတ္ထိ"**ဟူ၍ ဆရာမမ္မပါလမထေရ်သည် အကြောင်စကားကို ဆိုအပ်၏၊ ထိုစကားကိုလည်း ယေဘုယျ အစွမ်းဖြင့် ဆိုအပ်သော စကား-ဟု သိအပ်၏။

ဤမှတပါးသော လောကုတ္တရာဇောတို့၏လည်း အာသေဝနပစ္စည်းတပ်သည် အဖြစ်ကြောင့် "အာသေဝနဝိနိမုတ္တံ" ဟူသော စကားကို ဆိုအပ်သည် ရှိသော် ဆရာမမ္မပါလမထေရ်၏ မဆင်မခြင် ဆိုတတ်သော ဆရာ၏ အဖြစ်သို့ ရောက်သည် ဖြစ်ရာ၏၊ မဂ်သည်ကား-ဂေါတြဘုမှ အဇဖန်တလဲလဲ ထုံခြင်းကို မယူ-ဟု ဆိုဘွယ်စကားသည် မရှိ၊ အဘယ့်ကြောင့် မယူသနည်း—ဆိုသော်ဘုံ အစရှိသည်တို့၏အစွမ်းဖြင့်, အထူးထူးသော ဇာတ် ရှိသည်အဖြစ်ကို မလိုအပ်သည် အဖြစ်ကြောင့် မယူ-ဟူလို။ ထို့ကြောင့်သာလျှင် ပဋ္ဌာန်း၌ **"ဂေါတြဘု မဂ္ဂဿ အာသေဝန ပစ္စယေန ပစ္စယော၊ ဝေါဒါနံ မဂ္ဂဿ အာသေဝနပစ္စယေန ပစ္စယော"** ဟု မြတ်စွာဘုရားသည် ဟောတော်မူအပ်၏၊ ကေ့ပ္ပါဒ အစရှိသော လေးပါးအပြားရှိသော သမ္ပယောဂလက္ခဏာ မရှိခြင်းကြောင့် စိတ်နှင့်တကွဖြစ်ကုန်သော်လည်း ရုပ်တရားတို့၏ သမ္ပယုတ္တပစ္စည်း အဖြစ်သည် မရှိ၊ ထို့ကြောင့် "စိတ္တစေတသိကာ ဓမ္မာ အညမညံ"ဟု မိန့်ဆိုအပ်၏။

---

## နာမ်သည် နာမ်အား ကျေးဇူးပြုပုံ ၅-ပစ္စည်း

၂၀။ ။ **ဟေတုဈာနင်္ဂမဂ္ဂင်္ဂါနိ သဟဇာတာနံ နာမရူပါနံ ဟေတာဒိဝသေန, သဟဇာတာ စေတနာ သဟဇာတာနံ နာမရူပါနံ နာနာက္ခဏိကာ စေတနာ ကမ္မာဘိနိဗ္ဗတ္တာနံ နာမရူပါနံ ကမ္မဝသေန, ဝိပါကက္ခန္ဓာ အညမညံ သဟဇာတာနံ ရူပါနံ ဝိပါကဝသေနေတိ စ ပဉ္စဝိဓာ နာမံ နာမရူပါနံ ပစ္စယော ဟောတိ။**

ဟိတ်, ဈာနင်, မဂ္ဂင်တို့သည် တကွဖြစ်ကုန်သော နာမ်ရုပ်တို့အား ဟေတုသတ္တိ, ဈာနသတ္တိ, မဂ္ဂသတ္တိဖြင့် ကျေးဇူးပြုတတ်ကုန်၏။ တကွဖြစ်သော စိတ်တခုယုတ် ကိုးဆယ်၌ ရှိသော စေတနာ တခုယုတ် ကိုးဆယ်သည် တကွဖြစ်ကုန်သော စိတ်တခုယုတ် ကိုးဆယ်, စေတနာကြဉ်သော စေတသိက် ၅၁ ပါး, စိတ္တဇရုပ် ပဋိသန္ဓေ ကမ္မဇရုပ်တို့အား သဟဇာတကမ္မသတ္တိဖြင့် ကျေးဇူးပြု၏။ အထူးထူးသော ကာလ၌ တည်သော အတိတ်ဖြစ်သော ကုသိုလ် အကုသိုလ် စေတနာ ၃၃-ခုသည် ကံ-ဟု ဆိုအပ်သော မိမိကြောင့် ဖြစ်ကုန်သော ဝိပါက် ဆတ္တိံသ နာမက္ခန္ဓာ, ပဋိသန္ဓေ ကမ္မဇရုပ်, အသညသတ် ကမ္မဇရုပ်, ပဝတ္တိ ကမ္မဇရုပ်တို့အား နာနာက္ခဏိက ကမ္မသတ္တိဖြင့် ကျေးဇူးပြု၏။ ဝိပါက် ဆတ္တိံသ နာမက္ခန္ဓာ လေးပါး တို့သည် တပါးသည် တပါးအားငှင်း၊ တကွဖြစ်ကုန်သော ဝိညတ်ခွေး ကြဉ်သော စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ်တို့အားငှင်း၊ ဝိပါက သတ္တိဖြင့် ကျေးဇူးပြုကုန်၏။ ဤသို့ နာမ်သည် နာမ်ရုပ်တို့အား ငါးပါးသော အခြင်းအရာဖြင့် ကျေးဇူးပြု၏။

---

## နာမ်သည် ရုပ်အား ကျေးဇူးပြုပုံ ၅-ပစ္စည်း

၂၀။ ။**ဟေတု။ ပ။** [၁] **နာမရူပါနံ**-ဟူသည်ကား၊ သုံးပါးကုန် သော ထိုဟိတ်, ဈာနင်, မဂ္ဂင်တို့သည် ပဋိသန္ဓေအခါ၌ ကံကြောင့် ဖြစ်ကုန်သော ရုပ်တို့အားငှင်း၊ ပဝတ္တိအခါ၌ စိတ်ကြောင့် ဖြစ်သော ရုပ်တို့အားငှင်း၊ ပဋိသန္ဓေ ပဝတ္တိအခါ နှစ်ပါးပေါင်း၌ တကွ ဖြစ်ကုန်သော နာမ်တို့အားငှင်း၊ ဟေတု အစရှိသော သတ္တိဖြင့် ကျေးဇူးပြုကုန်၏၊ ထိုစကားမှန်၏၊ "သဟဇာတရူပန္တိ။ပ။ စိတ္တ- သမုဋ္ဌာနာနံ" ဟူ၍ အရှင်အနုရုဒ္ဓါဆရာသည်ပင် ဆိုတော်မူလတံ့။

---

၁ ဟေတုဈာနင်္ဂမဂ္ဂင်္ဂါနိ-အရ ဟေတုပစ္စည်း, ဈာနပစ္စည်း, မဂ္ဂပစ္စည်း တရား တို့သည် မိမိနှင့် တကွဖြစ်သော စိတ် စေတသိက် နာမ်တရားတို့အားငှင်း, ပဋိသန္ဓေအခါ၌ ကမ္မဇရုပ် တရားတို့အားငှင်း, ပဝတ္တိအခါ၌ စိတ္တဇရုပ် တရားဘို့အားငှင်း ဟေတုသတ္တိ, ဈာနသတ္တိ, မဂ္ဂသတ္တိဖြင့် ကျေးဇူးပြုကုန်၏-ဟူလို။

**သဟဇာတာစေတနာ**-[၁]ဟူသည်ကား၊ယုတ်သောအပိုင်းအခြားအားဖြင့် စက္ခုဝိညာဏ် အစရှိသည်တို့နှင့် တကွဖြစ်သော စေတနာတည်း။ **သဟဇာတာနံ နာမရူပါနံ**-ဟူသည်ကား၊ အလုံးစုံလည်းဖြစ်သော စေတနာသည် နာမ်တို့အားငှ်း၊ ပဋိသန္ဓေနှင့် တကွဖြစ်သော စေတနာသည် ကမ္မဇရုပ်တို့အားငှ်း၊ ပဝတ္တိအခါ၌ ရုပ်ကိုဖြစ်စေတတ်သော စိတ်နှင့် တကွဖြစ်သော စေတနာသည် စိတ္တဇရုပ်တို့အားငှ်း၊ကျေးဇူးပြု၏၊**နာနာက္ခဏိကာစေတနာ**[၂]ဟူသည်ကား-ဝိပါက်ခဏမှ အထူးထူး ပြားသော ခဏ၌ အတိတ်အစရှိသောဘဝတို့၌ ဖြစ်သော ကုသိုလ် အကုသိုလ် စေတနာတည်း။ **နာမရူပါနံ** ဟူသည်ကား၊ ပဋိသန္ဓေ ပဝတ္တိ နှစ်ပါးစုံ၌လည်း နာမ်ရုပ်တို့အားကျေးဇူးပြု၏။ **ဝိပါကက္ခန္ဓာ**[၃]ဟူသည်ကား၊ ဝါ-ဟူသော ပုဒ်ကို ပဋိသန္ဓေဝိညာဏ် အစရှိကုန်သော ဝိပါက်နာမ်ခန္ဓာတို့သည်-ဟုအနက်ပေး။ အဘယ့်ကြောင့် နာမ်ခန္ဓာကိုသာ ယူအပ်ပါသနည်းဟူမူ၊ ကံကြောင့် ဖြစ်သော ရုပ်သည်လည်း ဝိပါက်ဟူသောခေါ်ဝေါ်ခြင်းကို မရပေ၊ ထို့ကြောင့် နာမ်ခန္ဓာကိုသာ ယူအပ်၏ဟူလို။ ရုပ်တရားသည် အဘယ့်ကြောင့် ဝိပါက် မမည်ပါသနည်းဟူမူ၊ နာမ်တရား၏ အဖြစ်ဖြင့်ငှ်း၊ အာရုံကို ယူတတ်သည် အဖြစ်ဖြင့်ငှ်း၊ ကံနှင့် တူကုန်သော နာမ်တရားတို့၌သာလျှင် ဝိပါကသဒ္ဒါ၏ထင်သည်အဖြစ်ကြောင့် မရပေ-ဟူလို။

---

၁ **သဟဇာတာစေတနာ**-အရ ပဝတ္တိအခါ စိတ်တခုယုတ်ကိုးဆယ်နှင့် ယှဉ်သောစေတနာသည် မိမိနှင့် အတူတကွဖြစ်သော နာမ်တို့အားငှ်း, ပဋိသန္ဓေစိတ်နှင့် တကွဖြစ်သော စေတနာသည် ကမ္မဇရုပ်အားငှ်း, ပဝတ္တိအခါ ရုပ်ကို ဖြစ်စေနိုင်သော စိတ်နှင့်တကွဖြစ်သော စေတနာသည် စိတ္တဇရုပ်အားငှ်း သဟဇာတ, ကမ္မသတ္တိဖြင့် ကျေးဇူးပြု၏-ဟူလို။

၂ **နာနာက္ခဏိကာစေတနာ**-အရ အထူးထူးသော ကာလ၌ တည်သော အတိတ်ဘဝ၌ဖြစ်သောကုသိုလ်, အကုသိုလ် စေတနာ ၃၃-ခုသည် ကံကြောင့် ဖြစ်ကုန်သော ဝိပါက်ဆတ္တိံသ နာမက္ခန္ဓာ, ပဋိသန္ဓေ ကမ္မဇရုပ်စသော နာမ်ရုပ်တို့အား နာနာက္ခဏိကကမ္မပစ္စည်းဖြင့် ကျေးဇူးပြု၏။

၃ ဝိပါက်ဆတ္တိံသ နာမက္ခန္ဓာ လေးပါးတို့သည် ဝိပါက်အချင်းချင်းအားငှ်း, ဝိပါက်နှင့် အတူဖြစ်ကုန်သော ဝိညတ်ခွဲကြဉ်သော စိတ္တဇရုပ်,ပဋိသန္ဓေကမ္မဇရုပ်တို့အားငှ်း, ဝိပါကပစ္စည်းဖြင့် ကျေးဇူးပြုကုန်၏။ ဤသို့ နာမ်သည် နာမ်ရုပ်တို့အား ဟေတု, ဈာန, မဂ္ဂ, ကမ္မ, ဝိပါကအားဖြင့် ငါးမျိုး ငါးနည်းဖြင့် ကျေးဇူးပြု၏-ဟူလို။

## နာမ်သည် ရုပ်အား ကျေးဇူးပြုပုံ ၁-ပစ္စည်း

**၂၁။ ။ပစ္ဆာဇာတာ စိတ္တစေတသိကာ ဓမ္မာ ပုရေဇာတဿ ဣမဿ ကာယဿ ပစ္ဆာဇာတပစ္စယေန ပစ္စယော။ ဧဝံ နာမံ ရူပဿ ပစ္စယော ဟောတိ။**

နောက်နောက်၌ ဖြစ်ကုန်သော စိတ်စေတသိက် ဖြစ်ကုန်သော ပဉ္စဝေါကာရဘုံ၌ ဖြစ်ခိုက် ဖြစ်နေ အရူပဝိပါက် လေးခု ကြဉ်သော ပဋ္ဌမဘဝင် အစရှိသော နောက်နောက်သော စိတ် ၈၅-ခု, စေတသိက် ၅၂-ပြည့်သော နာမက္ခန္ဓာတို့သည် ရှေးရှေး၌ ဖြစ်သော ဤသို့ သဘောရှိသော ပဋိသန္ဓေ အစရှိသော ရှေးရှေးသော စိတ်နှင့် အတူ ဥပါဒ်၍ ရုပ်၏ ဌီသို့ ရောက်သော ဧကဇကာယ, ဒွိဇကာယ, တိဇကာယ, စတုဇကာယအား ပစ္ဆာဇာတသတ္တိဖြင့် ကျေးဇူး ပြုကုန်၏၊ ဤသို့ နာမ်သည် ရုပ်အား တခုသော အခြင်းအရာအားဖြင့် ကျေးဇူးပြု၏။

---

## နာမ်သည် ရုပ်အား ကျေးဇူးပြုပုံ ၁-ပစ္စည်း အဘွင့်

၂၁။ ။**ပုရေဇာတဿ ဣမဿ ကာယဿ-**[၁] ဟူသည်ကား— ဝါ-ဟူသော ပုဒ်ကို ပစ္စည်းတရားမှ ရှေး၌ ဖြစ်သော ဤရုပ်အား-ဟု အနက်ပေး။ အဘယ်သို့လျှင် ပစ္စယုပ္ပန်တရား၏ ရှေး၌ဖြစ်လျက် နောက်၌ဖြစ်သော နမ်တရား၏ ပစ္စည်း၏ အဖြစ်သည် အသို့ ဖြစ်နိုင်ပါသနည်း။ ဤသို့ မေးလတ်သော် "ပစ္ဆာဇာတပစ္စယေ အသတိ သန္တာနဋ္ဌိတိဟေတုကဘာဝံ အာဂစ္ဆန္တဿ"ဟု ငါသည်

---

၁—နောက်၌ ဖြစ်သော ပစ္ဆာဇာတပစ္စည်းသည် ရှေး၌ ဖြစ်သော ရူပကာယကို ခိုင်စေခြင်း၌ ရူပကာယအစဉ် မပြတ် ဖြစ်ခြင်း၏ အကြောင်း ဖြစ်သောကြောင့် နောက်မှ ဖြစ်ပေါ်လာသော ဝိထိစိတ်ပစ္စည်းတရားသည် ရှေးဝိထိစိတ်နှင့် တပြိုင်နက် ဖြစ်နှင့်ပြီးသော ရုပ်ပစ္စယုပ္ပန်တရားအား ကျေးဇူးပြု၏။ ဤသို့ ပစ္ဆာဇာတပစ္စည်းတည်းဟူသော နာမ်သည် ရုပ်အား ပစ္ဆာဇာတ ပစ္စည်းအားဖြင့် ကျေးဇူးပြု၏-ဟူလို။

ဆိုအပ်သည် မဟုတ်ပါလော၊ ထို့ကြောင့် ရူပကာယ၏ အစဉ်မပြတ် ဖြစ်ခြင်း၏ အကြောင်းဖြစ်ခြင်းငှါ ရူပကာယကို ခိုင်စေခြင်းသည် ဤပစ္ဆာဇာတပစ္စည်း၏ ကိစ္စတည်း၊ ထို့ကြောင့် တစုံတခုသော ဆန့်ကျင်ဘွယ်သည် မရှိ၊ ဤသို့ ဖြေဆိုအပ်၏။

---

## ရုပ်သည် နာမ်အား ကျေးဇူးပြုပုံ ၁-ပစ္စည်း

**၂၂။ [က] ဆဝတ္ထုနိ ပဝတ္တိယံ သတ္တန္နံ ဝိညာဏဓာတူနံ ပဉ္စာရမ္မဏာနိ စ ပဉ္စဝိညာဏဝီထိယာ ပုရေ-ဇာတ ဝသေနေတိ ဧကဓာဝ ရူပံ နာမဿ ပစ္စယော ဟောတိ။**

ခြောက်ပါးသော ဝတ္ထုတို့သည် ဝါ-မန္ဒာယုက, အမန္ဒာယုက, မဇ္ဈိမာယုကအားဖြင့် သုံးပါးတို့တွင် မဇ္ဈိမာယုက ဖြစ်၍ အတိတ်ဘဝင် တချက်လွန်နှင့် ဥပါဒ်ပြိုင်သော စက္ခုဝတ္ထု။ပ။ကာယဝတ္ထု ပဋိသန္ဓေ အစရှိသော ရှေးရှေးသော စိတ်နှင့် အတူ ဥပါဒ်သော ဟဒယဝတ္ထု, နိရောဓသမာပတ်မှ ထသောအခါ ရှေးဖြစ်သော ဟဒယဝတ္ထု, မရဏာသန္နအခါ စုတိမှ ပြန်၍ရေသော် ၁၇-ချက်မြောက်သော စိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထု-ဟု ဆိုအပ်သော ခြောက်ပါး သော ဝတ္ထုရုပ်တို့သည် ပဝတ္တိအခါ၌ ၇-ပါးကုန်သော ဝိညာဏ ဓာတ်တို့အား ဝတ္ထုပုရေဇာတသတ္တိဖြင့် ကျေးဇူးပြုကုန်၏၊ အာရုံ ၅-ပါးတို့သည် ပဉ္စဝိညာဏဝီထိအားလည်း အာရမ္မဏပုရေဇာတ သတ္တိဖြင့် ကျေးဇူးပြုကုန်၏၊ ဤသို့ ရုပ်သည် နာမ်အား တခုသော အခြင်းအရာအားဖြင့်သာလျှင် ကျေးဇူးပြု၏။

---

## ရုပ်သည် နာမ်အား ကျေးဇူးပြုပုံ ၁-ပစ္စည်း အဘွင့်

၂၂။ [က] ပဋိသန္ဓေအခါ၌ စက္ခုအစရှိသော ဝတ္ထုတို့၏ မဖြစ်ခြင်းကြောင့် ပဋိသန္ဓေအခါ၌ စက္ခု အစရှိသော ဝတ္ထုတို့၏ ဖြစ်ခြင်းသည် ရှိသော်လည်း ထိုထိုဝိညာဏ်တို့အား ပုရေဇာတ

ပစ္စည်း၏ အဖြစ်သို့ မရောက်ခြင်းကြောင့်၎င်း၊ ပဋိသန္ဓေဝိညာဏ်နှင့် တကွဖြစ်သော ဟဒယဝတ္ထု၏လည်း ပုရေဇာတသတ္တိဖြင့် ကျေးဇူး ပြုတတ်သည်၏ အဖြစ် မရှိခြင်းကြောင့်၎င်း၊ "ဆဝတ္ထူနိ ပဝတ္တိယံ[၁]" ဟူသော ဤစကားကို မိန့်ဆိုအပ်၏။

"ပဉ္စာရမ္မဏာနိ ပဉ္စဝိညာဏဝီထိယာ[၂]" ဟူသော ဤစကား ကိုလည်း အာရမ္မဏပုရေဇာတနိဒ္ဒေသ၌ လာသော အာရမ္မဏ ပုရေဇာတပစ္စည်းကို ရည်၍ ဆိုအပ်၏၊ စင်စစ်အားဖြင့်ကား— ပဉှာဝါရ၌ "သေက္ခာ ဝါ ပုထုဇ္ဇနာ ဝါ စက္ခုံ အနိစ္စတော, ဒုက္ခတော, အနတ္တတော ဝိပဿန္တိ····"ဤသို့ အစရှိသော ပါဠိဖြင့် အာရမ္မဏပုရေဇာတ သာမညအားဖြင့် ပစ္စုပ္ပန် စက္ခုဝတ္ထုတို့ ကိုလည်း ယူအပ်သည်အဖြစ်ကြောင့် မနောဝိညာဏဝီထိအား အာရမ္မဏပုရေဇာတပစ္စည်းတပ်သော ဓမ္မာရုံကိုလည်း ရအပ်၏၊ ဆက်၍ဆိုဦးအံ့—ပစ္စုပ္ပန်ဖြစ်သော အကြင်ဓမ္မာရုံကို ယူ၍ မနော ဒွါရဝီထိသည် ဖြစ်၏၊ ထိုဓမ္မာရုံသည် ထိုမနောဒွါရဝီထိအား အာရမ္မဏပုရေဇာတ ဖြစ်၏၊ ဤသို့ ဤပစ္စုပ္ပန် ဓမ္မာရုံ၏လည်း မနောဝိညာဏဝီထိအား အာရမ္မဏပုရေဇာတ ပစ္စည်းတပ်သည် အဖြစ်သည် သဘောအားဖြင့် ပြီး၏။

---

၁—စက္ခုဝတ္ထုစသော ဝတ္ထုခြောက်ပါး ရုပ်တရားတို့သည် စက္ခုဝိညာဏ် စသော ၇-ပါးသော ဝိညာဏဓာတ် နာမ်တရားအား ပဝတ္တိအခါ၌သာ ဝတ္ထုပုရေဇာတ ပစ္စယ သတ္တိဖြင့် ကျေးဇူးပြု၏။

ဤ၌ ပဝတ္တိယံ-ပါဌ်ဖြင့် ပဋိသန္ဓေအခါ၌ ဂဗ္ဘသေယျက ပုဂ္ဂိုလ်တို့အား စက္ခုဝတ္ထု ။ပ။ ကာယဝတ္ထုတို့ မဖြစ်သင့်သောကြောင့်၎င်း, သံသေဒဇ, ဥပပါတ်ပုဂ္ဂိုလ်တို့အားလည်း ပဋိသန္ဓေအခါ၌ စက္ခုစသော ဝတ္ထုတို့ ဖြစ်သင့်သော်လည်း ထိုဝတ္ထုတို့သည် ထိုထိုဝိညာဏ် တို့အား ပုရေဇာတပစ္စည်း အဖြစ်သို့ မရောက်ခြင်းကြောင့်၎င်း, ဟဒယဝတ္ထုသည်လည်း ပဋိသန္ဓေဝိညာဏ်နှင့် အတူတကွ ဖြစ်နေရသဖြင့် ပုရေဇာတအဖြစ် မရှိသောကြောင့်၎င်း, ပဋိသန္ဓေအခါ၌ ကျေးဇူးမပြုနိုင်၊ ပဝတ္တိအခါ၌သာ ကျေးဇူးပြုနိုင်၏-ဟူသောအဓိပ္ပါယ်ကို ပြ၏။

၂—ရူပါရုံစသော အာရုံငါးပါးရုပ်တရားတို့သည်လည်း စက္ခုဝိညာဏ်စသော ငါးပါး သော ဝိညာဏဓာတ် နာမ်တရားတို့အား အာရမ္မဏပုရေဇာတပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏၊ ဤသို့ ရုပ်သည် နာမ်အား ပုရေဇာတပစ္စည်း တပါးဖြင့်သာ ကျေးဇူးပြု၏—ဟူလို။

## ဥပနိဿ ၃-မျိုး

**၂၃။ (ခ) ဥပနိဿယော ပန တိဝိဓော ဟောတိ အာရမ္မဏူပနိဿယော, အနန္တရူပနိဿယော, ပကတူပနိဿယောစေတိ။**

(ခ) အာရမ္မဏပစ္စည်းမှတပါး ဥပနိဿယပစ္စည်းကို ဆိုဦးအံ့– ဥပနိဿယ ပစ္စည်းသည် အာရမ္မဏူပနိဿယ ပစ္စည်းရင်း၊ အနန္တရူပနိဿယပစ္စည်းရင်း၊ ပကတူပနိဿယပစ္စည်းရင်း၊ ဤသို့ သုံးပါး အပြား ရှိ၏။ [မူဋ္ဌနံပါတ်မပါ၍ (က) (ခ) ခွဲထည့်သည်]

---

## ဥပနိဿယ ၃-မျိုးအဘွင့်

၂၃။ (ခ) ပစ္စည်းတပါးမှ ကင်းသော မိမိသဘောအားဖြင့် သာလျှင် အားရှိသော မှီရာသည် **ပကတူပနိဿယပစ္စည်း**[၁] မည်၏၊ အာရမ္မဏပစ္စည်း အနန္တရပစ္စည်းတို့နှင့် မရောသော အသီးသာလျှင် ဖြစ်သော တခုသော ဥပနိဿယ ပစ္စည်းတည်း၊ ဤသို့သော အဓိပ္ပါယ်ကို ဆိုလို၏၊ တနည်းကား—အဇ္ဈတ္တသန္တာန် ဗဟိဒ္ဓ သန္တာန်၌ ပြီးစေအပ်သည် ဖြစ်၍ အဖန်တလဲလဲ မှီဝဲအပ်သော ဥပနိဿယပစ္စည်းသည် **ပကတူပနိဿယပစ္စည်း** မည်၏။

**ပကတော**-ဟူသော ဤပုဒ်၌ **ပ** အက္ခရာသည် ဥပသာရပုဒ်တည်း၊ ထိုဥပသာရပုဒ်သည် မိမိ၏ အကျိုးကို ဖြစ်ခြင်း၌ စွမ်းနိုင်သည်၏ အဖြစ်ကြောင့် အဇ္ဈတ္တသန္တာန်, ဗဟိဒ္ဓသန္တာန်၌ ပြီးစေတတ်သည် အဖြစ်ကိုရင်း၊ အဖန်တလဲလဲ မှီဝဲအပ်သည်အဖြစ်ကိုရင်း ပြ၏၊ ထို့ကြောင့် မိမိ၏သန္တာန်၌ ပြီးစေအပ်သော ရာဂအစရှိသည် သဒ္ဓါအစရှိသည်ရင်း၊ အဖန်တလဲလဲ မှီဝဲအပ်သော ဥတုဘောဇဉ် အစရှိသည်ရင်း၊ ပကတူပနိဿယပစ္စည်း မည်၏၊ ထို့ကြောင့်

---

၁–အာရမ္မဏူပနိဿယ, အနန္တရူပနိဿယတို့နှင့် မရောသော မိမိသဘောအားဖြင့် သာလျှင် အားကြီးလွန်ကဲသော အကြောင်းဖြစ်သော ပစ္စည်းသည် **ပကတူပနိဿယပစ္စည်း** မည်၏။ တနည်း–အဇ္ဈတ္တသန္တာန်၌ ပြီးစေအပ်သော ဗဟိဒ္ဓသန္တာန်၌ အဖန်တလဲလဲ မှီဝဲအပ်သော အားကြီးလွန်ကဲသော အကြောင်းသည် **ပကတူပနိဿယ** မည်၏-ဟုမှတ်။

သာလျှင် ရာဂ အစရှိသော တရား,သဒ္ဓါ အစရှိသော တရားကိုဋင်း၊ ဥတုဘောဇဉ် အစရှိသည်ကိုဋင်း အရှင်အနုရုဒ္ဓါ ဆရာသည်ပင် ထုတ်ပြတော်မူ၏။

---

## အာရမ္မဏူပနိဿယပစ္စည်း

**၂၄။ ။တတ္ထ အာရမ္မဏမေဝ ဂရုကတံအာရမ္မဏူပနိဿယော။**

ထိုသုံးပါးတို့တွင် အလေးအမြတ် ပြုအပ်သော ဇူဌဖြစ်သော နိပ္ဖန္နရုပ် အဋ္ဌာရသ, ဒေါသမူဒွေး မောဟမူဒွေး ဒုက္ခသဟဂုတ် ကာယဝိညာဏ် ကြဉ်သောစိတ် ၈၄-ခု,ဒေါသ ဇူဿာ မစ္ဆရိယ ကုက္ကုစ္စ ဝိစိကိစ္ဆာကြဉ်သော စေတသိက် ၄၇-ခု, ကာလဝိမုတ် ဖြစ်သော နိဗ္ဗာန်-ဟု ဆိုအပ်သော အာရုံခြောက်ပါးသည်သာလျှင် အာရမ္မဏူပနိဿယပစ္စည်း [၁] မည်၏၊

---

## အာရမ္မဏူပနိဿယ ပစ္စည်းအဘွင့်

၂၄။ ။**ဂရုကတံ**-ဟူသည်ကား၊ ဝါ-ဟူသော ပုဒ်ကို အလေး အမြတ်ပြု၍ဆင်ခြင်အပ်သော-ဟု အနက်ပေး။ ထို့ကြောင့်သာလျှင် "ဒါနံ ဒတွာ သီလံသမာဒိယိတွာ ဥပေါသထကမ္မံ ကတွာ တံ ဂရုံ ကတွာ ပစ္စဝေက္ခတိ" ဤသို့ အစရှိသော နည်းဖြင့် ဒါန, သီလ, ဥပုသ် အမှု, ရှေး၌ပြုအပ်သော လေ့ကျက်အပ်ပြီးသော ဈာန်ဂေါတြဘု ဝေါဒါန် မဂ်အစရှိသည်တို့ကို အလေးအမြတ် ပြု၍ ဆင်ခြင်သည်၏ အစွမ်းအားဖြင့် ထို"ဂရုကတံ"ဟူသော ပုဒ်၏ နိဒ္ဒေသသည် ဖြစ်၏။

---

၁—အလေးအမြတ် ပြုအပ်သော အာရမ္မဏာဓိပတိ ပစ္စည်းသည် **အာရမ္မဏူပနိဿယ ပစ္စည်း** မည်၏၊ သို့သော် အထူးကား အလေးအမြတ် ပြုအပ်သည် အဖြစ်မျှဖြင့် ကျေးဇူး ပြုခြင်းသည် **အာရမ္မဏာဓိပတိပစ္စည်း** မည်၏။

အလေးအမြတ် ပြုအပ်သည်၏ အဖြစ်တွင် လွန်ကဲအားကြီးသော အကြောင်း၏ အဖြစ်ဖြင့် ကျေးဇူးပြုခြင်းသည် **အာရမ္မဏူပနိဿယပစ္စည်း** မည်၏-ဟု မှတ်။

## အနန္တရူပနိဿယပစ္စည်း

**၂၅။ ။အနန္တရနိရုဒ္ဓါ စိတ္တစေတသိကာ ဓမ္မာ အနန္တရူပနိဿယော။**

အခြားမဲ့ဖြစ်၍ ချုပ်ကုန်ပြီးသော စိတ် စေတသိက် ဖြစ်ကုန်သော ရဟန္တာတို့၏ စုတိကြဉ်သော စိတ်တခုယုတ် ကိုးဆယ်, စေတသိက် ဒွေပညာသ နာမက္ခန္ဓာတို့သည် အနန္တရူပနိဿယပစ္စည်း မည်၏။

## အနန္တရူပနိဿယပစ္စည်းအဘွင့်

၂၅။ **။ပုရိမာ ပုရိမာ။ပ။ပစ္စယော**-ဤသို့ စသောနည်းဖြင့် အနန္တရပစ္စည်းနှင့် တကွ ထူးသည်အဖြစ်ကို မပြုမူ၍ အနန္တရူပနိဿယပစ္စည်းသည် ပဋ္ဌာန်း၌ လာသောကြောင့် "အနန္တရနိရုဒ္ဓါ" ဤသို့ အစရှိသော စကားကို မိန့်ဆိုအပ်၏၊ ဤသို့ အရှင်အနုရုဒ္ဓါက ထပ်တူ ဆိုသော်လည်း မိမိ၏ အခြားမဲ့၌ လျောက်ပတ်သော စိတ္တုပ္ပါဒ်၏ အစွမ်းအားဖြင့် ကျေးဇူးပြုတတ်သော တရားသည် **အနန္တရပစ္စည်း** မည်၏၊ အားရှိသော အကြောင်း၏ အစွမ်းဖြင့် ကျေးဇူးပြုတတ်သောတရားသည် **အနန္တရူပနိဿယပစ္စည်း**[၁] မည်၏၊ ဤမျှသာလျှင် ထိုပစ္စည်း နှစ်ပါးတို့၏ အထူးတည်း။

## ပကတူပနိဿယပစ္စည်း

**၂၆။ ။ရာဂါဒယော ပန ဓမ္မာ သဒ္ဓါဒယော စ သုခံ, ဒုက္ခံ, ပုဂ္ဂလော, ဘောဇနံ, ဥတု, သေနာသနဉ္စ, ယထာရဟံ အဇ္ဈတ္တဉ္စ ဗဟိဒ္ဓါ စ ကုသလာဒိ ဓမ္မာနံ ကမ္မံ ဝိပါကာနံ စ ဗဟုဓာ ဟောတိ ပကတူပနိဿယော။**

---

၁—အနန္တရပစ္စည်းသည်ပင် အနန္တရူပနိဿယပစ္စည်း မည်၏၊ သို့သော် အထူးကား- မိမိ၏ အခြားမဲ့၌ လျော်သော စိတ်တို့ကို ဖြစ်စေသည့် အစွမ်းဖြင့် ကျေးဇူးပြုတတ်သော တရားသည် **အနန္တရပစ္စည်း** မည်၏။

အားကြီးသော အကြောင်း၏ အဖြစ်ဖြင့် ကျေးဇူးပြုတတ်သော တရားသည် **အနန္တရူပနိဿယပစ္စည်း** မည်၏-ဟု မှတ်။

အနန္တရူပနိဿယ ပစ္စည်းမှတပါး ပကတူပနိဿယ ပစ္စည်းကို ဆိုဦးအံ့—ရာဂ အစရှိကုန်သော တရားတို့သည်ငှင်း၊ သဒ္ဓါ အစရှိကုန်သော တရားတို့သည်ငှင်း၊ ကာယိကသုခသည်ငှင်း၊ ကာယိကဒုက္ခသည်ငှင်း၊ ကလျာဏမိတ္တ စသော ပုဂ္ဂိုလ်သည်ငှင်း၊ လျောက်ပတ်သော ဘောဇဉ်သည်ငှင်း၊ လျောက်ပတ်သော အချမ်း အပူ-ဟူသော ဥတုသည်ငှင်း၊ လျောက်ပတ်သောကျောင်း အိပ်ရာ နေရာသည်ငှင်း၊ ထိုက်သည်အားလျော်စွာ အဇ္ဈတ္တသန္တာန်၌ငှင်း၊ ဗဟိဒ္ဓသန္တာန်၌ငှင်း၊ ကုသိုလ်အစရှိသော တရားတို့အား ပကတူပနိဿယ သတ္တိဖြင့် ကျေးဇူးပြုကုန်၏၊ ဗလဝဖြစ်သော ကုသိုလ် အကုသိုလ်ကံသည် ဝိပါက်ဆတ္တိံသ နာမက္ခန္ဓာတို့အား ပကတူပနိဿယ သတ္တိဖြင့် ကျေးဇူးပြု၏၊ ဤသို့ ပကတူပနိဿယ ပစ္စည်းသည် များသောအပြား ရှိ၏။

---

## ပကတူပနိဿယပစ္စည်းအဘွင့်

၂၆။ ။ထိုက်သည်အား လျော်စွာ အဇ္ဈတ္တသန္တာန်၌ ဖြစ်ကုန်သော ဗဟိဒ္ဓသန္တာန်၌လည်း ဖြစ်ကုန်သော ရာဂ အစရှိကုန်သော တရားတို့သည်ငှင်း၊ သဒ္ဓါ အစရှိကုန်သော တရားတို့သည်ငှင်း၊ ကာယိကသုခသည်ငှင်း၊ ကာယိကဒုက္ခသည်ငှင်း၊ ပုဂ္ဂိုလ်သည်ငှင်း၊ ဥတုသည်ငှင်း၊ ကျောင်း အိပ်ရာ နေရာသည်ငှင်း၊ အဇ္ဈတ္တသန္တာန်၌လည်း ဖြစ်ကုန်သော ဗဟိဒ္ဓသန္တာန်၌လည်း ဖြစ်ကုန်သော ကုသိုလ်အစရှိသော တရားတို့အား ဥပနိဿယသတ္တိဖြင့် [၁] ကျေးဇူးပြုကုန်၏၊

---

၁–အဇ္ဈတ္တ မိမိသန္တာန်၌ ဖြစ်သော ရာဂ, ဒေါသ အစရှိသော တရား၊ သဒ္ဓါ, သီလ, သုတစသော တရား ကိုယ်၌ဖြစ်သော သုခ-တရား ဒုက္ခ-တရားများသည်ငှင်း၊ သူတပါး ဗဟိဒ္ဓသန္တာန်၌ ဖြစ်သော ရာဂ ဒေါသ အစရှိသောတရား၊ သဒ္ဓါ, သီလ, သုတစသော တရားများသည်ငှင်း၊ မိမိသန္တာန်၌ ဖြစ်သော ကုသိုလ် အကုသိုလ် စသော တရားတို့အားငှင်း၊ သူတပါးသန္တာန်၌ ဖြစ်သော ကုသိုလ် အကုသိုလ်တို့အားငှင်း၊ ဤသို့ ထိုက်သည်အားလျော်စွာ ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြု၏၊ ကုသိုလ် အကုသိုလ်ကံသည်လည်း ဝိပါက်ဆတ္တိံသ နာမက္ခန္ဓာတို့အား ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြု၏၊ ဤသို့ ပကတူပနိဿယပစ္စည်းသည် များသောအပြား ရှိ၏-ဟူလို၊ ဤအထက်ပါ စကားရပ်များဖြင့် အာရမ္မဏူပနိဿယ, အနန္တရူပနိဿယ, ပကတူပနိဿယ သုံးမျိုး၏ သဘောသရုပ်ကို ထုတ်ဆို ဘွင့်ပြတော်မူ၏-ဟု မှတ်။

ဤသို့ ယောဇနာအပ်၏၊ အဘယ့်ကြောင့် ယောဇနာအပ်ပါသနည်းဟူမူ၊ ရာဂ အစရှိကုန်သော တရားတို့ကို အဇ္ဈတ္တသန္တာန်၌ ပြီးစေအပ်ကုန်၏၊ ပုဂ္ဂိုလ် အစရှိသည်တို့ကို အပသန္တာန်၌ မှီ၍ အပ်ကုန်၏၊ ထို့ကြောင့် ယောဇနာအပ်၏-ဟူလို၊ ထို့ကြောင့် သာလျှင် အရှင်အနုရုဒ္ဓါဆရာသည် နာမရူပပရိစ္ဆေဒကျမ်း၌—

ရာဂသဒ္ဓါဒယော ဓမ္မာ၊ အဇ္ဈတ္တမနုဝါသိတာ။
သတ္တသင်္ခါရဓမ္မာ စ၊ ဗဟိဒ္ဓေါပနိဿယိတာ။ ။

ဟု မိန့်ဆိုအပ်၏၊

အနက်ကား—ရာဂ အစရှိသော တရားတို့ကို အဇ္ဈတ္တသန္တာန်၌ အဖန်တလဲလဲ ထုံအပ်ကုန်၏၊ သတ္တဝါ သင်္ခါရ တရားတို့ကိုကာ ဗဟိဒ္ဓသန္တာန်၌ ကပ်၍ မှီ၍အပ်ကုန်၏။

တနည်းကား—အဇ္ဈတ္တသန္တာန်၌လည်း ဖြစ်ကုန်သော ဗဟိဒ္ဓသန္တာန်၌လည်း ဖြစ်ကုန်သော ကုသိုလ် အစရှိသော တရားတို့အား ဥပနိဿယ သတ္တိဖြင့် ကျေးဇူးပြု၏၊ ဤသို့ တည်ရှိတိုင်းသော ပါဠ်၏ အစွမ်းအားဖြင့်သော်လည်း ယောဇနာခြင်းကို ပြုအပ်၏၊ ယောဇနာအပ်ခြင်း၏ အကြောင်းသော်ကား—မိမိ၏ ရာဂအစရှိသည်တို့သည်၎င်း၊ သဒ္ဓါ အစရှိသည်တို့သည်၎င်း၊ မိမိ၏ ကုသိုလ် အစရှိသော တရားတို့၏ မှီရာ ဖြစ်ကုန်၏၊ ကောင်းသော မိတ်ဆွေ၏ သဒ္ဓါအစရှိသည်တို့ကို မှီ၍ ကုသိုလ်တို့ကို ပြုကုန်သော ကလျာဏမိတ္တ-ဟု ဆိုအပ်သော သူတပါးတို့၏ ကုသိုလ် အစရှိသောတရားတို့၏လည်း မိမိ၏ သဒ္ဓါ အစရှိသည်တို့သည် မှီရာ ဖြစ်ကုန်၏၊ ထို့ကြောင့် ယောဇနာအပ်၏-ဟူလို။

ထိုရာဂါဒယောစသော စကား၌ ကာမဘုံ အစရှိသည်တို့၌ ဖြစ်ခြင်းငှါ၎င်း၊ ရာဂအစရှိသည်တို့ကို ငြိမ်းစေခြင်းငှါ၎င်း ဖြစ်စေအပ်ကုန်သော အလှူပေးခြင်း, သီလဆောက်တည်ခြင်း, ဥပုသ်ဆောက်တည်ခြင်း, ဈာန် အဘိညာဏ် ဝိပဿနာ မဂ်တို့ကို ပွားစေခြင်းတို့သည် ကာမရာဂ အစရှိသည်တို့ကို မှီ၍ ဖြစ်ကုန်၏၊

အောက်အောက်၌ ဖြစ်ကုန်သော ရာဂအစရှိသည်လျှင် အကြောင်း ရှိကုန်သော အထက်အထက်၌ ဖြစ်ကုန်သော ရာဂ အစရှိသည် တို့ သည်လည်း ဖြစ်ကုန်၏၊ ဤသို့ ထိုက်သည်အားလျော်စွာ မှတ်အပ်၏။

အဘယ့်ကြောင့် ရာဂ အစရှိသည်တို့သည် ကုသိုလ်တို့အား ကျေးဇူးပြုနိုင် ပါသနည်း-ဟူမူ၊ အကြင်အကြင် ရာဂအစရှိသော တရားကို အမှီပြု၍ အကြင်အကြင် ဒါန အစရှိသော တရား၏ ဖြစ်ခြင်းသည် ရှိ၏၊ ထိုထိုရာဂအစရှိသော တရားသည် ထိုထိုဒါန အစရှိသော တရားအား ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြု၏၊ ထို့ကြောင့် ကျေးဇူးပြုနိုင်၏-ဟူလို၊ ထိုစကားမှန်၏၊ ဤဥပနိဿ ယပစ္စည်းသည် ကျယ်သော အရာရှိသော ပစ္စည်း ဖြစ်၏-ဟု ဆရာ တို့သည် ဆိုအပ်၏၊ ထို့ကြောင့်လည်း "ဗဟုဓာ ဟောတိ ပကတူပ နိဿယပစ္စယော" ဟူသော စကားကို အရှင်အနုရုဒ္ဓါဆရာသည် မိန့်ဆိုပြီ။

**သဒ္ဓါဒယော**-ဟူသည်ကား၊သီလ,သုတ,စာဂ, ပညာတို့တည်း၊ ယင်းအရ အကျယ်ချဲ့၍ ပြဦးအံ့၊ မိမိ၏ သဒ္ဓါအစရှိသည်တို့ကို အမှီ ပြု၍ မိမိ၏ ဒါန သီလ အစရှိသည်တို့သည် ဖြစ်ကုန်၏၊ ထို့အတူ မိတ်ဆွေကောင်းတို့၏ သဒ္ဓါ အစရှိသည်တို့ကိုလည်း အမှီပြု၍ သူတပါးတို့၏လည်း ဒါန သီလ အစရှိသည်တို့သည် ဖြစ်ကုန်၏၊ ထို့ကြောင့် ဤသို့ ဖြစ်မှုသည် ထင်ရှားပါ၏။

**သုခံ, ဒုက္ခံ**-ဟူသည်ကား၊ ကိုယ်၌ ဖြစ်သော သုခဒုက္ခတည်း၊ **ပုဂ္ဂလော**-ဟူသည်ကား၊ မိတ်ဆွေကောင်း အစရှိသော ပုဂ္ဂိုလ် တည်း၊ **ဘောဇနံ**-ဟူသည်ကား၊ မိမိနှင့် သင့်တော်သည် အစ ရှိသော ဘောဇဉ်တည်း၊ ဥတုသည်လည်း ထိုဘောဇဉ်နှင့် တူသည် သာတည်း။

---

### အဓိပတိပစ္စည်း

၂၀။ ။တတ္ထ ဂရုကတမာရမ္မဏံ အာရမ္မဏာဓိပတိဝသေန, နာမာနံ သဟဇာတာဓိပတိ စတုဗ္ဗိဓောပိ ဝိ သဟ- ဇာတဝသေန သဟဇာတာနံ နာမရူပါနန္တိ စ ဒုဝိဓော ဟောတိ အဓိပတိပစ္စယော။

ထိုကိုးပါးသော ပစ္စည်းတို့တွင် အလေးအမြတ် ပြုအပ်သော ဇာဋ္ဌဖြစ်သော နိပ္ဖန္နရုပ် အဋ္ဌာရသ, ဒေါသမူ ဒွေး, မောဟမူဒွေး, ဒုက္ခသဟဂုတ် ကာယဝိညာဏ် ကြဉ်သော စိတ် ၈၄-ခု ဒေါသ, ဇာသာ, မစ္ဆရိယ, ကုက္ကုစ္စ, ဝိစိကိစ္ဆာကြဉ်သော စေတသိက် ၄၇-ခု ကာလဝိမုတ် ဖြစ်သော နိဗ္ဗာန်-ဟု ဆိုအပ်သော အာရုံခြောက်ပါးသည် အလေးအမြတ် ပြုတတ်သော လောဘမူစိတ် ရှစ်ခု မဟာကုသိုလ်စိတ် ရှစ်ခု မဟာကြိယာ ဉာဏသမ္ပယုတ် စိတ်လေးခု လောကုတ္တရာစိတ် ရှစ်ခု ဒေါသ, ဇာသာ, မစ္ဆရိယ, ကုက္ကုစ္စ, ဝိစိကိစ္ဆာ, အပ္ပမညာကြဉ်သော စေတသိက် ၄၅-ခု နာမက္ခန္ဓာတို့အား အာရမ္မဏာဓိပတိသတ္တိဖြင့် ကျေးဇူးပြု၏၊ လေးပါးအပြားရှိသော မောဟမူဒွေး, ဟသိတုပ္ပါဒ် ကြဉ်သော အဓိပတိတပ်နိုက်တပ်နေ သာဓိပတိဇော ၅၂-ခု၌ ရှိသော ဆန္ဒ, ဝီရိယ, ဝီမံသ, သာဓိပတိဇော ၅၂-ခု-ဟု ဆိုအပ်သော အဓိပတိပစ္စည်းသည် တကွဖြစ်ကုန်သော အဓိပတိတရားကိုယ် ကြဉ်သော သာဓိပတိဇော ၅၂-ခု ဝိစိကိစ္ဆာကြဉ်သော စေတသိက် ၅၁-ခု သာဓိပတိစိတ္တဇရုပ်အား သဟဇာတပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏၊ ဤသို့လျှင် အဓိပတိပစ္စည်းသည် နှစ်ပါးအပြား ရှိ၏။

**အဓိပတိပစ္စည်းအဘွင့်**

၂၀။ ။"အဓိပတိ။ပ။ပစ္စယာဟောန္တိ" ဟူ၍ အကျဉ်းအားဖြင့် ဆိုအပ်ပြီးသော အနက်ကို ခွဲပြခြင်းငှါ "တဏ္ဍဂရုကတမာရမ္မဏံ [၁]"

**၁—တဏ္ဍဂရုကတံ-**အစရှိသော ပါဠိဖြင့် အဓိပတိပစ္စည်းသည် အာရမ္မဏာဓိပတိ, သဟဇာတာဓိပတိ-ဟု နှစ်ပါးအပြား ရှိသည်ကို ပြ၏၊ ထိုနှစ်ပါးတို့တွင် **ဂရုကတ။ပ။နာမာနံ** ဟူသော ပါဠိဖြင့် အာရမ္မဏာဓိပတိကို ပြ၏၊ **သဟဇာတာဓိပတိ။ပ။နာမရူပါနံ**-ဟူသော ပါဠိဖြင့် သဟဇာတာဓိပတိကို ပြ၏၊ ထို ၂-ပါးတို့တွင် အလွန်နှစ်သက်ဘွယ် ဖြစ်သော ရုပ်တရား, အလွန်နှစ်သက်ဘွယ်ဖြစ်သော နာမ်တရားများသည် အဓိပတိပစ္စည်းဖြစ်သော ရုပ်-နာမ် မည်၏၊ ထိုရုပ်နာမ်တို့ကို အာရုံပြု၍ ဖြစ်ကုန်သော စိတ် စေတသိက် နာမ်တရားတို့သည် အာရမ္မဏာဓိပတိပစ္စည်း၏ ပစ္စယုပ္ပန်တရား မည်ကုန်၏။

ဆန္ဒ, စိတ္တ, ဝီရိယ, ဝီမံသ-ဟူသော အဓိပတိတရား ၄-ပါးသည် ပစ္စယုပ္ပန်တရားနှင့် တကွဖြစ်သောကြောင့် **သဟဇာတာဓိပတိ** မည်၏၊ ၎င်းအဓိပတိတရား ၄-ပါးကြောင့် ဖြစ်ကုန်သော စိတ်, စေတသိက်, စိတ္တဇရုပ် တရားတို့သည် သဟဇာတာဓိပတိပစ္စည်း၏ ပစ္စယုပ္ပန်တရားမည်ကုန်၏-ဟူလို။ (အသေအချာအရကောက်ကိုသင်္ဂြိုဟ်နိဿယအတိုင်းမှတ်။)

ဤသို့ အစရှိသော စကားကို မိန့်ဆိုအပ်ပါသတည်း၊ **ဂရုကတမာရမ္မဏံ**-ဟူသည်ကား၊ ဝါ-ဟူသော ပုဒ်ကို ဆင်ခြင်ခြင်း သာယာခြင်း အစရှိသော နည်းဖြင့် အလေးအမြတ် ပြုအပ်သော အာရုံသည် ဟု အနက်ပေး။အဘယ့်ကြောင့် အာရမ္မဏာဓိပတိ မည်သနည်း ဟူမူ၊ ဈာန်, မဂ်, ဖိုလ်, ဝိပဿနာ, နိဗ္ဗာန်စသော အပြားရှိသော ထို အလေး အမြတ် ပြုအပ်သော အာရုံသည် ဆင်ခြင်ခြင်း သာယာခြင်း အစရှိသော မဂ်ဖိုလ် အစရှိသော တရားတို့ကို မိမိနှင့် စပ်သည်တို့ကို ပြုတတ်သောကြောင့် အာရမ္မဏာဓိပတိ မည်၏။

---

## အာရမ္မဏာဓိပတိနှင့် အာရမ္မဏူပနိဿယ ပစ္စည်း ၂-ပါး အထူး

အလေးအမြတ် ပြုအပ်ကာမျှသည် **အာရမ္မဏာဓိပတိပစ္စည်း** မည်၏၊ အလေးအမြတ် ပြုအပ်သော်လည်း အားရှိသောအကြောင်း ဖြစ်သော အနက်ကြောင့် **အာရမ္မဏူပနိဿယပစ္စည်း** မည်၏၊ ဤသည်သာလျှင် ထိုပစ္စည်း ၂-ပါးတို့၏အထူးတည်း။

**သဟဇာတ။ပ။နာမရူပါနံ**—ဟူသည်ကား၊ ဆန္ဒ, စိတ္တ, ဝီရိယ, ဝီမံသတို့၏ အစွမ်းဖြင့် လေးပါး အပြားရှိသော သဟဇာတာဓိပတိ ပစ္စည်းသည် ထိုက်သည်အား လျော်စွာ အတူတကွ ဖြစ်ကုန်သော နာမ်ရုပ်တို့အား ပဝတ္တိအခါ၌သာလျှင် သဟဇာတာဓိပတိ အစွမ်း ဖြင့် ကျေးဇူးပြု၏။

---

## သဟဇာတပစ္စည်း

**၂၉။ ။စိတ္တစေတသိကာ ဓမ္မာ အညမညံ သဟဇာတရူပါနဉ္စ၊ မဟာဘူတာ အညမညံ ဥပါဒါရူပါနဉ္စ၊ ပဋိသန္ဓိက္ခဏေ ဝတ္ထုဝိပါကာ အညမညန္တိ စ တိဝိဓော ဟောတိ သဟဇာတပစ္စယော။**

စိတ် စေတသိက် ဖြစ်ကုန်သော နာမက္ခန္ဓာ တရားတို့သည် တပါးသည် တပါးအားရင်း၊ သဟဇာတ် ဖြစ်ကုန်သော စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ်တို့အားရင်း၊ သဟဇာတသတ္တိဖြင့် ကျေးဇူးပြုကုန်၏၊ မဟာဘုတ်တို့သည် တပါးသည် တပါးအားရင်း၊ ဥပါဒါရုပ်တို့အားရင်း၊ သဟဇာတသတ္တိဖြင့် ကျေးဇူးပြုကုန်၏၊ ပဋိသန္ဓေအခါ၌ ဟဒယဝတ္ထု, ပဉ္စဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာတို့သည် တပါးသည် တပါးအား သဟဇာတ သတ္တိဖြင့် ကျေးဇူးပြုကုန်၏၊ ဤသို့လျှင် သဟဇာတ[၁] ပစ္စည်းသည် သုံးပါး အပြားရှိ၏။

---

## သဟဇာတပစ္စည်း အဘွင့်

၂၉။ ။ရုပ်တရားအား နာမ်တရားကို စွဲ၍ သဟဇာတ သတ္တိဖြင့် ကျေးဇူး ပြုတတ်သည် အဖြစ်ကို ပဋိသန္ဓေအခါ၌ ဟဒယဝတ္ထု၏ အစွမ်းအားဖြင့် ဟောတော်မူအပ်၏၊ ထို့ကြောင့် "ဝတ္ထုဝိပါကာ အညမည" ဟူသော စကားကို အရှင်အနုရုဒ္ဓါ ဆရာသည် မိန့်ဆိုတော်မူပြီ။

---

## အညမညပစ္စည်း

**၃၀ ။စိတ္တစေတသိကာ ဓမ္မာ အညမညံ,မဟာဘူတာ အညမညံ, ပဋိသန္ဓိက္ခဏေ ဝတ္ထုဝိပါကာ အညမညန္တိ စ တိဝိဓော ဟောတိ အညမညပစ္စယော။**

---

၁–သဟဇာတပစ္စည်းသည် (၁) စိတ် စေတသိက် တရားတို့က တကွဖြစ်သော စိတ် စေတသိက်တရားနှင့် စိတ္တဇရုပ်တို့အား ကျေးဇူးပြုသော သဟဇာတပစ္စည်း။

(၂) မဟာဘုတ်လေးပါး ရုပ်တရားက အချင်းချင်းဖြစ်သော မဟာဘုတ်အားရင်း, ဥပါဒါရုပ်အားရင်း, ကျေးဇူးပြုသော သဟဇာတပစ္စည်း။

(၃) ပဋိသန္ဓေ အခိုက်အခါ၌ ပဋိသန္ဓေ ဝိပါက်စိတ် စေတသိက်သည် အချင်းချင်းဖြစ်သော ဝိပါက် စိတ် စေတသိက်အားရင်း, ဟဒယဝတ္ထုရုပ်အားရင်း, ကျေးဇူးပြုသော သဟဇာတ ပစ္စည်း-ဟူ၍ ၃-မျိုးရှိ၏-ဟူလို၊ သို့ဖြစ်၍ နာမ်တရားက ရုပ်တရားအား အညမညသတ္တိဖြင့် ကျေးဇူးပြုမှုသည် ဤပဋိသန္ဓေ စိတ် စေတသိက်နှင့် ဟဒယဝတ္ထုရုပ်ကို ရည်၍ ဆိုလို၏-ဟုမှတ်။

စိတ် စေတသိက် ဖြစ်ကုန်သော တရားတို့သည် တပါးသည် တပါးအား အညမည သတ္တိဖြင့် ကျေးဇူး ပြုကုန်၏၊ မဟာဘုတ်တို့သည် တပါးသည် တပါးအား အညမည သတ္တိဖြင့် ကျေးဇူး ပြုကုန်၏၊ ပဋိသန္ဓေ ခဏ၌ ဟဒယဝတ္ထု, ပဉ္စဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာတို့သည် တပါးသည် တပါးအား အညမည သတ္တိဖြင့် ကျေးဇူး ပြုကုန်၏၊ ဤသို့လျှင် အညမည ပစ္စည်းသည် သုံးပါး အပြား ရှိ၏။ (အချို့စာမူတို့၌ နိဿယပစ္စည်းနံပါတ်ကို ထိုးတပ်ကုန်၏။)

---

## အညမညပစ္စည်း အဘွင့်

၃၀။ ။အကြင့်ကြောင့် တပါးသည် တပါးအား ထောက်ပံ့ခိုင်စေသည်၏ အစွမ်းဖြင့်သာလျှင် ကျေးဇူး ပြုသည် အဖြစ်သည် **အညမညပစ္စည်း**[၁] မည်၏၊ တက္ကဖြစ်ကာမျှဖြင့် ကျေးဇူး ပြုသည် အဖြစ်သည် အညမညပစ္စည်း မဟုတ်သောကြောင့် ပဝတ္တိအခါ၌ ရုပ်သည် နာမ်တို့အား အညမညပစ္စည်း မဖြစ်နိုင်၊ ထို့ကြောင့် "စိတ္တစေတသိကာ ဓမ္မာ အညမညံ" ဟု အရှင်အနုရုဒ္ဓါ ဆရာမြတ် မိန့်ဆိုတော်မူအပ်၏၊ ထို့အတူ ဥပါဒါရုပ်တို့သည်လည်း ဘူတရုပ်တို့အား အညမညပစ္စည်း မဖြစ်ကုန်၊ ထို့ကြောင့် "မဟာဘူတာ အညမညံ" ဟူသော ဤစကားကို အရှင်အနုရုဒ္ဓါ ဆရာမြတ် မိန့်ဆိုတော်မူအပ်၏။

---

၁—အညမညပစ္စည်း-ဟူသည် အချင်းချင်း အပြန်အလှန် ထောက်ပံ့ ကျေးဇူးပြုနိုင်သော ပစ္စည်းကို ဆိုလို၏၊ တက္ကဖြစ်ကာမျှကို မဆိုလို။ ထို့ကြောင့် ပဝတ္တိအခါ စိတ် စေတသိက်နှင့် စိတ္တဇရုပ်တို့သည် တက္ကဖြစ်ကာမျှ ဖြစ်၍ အညမညပစ္စည်း မဖြစ်နိုင်ကုန်၊ သဟဇာတပစ္စည်းမျှသာ ဖြစ်ကုန်၏၊ ထို့ကြောင့် "စိတ္တစေတသိကာ။ပ။ သဟဇာတရူပါနဉ္စ" ဟူသော စကားကို မိန့်ဆိုတော်မူ၏။

ထို့အတူ ဥပါဒါရုပ်နှင့် မဟာဘုတ်တို့သည်လည်း အချင်းချင်း ကျေးဇူးမပြုနိုင်၊ တက္ကဖြစ်ကာမျှ ဖြစ်၍ "မဟာဘူတာ အညမညံ ဥပါဒါရူပါနဉ္စ" ဟူသော စကားကို မိန့်ဆိုတော်မူ၏-ဟူလို။

## အာဟာရပစ္စည်း

**၃၂။ ။ကဗဠီကာရော အာဟာရော ဣမဿ ကာယဿ, အရူပိနော အာဟာရာ သဟဇာတာနံ နာမရူပါနန္တိ စ ဒုဝိဓော ဟောတိ အာဟာရပစ္စယော။**

အလုပ်အလွေ့ကို မပြုအပ်သော်လည်း ပြုအပ်သကဲ့သို့သော ဆွမ်းခဲဘွယ် ဘောဇဉ် အစရှိသည်၌ တည်သော ဗဟိဒ္ဓဩဇာသည် ဤသို့ သဘောရှိသော အာဟာရဇကာယအား ရုပ်အာဟာရ သတ္တိဖြင့် ကျေးဇူး ပြု၏၊ နာမ်ဖြစ်ကုန်သော ဖဿ, စေတနာ, ဝိညာဏ်-ဟု ဆိုအပ်သော နာမ်အာဟာရ တရားကိုယ် သုံးပါး တို့သည် တကွ ဖြစ်ကုန်သော စိတ်တခုယုတ် ကိုးဆယ်, စေတသိက် ဒွေပညာသ, စိတ္တဇရုပ်, ပဋိသန္ဓေ ကမ္မဇရုပ် တို့အား နာမ် အာဟာရ သတ္တိဖြင့် ကျေးဇူး ပြုကုန်၏၊ ဤသို့လျှင် အာဟာရ ပစ္စည်းသည် နှစ်ပါးအပြား ရှိ၏။

---

## အာဟာရပစ္စည်း အဘွင့်

၃၂။ ။စောဒနာဦးအံ့—"အရူပိနော အာဟာရာ သဟဇာတာနံ နာမရူပါနံ" ဟူသော ဤစကားကို အရှင်အနုရုဒ္ဓါ ဆရာသည် မိန့်ဆိုအပ်၏၊ ဤသို့ မိန့်ဆိုအပ်သော် အသညသတ် ဗြဟ္မာတို့အား သဟဇာတအာဟာရ၏ မဖြစ်ခြင်းကြောင့် "သဗ္ဗေသတ္တာ အာဟာရဋ္ဌိတိကာ"[၁] ဟူသော ဤစကားကို အဘယ့်ကြောင့်

---

၁—**အရူပိနော အာဟာရာ**-စသော ပါဠိဖြင့် မနောသဉ္စေတနာ အာဟာရ၏ အစွမ်းဖြင့် ဖြစ်သော ကံ,ထိုကံနှင့် တကွဖြစ်ကုန်သော ဖဿာဟာရ, ဝိညာဏာဟာရတို့၏ ကမ္မပစ္စည်း, ဥပနိဿယပစ္စည်း ၂-ပါးတို့ဖြင့် ကျေးဇူးပြုတတ်သည် အဖြစ်တည်းဟူသော အကြောင်းကို ယူ၍ ခပ်သိမ်းသော သတ္တဝါတို့၏ အကြောင်းနှင့် စပ်၍ တည်ခြင်းရှိသည် အဖြစ်ကို ရည်၍သာ "သဗ္ဗေသတ္တာအာဟာရဋ္ဌိတိကာ" ဟူသော စကားကို ဟောတော်မူခြင်း ဖြစ်သည်။ ပစ္စယုပ္ပန်နှင့် တကွဖြစ်သော နာမ်အာဟာရ ပစ္စည်းတပ်သောကြောင့် ဟောတော်မူခြင်း မဟုတ်၊ သို့ဖြစ်၍ သဗ္ဗေသတ္တာ-အရ အသညသတ်ဗြဟ္မာများလည်း ပါဝင်၏-ဟူသော အဓိပ္ပါယ်ကို ပြ၏။

မြတ်စွာဘုရားသည် ဟောတော်မူအပ်, ထုတ်ဆောင်တော်မူအပ်ပါသနည်း၊ ဤကား စောဒနာခြင်းတည်း၊ အဖြေကို ငါဆိုဦးအံ့— မနေ့သသ္မေတနာ အာဟာရ အစွမ်းဖြင့် ဖြစ်သော ကံ၏ရင်း၊ ထိုကံနှင့် တကွဖြစ်ကုန်သော ကြွင်းကုန်သော ဖဿ အာဟာရ, ဝိညာဏာဟာရတို့၏ရင်း၊ နာနာက္ခဏိက ကမ္မသတ္တိ, ပကတူပနိဿယသတ္တိတို့ဖြင့် ကျေးဇူး ပြုတတ်သည် အဖြစ်-ဟု ဆိုအပ်သော အကြောင်းကို ယူ၍ အလုံးစုံသော သတ္တဝါတို့၏ အာဟာရကြောင့် တည်ခြင်းရှိသည် အဖြစ်ကို မြတ်စွာဘုရားသည် ဟောတော်မူအပ်၏၊ သဟဇာတအာဟာရပစ္စည်း တပ်သည့်အဖြစ်ကြောင့် မဟောအပ်၊ ဤသို့ ဖြေဆိုအပ်၏—ဟူလို။

---

## ဈာန်ပစ္စည်း

**၃၃။ ။ပဉ္စပသာဒါ ပဉ္စန္နံ ဝိညာဏာနံ, ရူပဇီဝိတိန္ဒြိယံ ဥပါဒိန္နရူပါနံ, အရူပိနော ဣန္ဒြိယာ သဟဇာတာနံ နာမရူပါနန္တိ စ တိဝိဓော ဟောတိ ဣန္ဒြိယ-ပစ္စယော။**

ငါးပါးသော ပသာဒရုပ်တို့သည်[၁] ငါးပါးကုန်သော ဝိညာဏ်တို့အား ပုရေဇာတိန္ဒြိယ သတ္တိဖြင့် ကျေးဇူးပြုကုန်၏၊ ပဝတ္တိ ပဋိသန္ဓေအားဖြင့် ရုပ်ဇီဝိတိန္ဒြေသည်[၂] ရုပ်ဇီဝိတိန္ဒြေ ကြဉ်သော ကလာပ်တူ ဖြစ်သော ပဋိသန္ဓေကမ္မဇရုပ် အသညသတ် ကမ္မဇရုပ်

---

၁—ပဉ္စပသာဒါ-ဟူသော ပါဌ်ဖြင့် စက္ခုပသာဒစသော ငါးပါးသော ပသာဒတို့သည် စက္ခုဝိညာဏ်စသော ငါးပါးသော ဝိညာဏ်တို့အား ပုရေဇာတိန္ဒြိယသတ္တိဖြင့် ကျေးဇူး ပြုပုံကို ပြ၏။

၂—ရူပဇီဝိတိန္ဒြိယံ-ဟူသော ပါဌ်ဖြင့် ရုပ်ဇီဝိတိန္ဒြေ ပစ္စည်းတရားသည် ရုပ်ဇီဝိတ ကြဉ်သော ကလာပ်တူဖြစ်သော ပဋိသန္ဓေကမ္မဇရုပ်, အသညသတ်ကမ္မဇရုပ်, ပဝတ္တိကမ္မဇရုပ် ပစ္စယုပ္ပန်တရားတို့အား ရူပဇီဝိတိန္ဒြိယပစ္စယသတ္တိဖြင့် ကျေးဇူးပြုပုံကို ပြ၏။

**အရူပိနောဣန္ဒြိယာ**-ဟူသော ပါဌ်ဖြင့် ဇီဝိတ, စိတ်, ဝေဒနာ စသော နာမ်ဣန္ဒြေ တရားကိုယ်ရှစ်ပါးသည် တကူဖြစ်သော စိတ်တခုယုတ် ကိုးဆယ်, စေတသိက် ၅၂ပညာသ, စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ် ပစ္စယုပ္ပန်တရားတို့အား သဟဇာတိန္ဒြိယပစ္စယသတ္တိဖြင့် ကျေးဇူးပြုပုံကို ပြ၏။ ဤသို့ ဣန္ဒြိယပစ္စည်းသည် (၁) ပုရေဇာတိန္ဒြိယ (၂) ရူပဇီဝိတိန္ဒြိယ (၃) သဟဇာတိန္ဒြိယအားဖြင့် ၃-ပါးအပြားရှိ၏-ဟူလို။

ပဝတ္တိ ကမ္မဇရုပ်တို့အား ရူပဇီဝိတိန္ဒြိယသတ္တိဖြင့် ကျေးဇူးပြု၏၊ နာမ်ဖြစ်ကုန်သော ဇီဝိတ, စိတ်, ဝေဒနာ, သဒ္ဓါ, ဝီရိယ, သတိ, ဧကဂ္ဂတာ, ပညာအားဖြင့် နာမ်ဣန္ဒြေတရားကိုယ် ရှစ်ပါးတို့သည် တကွ ဖြစ်ကုန်သော စိတ်တခုယုတ် ကိုးဆယ်, စေတသိက် ဒွေပညာသ, စိတ္တဇရုပ်, ပဋိသန္ဓေ ကမ္မဇရုပ်တို့အား သဟဇာတ တိန္ဒြိယသတ္တိဖြင့် ကျေးဇူးပြုကုန်၏၊ ဤသို့ ဣန္ဒြိယပစ္စည်းသည် သုံးပါးအပြား ရှိ၏

---

## ဣန္ဒြိယပစ္စည်း အဘွင့်

၃၃။ ။"ပဉ္စပသာဒါ" အစရှိကုန်သော ပါဠ်တို့၌ ဣတ္ထိန္ဒြေ ပုရိသိန္ဒြေတို့ကို မယူအပ်ကုန်သည် မဟုတ်ပါလော ဤသို့ စောဒက ဆရာသည် ဆိုငြားအံ့—မယူအပ်သည် မှန်၏၊ ထိုဣတ္ထိန္ဒြေ ပုရိသိန္ဒြေ တို့၏ လိင်အစရှိသည်တို့ကို မိမိသို့ လိုက်စေတတ်သည် အဖြစ်သည် အကယ်၍ကားရှိ၏၊ ထိုသို့ ရှိသော်လည်း ဣန္ဒြိယပစ္စည်းအဖြစ်ဖြင့် ထိုလိုက်စေသည် အဖြစ်သည် မရှိ၊ ထို့ကြောင့် ဣတ္ထိန္ဒြေ ပုရိသိန္ဒြေ တို့ကို အရှင်အနုရုဒ္ဓါဆရာသည် မယူအပ်ကုန်။

ယင်းစကား ထင်ရှားအောင် ဖော်ပြဦးအံ့—ရုပ်ဇီဝိတိန္ဒြေ, ရုပ်အာဟာရတို့သည် အကြင် သဟဇာတ် ဖြစ်ကုန်သောကမ္မဇရုပ်, စတုဇကာယရုပ်တို့အား ကျေးဇူးပြုကုန်၏၊ ထိုသဟဇာတ် ဖြစ်ကုန် သော ကမ္မဇရုပ်, စတုဇကာယရုပ်တို့ကို စောင့်တတ်သည်လည်း ဖြစ်ကုန်သည်, ခိုင်စေတတ်သည်လည်း ဖြစ်ကုန်သည် ဖြစ်၍ အတ္ထိ ပစ္စည်း, အဝိဂတပစ္စည်း ဖြစ်ကုန်သကဲ့သို့ ထို့အတူ ဣတ္ထိန္ဒြေ ပုရိသိန္ဒြေတို့သည် လိင် အစရှိသည်တို့အား တစုံတခုသော ပစ္စည်းဖြင့် ကျေးဇူးမပြုကုန်၊ သက်သက်သော်ကား မိမိတို့ ဖြစ်ခြင်းအား လျောက်ပတ်သည်သာလျှင် ဖြစ်ကုန်သော ကံအစ ရှိသော အကြောင်းတို့ကြောင့် ဖြစ်ကုန်သော လိင်အစရှိသည်တို့ကို ဣတ္ထိ အစရှိသည်-ဟူ၍ သိခြင်း၏ အကြင်အကြောင်း၏ အဖြစ်သည် ရှိ၏၊ ထို့ကြောင့် ဣတ္ထိ အစရှိသည်မှ တပါးသော ပုရိသ အစရှိသော အခြင်းအရာဖြင့် ထိုဣတ္ထိန္ဒြေ အစရှိသည်နှင့် တကွ

ဖြစ်သော ခန္ဓာအစဉ်၌ လိင်အစရှိသည်တို့၏ မဖြစ်ခြင်းကြောင့် ဣတ္ထိလိင် အစရှိသည်တို့ကို မိမိသို့ ထိုဣတ္ထိန္ဒြေ ပုရိသိန္ဒြေတို့၏ လိုက်စေတတ်သည် အဖြစ်ကိုငင်း၊ ဣန္ဒြေ၏ အဖြစ်ကိုငင်း ဆိုအပ်၏၊ ထို့ကြောင့် ထိုဣတ္ထိန္ဒြေ ပုရိသိန္ဒြေတို့၏[၁] ဣန္ဒြိယပစ္စည်း အဖြစ်ကို မဆိုအပ်။

---

## ဝိပ္ပယုတ္တပစ္စည်း

၃၄။ ။ဩက္ကန္တိက္ခဏေ ဝတ္ထုဝိပါကာနံ, စိတ္တစေတသိကာ ဓမ္မာ သဟဇာတရူပါနံ သဟဇာတဝသေန,ပစ္ဆာဇာ-တာ စိတ္တစေတသိကာ ဓမ္မာ ပုရေဇာတဿ ဣမဿ ကာယဿ ပစ္ဆာဇာတဝသေန, ဆ ဝတ္ထူနိ ပဝတ္တိယံ သတ္တန္နံ ဝိညာဏဓာတူနံ ပုရေဇာတဝသေနေတိ စ တိဝိဓော ဟောတိ ဝိပ္ပယုတ္တပစ္စယော။

ပဋိသန္ဓေခဏ၌ ပဉ္စဝေါကာရ ·ပဋိသန္ဓေ နာမက္ခန္ဓာနှင့် အတူ ဥပါဒ်သော ဟဒယဝတ္ထုသည် ပဉ္စဝေါကာရပဋိသန္ဓေ နာမက္ခန္ဓာတို့အား သဟဇာတဝိပ္ပယုတ္တသတ္တိဖြင့် ကျေးဇူးပြု၏၊ စိတ်

---

၁–ဣတ္ထိန္ဒြေ, ပုရိသိန္ဒြေတို့သည် အဘယ့်ကြောင့် ဣန္ဒြိယပစ္စည်း မတပ်ပါသနည်း-ဟူမူ လိင် အစရှိသည်တို့ကို မိမိသို့ အစဉ်လိုက်စေသော်လည်း ဣန္ဒြိယပစ္စည်း အဖြစ်ဖြင့် မိမိသို့ အစဉ်လိုက်စေခြင်း မဟုတ်သောကြောင့် ဣန္ဒြိယပစ္စည်း မတပ်ချေ၊ ယင်းစကား ထင်ရှားစေဦးအံ့။ (က) ရုပ်ဇီဝိတိန္ဒြေနှင့် (ခ) ကဗဠီကာရအာဟာရတို့သည် သဟဇာတ်ဖြစ်သော (က) ကမ္မဇရုပ်, (ခ) စတုဇကာယရုပ်တို့အား (က) ဣန္ဒြိယသတ္တိ (ခ) အာဟာရသတ္တိဖြင့် ကျေးဇူးပြုကြသည်။ ထိုသဟဇာတ်ဖြစ်သော (က) ကမ္မဇရုပ်, (ခ) စတုဇကာယရုပ်တို့အား အစဉ် စောင့်ရှောက်ခြင်း, ထောက်ပံ့ခိုင်စေခြင်း, အမှုကို ပြု၍ အတ္ထိပစ္စည်း, အဝိဂတပစ္စည်းဖြင့် ကျေးဇူးပြုသကဲ့သို့ ဣတ္ထိန္ဒြေ, ပုရိသိန္ဒြေတို့သည် လိင်စသည်တို့အား ၂၄-ပါးသော ပစ္စည်းတို့တွင် တစုံတခုသော ပစ္စယသတ္တိမျှဖြင့် ကျေးဇူးပြုခြင်း မရှိသောကြောင့် ဣန္ဒြိယပစ္စည်း မတပ်-ဟုမှတ်။

စေတသိက် ဖြစ်ကုန်သော ပဉ္စဝေါကာရဘုံ၌ ဖြစ်ခိုက် ဖြစ်နေ အရူပဝိပါက်လေးခု, ဒွေးပဉ္စဝိညာဏ် တဆယ်, ရဟန္တာတို့၏ စုတိစိတ် ကြဉ်သော စိတ် ၇၅-ခု နာမက္ခန္ဓာတို့သည် သဟဇာတ် ဖြစ်ကုန်သော စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ်တို့အား သဟဇာတ ဝိပ္ပယုတ္တသတ္တိဖြင့် ကျေးဇူးပြုကုန်၏၊ နောက်နောက်၌ဖြစ်ကုန်သော စိတ် စေတသိက် ဖြစ်ကုန်သော ပဉ္စဝေါကာရဘုံ၌ ဖြစ်ခိုက် ဖြစ်နေ အရူပဝိပါက်လေးခု ကြဉ်သော ပဌမဘဝင် အစရှိသော နောက် နောက်သော စိတ် ၈၅-ခု နာမက္ခန္ဓာတို့သည် ရှေးရှေး၌ ဖြစ်သော ဤသို့ သဘောရှိသော ပဋိသန္ဓေ အစရှိသော ရှေးရှေးသော စိတ်နှင့် အတူဥပါဒ်၍ ရုပ်၏ ဌီသို့ ရောက်သော ဧကဇကာယ, ဒွိဇကာယ, တိဇကာယ, စတုဇကာယအား ပစ္ဆာဇာတဝိပ္ပယုတ္တသတ္တိဖြင့် ကျေးဇူးပြုကုန်၏၊ ခြောက်ပါးသော ဝတ္ထုရုပ်တို့သည် ပဝတ္တိအခါ၌ ၇-ပါးကုန်သော အရူပဝိပါက် ၄-ခု ကြဉ်သော ဝိညာဏဓာတ် တို့အား ဝတ္ထုပုရေဇာတဝိပ္ပယုတ္တသတ္တိဖြင့် ကျေးဇူးပြုကုန်၏၊ ဤသို့ လျှင် ဝိပ္ပယုတ္တပစ္စည်းသည် သုံးပါးအပြားရှိ၏။

---

## ဝိပ္ပယုတ္တပစ္စည်းအဘွင့်

၃၄။ ။စက္ခုပသာဒ အစရှိသည်တို့၏ အတွင်းမှ ထွက်ကုန် သကဲ့သို့ ဖြစ်ကုန်သော အကြင် နာမ်တို့၏ဌင်း၊ နာမ်ကို အမှီ ပြုသဖြင့် ဖြစ်ကုန်သော အကြင် ရုပ်တို့၏ဌင်း၊ အညီအညွတ် ယှဉ်ခြင်း၌ ယုံမှားခြင်းသည် ဖြစ်၏၊ ထိုနာမ်တို့အားသာလျှင် ဝိပ္ပယုတ္တပစ္စည်း တပ်သည်အဖြစ်သည် ဖြစ်သင့်၏၊ ရုပ်တို့အားကား ရုပ်တို့နှင့် အညီအညွတ်ယှဉ်ခြင်း၌ ထိုယုံမှားခြင်းသည် မရှိ၊ ပစ္စုပ္ပန် ဖြစ်သော အာရုံသည် ဝတ္ထုရုပ်ကို အမှီပြုသဖြင့်သာလျှင် ဖြစ်ကုန် သော အာရမ္မဏိက နာမ်တို့၏ အာရုံမျှသာ ဖြစ်၏၊ ထို့ကြောင့် ထိုအာရုံနှင့်လည်း ထိုနာမ်တို့၏ အညီအညွတ် ယှဉ်ခြင်း၌ ယုံမှား ခြင်းသည် မရှိပေ၊ ထို့ကြောင့် အကြင်တရားတို့၏ အညီအညွတ်

ယှဉ်ခြင်း၌ ယုံမှားခြင်း ရှိ၏၊ ထိုတရားတို့၏သာလျှင် ဝိပ္ပယုတ္တပစ္စည်း အဖြစ်ကို မိန့်အပ်၏၊ ထို့ကြောင့် "သြက္ကန္တိက္ခဏေ ဝတ္ထု[၁]" ဤသို့ အစရှိသော ပါဠ်ကို မိန့်ဆိုတော်မူ၏။

---

## အတ္ထိပစ္စည်း အဝိဂတပစ္စည်း

၃၅။ ။သဟဇာတံ ပုရေဇာတံ၊ ပစ္ဆာဇာတဉ္စ သဗ္ဗထာ။
ကဗဠီကာရော အာဟာရော၊ ရူပဇီဝိတ မိစ္စယန္တိ။
ပဉ္စဝိဓော ဟောတိ အတ္ထိပစ္စယော၊ အဝိဂတ-
ပစ္စယော စ။

ခပ်သိမ်းသော အခြင်းအရာအားဖြင့် ငါးသည် မိန့်ဆိုအပ်ပြီးသော သုံးပါးအပြားရှိသော သဟဇာတပစ္စည်းငင်း၊ နှစ်ပါးအပြားရှိသော ပုရေဇာတပစ္စည်းငင်း၊ ပစ္ဆာဇာတပစ္စည်းငင်း၊ အလုပ်အလွှဲ့ကို

---

၁—သြက္ကန္တိက္ခဏေ-စသော ပါဠ်ဖြင့် ပဋိသန္ဓေခဏ၌ ပဉ္စဝေါကာရ ပဋိသန္ဓေနာမက္ခန္ဓာနှင့် အတူဥပါဒ်သော ဟဒယဝတ္ထု ပစ္စည်းဘရားသည် ပဉ္စဝေါကာရ ပဋိသန္ဓေနာမက္ခန္ဓာ ပစ္စယုပ္ပန်တရားတို့အား သဟဇာတ ဝိပ္ပယုတ္တသတ္တိဖြင့် ကျေးဇူးပြု၏။

ပဉ္စဝေါကာရဘုံ၌ ဖြစ်ခိုက်, ဖြစ်နေ အရူပဝိပါက် ၄-ခု, ဒွေးပဉ္စဝိညာဏ်-၁၀, ရဟန္တာတို့၏ စုတိကြည်သော စိတ် ၇၅-ခု နာမက္ခန္ဓာ ပစ္စည်းတရားတို့သည် အတူတကွ ဖြစ်ကုန်သော စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ် ပစ္စယုပ္ပန်ဘရားတို့အား သဟဇာတဝိပ္ပယုတ္တသတ္တိဖြင့် ကျေးဇူးပြု၏။

ပစ္ဆာဇာတာ-စသော ပါဠ်ဖြင့် နောက်နောက်သော စိတ် ၈၅-ခု၊ နာမက္ခန္ဓာတရားတို့သည် ရှေးရှေးသော စိတ်နှင့် အတူဥပါဒ်၍ ရုပ်၏ငြီသို့ ရောက်သော ဧကဇကာယ, ဒွိဇကာယ, တိဇကာယ, စတုဇကာယ ရုပ်တရားအား ပစ္ဆာဇာတဝိပ္ပယုတ္တသတ္တိဖြင့် ကျေးဇူးပြု၏။

ဆဝတ္ထူနိ-စသော ပါဠ်ဖြင့် စက္ခုပသာဒဝတ္ထု-စသော ဝတ္ထုရုပ် ခြောက်ပါးသည် ပဝတ္တိအခါ စက္ခုဝိညာဏ် စသော ၇-ပါးသော ဝိညာဏဓာတ်အား ဝတ္ထုပုရေဇာတ ဝိပ္ပယုတ္တသတ္တိဖြင့် ကျေးဇူးပြု၏။ ဤသို့ ဝိပ္ပယုတ္တပစ္စည်းသည် (၁) သဟဇာတဝိပ္ပယုတ္တ (၂)ပစ္ဆာဇာတဝိပ္ပယုတ္တ (၃) ပုရေဇာတဝိပ္ပယုတ္တအားဖြင့် ၃-မျိုး အပြားရှိသည် အဖြစ်ကို ပြ၏။ (ဆိုရိုးကို သင်္ဂြိုဟ် ဘာသာပြန်အတိုင်းသိ။)

ရုပ်နှင့် ရုပ်ချင်း တရားတို့ကို ဝိပ္ပယုတ်ကေန် ဖြစ်၍ သမ္ပယုတ်လေလော-ဟု ယုံမှားဘွယ် မရှိသောကြောင့် ဝိပ္ပယုတ္တပစ္စည်း၌ မဟောအပ်ကုန်။ အကြင်တရားတို့အား သမ္ပယုတ် ဖြစ်၍ ယုံမှားဘွယ် ရှိ၏၊ ထိုတရားတို့အားသာ ဝိပ္ပယုတ္တပစ္စည်း အဖြစ်ဖြင့် ဟောတော်မူ၏ဟု မှတ်။

မပြုအပ်သော်လည်း ပြုအပ်သကဲ့သို့သော အာဟာရပစ္စည်းငှင်း၊ ရုပ်ဇီဝိတိန္ဒြေငှင်း၊ ဤသို့ ငါးပါး အပြားရှိသော ဤပစ္စည်းသည် အတ္ထိပစ္စည်းလည်း မည်၏၊ အဝိဂတပစ္စည်းလည်း မည်၏။

---

## အတ္ထိပစ္စည်း အဝိဂတပစ္စည်း အဘွင့်

၃၅။ ။ခပ်သိမ်းသော အခြင်းအရာအားဖြင့် ထိုက်သည်အား လျော်စွာ နာမ်၏အစွမ်းဖြင့် ဆိုအပ်သော သုံးပါးအပြားရှိသော သဟဇာတပစ္စည်းသဘောငှင်း၊ နှစ်ပါး အပြားရှိသော ပုရေဇာတ ပစ္စည်းသဘောငှင်း၊ တပါး အပြားရှိသော ပစ္ဆာဇာတပစ္စည်း သဘောငှင်း၊ အာဟာရတို့တွင် ကဗဠီကာရအာဟာရငှင်း၊ ရုပ်ဇီဝိ တိန္ဒြေငှင်း၊ ဤသို့သော အပြားအားဖြင့် ငါးပါးအပြားရှိသော ဤ ပစ္စည်းသည် အတ္ထိပစ္စည်းလည်း ဖြစ်၏၊ အဝိဂတပစ္စည်းလည်း ဖြစ်၏။

အဘယ့်ကြောင့် ငါးပါး အပြားရှိသော ဤပစ္စည်းသည် အတ္ထိ ပစ္စည်းလည်း မည်သနည်း၊ အဝိဂတပစ္စည်းလည်း မည်ပါသနည်း ဟူမူ၊ ထင်ရှားရှိသော သဘောဖြစ်သော အတ္ထိသတ္တိဖြင့် ထိုသို့ ပစ္စယုပ္ပန်သဘောရှိသည်သာလျှင် ဖြစ်သော တရားကို ထောက်ပံ့ ခိုင်စေတတ်သည် အဖြစ်ကြောင့် ငါးပါး အပြားရှိသော ဤပစ္စည်း သည် အတ္ထိပစ္စည်းလည်း [1] မည်၏၊ အဝိဂတပစ္စည်းလည်း မည်၏။

## နိဗ္ဗာန်မှာ အတ္ထိ,အဝိဂတပစ္စည်း မရှိပုံ ပြခြင်း

နတ္ထိ နိဗ္ဗာနဿ သဗ္ဗဒါဘာဝိနော အတ္ထိပစ္စယတာ,
အဝိဂတပစ္စယတာ။

ထင်ရှားရှိသည်၏ အဖြစ် မရှိခြင်းကြောင့် ပစ္စယုပ္ပန်တို့အား ကျေးဇူးပြုတတ်ကုန်သော ဥပါဒ်သို့ မရောက်ကုန်သေးသော တရား တို့၏သာလျှင် ထင်ရှားရှိသည်၏ အဖြစ်ကြောင့် ဥပါဒ်သို့ ရောက်၍

---

၁–ဤဂါထာဖြင့် အတ္ထိပစ္စည်း, အဝိဂတပစ္စည်းသည် သဟဇာတတ္ထိ, ပုရေဇာတတ္ထိ, ပစ္ဆာဇာတတ္ထိ, ရူပအာဟာရတ္ထိ, ရူပဇီဝိတိန္ဒြိယတ္ထိ ဟူ၍ ငါးပါးအပြား ရှိ၏-ဟု ပြ၏။

ကျေးဇူးပြုတတ်သော အဖြစ်သည် အတ္ထိပစ္စယသတ္တိ မည်၏၊ ထို့ကြောင့် အမြဲတည်ခြင်းရှိသော နိဗ္ဗာန်၏ အတ္ထိပစ္စည်း၏ အဖြစ်သည်ငှင်း၊ အဝိဂတပစ္စည်း၏ အဖြစ်သည်ငှင်း မရှိပေ။

တနည်းကား—ဥပါဒ် အစရှိသည်တို့နှင့် ယှဉ်ကုန်သော သင်္ခတတရားတို့၏ ထင်ရှားမရှိသည် အဖြစ်ဖြင့် ကျေးဇူးပြုတတ်သော ပစ္စယသတ္တိအား ဆန့်ကျင်သော, ချုပ်သည် အဖြစ်ဖြင့် ကျေးဇူးပြုတတ်သော ပစ္စယသတ္တိအား ဆန့်ကျင်သော ကျေးဇူးပြုတတ်သည် အဖြစ်သည် အတ္ထိပစ္စည်း အစရှိသည်၏ သတ္တိ ဖြစ်၏၊ ထို့ကြောင့် ထိုဥပါဒ် အစရှိသော အပိုင်းအခြား ကင်းသော နိဗ္ဗာန်၏ ထိုအတ္ထိပစ္စည်း အဝိဂတပစ္စည်း၏ အဖြစ်၌ ယုံမှားခြင်း မရှိပြီ၊ ဤသဟဇာတ အစရှိသော ပါဠ်၌ ရုပ်ဇီဝိတိန္ဒြေကိုလည်း ဩဇာကဲ့သို့ ဋီခါကာ၌သာလျှင် ကျေးဇူးပြုတတ်သည် အဖြစ်ကြောင့် သဟဇာတပစ္စည်းတို့၌ မယူအပ်၊ ထို့ကြောင့် အသီးအခြား မိန့်ဆိုအပ်၏။

---

## ပစ္စည်းအကျဉ်းချုပ်

၃၆။ ။**အာရမ္မဏူပနိဿယကမ္မတ္ထိပစ္စယေသု စ သဗ္ဗေပိ ပစ္စယာ သမောဓာနံ ဂစ္ဆန္တိ။**

နိတတ္တမှတပါး နေယျတ္တကို ဆိုဦးအံ့—အလုံးစုံလည်း ဖြစ်ကုန်သော ပစ္စည်းတို့သည် အာရမ္မဏပစ္စည်း, ဥပနိဿယပစ္စည်း, ကမ္မပစ္စည်း, အတ္ထိပစ္စည်းတို့၌ ပေါင်းခြင်းသို့ ရောက်ကုန်၏။

---

## ပစ္စည်းအကျဉ်းချုပ် အဘွင့်

၃၆။ ။ယခုအခါ၌ အလုံးစုံလည်း ဖြစ်ကုန်သော ပစ္စည်းတို့သည် အကျဉ်းအားဖြင့်လည်း လေးပါးအပြား ရှိကုန်သည်သာလျှင်တည်း။

ဤသို့ ပြခြင်းငှါ "အာရမ္မဏူပ။ ပ ။ဂစ္ဆန္တိ" ဟူသော စကားကို မိန့်ဆိုအပ်၏၊ အဘယ့်ကြောင့် ပေါင်းခြင်းသို့ ရောက်ကုန်ပါသနည်း ဟူမူ၊ အကြင် ပစ္စည်းသည် စိတ်စေတသိက်တို့၏ အာရုံ အဖြစ်သို့ မရောက်ရာ၊ တစုံတခုသော ထိုပစ္စည်းသည် မရှိသောကြောင့် အလုံးစုံသော ပစ္စည်းတို့သည် အာရမ္မဏပစ္စည်း၌ ပေါင်းခြင်းသို့ ရောက်ကုန်၏-ဟူလို။

အကြင်ပစ္စည်းသည် မိမိ မိမိ၏ ပစ္စယုပ္ပန်တရား၏ မှီရာ အဖြစ်သို့ မရောက်၊ ထိုမရောက်သော တစုံတခုသော ပစ္စည်းသည် မရှိသောကြောင့်၊ အလုံးစုံသော ပစ္စည်းတို့သည် ဥပနိဿယပစ္စည်း၌ ပေါင်းခြင်းသို့ ရောက်ကုန်၏-ဟူလို။ ဆက်၍ဆိုဦးအံ့—သင်္ခါရလောက ဖြစ်ခြင်း၏ ဖလူပစာရ ကာရဏူပစာရ၏ အစွမ်းအားဖြင့် ကံသာလျှင် အကြောင်းရင်း ရှိသည် အဖြစ်ကြောင့် အလုံးစုံသော တရားတို့ သည်လည်း ကံ-ဟူသော သဘောကို မလွန်နိုင်ကုန်သောကြောင့် အလုံးစုံသော ပစ္စည်းတို့သည် ကမ္မပစ္စည်း၌ ပေါင်းခြင်းသို့ ရောက်ကုန်၏၊ ထိုတရားတို့သည်လည်း ပရမတ္ထအားဖြင့်၎င်း၊ လောကပညတ်၏ အစွမ်းအားဖြင့်၎င်း၊ ထင်ရှားရှိကုန်သောကြောင့် အလုံးစုံသော ပစ္စည်းတို့သည် အတ္ထိပစ္စည်း၌ ပေါင်းခြင်းသို့ ရောက်ကုန်၏၊ ထို့ကြောင့် အလုံးစုံသော ပစ္စည်းတို့သည် လေးပါးကုန်သော ဤပစ္စည်း[၁] တို့၌ ပေါင်းခြင်းသို့ ရောက်ကုန်၏။

---

၁—စိတ် စေတသိက်တို့၏ အာရုံအဖြစ်သို့ မရောက်သော တစုံတခုသော ပစ္စည်းမည်သည် မရှိသောကြောင့်၎င်း၊ မိမိတို့၏ ဥစ္စာဖြစ်သော ပစ္စယုပ္ပန်တရားတို့၏ မှီရ အဖြစ်သို့ မရောက်သော တစုံတခုသော ပစ္စည်းမည်သည် မရှိသောကြောင့်၎င်း၊ အတ္တဘော-ဟု ဆိုအပ်သော သင်္ခါရလောကဖြစ်ခြင်းသည် ကုသိုလ် အကုသိုလ်ကံလျှင် အကြောင်းရှိ၍ အကြောင်း၏ အမည်ကို အကျိုး၌ တင်စား၍ အလုံးစုံသော ပစ္စည်းတို့သည် ကံအဖြစ်ကို မလွန်နိုင်သောကြောင့်၎င်း၊ အလုံးစုံသော ပစ္စည်းတို့သည် ပရမတ္ထအားဖြင့်၎င်း, လောကသမုတိ အစွမ်းဖြင့်၎င်း,ထင်ရှားရှိသောကြောင့် အလုံးစုံသော ပစ္စည်းတို့သည် အာရမ္မဏပစ္စည်း, ဥပနိဿယပစ္စည်း, ကမ္မပစ္စည်း, အတ္ထိပစ္စည်းတို့၌ပေါင်းခြင်းသို့ ရောက်ကုန်၏—ဟူလို။

## သဟဇာတရုပ်

၃၇။ ။သဟဇာတရူပန္တိ ပနေတ္ထ သဗ္ဗတ္ထာပိ ပဝတ္တေ စိတ္တသမုဋ္ဌာနာနံ ပဋိသန္ဓိယံ ကဋတ္တာရူပါနဉ္စ ဝသေန ဒုဝိဓံ ဟောတီတိ ဝေဒိတဗ္ဗံ။

အထူးကို ဆိုဦးအံ့—ဤပဋ္ဌာန်းနည်း၌ ဟေတု စသော ပစ္စည်းကို အကျယ်ပြရာ အလုံးစုံ၌လည်း ငါသည် ဆိုအပ်သော သဟဇာတရုပ် ဟူသည်ကား ပဝတ္တိအခါ၌ စိတ်ကြောင့် ဖြစ်ကုန်သော ရုပ်တို့၏ ၎င်း၊ ပဋိသန္ဓေအခါ၌ ကဋတ္တာ ရုပ်တို့၏၎င်း အစွမ်းဖြင့် နှစ်ပါး အပြား ရှိ၏၊ ဤသို့ သိအပ်၏။

---

## သဟဇာတရုပ် အဘွင့်

၃၇။ ။ယခုအခါ၌ ထိုထိုသို့သော ပစ္စယနိဒ္ဒေသ၌ သဟဇာတ ရုပ် ဟူ၍ အကြင်စကားကို ဆိုအပ်ပြီ၊ အလုံးစုံသော ထိုစကားကို သာမညအားဖြင့် မမှတ်အပ်-ဟူသော ဤအနက်ကို ပြခြင်းငှါ "သဟဇာတရူပံ" အစရှိသော စကားကို မိန့်ဆိုအပ်၏၊ အဘယ့် ကြောင့် သာမညအားဖြင့် မမှတ်အပ်ပါသနည်း-ဟူမူ၊ ပဋိသန္ဓေ အခါ၌ စိတ္တဇရုပ် မရှိခြင်းကြောင့် ပဝတ္တိ အခါ၌ ကမ္မဇရုပ်တို့၏ လည်း စိတ် စေတသိက်တို့နှင့် တကွ ဖြစ်ခြင်း အမြဲမရှိခြင်းကြောင့် သဟဇာတရုပ်[၁] မည်၏၊ အလုံးစုံသော နိဒ္ဒေသ၌လည်း ပဝတ္တိ အခါ၌ စိတ်ကြောင့် ဖြစ်ကုန်သော ရုပ်တို့၏၎င်း၊ ပဋိသန္ဓေ အခါ၌ ကဋတ္တာရုပ်-ဟု ဆိုအပ်သော ကမ္မဇရုပ်တို့၏၎င်း အစွမ်းဖြင့် နှစ်ပါး အပြား ရှိ၏၊ ထို့ကြောင့် သာမညအားဖြင့် မမှတ်အပ်-ဟူလို၊ ကံကို (ရှေးဘဝက) ပြုအပ်ခဲ့သည့် အဖြစ်ကြောင့် ဖြစ်ကုန်သော ရုပ်တို့သည် ကဋတ္တာရုပ် မည်ကုန်၏။

---

၁—အလုံးစုံသော ပစ္စယနိဒ္ဒေသ၌ ပါရှိသော သဟဇာတရုပ် ဟူသည်ကား ပဝတ္တိအခါ၌ စိတ္တဇရုပ်, ပဋိသန္ဓေအခါ၌ ကမ္မဇရုပ် ၂-ပါးပင်တည်း၊ ၎င်း ၂-ပါးကိုပင် ဆိုင်ရာ နာမက္ခန္ဓာနှင့် အတူတကွဖြစ်သောကြောင့် သဟဇာတရုပ်-ဟု ဆိုအပ်၏-ဟူလို။

၃၈။ ။ဣတိ တေကာလိကာ ဓမ္မာ၊ ကာလမုတ္တာ စ သမ္ဘဝါ။
အဇ္ဈတ္တဉ္စ ဗဟိဒ္ဓါ စ၊ သင်္ခတာသင်္ခတာ တထာ။
ပညတ္တိနာမရူပါနံ၊ ဝသေန တိဝိဓာ ဋ္ဌိတာ။
ပစ္စယာ နာမ ပဋ္ဌာနေ၊ စတုဝီသတိ သဗ္ဗထာ။ ။

ဤသို့ အကြင်အကြင် ဆိုအပ်ခဲ့ပြီးသော နည်းဖြင့် ဖြစ်သင့်သည်အား လျော်စွာ ကာလသုံးပါး ရှိသည်လည်း ဖြစ်ကုန်သော ကာလသုံးပါးမှ လွတ်ကုန်သည်လည်း ဖြစ်ကုန်သော အဇ္ဈတ္တသန္တာန်၌လည်း ဖြစ်ကုန်သော ဗဟိဒ္ဓသန္တာန်၌လည်း ဖြစ်ကုန်သော ထိုမြို ပစ္စယုပ္ပန်လည်း ဖြစ်ကုန်သော ပစ္စည်းလည်း ဖြစ်ကုန်သော သဘော တရားတို့သည် ပညတ်, နာမ်, ရုပ်တို့၏ အစွမ်းအားဖြင့် သုံးပါး အပြားဖြင့် တည်ကုန်၏၊ အလုံးစုံသော အနန္တနယ ဖြစ်သော သမန္တပဋ္ဌာန်း ကျမ်းကြီး၌ ၂၄-ပါး အရေအတွက် ရှိကုန်သော ပစ္စည်းတို့သည် တည်ကုန်၏။

---

၃၈။ ။ဤဆိုအပ်ခဲ့ပြီးသော နည်းဖြင့်သာလျှင် ဖြစ်သင့်သည်အား လျော်စွာ အနန္တရ, သမနန္တရ, အာသေဝန, နတ္ထိ, ဝိဂတ၏ အစွမ်းအားဖြင့် ငါးပါးကုန်သော အတိတ်ကာလ ရှိကုန်သော ပစ္စည်းတို့၏ အစွမ်းအားဖြင့်၎င်း၊ အတိတ်, ပစ္စုပ္ပန်၏ အစွမ်းအားဖြင့် ကာလနှစ်ပါး ရှိသော ကမ္မပစ္စည်း၏ အစွမ်းဖြင့်၎င်း၊ ကာလသုံးပါး ရှိကုန်သော အာရမ္မဏပစ္စည်း, အဓိပတိပစ္စည်း, ဥပနိဿယပစ္စည်းတို့၏ အစွမ်းအားဖြင့်၎င်း၊ ဤမှ တပါးကုန်သော ၁၅-ပါးကုန်သော ပစ္စုပ္ပန်ကာလ၌ ရှိသော ပစ္စည်းတို့၏ အစွမ်းအားဖြင့်၎င်း၊ ကာလသုံးပါး အပေါင်းရှိကုန်သော တရားတို့သည်၎င်း၊ နိဗ္ဗာန်,ပညတ် အစွမ်းအားဖြင့် ကာလသုံးပါးမှ လွတ်ကုန်သော တရားသည်၎င်း၊ စက္ခု အစရှိသည်, ရာဂ အစရှိသည်, သဒ္ဓါ အစရှိသည်တို့၏ အစွမ်းအားဖြင့် အဇ္ဈတ္တိကလည်း ဖြစ်ကုန်သော တရားတို့သည်၎င်း၊ ပုဂ္ဂိုလ်,ဥတု,ဘောဇဉ် အစရှိသည်တို့၏ အစွမ်းအားဖြင့်၎င်း၊ ထိုအဇ္ဈတ္တိကမှအပ ဗဟိဒ္ဓ၌ ဖြစ်ကုန်သော တရား

တို့သည်၎င်း၊ ပစ္စယုပ္ပန်ဖြစ်သည့် အဖြစ်ကြောင့် သင်္ခတ တရားလည်း ဖြစ်ကုန်သော တရားတို့သည်၎င်း၊ ထို့အတူ ထိုသင်္ခတ တရား၏ ဆန့်ကျင်ဘက် ဖြစ်သည့် အဖြစ်ကြောင့် အသင်္ခတ မည်ကုန်သော တရားတို့သည်၎င်း၊ ပညတ်,နာမ်,ရုပ်တို့၏ အစွမ်းဖြင့် အကျဉ်း အားဖြင့် သုံးပါး အပြား ရှိကုန်သည် ဖြစ်၍ တည်ကုန်သော ခပ်သိမ်းသော အပြား ရှိသော အဆုံးမရှိသော နည်းရှိသော အလုံးစုံသော ပစ္စည်းတရားတို့၏ တည်ရာ ဖြစ်သော ပဋ္ဌာန်းကျမ်း၌ ၂၄-ပါး အရေအတွက် ရှိကုန်သော ပစ္စည်းတို့သည် ဖြစ်ကုန်၏၊ ဤသို့ ယောဇနာခြင်းကို ပြုအပ်၏။

---

**၃၉။ ။တတ္ထ ရူပဓမ္မာ ရူပက္ခန္ဓောဝ, စိတ္တစေတသိကသင်္ခါတာ စတ္တာရော အရူပိနော ခန္ဓာ, နိဗ္ဗာနဉ္စေတိ ပဉ္စဝိဓမ္ပိ အရူပန္တိ စ နာမန္တိ စ ပဝုစ္စတိ။**

ထိုပညတ်, နာမ်, ရုပ်တို့တွင် ရူပက္ခန္ဓာကိုသာလျှင် ရုပ်တရားတို့-ဟူ၍ ဆိုအပ်၏၊ စိတ်,စေတသိက်-ဟု ဆိုအပ်ကုန်သော နာမ်ဖြစ်ကုန်သော လေးပါးကုန်သော ခန္ဓာတို့၎င်း၊ နိဗ္ဗာန်၎င်း၊ ဤသို့ ငါးပါး အပြားရှိသော တရားကိုလည်း အရူပ-ဟူ၍၎င်း၊ နာမ်-ဟူ၍၎င်း၊ ဆိုအပ်၏။

---

၃၉။ ။**တတ္ထ**-ဟူသည်ကား၊ ဝါ-ဟူသော ပုဒ်ကို ထိုပညတ်, နာမ်, ရုပ်[၁]တို့တွင်-ဟု အနက်ပေး။

---

**ပညတ် အပြား**

**။၄၀ ။တတော အဝသေသာ ပညတ္တိ ပန ပညာပိယတ္တာ ပညတ္တိ,ပညာပနတော ပညတ္တီတိ စ ဒုဝိဓာ ဟောတိ။**

---

၁-ထိုပညတ် နာမ်ရုပ်တို့တွင်ရုပ် ၂၈-ပါးသည် ဖောက်ပြန်တတ်သောကြောင့် ရုပ် မည်၏။ စိတ် စေတသိက် ၅၂-ပါးအရ ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ်ဟူသော နာမ်ခန္ဓာ ၄-ပါးနှင့် နိဗ္ဗာန် ဤတရား ၅-ပါးကို အရူပ-ဟု၎င်း, နာမ်-ဟု၎င်း, ဆိုအပ်၏-ဟူလို။

ထိုနာမ်ရုပ်တို့မှ ကြွင်းသော ပညတ်သည် အပြားအားဖြင့် သိစေအပ်သည်အဖြစ်ကြောင့် အတ္ထပညတ်ဧင်း၊ အပြားအားဖြင့် သိစေတတ်သည် အဖြစ်ကြောင့် သဒ္ဒပညတ်ဧင်း၊ ဤသို့ နှစ်ပါး အပြားရှိ၏။

---

## ပညတ်အပြားအဘွင့်

၄၀။ ။အတ္ထပညတ်[၁]သဒ္ဒပညတ် တို့၏[၂] အပြားအားဖြင့်ပညတ်သည် နှစ်ပါးအပြားရှိ၏၊ ထို့ကြောင့် "ပညာပိယတ္တာ" ဤသို့ အစရှိသော စကားကို မိန့်ဆိုအပ်၏၊ **ပညာပိယတ္တာ**-ဟူသည်ကား— ဝါ-ဟူသောပုဒ်ကို ထိုထိုသို့သော အပြားအားဖြင့် သိစေအပ်သည် အဖြစ်ကြောင့်-ဟု အနက်ပေး။ ဤပညာပိယတ္တာ-ဟူသောပါဌ်ဖြင့် ရုပ်အစရှိသော တရားတို့၏ အပေါင်း အမြဲတည်ခြင်း အခိုက် အတန့် အထူးစသည် အပြားရှိသော သမုတိသစ္စာ ဖြစ်သော ဥပါဒါပညတ်-ဟု ဆိုအပ်သော အတ္ထပညတ်ကို မိန့်ဆိုအပ်၏၊ အဘယ့်ကြောင့် အတ္ထပညတ်ကို ဆိုအပ်ပါသနည်း-ဟူမူ၊ ထိုအတ္ထပညတ်ကို နာမပညတ်သည် အပြားအားဖြင့် သိစေအပ်သည် အဖြစ်ကြောင့် အတ္ထပညတ်ကို ဆိုအပ်၏။

**ပညာပနတော**-ဟူသည်ကား၊ ဝါ-ဟူသောပုဒ်ကို အပြားအားဖြင့် အတ္ထပညတ်ကို သိစေတတ်သောကြောင့်-ဟု အနက်ပေး။ ဤ**ပညာပနတော**-ဟူသော ပါဌ်ဖြင့် အပြားအားဖြင့် သိစေအပ်သောကြောင့် **ပညတ်**မည်၏-ဟု ရအပ်သော အမည်ရှိကုန်သော အနက်တို့၏ အမည်-ဟု ဆိုအပ်သော နာမပညတ်ကို သာလျှင် ဆိုအပ်၏။

---

၁—နာမ်ရုပ်မှ တပါးသော ပညတ်သည် အတ္ထပညတ်, သဒ္ဒပညတ်-ဟု ၂-ပါးအပြား ရှိ၏၊ ထို ၂-ပါးတို့တွင် တော, တောင်, ရေ, မြေ, လူ, နတ်, ဗြဟ္မာ, ရုပ်,ဝေဒနာ စသော အနက်အပေါင်းသည် သိစေအပ်သောကြောင့် အတ္ထပညတ် မည်၏။

၂—ဝန, ပဗ္ဗတ, ဥဒက, ဘူမိ, နရ, ဒေဝ, ဗြဟ္မာ, ရူပ, ဝေဒနာ-စသော သဒ္ဒါအပေါင်း သည် အတ္ထပညတ်ကို သိစေတတ်သောကြောင့် သဒ္ဒပညတ် မည်၏-ဟူလို။

## အတ္ထပညတ်အပြား

၄၁။ ။ကထံ-တံတံဘူတဝိပရိဏာမာကာရမုပါဒါယ တထာ တထာ ပညတ္တာ ဘူမိပဗ္ဗတာဒိကာ, သမ္ဘာရသန္နိဝေသာကာရမုပါဒါယ ဂေဟရထ သကဋာဒိကာ, ခန္ဓပဉ္စကမုပါဒါယ ပုရိသပုဂ္ဂလာဒိကာ, စန္ဒာဝဋ္ဋနာဒိကမုပါဒါယ ဒိသာကာလာဒိကာ, အသမ္ဖုဋ္ဌာကာရမုပါဒါယ ကူပဂုဟာဒိကာ, တံတံ ဘူတနိမိတ္တံ ဘာဝနာဝိသေသဉ္စ ဥပါဒါယ ကသိဏနိမိတ္တာဒိကာ စေတိ ဧဝမာဒိပဘေဒါ ပန ပရမတ္ထတော အဝိဇ္ဇမာနာ ပိ အတ္ထစ္ဆာယာကာရေန စိတ္တုပ္ပါဒါနမာရမ္မဏဘူတာ တံတံ ဥပါဒါယ ဥပနိဓာယ ကာရဏံ ကတွာ တထာတထာ ပရိကပ္ပိယမာနာ သင်္ခါယတိ သမညာယတိ ဝေါဟရီယတိ ပညာပီယတီတိ ပညတ္တီတိ ပဝုစ္စတိ၊ အယံ ပညတ္တိ ပညာပိယတ္တာ ပညတ္တိနာမ။

အဘယ်သို့ ဖြစ်သနည်းဟူမူကား—ထိုထိုသို့သော ပထဝီစသော မဟာဘုတ်တို့၏ ဖောက်ပြန်သော အခြင်းအရာကိုစွဲ၍ ထိုထိုသို့သော အခြင်းအရာအားဖြင့် ပညတ်အပ်သော မြေ တောင် အစရှိသော သဏ္ဌာနပညတ်ဒင်း၊ သစ်,မြေစိုင်,ချည် အစရှိသော အဆောက်အဦတို့၏ စုဝေးသော အခြင်းအရာကို စွဲ၍ ထိုထိုသို့သော အခြင်းအရာအားဖြင့် ပညတ်အပ်သော အိမ်, ရထား, လှည်း, အိုးပုဆိုး အစရှိသော သမူဟပညတ်ဒင်း၊ ခန္ဓာငါးပါး အပေါင်းကို စွဲ၍ထိုထိုသို့သော အခြင်းအရာဖြင့် ပညတ်အပ်သော ယောကျ်ား ပုဂ္ဂိုလ် အစရှိသော ဇာတိပညတ်ဒင်း၊ လ, နေ, နက္ခတ်တို့၏ မြင့်မိုရ်တောင်ကို လက်ျာရစ် လှည့်၍ သွားခြင်း အစရှိသော အခြင်းအရာကို စွဲ၍ ထိုထိုသို့သော အခြင်းအရာဖြင့် ပညတ်အပ်သော အရှေ့

အရပ်အစရှိသော ဒိသာပညတ်,နံက်စသော ကာလပညတ်,ကဆုန်လ စသော မာသပညတ်၎င်း၊ ထိုထိုသို့သော ရုပ်ကလာပ်တို့သည် မတွေ့အပ်သော အခေါင်း အစရှိသော အခြင်းအရာကို စွဲ၍ ထိုထိုသို့သော အခြင်းအရာဖြင့် ပညတ်အပ်သော တွင်း, လိုဏ် အပေါက်စသော အာကာသပညတ်၎င်း၊ ထိုထိုသို့သော အခြင်း အရာဖြင့် ထင်သော ပထဝီကသိုဏ်း အစရှိသောနိမိတ်ကို၎င်း၊ ဘာဝနာ၏ အစဉ်ဟူသော အထူးကို၎င်း စွဲ၍ ထိုထိုသို့သော အခြင်း အရာဖြင့် ပညတ်အပ်သော ကသိုဏ်းနိမိတ် အသုဘနိမိတ် ဥဂ္ဂဟ နိမိတ် ပဋိဘာဂနိမိတ် စသော နိမိတ်ပညတ်၎င်း၊ ဤသို့ စသည် အပြား ရှိသော ပရမတ္ထအားဖြင့် ထင်ရှားမရှိသော်လည်း ပရမတ္ထ၏ အရိပ်အရောင် အဘုဟူသော အခြင်းအရာဖြင့် စိတ်, စေတသိက် တို့၏ အာရုံဖြစ်၍ ဖြစ်သော အတ္ထပညတ်ကို ထိုထိုသို့သော အခြင်း အရာကို စွဲ၍, ထောက်၍, အကြောင်းပြု၍, ထိုထိုသို့သော အခြင်း အရာဖြင့် ကြံဆအပ်သည်ဖြစ်၍ ရေတွက်အပ်၏၊ သမုတ်အပ်၏၊ ခေါ်ဝေါ်အပ်၏၊ အပြားအားဖြင့် သိစေအပ်၏၊ ထို့ကြောင့် အတ္ထပညတ်-ဟူ၍ ဆိုအပ်၏၊ ဤပညတ်သည် အပြားအားဖြင့် သိစေ အပ်သည် အဖြစ်ကြောင့် အတ္ထပညတ် မည်၏။

---

## အတ္ထပညတ်အပြားအဘွင့်

၄၁။ ။**ဘူတပရိဏာမာကာရမုပါဒါယ**-ဟူသည်ကား၊ ဝါ ဟူသော ပုဒ်ကို အမြဲဖြစ်သော သန္တာန်၏ အစွမ်းအားဖြင့် ဖြစ်ကုန် သော ပထဝီ အစရှိကုန်သော မဟာဘုတ်တို့၏ ပြန့်သည်၏ အဖြစ် အပေါင်းအစု၏ အဖြစ် အစရှိသော အကြောင်းအားဖြင့် ဖြစ်သော ဖောက်ပြန်သည်အဖြစ်-ဟု ဆိုအပ်သော အခြင်းအရာကို အမှီပြု၍-ဟု အနက်ပေး။ **တထာတထာ**-ဟူသည်ကား၊ ဝါ-ဟူသောပုဒ်ကို မြေ အစရှိသည်တို့၏ အစွမ်းအားဖြင့်-ဟု အနက်ပေး။ **ဘူမိပဗ္ဗတာဒိကာ** ဟူသည်ကား၊ ဝါ-ဟူသောပုဒ်ကို မြေ, တောင်, သစ်ပင် အစရှိသော

သဏ္ဌာနပညတ်ငှင်း[၁] ဟု အနက်ပေး။ **သမ္ဘာရသန္နိဝေသာကာရံ** ဟူသည်ကား၊ ဝါ-ဟူသော ပုဒ်ကို သစ်, မြေ, ချည် အစရှိကုန်သော အဆောက်အဦတို့၏ ပြုပြင်ခြင်း အစရှိသည်တို့ဖြင့် အထူးဖြစ်သော ထိုထိုသို့သော မြင့်သော သဏ္ဌာန်, နိမ့်သော သဏ္ဌာန် အစရှိသော အကြောင်းကို—ဟု အနက်ပေး။ **ရထသကဋာဒိကာ** ဟူသည်ကား၊ ဝါ-ဟူသော ပုဒ်ကို ရထား, လှည်း, ရွာ, အိုး, ပုဆိုး အစရှိသော သမူဟပညတ်ငှင်း-ဟု အနက်ပေး။ **စန္ဒာဝဋ္ဋနာဒိကံ**-ဟူသည့်ကား၊ ဝါ-ဟူသော ပုဒ်ကို လ, နေ, နက္ခတ်တို့၏ မြင်းမိုရ်တောင်ကို လက်ျာရစ် လှည့်သည် အစွမ်းအားဖြင့် တက်ခြင်း အစရှိသော လည်သော အကြောင်းကို-ဟု အနက်ပေး။ **ဒိသာကာလာဒိကာ**-ဟူသည်ကား၊ ဝါ-ဟူသော ပုဒ်ကို အရှေ့အရပ် အစရှိသော ဒိသာပညတ်ငှင်း၊ နံနက် အစရှိသော ကာလပညတ်ငှင်း၊ လ, ဥတု, ဝိသာခါနက္ခတ်နှင့် ယှဉ်သော ကာလ အစရှိသော ထိုထိုအမည်အားဖြင့် ထူးသော မာသ အစရှိသော ပညတ်ငှင်း ဟု အနက်ပေး။ **အသမ္ဖုဋ္ဌာကာရံ**-ဟူသည်ကား၊ ဝါ-ဟူသော

---

၁—ဤကထံ-စသော ပါဠ်ဖြင့် အတ္ထပညတ်အရ အကျယ်တဝင့် ဘွင့်ပြ၏။ ပြပုံကား-

(၁) ထိုထိုသို့သော ပထဝီစသော မဟာဘုတ်တို့၏ ဖောက်ပြန်သော အခြင်းအရာ ပုံဟန်သဏ္ဌာန်ကို စွဲ၍ ပညတ်သမုတ်အပ်သော မြေတောင်အစရှိသော သဏ္ဌာနပညတ်ငှင်း၊

(၂) သစ်, မြေစိုင်, ချည် အစရှိသော အဆောက်အဦတို့၏ ပေါင်းစည်းစုဝေးသော အခြင်းအရာကို အစွဲပြု၍ ပညတ်သမုတ်အပ်သော အိမ်, ရထား, လှည်း, အိုး,ပုဆိုးစသော သမူဟပညတ်ငှင်း၊

(၃) ခန္ဓာငါးပါး အပေါင်းကို စွဲ၍ ပညတ်သမုတ်အပ်သော ယောကျ်ား ပုဂ္ဂိုလ်စသော ဇာတိပညတ်ငှင်း၊

(၄) လ,နေ,နက္ခတ် တို့၏ မြင့်မိုရ်တောင်ကို လက်ျာရစ် လှည့်၍ သွားခြင်း အစရှိသော အခြင်းအရာကို စွဲ၍ ပညတ်သမုတ်အပ်သော အရှေ့အရပ်စသော ဒိသာပညတ်, နံက်စသော ကာလပညတ်, ကဆုန်လစသော မာသပညတ်ငှင်း၊

(၅) ထိုထိုသို့သော ရုပ်ကလာပ်တို့သည် မတွေ့မထိအပ်သော အခေါင်းစသော အခြင်းအရာကို စွဲ၍ ပညတ်သမုတ်အပ်သော တွင်း, ဂူ, လိုဏ်, အပေါက် စသော အာကာသပညတ်ငှင်း၊

(၆) ထိုထိုသို့သော အခြင်းအရာအားဖြင့် ထင်သော ပထဝီကသိုဏ်း စသောနိမိတ်ကိုငှင်း, ပရိကမ္မစသည်ဖြင့် ပြားသော ဘာဝနာအစဉ်-ဟု ဆိုအပ်သော အထူးကိုငှင်း, စွဲ၍ ပညတ်သမုတ်အပ်သော ကသိုဏ်းနိမိတ်, အသုဘနိမိတ်, ဥဂ္ဂဟနိမိတ်, ပဋိဘာဂနိမိတ်စသော နိမိတ္တပညတ်ငှင်း, ဤသို့စသော ပညတ်အပေါင်းသည် အတ္ထပညတ် မည်၏-ဟူလို။

ပုဒ်ကို ထိုထိုသို့သော ဥတုဇရုပ်တို့ဖြင့် မတွေ့ထိအပ်သော အခေါင်း အစရှိသော အကြောင်းကို-ဟု အနက်ပေး။ **ကူပဂုဟာဒိကာ** ဟူသည်ကား၊ ဝါ-ဟူသော ပုဒ်ကို တွင်း, လိုဏ်, အပေါက် အစရှိ သော အာကာသပညတ်ဂုဏ်း-ဟု အနက်ပေး။ **တံတံဘူတနိမိတ္တံ** ဟူသည်ကား၊ ဝါ-ဟူသော ပုဒ်ကို ပထဝီကသိုဏ်း အစရှိသော ထိုထို မဟာဘုတ်လျှင် အာရုံရှိသော-ဟု အနက်ပေး။ **ဘာဝနာ-ဝိသေသံ** ဟူသည်ကား၊ ဝါ-ဟူသောပုဒ်ကို ပရိကမ္မဘာဝနာ အစ ရှိသော အပြားရှိသော ဘာဝနာ၏ မပြတ်ဖြစ်ခြင်း အထူးကို-ဟု အနက်ပေး။ **ကသိဏနိမိတ္တာဒိကာ** ဟူသည်ကား၊ ဝါ-ဟူသော ပုဒ်ကို ကသိုဏ်းဝန်း-ဟု ဆိုအပ်သော အာရုံ, အသုဘ-ဟု ဆိုအပ် သော အာရုံ အစရှိသော အပြား ကမ္မဋ္ဌာန်းစီးဖြန်းသူ ယောဂီ ပုဂ္ဂိုလ်တို့အား ထင်သော ဥဂ္ဂဟနိမိတ်, ပဋိဘာဂနိမိတ် အစရှိသော အပြားရှိသော နိမိတ်ပညတ်ဂုဏ်း-ဟု အနက်ပေး။ **ဧဝမာဒိပဘေဒါ** ဟူသည်ကား၊ ဝါ-ဟူသော ပုဒ်ကို ကသိုဏ်းကို ခွါ၍ ရအပ်သော ကောင်းကင်ပညတ်, နိရောဓသမာပတ်-ဟု ဆိုအပ်သော ပညတ် အစရှိသော အပြားရှိသော ပညတ်ဂုဏ်း-ဟု အနက်ပေး။ **အတ္ထစ္ဆာ-ယာကာရေန**-ဟူသည်ကား၊ ဝါ-ဟူသော ပုဒ်ကို ပရမတ်တရား၏ အတူဖြစ်သော အခြင်းအရာဖြင့်-ဟု အနက်ပေး။

---

## သဒ္ဒပညတ် ၆-ပါး

၄၂။ **။ပညာပနတော ပညတ္တိ ပန နာမ နာမကမ္မာဒိနာ-မေန ပရိဒီပိတာ၊ သာ ဝိဇ္ဇမာနပညတ္တိ, အဝိဇ္ဇမာန ပညတ္တိ, ဝိဇ္ဇာမာနေန အဝိဇ္ဇမာနပညတ္တိ, အဝိဇ္ဇ-မာနေန ဝိဇ္ဇမာနပညတ္တိ, ဝိဇ္ဇမာနေန ဝိဇ္ဇမာန ပညတ္တိ, အဝိဇ္ဇမာနေန အဝိဇ္ဇာမာနပညတ္တိ စေတိ ဆဗ္ဗိဓာ ဟောတိ။**

အတ္ထပညတ်မှတပါး သဒ္ဒပညတ်ကို ဆိုဦးအံ့—သိစေတတ်သည် အဖြစ်ကြောင့် သဒ္ဒပညတ်ကို နာမ နာမကမ္မ အစရှိသော အမည်ဖြင့်

ပြအပ်၏၊ ထိုသဒ္ဒပညတ်သည် ပရမတ္ထအားဖြင့် ထင်ရှားရှိသော ပညတ်ဥင်း၊ ပရမတ္ထအားဖြင့် ထင်ရှား မရှိသော ပညတ်ဥင်း၊ ပရမတ္ထအားဖြင့် ထင်ရှားရှိသည်ဖြစ်၍ ပရမတ္ထအားဖြင့် ထင်ရှား မရှိသော ပညတ်ဥင်း၊ ပရမတ္ထအားဖြင့် ထင်ရှားမရှိသည် ဖြစ်၍ ပရမတ္ထအားဖြင့် ထင်ရှားရှိသော ပညတ်ဥင်း၊ ပရမတ္ထအားဖြင့် ထင်ရှားရှိသည် ဖြစ်၍ ပရမတ္ထအားဖြင့် ထင်ရှားရှိသော ပညတ်ဥင်း၊ ပရမတ္ထအားဖြင့် ထင်ရှားမရှိသည် ဖြစ်၍ ပရမတ္ထအားဖြင့် ထင်ရှား မရှိသော ပညတ်ဥင်း၊ ဤသို့ ခြောက်ပါး အပြားရှိ၏။

---

## သဒ္ဒပညတ် ၆-ပါးအဘွင့်

၄၂။ ။**နာမ နာမကမ္မာဒိနာမေန**-ဟူသည်ကား၊ဝါ-ဟူသော ပုဒ်ကို နာမ်ဥင်း၊ နာမကမ္မဥင်း၊ နာမဓေယျဥင်း၊ သဒ္ဒါ၏ အနက်ကို အကြောင်းနှင့်တကွ ထုတ်ဆိုအပ်သော သဒ္ဒါဥင်း၊အနက်ကို ပြတတ်သော သဒ္ဒါဥင်း၊ အနက်သို့ ရှေးရှုဖြစ်၍ ဟောတတ်သော သဒ္ဒါဥင်း၊ ဤသို့ ဤခြောက်ပါးသော အမည်တို့ဖြင့်-ဟု အနက်ပေး။ ထိုနာမ်, နာမကမ္မ အစရှိသော စကား၌ အနက်တို့၌ ညွတ်တတ်သော ကြောင့် **နာမ်**[၁] မည်၏၊ ထိုနာမ်သည် အန္ဝတ္ထနာမ် ရုဠှီနာမ်တို့၏ အစွမ်းအားဖြင့် နှစ်ပါး အပြားရှိ၏၊ သာမညနာမ်, ဂုဏနာမ်, ကြိယာနာမ်, ယဒိစ္ဆာနာမ်တို့၏ အစွမ်းအားဖြင့် လေးပါး အပြား ရှိ၏၊အနက်သို့ညွတ်တတ်သောအက္ခရာအစဉ်သည်ပင်လျှင်**နာမကမ္မ** မည်၏၊ ထို့အတူ အနက်သို့ ညွတ်တတ်သော အက္ခရာအစဉ်သည်ပင် လျှင် **နာမဓေယျ**[၂] မည်၏၊ အက္ခရာကို အကြောင်းပြုသဖြင့် အနက်ကို

---

၁–အနက်ကို သိစေတတ်သော သဒ္ဒပညတ်ကို နာမ်, နာမကမ္မ, နာမဓေယျ, နိရုတ္တိ, ဗျဉ္ဇန, အဘိလာပ-ဟု ခြောက်ပါးသော အမည်ဖြင့်လည်း ခေါ်ဆိုအပ်၏။

နွား ကျွဲ အစရှိသော စိတ္တဇသဒ္ဒါ အပေါင်းသည် အနက်၌ ညွတ်တတ်သောကြောင့် **နာမ်** မည်၏၊ နွားကျွဲစသော သဒ္ဒါအပေါင်းသည်ပင် ဤသဒ္ဒါသည် ဤသို့ ခေါ်ဝေါ်၏-ဟု မှည့်ခေါ်အပ်သောကြောင့် **နာမကမ္မ** မည်၏။

၂–အမည်သည်ပင်လျှင် ဆောင်အပ် ထားအပ်သောကြောင့် **နာမဓေယျ** မည်၏။

ထုတ်၍ ဆိုခြင်းသည် **နိရုတ္တိ** [၁] မည်၏၊ အနက်ကို ပြတတ်သော ကြောင့် **ဗျဥ္ဇန** [၂] မည်၏၊ ရှေ့ရှုသည် ဖြစ်၍ ဟောတတ်သောကြောင့် **အဘိလာပ** [၃] မည်၏၊ စိတ္တဇသဒ္ဒါ ဖြစ်သော အက္ခရာအပေါင်းတို့၏ အစဉ်ကို ရအပ်၏။

ထို နာမပညတ်သည် ဝိဇ္ဇမာနနာမပညတ်, အဝိဇ္ဇမာနနာမ ပညတ်, ထိုဝိဇ္ဇမာနပညတ်, အဝိဇ္ဇမာနပညတ်နှင့် ယှဉ်ခြင်း၏ အစွမ်းအားဖြင့် ခြောက်ပါး အပြားရှိ၏၊ ဤသို့ ပြခြင်းငှါ "ဝိဇ္ဇ မာနပညတ္တိ" ဤသို့ အစရှိသော စကားကို မိန့်ဆိုအပ်၏၊

---

## ဝိဇ္ဇမာနပညတ်

**၄၃။ ။တတ္ထ ယဒါ ပန ပရမတ္ထတော ဝိဇ္ဇမာနံ ရူပဝေဒ- နာဒိံ တေသယ ပညာပေန္တိ၊ တဒါယံ ဝိဇ္ဇမာန- ပညတ္တိ။**

ခွဲ၍ပြဦးအံ့၊ ထိုခြောက်ပါးသော ပညတ်တို့တွင် အကြင်အခါ၌ ထိုရုပ် ဝေဒနာ အစရှိသော သဒ္ဒပညတ်ဖြင့် ပရမတ္ထအားဖြင့် ထင်ရှားရှိသော ရုပ်, ဝေဒနာ အစရှိသော သဘောကို အပြား အားဖြင့် သိစေတတ်ကုန်၏၊ ထိုအခါ ဤရုပ်, ဝေဒနာ အစရှိ သော ပညတ်ကို ပရမတ္ထအားဖြင့် ထင်ရှားရှိသော သဒ္ဒပညတ် ဟူ၍ ဆိုအပ်၏။

---

## ဝိဇ္ဇမာနပညတ်အဘွင့်

၄၃။ ။**တေသယပညာပေန္တိ**-ဟူသည်ကား၊ ဝါ-ဟူသောပုဒ်ကို ရုပ် ဝေဒနာ အစရှိသော အမည်ဖြင့် အပြားအားဖြင့် သိစေတတ် ကုန်၏၊

---

၁—နာမ်ဖြစ်သော စိတ္တဇသဒ္ဒါ အပေါင်းသည် ဗျုပ္ပတ္တိနိမိတ် အကြောင်းနှင့်တကွ ဖြပ်အနက်ကို ထုတ်ဆောင်၍ ဟောတတ်သောကြောင့် **နိရုတ္တိ** မည်၏။

၂—နွားကျွဲစသော သဒ္ဒါအပေါင်းသည် အနက်ကို ဟောတတ် ပြတတ်သောကြောင့် **ဗျဥ္ဇန** မည်၏။

၃—နွားကျွဲစသော သဒ္ဒါအပေါင်းသည် အနက်ကို ရှေ့ရှုထင်ရှားစွာ ဟောတတ်သော ကြောင့် **အဘိလာပ** မည်၏-ဟူမှတ်။

၄၅။ ။ဥဘိန္နံ ပန ဝေါမိဿကဝသေန သေသာ ယထာက္ကမံ ဆဠဘိညော, ဇုတ္တိသဒ္ဒေါ, စက္ခုဝိညာဏံ, ရာဇပုတ္တောတိ စ ဝေဒိတဗ္ဗော။

သုဒ္ဓမှတပါး မိဿကကို ဆိုဦးအံ့—ဝိဇ္ဇမာနပညတ်, အဝိဇ္ဇမာန ပညတ် နှစ်ပါးတို့၏ ရောသည်၏ အစွမ်းဖြင့် ဝိဇ္ဇမာနပညတ် အဝိဇ္ဇ မာနပညတ် နှစ်ပါးမှ ကြွင်းကုန်သော ဝိဇ္ဇမာနေန အဝိဇ္ဇမာန ပညတ်, အဝိဇ္ဇမာနေန ဝိဇ္ဇမာနပညတ်, ဝိဇ္ဇမာနေန ဝိဇ္ဇမာန ပညတ်, အဝိဇ္ဇမာနေန အဝိဇ္ဇမာနပညတ် လေးပါးတို့ကို အစဉ် အတိုင်း ခြောက်ပါးသော အဘိညာဏ် ရှိသောသူ, မိန်းမ၏အသံ, စက္ခုဝိညာဏ်, မင်း၏သား, ဤသို့ သိအပ်ကုန်၏။

---

၄၅။ **ဥဘိန္နံ**-ဟူသည်ကား၊ ဝါ-ဟူသော ပုဒ်ကို ဝိဇ္ဇမာန ပညတ်, အဝိဇ္ဇမာနပညတ်-ဟု ဆိုအပ်ကုန်သော နှစ်ပါးကုန်သော ပညတ်တို့ကို-ဟု အနက်ပေး။ ထိုပုဂ္ဂိုလ်အား ငါးပါးသော လောကီ အဘိညာဏ်ငှင်း၊ အာသဝက္ခယဉာဏ်ငှင်း၊ ဤသို့သော အပြား အားဖြင့် ခြောက်ပါးကုန်သော အဘိညာဏ်တို့သည် ရှိကုန်သော ကြောင့် **ဆဠဘိည** မည်၏၊ ဤခြောက်ပါးသော ပညတ်တို့တွင် အဘိညာဏ်တို့၏ ပရမတ္ထအားဖြင့် ထင်ရှားရှိသောကြောင့် ထို အဘိညာဏ်ကို ရသော ပုဂ္ဂိုလ်မူကား ထင်ရှားမရှိသောကြောင့် ဤဆဠဘိည—ဟူသော ပညတ်သည် **ဝိဇ္ဇမာနေန အဝိဇ္ဇမာန**[၁] **ပညတ်** မည်၏၊ ထို့အတူ မိန်းမသည် ပရမတ္ထအားဖြင့် ထင်ရှား မရှိသောကြောင့် အသံသည်ကား ပရမတ္ထအားဖြင့် ထင်ရှားရှိ သောကြောင့် ဇုတ္တိသဒ္ဒေါ-ဟူသောဤပညတ်သည် **အဝိဇ္ဇမာနေန**

---

၁—ပရမတ္ထအားဖြင့် ထင်ရှားရှိသော အနက်နှင့် ပရမတ္ထအားဖြင့် ထင်ရှားမရှိသော အနက်ကို သိစေသော သဒ္ဒပညတ်သည် **ဝိဇ္ဇမာနေနအဝိဇ္ဇမာနပညတ်** မည်၏။

ပုံစံ—**ဆဠဘိညော**။ ။ဤ၌ အဘိညာဏ် ခြောက်ပါးကား ပရမတ္ထအားဖြင့် ထင်ရှား ရှိသောကြောင့် ဝိဇ္ဇမာနအနက် မည်၏၊ အဘိညာဏ်ရသော ပုဂ္ဂိုလ်ကား ပရမတ္ထအားဖြင့် ထင်ရှားမရှိသောကြောင့် အဝိဇ္ဇမာနအနက် မည်၏၊ ထိုဝိဇ္ဇမာနအနက်နှင့် အဝိဇ္ဇမာနအနက် ၂-ပါးကို သိစေတတ်သော ဆဠဘိည-သဒ္ဒါသည် **ဝိဇ္ဇမာနေန အဝိဇ္ဇမာန ပညတ်** မည်၏-ဟူလို။

**ဝိဇ္ဇမာနပညတ်**[၁]-မည်၏၊ ပဿာဒစက္ခုသည်ငင်း၊ ထိုပဿာဒကို မှီသော စက္ခုဝိညာဏ်သည်ငင်း၊ ပရမတ္ထအားဖြင့် ထင်ရှားရှိသောကြောင့် စက္ခုဝိညာဏ်ဟူသော ဤပညတ်သည် **ဝိဇ္ဇမာနေန ဝိဇ္ဇမာနပညတ်**[၂] မည်၏၊ မင်းသည်ငင်း၊ သားသည်ငင်း၊ ပညတ်တရားများ ဖြစ်သောကြောင့် ရာဇပုတ္တော-ဟူသော ဤပညတ်သည် **အဝိဇ္ဇမာနေန အဝိဇ္ဇမာနပညတ်**[၃] မည်၏၊

---

**၄၆။ ။ဝစီဃောသာနုသာရေန၊ သောတဝိညာဏဝီထိယာ။**
**ပဝတ္တာနန္တရုပ္ပန္န၊ မနောဒွါရဿ ဂေါစရာ။**
**အတ္ထာ ယဿာနုသာရေန၊ ဝိညာယန္တိ တတော ပရံ။**
**သာယံ ပညတ္တိ ဝိညေယျာ၊ လောကသင်္ကေတနိမ္မိတာ။**
**ဣတိ အဘိဓမ္မတ္ထသင်္ဂဟေ ပစ္စယသင်္ဂဟဝိဘာဂေါ**
**နာမ အဋ္ဌမောပရိစ္ဆေဒေါ။**

---

၁—**ဣတ္ထိသဒ္ဒေါ**-၌ မိန်းမဟူသော အနက်ကား ပရမတ္ထအားဖြင့် ထင်ရှားမရှိသော အနက် မည်၏၊ အသံဟူသော အနက်ကား ပရမတ္ထအားဖြင့် ထင်ရှားရှိသော အနက် မည်၏၊ ထိုအဝိဇ္ဇမာနအနက်နှင့် ဝိဇ္ဇမာနအနက် ၂-ပါးကို သိစေတတ်သောကြောင့် **အဝိဇ္ဇမာနေန ဝိဇ္ဇမာနပညတ်** မည်၏။

၂—**စက္ခုဝိညာဏ**-၌ကား မျက်စိဟူသော အနက်သည် ပရမတ္ထအားဖြင့် ထင်ရှားရှိ၏၊ ဝိညာဏ်-ဟူသော အနက်သည်သည်း ပရမတ္ထအားဖြင့် ထင်ရှားရှိ၏၊ ထိုဝိဇ္ဇမာနအနက် ၂-ပါးကို သိစေတတ်သောကြောင့် **ဝိဇ္ဇမာနေန ဝိဇ္ဇမာနပညတ်** မည်၏။

၃—**ရာဇပုတ္တော**-၌ကား မင်းဟူသော အနက်သည်လည်း ပရမတ္ထအားဖြင့် ထင်ရှားမရှိ၊ သားဟူသော အနက်သည်သည်း ပရမတ္ထအားဖြင့် ထင်ရှားမရှိ၊ ထိုအဝိဇ္ဇာမာနအနက်နှင့် အဝိဇ္ဇမာနအနက် ၂-ပါးကို သိစေတတ်သောကြောင့် **အဝိဇ္ဇမာနေန အဝိဇ္ဇမာနပညတ်** မည်၏-ဟုမှတ်။

ဘူမိ, ပဗ္ဗတ, ရူပ, ဝေဒနာ အစရှိသော ဝစီမယသဒ္ဒါကို အစဉ်လျှောက်၍ အာရုံပြုသဖြင့် ဖြစ်သော သောတဝိညာဏဝီထိ တဒနုဝတ္တကမနောဒွါရဝီထိ ဖြစ်သည်မှ အခြားမဲ့၌ နာမပညတ်ကို ကြံသော အခြင်းအရာအားဖြင့် ဖြစ်သော မနောဒွါရိကဝိညာဏ် အစဉ်၏ အာရုံဖြစ်၍ ဖြစ်ကုန်သော ထိုဘူမိ, ပဗ္ဗတ, ရူပ, ဝေဒနာ အစရှိသော နာမပညတ်ကို ယူတတ်သော မနောဒွါရိကဝိညာဏ် အစဉ်မှ နောက်၌ အကြင် သမုတိ ပရမတ္ထအားဖြင့် ပြားသော ဘူမိ, ပဗ္ဗတ, ရူပ, ဝေဒနာ အစရှိသော နာမပညတ်ကို အစဉ် လျှောက်သဖြင့် သမုတိ ပရမတ္ထအားဖြင့် ပြားသော မြေ တောင် ရုပ် ဝေဒနာ အစရှိသော အတ္ထပညတ်တို့ကို သိအပ်ကုန်၏၊ ထိုမြေ တောင် ရုပ် ဝေဒနာ အစရှိသော အတ္ထပညတ်ကို အပြား အားဖြင့် သိစေတတ်သော ဘူမိ, ပဗ္ဗတ, ရုပ်, ဝေဒနာအစရှိသော အက္ခရာအစဉ်-ဟု ဆိုအပ်သော နာမပညတ်ကို ကမ္ဘာဦးသူလူပညာ ရှိတို့၏ အမှတ်သင်္ကေတဖြင့် ပြီး၏-ဟူ၍ သိအပ်၏။

---

၄၆။ ။**ဝစီဃောသာနုသာရေန**-ဟူသည်ကား၊ မြေ, တောင် ရုပ်, ဝေဒနာ အစရှိသော ဝစီပညတ်သည် ပြီးစေအပ်သော အသံကို အာရုံပြုသဖြင့် ဖြစ်သော သောတဝိညာဏ ဝီထိ၏ ဖြစ်သည်မှ အခြားမဲ့၌ ဖြစ်သော အမည်ကို ကြံခြင်း-ဟု ဆိုအပ်သော အခြင်းအရာအားဖြင့် ဖြစ်သော မနောဒွါရ၌ ဖြစ်သော ဝိညာဏ် အစဉ်၏ ဤအမည်သည် ဤသို့ သဘော ရှိသော အနက်၏ အမည်တည်း။ ဤသို့ ရှေး၌သာလျှင် ယူအပ် မှတ်အပ်ပြီးသော အကြောင်းရှိသော အာရုံဖြစ်၍ ဖြစ်ကုန်သော ထိုအမည်ကို ယူပြီး သည်မှ နောက်၌ ပညတ် ဓမ္မ,ပရတ္ထဓမ္မလျှင် တည်ရာရှိသော အကြင် နာမပညတ်ကို အစဉ်လျှောက်သဖြင့် သမုတိ ပရမတ္ထအားဖြင့် ပြားကုန်သော အနက်တို့ကို သိအပ်ကုန်၏၊ မြေ, တောင်, ရုပ် ဝေဒနာ အစရှိသော အပြားအားဖြင့် သိစေအပ်သော အနက်ကို အပြားအားဖြင့် သိစေအပ်သော လောကဝေါဟာရဖြင့် ပြီးသော

မနောဒွါရဖြင့် ယူအပ်သော အက္ခရာအပေါင်း ဖြစ်၍ ဖြစ်သော ထိုပညတ်ကို အပြားအားဖြင့် သိစေတတ်သောကြောင့် ပညတ်-ဟု ဆိုအပ်သော နာမပညတ် ဟူ၍ သိအပ်၏။

ဤပဌမဂါထာ၌[၁] သောတဝိညာဏဝီထိ၏ အခြားမဲ့၌ ဖြစ်လေ့ရှိသော မနောဒွါရိက ဝီထိတို့ကိုလည်း၊ သောတဝိညာဏဝီထိ သဒ္ဒါဖြင့်သာလျှင် ပေါင်းတော်မူ၍ "သောတဝိညာဏဝီထိယာ" ဟူသော ဤစကားကို မိန့်ဆိုအပ်၏၊ အဘယ့်ကြောင့် မိန့်ဆိုအပ်ပါသနည်း-ဟူမူ၊ ဃဋ္ဋ အစရှိသော အသံတို့ကို နာကြားသောသူအား တလုံး တလုံးသော အသံကို အာရုံပြု၍ ပစ္စုပ္ပန်အာရုံ အတိတ်အာရုံ၏ အစွမ်းအားဖြင့် နှစ်ကြိမ်, နှစ်ကြိမ် ကုန်သော ဇောဝါရတို့သည် ဖြစ်ကုန်၏၊ ပဋ္ဌမမနောဒွါရ၌ ဖြစ်သော ဇောနှင့် ယှဉ်သော ပညာဖြင့် ယူအပ်ပြီးသော နာမပညတ် ဖြစ်သော အက္ခရာအပေါင်းကို အာရုံပြု၏၊ တကြိမ်သော ဇောဝါရသည် ဖြစ်၏၊ ဤသို့ သောတဝိညာဏ

---

၁—ဤဂါထာတို့ဖြင့် သဒ္ဒပညတ်သည် အတ္ထပညတ်ကို အပြားအားဖြင့် သိစေပုံကို ဝီထိချ ပြတော်မူ၏။

ပြဟန်ကား-ထိုပါဌ်အပေါင်းတို့တွင် **ဝစီဃောသာ နုသာရေန**-ဟူသော ပါဌ်ဖြင့် သဒ္ဒါရုံ အာရမ္မဏပစ္စည်းကို ပြတော်မူ၏၊ **သောတဝိညာဏဝီထိယာ**-ဟူသော ပါဌ်ဖြင့် ထိုသဒ္ဒါရုံကို အာရုံပြု၍ ဖြစ်သော သောတဝိညာဏဝီထိကို ပြတော်မူ၏၊ **အနန္တရုပ္ပ မနောဒွါရဿ**-ဟူသောပါဌ်ဖြင့် ထိုသောတဝိညာဏဝီထိ၏ နောက်၌ တဒနုဝတ္တကမနောဒွါရ လေးဝီထိ ဖြစ်မည်ကို ပြတော်မူ၏၊ **အတ္ထာယဿာနုသာရေန ဝိညာယန္တိ တတောပရံ** ဟူသောပါဌ်ဖြင့် ထိုတဒနုဝတ္တကမနောဒွါရ လေးဝီထိ၏ နောက်မှသာ အနက်ဒြပ် အတ္ထပညတ်ကို သိ၏-ဟု ပြတော်မူ၏။

လူ-ခွေး-စသော သဒ္ဒပညတ်သည် လူ-ဟု ကြားသိသော ပစ္စုပ္ပန်အသံ အာရုံကို အာရုံပြု၍ ရှေးဦးစွာ သောတဒွါရဝီထိ ဖြစ်၏၊ ထို့နောင် အတိတ်ဖြစ်သော ထိုသဒ္ဒါရုံကိုပင် အာရုံပြု၍ နှစ်ကြိမ်မြောက် တဒနုဝတ္တကမနောဒွါရ တဝီထိ ဖြစ်၏၊ ထို့နောက် လူ-ဟူသော နာမပညတ်ကို အာရုံပြု၍ သုံးကြိမ်မြောက် သုဒ္ဓမနောဒွါရ တဝီထိ ဖြစ်၏၊ ထို့နောက် ၎င်းနာမပညတ်ကို အစဉ်လျောက်၍ လူခန္ဓာဒြပ်-ဟု ဆိုအပ်သော အနက်ဟူသော အတ္ထပညတ်ကို အာရုံပြု၍ လေးကြိမ်မြောက် သုဒ္ဓမနောဒွါရ တဝီထိ ဖြစ်၏၊ ဤသို့ လေးဝီထိကျမှ အနက်ဒြပ် အတ္ထပညတ်ကို သိရ၏-ဟုမှတ်။

(အကျယ်သိလိုမူ အဘိဓမ္မတ္ထကို ကြည့်လင့်ကုန်။)

ဝီထိ၏ အခြားမဲ့၌ ဖြစ်သော အတိတ်ဖြစ်သော သဒ္ဒါရုံလျှင် အာရုံရှိသော ဇောစိတ်အစဉ်၏ အခြားမဲ့၌ နာမပညတ်ကို ယူခြင်း ဖြစ်၏၊ ထိုယူပြီးသည်မှ နောက်၌ အနက်ကိုသိခြင်း ဖြစ်၏၊ ဤသို့ ဆရာတို့သည် ဆိုကုန်၏၊ ထို့ကြောင့် သိအပ်၏-ဟူလို။

ဤဆိုအပ်ပြီးသောစကားဖြင့် အဘိဓမ္မတ္ထဝိဘာဝနီမည်သော အဘိဓမ္မတ္ထသင်္ဂြိုဟ်ကျမ်း၏အဘွင့်၌ အဋ္ဌမပစ္စည်းပိုင်းအဘွင့်သည် ပြီးဆုံးခြင်းသို့ရောက်ပြီ။

# ငိုကာကျော် မြန်မာပြန်

ကဖ္ဖဍ္ဍခနိုးပိုင်း

# ကမ္မဋ္ဌာန်းပိုင်း

## ဘာဝနာ ၂-ပါး

**၁။ ။သမထဝိပဿနာနံ၊ ဘာဝနာနမိတောပရံ။**
**ကမ္မဋ္ဌာနံ ပဝက္ခာမိ၊ ဒုဝိဓမ္ပိ ယထာက္ကမံ။ ။**

ဤပစ္စယသင်္ဂဟမှ နောက်၌ သမထ ဝိပဿနာ-ဟု ဆိုအပ်ကုန်သော နှစ်ပါးသော ဘာဝနာတို့၏ နှစ်ပါးအပြား ရှိသော ကမ္မဋ္ဌာန်းကို အစဉ်အတိုင်း ငါသည် ဆိုပေအံ့။

## ဘာဝနာ ၂-ပါးအဖွင့်

၁။ ။ဤပစ္စယနိဒ္ဒေသမှ နောက်၌ နီဝရဏတို့ကို ငြိမ်းစေတတ်သော အနက်ကြောင့် **သမထ**[၁] ဟု ဆိုအပ်ကုန်သော ဘာဝနာတို့၏၎င်း၊ အနိစ္စ အစရှိသော အထူးထူးသော အပြားရှိသော အခြင်းအရာအားဖြင့် ရှုအပ်သော အနက်ကြောင့် **ဝိပဿနာ**[၂] ဟု ဆိုအပ်ကုန်သော ဘာဝနာတို့၏၎င်း၊ နှစ်ပါး အပြား ရှိသော ဘာဝနာ-ဟု ဆိုအပ်သော အမှု၏ ဖြစ်ရာဖြစ်သည် အဖြစ်ကြောင့် **ကမ္မဋ္ဌာန်း**[၃] ဖြစ်သော အာရုံကို၎င်း၊ အထက်အထက်၌ ဖြစ်သော ကမ္မဋ္ဌာန်း စီးဖြန်းခြင်း-ဟု ဆိုအပ်သော အမှု၏ နီးသောအကြောင်း ဖြစ်၍ဖြစ်သော ဘာဝနာအစီရင်ကို၎င်း၊ သမထဝိပဿနာတို့၏ အစဉ်ဖြင့် ဆိုပေအံ့။ ဤသို့အနက်ယောဇနာခြင်း, အနက်ပေးခြင်းကို ပြုအပ်၏။

---

၁—ကာမစ္ဆန္ဒစသော နီဝရဏ တရားတို့ကို ငြိမ်းစေတတ်သောကြောင့် သမာဓိတရားသည် **သမထ** မည်၏။

၂—ဘုံသုံးပါး၌ ဖြစ်ပေါ်နေသော ရုပ် နာမ် ခန္ဓာ အဖြာဖြာကို အနိစ္စ, ဒုက္ခ, အနတ္တ-ဟု လက္ခဏာယာဉ် သုံးပါးသို့ တင်၍ ရှုဆင်ခြင်တတ်သောကြောင့် မဂ်၏ ရှေ့အဘို့၌ ဖြစ်သမျှ လောကီ ပညာစေတသိက်သည် **ဝိပဿနာ** မည်၏။

ထိုသမထနှင့် ဝိပဿနာ. တရားနှစ်ပါးသည် ပွါးများအပ်သောကြောင့် **ဘာဝနာ** မည်၏။

၃—သမထဘာဝနာကံ ဝိပဿနာဘာဝနာကံ နှစ်ပါး၏ ဖြစ်ရာ, ဖြစ်ကြောင်း ဖြစ်သောကြောင့် ကသိုဏ်းပညတ် စသော အာရုံ,တေဘုမ္မကသင်္ခါရအာရုံ တရားသည် **'ကမ္မဋ္ဌာန'** ကမ္မဋ္ဌာန်း မည်၏-ဟုမှတ်။

## စရိုက် ၆-ပါး

၃။ ။ရာဂစရိတာ, ဒေါသစရိတာ, မောဟစရိတာ, သဒ္ဓါ-စရိတာ, ဗုဒ္ဓိစရိတာ, ဝိတက္ကစရိတာစေတိ ဆဗ္ဗိဓေန စရိတသင်္ဂဟော။

ရာဂစရိုက်၎င်း၊ ဝါ-ရာဂများခြင်း၎င်း၊ ဒေါသစရိုက်၎င်း၊ ဝါ ဒေါသများခြင်း၎င်း၊ မောဟစရိုက်၎င်း၊ ဝါ-မောဟများခြင်း၎င်း၊ သဒ္ဓါစရိုက်၎င်း၊ ဝါ-သဒ္ဓါများခြင်း၎င်း၊ ဗုဒ္ဓိစရိုက်၎င်း၊ ဝါ-ပညာများခြင်း၎င်း၊ ဝိတက်စရိုက်၎င်း၊ ဝါ-ဝိတက်များခြင်း၎င်း၊ ဤသို့ ခြောက်ပါးသော အပြားအားဖြင့် စရိတသင်္ဂဟကို သိအပ်၏။

---

## စရိုက် ၆-ပါးအဘွင့်

၃။ ။ရာဂသည်ပင် သဘောဖြစ်သောကြောင့် **ရာဂစရိုက်** [၁] မည်၏၊ ဒေါသစရိုက် အစရှိသည်တို့ကိုလည်း ဤအတူ သိအပ်ကုန်၏၊ **စရိတသင်္ဂဟော**-ဟူသည်ကား၊ မူလဖြစ်သော စရိုက်၏ အစွမ်းဖြင့် ပုဂ္ဂိုလ်ကို ရေတွက်ခြင်းတည်း၊ ရောသောအားဖြင့်ကား ခြောက်ဆယ့် သုံးပါးတို့ ဖြစ်ကုန်၏။

ထို စကားမှန်၏—

ရာဂဒိကေ တိကေ သတ္တ၊ သတ္တ သဒ္ဓါဒိကေ တိကေ။
ဧကဒွိတိကမူလမှိ၊ မိဿတော သတ္တသတ္တကံ။ ။

ဟူသော စကားကို မြတ်စွာဘုရားသည် ဟောတော်မူအပ်၏၊ အနက်ကား—ရာဂအစရှိသော တိက်၌ ၇-ပါးသော စရိုက်တို့သည်

---

၁—အလွန်အကဲ မိမိသန္တာန်၌ မပြတ်မလတ် ဖြစ်သော ပင်ကိုယ်ပကတေ့ တရားသဘောသည် **စရိုက်** မည်၏။

အလွန်အကဲ မိမိသန္တာန်၌ မပြတ်မလတ် ဖြစ်သော တဏှာရာဂသည် **ရာဂစရိုက်** မည်၏။ (အကြွင်းသိသာပြီ။)

ဖြစ်ကုန်၏၊ သဒ္ဓါ အစရှိသော တိက်၌ ၇-ပါးသော စရိုက်တို့သည် ဖြစ်ကုန်၏၊ ဧကမူ, ဒွိမူ, တိမူ၌ ရောသောအားဖြင့် ၇-ခု,၇-ခု တို့၏ အပေါင်းသည် ဖြစ်၏။

ထိုဂါထာအရ အကျယ်ချဲ၍ ပြဦးအံ့—ဤဂါထာ၌ ၁-ရာဂ စရိုက်ငင်း၊ ၂-ဒေါသစရိုက်ငင်း၊ ၃-မောဟစရိုက်ငင်း၊ ၄-ရာဂ ဒေါသစရိုက်ငင်း၊ ၅-ရာဂ,မောဟစရိုက်ငင်း၊ ၆-ဒေါသ,မောဟ စရိုက်ငင်း၊ ၇-ရာဂစရိုက်, ဒေါသစရိုက်, မောဟစရိုက်ငင်း၊ ဤသို့သောနည်းဖြင့် ရာဂအစရှိသော တိက်၌ တခုသော သတ္တက ဖြစ်၏။

ထို့အတူ သဒ္ဓါစရိုက်ငင်း၊ ဗုဒ္ဓိစရိုက်ငင်း၊ ဝိတက်စရိုက်ငင်း၊ သဒ္ဓါ,ဗုဒ္ဓိစရိုက်ငင်း၊သဒ္ဓါ, ဝိတက်စရိုက်ငင်း၊ ဗုဒ္ဓိ,ဝိတက်စရိုက်ငင်း၊ သဒ္ဓါ,ဗုဒ္ဓိ,ဝိတက်စရိုက်ငင်း၊ ဤသို့ သဒ္ဓါ အစရှိသော တိက်၌ တခုသော သတ္တကသည် ဖြစ်၏၊ ဤသို့ နှစ်ပါးသော တိက်တို့ကို မရောသည် အစွမ်းဖြင့် ၁၄-ပါသော စရိုက်တို့သည် ဖြစ်ကုန်၏။

သုဒ္ဓမှတပါး မိဿကကို ဆိုဦးအံ့—ရာဂ အစရှိသော တိက်ကို ဧကမူ, ဒွိမူ, တိမူတို့၏ အစွမ်းအားဖြင့် သဒ္ဓါ စသော တိက်နှင့်တကွ ယှဉ်အပ်သည် ရှိသော် ရာဂစရိုက်, သဒ္ဓါစရိုက်ငင်း။ပ။ ဤသို့ အစရှိသော ရာဂလျှင် မူလရှိသော နည်း၌ တခုသော သတ္တက ဖြစ်၏၊ ထို့အတူ ဒေါသစရိုက်, သဒ္ဓါစရိုက်ငင်း။ပ။ ဤသို့ အစ ရှိသည်ဖြင့် ဒေါသမူလနည်း၌လည်း တခုသော သတ္တကသည် ဖြစ်၏၊ မောဟစရိုက်, သဒ္ဓါစရိုက်ငင်း။ပ။ ဤသို့ အစရှိသော နည်းဖြင့် မောဟမူလ စရိုက်၌လည်း တခုသော သတ္တကသည် ဖြစ်၏၊ ဤသို့ ဧကမူနည်း၌ သတ္တက သုံးလီသည် ဖြစ်၏၊ ဤဧကမူ၌ သတ္တကသုံးလီဖြစ်သကဲ့သို့ ထို့အတူ ဒွိမူလကနည်း၌လည်း ရာဂစရိုက်, ဒေါသစရိုက်, သဒ္ဓါစရိုက်ငင်း။ပ။ ဤသို့ အစရှိသော နည်းဖြင့် သတ္တက သုံးလီသည် ဖြစ်၏။

အထူးကား—တိမူလကနည်း၌ ရာဂစရိုက်ငင်း၊ ဒေါသစရိုက်ငင်း၊ မောဟစရိုက်ငင်း၊ သဒ္ဓါစရိုက်ငင်း၊ ဤသို့ အစရှိသော နည်းဖြင့်

တခုသော သတ္တကသည် ဖြစ်၏၊ ဤသို့ ရောသည့် အစွမ်းအားဖြင့် ၇-ပါးသော သတ္တကတို့၏ အစွမ်းအားဖြင့် တခုယုတ် ငါးဆယ်သော စရိုက်တို့သည် ဖြစ်ကုန်၏၊ ဤသို့ အရောအားဖြင့် တခုယုတ် ငါးဆယ်သော စရိုက်တို့ငှင်း၊ ရှေးသုဒ္ဓဖြစ်ကုန်သော ၁၄-ပါးသော စရိုက်တို့ငှင်း၊ ဤသို့သော အပြားအားဖြင့် ၆၃-ပါးသော စရိုက်တို့ကို မှတ်အပ်ကုန်၏၊ အချို့သော ဆရာတို့သည်ကား ဒိဋ္ဌိနှင့် တကွ ၆၄-ပါးသော စရိုက်တို့သည် ဖြစ်ကုန်၏-ဟု ဖွင့်ကုန်၏။

---

## ဘာဝနာ ၃-ပါး

**၄။ ။ပရိကမ္မဘာဝနာ, ဥပစာရဘာဝနာ, အပ္ပနာဘာဝနာ စေတိ တိသော ဘာဝနာ။**

ပရိကမ္မဘာဝနာငှင်း၊ ဝါ-အပ္ပနာဘာဝနာကို ပြုပြင်တတ်သော ဘာဝနာငှင်း၊ ဝါ-အပ္ပနာ၏ ရှေ့အဘို့ဖြစ်သော ဘာဝနာငှင်း၊ ဥပစာရ ဘာဝနာငှင်း၊ ဝါ-အပ္ပနာ၏ အနီးဖြစ်သော ဘာဝနာငှင်း၊ အပ္ပနာ ဘာဝနာငှင်း၊ ဝါ-မဟဂ္ဂုတ် အဖြစ်သို့ ရောက်သော ဘာဝနာငှင်း၊ ဤသို့ သုံးပါးကုန်သော ဘာဝနာတို့ကို သိအပ်ကုန်၏။

---

## ဘာဝနာ ၃-ပါးအဘွင့်

၄။ ။အပ္ပနာဘာဝနာကို ပြုပြင်တတ်သော အမှုဖြစ်သော တနည်းကား-အစစွာသော အမှုဖြစ်သောအပ္ပနာဝီထိမှ ရှေ့အဘို့၌ ဖြစ်သော ကာမာဝစရကုသိုလ် ကြိယာဘာဝနာသည် **ပရိကမ္မ-ဘာဝနာ** [၁] မည်၏၊ နိဝရဏကို ပယ်သည်မှစ၍ ဂေါတြဘု အဆုံး

---

၁—ရှာန်ဟူသော အပ္ပနာကို ပြုပြင်တတ်,ဖြစ်ပေါ်စေတတ်သော အပ္ပနာ၏ အစ ရှေးမဆွ ဖြစ်သော ဘာဝနာကမ္မဋ္ဌာန်း စီးဖြန်းသည်မှစ၍ နိဝရဏ မငြိမ်းမီ အတွင်း ပွါးများ အားထုတ်အပ်သမျှသော ကာမာဝစရ ဘာဝနာသည် **ပရိကမ္မဘာဝနာ** မည်၏။

ရှိသော ကာမာဝစရဘာဝနာသည် **ဥပစာရဘာဝနာ**[၁] မည်၏၊ အဘယ့်ကြောင့် ဥပစာရဘာဝနာ မည်သနည်း-ဟူမူ ရွာ၏ဥပစာ အစရှိသည်ကဲ့သို့ အပ္ပနာ၏ အနီး၌ ဖြစ်သောကြောင့် **ဥပစာရဘာဝနာ** မည်၏၊ မဟဂ္ဂုတ် အဖြစ်သို့ ရောက်သော ဘာဝနာသည် **အပ္ပနာဘာဝနာ**[၂] မည်၏၊ အဘယ့်ကြောင့် အပ္ပနာ ဘာဝနာ မည်ပါသနည်း-ဟူမူ အပ္ပနာ-ဟု ဆိုအပ်သော ဝိတက်လျှင် အမှူး ရှိသည် အဖြစ်ကြောင့် **အပ္ပနာဘာဝနာ** မည်၏။

အဘယ့်ကြောင့် ဝိတက်သည် အပ္ပနာ မည်ပါသနည်း-ဟူမူ သမ္ပယုတ်တရားတို့ကို အာရုံ၌ ကျစေသကဲ့သို့ ဖြစ်တတ်သောကြောင့် ဝိတက်သည် အပ္ပနာမည်၏၊ ထိုစကားမှန်၏၊ ထိုဝိတက်ကို "အပ္ပနာ ဗျပ္ပနာ"ဟု မြတ်စွာဘုရားသည် ညွှန်ပြတော်မူအပ်၏၊ ထိုဝိတက်လျှင် အမှူးရှိသည် အဖြစ်၏အစွမ်းကြောင့် အလုံးစုံကုန်သော မဟဂ္ဂုတ် လောကုတ္တရာ ဈာန်တရားတို့ကို **အပ္ပနာ**-ဟု ဆိုအပ်ကုန်၏။

---

## နိမိတ် ၃-ပါး

**၅။ ။ပရိကမ္မနိမိတ္တံ,ဥဂ္ဂဟနိမိတ္တံ,ပဋိဘာဂနိမိတ္တဉ္စေတိ တီဏိ နိမိတ္တာနိစ ဝေဒိတဗ္ဗာနိ။**

ပရိကမ္မနိမိတ်၎င်း၊ ဝါ-ပထဝီ ပထဝီ အစရှိသည်ဖြင့် စီးဖြန်းခြင်း ပရိကမ္မဘာဝနာ၏ အာရုံဖြစ်သော ကသိုဏ်းဝန်း အစရှိသည်-ဟု ဆိုအပ်သော ပရိကမ္မနိမိတ်၎င်း၊ ဥဂ္ဂဟနိမိတ်၎င်း၊ ဝါ-စက္ခုဝိညာဏ်ဖြင့် မြင်သကဲ့သို့ မနောဒွါရိက ကုသိုလ်ဇောသည် ယူအပ်သော အာရုံဖြစ်သော ကသိုဏ်းဝန်း အစရှိသည်-ဟု ဆိုအပ်သော ဥဂ္ဂဟ

---

၁—နီဝရဏတရား ငြိမ်းသည်မှစ၍ ဂေါတြဘုတိုင်အောင် ဤအတွင်း၌ ပွါးများအပ်သမျှသော ကာမာဝစရ ဘာဝနာသည် အပ္ပနာ၏ အနီးဖြစ်သောကြောင့် **ဥပစာရဘာဝနာ** မည်၏။

၂—အပ္ပနာမည်သော ဝိတက် အမှူးရှိသည် အဖြစ်ကြောင့် မဟဂ္ဂုတ် လောကုတ္တရာ အဖြစ်သို့ ရောက်သော ဘာဝနာသည် **အပ္ပနာဘာဝနာ** မည်၏။

နိမိတ်ဟုဆိုအပ်၏-ပရိကမ္မနိမိတ်ငင်း၊ ပဋိဘာဂနိမိတ်ငင်း၊ ဝါ-ဥဂ္ဂဟနိမိတ်နှင့် တူသော ညိုသော အဆင်း စသော ကသိုဏ်းအပြစ်မှ ကင်းသော ဥပစာရ အပ္ပနာတို့၏ အာရုံဖြစ်သော ကသိုဏ်းဝန်း အစရှိသည်-ဟု ဆိုအပ်သော ပဋိဘာဂနိမိတ်ငင်း၊၍သို့ သုံးပါးကုန်သော နိမိတ်တို့ကိုလည်း သိအပ်ကုန်၏။

## နိမိတ် ၃-ပါး အဘွင့်

၅။ ။ပရိကမ္မဘာဝနာ၏ အာရုံဖြစ်သော ဝါ-ဖြစ်သောကြောင့် ကသိုဏ်းဝန်း အစရှိသော နိမိတ်သည် **ပရိကမ္မနိမိတ်**[၁] မည်၏၊ ထိုကသိုဏ်းဝန်း အစရှိသည်ပင် မျက်စိဖြင့် မြင်သကဲ့သို့ မနေ့ာဒွါရ၌ဖြစ်သော စိတ်ဖြင့် ယူအပ်သော နိမိတ်ဖြစ်သောကြောင့် **ဥဂ္ဂဟနိမိတ်**[၂] မည်၏၊ တနည်းကား—ယူအပ်သော ပုဂ္ဂိုလ်၏ နိမိတ်ဖြစ်သောကြောင့် **ဥဂ္ဂဟနိမိတ်** မည်၏၊ ထိုကသိုဏ်းဝန်း အစရှိသည်တို့၏ အတုထင်သော ညိုသောအဆင်း အစရှိကုန်သော ကသိုဏ်း၏ အပြစ်တို့မှ ကင်းသော နိမိတ်သည် ဥပစာရအပ္ပနာတို့၏ အာရုံဖြစ်သောကြောင့် **ပဋိဘာဂနိမိတ်**[၃] မည်၏။

## ကသိုဏ်း ၁၀-ပါး

၆။ ။**ကထံ ပထဝီကသိဏံ, အာပေါကသိဏံ, တေဇောကသိဏံ, ဝါယောကသိဏံ, နီလကသိဏံ, ပီတကသိဏံ, လောဟိတကသိဏံ, ဩဒါတကသိဏံ, အာကာသကသိဏံ, အာလောကကသိဏဉ္စေတိ ဣမာနိ ဒသကသိဏာနိ နာမ။**

---

၁–အာရမ္မဏိက တရားတို့ဖြင့် သိအပ်သောကြောင့် အာရုံတရားသည် **နိမိတ်** မည်၏၊ ပရိကမ္မဘာဝနာ၏ အာရုံဖြစ်သော ကသိုဏ်းဝန်း စသော နိမိတ်သည် **ပရိကမ္မနိမိတ်** မည်၏။

၂–စက္ခုဝိညာဏ်ဖြင့် ယူအပ်,မြင်အပ်သကဲ့သို့ မနောဒွါရိက ကုသိုလ်ဇောသည် ယူအပ်သောကြောင့် ကသိုဏ်းဝန်း စသော အာရုံသည် **ဥဂ္ဂဟနိမိတ်** မည်၏။

၃–ကသိုဏ်းအပြစ်မှ ကင်းသော ဥပစာရဘာဝနာ, အပ္ပနာဘာဝနာတို့၏ အာရုံဖြစ်သော ကသိုဏ်းဝန်း စသော အာရုံသည် ထိုဥဂ္ဂဟနိမိတ်နှင့် တူသောကြောင့် **ပဋိဘာဂနိမိတ်** မည်၏-ဟူလို။

အဘယ်သို့ သိအပ်ပါသနည်းဟူမူ—

(၁) မြေကြီးသည်ပင် တစိတ်၌ မတည်မူ၍ အဆုံးမရှိ နှံ့သော အဖြစ်ဖြင့် အလုံးစုံ-ဟူသော အနက်ကြောင့် ကသိဏမည်သော **ပထဝီကသိုဏ်း** ၎င်း၊

(၂) ရေသည်ပင်လျှင် တစိတ်၌ မတည်မူ၍ အဆုံးမရှိ နှံ့သော အဖြစ်ဖြင့် အလုံးစုံ-ဟူသော အနက်ကြောင့် ကသိဏမည်သော **အာပေါကသိုဏ်း** ၎င်း၊

(၃) မီးသည်ပင်လျှင် တစိတ်၌ မတည်မူ၍ အဆုံးမရှိ နှံ့သော အဖြစ်ဖြင့် အလုံးစုံ-ဟူသော အနက်ကြောင့် ကသိဏမည်သော **တေဇောကသိုဏ်း** ၎င်း၊

(၄) လေသည်ပင်လျှင် တစိတ်၌ မတည်မူ၍ အဆုံးမရှိ နှံ့သော အဖြစ်ဖြင့် အလုံးစုံ-ဟူသော အနက်ကြောင့် ကသိဏမည်သော **ဝါယောကသိုဏ်း** ၎င်း၊

(၅) ညိုသော အဆင်းသည်ပင်လျှင် တစိတ်၌ မတည်မူ၍ အဆုံးမရှိ နှံ့သော အဖြစ်ဖြင့် အလုံးစုံ-ဟူသော အနက်ကြောင့် ကသိဏမည်သော **နီလကသိုဏ်း** ၎င်း၊

(၆) ရွှေသော အဆင်းသည်ပင်လျှင် တစိတ်၌ မတည်မူ၍ အဆုံးမရှိ နှံ့သော အဖြစ်ဖြင့် အလုံးစုံ-ဟူသော အနက်ကြောင့် ကသိဏမည်သော **ပီတကသိုဏ်း** ၎င်း၊

(၇) နီသော အဆင်းသည်ပင်လျှင် တစိတ်၌ မတည်မူ၍ အဆုံးမရှိ နှံ့သော အဖြစ်ဖြင့် အလုံးစုံ-ဟူသော အနက်ကြောင့် ကသိဏမည်သော **လောဟိတကသိုဏ်း** ၎င်း၊

(၈) ဖြူသော အဆင်းသည်ပင်လျှင် တစိတ်၌ မတည်မူ၍ အဆုံးမရှိ နှံ့သော အဖြစ်ဖြင့် အလုံးစုံ-ဟူသော အနက်ကြောင့် ကသိဏမည်သော **ဩဒါတကသိုဏ်း** ၎င်း၊

(၉) ပိုင်းခြားအပ်သော ကောင်းကင်သည်ပင် တစိတ်၌ မတည်မူ၍ အဆုံးမရှိ နှံ့သော အဖြစ်ဖြင့် အလုံးစုံ-ဟူသော အနက်ကြောင့် ကသိဏမည်သော **ပရိစ္ဆိန္နာကာသကသိုဏ်း** ငှင်း၊

(၁၀) နံရံပေါက် စသည်တို့၌ ထင်သော နေ လ စသည်တို့၏ အရောင် အလင်းသည်ပင် တစိတ်၌ မတည်မူ၍ အဆုံးမရှိ နှံ့သော အဖြစ်ဖြင့် အလုံးစုံ-ဟူသော အနက်ကြောင့် ကသိဏမည်သော **အာလောကကသိုဏ်း** ငှင်း၊ ဤသည်တို့သည် ကသိုဏ်းဆယ်ပါး မည်ကုန်၏။

---

## ကသိုဏ်း ၁၀-ပါးအဘွင့်

၆။ ။မြေသည်ပင်လျှင် တစိတ်၌ မတည်မူ၍ အဆုံးမရှိသော အရပ်ကို နှံ့တတ်သည်၏ အဖြစ်ဖြင့် အလုံးစုံ ဟူသော အနက်ကြောင့် **ကသိုဏ်း**[၁] မည်ရကား **ပထဝီကသိုဏ်း**[၂] မည်၏၊ ပထဝီကသိုဏ်းဝန်းကို မုချအားဖြင့်ရအပ်၏၊ ယူအပ်၏၊ ပဋိဘာဂနိမိတ်ကိုမူ သဒိသူပစာအားဖြင့် ပထဝီကသိုဏ်း-ဟု ဆိုအပ်၏၊ ထို ပထဝီကသိုဏ်း ပဋိဘာဂနိမိတ်လျှင် အာရုံရှိသော ဈာန်ကိုလည်း ပရမ္ပရူပစာအားဖြင့် ပထဝီကသိုဏ်း-ဟု ဆိုအပ်၏၊ အာပေါကသိုဏ်း အစရှိသည်တို့၌လည်း ထိုပထဝီကသိုဏ်း အတူပင် မှတ်အပ်၏။

ထိုဆယ်ပါးသော ကသိုဏ်းတို့တွင် ပထဝီကသိုဏ်း အစရှိကုန်သော လေးပါးသော ကသိုဏ်းတို့သည် မဟာဘုတ် ဖြစ်သော ကသိုဏ်းမည်ကုန်၏၊ နီလကသိုဏ်း အစရှိကုန်သော လေးပါးသော

---

၁-တစိတ်တဒေသ ဖြစ်သော မြေကြီးစသည်၌ မတည်မူ၍ အပိုင်းအခြား မရှိသော မြေအရပ် စသည်သို့ "ပထဝီ,ပထဝီ" စသည်ဖြင့် ပွါးများ နှလုံးသွင်းသော အခြင်းအရာအားဖြင့် နှံ့တတ်, အကြွင်းမရှိသော အဖြစ်သို့ ရောက်တတ်သောကြောင့် **ကသိုဏ်း** မည်၏။

၂-ပထဝီကသိုဏ်းအရကား -ပထဝီကသိုဏ်းဝန်းကို ရ၏။ တနည်း-ပထဝီကသိုဏ်းဝန်း ပဋိဘာဂနိမိတ်ကို သဒိသူပစာအားဖြင့် ရ၏။ ထိုပထဝီကသိုဏ်း ပဋိဘာဂနိမိတ်လျှင် အာရုံရှိသော ဈာန်ကိုကား အကြောင်းဖြစ်သော အာရုံ၏ အမည်ကို အကျိုးဖြစ်သော ဈာန်ပေါ်မှာ တင်စား၍ ကာရဏူပစာအားဖြင့် ရ၏။ (အကြွင်းဤနည်းအတိုင်းမှတ်။)

ကသိုဏ်းတို့သည် ဝဏ္ဏကသိုဏ်း မည်ကုန်၏၊ ပိုင်းခြားအပ်သော ကောင်းကင်သည် အာကာသကသိုဏ်းမည်၏၊လရောင် အစရှိသော အရောင်သည် အာလောက ကသိုဏ်း မည်၏၊ ဤသို့ မှတ်အပ်၏။

---

**အသုဘ ၁၀-ပါး**

**၇။ ။ဥဒ္ဓုမာတကံ, ဝိနီလကံ, ဝိပုဗ္ဗကံ, ဝိစ္ဆိဒ္ဒကံ, ဝိက္ခာယိတကံ, ဝိက္ခိတ္တကံ, ဟတဝိက္ခိတ္တကံ, လောဟိတကံ, ပုဠုဝကံ, အဋ္ဌိကဉ္စေတိ ဣမေဒသ အသုဘာနာမ။**

(၁) သေသည်မှ အထက် ဖြစ်သော နောက်ကာလ၌ လေဖြင့် ပြည့်သော သားရေအိတ်ကဲ့သို့ ဖူးဖူးရောင်သည် ဖြစ်၍ စက်ဆုပ်ဘွယ် ရှိသော အကောင်ပုပ်ငုင်း၊

(၂) အဖြူ အနီ စသည်နှင့် ရောလျက် များသောအားဖြင့် ညိုသောအဆင်းရှိသည် ဖြစ်၍ စက်ဆုပ်ဘွယ်ရှိသော အကောင်ပုပ်ငုင်း၊

(၃) ယိုသော ပြည်ရှိသည် ဖြစ်၍ စက်ဆုပ်ဘွယ် ရှိသော အကောင်ပုပ်ငုင်း၊

(၄) အလယ်၌ နှစ်ပိုင်းပြတ်သည် ဖြစ်၍ စက်ဆုပ်ဘွယ်ရှိသော အကောင်ပုပ်ငုင်း၊

(၅) ခွေး မြေခွေး အစရှိသည်တို့သည် အထူးထူးသော အခြင်းအရာဖြင့် ခဲအပ်သည် ဖြစ်၍ စက်ဆုပ်ဘွယ်ရှိသော အကောင်ပုပ်ငုင်း၊

(၆) ခွေး မြေခွေး အစရှိသည်တို့သည် အထူးထူးသော အခြင်းအရာဖြင့် အပိုင်းပိုင်း ဖြတ်လျက် ထိုထိုသောအရပ်၌ ပစ်အပ်သည် ဖြစ်၍ စက်ဆုပ်ဘွယ်ရှိသော အကောင်ပုပ်ငုင်း၊

(၇) ကျီးခြေသဏ္ဌာန် အစရှိသည်နှင့် တူသော ထားလက်နက်ဖြင့် သတ်လျက် အထူးထူးသော အခြင်းအရာဖြင့် ပစ်အပ်သည်ဖြစ်၍ စက်ဆုပ်ဘွယ်ရှိသော အကောင်ပုပ်ငုင်း၊

(၈) ယိုသော သွေးရှိသည်ဖြစ်၍ စက်ဆုပ် ဘွယ်ရှိသော အကောင်ပုပ်ဝင်း၊

(၉) ပိုးလောက်တို့ဖြင့် ပြည့်သည်ဖြစ်၍ စက်ဆုပ်ဘွယ်ရှိသော အကောင်ပုပ်ဝင်း၊

(၁၀) အရိုးစုသာ ဖြစ်၍ စက်ဆုပ်ဘွယ်ရှိသော အကောင်ပုပ် ဝင်း၊ ဤသည်တို့သည် အသုဘဆယ်ပါး မည်ကုန်၏။

---

## အသုဘ ၁၀-ပါးအဘွင့်

၇။ ။သေသည်မှ အထက်၌ ဖူးဖူးယောင်သော သူသေကောင် သည် **ဥဒ္ဓုမာတ** မည်၏၊ ထိုသူသေကောင်သည်သာလျှင် စက်ဆုပ် ဘွယ်ရှိသော အနက်ကြောင့် **ဥဒ္ဓုမာတက** မည်၏၊ ကြွင်းကုန်သော ဝိနီလက အစရှိသော ပုဒ်တို့၌လည်း ဤအတူ သာလျှင်တည်း။ အဖြူ အနီ စသည်နှင့် ရောသော များသောအားဖြင့် ညိုသော အဆင်းရှိသော သူသေကောင်သည် အထူးအားဖြင့် ညိုသော အနက်ကြောင့် **ဝိနီလက** မည်၏၊ ယိုသော ပြည်ရှိသော အကောင် သည် **ဝိပုဗ္ဗက** မည်၏၊ အလယ်၌ နှစ်ဖြာဖြတ်အပ်သော အကောင် သည် **ဝိစ္ဆိဒ္ဒက** မည်၏၊ အိမ်ခွေး တောခွေး အစရှိသည် တို့သည် အထူးထူးသော အခြင်းအရာဖြင့် ခဲအပ် စားအပ်သော အကောင်သည် **ဝိက္ခာယိတက** မည်၏၊ အိမ်ခွေး တောခွေး အစ ရှိသည်တို့သည် အထူးထူးသော အခြင်းအရာဖြင့် အပိုင်းပိုင်း ဖြတ်၍ ထိုထိုသော အရပ်၌ ပစ်အပ်သော အကောင်သည် **ဝိက္ခိတ္တက** မည်၏၊ ကျီးခြေ အစရှိသည်နှင့်တူသော ထားငယ်ဖြင့် လှီးခုတ်၍ အထူးထူးသော အပြားရှိသည် ဖြစ်၍ ပစ်အပ်သော အကောင်သည် **ဟတဝိက္ခိတ္တက** မည်၏၊ သွေးယိုသော အကောင်သည် **လောဟိ-တက** မည်၏၊ ပိုး လောက်တို့ကို ယိုစေတတ်သော အကောင်သည် **ပုဠုဝက** မည်၏၊ ယုတ်သော အပိုင်းအခြားအားဖြင့် တခုသာ ဖြစ်သော အရိုးသည်လည်း **အဋ္ဌိက** မည်၏။

## အနုဿတိ ၁၀-ပါး

**၈။ ။ဗုဒ္ဓါနုဿတိ, ဓမ္မာနုဿတိ, သံဃာနုဿတိ, သီလာ-နုဿတိ, စာဂါနုဿတိ, ဒေဝတာနုဿတိ, ဥပသမာ-နုဿတိ, မရဏာနုဿတိ, ကာယဂတာသတိ, အာနာ-ပါနဿတိ စေတိ ဣမာ ဒသ အနုဿတိယောနာမ။**

(၁) **အရဟတာ** အစရှိသော မြတ်စွာဘုရား၏ ဂုဏ်တော်ကိုးပါးကို အဖန်တလဲလဲ အောက်မေ့ခြင်းငှင်း၊

(၂) **သွာက္ခာတတာ** အစရှိသော တရားတော်၏ ဂုဏ်တော်ခြောက်ပါးကို အဖန်တလဲလဲ အောက်မေ့ခြင်းငှင်း၊

(၃) **သုပ္ပဋိပ္ပန္နတာ** အစရှိသော သံဃာတော်၏ ဂုဏ်တော်ကိုးပါးကို အဖန်တလဲလဲ အောက်မေ့ခြင်းငှင်း၊

(၄) မိမိ၏ သီလဂုဏ်ကို အဖန်တလဲလဲ အောက်မေ့ခြင်းငှင်း။

(၅) မိမိ၏စွန့်ကြဲခြင်း ဂုဏ်ကို အဖန်တလဲလဲ အောက်မေ့ခြင်းငှင်း၊

(၆) သဒ္ဓါ အစရှိသော ဂုဏ်နှင့် ပြည့်စုံသော နတ်တို့သည် နတ်၏ အဖြစ်သို့ ရောက်ကုန်၏၊ ထိုသဒ္ဓါ အစရှိသော ဂုဏ်တို့သည် ငါ့၌လည်း ရှိကုန်၏-ဟု နတ်တို့ကို သက်သေအရာ၌ ထား၍ နတ်တို့၏ သဒ္ဓါ အစရှိသော ဂုဏ်နှင့်တူသော မိမိ၏ သဒ္ဓါ အစရှိသော ဂုဏ်ကို အဖန်တလဲလဲ အောက်မေ့ခြင်းငှင်း၊

(၇) နိဗ္ဗာန်၏ ဝိရာဂ စသောဂုဏ်ကို အဖန်တလဲလဲ အောက်မေ့ခြင်းငှင်း၊

(၈) သေခြင်းတရားကို အဖန်တလဲလဲ အောက်မေ့ခြင်းငှင်း၊

(၉) ဆံပင်အစရှိသော ကိုယ်အစု၌ ဖြစ်သော သတိငှင်း၊

(၁၀) ထွက်သက် ဝင်သက်ကို အာရုံပြု၍ အောက်မေ့ခြင်း သတိငှင်း၊ ဤသည်တို့သည် ဆယ်ပါးသော အနုဿတိတို့ မည်ကုန်၏။

## အနုဿတိ ၁၀-ပါးအဘွင့်

ဂ။ ။အဖန်တလဲလဲ အောက်မေ့ခြင်းသည် **အနုဿတိ** မည်၏၊ **အရဟတာ** အစရှိသော ဘုရားဂုဏ်တော်လျှင် အာရုံရှိသော အနုဿတိသည် **ဗုဒ္ဓါနုဿတိ**[၁] မည်၏၊ **သွာက္ခာတတာ** အစရှိသော တရားဂုဏ်တော်လျှင် အာရုံရှိသော အနုဿတိသည် **ဓမ္မာနုဿတိ** မည်၏၊ **သုပ္ပဋိပ္ပန္နတာ** အစရှိသော သံဃာဂုဏ်တော်လျှင် အာရုံရှိသော အနုဿတိသည် **သံဃာနုဿတိ** မည်၏၊ မကျိုး မပျက်ခြင်း အစရှိသော အားဖြင့် ကောင်းစွာ စင်ကြယ်သော မိမိသီလ ဂုဏ်တော်ကို အဖန်တလဲလဲ အောက်မေ့ခြင်းသည် **သီလာနုဿတိ** မည်၏၊ အညစ် အကြေးဖြစ်သော မစ္ဆေရကင်းသော သူ၏အဖြစ် အစရှိသည်အစွမ်းဖြင့် မိမိ၏စွန့်ကြဲသော ကောင်းမှုကို အဖန်တလဲလဲ အောက်မေ့ခြင်းသည် **စာဂါနုဿတိ** မည်၏၊ အကြင် သဒ္ဓါ အစရှိသည်တို့နှင့် ပြည့်စုံသော နတ်တို့သည် နတ်အဖြစ်သို့ ရောက်ကုန်၏၊ ထိုနတ်တို့၏ သဒ္ဓါ အစရှိကုန်သော ဂုဏ်နှင့် တူကုန်သော သဒ္ဓါ အစရှိကုန်သော ဂုဏ်တို့သည် ငါ၌ ရှိကုန်၏-ဟု နတ်တို့ကို သက်သေအရာ၌ ထား၍ မိမိ၏ သဒ္ဓါ အစရှိသော ဂုဏ်ကို အဖန်တလဲလဲ အောက်မေ့ခြင်းသည် **ဒေဝတာနုဿတိ**[၂] မည်၏၊ အလုံးစုံသော ဝဋ္ဋတရား၏ ငြိမ်းရာဖြစ်သော နိဗ္ဗာန်၏ ဂုဏ်ကိုအဖန်တလဲလဲ အောက်မေ့ခြင်းသည် **ဥပသမာနုဿတိ** မည်၏၊ ဇီဝိတိန္ဒြေ၏ ပြတ်ခြင်း ဖြစ်၍ ဖြစ်သော သေခြင်းကို အဖန်တလဲလဲ အောက်မေ့ခြင်းသည် **မရဏာနုဿတိ** မည်၏၊ ဆံပင် အစရှိသော ရူပကာယအစု၌ ဖြစ်သော အောက်မေ့ခြင်းသည် **ကာယဂတာသတိ** မည်၏၊ ထွက်သက်သည်၎င်း၊ ဝင်သက်သည်၎င်း၊ အာနာပါန မည်၏၊ ထွက်သက် ဝင်သက်တို့ကို ရအပ်ကုန်၏၊ ဝါ-ထွက်သက်

---

၁-မြတ်စွာဘုရား၏ အရဟံ အစရှိသော ဂုဏ်တော်အပေါင်းကို အောက်မေ့ခြင်းသည် **ဗုဒ္ဓါနုဿတိ** မည်၏။

၂-အကြင် သဒ္ဓါတရားနှင့် ပြည့်စုံကုန်သော သူဘို့သည် နတ်အဖြစ်သို့ ရောက်ကုန်၏၊ ထိုသဒ္ဓါစသော ဂုဏ်ကျေးဇူးမျိုးသည် ငါ၌လည်း ရှိ၏-ဟု နတ်တို့ကို သက်သေအရာ၌ ထား၍ မိမိ၏ သဒ္ဓါစသော ဂုဏ်ကျေးဇူးကို အဖန်တလဲလဲ အောက်မေ့ခြင်းသည် **ဒေဝတာနုဿတိ** မည်၏။ (အကြွင်းပေါ်ပြီ။)

ဝင်သက်တို့ကို အာနာပါန-ဟု ဆိုအပ်ကုန်၏၊ ထိုထွက်သက် ဝင်သက်လျှင် အာရုံရှိသော အောက်မေ့ခြင်းသည် **အာနာပါန-သတိ** မည်၏။

---

## အပ္ပမညာ ၄-ပါး

၉။ ။**မေတ္တာ, ကရုဏာ, မုဒိတာ, ဥပေက္ခာ စေတိ ဣမာ စတဿော အပ္ပမညာယော နာမ၊ ဗြဟ္မဝိဟာရောတိ စ ပဝုစ္စတိ။**

(၁) အတိုင်းမသိသော သုခိတ, ဒုက္ခိတ သတ္တဝါ ပြည့်တ်ကို အာရုံပြု၍ အမျှချစ်ခြင်းငှင်း၊

(၂) အတိုင်းမသိသော ဒုက္ခိတသတ္တဝါ ပြည့်တ်ကို အာရုံပြု၍ သနားခြင်းငှင်း၊

(၃) အတိုင်းမသိသော သုခိတ သတ္တဝါ ပြည့်တ်ကို အာရုံပြု၍ ဝမ်းမြောက်ခြင်းငှင်း၊

(၄) အတိုင်းမသိသော သုခိတ, ဒုက္ခိတ သတ္တဝါပြည့်တ်ကို အာရုံပြု၍ လျစ်လျူရှုခြင်းငှင်း၊ ဤသည်တို့သည် အပ္ပမညာ တရား လေးပါး မည်ကုန်၏၊ ဗြဟ္မဝိဟာရ-ဟု လည်း ဆိုအပ်၏။

---

## အပ္ပမညာ ၄-ပါးအဘွင့်

၉။ ။ချစ်တတ်သောကြောင့် **မေတ္တာ** မည်၏၊ တနည်းကား-မိတ်ဆွေ ခင်ပွန်းတို့၌ ဖြစ်သောကြောင့် **မေတ္တာ**[၁] မည်၏၊ ထိုမေတ္တာသည် သတ္တဝါတို့၏ စီးပွါးချမ်းသာကို ဆောင်ခြင်း လက္ခဏာရှိ၏၊ ကရုဏာသည် သူတပါး၏ ဆင်းရဲကို ပယ်ခြင်းငှါ အလိုရှိသည် အဖြစ်လျှင် လက္ခဏာရှိ၏၊ မုဒိတာသည် သူတပါး၏ စည်းစိမ်ကို ဝမ်းမြောက်ခြင်း လက္ခဏာရှိ၏၊ ဥပေက္ခာသည် ဣဋ္ဌာရုံ အနိဋ္ဌာရုံတို့၌

၁-ချစ်တတ်သောကြောင့်ငှင်း, ချစ်အပ်သော ပုဂ္ဂိုလ်တို့၌ အာရုံပြုသောအားဖြင့် ဖြစ်တတ်သောကြောင့်ငှင်း **မေတ္တာ** မည်၏။ ထိုမေတ္တာသည် သတ္တဝါတို့၏ စီးပွါးချမ်းသာကို ဆောင်လိုခြင်း လက္ခဏာ ရှိ၏၊ တရားကိုယ်ကား-အဒေါသ စေတသိက် ပင်တည်း။

လျစ်လျူရှုသော အခြင်းအရာအားဖြင့် ဖြစ်ခြင်း လက္ခဏာရှိ၏၊ အတိုင်းအရှည်မရှိသော သတ္တဝါလျှင် အာရုံရှိသည့် အဖြစ်ကြောင့် **အပ္ပမညာ**[၁] မည်ကုန်၏၊ မြတ်သော နေရာ၏ အဖြစ်ကြောင့် **ဗြဟ္မဝိဟာရ**[၂] မည်၏၊ တနည်းကား—မြတ်သော ပုဂ္ဂိုလ်တို့၏ အာရုံပြုသောအားဖြင့် နေရာ၏ အဖြစ်ကြောင့် **ဗြဟ္မဝိဟာရ** မည်၏။

---

## သညာ ၁-ပါး

### ၁၀။ ။အာဟာရေ ပဋိကူလသညာ ဧကာ သညာနာမ။

မျိုအပ်သော အစာ အာဟာရ၌ စက်ဆုပ် ရွံရှာဘွယ်-ဟူသော အမှတ်သည် တခုသော **သညာ** မည်၏။

---

## သညာ ၁-ပါးအဘွင့်

၁၀။ ။သွားခြင်း, ရှာမှီးခြင်း, သုံးဆောင်ခြင်း အစရှိသည်တို့ကို ဆင်ခြင်ခြင်း၏ အစွမ်းအားဖြင့် ကဗဠီကာရ အာဟာရ၌ စက်ဆုပ်ဘွယ်-ဟူ၍ ဖြစ်သော သညာသည် **အာဟာရေ ပဋိကူလသညာ**[၃] မည်၏။

---

၁—အတိုင်းမသိသော သတ္တဝါလျှင် အာရုံရှိသောကြောင့် **အပ္ပမညာ** မည်၏။

၂—ၚင်းမေတ္တာစသော တရားလေးပါးသည် ကောင်းမြတ်သော အကျင့်မြတ် ဖြစ်သဖြင့် မြတ်သော ကျင့်သုံးအပ်သော တရားဖြစ်သောကြောင့် **ဗြဟ္မဝိဟာရ** မည်၏။

မြဟ္မာ့အသွင် အလွန်မြတ်ကုန်သော ယောဂီ အရှင်တို့၏ ကျင့်သုံးရာ တရား, ကျင့်အပ်ဖြစ်စေအပ်သော တရား ဖြစ်သောကြောင့် **ဗြဟ္မဝိဟာရ** မည်၏-ဟူလို။

၃—အသွားအပြန်ဟူသော ဂမန, ရှာမှီးရသော ပရိယေသန, သုံးဆောင်ရသော ပရိဘောဂ စသော ဆယ်ပါးသော အခြင်းအရာကို ဆင်ခြင်သည်၏ အစွမ်းဖြင့် မျိုအပ် စားအပ်သော ဆွမ်း ဘောဇဉ် စသော ကဗဠီကာရအာဟာရ၌ စက် ဆုတ် ရွံရှာဘွယ် အဖြစ်ကို အောက်မေ့ ဆင်ခြင်ခြင်း အမှတ်သည် **အာဟာရေပဋိကူလသညာ** မည်၏။ (အကြွင်းပေါ်ပြီ။)

## ဝဝတ္ထာန် ၁-ပါး

**၁၁။ ။စတုဓာတု ဝဝတ္ထာနံ ဧကံ ဝဝတ္ထာနံ နာမ။**

ပထဝီဓာတ်, အာပေါဓာတ်, တေဇောဓာတ်, ဝါယောဓာတ် ဟူသော ဓာတ်လေးပါးကို ပိုင်းခြားခြင်းသည် တခုသော ဝဝတ္ထာန် မည်၏။

---

## ဝဝတ္ထာန် ၁-ပါးအဘွင့်

၁၁။ ။ပထဝီဓာတ် အစရှိကုန်သော လေးပါးကုန်သော ဓာတ်တို့ကို မိမိ၏ ထဒ္ဓ အစရှိသော သဘောအားဖြင့်၎င်း၊ ဆံ အစရှိသော သမ္ဘာရ အစရှိသည်တို့၏ အစွမ်းအားဖြင့်၎င်း၊ ပိုင်းခြား မှတ်သားခြင်းသည် **စတုဓာတုဝဝတ္ထာန်** မည်၏။

---

## အာရုပ္ပ ၄-ပါး

**၁၂။ ။အာကာသာနဉ္စာယတနာဒယော စတ္တာရော အာရုပ္ပါ နာမာတိ သဗ္ဗထာပိ သမထနိဒ္ဒေသေ စတ္တာလီသ ကမ္မဋ္ဌာနာနိ ဘဝန္တိ။**

အာကာသာနဉ္စာယတန အစရှိကုန်သော လေးပါးတို့သည် အာရုပ္ပ မည်ကုန်၏၊ ဤသို့ ခပ်သိမ်းသော အခြင်းအရာအားဖြင့် လည်း သမထကို ညွှန်းရာ၌ လေးဆယ်သော ကမ္မဋ္ဌာန်းတို့သည် ဖြစ်ကုန်၏။

---

## အာရုပ္ပ ၄-ပါးအဘွင့်

၁၂။ ။ရုပ်၏ ဆန့်ကျင်ဘက် ဖြစ်သော အာရုံ၌ ဖြစ်သော ကြောင့် အာရုပ္ပ မည်၏။

## သပ္ပါယဘေဒ

၁၃။ ။စရိတာသုပန ဒသ အသုဘာ, ကာယဂတာသတိသန်ါ
တာ ကောဋ္ဌာသဘာဝနာစ ရာဂစရိတဿ သပ္ပါယာ။

အထူးကို ဆိုဦးအံ့-ခြောက်ပါးသော စရိုက်တို့တွင် ဆယ်ပါးကုန်သော အသုဘတို့သည်၎င်း၊ ဆံပင်အစရှိသော ကိုယ်အစု၌ဖြစ်သော သတိ-ဟု ဆိုအပ်သော ဆံ အစရှိသော ကိုယ်အစု၌ ပွါးများခြင်း ဘာဝနာသည်၎င်း၊ ရာဂ များသော ပုဂ္ဂိုလ်အား လျော်ကပ်ကုန်၏။

---

## သပ္ပါယဘေဒအဘွင့်

၁၃။ ။ယခုအခါ၌ ထိုထိုသော ပုဂ္ဂိုလ်၏ စရိုက်အားလျော်သော ကမ္မဋ္ဌာန်းကို ပြခြင်းငှါ **စရိတာသု ပန** ဤသို့ အစရှိသော စကားကိုမိန့်ဆိုပြီ။ ထိုပုဂ္ဂိုလ်အား ရာဂသာလျှင် ဖြစ်သော သဘောရှိသောကြောင့် **ရာဂစရိုက်** မည်၏။ ရာဂများသော ပုဂ္ဂိုလ်ကိုယ်ရအပ်၏။ ရာဂ၏ ဖြောင့်ဖြောင့် ဆန့်ကျင်ဘက် ဖြစ်သောကြောင့် အသုဘကမ္မဋ္ဌာန်း[၁] သည် ထိုရာဂစရိုက်ရှိသော ပုဂ္ဂိုလ်အား လျော်ကပ်၏။ ပညာ၏ အာရုံ၏ အဖြစ်ဖြင့် မောဟနှင့် ဆန့်ကျင်ဘက်ဖြစ်သောကြောင့်၎င်း၊ ဝိတက်တို့ဖြင့် ထိုထိုသော အာရုံသို့ ပြေးခြင်းကို တားမြစ်တတ်သည် အဖြစ်ကြောင့်၎င်း၊ အာနာပါနကမ္မဋ္ဌာန်းသည်[၂] မောဟစရိုက်ရှိသော သူအား၎င်း၊ ဝိတက် စရိုက်ရှိသော သူအား၎င်း လျော်ကပ်၏။ ဗုဒ္ဓါနုဿတိ အစရှိကုန်သော ခြောက်ပါးသော ကမ္မဋ္ဌာန်းတို့သည်[၃] သဒ္ဓါ ပညာ၏ အကြောင်း၏ အဖြစ်ကြောင့် သဒ္ဓါ စရိုက်ရှိသော သူအား လျော်ကပ်၏။

---

၁—အသုဘဆယ်ပါးနှင့် ကာယဂတာသတိသည် ရာဂနှင့် ဖြောင့်ဖြောင့် ဆန့်ကျင်ဘက် ဖြစ်သောကြောင့် ရာဂပြောသော များသောသူများနှင့် လျော်ကပ်၏။

၂—ပညာ၏ အာရုံဖြစ်၍ မောဟနှင့် ဆန့်ကျင်ဘက် ဖြစ်သောကြောင့်၎င်း, ကမ္မဋ္ဌာန်းမှ အပ တပါးသော အာရုံ၌ ဝိတက်၏ ထွက်ပြေးခြင်းကို တားမြစ်တတ်သည် အဖြစ်ကြောင့်၎င်း, အာနာပါနသည် မောဟစရိုက်, ဝိတက်စရိုက်ရှိသော သူအား လျော်ကပ်၏-ဟူလို။

၃—သဒ္ဓါပွါးခြင်း၏ အကြောင်းဖြစ်သောကြောင့် ဗုဒ္ဓါနုဿတိ စသော အနုဿတိ ခြောက်ပါးသည် သဒ္ဓါစရိုက် ရှိသောသူအား လျော်ကပ်၏-ဟူလို။

**၁၇။ ။မရဏ ဥပသမ သညာ ဝဝတ္ထာနာနိ ဗုဒ္ဓိစရိတဿ။**

မရဏာနုဿတိ, ဥပသမာနုဿတိ,အာဟာရ၌ စက်ဆုပ် ရွံရှာဘွယ်သော အမှတ်, ဓာတ်လေးပါးတို့ကို ပိုင်းခြားခြင်းတို့သည် ပညာ စရိုက်ရှိသော သူအား လျောက်ပတ်ကုန်၏။

---

၁၇။ ။မရဏာနုဿတိ, [၁] ဥပသမာနုဿတိ,ပရိကူလသညာ, စတုဓာတုဝဝတ္ထာန်တို့သည် နက်နဲသော သဘောရှိသည် အဖြစ်ကြောင့် ပညာ၏သာလျှင် အာရုံရှိသည်ဖြစ်၍ ပညာ စရိုက်ရှိသော သူအား လျောက်ပတ်၏။

---

**၁၈။ ။သေသာနိ ပန သဗ္ဗာနိပိ ကမ္မဋ္ဌာနာနိ သဗ္ဗေသမ္ပိ-သပ္ပါယာနိ။**

ဆိုအပ်ခဲ့ပြီးသည်မှ ကြွင်းကုန်သော အလုံးစုံလည်း ဖြစ်ကုန်သော ဆယ်ပါးသော ကမ္မဋ္ဌာန်းတို့သည် ရာဂ, ဒေါသ, မောဟ, ဝိတက် သဒ္ဓါ, ပညာ ပြောသော ခပ်သိမ်းသော ပုဂ္ဂိုလ်တို့အား လျောက်ပတ်ကုန်၏၊

---

၁၈။ ။**သေသာနိ**-ဟူသည်ကား၊ ဝါ-ဟူသောပုဒ်ကို လေးပါး အပြားရှိသော မဟာဘုတ်ဖြစ်သော ကသိုဏ်း, ပရိစ္ဆိန္နာကာသ ကသိုဏ်း, အာလောကကသိုဏ်း, အရူပဈာန်လေးပါးတို့၏ အစွမ်း အားဖြင့် ဆယ်ပါး အပြားရှိကုန်သော ကမ္မဋ္ဌာန်းတို့သည် [၂] ဟု အနက်ပေး။

---

၁—နက်နဲသည် ဖြစ်၍ ပညာ၏ အရာသာ ဖြစ်သောကြောင့် မရဏာနုဿတိ,ဥပသမာ-နုဿတိ, အာဟာရေပဋိကူလသညာ, စတုဓာတုဝဝတ္ထာန်တို့သည် ဗုဒ္ဓိစရိုက် ရှိသောသူအား လျောက်ပတ်၏-ဟူလို။

၂—အသုဘဆယ်ပါး အစ စတုဓာတုဝဝတ္ထာန် အဆုံးရှိကုန်သော သုံးဆယ်သော ကမ္မဋ္ဌာန်းတို့မှ ကြွင်းကုန်သော အလုံးစုံသော ပထဝီ အာပေါ စသော ကသိုဏ်း ခြောက်ပါး အာရုပ္ပ လေးပါး-ဟု ဆိုအပ်သော ကမ္မဋ္ဌာန်း ဆယ်ပါးတို့သည် မည်သည့်စရိုက်များသော သူများမဆို စီးဖြန်းပွါးများခြင်းငှါ သင့်လျော်လျောက်ပတ်ကုန်၏။ အဘယ့်ကြောင့်ဆိုသော် ရာဂ စသော အကုသိုလ် စရိုက်ကို မငြိမ်းစေနိုင်, မပယ်ခွါနိုင်ကုန်သော ကသိုဏ်းတို့ မည်သည် မရှိကုန်။ သဒ္ဓါ စသော ကုသိုလ်စရိုက်တို့ကိုလည်း မထောက်ပံ့နိုင်၊ တိုးပွါးအောင် မပြုနိုင်သော ကသိုဏ်းတို့မည်သည် မရှိကုန်။ ထိုကြောင့် သင့်လျော်လျောက်ပတ်၏-ဟူလို။

**၁၉။ ။တတ္ထာပိ ကသိဏေသု ပုထုလံ မောဟစရိတဿ,**
**ခုဒ္ဒကံ ဝိတက္ကစရိတဿေဝါတိ။**
**အယမေတ္ထ သပ္ပါယဘေဒေါ။**

ထိုဆယ်ပါးသော ကမ္မဋ္ဌာန်းတို့တွင်လည်း ကသိဏ်း ခြောက်ပါးတို့၌ ဝါ-ပထဝီကသိဏ်း, အာပေါကသိဏ်း, တေဇောကသိဏ်း, ဝါယောကသိဏ်း, အာကာသကသိဏ်း, အာလောကကသိဏ်း-ဟု ဆိုအပ်သော ခြောက်ပါးသော ကသိဏ်းတို့၌ ကြီးစွာ့အဆုံး ကောက်နယ် တလင်းခန့်မျှ ရှိသော ကသိဏ်းဝန်းသည် မောဟ ပြောသော ပုဂ္ဂိုလ်အား လျောက်ပတ်၏၊ ငယ်စွာ့အဆုံး ခွက်မျှ စကောမျှ ရှိသော ကသိဏ်းဝန်းသည် ဝိတက်ပြောသော ပုဂ္ဂိုလ် အား လျောက်ပတ်၏၊ ဤဆိုအပ်ပြီးသည်ကား ဤသမထနိဒ္ဒေသ၌ သပ္ပါယဘေဒတည်း။

---

၁၉။ ။**တတ္ထာပိ**-ဟူသည်ကား၊ဝါ-ဟူသောပုဒ်ကို ထိုကမ္မဋ္ဌာန်း တို့တွင်-ဟု အနက်ပေး။ ကျဉ်းမြောင်းသော အာရုံ၌ စိတ်၏ အလွန် လျှင်တွေဝေသောကြောင့် ကြီးသော ကသိဏ်းသည် မောဟစရိုက်[၁] ရှိသူအား လျောက်ပတ်၏၊ ကျယ်သော အာရုံ၏ ဝိတက်ဖြင့် ထိုမှ ဤမှ ပြေးခြင်း၏ အကြောင်း၏ အဖြစ်ကြောင့် ငယ်သော ကသိဏ်း သည် ဝိတက်စရိုက်[၂] ရှိသောသူအား လျောက်ပတ်၏၊ ဤ **သပ္ပါယ** ဟူသော စကားကို ဖြောင့်ဖြောင့် ဆန့်ကျင်ဘက် ဖြစ်သည် အဖြစ် ကြောင့်၎င်း၊ အလွန် သင့်တင့် လျောက်ပတ်သည် အဖြစ်ကြောင့်၎င်း မိန့်ဆိုအပ်၏။

---

၁—ထိုကသိဏ်းတို့ဘွင် မောဟစရိုက် များသောသူသည် ကောက်နယ်တလင်းမျှ ပမာဏ ရှိသော ကျယ်သော ကသိဏ်းဝန်းပြုကာ စီးဖြန်းရာ၏၊ ငယ်သော ကသိဏ်းဝန်းနှင့် မသင့် လျော်ပေ၊ အကြောင်းသော်ကား—ကသိဏ်းဝန်း ငယ်ပါမူ မောဟအလွန် များတတ်သော ကြောင့်တည်း။

၂—ဝိတက်စရိုက် များသောသူကား စကောမျှ ပမာဏရှိသော ငယ်သော ကသိဏ်းဝန်း ပြုကာ စီးဖြန်းပွါးများရာ၏။ ကြီးကျယ်သော ကသိဏ်းဝန်းနှင့်ကား မသင့်လျော်ပေ၊ အကြောင်းသော်ကား—ကသိဏ်းဝန်း ကျယ်ပါမူ ဝိတက် အလွန်များသောကြောင့်တည်း။

ထိုသို့ပင် ဆိုအပ်သော်လည်း ရာဂအစရှိသည်တို့ကို မပယ်ခွါ တတ်သော တနည်း—သဒ္ဓါအစရှိသည်တို့အား ကျေးဇူး မပြုတတ် သော ကသိုဏ်းအစရှိသော ဘာဝနာမည်သည် မရှိပေ။

### ဘာဝနာဘေဒ
### ဘာဝနာဖြင့် ကမ္မဋ္ဌာန်းကို ဝေဘန်ခြင်း

**၂၀။ ။ဘာဝနာသု ပန သဗ္ဗတ္ထာပိ ပရိကမ္မဘာဝနာ လဗ္ဘ- တေဝ နတ္ထိ အပ္ပနာ။**

သပ္ပါယ ဘေဒမှ တပါးဘာဝနာ ဘေဒကို ဆိုဦးအံ့—ဘာဝနာ တို့တွင် အလုံးစုံသော ကမ္မဋ္ဌာန်း လေးဆယ်တို့၌လည်း ပရိကမ္မ ဘာဝနာကို ရအပ်သည်သာတည်း၊ အပ္ပနာဘာဝနာသည် မရှိ။

### ဘာဝနာဖြင့် ကမ္မဋ္ဌာန်းကို ဝေဘန်ခြင်းအဘွင့်

၂၀။ ။**သဗ္ဗတ္ထာပိ**-ဟူသည်ကား၊ ဝါ-ဟူသောပုဒ်ကိုလေးဆယ် သော ကမ္မဋ္ဌာန်းတို့၌လည်း-ဟု အနက်ပေး။ ဗုဒ္ဓါနုဿတိ အစ ရှိသည်တို့၌ အပ္ပနာမဖြစ်၊ အဘယ့်ကြောင့် မဖြစ်ပါသနည်း ဆိုသော် ဘုရားဂုဏ်တော် အစရှိသည်တို့၏ ပရမတ္ထ ဖြစ်သည် အဖြစ်ကြောင့် ၎င်း၊ တပါးမက များသော အပြားရှိသည် အဖြစ်ကြောင့်၎င်း၊ တခုသော ပရမတ္ထတရား၏လည်း နက်နဲသော သဘောရှိသည် အဖြစ်ကြောင့်၎င်း၊ ဗုဒ္ဓါနုဿတိအစရှိကုန်သော ဆယ်ပါးသော ကမ္မဋ္ဌာန်းတို့၌[၁] အပ္ပနာ၏ အစွမ်းဖြင့် ဖြစ်သော သမာဓိ၏ တည်ခြင်းငှါ မစွမ်းနိုင်သည် အဖြစ်ကြောင့် အပ္ပနာ၏ အဖြစ်သို့ မရောက်မူ၍ ကာမာဝစရသမာဓိသည် ဥပစာရ အဖြစ်ဖြင့်သာလျှင် တည်၏၊ ထို့ကြောင့် မရှိ-ဟူလို။

၁—ဘုရားဂုဏ် စသည်တို့၏ ပရမတ္ထတရား ဖြစ်သောကြောင့်၎င်း, များသော အပြား ရှိသောကြောင့်၎င်း, အရဟတာ စသော တခုသော ပရမတ္ထတရား၏လည်း နက်နဲသည် အဖြစ်ကြောင့်၎င်း, ထိုဆယ်ပါးသော ကမ္မဋ္ဌာန်းတို့၌ အပ္ပနာအစွမ်းဖြင့် သမာဓိသည် တည်ခြင်းငှါ မစွမ်းနိုင်သောကြောင့် အပ္ပနာအဖြစ်သို့ မရောက်ဘဲ ကာမာဝစရသမာဓိသာ ဖြစ်၍ ၎င်းကာမာဝစရသမာဓိသည်လည်း ဥပစာရသမာဓိ အဖြစ်ဖြင့်သာ တည်တန့်နိုင် သောကြောင့် ဥပစာရဘာဝနာမျှသာ ပြည့်စုံ၍ အပ္ပနာဘာဝနာ မပြည့်စုံခြင်း ဖြစ်၏-ဟူလို။

လောကုတ္တရာ သမာဓိသည်၎င်း၊ ဒုတိယာရုပ္ပ စတုတ္ထာရုပ္ပ သမာဓိသည်၎င်း၊ ပရမတ္ထ တရား၌လည်း ထူးသော ဘာဝနာ၏ အစွမ်းဖြင့် အပ္ပနာသို့ ရောက်၏၊ ယင်းစကားကို အကျယ်ချဲ့၍ ပြဦးအံ့—ဝိသုဒ္ဓိဘာဝနာ အစဉ်၏ အစွမ်းကြောင့် လောကုတ္တရာ သမာဓိသည် အပ္ပနာသမာဓိသို့ ရောက်၏၊ အာရုံကို လွန်ခြင်း-ဟု ဆိုအပ်သော ဘာဝနာ၏ အစွမ်းကြောင့် အရူပသမာဓိသည် အပ္ပနာသို့ ရောက်၏၊ အဘယ့်ကြောင့် ရောက်ပါသနည်း-ဟူမူ။ အပ္ပနာသို့ ရောက်ပြီးသည်သာ ဖြစ်သော စတုတ္ထဈာန် သမာဓိ၏ ကသိုဏ်းအာရုံကို လွန်ခြင်းငှါ စွမ်းနိုင်၏၊ ထို့ကြောင့် ဟူလို။

---

## ဈာန်ဖြင့် ကမ္မဋ္ဌာန်းကို ဝေဘန်ပုံ

**၂၃။ ။တတ္ထ ဝ ဒသ ကသိဏာနိ, အာနာပါနဥ္စ ပဉ္စက ဈာနိကာနိ။**

ထိုအမျှ သုံးဆယ်သော ကမ္မဋ္ဌာန်းတို့တွင်လည်း ဆယ်ပါးသော ကသိုဏ်းတို့သည်၎င်း၊ ထွက်သက် ဝင်သက် ပညတ်သည်၎င်း ဈာန် ငါးပါးအပေါင်းရှိကုန်၏၊ ဝါ-ဈာန်ငါးပါးလုံးကို ရနိုင်ကုန်၏။

---

## ဈာန်ဖြင့် ကမ္မဋ္ဌာန်းကို ဝေဘန်ပုံအဘွင့်

၂၃။ ။ထိုကသိုဏ်း ၁၀-ပါး, အာနာပါန ကမ္မဋ္ဌာန်းတို့အား ငါးပါး အပြားရှိကုန်သော ဈာန်တို့သည် ရှိကုန်သောကြောင့် **ပဉ္စကဈာနိကာနိ** မည်ကုန်၏၊ တနည်းကား—ထိုကသိုဏ်း ၁၀-ပါး အာနာပါနဿတိ ကမ္မဋ္ဌာန်းတို့၌ ယှဉ်ကုန်သောကြောင့် **ပဉ္စက ဈာနိကာနိ** မည်ကုန်၏။

---

**၂၄။ ။ဒသ အသုဘာ ကာယဂတာ သတိစ ပဌမဈာနိကာ။**

အသုဘ ဆယ်ပါးတို့သည်၎င်း၊ ကာယဂတာသတိ သည်၎င်း ပဌမဈာန် ရှိကုန်၏၊ ဝါ-ပဌမဈာန်ကို ရနိုင်ကုန်၏။

၂၄။ ။အသုဘ ဘာဝနာ၏ စက်ဆုပ်ဘွယ် အာရုံရှိသည် အဖြစ်ကြောင့် ပြင်းသော ရေအယဉ်ရှိသော မြစ်၌ ထိုးဝါး၏ အစွမ်းကြောင့်သာလျှင် လှေသည် တည်နိုင်သကဲ့သို့ ဝိတက်၏ အစွမ်းကြောင့်သာလျှင် ထိုအသုဘဘာဝနာ၌[၁] စိတ်သည်ဖြစ်၏၊ ထို့ကြောင့် အသုဘကမ္မဋ္ဌာန်း၌ အဝိတက္ကဈာန်၏ မဖြစ်သင့် သောကြောင့် **ပဌမဈာနိကာ**-ဟူသော ဤစကားကို မိန့်ဆိုအပ်၏။

## ၂၅။ ။မေတ္တာဒယော တယော စတုက္ကဈာနိကာ။

မေတ္တာ အစရှိကုန်သော သုံးပါးကုန်သော ဗြဟ္မဝိဟာရ တရားတို့သည် ဈာန်လေးပါး အပေါင်းရှိကုန်၏၊ ဝါ-ဈာန်လေးပါး ကို ရနိုင်ကုန်၏။

၂၅။ ။မေတ္တာ ကရုဏာ မုဒိတာတို့သည်[၂] ဒေါမနဿ ဝေဒနာနှင့် တကွဖြစ်သော ဒေါသ၊ သတ္တဝါတို့အား ညှဉ်းဆဲခြင်း၊ သုခိတ သတ္တဝါတို့၌ စိတ်၏ မမွေ့လျော်ခြင်းတို့ကို ပယ်တတ်သည် အဖြစ်ကြောင့် ဒေါမနဿဝေဒနာနှင့် ဆန့်ကျင်ဘက် ဖြစ်သော သောမနဿ ဝေဒနာနှင့်သာလျှင် ယှဉ်ကုန်၏၊ ထိုကြောင့် **မေတ္တာ။ပ။စတုက္ကဈာနိကာ**-ဟု မိန့်ဆိုအပ်ကုန်၏။

## ၂၆။ ။ဥပေက္ခာ ပဉ္စမဈာနိကာတိ ဆဗ္ဗိသတိ ရူပါဝစရ ဈာနိကာနိ ကမ္မဋ္ဌာနာနိ။

---

၁-အသုဘ ဘာဝနာ ဆယ်ပါး၌ ဝိတက် ကင်းသောကြောင့် ဒုတိယဈာန်တို့ မဖြစ်ကုန်ဘဲ ပဌမဈာန်သည်သာ ဖြစ်၏၊ အကြောင်းသော်ကား-၎င်းအသုဘကမ္မဋ္ဌာန်းတို့သည် စက်ဆုတ်ရွံရှာဘွယ်သော အနိဋ္ဌာရုံများ ဖြစ်ကုန်၍ စိတ်နှစ်သက်မှုကို ဖြစ်စေရန် အားအလွန် နည်းကုန်၏။ ထို့ကြောင့် ထိုကမ္မဋ္ဌာန်းတို့၌သမာဓိ ရစေရန် ရေစီးပြင်းသော မြစ်၌ ထိုးဝါးနှင့် ကင်း၍ လှေသည် မတည်တန့်နိုင်သကဲ့သို့ ဝိတက်နှင့် ကင်း၍ မဖြစ်နိုင်သောကြောင့် ဝိတက်ပါရှိသော ပဌမဈာန်ကိုသာ ရနိုင် ဖြစ်စေနိုင်၏။ ဝိတက်မယှဉ်သော ဝိတက်ကင်းသော ဈာန်တို့ကိုကား မဖြစ်စေနိုင်ကုန်-ဟူလို။ (ဝိတက်သည် သမ္ပယုတ်တရားတို့ကို အာရုံသို့ တင်ပို့၍ပေးနိုင်သည်။)

၂-မေတ္တာ, ကရုဏာ, မုဒိတာတို့သည် ဒေါမနဿနှင့် တကွဖြစ်သော ဗျာပါဒတရား, ညှဉ်းဆဲခြင်း ဝိဟိံသတရား, သူတပါးစည်းစိမ်၌ မမွေ့လျော်သော အနဘိရတိတရားတို့ကို ပယ်သဖြင့် သောမနဿဝေဒနာနှင့်သာ တကွဖြစ်သောကြောင့် ပဌမ, ဒုတိယ, တတိယ, စတုတ္ထဈာန် လေးပါးကို ဖြစ်စေနိုင်ကုန်၏-ဟူလို။

ဥပေက္ခာ-ဟု ဆိုအပ်သော ဗြဟ္မဝိဟာရ တရားတပါးသည် ပဉ္စမဈာန်ရှိ၏၊ ဝါ-ပဉ္စမဈာန်ကို ရနိုင်၏၊ ဤသို့ ၂၆-ပါးကုန်သော ကမ္မဋ္ဌာန်းတို့သည် ရူပါဝစရဈာန် ရှိကုန်၏၊ ဝါ-ရူပါဝစရဈာန်ကို ရနိုင်ကုန်၏။

---

၂၆။ ။အလုံးစုံသော သတ္တဝါတို့သည် ချမ်းသာသော ကိုယ်စိတ် ရှိပါစေကုန်သတည်း၊ ဆင်းရဲမှ လွတ်ပါစေကုန်သတည်း၊ ရအပ်သော စည်းစိမ်ချမ်းသာနှင့် ပြည့်စုံခြင်းမှ မလျော့ပါစေကုန်သတည်း၊ ဤသို့ မေတ္တာ အစရှိသည်တို့၏ အစွမ်းအားဖြင့် ဖြစ်သော ကိစ္စသုံးပါးတို့၏ အပေါင်းကို ပယ်၍ ကံသာလျှင် မိမိဥစ္စာ ရှိသည်အဖြစ်ကို ရှုသဖြင့် သတ္တဝါတို့၌ လျစ်လျူရှုသော အခြင်းအရာအားဖြင့် ဖြစ်သော ဘာဝနာကြောင့် ဖြစ်သော တတြမဇ္ဈတ္တုပေက္ခာ၏ အလွန်အားရှိသည် အဖြစ်ကြောင့် ဥပေက္ခာ ဗြဟ္မဝိဟာရသည်[၁] သုခဝေဒနာနှင့် ယှဉ်ခြင်း မရှိသောကြောင့် **ဥပေက္ခာ ပဉ္စမဈာနိကာ**-ဟု ဆိုအပ်၏။

ဘာဝနာဘေဒအဘွင့် ပြီး၏။

---

**ဂေါစရဘေဒ**

**နိမိတ်ဖြင့် ကမ္မဋ္ဌာန်းကို ဝေဘန်ခြင်း**

**၂၀။ ။နိမိတ္တေသု ပန ပရိကမ္မနိမိတ္တံ, ဥဂ္ဂဟနိမိတ္တဉ္စ သဗ္ဗတ္ထာပိ ယထာရဟံ ပရိယာယေန လဗ္ဘန္တေဝ။**

ဘာဝနာ ဘေဒမှတပါး နိမိတ္တဘေဒကို ဆိုဦးအံ့—နိမိတ်တို့တွင် ပရိကမ္မနိမိတ်ကိုရင်း၊ ဥဂ္ဂဟနိမိတ်ကိုရင်း၊ အလုံးစုံသော ကမ္မဋ္ဌာန်း လေးဆယ်တို့၌ ထိုက်သည်အား လျော်စွာ ဥပစာအားဖြင့် ရအပ်ကုန်သည်သာတည်း။

---

၁—ဥပေက္ခာဗြဟ္မဝိဟာရသည်ကား၊ "သဗ္ဗေသတ္တာ သုခိတာဟောန္တု။ပ။ မာဝိဂစ္ဆန္တု၊" ဟု မေတ္တာစသည် အစွမ်းဖြင့် ဖြစ်သော ကိစ္စသုံးပါး အပေါင်းကို ပယ်၍ ကံသာလျှင် မိမိဥစ္စာ ရှိသည်အဖြစ်ကို ရှုသဖြင့် သတ္တဝါတို့၌ လျစ်လျူရှုသော အခြင်းအရာအားဖြင့် ဖြစ်သော ဘာဝနာအစွမ်းဖြင့် ဖြစ်သော တတြမဇ္ဈတ္တုပေက္ခာ၏ အားကြီးသဖြင့် သောမနဿသဟဂုတ် မဖြစ်သောကြောင့် ဥပေက္ခာနှင့် တကွဖြစ်သော ပဉ္စမဈာန်သာ ဖြစ်၏-ဟူလို။

## နိမိတ်ဖြင့် ကမ္မဋ္ဌာန်းကို ဝေဘန်ခြင်း အဘွင့်

၂၀။ ။**ယထာရဟံ**[၁] ဟူသည်ကား၊ ဝါ-ဟူသောပုဒ်ကို ထိုထိုသော အာရုံအားလျော်စွာ-ဟု အနက်ပေး။ တစုံတခုသော အာရုံ၏ မထင်သည် အဖြစ်ကြောင့် **ပရိယာယေန**[၂] ဟူသော ဤစကားကို မိန့်ဆိုအပ်၏။

---

**၂၉။ ။ပဋိဘာဂနိမိတ္တံပန ကသိဏာသုဘ ကောဋ္ဌာသ အာနာပါနေသွေဝ လဗ္ဘတိ၊ တတ္ထ ဟိ ပဋိဘာဂနိမိတ္တမာရဗ္ဘ ဥပစာရသမာဓိ အပ္ပနာသမာဓိ စ ပဝတ္တန္တိ။**

အလုံးစုံ ရအပ်သည်မှ တပါး မရအပ်သည်ကို ဆိုအံ့— ပဋိဘာဂ နိမိတ်ကို ကသိုဏ်းပညတ် ၁၀-ပါး, အသုဘပညတ် ၁၀-ပါး, ဆံ အစရှိသော ကာယအစုပညတ်, ထွက်သက်ဝင်သက် ပညတ်တို့၌ ရအပ်၏၊ ထိုစကား မှန်၏၊ ထိုကသိုဏ်း ပညတ် ၁၀-ပါး, အသုဘပညတ် ၁၀-ပါး, ဆံ အစရှိသော ကာယ အစု ပညတ်, ထွက်သက် ဝင်သက် ပညတ်တို့၌ ပဋိဘာဂနိမိတ်ကို အာရုံ ပြု၍ ဥပစာရသမာဓိသည်၎င်း၊ အပ္ပနာသမာဓိသည်၎င်း ဖြစ်ကုန်၏။

---

၁—မည်သည့်ကမ္မဋ္ဌာန်းမဆို အာရုံနှင့် မကင်းနိုင်၊ အာရုံနှင့် ကင်းသော ကမ္မဋ္ဌာန်း မည်သည်မ မရှိသောကြောင့် ပရိကမ္မနိမိတ်ကို ရသည်ချည်း ဖြစ်၏၊ ပရိကမ္မနိမိတ်ကို ရပါက ၎င်းပရိကမ္မနိမိတ်နှင့် တူစွာ ဥဂ္ဂဟနိမိတ်သည် ထင်မြဲ ဖြစ်သောကြောင့် အလုံးစုံသော ကမ္မဋ္ဌာန်း လေးဆယ်၌ ဥဂ္ဂဟနိမိတ်ကိုလည်း ရအပ်၏။

သို့သော်—၎င်းပရိကမ္မနိမိတ်, ဥဂ္ဂဟနိမိတ်တို့ ထင်မှုသည် ကမ္မဋ္ဌာန်း လေးဆယ်၌ အာရုံအမျိုးမျိုးရှိရာ ၎င်းအာရုံအားလျော်စွာသာ ထင်၏-ဟူသော အဓိပ္ပါယ်ကို ယထာရဟံ ဟူသော ပါဠ်ဖြင့် ပြ၏။

၂—ထိုကမ္မဋ္ဌာန်း လေးဆယ်တို့တွင်လည်း ကသိုဏ်း ဆယ်ပါး, အသုဘ ဆယ်ပါး, ကာယဂတာသတိ, အာနာပါနသတိ ကမ္မဋ္ဌာန်း နှစ်ဆယ့်နှစ်ပါးတို့၌သာလျှင် ပရိကမ္မနိမိတ် ဥဂ္ဂဟနိမိတ်တို့သည် ထင်ရှားစွာ ဖြစ်နိုင်ကုန်၏၊ ကြွင်းသော ဗုဒ္ဓါနုဿတိ စသော ၁၈-ပါး သော ကမ္မဋ္ဌာန်းများ၌ကား ပရိကမ္မနိမိတ်, ဥဂ္ဂဟနိမိတ်တို့သည် ထင်ရှားစွာ မဖြစ်နိုင်ကုန်။ ထို့ကြောင့် ''ပရိယာယေန''ဟူသော ပါဠ်ကို မိန့်ဆိုအပ်၏-ဟုမှတ်။

၂၉။ ။ယင်းစကား ထင်ရှားပြဦးအံ့—ကသိုဏ်း ၁၀-ပါး အသုဘ ၁၀-ပါး ကာယဂတာသတိ အာနာပါနဿတိ တို့၌သာလျှင် ထင်ရှားသောအာရုံ[၁] ဖြစ်နိုင်၏။

## ဘာဝနာဖြင့် နိမိတ်ကို တွဲစပ်ပုံ

**၃၀။ ။ကထံ အာဒိကမ္မိကဿ ဟိ ပထဝီ မဏ္ဍလာဒိသု နိမိတ္တံ ဥဂ္ဂဏှန္တဿ တမာရမ္မဏံ ပရိကမ္မနိမိတ္တန္တိ ပဝုစ္စတိ၊ သာစ ဘာဝနာ ပရိကမ္မဘာဝနာနာမ။**

အဘယ်သို့ ဖြစ်ကုန်သနည်း-ဟူမူကား ယင်းစကား ထင်ရှားအောင် ပြဦးအံ့—အစ၌ ကမ္မဋ္ဌာန်းစီးဖြန်းခြင်း အမှုရှိသည် ဖြစ်၍ ပထဝီကသိုဏ်းဝန်း အစရှိသည်တို့၌ အာရုံကိုယူသော ယောဂီပုဂ္ဂိုလ်၏ ထိုပထဝီကသိုဏ်းဝန်း အစရှိသော အာရုံကို ပရိကမ္မနိမိတ်ဟု[၂] ဆိုအပ်၏၊ ထိုဘာဝနာသည်လည်း ပရိကမ္မဘာဝနာ[၃] မည်၏။

## ဘာဝနာဖြင့် နိမိတ်ကိုမှတ်ပုံ

၃၀။ ။"ပထဝီ။ပ။ ဥဂ္ဂဏှန္တဿ" ဤသို့ အစရှိသောပါဌ်၌ အနက်ကို ဤသို့ သိအပ်၏၊ ဘာဝနာကို အားမထုတ်မီ ရှေးဦးစွာ စတုပါရိသုဒ္ဓိသီလကို အထူးသဖြင့် သုမ်သင်၍ ဆယ်ပါး အပြား

---

၁—ပဋိဘာဂနိမိတ်ကိုကား ကသိုဏ်း ဆယ်ပါး, အသုဘ ဆယ်ပါး, ကာယဂတာသတိ, အာနာပါနဿတိ ကမ္မဋ္ဌာန်းနှစ်ဆယ့်နှစ်ပါးတို့၌သာ ထင်ရှားသော အာရုံဖြစ်သောကြောင့် ရနိုင်၏။ ပဋိဘာဂနိမိတ်ကို ရသောကြောင့် ဥပစာရသမာဓိ, အပ္ပနာသမာဓိတို့သည်လည်း ဖြစ်ကုန်၏။

၂—**ကထံ**-စသော ပါဌ်ဖြင့် ဆိုအပ်ခဲ့ပြီးသော ပရိကမ္မနိမိတ်,ပရိကမ္မဘာဝနာ ဖြစ်ပုံကို ပြ၏၊ ပြပုံကား—ကောင်းစွာ ပြုအပ်သော ကသိုဏ်းဝန်း စသော အာရုံသည် **ပရိကမ္မနိမိတ်** မည်၏။

၃—ထိုပရိကမ္မနိမိတ်ကို အဖန်ဖန် အထပ်ထပ် မျက်စိဖြင့် ကြည့်ရှု၍ စီးဖြန်းအပ်သော ဘာဝနာသည် **ပရိကမ္မဘာဝနာ** မည်၏။

ရှိသော ပလိဗောဓကို ဖြတ်၍ ချစ်မြတ်နိုးအပ်သည် အဖြစ်, အလေးအမြတ် ပြုအပ်သည်အဖြစ်, မေတ္တာပွါးစေအပ်သည် အဖြစ် အစရှိသော ဂုဏ်နှင့် ပြည့်စုံသော မိတ်ဆွေကောင်းသို့ ချဉ်းကပ်၍ မိမိ၏ စရိုက်အားလျော်သော ကမ္မဋ္ဌာန်းကို သင်ယူ၍ ၁၈-ပါး အပြားရှိသော သမာဓိဘာဝနာနှင့် မလျောက်ပတ်သော ကျောင်းကို ပယ်၍ အင်္ဂါငါးပါးနှင့် ပြည့်စုံသော သမာဓိဘာဝနာနှင့် သင့်လျော်သော ကျောင်း၌ နေလျက် ဆံရိတ်ခြင်း လက်သည်းဖြတ်ခြင်း အစရှိသော ငယ်သော ပလိဗောဓ ဖြတ်ခြင်းကို ပြု၍ ပထဝီကသိုဏ်းဝန်း အစရှိသည်တို့ကို ရှေ့၌ပြု၍ ဝါ-ထား၍ ထွက်သက် ဝင်သက် ဆံ အစရှိသော ကောဋ္ဌာသတို့၌ စိတ်ကို ထား၍ ထိုင်နေ၍ ပထဝီ ပထဝီ ဤသို့ အစရှိသော နည်းဖြင့် ထိုထိုသော ဘာဝနာအစဉ်ဖြင့် ပထဝီကသိုဏ်း အစရှိကုန်သော ထိုထိုသော အာရုံတို့၌ အာရုံကိုယူသော ပုဂ္ဂိုလ်အား၊ ဤဆိုအပ်ပြီးသည်ကား—ဤဋီကာကျော်ကျမ်း၌ အကျဉ်းဖြစ်သော အနက်တည်း။ အကျယ်အားဖြင့် ဘာဝနာကို ဝိသုဒ္ဓိမဂ် အဋ္ဌကထာမှ ယူအပ်၏၊ အဘယ့်ကြောင့် ဆိုသော် နှစ်ပါး အပြားရှိသော ဘာဝနာ အစီရင်ကို ဤသင်္ဂြိုဟ်ကျမ်း၌ အရှင်အနုရုဒ္ဓါ ဆရာသည် အကျဉ်းအားဖြင့် မိန့်ဆိုအပ်၏၊ ထို့ကြောင့် ဝိသုဒ္ဓိမဂ်မှ ယူအပ်၏-ဟူလို။ ထိုအနက်ကို ပြခြင်းငှါလည်း အကျယ်ဖြစ်သော နည်းကို ဆောင်အပ်သည် ရှိသော် အလွန်ကြာမြင့်ရာ၏၊ ထို့ကြောင့် ငါတို့သည်လည်း ထိုနှစ်ပါးသော ဘာဝနာ အစဉ်ကို အကျယ်မချဲတော့ပြီ။

---

## ဥဂ္ဂဟနိမိတ်ထင်ပုံ

၃၁။ ။ယဒါ ပန တံနိမိတ္တံ စိတ္တေန သမုဂ္ဂဟိတံ ဟောတိ၊ စက္ခုနာ ပဿန္တဿေဝ မနောဒွါရဿ အာပါထ-မာဂတံ တဒါတမေဝ အာရမ္မဏံ ဥဂ္ဂဟနိမိတ္တံနာမ၊ သာစ ဘာဝနာ သမာဓိယတိ။

ပရိကမ္မနိမိတ်မှ တပါး ဥဂ္ဂဟနိမိတ်ကို ဆိုအံ့—အကြင်အခါ၌ ထိုပရိကမ္မနိမိတ်-ဟု ဆိုအပ်သော ပထဝီကသိုဏ်းဝန်း အစရှိသော အာရုံကို မနောဒွါရိကစိတ်ဖြင့် ကောင်းစွာ ယူအပ်၏၊ စက္ခုဝိညာဏ်ဖြင့် မြင်သကဲ့သို့ မနောဒွါရအား ထင်ခြင်းသို့ ရောက်၏၊ ထိုအခါ၌ ထိုပထဝီ ကသိုဏ်းဝန်း အစရှိသော အာရုံသည်ပင် ဥဂ္ဂဟနိမိတ်[၁] မည်၏၊ ထိုဘာဝနာသည်လည်း တည်ကြည်၏။

## ဥဂ္ဂဟနိမိတ် ထင်ပုံ အဘွင့်

၃၁။ ။**ယဒါ ပန တံနိမိတ္တံ စိတ္တေန သမုဂ္ဂဟိတံ**-ဟူသည်ကား၊ ဤသို့ ဖြစ်သော အစဉ်ရှိသော ဘာဝနာ၏ အစွမ်းဖြင့် အကြင်အခါ၌ ထိုပရိကမ္မနိမိတ်ကို စိတ်ဖြင့် ကောင်းစွာ ယူအပ်၏၊ **မနောဒွါရဿ အာပါထမာဂတံ**-ဟူသည်ကား၊ မျက်စိကို မှိတ်၍ငင်း၊ အရပ်တပါးသို့ သွား၍ငင်း နှလုံးသွင်းသောသူအား ကသိုဏ်းဝန်းနှင့် တူစွာသာလျှင် ဖြစ်၍ မနောဒွါရိကဇောတို့အား ထင်ခြင်းသို့ ရောက်၏။

**သမာဓိယတိ**-ဟူသည်ကား၊ ဝါ-ဟူသောပုဒ်ကို အထူးအားဖြင့် စိတ်၏ တည်ကြည်ခြင်းသို့ ရောက်သောအားဖြင့် တည်ကြည်၏။

## ပဋိဘာဂနိမိတ် ထင်ပုံ

၃၂။ ။**တတော သမာဟိတဿ ပနေတဿ တတော ပရံ တသ္မိံ ဥဂ္ဂဟနိမိတ္တေ ပရိကမ္မသမာဓိနာ ဘာဝနမနုယုဉ္ဇန္တဿ ယဒါ တပ္ပဋိဘာဂံ ဝတ္ထု ဓမ္မဝိမုစ္စိတံ ပညတ္တိသင်္ခါတံ ဘာဝနာမယမာရမ္မဏံ စိတ္တေ သန္နိသိန္နံ သမပ္ပိတံ ဟောတိ၊ တဒါ တံ ပဋိဘာဂနိမိတ္တံ သမုပ္ပန္နန္တိ ပဝုစ္စတိ။**

---

၁—ထိုပရိကမ္မနိမိတ်ကို အဖန်ဖန် အထပ်ထပ် အရာမက၊ အထောင်မက၊ မျက်စိဖြင့် ကြည့်ရှုဖန် များ၍ မျက်စိမှိတ်ထားသော်လည်း ပကတိမျက်စိဖြင့် မြင်ရသကဲ့သို့ မနောဒွါရ၌ ငင်းကသိုဏ်းဝန်းအတိုင်း ထင်လာသော အာရုံသည် **ဥဂ္ဂဟနိမိတ်** မည်၏-ဟူလို။

ဥဂ္ဂဟနိမိတ်မှ တပါး, ပဋိဘာဂနိမိတ်ကို ဆိုဦးအံ့—ထိုသို့သော အခြင်းအရာဖြင့် တည်ကြည်သည် ဖြစ်၍ ထိုဥဂ္ဂဟနိမိတ်ထင်သည်မှ နောက်၌ ထိုဥဂ္ဂဟနိမိတ်၌ ပရိကမ္မသမာဓိဖြင့် ပွါးခြင်းကို အဖန် တလဲလဲ လုံ့လပြုသော ထိုယောဂီပုဂ္ဂိုလ်အား အကြင်အခါ၌ ထို ဥဂ္ဂဟနိမိတ်နှင့် တူသော ပရမတ္ထဓမ္မမှ လွတ်သော ပညတ်-ဟု ဆိုအပ်သော ဘာဝနာဖြင့် ဖြီးသော ပထဝီ ကသိုဏ်းဝန်း အစ ရှိသော အာရုံသည် မနောဒွါရိကစိတ်၌ စုဝေး၏၊ ကောင်းစွာ ဝင်၏၊ ထိုအခါ ထိုပဋိဘာဂနိမိတ် ဖြစ်ပေါ်ပြီ-ဟု ဆိုအပ်၏။

## **ပဋိဘာဂနိမိတ် ထင်ပုံ အဘွင့်**

၃၂။ ။စိတ် တည်ကြည်သည်၏ အစွမ်းအားဖြင့် ပုဂ္ဂိုလ် သည်လည်း တည်ကြည်သည်သာတည်း၊ ထို့ကြောင့် **တဒာ-သမာဟိတဿ**-ဟူသော ဤစကားကို မိန့်ဆိုအပ်၏၊ **တပ္ပဋိဘာဂံ** ဟူသည်ကား၊ ဝါ-ဟူသောပုဒ်ကို ဥဂ္ဂဟနိမိတ်နှင့် တူသော-ဟု အနက်ပေး။ အဘယ့်ကြောင့် တူသည်ဆိုအပ်ပါသနည်း-ဟူမူ၊ ထို ဥဂ္ဂဟနိမိတ်နှင့် တူသည်အဖြစ်ကြောင့်သာလျှင် ထိုယောဂီပုဂ္ဂိုလ် ထင်သောနိမိတ်ကို **ပဋိဘာဂနိမိတ်** [၁] ဟု ဆိုအပ်၏၊ ထို့ကြောင့်

၁—ထိုဥဂ္ဂဟနိမိတ်ကို အဖန်ဖန် အထပ်ထပ် စိတ်ဖြင့် ဆင်ခြင်ပွါးများသော ယောဂီ ပုဂ္ဂိုလ်အား အစဉ်သဖြင့် နီဝရဏတို့သည် ကင်းကွာကုန်၏၊ ကိလေသာတို့သည် ရေများ အနည်ကျသကဲ့သို့ ကောင်းစွာ ငြိမ်သက် ဝပ်နေကုန်၏၊ ထိုအခါ ဥဂ္ဂဟနိမိတ်၏ လက်ချောင်းရာ လက်ဖနောင့်ရာ လက်ဝါးရာ စသော ကသိုဏ်းဝန်း အဖြစ်တို့မှ လွတ်သော အိမ်မှ ထုတ်အပ် သော ကြေးမုံဝန်းကဲ့သို့၎င်း, ကောင်းစွာ ပွတ်သပ်ပြီးသော ခရုသင်းခွက်ကဲ့သို့၎င်း, တိမ်တိုက် ကြားမှ ထွက်လာသော လပြည့်ဝန်းကဲ့သို့၎င်း, ကောင်းကင် တိမ်ညိုဝမှ ပျံသန်းသွားသော ဥဇျိုင်းဖြူကဲ့သို့၎င်း, ဥဂ္ဂဟနိမိတ်ကို ထွင်းဖောက်၍ ထွက်လာသကဲ့သို့ ထိုဥဂ္ဂဟနိမိတ်ထက် အဆ အရာ, အဆအထောင် မက အလွန်စင်ကြယ်သော နိမိတ်သည် **ပဋိဘာဂနိမိတ်** မည်၏။ ထို့ကြောင့် ''ဝဏ္ဏုဓမ္မဝိမုစ္စိတံ''ဟူသော စကားကို မိန့်ဆိုအပ်၏။

၎င်းပဋိဘာဂနိမိတ်သည် စက္ခုဝိညာဏ်ဖြင့် မြင်ကောင်းသော အဆင်းသဏ္ဍာန် စသော အာရုံမျိုး မဟုတ်၊ ရုန့်ရင်းသော အနိစ္စတာ စသောအားဖြင့် သုံးသပ်သည်လည်း မဟုတ်။ ယောဂီပုဂ္ဂိုလ်သည် ဥပစာရသမာဓိရမှ ထင်ရှား ဖြစ်ပေါ်လာသော အခြင်းအရာ ပညတ် အာရုံမျှသာ ဖြစ်၏။ ဘာဝနာပညာဖြင့်သာ ဖြစ်သော ပညတ်အာရုံ ဖြစ်၏၊ သည်ကို ရည်၍ ''ပညတ္တိသဉ်္ဇါတံ''ဟု မိန့်ဆိုအပ်ပါသတည်း။

ဆိုအပ်၏-ဟူလို။ ဥဂ္ဂဟနိမိတ်, ပဋိဘာဂနိမိတ် ၂-ပါး အထူးကား ထိုပဋိဘာဂနိမိတ်သည် ဥဂ္ဂဟနိမိတ်ထက် အလွန် စင်ကြယ်၏၊ **ဝဏ္ဏ|ဓမ္မဝိမုတ္တံ**-ဟူသည်ကား၊ ဝါ-ဟူသောပုဒ်ကို ပရမတ္ထတရားမှ လည်း လွတ်သော, ပထဝီကသိုဏ်းဝန်း အစရှိသည်တို့၌ ဖြစ်သော လက်ချောင်းရာ စသော ကသိုဏ်း အပြစ်မှလည်း လွတ်သော-ဟု အနက်ပေး။ ဘာဝနာဖြင့် ဖြစ်သောကြောင့် ဘာဝနာဖြင့် ပြီးသော၊ **သမပ္ပိတံ**-ဟူသည်ကား၊ ဝါ-ဟူသောပုဒ်ကို ကောင်းစွာဝင်၏-ဟု အနက်ပေး။

---

၃၃။ ။**တတော ပဋ္ဌာယ ပရိဗန္ဓဝိပ္ပဟီနာ ကာမာဝစရ-သမာဓိသင်္ခါတာ ဥပစာရဘာဝနာ နိပ္ဖန္နာနာမ ဟောတိ။**

ထိုပဋိဘာဂနိမိတ် ထင်သည်မှ စ၍ နီဝရဏတည်းဟူသော ဘေးရန်ကို ပယ်ပြီးသော ကာမာဝစရသမာဓိ-ဟု ဆိုအပ်သော ဥပစာရဘာဝနာသည် ပြီးပြည့်စုံသည် မည်၏။

---

၃၃။ ။**တတော ပဋ္ဌာယ**-ဟူသည်ကား၊ ဝါ-ဟူသောပုဒ်ကို ပဋိဘာဂနိမိတ် ဖြစ်သည်မှ စ၍-ဟု အနက်ပေး။

---

## ဒုတိယ စသော ရူပဈာန်ဖြစ်ပုံ

၃၅။ ။**တတော ပရံ တမေဝ ပဋ္ဌမဈာနံ အာဝဇ္ဇနံ, သမာပဇ္ဇနံ, အဓိဋ္ဌာနံ, ဝုဋ္ဌာနံ, ပစ္စဝေက္ခဏာစေတိ ဣမာဟိ ပဉ္စဟိ ဝသိတာဟိ ဝသီဘူတံ ကတွာ ဝိတက္ကာဒိကမောဠာရိကင်္ဂံ ပဟာနာယ ဝိစာရာဒိ-သုခုမင်္ဂုပ္ပတ္တိယာ ပဒဟတော ယထာက္ကမံ ဒုတိယ ဈာနာဒယော ယထာရဟမပ္ပေန္တိ။**

ထိုပဌမဈာန်ကို ရသည်မှ နောက်၌ ထိုပဌမဈာန်ကိုပင်လျှင် အာဝဇ္ဇနဝသီဘော်ဒင်း၊ သမာပဇ္ဇနဝသီဘော်ဒင်း၊ အဓိဋ္ဌာနဝသီဘော်ဒင်း၊ ဝုဋ္ဌာနဝသီဘော်ဒင်း၊ ပစ္စဝေက္ခဏာဝသီဘော်ဒင်း၊ ဤသို့ ဤငါးပါးသော ဝသီဘော်တို့ဖြင့် လေ့လာစွာ ဖြစ်သည်ကို ပြု၍ ဝိတက် အစရှိသော ရုန့်ရင်းသော ဈာန်အင်္ဂါကို ပယ်ခြင်းငှါ ဝိစာရ အစရှိသော သိမ်မွေ့သော ဈာန်အင်္ဂါဖြစ်ခြင်းငှါ အဖန်တလဲလဲ "ပထဝီ ပထဝီ" အစရှိသည်ဖြင့် စီးဖြန်းခြင်း ပရိကံကို ပြုသော ယောဂီပုဂ္ဂိုလ်အား ဒုတိယ အစရှိသော ဈာန်တို့သည် [၁] ထိုက်သည်အားလျော်စွာ အပ္ပနာ၏အစွမ်းဖြင့် ဖြစ်ကုန်၏။

## ဒုတိယ စသော ရူပဈာန်ဖြစ်ပုံ အဘွင့်

၃၅။ ။ငါးပါးကုန်သော ဈာန်အင်္ဂါတို့တွင် တခုတခုသော အာရုံ၌ ဖြစ်သော မနောဒွါရာဝဇ္ဇန်း၏ အခြားမဲ့၌ လေးကြိမ် ငါးကြိမ်သောဇော နှစ်ကြိမ်သောဘဝင်မှ နောက်သို့ မသွားမူ၍ အဆက်ဆက်ဈာန်အင်္ဂါကို ဆင်ခြင်ခြင်း၌ စွမ်းနိုင်သည် အဖြစ်သည် **အာဝဇ္ဇနဝသီဘော်** [၂] မည်၏၊ ဈာန်ကိုဝင်စားခြင်းငှါ အလိုရှိသည် အခြားမဲ့၌ နှစ်ကြိမ်သောဘဝင်မှ နောက်သို့ မသွားမူ၍ ဖြစ်သော အာဝဇ္ဇန်း၏ အခြားမဲ့၌ ဝင်စားခြင်းငှါ စွမ်းနိုင်သည် အဖြစ်သည်

---

၁—ပဌမဈာန်ကို ရသည်မှ နောက်၌ ထိုပဌမဈာန်ကို ပင်လျှင် အာဝဇ္ဇနဝသီဘော်, သမာပဇ္ဇနဝသီဘော်, အဓိဋ္ဌာနဝသီဘော်, ဝုဋ္ဌာနဝသီဘော်, ပစ္စဝေက္ခဏာဝသီဘော်, ဤဝသီဘော်ငါးပါးဖြင့် အဖန်ဖန် လေ့လာသည်ကို ပြု၍ ဝိတက်စသော ရုန့်ရင်းသော ဈာန်အင်္ဂါကို ပယ်ခြင်းငှါ ဝိစာရစသော သိမ်မွေ့သော ဈာန်အင်္ဂါ ဖြစ်ခြင်းငှါ "ပထဝီ, ပထဝီ"ဟု အဖန်ဖန် အထပ်ထပ် စီးဖြန်းပွါးများသော ယောဂီပုဂ္ဂိုလ်အား ဒုတိယ, တတိယ, စတုတ္ထ, ပဥ္စမဈာန်တို့သည် ဖြစ်ကုန်၏-ဟူလို။

**ဝသီဘော်ငါးပါးအဓိပ္ပါယ်**

၂—ဈာန်အင်္ဂါ ငါးပါးတို့တွင် တပါးပါးသော ဈာန်အင်္ဂါ ဟူသော အာရုံ၌ ဖြစ်သော မနောဒွါရာဝဇ္ဇန်း၏ အခြားမဲ့၌ လေးကြိမ်, ငါးကြိမ်သောဇော, နှစ်ကြိမ်, သုံးကြိမ်သော ဘဝင်ထက် မလွန်မူ၍ အဆင့်ဆင့် အထပ်ထပ် ဈာန်အင်္ဂါကို ဆင်ခြင်ခြင်းငှါ စွမ်းနိုင်သည်၏ အဖြစ်သည် **အာဝဇ္ဇနဝသီဘော်** မည်၏။

**သမာပစ္စုနဝသိဘော်**[၁]မည်၏၊ တံတားသည် လျင်သော ရေအယဉ်ရှိသော မြစ်၏ ရေအယဉ်ကို ဖြတ်သကဲ့သို့ ဘဝင်၏ အယဉ်ကို ဖြတ်၍ ပိုင်းခြားအပ်သော ကာလပတ်လုံး ဈာန်ကို ထားခြင်းငှါ စွမ်းနိုင်သည်၏ အဖြစ်-ဟု ဆိုအပ်သော ဘဝင်ကျခြင်းမှ ဈာန်ကို စောင့်ခြင်းငှါ လျောက်ပတ်သည် အဖြစ်သည် **အဓိဋ္ဌာနဝသိဘော်**[၂] မည်၏၊ ပိုင်းခြားတိုင်းသော ကာလကို မလွန်မူ၍ ဈာန်မှ ထခြင်းငှါ စွမ်းနိုင်သည် အဖြစ်သည် **ဝုဋ္ဌာနဝသိဘော်**[၃] မည်၏၊ တနည်းကား အကြင် ပိုင်းခြားအပ်သော ကာလမှ အထက်သို့ သွားခြင်းငှါ မပေးမူ၍ ထားခြင်းငှါ စွမ်းနိုင်သည် အဖြစ်သည် **အဓိဋ္ဌာနဝသိဘော်** မည်၏၊ အကြင် ပိုင်းခြားအပ်သော ကာလ၏ အတွင်း၌ မထမူ၍ ပိုင်းခြားတိုင်းသော ကာလ၏ အစွမ်းဖြင့်သာလျှင် ထခြင်းငှါ စွမ်းနိုင်သော အဖြစ်သည် **ဝုဋ္ဌာနဝသိဘော်** မည်၏၊ ထို့ကြောင့် အလွန်ချွဲလွန်းသဖြင့်အကျိုးမရှိပြီ။ **ပစ္စဝေက္ခဏာဝသိဘော်**[၄] သည် အာဝဇ္ဇနဝသိဘော်ဖြင့်သာလျှင် ပြီး၏။ အဘယ့်ကြောင့် ပြီးပါသနည်း-ဟူမူ မနောဒွါရ၏ အခြားမဲ့၌ ဖြစ်ကုန်သော ဇောတို့သည်သာလျှင် ပစ္စဝေက္ခဏာဇော မည်ကုန်၏။ ထို့ကြောင့် ပြီး၏-ဟူလို။

**ဝိတက္ကာဒိ။ ပ။ ပဟာနာယ**-ဟူသည်ကား၊ ဝါ-ဟူသောပုဒ်ကို ဒုတိယဈာန် အစရှိသည်တို့ဖြင့် ဝိတက်အစရှိကုန်သော ရန့်ရင်းသော ဈာန်အင်္ဂါတို့၏ ဈာန်ခဏ၌ မဖြစ်ခြင်းငှါ-ဟု အနက်ပေး။

---

၁—ဈာန်အင်္ဂါကို ဝင်စားခြင်းငှါ အလိုရှိသည်၏ အခြားမဲ့ဖြစ်သော ကာလ၌ နှစ်ကြိမ် သုံးကြိမ်သော ဘဝင်ထက် မလွန်စေမူ၍ ဖြစ်သော အာဝဇ္ဇန်း၏ အခြားမဲ့၌ ဝင်စားခြင်းငှါ စွမ်းနိုင်သည် အဖြစ်သည် **သမာပဇ္ဇနဝသိဘော်** မည်၏။

၂—တံတားသည် လျင်သော အယဉ်ရှိသော မြစ်၏ ရေအယဉ်ကို ဖြတ်သွားသကဲ့သို့ ဘဝင်၏ အယဉ်အဟုန်ကို ဖြတ်၍ ပိုင်းခြားတိုင်းသော ကာလပတ်လုံး ဈာန်ကို မိမိသန္တာန်၌ တည်စေခြင်းငှါ စွမ်းနိုင်သော အဖြစ်-ဟု ဆိုအပ်သော ဘဝင်ကျခြင်းမှ ဈာန်ကို စောင့်ခြင်းငှါ လျော်သည်၏ အဖြစ်သည် **အဓိဋ္ဌာနဝသိဘော်** မည်၏။

၃—ပိုင်းခြားသော ကာလကို မလွန်မူ၍ ဈာန်မှ ထခြင်းငှါ စွမ်းနိုင်သည်၏ အဖြစ်သည် **ဝုဋ္ဌာနဝသိဘော်** မည်၏။

တနည်းကား—ပိုင်းခြားသော ကာလအတွင်း၌ မထမူ၍ ပိုင်းခြားသော ကာလ၏ အစွမ်းဖြင့်သာလျှင် ထခြင်းငှါ စွမ်းနိုင်သည်အဖြစ်သည် **ဝုဋ္ဌာနဝသိဘော်** မည်၏။

၄—မနောဒွါရာဝဇ္ဇန်း၏ အခြားမဲ့၌ ဖြစ်သော ဇောတို့သည်သာလျှင် ပစ္စဝေက္ခဏာဇော မည်သောကြောင့် အာဝဇ္ဇနဝသိဘော်သည်ပင် **ပစ္စဝေက္ခဏာဝသိဘော်** မည်၏။

**ပဒဟတော**-ဟူသည်ကား၊ ဝါ-ဟူသောပုဒ်ကို အဖန်တလဲလဲ စီးဖြန်းခြင်း-ဟု ဆိုအပ်သော အမှုကို ပြုသောသူအား-ဟု အနက်ပေး။ ထိုယောဂီပုဂ္ဂိုလ်အား ဥပစာရဘာဝနာသည် ဝိတက် အစရှိသည် တို့၌ တပ်ခြင်းကို ပယ်သည်မှ စ၍ ပြည့်စုံသည် မည်၏၊ ဤသို့ မှတ်အပ်၏။ **ယထာရုတံ** ဟူသည်ကား၊ ဝါ-ဟူသောပုဒ်ကို ထိုထိုသော ဈာန်၏အာရုံဖြစ်သော ကသိုဏ်း စသော အာရုံအားလျော်စွာ-ဟု အနက်ပေး။

---

## အရူပဈာန် ဖြစ်ပုံ

**၃၀။ ။အာကာသဝဇ္ဇိတ ကသိဏေသု ပန ယံကိဉ္စိ ကသိဏံ ဥဂ္ဃါဋေတွာ လဒ္ဓမာကာသံ အနန္တဝသေန ပရိကမ္မံ ကရောန္တဿ ပဌမာရုပ္ပမပ္ပေတိ။**

ရူပဈာန်ကို ရသည်မှ တပါး အရူပဈာန်ရသည်ကို ဆိုဦးအံ့။ အာကာသကသိုဏ်းသည် ကြဉ်အပ်သော ကသိုဏ်း ကိုးပါးတို့တွင် အမှတ်မရှိ တခုခုသော ကသိုဏ်းကို ခွါ၍ ရအပ်သော အဆုံး မရှိသော ကောင်းကင် ပညတ်ကို အဆုံးမရှိသည် အစွမ်းဖြင့် "အနန္တံ အာကာသံ၊ အနန္တံ အာကာသံ" ဟု အဖန်တလဲလဲ စီးဖြန်းခြင်း ပရိကံကို ပြုသော ယောဂီပုဂ္ဂိုလ်အား ပဌမ အရူပ ဈာန်သည် အပ္ပနာ၏ အစွမ်းဖြင့် ဖြစ်၏။

---

## အရူပဈာန် ဖြစ်ပုံအဘွင့်

၃၀။ ။အာကာသကသိုဏ်းကို ခွါခြင်းငှါ မစွမ်းနိုင်သည် အဖြစ် ကြောင့် **အာကာသဝဇ္ဇိတကသိဏေသု**[၁] ဟူသော စကားကို မိန့်ဆို အပ်၏။ **ကသိဏံ**[၂] ဟူသည်ကား၊ ဝါ-ဟူသောပုဒ်ကို ကသိုဏ်း၏

၁-''အာကာသဝဇ္ဇိတကသိဏေသု''ဟူသော ပါဠိဖြင့် အာကာသကသိုဏ်းကို ခွါ၍ မရသောကြောင့် အာကာသကသိုဏ်းကို ကြဉ်အပ်၏-ဟူသော အဓိပ္ပါယ်ကို ပြ၏။

၂-''ယံကိဉ္စိကသိဏံ''ဟု ဆိုသော်လည်း ကသိုဏ်းဝန်းကို မဆို၊ ကသိုဏ်း၏ ပဋိဘာဂ နိမိတ်ကို ခွါရမည်-ဆိုလိုသည်။

အတုထင်သော ပဋိဘာဂ နိမိတ်ကို-ဟု အနက်ပေး။ **ဥဂ္ဃါဋေတွာ**[၁] ဟူသည်ကား၊ ဝါ-ဟူသောပုဒ်ကို နှလုံးမသွင်းသည် အစွမ်းဖြင့် ထုတ်၍-ဟု အနက်ပေး။

**အနန္တဝသေန ပရိကမ္မံ ကရောန္တဿ**-ဟူသည်ကား၊ဝါ-ဟူသော ပုဒ်ကို ကောင်းကင် ပညတ်သည် အဆုံး အပိုင်းအခြား မရှိ- ကောင်းကင် ပညတ်သည် အဆုံးအပိုင်း အခြား မရှိ-ဟု ကောင်း ကင်ကို အာရုံပြု၍ ပရိကံကို ပြုသော ယောဂီပုဂ္ဂိုလ်အား-ဟူသော အနက်ကို သိအပ်၏၊ သက်သက် အဆုံးမရှိ, အဆုံးမရှိ-ဟု ပရိကံကို ပြုသောသူအား-ဟူသော အနက်ကို မသိအပ်၊ ဝိညာဏဉ္စာယတန ဈာန်၌လည်း ဤအတူ အနက်ကိုမှတ်အပ်၏၊ ဆရာတို့သည်ကား **အနန္တံ**-ဟု မဆိုမူ၍ သက်သက် "ကောင်းကင်, ကောင်းကင်, ဝိညာဏ်, ဝိညာဏ်" ဟု နှလုံးသွင်းခြင်းငှါ သင့်၏-ဟု ဆိုကုန်၏။

---

## စတုတ္ထ အရူပဈာန် ဖြစ်ပုံ

### ၄၁။ တတိယာရုပ္ပံ သန္တမေတံ ပဏီတမေတန္တိ ပရိကမ္မံ ကရောန္တဿ စတုတ္ထာရုပ္ပမပ္ပေတိ။

တတိယာရုပ္ပ ဝိညာဏ်ကို ဤတတိယာရုပ္ပ ဝိညာဏ်သည် ငြိမ်သက်၏၊ ဤတတိယာရုပ္ပ ဝိညာဏ်သည် မြတ်၏၊ ဤသို့ စီးဖြန်း ခြင်း ပရိကံကို ပြုသော ယောဂီပုဂ္ဂိုလ်အား စတုတ္ထအရူပဈာန်သည် အပ္ပနာ အစွမ်းဖြင့် ဖြစ်၏။

---

၁-"ဥဂ္ဃါဋေတွာ"ဟူသည် ပကတိပစ္စည်း တခုခုကို ခွါယူသကဲ့သို့ ခွါသည် မဟုတ် နှလုံးမသွင်းဘဲ နေခြင်းကိုပင် ပဋိဘာဂနိမိတ်မှ ခွါသည်-ဟု ဆိုလို၏။

ဆိုလိုရင်းကား—ကသိုဏ်းဆယ်ပါးတို့တွင် အာကာသကသိုဏ်းကို ကြဉ်၍ ကျန် သော ကိုးပါးသော ကသိုဏ်းတို့တွင် အမှတ်မရှိ တခုခုသော ကသိုဏ်းပဋိဘာဂနိမိတ်ကို နှလုံး မသွင်းမူ၍ ကောင်းကင်ပညတ် အာရုံကို "အနန္တံ အာကာသံ, အနန္တံ အာကာသံ"ဟု အဖန်တလဲလဲ စီးဖြန်းသော ယောဂီပုဂ္ဂိုလ်အား ပဌမအရူပအပ္ပနာဖြစ်သော အာကာသာ- နဉ္စာယတနဈာန်သည် ဖြစ်ပေါ်လာ၏-ဟူလို။

## စတုတ္ထအရူပဈာန် ဖြစ်ပုံအဘွင့်

**သန္တမေတံ။ ပ။ ကရောန္တဿ**[၁] ဟူသည်ကား၊ ဝါ-ဟူသောပုဒ်ကို နတ္ထိဘောပညတ်လျှင် အာရုံရှိသည် အဖြစ်ကြောင့် ဤတတိယာ ရုပ္ပဝိညာဏ်သည် ငြိမ်သက်၏၊ ဤတတိယာရုပ္ပဝိညာဏ်သည် မြတ်၏၊ ဟု ပွါးများသောယောဂီပုဂ္ဂိုလ်အား-ဟု အနက်ပေး။

---

၄၂။ ။**အာဝဇ္ဇေသော စ ဒဿ ကမ္မဋ္ဌာနေဿ ဗုဒ္ဓါနုဿတိ- ဒိကမာရမ္မဏ မာရဘာ ပရိကမ္မံ ကတွာ တဿိံ နိမိတ္တေ သာဓုကမုဂ္ဂဟိတေ တတ္ထေဝ ပရိကမ္မဋ္ဌ သမာဓိယတိ၊ ဥပစာရော စ သမ္ပဇ္ဇတိ။**

ဆိုအပ်ပြီးသော ကမ္မဋ္ဌာန်း ၃၀-မှ ကြွင်းကုန်သော ဆယ်ပါး ကုန်သော ဗုဒ္ဓ, ဓမ္မ, သံဃ, စာဂ, ဒေဝတာ, ဥပသမာ, မရဏာ နုဿတိ, သညာ, ဝဝတ္ထာန်-ဟု ဆိုအပ်ကုန်သော ကမ္မဋ္ဌာန်းတို့၌ လည်း ဘုရားဂုဏ် အစရှိသော အာရုံကို အာရုံပြု၍ “**သောဘဂဝါ ဣတိပိ အရဟံ၊ သောဘဂဝါ ဣတိပိ သမ္မာသမ္ဗုဒ္ဓေါ**” အစရှိသည် ဖြင့် အဖန်တလဲလဲ စီးဖြန်းခြင်း ပရိကံကို ပြု၍ ထိုဘုရားဂုဏ် အစရှိသော အာရုံကို ကောင်းစွာယူအပ်သည် ရှိသော် ထိုဘုရား ဂုဏ် အစရှိသည်၌ပင်လျှင် “**သောဘဂဝါ ဣတိပိ အရဟံ၊ သော ဘဂဝါ ဣတိပိ သမ္မာသမ္ဗုဒ္ဓေါ**” အစရှိသည်ဖြင့် အဖန်တလဲလဲ စီးဖြန်းခြင်း ပရိကံသည် တည်ကြည်၏၊ ဥပစာရသည်လည်း ပြည့်စုံ၏။

---

၄၂။ **အာဝဇ္ဇေသော**-ဟူသည်ကား၊ ဝါ-ဟူသော ပုဒ်ကို ကသိုဏ်း စသည်တို့နှင့် တကွ အပ္ပနာကို ဆောင်တတ်သော ကမ္မဋ္ဌာန်းမှ ကြွင်းကုန်သော **ဗုဒ္ဓါနုဿတိ** အစရှိကုန်သော ရှစ်ပါးကုန်သော ကမ္မဋ္ဌာန်းတို့၌၎င်း၊ ပဋိကူလသညာ, ဓာတု ဝဝတ္ထာန် တို့၌၎င်း၊ ဤသို့ ဆယ်ပါးကုန်သော ကမ္မဋ္ဌာန်းတို့၌-ဟု အနက်ပေး။ **ပရိကမ္မံကတွာ** ဟူသည်ကား၊ ဝါ-ဟူသောပုဒ်ကို ထိုမြတ်စွာဘုရားသည် ဤသို့ သံသရာစက် အကန့်တို့ကို ဖျက်ဆီး

---

[၁]–“သန္တပဏီတ”ဟူသည်ကား ပဉ္စမာရုပ္ပဝိညာဏ်၏ မရှိခြင်း ဟူသော နတ္ထိဘော ပညတ်မျှသာလျှင် အာရုံရှိသောကြောင့် “သန္တပဏီတ”ဖြစ်၏–ဟုလို။

တတ်သည်၏ အဖြစ်ကြောင့် **အရဟ** မည်တော်မူ၏၊ မဖောက်မပြန် အလုံးစုံသော တရားတို့ကို မိမိအလိုလိုသာလျှင် သယမ္ဘူဉာဏ်ဖြင့် သိတော်မူပြီးသည်၏ အဖြစ်ကြောင့် **သမ္မာသမ္ဗုဒ္ဓ** မည်တော်မူ၏၊ ဤသို့ အစရှိသော ဆိုအပ်ပြီးသော အစီအရင်ဖြင့် ပရိကံကို ပြု၍–ဟု အနက်ပေး။ **သာရက မုဂ္ဂဟိတေ**-ဟူသည်ကား၊ ဘုရား အစရှိသည်တို့၏ ဂုဏ်၌ ကိုင်းညွတ်သော စိတ်၏ အစွမ်းဖြင့် ကောင်းစွာ ယူလတ်သော်–ဟု အနက်ပေး။ **ပရိကမ္မဋ္ဌသမာဓိယတိ** ဟူသည်ကား ဝါ–ဟူသောပုဒ်ကို ပရိကမ္မဘာဝနာသည် တည်ကြည်သည် ဖြစ်၍ ပြီး၏–ဟု အနက်ပေး။ **ဥပစာရေစသမ္ပဇ္ဇတိ**–ဟူသည်ကား၊ ဝါ–ဟူသောပုဒ်ကို နီဝရဏတို့ကို ပယ်သည်ဖြစ်၍ ဥပစာရသမာဓိ[၁] သည် ဖြစ်၏–ဟု အနက်ပေး။

---

## အဘိညာဏ်ဖြစ်ပုံ

၄၃။ ။**အဘိညာဝသေန ပဝတ္တမာနံ ပန ရူပါဝစရ ပဥ္စမ ဈာနံ အဘိညာပါဒက ပဥ္စမဈာနာ ဝုဋ္ဌဟိတွာ အဓိဋ္ဌေယျာဒိက မာဝဇ္ဇေတွာ ပရိကမ္မံ ကရောန္တဿ ရူပါဒီသု အာရမ္မဏေသု ယထာရဟမပ္ပေတိ။**

အထူးကို ဆိုဦးအံ့–အဘိညာဏ်၏ အစွမ်းဖြင့် ဖြစ်သော ရူပါဝစရ ပဥ္စမဈာန်သည် အဘိညာဏ်၏ အခြေဖြစ်သော ရူပါဝစရ ပဥ္စမဈာန်မှ ထ၍ အဓိဋ္ဌာန်ခြင်း အစရှိသည်ကို ဆင်ခြင်၍ “**သတံ ဟောမိ, သဟဿံ ဟောမိ**” အစရှိသည်ဖြင့် အဖန်တလဲလဲ စီးဖြန်းခြင်း ပရိကံကို ပြုသော ယောဂီပုဂ္ဂိုလ်အား ရူပါရုံ အစရှိကုန်သော ခြောက်ပါးသော အာရုံတို့၌ ထိုက်သည်အားလျော်စွာ အပ္ပနာ၏ အစွမ်းဖြင့် ဖြစ်၏။

---

၁–ဆိုအပ်ပြီးသည်မှ ကြွင်းကုန်သော ဗုဒ္ဓါနုဿတိ, ဓမ္မာနုဿတိ, သံဃာနုဿတိ, သီလာနုဿတိ, စာဂါနုဿတိ, ဒေဝတာနုဿတိ, ဥပသမာနုဿတိ, မရဏာနုဿတိ, သညာ, ဝဝတ္ထာန် ဟူကုန်သော ဆယ်ပါးသော ကမ္မဋ္ဌာန်းတို့၌ ဘုရားဂုဏ် စသည်ကို အာရုံပြု၍ ‘‘သောဘဂဝါ ဣတိပိ အရဟံ’’စသည်ဖြင့် ပရိကံပြု၍ စီးဖြန်းသော ယောဂီပုဂ္ဂိုလ်အား ပရိကမ္မသမာဓိသည် ကောင်းစွာ ဖြစ်၏၊ နီဝရဏတို့မှ ကင်းသောကြောင့် ဥပစာရသမာဓိသည်လည်း ဖြစ်၏၊ (အပ္ပနာသမာဓိမဖြစ်နိုင်ဆိုလို၏။)

## အဘိညာဉ်ဖြစ်ပုံအတွင်

**အဘိညာဝသေန ပဝတ္တမာနံ**-ဟူသည်ကား၊ ဝါ-ဟူသောပုဒ်ကို အထူးအားဖြင့် သိတတ်သော သဘောကြောင့် **အဘိညာဉ်**[၁] ဟု ဆိုအပ်သော ဈာန်ဝိဓ အစရှိသော ငါးပါးသော လောကီ

---

၁—အထူးသဖြင့် သိတတ်သောကြောင့် **အဘိညာဉ်** မည်၏၊ ''အဘိညာဝသေန ပဝတ္တမာနံ ပန ရူပါဝစရပဥ္စမဈာနံ''အရ၊ အဘိညာဉ် အစွမ်းဖြင့် ဖြစ်သော ရူပါဝစရ ပဥ္စမဈာန်ဟူသည်ကား—ဈာန်ရရုံမျှဖြင့် အဘိညာဉ်ကို မဖြစ်စေနိုင်သေး၊ အဘိညာဉ်ကို ဖြစ်နိုင်အောင် ဈာန်ကိုးပါးကို ရပြီးသော ယောဂီပုဂ္ဂိုလ်သည် ဩဒါတကသိုဏ်း အဆုံး ရှိသော ရှစ်ပါးသော ကသိုဏ်းတို့တွင် တပါးပါးသော ကသိုဏ်း၌ ရှစ်ပါးသော သမာပတ်တို့ကို ဝသီဘော် အစွမ်းဖြင့် အထပ်ထပ် ပွါးများလေ့လာပြီး၍—

(၁) ကသိုဏ်း ရှစ်ပါး၏ အနုလုံအစဉ်အားဖြင့်၎င်း,
(၂) ကသိုဏ်းတို့၏ ပဋိလုံအားဖြင့်၎င်း,
(၃) ကသိုဏ်းတို့၏ အနုလုံ-ပဋိလုံအားဖြင့်၎င်း,
(၄) ဈာန်တို့၏ အနုလုံအားဖြင့်၎င်း,
(၅) ဈာန်တို့၏ ပဋိလုံအားဖြင့်၎င်း,
(၆) ဈာန်တို့၏ အနုလုံ-ပဋိလုံအားဖြင့်၎င်း,
(၇) အစဉ်ဖြစ်သော ဈာန်ကို ခုံကျော်သောအားဖြင့်၎င်း,
(၈) ဈာန်ကသိုဏ်း နှစ်ပါးကို ခုံကျော်သောအားဖြင့်၎င်း,
(၉) ဈာန်အင်္ဂါကို လွှန်သောအားဖြင့်၎င်း,
(၁၀) အာရုံကို လွှန်သောအားဖြင့်၎င်း,
(၁၁) ဈာန်အာရုံ နှစ်ပါးကို လွှန်သောအားဖြင့်၎င်း,
(၁၂) အင်္ဂါကို မှတ်သောအားဖြင့်၎င်း,
(၁၃) အာရုံကို မှတ်သောအားဖြင့်၎င်း,
(၁၄) အင်္ဂါ အာရုံနှစ်ပါးကိုမှတ်သောအားဖြင့်၎င်း, ဤတဆယ့်လေးပါးသော နည်းတို့ဖြင့် ဈာန်ကို ကောင်းစွာ လေ့လာကာ ရူပါဝစရပဥ္စမဈာန်ကို နိုင်နင်းအောင် ဆုံးမအပ်၏၊ ဤသို့ ဆုံးမလေ့လာအပ်ပြီးသော ရူပါဝစရပဥ္စမဈာန်ကို ဆိုလိုသည်။

၎င်းရူပါဝစရပဥ္စမဈာန်ကို ဝင်စား၍၎င်း, ရူပါဝစရပဥ္စမဈာန်မှ ထပြီးမှ ဣဒ္ဓိဝိဓ အဘိညာဉ်ကို ဖြစ်စေလိုလတ်သော် ''သတံ ဟောမိ သဟဿံ ဟောမိ''ဟု ''ငါသည် လူ့အရာကို ဖန်ဆင်းလို၏၊ လူ့အထောင်ကို ဖန်ဆင်းလို၏''ဟု ရှေးဦးစွာ ဆင်ခြင် နှလုံး သွင်းခြင်း ပရိကံကို ပြုရာ၏၊ ထို့နောင်မှ ရူပါဝစရပဥ္စမဈာန်ကို ဝင်စားရာ၏၊ ထို့နောက် ဈာန်မှထ၍ ဆင်ခြင်ထားသော အတိုင်း ''သတံ ဟောမိ သဟဿဟောမိ'' ''လူအရာ ဖြစ်စေသတည်း, လူအထောင် ဖြစ်စေသတည်း''ဟု အဓိဋ္ဌာန် ပြုအပ်၏၊ အဓိဋ္ဌာန်ပြုသည်နှင့် တပြိုင်နက် လူအရာ, လူအထောင် ဖြစ်လာ၏။ (အရှင်စူဠပန် အဓိဋ္ဌာန်ပြုသကဲ့သို့မှတ်) ဤကား—ဣဒ္ဓိဝိဓ အဘိညာဉ် ဖြစ်ပုံနည်းတည်း။ (အကျယ် သိလိုမူ အဘိဓမ္မာဂုဠတ္ထဒီပနီကို ရှုပါကုန်။)

အဘိညာဏ်၏အစွမ်းအားဖြင့် ဖြစ်သော-ဟု အနက်ပေး။ **အဘိညာ ပါဒက။ပ။ ဝုဋ္ဌဟိတွာ**-ဟူသည်ကား၊ ဝါ-ဟူသောပုဒ်ကို ကသိုဏ်း အနုလုံ အစရှိကုန်သော ၁၄-ပါး ကုန်သော အခြင်းအရာတို့ဖြင့် စိတ်ကို ဆုံးမ၍ အဘိညာဏ် ဖန်ဆင်းခြင်း၌ ခံ့သည်ကို ပြု၍ ဥပေက္ခာ ဧကဂ္ဂတာ တို့နှင့် ယှဉ်သောကြောင့်၎င်း၊ လျောက်ပတ်သည် အဖြစ်ကြောင့်၎င်း၊ ရူပါဝစရ ပဉ္စမဈာန်သည်သာလျှင် အဘိညာဏ် တို့၏ တည်ရာဖြစ်၏၊ ပထဝီ အစရှိသော ကသိုဏ်းလျှင် အာရုံ ရှိသော ထို ပဉ္စမဈာန်ကို ဝင်စား၍ ထို ပါဒက ပဉ္စမဈာန်မှ ထ၍-ဟု အနက်ပေး။

**အဓိဋ္ဌေယျာဒိကမာဝဇ္ဇေတွာ**-ဟူသည်ကား၊ ဝါ-ဟူသောပုဒ် ကို ဣဒ္ဓိဝိဓအဘိညာဏ်ကို ပရိကံပြုသော အခါ၌ ဖန်ဆင်းအပ်သော အရာ အစရှိသော သူငယ်ရုပ်ပုံ အစရှိသည်ကို၎င်း၊ ဒိဗ္ဗသောတ အဘိညာဏ်ကို ပရိကံပြုသောအခါ၌ ပြင်းသော အသံ သိမ်မွေ့ သောအသံ စသည်အပြားရှိသော အသံကို၎င်း၊ စေတောပရိယ အဘိညာဏ်ကို ပရိကံပြုသော အခါ၌ သူတပါး၏ နှလုံးသား၌ ဖြစ် သော သွေးအဆင်းကို မြင်သဖြင့် ရာဂနှင့် တကွ ဖြစ်ခြင်း စသည် အပြားရှိသော စိတ်ကို၎င်း၊ ပုဗ္ဗေနိဝါသာနုဿတိအဘိညာဏ်ကို ပရိကံ ပြုသော အခါ၌ ရှေးဘဝတို့၌ စုတိစိတ် စသည်အပြား ရှိသော ရှေးဘဝ၌ ခံစားဘူးသော ခန္ဓာကို၎င်း၊ ဒိဗ္ဗစက္ခု အဘိ- ညာဏ်ကို ပရိကံပြုသော အခါ၌ အလင်းနှံ့ရာ အရပ်ရှိသော အဆင်းကို၎င်း ဆင်ခြင်၍-ဟု အနက်အဓိပ္ပါယ် ယူလေ-ဟူလို။

**ပရိကမ္မံကရောန္တဿ**-ဟူသည်ကား၊ ဝါ-ဟူသောပုဒ်ကို အရာ သောလူသည် ဖြစ်စေသတည်း၊ အထောင်သောလူသည် ဖြစ်စေ သတည်း၊ ဤသို့ အစရှိသောနည်းဖြင့် ပရိကံကို ပြုသောသူအား ဟု-အနက်ပေး။ **ရူပါဒိသု**-ဟူသည်ကား၊ ဝါ-ဟူသောပုဒ်ကို ပရိကံ ဇော၏ အာရုံဖြစ်ကုန်သော ရူပါရုံ,ပါဒကဈာန်,သဒ္ဒါရုံ,သူတပါး၏ စိတ်, ရှေးဘဝ၌ ခံစားဘူးသော ခန္ဓာ အစရှိကုန်သော အပြား ရှိကုန်သော အာရုံတို့၌-ဟု အနက်ပေး။

အထက်ပါ စကားကို အကျယ်ချဲ၍ ဘွင့်ပြဦးအံ့—ဤငါးပါးသော အဘိညာဏ်တို့တွင် ဣဒ္ဓိဝိဓအဘိညာဏ်၏ အာရုံကို ရှေးဦးစွာ ဆိုဦးအံ့—ပါဒကဈာန်သည်၎င်း၊ ကိုယ်သည်၎င်း၊ ရူပါရုံ အစ ရှိသည်ကို ဖန်ဆင်းရာ၌ ရူပါရုံ အစရှိသည် တို့သည်၎င်း၊ ဤသို့ ခြောက်ပါးသော အာရုံတို့သည် ဣဒ္ဓိဝိဓအဘိညာဏ်၏ အာရုံဖြစ်ကုန်၏၊ ထိုခြောက်ပါး အပြားရှိသော ဣဒ္ဓိဝိဓအဘိညာဏ်၏ အာရုံတို့တွင် ပါဒကဈာန်သည် အတိတ်အာရုံသာတည်း၊ ကိုယ်သည် ပစ္စုပ္ပန်အာရုံ သာတည်း၊ ဤမှတပါးသော အာရုံသည် ပစ္စုပ္ပန်အာရုံသည်၎င်း၊ အနာဂတ်အာရုံသည်၎င်း ဖြစ်၏။

ဒိဗ္ဗသောတ အဘိညာဏ်၏ အာရုံသည် အသံသာလျှင် ဖြစ်၏၊ ထိုအသံသည်လည်း ပစ္စုပ္ပန်သာဖြစ်၏၊ ပရစိတ္တဝိဇာနန အဘိ ညာဏ်၏ အာရုံကား—အတိတ် ၇-ရက်တို့၌၎င်း၊ အနာဂတ် ၇-ရက် တို့၌၎င်း ဖြစ်သော ကာမစိတ် အစရှိကုန်သော စိတ်တို့တွင် အမှတ် မရှိတပါးပါးသော ကာလသုံးပါး၌ ဖြစ်သော စိတ်သည် သာလျှင်တည်း၊ ဤသို့ မဟာအဋ္ဌကထာ ဆရာတို့သည် ဆိုကုန်၏။

အဋ္ဌကထာသစ်ပြု အဋ္ဌကထာ ဆရာတို့သည်ကား ၄-ပါး ကုန်သော ခန္ဓာတို့သည်လည်း အာရုံဖြစ်ကုန်၏-ဟု ဆိုကုန်၏၊ အဘယ့်ကြောင့် ထိုစေတောပရိယ အဘိညာဏ်၏ ပစ္စုပ္ပန်ဖြစ်သော စိတ်လျှင် အာရုံရှိသော အဖြစ်သည် ဖြစ်ပါသနည်း၊ မနောဒွါရာ ဝဇ္ဇန်းသည် ယူအပ်ပြီးသော အာရုံသည်သာလျှင် စေတောပရိယ အဘိညာဏ်နှင့် ယှဉ်သော စိတ်၏ အာရုံဖြစ်သည်မဟုတ်ပါလော၊ မနောဒွါရာဝဇ္ဇန်းသည် ပစ္စုပ္ပန်ဖြစ်သော စိတ်ကို အာရုံပြု၍ ချုပ်သည် ရှိသော် ထိုမနောဒွါရာဝဇ္ဇန်းနှင့် မျှသော ကာလရှိသည်ဖြစ်၍ သာလျှင် သူတပါး၏ စိတ်သည်လည်း ချုပ်၏၊ ထို့ကြောင့် မနော ဒွါရာဝဇ္ဇန်း အဘိညာဏ်ဇောတို့၏ ကာလ၏ အစွမ်းဖြင့် တူသော အာရုံရှိသည် အဖြစ်သည် မဖြစ်ရာ၊ မဂ်ဝီထိ ဖိုလ်ဝီထိတို့မှ တပါး သော ဝီထိ၌ အဘိညာဏ်ဇော အာဝဇ္ဇန်းတို့၏ အထူးထူးသော အာရုံရှိသည်အဖြစ်ကို အသို့လျှင် အလိုရှိအပ်ပါသနည်း၊အလိုမရှိအပ် သည်သာတည်း။ (ထိုသို့ မလိုအပ်သည် အဖြစ်ကြောင့် စောဒနာ၏။)

အဋ္ဌကထာ၌ကား သန္တတိပစ္စုပ္ပန် အဒ္ဓပစ္စုပ္ပန် အာရုံရှိသည် အဖြစ်ကို ယှဉ်အပ်၏၊ အရှင်အာနန္ဒာ ဆရာသည်ကား ဤသို့ ဆို၏၊ အဘယ်သို့ ဆိုသနည်း-ဟူမူကား ပါဒကဈာန်မှ ထ၍ ပစ္စုပ္ပန် အစရှိသော ဝေဘန်ခြင်းကို မပြုမူ၍ သက်သက် ဤသူ၏ စိတ်ကို သိလို၏-ဟူ၍သာလျှင် ပရိကံကို ပြု၍ တဖန် ပါဒကဈာန်ကို ဝင်စား၍ ဈာန်မှ ထပြီးလျှင် သာမညအားဖြင့် စိတ်ကို ဆင်ခြင်၍ ၃-ကြိမ် ၄-ကြိမ်သော ပရိကံတို့၏ အခြားမဲ့၌ စေတောပရိယ အဘိညာဏ်ဖြင့် သူတပါး၏ စိတ်ကို သိ၏၊ အဘယ်ကဲ့သို့နည်း-ဟူမူ ရူပါရုံကို ဒိဗ္ဗစက္ခု အဘိညာဏ်ဖြင့် သိသကဲ့သို့တည်း။ ထိုမှ နောက်၌ ကာမာဝစရစိတ်ဖြင့် သရာဂစိတ် အစရှိသည်ကို ပိုင်းခြားခြင်း ကိုလည်းပြု၏၊ အဘယ်ကဲ့သို့နည်း-ဟူမူ ညိုသောအဆင်း အစ ရှိသည်ကို မှတ်သကဲ့သို့တည်း၊ အလုံးစုံသော ထိုအာဝဇ္ဇန်းနှင့် ဇောစိတ်တို့သည် ရှေ့ရှုဖြစ်၍ ဖြစ်သော သူတပါး၏ စိတ်-ဟု ဆိုအပ်သော အာရုံရှိကုန်သည်သာလျှင်တည်း။

အလိုမရှိအပ်သောအရာ၌ အထူးထူးသော အာရုံရှိသည် အဖြစ်-ဟု ဆိုအပ်သော အဖြစ်မရှိ၊ အဘယ့်ကြောင့် မရှိသနည်းဟူမူ ထူးသောအခြင်းအရာအားဖြင့် ဖြစ်ခြင်း မရှိသည် အဖြစ်ကြောင့် မရှိ၊ ဤသို့ ဆို၏၊ **ပုဗ္ဗေနိဝါသာနုဿတိ** အဘိညာဏ်၏ ရှေးဘဝ၌ ခံစားအပ်ကုန်သော ခန္ဓာတို့သည်၎င်း၊ ထို **ပုဗ္ဗေနိဝုတ္ထခန္ဓာ** နှင့် စပ်ကုန်သော အမည် အမျိုးတို့သည်၎င်း၊ နိဗ္ဗာန်သည်၎င်း အာရုံ ဖြစ်၏၊ ဒိဗ္ဗစက္ခု အဘိညာဏ်၏ကား ပစ္စုပ္ပန်ဖြစ်သော ရူပါရုံသည် သာလျှင် အာရုံဖြစ်၏၊ ဤသို့လျှင် ထိုအဘိညာဏ် ငါးပါးတို့၏ အာရုံအပြားကို သိအပ်၏၊ **ယထာရဟမပွေတိ**-ဟူသည်ကား၊ ဝါ- ဟူသောပုဒ်ကို ထိုထို ပရိကံအား လျော်စွာ အပ္ပနာ၏ အစွမ်းဖြင့် ဖြစ်၏-ဟု အနက်ပေး။

---

### အဘိညာဏ် ၅-ပါး

**၄၄။ ။အဘိညာ စ နာမ——**

**ဣဒ္ဓိဝိဓံ ဒိဗ္ဗသောတံ၊ ပရစိတ္တဝိဇာနနာ။**

**ပုဗ္ဗေနိဝါသာနုဿတိ၊ ဒိဗ္ဗစက္ခူတိ ပဉ္စဓာ။ ။**

**အယမေတ္ထ ဂေါစရဘေဒေါ၊**
**နိဋ္ဌိတော စ သမထကမ္မဋ္ဌာနနယော။**

အဘိညာဏ် မည်သည်ကား—ဣဒ္ဓိဝိဓ အဘိညာဏ်ငင်း၊ ဝါ အထူးထူးအပြားပြား တန်ခိုးဖန်ဆင်းခြင်းငှါ စွမ်းနိုင်သော **ဣဒ္ဓိဝိဓ** အဘိညာဏ်[၁]ငင်း၊ ဒိဗ္ဗသောတ အဘိညာဏ်ငင်း၊ ဝါ-နတ်၏ နားကဲ့သို့ အဝေးမှ အသံကို ကြားစွမ်းနိုင်သော **ဒိဗ္ဗသောတ** အဘိညာဏ်ငင်း၊ **ပရစိတ္တဝိဇာနန** အဘိညာဏ်ငင်း၊ ဝါ-သူတပါး၏ စိတ်ကို သိစွမ်းနိုင်သော **ပရစိတ္တဝိဇာနန** အဘိညာဏ်ငင်း၊ **ပုဗ္ဗေနိဝါသာနုဿတိ** အဘိညာဏ်ငင်း၊ ဝါ-ရှေး၌ နေဘူးသော ခန္ဓာအစဉ်ကို အဖန်တလဲလဲ အောက်မေ့ခြင်း သတိနှင့်ယှဉ်သော အဘိညာဏ်ငင်း၊ **ဒိဗ္ဗစက္ခု** အဘိညာဏ်ငင်း၊ ဝါ-နတ်၏ မျက်စိကဲ့သို့ အဝေးမှ အဆင်းကို မြင်စွမ်းနိုင်သော **ဒိဗ္ဗစက္ခု** အဘိညာဏ်ငင်း၊ ဤသို့ ငါးပါးအပြားရှိ၏။

ဤကမ္မဋ္ဌာန်း၌ ဤဆိုအပ်ခဲ့ပြီးသော နည်းသည် အာရုံအပြားကို ဆိုရာ ဆိုကြောင်း ဖြစ်သော နည်းတည်း၊

သမထကမ္မဋ္ဌာန်းနည်းသည် ပြီး၏။

---

**အဘိညာဏ် ၅-ပါးအဘွင့်**

၄၄။ ။ယခုအခါ၌ အာရုံတို့၏ အပြားအားဖြင့် အဘိညာဏ် အပြားကို ပြခြင်းငှါ "ဣဒ္ဓိဝိဓံ" ဤသို့အစရှိသော စကားကို မိန့်ဆိုတော်မူ၏၊ ထိုအဘိညာဏ်အား ရုပ်ကို ဖန်ဆင်းခြင်း အဓိဋ္ဌာန်ခြင်း အစရှိသော တန်ခိုးအပြားသည် ရှိသောကြောင့် **ဣဒ္ဓိဝိဓ** မည်၏၊ နတ်တို့သောတပသာဒနှင့် တူသည် အဖြစ်ကြောင့်ငင်း၊ ဒိဗ္ဗဝိဟာရကိုမှီ၍ ဖြစ်သည် အဖြစ်ကြောင့်ငင်း ဒိဗ္ဗလည်းမည်၏၊ ထိုဒိဗ္ဗဟူသည်

---

၁–ရုပ်ကို အဓိဋ္ဌာန်ခြင်း, ဖန်ဆင်းခြင်း စသော တန်ခိုး အထူးအပြားရှိသော အဘိညာဏ်သည် **ဣဒ္ဓိဝိဓအဘိညာဏ်** မည်၏။

နတ်တို့၏ သောတပသာဒနှင့် တူသောကြောင့် သောတ မည်ရ ကား **ဒိဗ္ဗသောတ** [၁] မည်၏၊ ထိုအဘိညာဏ်ဖြင့် သူတပါးတို့၏ စိတ်ကို သိတတ်သောကြောင့် **ပရစိတ္တဝိဇာနန** [၂] မည်၏၊ မိမိ၏ သန္တာန်၌ ဖြစ်ဘူးသည်၏ အစွမ်းကြောင့်၎င်း၊ အာရုံပြု၍ နေဘူး သည်၏ အစွမ်းဖြင့်၎င်း၊ ရှေးဘဝတို့၌ ခန္ဓာတို့ကို အဖန်တလဲလဲ အောက်မေ့နိုင်ခြင်းသည် **ပုဗ္ဗေနိဝါသာနုဿတိ** [၃] အဘိညာဏ်မည်၏။ ဆိုအပ်ပြီးသော နည်းဖြင့် ထိုသဘောတရားသည် ဒိဗ္ဗလည်းမည်, စက္ခုလည်း မည်သောကြောင့် **ဒိဗ္ဗစက္ခု** [၄] မည်၏။ ဒိဗ္ဗစက္ခုကိုသာ လျှင် **စုတူပပါတဉာဏ်**ဟုလည်း ခေါ်ဆိုအပ်၏၊ယထာကမ္မူပဂဉာဏ် အနာဂတံသ ဉာဏ်တို့သည်လည်း ဒိဗ္ဗစက္ခု၏ အစွမ်းဖြင့်သာလျှင် ပြည့်စုံကုန်၏၊ အဘယ့်ကြောင့် ပြည့်စုံပါသနည်း-ဟူမူ ထိုယထာ ကမ္မူပဂဉာဏ် အနာဂတံသဉာဏ်တို့၏ အသီးအခြားဖြစ်သော ပရိကံသည် မရှိသောကြောင့် ပြည့်စုံ၏—ဟူလို။

ထိုနှစ်ပါးသော ဉာဏ်တို့တွင် အနာဂတံသ ဉာဏ်၏ အနာဂတ် ကာလ၌ ခုနစ်ရက် အတွင်း၌ နောင်ဖြစ်လတံ့သော စိတ် စေတသိက် သည်၎င်း၊ ဒုတိယနေ့ မှစ၍ ဖြစ်လတံ့သော အလုံးစုံသော တရားသည်၎င်း အာရုံဖြစ်၏၊ ထိုစကား မှန်၏၊ ထိုအနာဂတံသ ဉာဏ်သည် မိမိ၏ တည်ရာဖြစ်သော ခုနစ်ရက်အတွင်း၌ ဖြစ်သော အာရုံ၌ သဗ္ဗညုတဉာဏ်နှင့် တူသော ဖြစ်ခြင်းရှိ၏-ဟု အဋ္ဌကထာ၌ ဆိုအပ်၏၊ ယထာကမ္မူပဂဉာဏ်၏ကား ကုသိုလ် အကုသိုလ်-ဟု

---

၁—နတ်နားကဲ့သို့ အဝေးမှ အသံကို ကြားစွမ်းနိုင်သော အဘိညာဏ်သည် **ဒိဗ္ဗသောတ အဘိညာဏ်** မည်၏။

၂—သူတပါးတို့၏ စိတ်ကို သိသော အဘိညာဏ်သည် **ပရစိတ္တဝိဇာနနအဘိညာဏ်** မည်၏။

၃—ရှေးဘဝတို့၌ မိမိသန္တာန်ဝယ် ဖြစ်ဘူးသော အာရုံပြုသော အားဖြင့် မှီဝဲသုံးဆောင် ဘူးကုန်သော ခန္ဓာ,ထိုခန္ဓာနှင့် စပ်သော အမျိုး အမည်စသည်တို့ကို အောက်မေ့ခြင်းငှါ စွမ်းနိုင်သော အဘိညာဏ်သည် **ပုဗ္ဗေနိဝါသာနုဿတိအဘိညာဏ်** မည်၏။

၄—နတ်၏ မျက်စိကဲ့သို့ အဝေးမှ ရူပါရုံကို မြင်စွမ်းနိုင်သော အဘိညာဏ်သည် **ဒိဗ္ဗစက္ခု အဘိညာဏ်** မည်၏။ ဤကား အဘိညာဏ်ငါးပါး အဓိပ္ပါယ်တည်း။

ဆိုအပ်သော စေတနာသည်၎င်း၊ လေးပါးကုန်သော ခန္ဓာတို့သည်၎င်း အာရုံဖြစ်၏၊ ဤသို့ မှတ်အပ်၏၊ အာရုံ၏အစွမ်းဖြင့် သမထ လေးဆယ် အပြားသည် ဝေါစရဘေဒ မည်၏။

သမထကမ္မဋ္ဌာန်းနည်း အဘွင့်ပြီး၏။

---

## ဝိပဿနာကမ္မဋ္ဌာန်း,ဝိသုဒ္ဓိ ၇-ပါး

**၄၅။ ။ဝိပဿနာကမ္မဋ္ဌာနေ ပန သီလဝိသုဒ္ဓိ, စိတ္တဝိသုဒ္ဓိ, ဒိဋ္ဌိဝိသုဒ္ဓိ, ကင်္ခါဝိတရဏဝိသုဒ္ဓိ, မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ, ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ, ဉာဏဒဿနဝိသုဒ္ဓိ, စေတိ သတ္တဝိဓေန ဝိသုဒ္ဓိသင်္ဂဟော။**

သမထကမ္မဋ္ဌာန်း မှတပါး ဝိပဿနာကမ္မဋ္ဌာန်းကို ဆိုဦးအံ့။ ဝိပဿနာကမ္မဋ္ဌာန်း၌ သီလဝိသုဒ္ဓိ၎င်း၊ ဝါ-စတုပါရိသုဒ္ဓိ သီလ၏ စင်ကြယ်ခြင်း၎င်း၊ စိတ္တဝိသုဒ္ဓိ၎င်း၊ ဝါ-ဥပစာသမာဓိ, အပ္ပနာသမာဓိ စိတ်၏ စင်ကြယ်ခြင်း၎င်း၊ ဒိဋ္ဌိဝိသုဒ္ဓိ၎င်း၊ ဝါ-လက္ခဏာ ရသ ပစ္စုပဋ္ဌာန် ပဒဋ္ဌာန် အစွမ်းဖြင့် နာမ် ရုပ်ကို သိမ်းဆည်းသော ဉာဏ်၏ စင်ကြယ်ခြင်း၎င်း၊ ကင်္ခါဝိတရဏ ဝိသုဒ္ဓိ၎င်း၊ ဝါ-နာမ်ရုပ်၏ အကြောင်းကို သိမ်းဆည်းသည် ဖြစ်၍ ၁၆-ပါး သော ယုံမှားခြင်းကို လွန်နိုင်သော ဉာဏ်၏ စင်ကြယ်ခြင်း၎င်း၊ မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ၎င်း၊ ဝါ-ဝိပဿနာ ညစ်ညူးကြောင်း ဘေးရန်ကို သိမ်းဆည်းသောအားဖြင့် မဂ်ဟုတ်သည် မဟုတ်သည်ကို သိမြင်နိုင်သော ဉာဏ်၏ စင်ကြယ်ခြင်း၎င်း၊ ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ၎င်း၊ ဝါ-ဥဒယဗ္ဗယဉာဏ်မှ စ၍ သစ္စာနုလောမဉာဏ် တိုင်အောင် ကိုးပါးသော ဝိပဿနာဉာဏ်-ဟု ဆိုအပ်သော မဂ်တည်းဟူသော ဉာဏဒဿနဝိသုဒ္ဓိ၏ အကျင့်ဖြစ်သော ဉာဏ်အမြင်၏ စင်ကြယ်ခြင်း၎င်း၊ ဉာဏဒဿနဝိသုဒ္ဓိ၎င်း၊ ဝါ-နိဗ္ဗာန်ကို သိမြင်နိုင်သော မဂ်ဉာဏ်၏ စင်ကြယ်ခြင်း၎င်း၊ ဤသို့ ခုနစ်ပါးသော အပြားဖြင့် ဝိသုဒ္ဓိသင်္ဂဟ ကို သိအပ်၏။

## ဝိပဿနာကမ္မဋ္ဌာန်း ဝိသုဒ္ဓိ ၇-ပါးအဖွင့်

၄၅။ ။အနိစ္စ အစရှိသော အစွမ်းဖြင့် အထူးထူး အပြားပြား ရှိသော အခြင်းအရာဖြင့် ရှုတတ်သောကြောင့် **ဝိပဿနာ** မည်၏၊ အနိစ္စာနုပဿနာ အစရှိသော ဘာဝနာမယ ဖြစ်သော ပညာကို ဝိပဿနာ-ဟု ယူအပ် ရအပ်၏၊ ထိုဝိပဿနာ၏ ကမ္မဋ္ဌာန်းဖြစ်သော ကြောင့် ဝိပဿနာ ကမ္မဋ္ဌာန်းမည်၏။ တနည်း—ထိုဝိပဿနာသည် ပင်လျှင် ကမ္မဋ္ဌာန်းဖြစ်သောကြောင့် ဝိပဿနာကမ္မဋ္ဌာန်း မည်၏။ ထိုဝိပဿနာကမ္မဋ္ဌာန်း၌ ခုနစ်ပါး အပြားဖြင့် ဝိသုဒ္ဓိ အရေ အတွက်သည် ဖြစ်၏။ ဤသို့ပုဒ်စပ်ခြင်းကို ပြုအပ်၏။

---

## လက္ခဏာယာဉ် ၃-ပါး

**၄၆။ ။အနိစ္စလက္ခဏံ, ဒုက္ခလက္ခဏံ, အနတ္တလက္ခဏဉ္စေတိ တီဏိ လက္ခဏာနိ။**

အနိစ္စလက္ခဏာ၎င်း၊ ဝါ-မှတ်အပ်သော အမြဲမရှိခြင်း၎င်း၊ ဒုက္ခလက္ခဏာ၎င်း၊ ဝါ-မှတ်အပ်သော ဆင်းရဲခြင်း၎င်း၊ အနတ္တ လက္ခဏာ၎င်း၊ ဝါ-မှတ်အပ်သော ကိုယ်မဟုတ်ခြင်း၎င်း၊ ဤသို့ သုံးပါးကုန်သော လက္ခဏာတို့ကို သိအပ်ကုန်၏။

---

## လက္ခဏာယာဉ် ၃-ပါးအဖွင့်

၄၆။ ။အနိစ္စ၏ အဖြစ်သည်ပင်လျှင် မှတ်အပ်သောကြောင့် **အနိစ္စလက္ခဏာ**[၁] မည်၏၊ တနည်းကား—ဤအနိစ္စသဘောဖြင့် တေဘူမက တရားအပေါင်းကို မှတ်အပ်၏၊ ဤသို့ အနိစ္စ အဖြစ် သည်ပင်လျှင် မှတ်ကြောင်းဖြစ်သော သတ္တိကြောင့် အနိစ္စလက္ခဏာ မည်၏၊ဖြစ်ခြင်းပျက်ခြင်း အဖန်တလဲလဲ နှိပ်စက်ခြင်း-ဟုဆိုအပ်သော

၁—မှတ်အပ်သောကြောင့်၎င်း, မှတ်ကြောင်းဖြစ်သောကြောင့်၎င်း **လက္ခဏာ** မည်၏။ ခန္ဓာငါးပါး ရုပ်နာမ်တရားတို့၏ မမြဲသော အဖြစ်ဖြင့် မှတ်ကြောင်း ဖြစ်သောကြောင့် **အနိစ္စလက္ခဏာ** မည်၏။

ဒုက္ခ၏ အဖြစ်သည်ပင် မှတ်ကြောင်းဖြစ်သောကြောင့် **ဒုက္ခလက္ခဏာ**[၁] မည်၏၊ သာသနာတော်မှ တပါးဖြစ်ကုန်သော ဒိဋ္ဌိတို့သည် ကြံအပ်သော အတ္တ၏ မရှိခြင်းသည် အနတ္တ မည်၏။ ထိုအနတ္တသည်ပင် မှတ်ကြောင်းဖြစ်သောကြောင့် **အနတ္တလက္ခဏာ**[၂] မည်၏။

---

## အနုပဿနာ ၃-ပါး

**၄၇။ ။အနိစ္စာနုပဿနာ, ဒုက္ခာနုပဿနာ, အနတ္တာနုပဿနာ စေတိ တိဿော အနုပဿနာ။**

အနိစ္စာနုပဿနာလည်းကောင်း၊ ဝါ—အမြဲမရှိခြင်းကို အဖန်တလဲလဲ ရှုခြင်းလည်းကောင်း၊ ဒုက္ခာနုပဿနာလည်းကောင်း၊ ဝါ—ဆင်းရဲခြင်းကို အဖန်တလဲလဲ ရှုခြင်းလည်းကောင်း၊ အနတ္တာနုပဿနာလည်းကောင်း၊ ဝါ-ကိုယ်မဟုတ်ခြင်းကို အဖန်တလဲလဲရှုခြင်းလည်းကောင်း၊ ဤသို့ သုံးပါးကုန်သော အနုပဿနာတို့ကို သိအပ်ကုန်၏။

---

## အနုပဿနာ ၃-ပါးအဘွင့်

သုံးပါးကုန်သော လက္ခဏာတို့ကို အဖန်တလဲလဲ ရှုခြင်းသည် **အနိစ္စာနုပဿနာ**[၃] အစရှိသည် မည်၏။

---

၁—ခန္ဓာငါးပါး ရုပ်နာမ်တရားတို့၏ ဖြစ်ခြင်း, ပျက်ခြင်းဖြင့် နှိပ်စက်၍ ဆင်းရဲသော အဖြစ်ဖြင့် မှတ်ကြောင်း ဖြစ်သောကြောင့် **ဒုက္ခလက္ခဏာ** မည်၏။

၂—ခန္ဓာငါးပါး ရုပ်နာမ် တရားတို့၏ အလိုသို့ မလိုက်သောအားဖြင့် မှတ်ကြောင်း ဖြစ်သောကြောင့် **အနတ္တလက္ခဏာ** မည်၏၊ တနည်း—တိတ္ထိတို့သည် ကြံဆအပ်သော အတ္တ၏ မရှိသည် အဖြစ်သည် **အနတ္တ** မည်၏။ အနတ္တအဖြစ်သည်ပင် လက္ခဏာ ဖြစ်သောကြောင့် **အနတ္တလက္ခဏာ** မည်၏-ဟူလို။

၃—အနိစ္စလက္ခဏာကို အဖန်တလဲလဲ ရှုခြင်းသည် **အနိစ္စာနုပဿနာ** မည်၏။
ဒုက္ခလက္ခဏာကို အဖန်တလဲလဲ ရှုခြင်းသည် **ဒုက္ခာနုပဿနာ** မည်၏။
အနတ္တလက္ခဏာကို အဖန်တလဲလဲ ရှုခြင်းသည် **အနတ္တာနုပဿနာ** မည်၏။

## ဝိပဿနာဉာဏ် ၁၀-ပါး

၄၀။ ။**သမ္မသနဉာဏံ, ဥဒယဗ္ဗယဉာဏံ, ဘင်္ဂဉာဏံ, ဘယဉာဏံ, အာဒီနဝဉာဏံ, နိဗ္ဗိဒါဉာဏံ, မုဉ္စိတုကမျတာဉာဏံ, ပဋိသင်္ခါဉာဏံ, သင်္ခါရုပေက္ခာဉာဏံ, အနုလောမဉာဏဉ္စေတိ ဒသ ဝိပဿနာဉာဏာနိ။**

သမ္မသနဉာဏ်ရင်း၊ ဝါ-ခန္ဓာ အစရှိသည်တို့ကို အပေါင်းအစည်းအားဖြင့် သုံးသပ်သည် အစွမ်းဖြင့်ဖြစ်သော ဉာဏ်ရင်း၊ ဥဒယဗ္ဗယဉာဏ်ရင်း၊ ဝါ-ဖြစ်ခြင်း ပျက်ခြင်းကို အဖန်တလဲလဲ ရှုသည် အစွမ်းဖြင့် ဖြစ်သော ဉာဏ်ရင်း၊ ဘင်္ဂဉာဏ်ရင်း၊ ဝါ-ဖြစ်ခြင်းကို လွှတ်၍ ပျက်ခြင်း၌ဖြစ်သော ဉာဏ်ရင်း၊ ဘယဉာဏ်ရင်း၊ ဝါ-သင်္ခါရတို့ကို ဘေးအားဖြင့် အဖန်တလဲလဲ ရှုသည် အစွမ်းဖြင့် ဖြစ်သော ဉာဏ်ရင်း၊ အာဒီနဝဉာဏ်ရင်း၊ ဝါ-မြင်အပ်သော ဘေးရှိသော သင်္ခါရတို့ကို အပြစ်အားဖြင့် ရှုသည်အစွမ်းဖြင့် ဖြစ်သောဉာဏ်ရင်း၊ နိဗ္ဗိဒါဉာဏ်ရင်း၊ ဝါ-မြင်အပ်သော အပြစ်ရှိသော သင်္ခါရတို့၌ ငြီးငွေ့သော အစွမ်းဖြင့် ဖြစ်သောဉာဏ်ရင်း၊ မုဉ္စိတုကမျတာဉာဏ်ရင်း၊ ဝါ-ငြီးငွေ့၍ သင်္ခါရတို့မှ လွှတ်ခြင်းငှါ အလိုရှိသည်၏ အစွမ်းဖြင့် ဖြစ်သောဉာဏ်ရင်း၊ ပဋိသင်္ခါဉာဏ်ရင်း၊ ဝါ လွှတ်ခြင်း အကြောင်း ပြည့်စုံခြင်းငှါ တဖန်သင်္ခါရတို့ကို သိမ်းဆည်းသည်အစွမ်းဖြင့် ဖြစ်သော ဉာဏ်ရင်း၊ သင်္ခါရုပေက္ခာဉာဏ်ရင်း၊ ဝါ သင်္ခါရတရားတို့၌ ကြောက်ခြင်း နှစ်သက်ခြင်းကို ကြဉ်သည် အစွမ်းဖြင့် လျစ်လျူရှု၍ ဖြစ်သော ဉာဏ်ရင်း၊ အနုလောမဉာဏ်ရင်း၊ ဝါ ရှေးဉာဏ် ကိုးပါးတို့၏ ကိစ္စပြီးခြင်း အထက်၌ ၃၇-ပါးသော ဗောဓိပက္ခိယတရားနှင့် လျော်သောဉာဏ်ရင်း၊ ဤသို့ ၁၀-ပါးကုန်သော ဝိပဿနာဉာဏ်တို့ကို သိအပ်ကုန်၏။

---

## ဝိပဿနာဉာဏ် ၁၀-ပါးအဘွင့်

၄၀။ ။ခန္ဓာ အစရှိသည်တို့ကို အပေါင်းအားဖြင့် သုံးသပ်သည် အစွမ်းဖြင့် ဖြစ်သောဉာဏ်သည် **သမ္မသနဉာဏ်**[၁] မည်၏၊

---

၁—ခန္ဓာငါးပါး သင်္ခါရတရားတို့ကို အနိစ္စ,ဒုက္ခ,အနတ္တ-ဟု အပေါင်းအားဖြင့် သုံးသပ်သည် အစွမ်းဖြင့် ဖြစ်သော ဉာဏ်သည် **သမ္မသနဉာဏ်** မည်၏။

ဥပါဒ်နှင့်ဘင်ကို အဖန်တလဲလဲ ရှုသည် အစွမ်းအားဖြင့် ဖြစ်သော ဉာဏ်သည် **ဥဒယဗ္ဗယဉာဏ်**[၁] မည်၏၊ ဥပါဒ်ကိုလွှတ်၍ ဘင်၌ ဖြစ်သော ဉာဏ်သည် **ဘင်္ဂဉာဏ်**[၂]မည်၏၊ သင်္ခါရတို့ကို ဘေးအားဖြင့် အဖန်တလဲလဲရှုသည်အစွမ်းဖြင့် ဖြစ်သောဉာဏ်သည် **ဘယဉာဏ်**[၃] မည်၏၊ ဘေးအားဖြင့် ရှုအပ်ပြီးသော သင်္ခါရတရားတို့ကို အပြစ်အားဖြင့် ရှုသည်အစွမ်းဖြင့် ဖြစ်သောဉာဏ်သည် **အာဒီနဝဉာဏ်**[၄] မည်၏၊ မြင်အပ်ပြီးသော အပြစ်ရှိကုန်သော သင်္ခါရတရားတို့၌ ငြီးငွေ့သည် အစွမ်းအားဖြင့် ဖြစ်သောဉာဏ်သည် **နိဗ္ဗိဒါဉာဏ်**[၅] မည်၏၊ ငြီးငွေ့၍ သင်္ခါရတရားတို့မှ လွတ်ခြင်းငှါ အလိုရှိသည် အစွမ်းဖြင့် ဖြစ်သောဉာဏ်သည် **မုဥ္စိတုကမျတာဉာဏ်**[၆] မည်၏၊ လွတ်ခြင်း၏ အကြောင်းပြည့်စုံခြင်းငှါ တဖန် သင်္ခါရတို့ကို သိမ်းဆည်းသည် အစွမ်းဖြင့် ဖြစ်သောဉာဏ်သည် **ပဋိသင်္ခါဉာဏ်**[၇] မည်၏၊ သိမ်းဆည်းအပ်ပြီးသော သင်္ခါရတရားတို့၌ ကြောက်ခြင်း နှစ်သက်ခြင်းမှ ကြဉ်သည်အစွမ်းဖြင့် လျစ်လျူရှု၍ ဖြစ်သောဉာဏ်သည် **သင်္ခါရုပေက္ခာဉာဏ်**[၈] မည်၏၊ ရှေးဉာဏ် ကိုးပါးတို့၏ ကိစ္စပြီးခြင်း

---

၁—ခန္ဓာငါးပါး သင်္ခါရတရားတို့၏ ဖြစ်ခြင်း, ပျက်ခြင်း နှစ်ပါးကို အဖန်တလဲလဲ ရှုသည် အစွမ်းဖြင့် ဖြစ်သော ဉာဏ်သည် **ဥဒယဗ္ဗယဉာဏ်** မည်၏။

၂—ခန္ဓာငါးပါး သင်္ခါရတရားတို့၏ ပျက်ခြင်းတပါးကိုသာ အဖန်တလဲလဲ ရှုသည် အစွမ်းဖြင့် ဖြစ်သော ဉာဏ်သည် **ဘင်္ဂဉာဏ်** မည်၏။

၃—ခန္ဓာငါးပါးသင်္ခါရတရားတို့ကို အလွန်ကြောက်လန့်ဘွယ် ဘေးကြီး-ဟု အဖန်တလဲလဲ ရှုသည်အစွမ်းဖြင့် ဖြစ်သော ဉာဏ်သည် **ဘယဉာဏ်** မည်၏။

၄—ဘေးကြီး-ဟု ထင်အပ်ပြီး,မြင်အပ်ပြီးသော ခန္ဓာငါးပါး သင်္ခါရတရားတို့ကို အပြစ်အားဖြင့် ရှုသည် အစွမ်းဖြင့် ဖြစ်သော ဉာဏ်သည် **အာဒီနဝဉာဏ်** မည်၏။

၅—အပြစ်-ဟု ထင်အပ်ပြီး, မြင်အပ်ပြီးသော ခန္ဓာငါးပါး သင်္ခါရတရားတို့၌ ငြီးငွေ့သည် အစွမ်းဖြင့် ဖြစ်သော ဉာဏ်သည် **နိဗ္ဗိဒါဉာဏ်** မည်၏။

၆—ငြီးငွေ့၍ ထိုခန္ဓာငါးပါး သင်္ခါရတရားတို့မှ လွတ်မြောက်ခြင်းငှါ အလိုရှိသည် အစွမ်းဖြင့် ဖြစ်သော ဉာဏ်သည် **မုဥ္စိတုကမျတာဉာဏ်** မည်၏။

၇—ထွက်မြောက်ရန် အကြောင်း၏ ပြည့်စုံခြင်းငှါ တဖန် ခန္ဓာငါးပါး သင်္ခါရတရားတို့ကို သိမ်းဆည်းသည် အစွမ်းဖြင့် ဖြစ်သော ဉာဏ်သည် **ပဋိသင်္ခါဉာဏ်** မည်၏။

၈—ခန္ဓာငါးပါး သင်္ခါရတရားတို့၌ ကြောက်ခြင်း နှစ်သက်ခြင်းကို လျစ်လျူရှုခြင်း၊ ဝါ-မဖြစ်စေခြင်း အစွမ်းဖြင့် ဖြစ်သော ဉာဏ်သည် **သင်္ခါရုပေက္ခာဉာဏ်** မည်၏။

အားဥဏ်း၊ အထက်၌ ၃၇-ပါးသော ဗောဓိပက္ခိယတရားတို့အားဥဏ်း၊ လျော်သောဉာဏ်သည် **အနုလောမဉာဏ်**[၁] မည်၏။

---

## ဝိမောက္ခ ၃-ပါး

၄၉။ **။သုညတော ဝိမောက္ခော, အနိမိတ္တော ဝိမောက္ခော, အပ္ပဏိဟိတော ဝိမောက္ခော ဧတေ တယော- ဝိမောက္ခာ။**

သုညတဝိမောက္ခဥဏ်း၊ ဝါ-အတ္တမှ ဆိတ်သည်ဖြစ်၍ သံယောဇဉ် တို့မှ လွတ်သော မဂ်ဥဏ်း၊ အနိမိတ္တဝိမောက္ခဥဏ်း၊ ဝါ-နိစ္စနိမိတ် စသည် မရှိသည်ဖြစ်၍ သံယောဇဉ်စသည်တို့မှ လွတ်သော မဂ်ဥဏ်း၊ အပ္ပဏိဟိတဝိမောက္ခဥဏ်း၊ ဝါ-တဏှာတည်း ဟူသော တောင့် တခြင်း ကင်းသည်ဖြစ်၍ သံယောဇဉ်စသည်တို့မှ လွတ်သောမဂ်ဥဏ်း၊ ဤသို့ သုံးပါးကုန်သော ဝိမောက္ခတို့ကို သိအပ်ကုန်၏။

---

## ဝိမောက္ခ ၃-ပါးအဘွင့်

၄၉။ ။အတ္တမှ ဆိတ်သည်အဖြစ်ကြောင့် **သုညတ**[၂] မည်၏၊ သံယောဇဉ် အစရှိသည်တို့မှ လွတ်သောအနက်ကြောင့် **ဝိမောက္ခ** မည်၏၊ နိစ္စနိမိတ် အစရှိသည်၏ မရှိသောကြောင့် **အနိမိတ္တ**[၃] မည်၏၊ တဏှာဟူသော တောင့်တခြင်း မရှိသောကြောင့် **အပ္ပဏိဟိတ**[၄] မည်၏။

---

၁-ရှေးဉာဏ် ကိုးပါး၏ ကိစ္စပြီးစေနိုင်သော, အထက်၌ သုံးဆယ့်ခုနစ်ပါးသော ဗောဓိပက္ခိယတရားတို့နှင့်လည်း လျော်သော ဉာဏ်သည် **အနုလောမဉာဏ်** မည်၏-ဟူလို။

၂-ခန္ဓာငါးပါး သင်္ခါရတရားဘို့၌ အတ္တ ဇီဝမှ ဆိတ်သည်ဖြစ်၍ သံယောဇဉ် စသည်တို့မှ လွတ်သော မဂ်သည် **သုညတဝိမောက္ခ** မည်၏။

၃-နိစ္စနိမိတ် စသည် မရှိသည် ဖြစ်၍ သံယောဇဉ် စသည်မှ လွတ်သော မဂ်သည် **အနိမိတ္တဝိမောက္ခ** မည်၏။

၄-တဏှာတည်းဟူသော တောင့်တခြင်း ကင်းသည်ဖြစ်၍ သံယောဇဉ် စသည်တို့မှ လွတ်သော မဂ်သည် **အပ္ပဏိဟိတဝိမောက္ခ** မည်၏။

## ဝိသုဒ္ဓိဘေဒ
## သီလဝိသုဒ္ဓိ

**၅၁။ ။ကထံ ပါတိမောက္ခသံဝရသီလံ, ဣန္ဒြိယသံဝရသီလံ, အာဇီဝပါရိသုဒ္ဓိသီလံ, ပစ္စယသန္နိဿိတသီလဉ္စေတိ စတုပါရိသုဒ္ဓိသီလံ သီလဝိသုဒ္ဓိနာမ။**

အဘယ်သို့ သိအပ်ပါသနည်း ဟူမူကား—ပါတိမောက္ခသံဝရ သီလရင်း၊ ဣန္ဒြိယသံဝရသီလရင်း၊ အာဇီဝပါရိသုဒ္ဓိသီလရင်း၊ ပစ္စယသန္နိဿိတသီလရင်း၊ ဤသို့ လေးပါးသော ပါရိသုဒ္ဓိသီလသည် **သီလဝိသုဒ္ဓိ** မည်၏။

---

## သီလဝိသုဒ္ဓိအဖွင့်

၅၁။ ။အကြင်ရဟန်းသည် ထိုသိက္ခာပုဒ်ကို စောင့်တတ်၏၊ ထိုသိက္ခာပုဒ် စောင့်သော ရဟန်းကို အပါယ်ဆင်းရဲ အစရှိကုန်သော ဒုက္ခတို့မှ လွတ်စေတတ်သောကြောင့် **ပါတိမောက္ခ**[၁] မည်၏၊ ထိုသိက္ခာပုဒ် အပေါင်းသည်ပင် ကာယဒုစ္စရိုက် အစ ရှိသည်တို့မှ စောင့်တတ်သောကြောင့် **သံဝရ**[၂] မည်၏၊ ကာယကံ အစ ရှိသည်တို့၏ ပေါင်းရာ တည်ရာ ဖြစ်သော အနက်ကြောင့် **သီလ**[၃] လည်း မည်၏၊ ထို့ကြောင့် **ပါတိမောက္ခသံဝရသီလ**[၄] မည်၏၊ မနိန္ဒြေလျှင် ခြောက်ခုတို့၏ ပြည့်ကြောင်း ရှိကုန်သော ဣန္ဒြေတို့ကို ရူပါရုံ အစရှိသည်တို့၌ စောင့်ခြင်း၏ အစွမ်းဖြင့် ဖြစ်သော သီလ

---

၁—မိမိ-ဟု ဆိုအပ်သော သိက္ခာပုဒ်ကို စောင့်တတ်သော ရဟန်းကို အပါယ်ဆင်းရဲ စသော ဒုက္ခတို့မှ လွတ်စေတတ်သောကြောင့် **ပါတိမောက္ခ** မည်၏။

၂—ကာယဒုစ္စရိုက်, ဝစီဒုစ္စရိုက်တို့မှ ရဟန်း၏ ကာယဒွါရ, ဝစီဒွါရတို့ကို စောင့်တတ်သောကြောင့် **သံဝရ** မည်၏။

၃—ကာယကံ,ဝစီကံတို့ကို ဖရိုဖရဲ မရှိရအောင် ကောင်းစွာ ထားခြင်း,ကုသိုလ်တရားတို့ကို လွန်စွာ ဆောင်ခြင်း အနက်သဘောကြောင့် **သီလ** မည်၏။

၄—ထို့ကြောင့် မိမိကို စောင့်သောသူကို အပါယ်ဒုက္ခစသည်တို့မှ လွတ်စေ၍ ကာယဒုစ္စရိုက်, ဝစီဒုစ္စရိုက်တို့မှ တားမြစ်လျက် ကာယကံ,ဝစီကံတို့ကို ကောင်းစွာ ထားသော ရဟန်းတော်တို့၏ ၂၂၇-ပါးသော သိက္ခာပုဒ်တော် အပေါင်းသည် **ပါတိမောက္ခသံဝရသီလ** မည်၏။

သည့် **ဣန္ဒြိယသံဝရသီလ**[၁] မည်၏၊ မိစ္ဆာဇီဝမှ ကြဉ်ခြင်းကြောင့် အသက်မွေးခြင်း၏ စင်ကြယ်သည်၏ အစွမ်းအားဖြင့် ဖြစ်သော သီလသည် **အာဇီဝပါရိသုဒ္ဓိသီလ**[၂] မည်၏၊ ပစ္စည်းလေးပါးတို့ကို မှီ၍ဖြစ်သော ထိုပစ္စည်းလေးပါးတို့ကို သင်္ခါရဝဋ်ဆင်းရဲမှ လွတ်မြောက်ခြင်းကို အလိုရှိသည့် အဖြစ်ကြောင့် ဆင်ခြင်ခြင်း-ဟု ဆိုအပ်သော သီလသည် **ပစ္စယသန္နိဿိတသီလ**[၃] မည်၏၊ ဒေသနာ, သံဝရ, ပရိယေဋ္ဌိ, ပစ္စဝေက္ခဏာတို့၏ အစွမ်းဖြင့် လေးပါးအပြားရှိသည့် အဖြစ်ကြောင့်၎င်း၊ စင်ကြယ်သည်၏ အဖြစ်ကြောင့်၎င်း **စတုပါရိသုဒ္ဓိသီလ** မည်၏။

---

## စိတ္တဝိသုဒ္ဓိ

**၅၂။ ။ဥပစာရသမာဓိ, အပ္ပနာသမာဓိ စေတိ ဒုဝိဓောပိ သမာဓိ စိတ္တဝိသုဒ္ဓိနာမ။**

ဥပစာရသမာဓိ၎င်း၊ ဝါ-အပ္ပနာဈာန်၏ အနီး၌ တည်ကြည်ခြင်း၎င်း၊ အပ္ပနာသမာဓိ၎င်း၊ ဝါ-အပ္ပနာဈာန်၌ ဖြစ်သော တည်ကြည်ခြင်း၎င်း၊ ဤသို့ နှစ်ပါးအပြားရှိသော သမာဓိသည် **စိတ္တဝိသုဒ္ဓိ** မည်၏။

---

## စိတ္တဝိသုဒ္ဓိ အဘွင့်

၅၂။ ။နီဝရဏ ကင်းသော သဘောသို့ ရောက်စေခြင်း၏ အစွမ်းဖြင့် စိတ်၏ ဖြူစင်သည်၏ အဖြစ်ကြောင့်၎င်း၊ စိတ်ကို အရင်း

---

၁–ဣန္ဒြေ ခြောက်ပါးတို့ကို ရူပါရုံ စသည်တို့၌ စောင့်စည်းခြင်း အစွမ်းဖြင့် ဖြစ်သော သီလသည် **ဣန္ဒြိယသံဝရသီလ** မည်၏။

၂–မိစ္ဆာဇီဝမှ ရှောင်ကြဉ်ခြင်းကြောင့် အသက်မွေးခြင်း စင်ကြယ်သည်၏ အစွမ်းဖြင့် ဖြစ်သော သီလသည် **အာဇီဝပါရိသုဒ္ဓိသီလ** မည်၏။

၃–ပစ္စည်းလေးပါးတို့ကို ဉာဏ်ဖြင့် ဆင်ခြင်သော သီလသည် **ပစ္စယသန္နိဿိတသီလ** မည်၏။

ဤသီလ လေးပါး၏ လုံခြုံ ပြည့်စုံ စင်ကြယ်မှုသည် **သီလဝိသုဒ္ဓိ** မည်၏။

ပြုသဖြင့် သမာဓိကို ပြုအပ်သည် အဖြစ်ကြောင့်၎င်း၊ တနည်း— သမာဓိ၏ စင်ကြယ်သည် အဖြစ်ကြောင့်၎င်း၊ ဤအကြောင်း နှစ်ပါး ကြောင့် **စိတ္တဝိသုဒ္ဓိ**[၁] မည်၏။

## ဒိဋ္ဌိဝိသုဒ္ဓိ

**၅၃။ ။လက္ခဏ, ရသ, ပစ္စုပဋ္ဌာန, ပဒဋ္ဌာနဝသေန နာမ ရူပ ပရိဂ္ဂဟော ဒိဋ္ဌိဝိသုဒ္ဓိနာမ။**

လက္ခဏ, ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန်တို့၏ အစွမ်းဖြင့်-ဝါ တေဘုမ္မက တရားတို့၏ ဆက်ဆံခြင်းတည်းဟူသော လက္ခဏ, ကိစ္စ တည်းဟူသော ရသ, ထင်သော အခြင်းအရာတည်းဟူသော ပစ္စုပဋ္ဌာန်, နီးသောအကြောင်းတည်းဟူသော ပဒဋ္ဌာန်၏ အစွမ်းဖြင့် နာမ် ရုပ်ကို သိမ်းဆည်းခြင်းသည် **ဒိဋ္ဌိဝိသုဒ္ဓိ** မည်၏။

## ဒိဋ္ဌိဝိသုဒ္ဓိ အဘွင့်

၅၃။ ။တေဘုမ္မက တရားတို့၏ သာမညသဘောသည် **လက္ခဏ**[၂] မည်၏၊ ကိစ္စနှင့် ပြည့်စုံခြင်းတို့သည် **ရသ**[၃] မည်၏၊ ထင်သော အခြင်းအရာသည်၎င်း၊ အကျိုးတရားသည်၎င်း **ပစ္စုပဋ္ဌာန်**[၄] မည်၏၊ ဤသို့ ဆိုအပ်ကုန်သော လက္ခဏ စသည်တို့တွင် ဖဿသည် အာရုံနှင့် ထိခြင်း လက္ခဏာရှိ၏၊ ပထဝီဓာတ်သည် ခက်ထရော်ရှိခြင်း လက္ခဏာရှိ၏၊ ဤသို့ အစရှိသော အကျယ်အားဖြင့်၎င်း၊ နာမ်သည် အာရုံ၌ ညွတ်ခြင်း လက္ခဏာရှိ၏၊ ရုပ်သည် ဖောက်ပြန်ခြင်း လက္ခဏာရှိ၏၊ ဤသို့ အစရှိသော အကျဉ်းအားဖြင့်၎င်း၊ အသီး

---

၁—နီဝရဏတည်းဟူသော အညစ်အကြေးမှ စိတ်ကို သုတ်သင်တတ်သောကြောင့်၎င်း, စိတ်ကို ပဓာနပြု၍ သမာဓိကို ပြုအပ်သောကြောင့်၎င်း, နီဝရဏ တည်းဟူသော အညစ် အကြေးမှ စင်ကြယ်သောကြောင့်၎င်း, စိတ္တဝိသုဒ္ဓိ မည်၏။

၂—တေဘုမ္မက သင်္ခါရတရားတို့၏ ဆက်ဆံသော အနိစ္စတာ စသော သဘောသည်၎င်း, မိမိတို့၏ အသီးအခြား ဖြစ်သော ကက္ခဠ,ဖုသန စသော သဘောသည်၎င်း, **လက္ခဏ** မည်၏။

၃—ပြုအပ်သော ကိစ္စသည်၎င်း, ပြည့်စုံသော ဂုဏ်သည်၎င်း ရသ မည်၏။

၄—ယောဂီပုဂ္ဂိုလ်ဉာဏ်အား ရှေးရှုကပ်၍ ထင်သောအခြင်းအရာသည်၎င်း, အကျိုးသည် ၎င်း, **ပစ္စုပဋ္ဌာန်** မည်၏။ နီးစွာသော အကြောင်းသည် **ပဒဋ္ဌာန်** မည်၏။

အသီးသော လက္ခဏာ အစရှိသည်တို့၏ အစွမ်းအားဖြင့် ပိုင်းခြား၍ ယူခြင်း-ဟု ဆိုအပ်သော ဒုက္ခသစ္စာကို ပိုင်းခြား၍ မှတ်ခြင်းသည် **ဒိဋ္ဌိဝိသုဒ္ဓိ**[၁] မည်၏၊ နာမ်ရုပ်မှ တပါးသော အတ္တသည်မရှိ၊ ဤသို့ ရှုခြင်းကြောင့် **ဒိဋ္ဌိ** မည်၏၊ အတ္တရှိ၏-ဟု ယူခြင်း-ဟု ဆိုအပ်သော အညစ်အကြေး စင်ကြယ်ခြင်းကြောင့် **ဝိသုဒ္ဓိ** လည်း မည်၏၊ ထို့ကြောင့် **ဒိဋ္ဌိဝိသုဒ္ဓိ** မည်၏။

---

## ကင်္ခါဝိတရဏဝိသုဒ္ဓိ

**၅၄။ ။တေသမေဝ စ နာမရူပါနံ ပစ္စယပရိဂ္ဂဟော ကင်္ခါဝိတရဏဝိသုဒ္ဓိ နာမ။**

ထိုနာမ်ရုပ်တို့၏သာလျှင် အကြောင်းကို သိမ်းဆည်းခြင်းသည် **ကင်္ခါဝိတရဏဝိသုဒ္ဓိ** မည်၏။

---

## ကင်္ခါဝိတရဏဝိသုဒ္ဓိ အဘွင့်

၅၄။ ။**ပစ္စယပရိဂ္ဂဟော**-ဟူသော ဤပုဒ်၌ နာမ်သည်၎င်း၊ ရုပ်သည်၎င်း၊ ပဋိသန္ဓေအခါ၌ အဝိဇ္ဇာ တဏှာ ဥပါဒါန် ကံ-ဟု ဆိုအပ်သော အကြောင်း၏ အစွမ်းကြောင့် ဖြစ်၏၊ ပဝတ္တိအခါ၌ ရုပ်သည် ကံ, စိတ်, ဥတု, အာဟာရ-ဟု ဆိုအပ်သော အကြောင်း၏ အစွမ်းကြောင့် ဖြစ်၏၊ နာမ်သည်လည်း စက္ခုပသာဒ ရူပါရုံ အစရှိသော မှီရာ အာရုံ အစရှိသည်၏ အစွမ်းကြောင့် ဖြစ်၏၊ အထူးအားဖြင့်ကား **ယောနိသောမနသိကာရ** အစရှိသော လေးပါးသော စက်၏ ပြည့်စုံခြင်းကြောင့် ကုသိုလ်သည် ဖြစ်၏၊ ထိုသို့သော အကြောင်း၏ မပြည့်စုံခြင်းကြောင့် အကုသိုလ်သည် ဖြစ်၏၊ ကုသိုလ်, အကုသိုလ်ကံ၏ အစွမ်းကြောင့် ဝိပါက်သည် ဖြစ်၏၊ ဘဝင် အစ

---

[၁]—ဆိုအပ်ကုန်ပြီးသော လက္ခဏာစသည်တို့တွင် ဖဿသည် တွေ့ထိခြင်း လက္ခဏာ ရှိ၏၊ ပထဝီသည် ကြမ်းတမ်းခြင်း လက္ခဏာ ရှိ၏၊ ဤသို့ အကျယ်အားဖြင့်၎င်း, နာမ်သည် အာရုံ၌ ညွှတ်ခြင်းလက္ခဏာ ရှိ၏၊ ရုပ်သည် ဖောက်ပြန်ခြင်း လက္ခဏာရှိ၏၊ ဤသို့ အကျဉ်းအားဖြင့်၎င်း, ပိုင်းခြား၍ နာမ်ရုပ်ကိုသိခြင်း,ဒုက္ခသစ္စာကိုပိုင်းခြား၍ မှတ်သားခြင်းသည် နာမ်ရုပ်မှတပါး အတ္တမည်သည် မရှိ-ဟု မြင်တတ်သောကြောင့်၎င်း,ငါစွဲ အညစ်အကြေးမှ စင်ကြယ်သောကြောင့်၎င်း ဒိဋ္ဌိဝိသုဒ္ဓိ မည်၏။

ရှိသည်တို့၏ အစွမ်းကြောင့် အာဝဇ္ဇန်းသည် ဖြစ်၏၊ ရဟန္တာပုဂ္ဂိုလ်၏ သန္တာန်-ဟု ဆိုအပ်သော အကြောင်းကြောင့် ကြိယာဇောသည်၎င်း၊ အာဝဇ္ဇန်းသည်၎င်း ဖြစ်၏၊ ဤသို့ သာဓာရဏ အသာဓာရဏ၏ အစွမ်းအားဖြင့် သုံးပါးကုန်သော အခွန့်တို့၌ နာမ်ရုပ်ဖြစ်ခြင်း၏ ပစ္စက္ခအစရှိသည်ဖြင့် ပြီးသော ကံ အစရှိသောပစ္စည်းကို သိမ်းဆည်းခြင်း-ဟု ဆိုအပ်သော သမုဒယသစ္စာကို ပိုင်းခြားမှတ်သားခြင်းသည် **ကင်္ခါဝိတရဏာဝိသုဒ္ဓိ**[၁] မည်၏၊ ငါသည် လွန်လေပြီးသော ကာလ၌ ဖြစ်ဘူးလေပြီလော၊ ဤသို့ အစရှိသော ၁၆-ပါးသော ယုံမှားခြင်းကို၎င်း၊ မြတ်စွာဘုရား၌ ယုံမှားခြင်း ဤသို့ အစရှိသော ၈-ပါး အပြားရှိသော ယုံမှားခြင်းကို၎င်း လွန်မြောက်ခြင်းကြောင့် **ကင်္ခါဝိတရဏာ**လည်း မည်၏၊ အကြောင်းကင်း၍ ဖြစ်၏-ဟူသော အယူ၊ မညီညွတ်သော အကြောင်းကြောင့် ဖြစ်၏-ဟူသော အယူ-ဟု ဆိုအပ်သော အညစ်အကြေးမှ စင်ကြယ်ခြင်းကြောင့် **ဝိသုဒ္ဓိ** လည်းမည်၏၊ ထို့ကြောင့် **ကင်္ခါဝိတရဏာဝိသုဒ္ဓိ** မည်၏။

---

## မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ

**၅၅။ ။တတော ပရံ ပန တထာပရိဂ္ဂဟိတေသု သပ္ပစ္စယေသု တေဘူမကသင်္ခါရေသု အတီတာဒိ ဘေဒ ဘိန္နေသု ခန္ဓာဒိနယမာရဗ္ဘ ကလာပဝသေန သင်္ခိပိတွာ**

၁–နာမ်ရုပ်သည် ပဋိသန္ဓေအခိုက်၌ အဝိဇ္ဇာ,တဏှာ,ဥပါဒါန်,ကံကြောင့် ဖြစ်၏၊ ပဝတ္တိအခါ၌ ရုပ်သည် ကံ,စိတ်,ဥတု,အာဟာရတို့ကြောင့် ဖြစ်၏၊ နာမ်သည်ကား—အာရုံငါးပါးတည်းဟူသော အာရမ္မဏပစ္စည်း,နိဿယပစ္စည်းစသည်ကြောင့် ဖြစ်၏၊ ဝါ-အာရုံခြောက်ပါးတို့၏ အာရမ္မဏ စသော သတ္တိ ရှစ်မျိုး ဝတ္ထုရုပ် ခြောက်ပါးတို့၏ နိဿယ စသော သတ္တိ ခြောက်မျိုးတို့ကြောင့် ဖြစ်၏ စသည်ဖြင့် ပစ္စုပ္ပန်,အတိတ်,အနာဂတ် ကာလသုံးပါးတို့၌ နာမ်၏ ဖြစ်ခြင်းအကြောင်း,ရုပ်၏ ဖြစ်ခြင်းအကြောင်းကို သေချာစေ၍ ကြည့်ရှုသိမ်းဆည်းခြင်း သမုဒယသစ္စာကိုပိုင်းခြားမှတ်သားခြင်းသည် **ကင်္ခါဝိတရဏာဝိသုဒ္ဓိ** မည်၏၊ အကြောင်းကား ဤသို့ ရုပ်နာမ်နှစ်ပါးတို့သည် သူ၏အကြောင်းအားလျော်စွာ ဖြစ်သော အကျိုးတရားများသာ ဖြစ်ကြသည်၊ မည်သူ တစုံတယောက်မျှ ဖန်ဆင်း၍ ဖြစ်သည်မဟုတ်-ဟု ဝိပဿနာဉာဏ်ထင်လာသော ဘုရား၌ ယုံမှားခြင်း စသော ရှစ်ပါးသော ကင်္ခါ, ငါသည် အတိတ်ကာလ၌ ဖြစ်ခဲ့ပြီလောစသော ၁၆-ပါးသော ကင်္ခါသည်ကင်းပျောက်၍ သွား၏၊စင်ကြယ်လွန်မြောက်၍ သွားသဖြင့် ယုံမှားခြင်းမှ စင်ကြယ် သန့်ရှင်းသောကြောင့် **ကင်္ခါဝိတရဏာဝိသုဒ္ဓိ** မည်၏။

**အနိစ္စံခယဋ္ဌေန ဒုက္ခံဘယဋ္ဌေန အနတ္တာ အသာရက-ဋ္ဌေနာ တိ အဒ္ဓါနဝသေန သန္တတိဝသေန ခဏဝသေန ဝါ သမ္မသနဉာဏေန လက္ခဏတ္တယံ သမ္မသန္တဿ တေသွေဝ ပစ္စယဝသေန ခဏဝသေန စ ဥဒယဗ္ဗ-ယဉာဏေန ဥဒယဗ္ဗယံ သမနုပဿန္တဿ စ။**

**ဝိပဿနာ ညစ်ညူးကြောင်းတရား ၁၀-ပါး**

**ဩဘာသော ပီတိ ပဿဒ္ဓိ၊**
**အဓိမောက္ခော စ ပဂ္ဂဟော။**
**သုခံ ဉာဏမုပဋ္ဌာနံ၊**
**မုပေက္ခာ စ နိကန္တိ စေတိ။**

**ဩဘာသာဒိ ဝိပဿနုပက္ကိလေသ ပရိဗန္ဓ ပရိဂ္ဂဟ ဝသေန မဂ္ဂါမဂ္ဂလက္ခဏဝဝတ္ထာနံ မဂ္ဂါမဂ္ဂဉာဏ-ဒဿန ဝိသုဒ္ဓိနာမ။**

ကဲ၌ဝိတရဏာဝိသုဒ္ဓိမှ တပါး မဂ္ဂါမဂ္ဂဉာဏဒဿန ဝိသုဒ္ဓိကိုဆိုဦး အံ့—ထိုနာမ်ရုပ်တို့၏ အကြောင်းကို သိမ်းဆည်းသည်မှနောက်၌ ထိုထိုသို့သော အခြင်းအရာဖြင့် သိမ်းဆည်းအပ်ကုန်သောအကြောင်း နှင့် တကွ ဖြစ်ကုန်သော အတိတ်စသည် အပြားဖြင့် ပြားကုန်သော ဘုံသုံးပါး၌ ဖြစ်သော သင်္ခါရတို့၌ ခန္ဓာ အစရှိသောနည်းကို အာရုံ ပြု၍ အပေါင်းအစည်း၏ အစွမ်းဖြင့် အကျဉ်းချုံး၍ ကုန်တတ်သော အနက်ကြောင့် **အနိစ္စ** မည်၏၊ ဘေး-ဟူသော အနက်ကြောင့် **ဒုက္ခ** မည်၏၊ အတ္တ-ဟူသော အနှစ်မရှိခြင်းကြောင့် **အနတ္တ** မည်၏၊ ဤသို့ အတိတ် အစရှိသော ကာလ၏ အစွမ်းဖြင့်၎င်း၊ အတိတ် အစရှိသော သန္တာန်၏အစွမ်းဖြင့်၎င်း၊ အတိတ်အစရှိသော ခဏ၏ အစွမ်းဖြင့်၎င်း၊ သုံးသပ်တတ်သောဉာဏ်ဖြင့် လက္ခဏာယာဉ် သုံးပါး၏ အပေါင်းကို သုံးသပ်သော ယောဂီပုဂ္ဂိုလ်၏၎င်း, ထိုတေဘုမ္မက သင်္ခါရတို့၌သာလျှင် အကြောင်း၏ အစွမ်းဖြင့်၎င်း၊ ခဏ၏ အစွမ်း ဖြင့်၎င်း၊ အဖြစ်,အပျက်ကို သိသောဉာဏ်ဖြင့် အဖြစ်, အပျက်ကို အဖန်တလဲလဲ ရှုသော ယောဂီပုဂ္ဂိုလ်၏၎င်း—

အရောင်၎င်း၊ ဝါ-ဝိပဿနာ စိတ်ကြောင့် ဖြစ်သော ကိုယ်မှ ထွက်သော အလင်း-ဟု ဆိုအပ်သောအရောင်၎င်း၊နှစ်သက်ခြင်း၎င်း၊ ဝါ-ဝိပဿနာနှင့် တကွ ဖြစ်သော ခုဒ္ဒကာပီတိ, ခဏိကာပီတိ, ဩက္ကန္တိကာပီတိ,ဥဗ္ဗေဂါပီတိ,ဖရဏာပီတိ တည်း-ဟူသော ငါးပါး အပြားရှိသော ပီတိ၎င်း၊ ငြိမ်းခြင်း၎င်း၊ ဝါ-ကိုယ် စိတ်တို့၏ ပူပန်ခြင်းမှ ငြိမ်းခြင်းလက္ခဏာရှိသော ကာယပဿဒ္ဓိ စိတ္တပဿဒ္ဓိ၏ အစွမ်းဖြင့် နှစ်ပါး အပြားရှိသော ငြိမ်းခြင်း၎င်း၊ အားကြီးသော သဒ္ဓိန္ဒြေ-ဟု ဆိုအပ်သော သဒ္ဓါ ယုံကြည်ခြင်း၎င်း၊ ထောက်ပံ့ နိုင်စေခြင်း၎င်း၊ ချမ်းသာခြင်း၎င်း၊ ဉာဏ်၎င်း၊ ထင်ခြင်း သတိ၎င်း၊ လျစ်လျူရှုခြင်း၎င်း၊ တပ်ခြင်းတဏှာ၎င်း၊ ဤသို့ ဩဘာသ စသော ဆယ်ပါးသော ဝိပဿနာညစ်ညူးကြောင်း ဘေးရန်တို့ကို သိမ်း ဆည်းသော အစွမ်းဖြင့် မဂ်ဟုတ်သည် မဟုတ်သည်၏ လက္ခဏာကို ပိုင်းခြားသော ဉာဏ်သည် **မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ** မည်၏။

---

## မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိအဘွင့်

၅၅။ ။ထိုသို့ အကြောင်းကို သိမ်းဆည်းသည်မှ နောက်၌ အသီးသောလက္ခဏာ အစရှိသည်ကို မှတ်ခြင်း အစွမ်းအားဖြင့်၎င်း၊ အကြောင်းကို မှတ်ခြင်း၏ အစွမ်းအားဖြင့်၎င်း၊ သိမ်ဆည်း အပ်ကုန် ပြီးသော လောကုတ္တရာသည် ကြဉ်အပ်ကုန်သော ဘုံသုံးပါး၌ အကျုံးဝင်ကုန်သော အတိတ် အစရှိသော အပြားအားဖြင့် ပြားကုန်သော နာမ်ရုပ်တို့၌ ခန္ဓာ အစရှိသောနည်းကို အာရုံပြု၍ ငါးပါးသောခန္ဓာ ခြောက်ပါးသောဒွါရ ခြောက်ပါးသောအာရုံ ခြောက်ဒွါရ၌ ဖြစ်ကုန်သော တရား အစရှိသည်တို့၏ အစွမ်းအားဖြင့် လာသော ခန္ဓာ အစရှိသောနည်းကို အာရုံပြု၍ အပေါင်း၏ အစွမ်းဖြင့် ချုံး၍ အကြင်ရုပ်သည် အတိတ်၌ ဖြစ်၏၊ ထိုရုပ်သည် အတိတ်၌သာလျှင် ချုပ်၏၊ အနာဂတ်၌ ဖြစ်လတ္တံ့သော အကြင် ရုပ်သည် ရှိ၏၊ ထိုရုပ်သည် ထိုအနာဂတ်၌သာလျှင် ချုပ်လတ္တံ့၊ အကြင်ရုပ်သည် ပစ္စုပ္ပန်၌ ဖြစ်၏၊ ထိုရုပ်သည် အနာဂတ်သို့ မရောက် မူ၍ ဤပစ္စုပ္ပန်၌သာလျှင် ချုပ်၏၊ ထို့အတူ အဇ္ဈတ္တရုပ်, ဗဟိဒ္ဓရုပ်,

သုခုမရုပ်, ဩဠာရိကရုပ်, ဟီနရုပ်, ပဏီတရုပ် အစရှိသည့်တို့ သည်လည်း ဗဟိဒ္ဓ အစရှိသည်တို့သို့ မရောက်မူ၍ ဤအဇ္ဈတ္တ အစရှိသည်တို့၌သာလျှင် ချုပ်၏၊ ထို့ကြောင့် ပျက်ခြင်းသို့ ရောက် ခြင်းကြောင့် အတ္တ အစရှိသည်တို့၏ အစွမ်းဖြင့် မသိအပ်၊ ဘေးကို ပြုတတ်သောကြောင့် ဒုက္ခ မည်၏၊ အတ္တ,သာရ အစရှိသည်တို့၏ မရှိခြင်းကြောင့် အနတ္တ မည်၏၊ ဤသို့ငှင်း စကျသည် အနိစ္စ တည်း။ ပ ။ ကိုယ်မဟုတ်၊ ဤသို့ အစရှိသည်ဖြင့် အတိတ် အစရှိသော အဓွန့်၏ အစွမ်းအားဖြင့်ငှင်း၊ အတိတ် အစရှိသော သန္တာန်၏ အစွမ်းအားဖြင့်ငှင်း၊ အတိတ် အစရှိသော ခဏ၏ အစွမ်း အားဖြင့်ငှင်း၊ ဖြစ်ပြီး၍ မရှိခြင်း,ဖြစ်ခြင်း ပျက်ခြင်းဖြင့် အဖန်တလဲလဲ နှိပ်စက်ခြင်း, အလိုသို့ လိုက်၍ မဖြစ်ခြင်း-ဟု ဆိုအပ်သော လက္ခဏာရေး ၃-ပါး အပေါင်းကို အဖန်တလဲလဲ သုံးသပ်ခြင်း၏ အစွမ်းအားဖြင့် ဖြစ်သော အပေါင်းကို သုံးသပ်သော ဉာဏ်ဖြင့် လက္ခဏာရေး သုံးပါးသို့ တင်၍ အဖန်တလဲလဲ သုံးသပ်သော သူ၏ သမ္မသနဉာဏ်သည် ဖြစ်သည်ရှိသော် တဖန် ထိုသင်္ခါရတို့၌ သာလျှင် အဝိဇ္ဇာ ဖြစ်ခြင်းကြောင့် ရုပ်ဖြစ်၏၊ တဏှာ ကံ အာဟာ ရတို့ ဖြစ်ခြင်းကြောင့် ရုပ်ဖြစ်၏၊ ထို့အတူ အဝိဇ္ဇာ ချုပ်သော ကြောင့် ရုပ်ချုပ်၏၊ တဏှာ ကံအာဟာရတို့ ချုပ်သောကြောင့် ရုပ်ချုပ်၏၊ ဤသို့ ရူပက္ခန္ဓာ၌ငှင်း၊ ဝေဒနာက္ခန္ဓာ သညာက္ခန္ဓာ သင်္ခါရက္ခန္ဓာ တို့၌ငှင်း၊ အာဟာရကို ဖယ်၍ **"ဖဿသမုဒယာ ဖဿနိရောဓာ"** ဟူ၍လည်း ဤသို့ ဖဿကို ထည့်၍ ဝိညာဏက္ခန္ဓာ၌ **နာမရူပသမုဒယာ နာမရူပနိရောဓာ**-ဟု နာမ်ရုပ်ကို ထည့်၍ ပစ္စည်း ဖြစ်ခြင်း အစွမ်းအားဖြင့်ငှင်း၊ ပစ္စည်းချုပ်ခြင်း၏ အစွမ်းအားဖြင့်ငှင်း၊ ပစ္စည်းတို့ကို မသုံးသပ်မူ၍ ပစ္စုပ္ပန်ဖြစ်သော ခန္ဓာတို့၌ဖြစ်ခြင်း လက္ခဏာမျှကိုငှင်း၊ ဖောက်ပြန်ခြင်းလက္ခဏာမျှကိုငှင်း၊ရှုသဖြင့်ငှင်း၊ ခဏ၏ အစွမ်းအားဖြင့်ငှင်း၊ ဤသို့ တခုတခုသော ခန္ဓာ၌ ပစ္စည်း၏ အစွမ်းအားဖြင့် လေးပါး အပြားအားဖြင့်ငှင်း၊ခဏ၏အစွမ်းအားဖြင့် တပါးအပြား အားဖြင့်ငှင်း၊ ဤသို့ ၅-ပါး အပြားအားဖြင့် ဖြစ်ခြင်းကို ငါးပါး အပြားအားဖြင့် ပျက်ခြင်းကို၊ ဤသို့ ဆယ်ပါးဆယ်ပါးအပြား ၏ ဖြစ်ခြင်းကို ရှုခြင်း အစွမ်းအားဖြင့် အမျှ ငါးဆယ်သော

အခြင်းအရာတို့ဖြင့် ဥဒယဗ္ဗယဉာဏ်ဖြင့် ဖြစ်ခြင်း ပျက်ခြင်းကို အဖန် တလဲလဲရှုသော ဝိပဿနာကို အားထုတ်သော ယောဂီပုဂ္ဂိုလ်အား ဝိပဿနာစိတ်ကြောင့် ဖြစ်သော ကိုယ်မှ ထွက်သော အလင်း-ဟု ဆိုအပ်သော အရောင်ငှင်း၊ ဝိပဿနာစိတ်နှင့်တကွ ဖြစ်သော ခုဒ္ဒကာပီတိ အစရှိသော ငါးပါး အပြားရှိသော ပီတိငှင်း၊ ထိုမှ တပါး ဝေဒနာ အစရှိသော ခန္ဓာငါးပါး အပေါင်း ဝိညာဏက္ခန္ဓာ၏ ငြိမ်းခြင်း လက္ခဏာရှိသော ကာယပဿဒ္ဓိ စိတ္တပဿဒ္ဓိတို့၏ အစွမ်းအားဖြင့် နှစ်ပါး အပြားရှိသော ပဿဒ္ဓိငှင်း၊ အားရှိသော သဒ္ဓိန္ဒြေ-ဟု ဆိုအပ်သော အဓိမောက္ခငှင်း၊ သမ္မပ္ပဓာန်ကိစ္စကို ပြီးစေတတ်သော ဝီရိယ သမ္မောဇ္ဈင်-ဟု ဆိုအပ်သော ပဂ္ဂဟငှင်း၊ အလွန်မြတ်သော သုခငှင်း၊ သိကြားသည် လွှတ်အပ်သော ဝဇိရစိန် လက်နက်နှင့် တူသော လက္ခဏာရေး သုံးပါးကို အထူးသဖြင့် ရှုတတ်သောဉာဏ်ငှင်း၊ သတိပဋ္ဌာန်ဖြစ်သော ကြာမြင့်စွာသော ကာလ၌ ပြုအပ်ပြီးသော အမှု အစရှိသည်ကို တဖန်အောက်မေ့ ခြင်း၌ စွမ်းနိုင်သော ထင်လာသော သတိငှင်း၊ အညီအမျှ ဖြစ်သော ဝိပဿနာဇောနှင့် တကွဖြစ်သော ဥပေက္ခာသမ္ဗောဇ္ဈင်ဖြစ်သော တတြမဇ္ဈတ္တုပေက္ခာငှင်း၊မနောဒွါရ၌ အာဝဇ္ဇန်းနှင့် တကွဖြစ်သော ဥပေက္ခာငှင်း၊ ဤသို့ နှစ်ပါး အပြားရှိသော ဥပေက္ခာငှင်း၊ အရောင် အစရှိကုန်သော ကိုးပါးသော တရားတို့သည် ဖြစ်ကုန်သည် ရှိသော် ငါ့အား ဤကာလမှ ရှေး၌ ဤသို့ သဘောရှိသော အရောင် အလင်းသည် မဖြစ်ဘူးပါတကား၊ဤသို့ စသောနည်းဖြင့် ထိုအရောင် အစရှိသည်တို့၌ တပ်ခြင်းကို ပြုသော သိမ်မွေ့သော တဏှာ-ဟု ဆိုအပ်သော အရောင် အစရှိသောရုပ်၌ တပ်ခြင်းငှင်း၊ ဤသို့ အရောင် အစရှိကုန်သော ဆယ်ပါး ကုန်သော ဝိပဿနာကို ညစ်ညူး စေတတ်သော တရားတို့သည် ဖြစ်ကုန်သည် ရှိသော် ငါ့အား ဤသို့ သဘောရှိကုန်သော အရောင် အစရှိသည်တို့သည် မဖြစ်ဘူး ကုန်တကား၊ မချွတ် ငါသည် မဂ်သို့ ရောက်ပြီ ဖိုလ်သို့ ရောက်ပြီ-ဟု မယူမှု၍ ဤအရောင် အစရှိသည် တို့သည် တဏှာ ဒိဋ္ဌိ မာနတို့၏ အာရုံ ဖြစ်သည် အဖြစ်ကြောင့် မဂ်မဟုတ်၊ စင်စစ်အားဖြင့် ဝိပဿနာ၏ ညစ်ညူးခြင်းကို ဖြစ်စေတတ်ကုန်သော တရားတို့သာတည်း၊ ထို

ဝိပဿနုပက္ကိလေသ တရားတို့မှ လွတ်သော ခရီးဟုတ်သည်ကို သွားတတ်သော ဝိပဿနာဉာဏ်သည် မဂ် မည်၏၊ ဤသို့ မဂ်ဟုတ်သည် မဟုတ်သည် လက္ခဏာကို ဆုံးဖြတ်ခြင်းသည် မဂ်ဟုတ်သည် မဟုတ်သည်ကို သိတတ်သောကြောင့်၎င်း၊ မဂ်မဟုတ်သည်၌ မဂ်-ဟု မှတ်ခြင်းကို စိစစ်တတ်သောကြောင့်၎င်း **မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ**[၁] မည်၏။

---

## ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ

**၅၆။ ။တထာ ပရိဗန္ဓ ဝိမုတ္တဿ ပန တဿ ဥဒယဗ္ဗယ-ဉာဏတော ပဋ္ဌာယ ယာဝ ါနုလောမာ တိလက္ခဏံ ဝိပဿနာ ပရံ ပရာယ ပဋိပဇ္ဇန္တဿ နဝဝိပဿနာဉာဏာနိ ပဋိပဒါ ဉာဏဒဿန ဝိသုဒ္ဓိနာမ။**

---

၁—မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိနှင့် ပြည့်စုံလိုသော ယောဂီပုဂ္ဂိုလ်သည် သမ္မသနဉာဏ်နှင့် ဥဒယဗ္ဗယဉာဏ် နှစ်ပါးကို ပွါးများအပ်၏၊ ထို့ကြောင့် ''တတောပရံ ပန တထာ ပရိဂ္ဂဟိတေသု။ပ။ လက္ခဏတ္တယံ သမ္မသန္တဿ''ဟူသော ပါဠိဖြင့် သမ္မသနဉာဏ်ဖြင့် ပွါးများ သုံးသပ်နည်းကို ပြ၏။ ''တေသ္ဝေ ပစ္စယဝသေန။ပ။ ဥဒယဗ္ဗယံ သမနုပဿန္တဿ'' ဟူသော ပါဠိဖြင့် ဥဒယဗ္ဗယဉာဏ်ဖြင့် ပွါးများသုံးသပ်နည်းကို ပြ၏။

ဤသို့ သမ္မသနဉာဏ်,ဥဒယဗ္ဗယဉာဏ် နှစ်ပါးဖြင့် ရုပ်နာမ်တို့၏ အဖြစ် အပျက်ကို အမြဲမပြတ် ရှုသော ယောဂီပုဂ္ဂိုလ်အား ဝိပဿနာ၏ ညစ်ညူးကြောင်းအညစ်အကြေးဖြစ်သော ဩဘာသ ပီတိ စသော တရား ၁၀-ပါးတို့သည် ဖြစ်ပေါ်၍ လာတတ်ကုန်၏။

ဤအကြောင်းတရားများ ဖြစ်ပေါ်လာသောအခါ ငါ့အား စင်စစ်အားဖြင့် ဤသို့ သဘောရှိသော ဩဘာသ စသည်တို့သည် ရှေးအခါက မဖြစ်ပေါ်ဘူးကုန်၊ မချွတ်လျှင် မဂ်ဖိုလ်သို့ ရောက်ပြီ-ဟု အထင်ရောက်တတ်၏၊ ထိုသို့ မယူဆဘဲ၊ ဤဩဘာသ စသည်တို့သည် တဏှာ, ဒိဋ္ဌိ, မာန, ဥပက္ကိလေသ သုံးပါးတို့၏ ဖြစ်ရာ အာရုံအကြောင်း ဖြစ်သောကြောင့် သစ္စာလေးပါးကို သိခြင်း၏ အကြောင်းဖြစ်သော မဂ် မဟုတ်၊ စင်စစ်သော်ကား—ဝိပဿနာ၏ ညစ်ညူးကြောင်း တရားတို့သည်သာတည်း၊ ထိုဝိပဿနာ၏ ညစ်ညူးကြောင်း အဖြစ်မှ လွတ်သော ဥဒယဗ္ဗယဝိပဿနာ၏ အစွမ်းဖြင့် ဝိပဿနာ ခရီးစဉ်သို့ သွားသော ဝိပဿနာ ဉာဏ်သည်သာလျှင် သစ္စာလေးပါးကို သိခြင်း၏ အကြောင်းဖြစ်သော မဂ်မည်၏-ဟူ၍ မဂ်ဟုတ်သည်၏ လက္ခဏာ, မဂ်မဟုတ်သည်၏ လက္ခဏာကို ပိုင်းခြား မှတ်သား ဆုံးဖြတ်သော ဉာဏ်သည် မဂ်-ဟုတ်သည် မဟုတ်သည်ကို သိတတ်ခြင်း, မဂ်မဟုတ်သည်၌ မဂ်-ဟု မှတ်သော သညာကို သုတ်သင်ခြင်းကြောင့် **မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ** မည်၏။

မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိမှ တပါး ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိကို ဆိုဦးအံ့—ထိုသို့သော အခြင်းအရာဖြင့် ဩဘာသ အစရှိသော ဆယ်ပါးသော ဝိပဿနာညစ်ညူးကြောင်း ဘေးရန်တို့မှ လွတ်သော ထိုယောဂီပုဂ္ဂိုလ်၏ အဖြစ်အပျက်ကို သိသောဉာဏ်မှ စ၍ သစ္စာနုလောမ ဉာဏ်တိုင်အောင် လက္ခဏာယာဉ်သုံးပါးကို ဝိပဿနာ အဆင့်ဆင့်ဖြင့် ကျင့်သော ယောဂီပုဂ္ဂိုလ်၏ ကိုးပါးသော ဝိပဿနာ ဉာဏ်တို့သည် **ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ** မည်၏။

---

## ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ အဘွင့်

**ယာဝ ါနုလောမာ**—ဟူသည်ကား၊ ဝါ-ဟူသောပုဒ်ကို သစ္စာနုလောမဉာဏ် ဖြစ်သည်တိုင်အောင်-ဟု အနက်ပေး။ **နဝ ဝိပဿနာဉာဏာနိ** ဟူသည်ကား၊ခန္ဓာတို့၏ ဖြစ်ခြင်းကိုငင်း၊ ပျက်ခြင်းကိုငင်း သိသော ဥဒယဗ္ဗယဉာဏ်ငင်း၊ ဖြစ်ခြင်းကိုလွှတ်၍ ဘင်မျှကိုသာ ရှုတတ်သော **ဘင်ဉာဏ်** ငင်း၊ ဘင်၏ အစွမ်းဖြင့် ထင်ကုန်သော တေဘုမ္မက တရားတို့၏ ခြင်္သေ့ အစရှိသည် တို့၏ ကြောက် အပ်သော အခြင်းအရာကို ရှုတတ်သော သူကဲ့သို့ ကြောက် အပ်သော အခြင်းအရာကို ရှုတတ်သော **ဘယဉာဏ်**ငင်း၊ ထိုသို့ ရှုအပ်ကုန်ပြီးသော တေဘုမ္မက တရားတို့၏ မီးလောင်သော အိမ်၏ အပြစ်ဖြစ်သော အခြင်းအရာကို ရှုသကဲ့သို့ အပြစ်သာလျှင် ဖြစ်သော အခြင်းအရာကို အဖန်တလဲလဲ ရှုတတ်သော **အာဒီနဝ ဉာဏ်** ငင်း၊ မြင်အပ်ပြီးသော အပြစ်ရှိသော တေဘုမ္မက တရားတို့၌ ငြီးငွေ့သည် အစွမ်းအားဖြင့် ဖြစ်သော **နိဗ္ဗိဒါဉာဏ်** ငင်း၊ ကွန် အစရှိသည်မှ ငါးအစရှိသည်တို့သည် လွတ်ခြင်းငှါ အလိုရှိကုန် သကဲ့သို့ တေဘုမ္မက တရားတို့မှ လွတ်ခြင်းငှါအလိုရှိသည် အဖြစ်၏ အစွမ်းအားဖြင့် ဖြစ်သော **မုဉ္စိတုကမျတာ ဉာဏ်** ငင်း၊ တေဘုမ္မက တရားတို့မှ လွတ်ခြင်း၏ အကြောင်းကို ပြည့်စုံစေခြင်းငှါ မြင်အပ် ပြီးသော အပြစ်ရှိကုန်သော တေဘုမ္မက တရားတို့၌လည်း သမုဒ္ဒရာကို ကြည့်သော ကျီးမကဲ့သို့ အဖန်တလဲလဲ သုံးသပ်သည်

အစွမ်းအားဖြင့် ဖြစ်သော **ပဋိသင်္ခါနုပဿနာဉာဏ်**၎င်း၊ စွန့်အပ်သော မယားရှိသော ယောကျ်ားကဲ့သို့ မြင်အပ်သော အပြစ်ရှိကုန်သော ထိုသင်္ခါရတို့၌ လျစ်လျူရှုသော အခြင်းအရာအားဖြင့် ဖြစ်သော **သင်္ခါရုပေက္ခာဉာဏ်**၎င်း၊ အနိစ္စ စသော လက္ခဏာကို ရှုသည့် အဖြစ်အားဖြင့် အောက်၌ ဖြစ်ကုန်သော ရှစ်ပါးကုန်သော ဝိပဿနာဉာဏ်တို့အားငြင်း၊ အထက်၌ မဂ်ခဏ၌ ရအပ်ကုန်သော ၃၇-ပါးသော ဗောဓိပက္ခိယ တရားတို့အား၎င်း လျော်ခြင်းကြောင့် မဂ္ဂဝီထိ၌ ဂေါတြဘုမှ ရှေ့၌ဖြစ်သော သစ္စာနုလောမိကဉာဏ်-ဟု ဆိုအပ်သော ကိုးခုမြောက်သော အနုလောမဉာဏ်၎င်း၊ ဤသို့သော အပြားအားဖြင့် ဤကိုးပါးသော ဝိပဿနာဉာဏ်တို့သည် မဂ်တည်းဟူသော ဉာဏ်အမြင် စင်ကြယ်ခြင်း၏ အကျင့်ဖြစ်သောကြောင့်၎င်း၊ လက္ခဏာရေးသုံးပါးကို သိခြင်းတည်းဟူသော အနက်ကြောင့်၎င်း၊ မျက်မှောက်အားဖြင့် မြင်သော အနက်ကြောင့်၎င်း၊ ဆန့်ကျင်ဘက်မှ စင်ကြယ်ခြင်းကြောင့်၎င်း၊ **ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ**[၁] မည်၏။

---

၁—အောက်က ပြဆိုအပ်ပြီးသော အကိုင်း ဝိပဿနာ၏ ညစ်ညူးကြောင်း ဩဘာသ စသော ဆယ်ပါးသော ဘေးရန်တို့မှ လွတ်ပြီးသော ဥဒယဗ္ဗယဉာဏ်နှင့် ကောင်းစွာ ပြည့်စုံသော ယောဂီပုဂ္ဂိုလ်သည်—

(၁) ဥဒယဗ္ဗယဉာဏ်။

(၂) ခန္ဓာငါးပါးတို့၏ ပျက်ခြင်းမျှ ရှုတတ်သော ဘင်ဉာဏ်။

(၃) ခြင်္သေ့စသည်ဘို့၏ ကြောက်စရာ အခြင်းအရာကို ရှုသကဲ့သို့ ဘင်၏ အစွမ်းအားဖြင့် ထင်ကုန်သော သင်္ခါရတို့၏ ကြောက်မက်ဘွယ် အခြင်းအရာကို ရှုသော ဘယဉာဏ်။

(၄) မီးလောင်သော အိမ်ရှင်သည် မီးလောင်သော အိမ်၌ အပြစ်ကို ရှုသကဲ့သို့ ကြောက်ဘွယ် အခြင်းအရာဖြင့် အဖန်တလဲလဲ ဘယဉာဏ်ဖြင့် ရှုအပ် ထင်အပ်ပြီးသော သင်္ခါရတို့၏ အပြစ်ကို အဖန်တလဲလဲ ရှုတတ်သော အာဒီနဝဉာဏ်။

(၅) မြင်အပ်ပြီးသော အပြစ်ရှိသော သင်္ခါရတရားတို့၌ ငြီးငွေ့သည်၏ အစွမ်းအားဖြင့် ဖြစ်သော နိဗ္ဗိဒါဉာဏ်။

(၆) ငါးစသော သတ္တဝါတို့သည် ပိုက်ကွန် စသည်မှ လွတ်လိုကုန်သကဲ့သို့ တေဘူမကသင်္ခါရတို့မှ လွတ်ခြင်းငှါ အလိုရှိသည့် အစွမ်းအားဖြင့် ဖြစ်သော မုစ္စိတုကမျတာဉာဏ်။

(၇) တေဘူမက သင်္ခါရတရားတို့မှ လွတ်ခြင်း၏ အကြောင်းကို ပြည့်စုံစေခြင်းငှါ မြင်အပ်ပြီးသော အပြစ်ရှိကုန်သော တေဘူမက တရားတို့၌ သမုဒ္ဒရာကို ကြည့်သော ကျီးမကဲ့သို့ အဖန်တလဲလဲ သုံးသပ်သည့် အစွမ်းအားဖြင့် ဖြစ်သော **ပဋိသင်္ခါနုပဿနာဉာဏ်**။

## ဉာဏဒဿနဝိသုဒ္ဓိ

၅၇။ ။တဿေဝံ ပဋိပန္နဿ ဿ ပန ဝိပဿနာ ပရိပါက-
မာဂမ္မ ဣဒါနိ အပ္ပနာ ဥပ္ပဇ္ဇိဿတီတိ ဘဝင်္ဂံ
ဝေါစ္ဆိန္ဒိတွာ ဥပ္ပန္န မနောဒွါရာဝဇ္ဇနာနန္တရံ ဒွေ
တီဏိ ဝိပဿနာ စိတ္တာနိ ယံကိဉ္စိ အနိစ္စာဒိလက္ခဏ-
မာရဗ္ဘ ပရိကမ္မောပစာရ နုလောမ နာမေန
ပဝတ္တန္တိ။

ပဋိပဒါ ဉာဏဒဿန ဝိသုဒ္ဓိမှ တပါး ဉာဏဒဿန ဝိသုဒ္ဓိကို ဆိုဦးအံ့—ဤသို့ ဆိုအပ်ပြီးသော နည်းဖြင့် ကျင့်သော ထိုယောဂီပုဂ္ဂိုလ်အား ဝိပဿနာ-ဟု ဆိုအပ်သော သင်္ခါရုပေက္ခာဉာဏ်၏ ရင့်ခြင်းကိုစွဲ၍ ယခုအခါ၌ အပ္ပနာ-ဟု ဆိုအပ်သော လောကုတ္တရာ မဂ်သည် ဖြစ်လတ့ံ၊ ဤသို့ ဆိုလတ့ံသော ခဏ၌ ဘဝင်အယဉ်ကို ဖြတ်၍ ဖြစ်သော မနောဒွါရာဝဇ္ဇန်း၏ အခြားမဲ့၌ နှစ်ကြိမ် သုံးကြိမ်သော ဝိပဿနာစိတ်တို့သည် အမှတ်မရှိ တခုခုသော အနိစ္စ အစရှိသော လက္ခဏာကို အာရုံပြု၍ ပရိကံ,ဥပစာ,အနုလုံ-ဟူသော အမည်ဖြင့် ဖြစ်ကုန်၏။

---

(၁) စွန့်အပ်ပြီးသော မယားရှိသော ယောက်ျားသည် ထိုမယား၌ လျစ်လျူရှုသကဲ့သို့ မြင်အပ်ပြီးသော အပြစ်ရှိသော သင်္ခါရတရားတို့၌ လျစ်လျူရှုသော အခြင်းအရာအားဖြင့် ဖြစ်သော သင်္ခါရုပေက္ခာဉာဏ်။

(၉) အနိစ္စအစရှိသော လက္ခဏာကို ရှုသည်၏ အဖြစ်အားဖြင့် အောက်၌ ဖြစ်ကုန်သော ရှစ်ပါးကုန်သော ဝိပဿနာဉာဏ်တို့အားငှင်း, အထက်မဂ်ခဏ၌ ရအပ်ကုန်သော ၃၇-ပါးသော ဗောဓိပက္ခိယ တရားတို့အားငှင်း လျော်သော အနုလောမဉာဏ်။

ဤဉာဏ်ကိုးပါး ရင့်သန်အောင် အနိစ္စ,ဒုက္ခ,အနတ္တ-ဟူသော လက္ခဏာယာဉ် သုံးပါးသို့ တင်၍ ထပ်ကာ ထပ်ကာ အမြဲမပြတ် ကျင့်ကြံသော ယင်းဝိပဿနာဉာဏ် ၉-ပါးကို ပိုင်သော ယောဂီပုဂ္ဂိုလ်၏ ဝိပဿနာဉာဏ် ၉-ပါးတို့သည် မဂ်တည်း-ဟူသော ဉာဏ်အမြင် စင်ကြယ်ခြင်း၏ အကျင့်ဖြစ်သောကြောင့်ငှင်း, မျက်မှောက် ထင်ထင် လက္ခဏာရေး သုံးပါးကို သိမြင်သဖြင့် ဆန့်ကျင်ဘက် ကိလေသာတို့မှ စင်ကြယ်ခြင်းကြောင့်ငှင်း ပဋိပဒါဉာဏဒဿန ဝိသုဒ္ဓိ မည်၏။

## ဉာဏဒဿနဝိသုဒ္ဓိ အဖွင့်

၅၇။ ။ဝိပဿနာ၏ ရင့်ခြင်းသည် ဝိပဿနာ ပရိပါက မည်၏။ သင်္ခါရုပေက္ခာဉာဏ်ကို ရ၏၊ ထိုသင်္ခါရုပေက္ခာဉာဏ်ကို စွဲ၍ **ဣဒါနိ အပ္ပနာ ဥပ္ပဇ္ဇိဿတိ**-ဟူသည်ကား၊ ယခုအခါ၌ အပ္ပနာ-ဟု ဆိုအပ်သော လောကုတ္တရာမဂ်သည် [၁] ဖြစ်လတံ့၊ ဤသို့ ဆိုအပ်သော ခဏ၌၊ **ယံ ကိဉ္စိ**-ဟူသည်ကား၊ ဝါ-သောပုဒ်ကို သင်္ခါရုပေက္ခာဉာဏ်ဖြင့် ယူအပ်ကုန်ပြီးသော သုံးပါးသော လက္ခဏာရေးတို့တွင် အမှတ်မရှိ တပါးပါးသော လက္ခဏာရေးကို-ဟု အနက်ပေး။

---

**၅၈။ ။ယာ သိခါပ္ပတ္တာ သာ, သာနုလောမာ သင်္ခါရုပေက္ခာ ဝုဋ္ဌာနဂါမိနီ ဝိပဿနာတိ စ ပဝုစ္စတိ။**

အကြင် သင်္ခါရတို့၌ လျစ်လျူရှုသော ဉာဏ်သည် ဝိပဿနာ၏ အထွဋ်အထိပ်သို့ ရောက်၏၊ သစ္စာနုလောမဉာဏ်နှင့် တကွ ဖြစ်သော ထိုသင်္ခါရတို့၌ လျစ်လျူရှုသော ဉာဏ်ကို "ဝုဋ္ဌာနဂါမိနီ ဝိပဿနာ"ဟူ၍ ဆိုအပ်၏။

---

၅၈။ ။ဝိပဿနာ၏ အပြီးသို့ ရောက်ခြင်းကြောင့် အထွဋ်အထိပ်သို့ ရောက်သော အနုလောမဉာဏ်နှင့် တကွ ဖြစ်သည် အဖြစ်ကြောင့် အနုလောမဉာဏ်နှင့် တကွ ဖြစ်သော သင်္ခါရတို့၌

---

၁—ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိဉာဏ်နှင့် ပြည့်စုံ၍ ဉာဏ်ကိုးပါး၏ တဘက်ကမ်းသို့ ရောက်ပြီးသော ယောဂီပုဂ္ဂိုလ်အား သင်္ခါရုပေက္ခာဝိပဿနာဉာဏ် ရင့်သန်၍ လောကုတ္တရာ သောတာပတ္တိမဂ် ဟူသော အပ္ပနာဖြစ်လိုလတ်သော် ထိုအပ္ပနာ မဖြစ်မီ ရှေးဦးစွာ ဘဝင်စလန, ဘဝင်္ဂုပစ္ဆေဒ နှစ်ကြိမ် ဖြစ်၍ ချုပ်လေ၏၊ ထို့နောက် တေဘူမကသင်္ခါရ တရားတို့တွင် တပါးပါးကို အာရုံပြု၍ မနောဒွါရာဝဇ္ဇန်း ဖြစ်၍ ချုပ်၏၊ ထို့နောက် အမှတ်မရှိ တခုခုသော အနိစ္စ, ဒုက္ခ, အနတ္တလက္ခဏာ သုံးပါးကို အာရုံပြု၍ ပရိကံ, ဥပစာ, အနုလုံ သုံးကြိမ်ဖြစ်၍ ချုပ်၏။

လျစ်လျူရှုသည့် အဖြစ်ကြောင့် ထိုသင်္ခါရုပေက္ခာ ဉာဏ်ကိုသာလျှင် အကြွင်းသို့သော မဂ်အားလျော်စွာ ထသည်၏ အဖြစ်အားဖြင့် အပါယ် စသည်မှုငင်း, သင်္ခါရ တရား-ဟု ဆိုအပ်သော အာရုံမှုငင်း ထခြင်းကြောင့် **ဝုဋ္ဌာန**-ဟု ဆိုအပ်သော မဂ်သို့ ရောက်သောကြောင့် **ဝုဋ္ဌာနဂါမိနီ**[၁]ဟု ဆိုအပ်၏။

---

**၅၉။ ။တတော ပရံ ဂေါတြဘုစိတ္တံ နိဗ္ဗာနမာလမ္ဗိတွာ ပုထုဇ္ဇနဂေါတ္တမဘိဘဝန္တံ အရိယဂေါတ္တမဘိ-သမ္ဘောန္တဉ္စ ပဝတ္တတိ။**

ထိုဝုဋ္ဌာနဂါမိနီ ဝိပဿနာ ဇောစိတ် နှစ်ကြိမ် သုံးကြိမ် ဖြစ်သည်မှ နောက်၌ ဂေါတြဘုစိတ်သည် နိဗ္ဗာန်ကို အာရုံပြု၍ ပုထုဇ္ဇန် အနွယ်ကို နှိပ်စက်သည်ဖြစ်၍ငင်း၊ အရိယအနွယ်သို့ ရောက်သည် ဖြစ်၍ငင်း ဖြစ်ပေါ်၏။

---

၅၉။ ။**အဘိသမ္ဘောန္တံ**-ဟူသည်ကား၊ ဝါ-ဟူသော ပုဒ်ကို ရောက်သည်ဖြစ်၍-ဟု အနက်ပေး။

---

## မဂ်စိတ်ဖြစ်ပုံ

**၆၀။ ။တဿာ နန္တရမေဝ မဂ္ဂေါ ဒုက္ခသစ္စံ ပရိဇာနန္တော, သမုဒယသစ္စံ ပဇဟန္တော, နိရောဓသစ္စံ သစ္ဆိကရောန္တော, မဂ္ဂသစ္စံ ဘာဝနာဝသေန အပ္ပနာဝီထိ မောတရတိ။**

---

၁—ဝိပဿနာဉာဏ်တို့တွင် အနုလောမဉာဏ်နှင့် သင်္ခါရုပေက္ခာဉာဏ် ၂-ပါးသည် ဝိပဿနာ အကျင့်၏ လမ်းဆုံးသို့ ရောက်ပြီဖြစ်သောကြောင့် ''သိခါပတ္တ''-ဟု မိန့်ဆိုအပ်၏၊ ၎င်းဉာဏ် ၂-ပါးသို့ ရောက်သော ယောဂီပုဂ္ဂိုလ်သည် ကမ္မဋ္ဌာန်း ကျင့်တန်း လမ်းဆုံးသို့ ရောက်လေတော့၏၊ ၎င်းဉာဏ် ၂-ပါးသည် အပါယ်စသော ဘေးမှုငင်း, သင်္ခါရစသောနိမိတ်မှုငင်း ကင်းလွတ်, ထမြောက်သော တရား-ဟု ဆိုအပ်သော ဝုဋ္ဌာန မည်သော မဂ်သို့ ရောက်ကြောင်း ဝိပဿနာ ဖြစ်သောကြောင့် **ဝုဋ္ဌာနဂါမိနီဝိပဿနာ** မည်၏။

ထိုဂေါတြဘုစိတ်၏ အခြားမဲ့၌သာလျှင် သောတာပတ္တိမဂ်သည် ဒုက္ခသစ္စာကို ပိုင်းခြား၍ သိလျက် သမုဒယသစ္စာကို ပယ်လျက် နိရောဓသစ္စာကို မျက်မှောက်ပြုလျက် မဂ္ဂသစ္စာကို ပွါးစေသည်၏ အစွမ်းဖြင့် အပ္ပနာဝီထိသို့ သက်၏။

## မဂ်စိတ်ဖြစ်ပုံ အဘွင့်

၆၀။ ။**ပရိဇာနန္တော**-ဟူသည်ကား၊ ဝါ-ဟူသောပုဒ်ကို ဒုက္ခသည် ဤမျှ အတိုင်းအရှည်သာတည်း၊ ဤထက် အယုတ်အလွန်သည် မရှိ၊ ဤသို့ ပိုင်းခြား၍ သိသည် ဖြစ်၍-ဟု အနက်ပေး။ **သစ္ဆိကရောန္တော**-ဟူသည်ကား၊ ဝါ-ဟူသောပုဒ်ကို အာရုံပြုသည် အစွမ်းအားဖြင့် မျက်မှောက်ပြုလျက်-ဟု အနက်ပေး။ **မဂ္ဂသစ္စံ ဘာဝနာဝသေန**-ဟူသည်ကား၊ ဝါ-ဟူသောပုဒ်ကို သမ္မာဒိဋ္ဌိနှင့် ယှဉ်သော မဂ္ဂင်-ဟုဆိုအပ်သော လေးခုမြောက်ဖြစ်သော သစ္စာကို သဟဇာတ အစရှိသော ပစ္စည်းဖြစ်၍ ပွါးစေခြင်း၏ အစွမ်းအားဖြင့်-ဟု အနက်ပေး။

တခုသာလျှင် ဖြစ်သော ဉာဏ်၏ လေးပါးသော ကိစ္စကို ပြီးစေခြင်းကို ဆိမီး အစရှိသည်တို့၏ ဆိမီးစာကို လောင်ခြင်း အစရှိသော လေးပါးသော[၁] ကိစ္စကို ပြုခြင်းကြောင့်၎င်း၊ "ယောဘိက္ခဝေ ဒုက္ခံ ပဿတိ" ဤသို့ အစရှိသော အာဂမပါဠိကြောင့်၎င်း ဝန်ခံအပ်၏။

## ဖိုလ်စိတ်ဖြစ်ပုံ

၆၁။ ။**တတော ပရံ ဒွေ တီဏိ ဖလစိတ္တာနိ ပဝတ္တိတွာ ဘဝင်္ဂပါတော ဟောတိ။**

၁—ထိုဂေါတြဘု စိတ်၏ အခြားမဲ့၌ ဒုက္ခသစ္စာကား—လောကီစိတ် ၈၁-ခု, လောဘကြဉ်သော စေတသိက် ၅၁-ပါး, ရုပ် ၂၈-ပါးသာတည်း၊ ထိုထက် အယုတ်အလွန် မရှိ-ဟု ပိုင်းခြား၍ သိ၏၊ သမုဒယသစ္စာကို ပယ်လျက် နိဗ္ဗာန်ကို အာရုံပြုသည် အစွမ်းဖြင့် မျက်မှောက်ပြု၍ သမ္မာဒိဋ္ဌိပညာဉာဏ်သည် မိမိနှင့် ယှဉ်ဘက်ဖြစ်သော သမ္မာ-သင်္ကပ္ပ စသော ၇-ပါးသော မဂ္ဂသစ္စာတို့နှင့် သဟဇာတ စသော ပစ္စည်းအဖြစ် အတူတကွ ဖြစ်၍ ၎င်းမဂ္ဂသစ္စာတို့ကို ပွါးစေသည် အစွမ်းဖြင့် သောတာပတ္တိမဂ်-ဟူသော အပ္ပနာသည် ဖြစ်ပေါ်လာ၏—ဟူလို။

ထိုသောတာပတ္တိမဂ် အပ္ပနာဝီထိသို့ ရောက်သည်မှ နောက်၌ နှစ်ကြိမ်, သုံးကြိမ်သော သောတာပတ္တိ ဖိုလ်စိတ်တို့သည် ဖြစ်၍ ဘဝင်ကျသည်သာတည်း။

## ဖိုလ်စိတ်ဖြစ်ပုံ အဘွင့်

၆၁။ ။**ဒွေ တီဏိ။ ပ။ ပဝတ္တိတွာ**-ဟူသည်ကား၊ မဂ်ဖြစ်ခြင်း အား လျော်သောအားဖြင့် နှစ်ကြိမ်လည်း ဖြစ်ကုန်သော သုံးကြိမ်လည်း ဖြစ်ကုန်သော ဖိုလ်စိတ်တို့သည်[၁] ပယ်ပြီးသော မီးရှိသော အရပ်၌ အပူကို ငြိမ်းစေခြင်းငှါ အိုးတို့ဖြင့် သွန်းလောင်းအပ်သော ရေကဲ့သို့ အကြွင်းမဲ့ ဖြတ်အပ်ပြီးသော ကိလေသာရှိသော သန္တာန်၌လည်း ကိလေသာ-ဟူသော ပူပန်ခြင်းကို ငြိမ်းစေတတ်ကုန်သည် ဖြစ်၍ ထိုဖိုလ်စိတ်တို့၏ ဖြစ်ခြင်းကြောင့်၊ ဤသို့သော အနက် အဓိပ္ပါယ်ကို ဆိုလို၏။

## ပစ္စဝေက္ခဏာဉာဏ်ဖြစ်ပုံ

**၆၂။ ။ပုန ဘဝင်္ဂံ ဝေါစ္ဆိန္ဒိတွာ ပစ္စဝေက္ခဏာဉာဏာနိ ပဝတ္တန္တိ။**

တဖန် ဘဝင်ကို ဖြတ်၍ ပစ္စဝေက္ခဏာဉာဏ်တို့သည် ဝါ-မဂ် ဖိုလ် နိဗ္ဗာန်ကို ဆင်ခြင်သော ဉာဏ်တို့သည် ဖြစ်ကုန်၏။

## ပစ္စဝေက္ခဏာဉာဏ်ဖြစ်ပုံ အဘွင့်

၆၂။ ။**ပစ္စဝေက္ခဏာဉာဏာနိ**—ဟူသည်ကား၊ ဝါ—ဟူသော ပုဒ်ကို မဂ် ဖိုလ် အစရှိသည်လျှင် အာရုံရှိကုန်သော ကာမာဝစရ

---

၁—ထိုသောတာပတ္တိမဂ်စိတ် ဖြစ်ပြီးသည်မှ နောက်၌ နှစ်ကြိမ် သုံးကြိမ်ကုန်သော သောတာပတ္တိဖိုလ်စိတ် တို့သည် ဖြစ်ကုန်၏၊ ထို့နောက် ဘဝင်ကျ၏၊ တဖန် ဘဝင်ကို ဖြတ်၍ မဂ်, ဖိုလ်, နိဗ္ဗာန်ကို ဆင်ခြင်သော ပစ္စဝေက္ခဏာဉာဏ်တို့သည် ဖြစ်ကုန်၏—ဟူလို။

အဘယ့်ကြောင့် ဖိုလ်စိတ်တို့သည် မဂ်က ပယ်ပြီး ဖြစ်ပါလျက် ထပ်၍ ဖြစ်ရပါသနည်း-ဟူမူ၊ မီးကို သတ်ပြီးသော်လည်း မီး၏ အပူရှိန် ငြိမ်းရေန် အိုးတို့ဖြင့် သွန်းလောင်းအပ်သော ရေကဲ့သို့ ကိလေသာတို့ကို ပယ်အပ်ပြီးသော်လည်း သန္တာန်ဝယ် ကိလေသာ အပူရှိန် ငြိမ်းစေရေန် ဖိုလ်စိတ် ၂-ကြိမ်, ၃-ကြိမ် ဖြစ်ရ၏-ဟု မှတ်။

ဉာဏ်တို့သည်-ဟု အနက်ပေး။ အကြင် ပစ္စဝေက္ခဏာဉာဏ်[1]တို့ကို ရည်ရွယ်၍ "ဝိမုတ္တသ္မိံ ဝိမုတ္တမိတိ ဉာဏံဟောတိ"ဟု ဟောတော်မူအပ်၏။

---

**၆၃။ ။မဂ္ဂံ ဖလဉ္စ နိဗ္ဗာနံ၊ ပစ္စဝေက္ခတိ ပဏ္ဍိတော။**
**ဟီနေကိလေသေ သေသေစ၊ ပစ္စဝေက္ခတိ ဝါ နဝါ။**

ပညာရှိသော အရိယာပုဂ္ဂိုလ်သည် မဂ်ကိုငင်း၊ ဖိုလ်ကိုငင်း၊ နိဗ္ဗာန်ကိုငင်း ဆင်ခြင်၏၊ ပယ်အပ်ကုန်ပြီးသော ကိလေသာတို့ကိုငင်း၊ ကြွင်းကုန်သော ကိလေသာတို့ကိုငင်း ဆင်ခြင်သည်လည်း ရှိ၏၊ မဆင်ခြင်သည်လည်း ရှိ၏။

---

၆၃။ ။ယခုအခါ၌ ပစ္စဝေက္ခဏာဉာဏ်၏ အာရုံကို ပြခြင်းငှါ **မဂ္ဂံဖလဉ္စ**-၎သို့ အစရှိသော စကားကို မိန့်ဆိုအပ်၏၊ ထိုစကား၌ အနက်ကို ၎သို့ သိအပ်၏၊ ငါသည် ၎မဂ်ဖြင့် လာသတတ်-ဟု မဂ်ကို ဆင်ခြင်၏၊ ထို့နောက်မှ ငါသည် ၎အကျိုးကို ရအပ်၏-ဟု ထိုမဂ်၏ ဖိုလ်ကို ဆင်ခြင်၏၊ ထို့နောက်မှ ငါသည် ၎မည်သော တရားကို အာရုံအားဖြင့် မျက်မှောက် ပြုအပ်ပြီ-ဟု နိဗ္ဗာန်ကိုလည်း[2] ပညာရှိ အရိယာပုဂ္ဂိုလ်သည် ဆင်ခြင်၏၊ ထို့နောက်မှ

---

၁—ပစ္စဝေက္ခဏာဉာဏ်တို့ကား—ဝမ်းမြောက်ဝမ်းသာ ငါသည် ကိလေသာတို့မှ လွတ်ရပေပြီ-ဟု မိမိရသော မဂ်, ဖိုလ်, နိဗ္ဗာန်တို့ကို ဆင်ခြင်သော ကာမာဝစရဉာဏ်များ ဖြစ်ကုန်၏—ဟူလို။

၂—ဝိပဿနာဉာဏ် ပိုင်၍ သောတာပန်အရိယာ အဖြစ်သို့ ရောက်သော ယောဂီပုဂ္ဂိုလ်သည် "ငါသည် ၎သောတာပတ္တိမဂ်ကို ရအပ်ပေပြီ" ဟု မိမိရသော မဂ်ကို ဆင်ခြင်၏၊ ထိုနောက် "ငါသည် ၎လောကုတ္တရာ အကျိုးတရားကို ရအပ်ပေပြီ" ဟု ဖိုလ်ကို ဆင်ခြင်၏၊ ထိုနောက် "ငါသည် ဘဝတိုင်း ဘဝတိုင်း မပြတ်လိုက်ခါ နှိပ်စက်၍ နေသော ၎မည်သော ကိလေသာ ရန်သူကို ပယ်အပ်ပေပြီ"ဟု ပယ်အပ်သော ကိလေသာတို့ကို ဆင်ခြင်၏၊ ထိုနောက် "ငါ့အား ၎မည်သော ကိလေသာတို့ကား၊ ကြွင်းကျန်လျက်ရှိကုန်သေး၏"ဟု ကြွင်းကျန်သော ကိလေသာတို့ကို ဆင်ခြင်၏၊ နောက်ဆုံး၌ "ငါသည် ၎ထူးမြတ်လှစွာသော နိဗ္ဗာန် အမြိုက်တရားကို အာရုံ ပြုသောအားဖြင့် ရအပ်ပေပြီ"ဟု နိဗ္ဗာန်ကို ဆင်ခြင်၏။

သို့သော် ဇီဝိတ, သမ္မသီတိ အရိယာနှင့် ကိလေသာ ဝေဘန်ခြင်းတို့ကို မဆင်ခြင်လိုကုန်သော အရိယာပုဂ္ဂိုလ်တို့သည် ကြွင်းသော ကိလေသာတို့ကို မဆင်ခြင်ကုန်-ဟူသော အဓိပ္ပါယ်ကို နဝါ-ဟူသော ပါဌ်ဖြင့် ပြ၏-ဟု မှတ်။

ငါသည် ဤကိလေသာတို့ကို ပယ်အပ်ကုန်ပြီ-ဟု ပယ်အပ်ကုန်ပြီး သော ကိလေသာတို့ကို ဆင်ခြင်၏၊ ဤကိလေသာတို့သည် ကြွင်း ကုန်၏-ဟု ကြွင်းသော ကိလေသာတို့ကို ဆင်ခြင်သည်လည်းရှိ၏၊ မဆင်ခြင်သည်လည်းရှိ၏၊ အချို့သော သေက္ခပုဂ္ဂိုလ်သည် ဆင်ခြင်၏၊ အချို့သော သေက္ခပုဂ္ဂိုလ်သည် မဆင်ခြင်၊ ထိုဆင်ခြင်ခြင်း၌ ထို သေက္ခတို့အား မိမိအလိုအားဖြင့် ဖြစ်တတ်၏၊ဤသည်လျှင် အဓိပ္ပါယ် တည်း၊ ထို့ကြောင့်သာလျှင် မဟာနာမ် အမည်ရှိသော သာကီ ဝင်သည် အရှင်ဘုရား အကျွန်ုပ်တို့သည် နာချင်ပါ၏၊ အကျွန်ုပ်သည် မိမိသန္တာန်၌ ဖြစ်သော အဘယ်ကိလေသာကို မပယ်အပ်ပါသနည်း ဤသို့ မပယ်အပ်သေးကုန်သော ကိလေသာတို့ကို မေးလျှောက်၏။

(အကျယ်ကို မူလပဏ္ဏာသ ပါဠိတော် စူဠဒုက္ခက္ခန္ဓသုတ်အဋ္ဌကထာ မဟာနာမ် လျှောက်ခမ်းမှာ ကြည့်ပါ။)

ရဟန္တာပုဂ္ဂိုလ်အားကား ကြွင်းသော ကိလေသာတို့ကို ဆင်ခြင် ခြင်းမရှိ၊ အဘယ့်ကြောင့် ဆိုသော် အလုံးစုံသော ကိလေသာတို့ကို ပယ်အပ်ပြီးသည် အဖြစ်ကြောင့်တည်း၊ ထို့ကြောင့် သေက္ခပုဂ္ဂိုလ် သုံးယောက် တို့အား ၁၅-ပါးသော ပစ္စဝေက္ခဏာဉာဏ် တို့ရင်း၊ ရဟန္တာပုဂ္ဂိုလ်အား ၄-ပါးသော ပစ္စဝေက္ခဏာဉာဏ်တို့ရင်း၊ ဤသို့ တခုယုတ်နှစ်ဆယ်သော ပစ္စဝေက္ခဏာဉာဏ်တို့သည် ဖြစ်ကုန်၏၊ ဤသို့သော အဆုံးအဖြတ်ကို မှတ်အပ်၏။

---

**၆၄။ ။ဆမ္ပိသုဒ္ဓိ ကမေနေဝံ၊ ဘာဝေတဗ္ဗော စတုဗ္ဗိဓော။**
**ဉာဏဒဿနဝိသုဒ္ဓိ၊ နာမ မဂ္ဂေါ ပဝုစ္စတိ။ ။**
**အယမေတ္ထ ဝိသုဒ္ဓိဘေဒေါ။**

ဤဆိုအပ်ခဲ့ပြီးသော နည်းဖြင့် ခြောက်ပါးသော ဝိသုဒ္ဓိအစဉ်ဖြင့် ပွါးစေအပ်သော ၄-ပါး အပြားရှိသော မဂ်ကို ဉာဏဒဿန ဝိသုဒ္ဓိ မည်၏-ဟူ၍ ဝါ-နိဗ္ဗာန်ကို သိမြင်နိုင်သော မဂ်ဉာဏ်၏ စင်ကြယ်သော နိဗ္ဗာန်ကို သိမြင်နိုင်သော မဂ်ဉာဏ်မည်၏-ဟူ၍ ဆိုအပ်၏။

ဤဝိပဿနာကမ္မဋ္ဌာန်း၌ ဤဆိုအပ်ပြီးသောနည်းသည် ဝိသုဒ္ဓိ အပြားတည်း။

၆၄။ ။**ဆဗ္ဗိသုဒ္ဓိကမေန**-ဟူသည်ကား၊ ဝါ-ဟူသောပုဒ်ကို သီလဝိသုဒ္ဓိ စိတ္တဝိသုဒ္ဓိတို့၏အစွမ်းဖြင့် အရင်းဖြစ်ကုန်သော နှစ်ပါးကုန်သော ဝိသုဒ္ဓိတို့၏ငှင်း၊ ဒိဋ္ဌိဝိသုဒ္ဓိ အစရှိသည်တို့၏ အစွမ်းဖြင့် ကိုယ်ဖြစ်၍ ဖြစ်ကုန်သော ၄-ပါးကုန်သော ဝိသုဒ္ဓိတို့၏ငှင်း၊ ဤသို့ ၆-ပါးကုန်သော ထိုဝိသုဒ္ဓိတို့၏ အစဉ်အားဖြင့်-ဟု အနက်ပေး။

လေးပါးသော သစ္စာတို့ကို မျက်မှောက် ပြုတတ်သောကြောင့် ငှင်း၊ ကိလေသာ အညစ်အကြေးတို့မှ စင်ကြယ်သောကြောင့်ငှင်း **ဉာဏဒဿနဝိသုဒ္ဓိ**[၁]မည်၏၊ဧတ္ထ-ဟူသည်ကား၊ ဝါ-ဟူသောပုဒ်ကို ဝိပဿနာ ကမ္မဋ္ဌာန်း၌-ဟု အနက်ပေး။

သတ္တဝိသုဒ္ဓိနိဒ္ဒေသ အဘွင့်ပြီး၏။

---

## ဝိမောက္ခဘေဒ

**၆၅။ ။တတ္ထ အနတ္တာနုပဿနာ အတ္တာဘိနိဝေသံ မုဉ္စန္တီ သုညတာနုပဿနာနာမ ဝိမောက္ခမုခံ ဟောတိ။**

ထိုဝိပဿနာသုံးပါး ဝိမောက္ခသုံးပါးတို့တွင် ငါ၏ကိုယ်-ဟု မြဲမြဲစွာ နှလုံးသွင်းခြင်းကို စွန့်တတ်သော ကိုယ်မဟုတ်-ဟု ဖြစ်သော အဖန်တလဲလဲ ရှုခြင်းသည် သုညတာနုပဿနာ မည်သော၊ ဝါ အတ္တမှဆိတ်သော အခြင်းအရာဖြင့် အဖန်တလဲလဲ ရှုတတ်သော ဝိမောက္ခမုခသည်၊ ဝါ-ဆန့်ကျင်ဘက် ကိလေသာတို့မှ လွတ်ဆဲ ဖြစ်သော မဂ်, လွတ်ပြီးဖြစ်သော ဖိုလ်၏ အကြောင်း ဖြစ်၏။

---

၁-သီလဝိသုဒ္ဓိ, စိတ္တဝိသုဒ္ဓိ-ဟု ဆိုအပ်သော အရင်းမူလ ဖြစ်သော ဝိသုဒ္ဓိ ၂-ပါး၊ ဒိဋ္ဌိဝိသုဒ္ဓိ, ကင်္ခါဝိတရဏဝိသုဒ္ဓိ, မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ, ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ ဟူကုန်သော မဂ်တည်းဟူသော ဉာဏဒဿနဝိသုဒ္ဓိဖြစ်ရန် နီးစွာသော အကြောင်းရင်း ဖြစ်၍ ကိုယ်သဘွယ် ဖြစ်ကုန်သော ၄-ပါးသော ဝိသုဒ္ဓိ၊ ဤသို့ မူလဝိသုဒ္ဓိ ၂-ပါး၊ ကာယဝိသုဒ္ဓိ ၄-ပါးအားဖြင့် ခြောက်ပါးသော ဝိသုဒ္ဓိအစဉ်ဖြင့် ပွါးများ အားထုတ်၍ ဖြစ်ပေါ်လာသော မဂ်လေးပါးသည် သစ္စာလေးပါးတို့ကို သိတတ်သောကြောင့်ငှင်း, မျက်မှောက် ပြုတတ်သောကြောင့်ငှင်း, ကိလေသာ အညစ်အကြေးတို့မှ စင်ကြယ်သောကြောင့်ငှင်း, **ဉာဏဒဿနဝိသုဒ္ဓိ** မည်၏-ဟူလို။

## ဝိမောက္ခဘေဒအဘွင့်

၆၅။ ။ထိုဥဒ္ဒေသ၌ သင်္ခါရတို့၌ အတ္တ-ဟူ၍ စွဲလမ်းခြင်း-ဟု ဆိုအပ်သော ငါ၏ ဤကိုယ်သည် အမှုကို ပြုတတ်၏၊ ကံ၏ အကျိုးကို ခံစားတတ်၏၊ ဤသို့ အကြင်မြဲစွာ စွဲလမ်းခြင်းသည် ရှိ၏၊ ထိုအတ္တ-ဟု စွဲလမ်းခြင်းကို လွတ်၍ အနတ္တ-ဟူ၍ ဖြစ်သော အနုပဿနာ သည်သာလျှင် အတ္တမှဆိတ်သော အခြင်းအရာကို အဖန်တလဲလဲ ရှုခြင်းကြောင့် **သုညတာ နုပဿနာ** မည်သော မဂ် ဖိုလ်၏ အကြောင်း ဖြစ်၏။

ဆန့်ကျင်ဘက်မှ လွတ်သည် အစွမ်းအားဖြင့် **ဝိမောက္ခ**[၁]ဟု ဆိုအပ်သော လောကုတ္တရာ မဂ် ဖိုလ်၏ အကြောင်းဖြစ်၏။

---

**၆၆။ ။အနိစ္စာနုပဿနာ ဝိပလ္လာသ နိမိတ္တံ မုဉ္စန္တီ အနိမိတ္တာ နုပဿနာနာမ ဝိမောက္ခမုခံ ဟောတိ။**

ဝိပလ္လာသ နိမိတ်ကို ဝါ-ဖောက်ပြန်ကြောင်းဖြစ်သော သညာ, စိတ်, ဒိဋ္ဌိ တည်း-ဟူသော အကြောင်းကို စွန့်တတ်သော အမြဲမရှိ-ဟု အဖန်တလဲလဲ ရှုခြင်းသည် **အနိမိတ္တာနုပဿနာ** မည်သော၊ ဝါ ဝိပလ္လာသနိမိတ်မှ ကင်းသော အခြင်းအရာအားဖြင့် အဖန်တလဲလဲ ရှုတတ်သော ဝိမောက္ခမုခသည်၊ ဝါ-ဆန့်ကျင်ဘက် ဖြစ်သော ကိလေသာတို့မှ လွတ်ဆဲဖြစ်သော မဂ်, လွတ်ပြီးဖြစ်သော ဖိုလ်၏ အကြောင်းဖြစ်၏။

---

၆၆။ ။သင်္ခါရတို့၌ အနိစ္စ-ဟူ၍ ဖြစ်သော အနုပဿနာသည် မမြဲသည်၌ မြဲ၏-ဟူ၍ ဖြစ်သော **သညာဝိပလ္လာသ စိတ္တဝိပလ္လာသ ဒိဋ္ဌိဝိပလ္လာသ**-ဟု ဆိုအပ်သော ဖောက်ပြန်ခြင်း-ဟု ဆိုအပ်သော အကြောင်းကို လွတ်သည်ဖြစ်၍ ဝိပလ္လာသ-ဟု ဆိုအပ်သော

---

[၁] ထိုဥဒ္ဒေသ၌ ခန္ဓာငါးပါး သင်္ခါရတရားတို့၌ ငါ, ငါ၏ကိုယ်, ငါခံစားသည် ဟူသော နှလုံးသွင်းခြင်းကို ပယ်စွန့်၍ အနတ္တ, အနတ္တ-ဟု အဖန်တလဲလဲ စီးဖြန်း ပွါးများသော အနတ္တ ဝိပဿနာသည် အတ္တမှ ဆိတ်၍ မဂ်ဖိုလ်သို့ ရောက်ခြင်း၏ အကြောင်း ဖြစ်သောကြောင့် **သုညတဝိမောက္ခမုခ** မည်၏-ဟူလို။

အကြောင်းမှ ကင်းသော အခြင်းအရာကို အဖန်တလဲလဲ ရှုခြင်းကြောင့် **အနိမိတ္တာနုပဿနာ**[၁] မည်သော လောကုတ္တရာဖြစ်သော မဂ် ဖိုလ်၏အကြောင်း ဖြစ်၏၊ ဤသို့ စပ်ခြင်းကို ပြုအပ်၏။

---

**၆၇။ ။ဒုက္ခာနုပဿနာ တဏှာပဏိဓိံ မုဥ္စန္တီ အပ္ပဏိဟိတာနုပဿနာ နာမ ဝိမောက္ခမုခံ ဟောတိ။**

ကာမ ရူပ အရူပဘဝတို့၌ တပ်တတ်သော တဏှာ-ဟူသော တောင့်တခြင်းကို စွန့်တတ်သော ဆင်းရဲ၏-ဟု အဖန်တလဲလဲ ရှုခြင်းသည် **အပ္ပဏိဟိတာနုပဿနာ** မည်သော၊ ဝါ-တောင့်တခြင်းမှ ကင်းသော အခြင်းအရာဖြင့် အဖန်တလဲလဲ ရှုသော ဝိမောက္ခမုခသည် ဝါ-ဆန့်ကျင်ဘက် တောင့်တခြင်းမှ လွတ်ဆဲ လွတ်ပြီး ဖြစ်သော မဂ် ဖိုလ်၏ အကြောင်းဖြစ်၏။

---

၆၇။ ။ဒုက္ခ-ဟူ၍ ဖြစ်သော အနုပဿနာသည် သင်္ခါရတို့၌ ဤတရားသဘောသည် ငါ၏ဥစ္စာတည်း၊ ဤတရားသဘောသည် သုခတည်း၊ ဤသို့အစရှိသောနည်းဖြင့် ဖြစ်သော ကာမတဏှာ ဘဝတဏှာ-ဟု ဆိုအပ်သော တဏှာဖြစ်သော တောင့်တခြင်းကို ဒုက္ခ-ဟူ၍ အဖန်တလဲလဲ ရှုသဖြင့် စွန့်သည်ဖြစ်၍ တဏှာ-ဟူသော တောင့်တခြင်းမှ ကင်းသော အခြင်းအရာကို အဖန်တလဲလဲ ရှုခြင်းကြောင့် **အပ္ပဏိဟိတာနုပဿနာ** မည်သော **ဝိမောက္ခမုခ**[၂] ဖြစ်၏။

---

၁—ခန္ဓာငါးပါး ရုပ်နာမ်တရား၌ ဖောက်ပြန်ကြောင်း ဖြစ်သော မြဲ၏-ဟု မှတ်သော သညာဝိပလ္လာသ, မြဲ၏-ဟူသော စိတ္တဝိပလ္လာသ, မြဲ၏-ဟု ယူသော ဒိဋ္ဌိဝိပလ္လာသ သုံးပါးကို စွန့်၍ အနိစ္စ-ဟု အဖန်တလဲလဲ စီးဖြန်း ပွါးများသော အနိစ္စဝိပဿနာသည် ကိလေသာ ဖြစ်ရန် အကြောင်းမှ ကင်း၍ မဂ်ဖိုလ်သို့ ရောက်ခြင်းအကြောင်း ဖြစ်သောကြောင့် **အနိမိတ္တဝိမောက္ခမုခ** မည်၏။

၂—ကာမဘုံ, ရူပဘုံ, အရူပဘုံတို့၌ တပ်နှစ်သက်တတ်သော တဏှာဟူသော တောင့်တခြင်းကို စွန့်တတ်သော ဒုက္ခဝိပဿနာသည် တဏှာဟူသော တောင့်တခြင်း မရှိမူ၍ မဂ်ဖိုလ်သို့ ရောက်ခြင်းအကြောင်း ဖြစ်သောကြောင့် **ဝိမောက္ခမုခ** မည်၏။

**၆၈။ ။တသ္မာ ယဒိ ဝုဋ္ဌာနဂါမိနီ ဝိပဿနာ အနတ္တတော ဝိပဿတိ၊ သုညတော ဝိမောက္ခောနာမ ဟောတိ မဂ္ဂေါ။**

ထို့ကြောင့် ဝုဋ္ဌာနဂါမိနီဝိပဿနာသည်၊ ဝါ-အပါယ် အစ ရှိသည်တို့မှ၎င်း၊ သင်္ခါရနိမိတ်မှ၎င်း ထခြင်း-ဟု ဆိုအပ်သော မဂ်သို့ရောက်ကြောင်း ဝိပဿနာသည် အနတ္တအားဖြင့် အကယ်၍ ရှုသည်ဖြစ်အံ့၊ ဤသို့ အနတ္တအားဖြင့် ရှုသည်ရှိသော် လောကုတ္တရာ မဂ်သည် သုညတဝိမောက္ခ မည်သည် ဝါ-အတ္တမှ ဆိတ်သည်ဖြစ်၍ သံယောဇဉ်မှ လွတ်ဆဲ မည်၏။

---

၆၈။ ။**တသ္မာ**-ဟူသည်ကား၊ ဝါ-ဟူသောပုဒ်ကို အကြောင်းကြောင့် ထိုသုံးပါးသော အနုပဿနာတို့သည် ထိုအမည်တို့ကို ရကုန်၏။ ထို့ကြောင့်-ဟု အနက်ပေး။ **ဝုဋ္ဌာနဂါမိနီဝိပဿနာ**သည် အနတ္တအားဖြင့် အကယ်၍ ရှုအံ့၊ ဤသို့ ရှုသည်ရှိသော် မဂ်သည် ဝိပဿနာ-ဟု ဆိုအပ်သော ရောက်ကြောင်း၏ အစွမ်းအားဖြင့် ရအပ်သော အမည်ရှိသည် အဖြစ်ကြောင့် **သုညတ** မည်သော **ဝိမောက္ခ**[၁] ဖြစ်၏။

---

**၇၀။ ။ယဒိ ဒုက္ခတော ဝိပဿတိ၊ အပ္ပဏိဟိတော ဝိမော- က္ခောနာမာတိ စ မဂ္ဂေါ ဝိပဿနာဂမနဝသေန တီဏိ နာမာနိ လဘတိ၊ တထာ ဖလဉ္စ မဂ္ဂါဂမန- ဝသေန မဂ္ဂဝီထိယံ။**

---

၁—ဝုဋ္ဌာနဂါမိနီ ဝိပဿနာသည် အနတ္တ-ဟု စီးဖြန်း၍ မဂ် ဖြစ်ပေါ်လာပါမူ၊ ထို လောကုတ္တရာမဂ်သည် သုညတဝိမောက္ခ သုညတမဂ် မည်၏-ဟူလို။

ဝုဋ္ဌာနဂါမိနီ ဝိပဿနာသည် အနိစ္စ-ဟု စီးဖြန်း၍ မဂ် ဖြစ်ပေါ်လာပါမူ၊ ထိုမဂ်သည် **အနိမိတ္တဝိမောက္ခ အနိမိတ္တမဂ်** မည်၏-ဟူလို။

ဝုဋ္ဌာနဂါမိနီဝိပဿနာသည် ဒုက္ခအားဖြင့် အကယ်၍ ရှုသည် ဖြစ်အံ့၊ ဤသို့ ဒုက္ခအားဖြင့် ရှုသည်ရှိသော် လောကုတ္တရာမဂ်သည် အပ္ပဏိဟိတဝိမောက္ခ[၁] မည်၏၊ ဤသို့ လောကုတ္တရာမဂ်သည် ဝိပဿနာ ဟူသော ရောက်ကြောင်း၏ အစွမ်းဖြင့် သုညတဝိမောက္ခ အနိမိတ္တဝိမောက္ခ အပ္ပဏိဟိတဝိမောက္ခ-ဟူသော အမည်သုံးပါးတို့ကို ရ၏၊ မဂ္ဂဝီထိ၌ ၂-ကြိမ် ၃-ကြိမ် ကျသော ဖိုလ်သည်လည်း မဂ်တည်း ဟူသော ရောက်ကြောင်း၏ အစွမ်းဖြင့် ထို့အတူ "သုညတဝိမောက္ခ အနိမိတ္တဝိမောက္ခ အပ္ပဏိဟိတဝိမောက္ခ" ဟူသော အမည်သုံးပါး တို့ကို ရ၏။

---

**ဝိပဿနာဂမနဝသေန**-ဟူသည်ကား၊ ဝါ-ဟူသော ပုဒ်ကို ဝိပဿနာ-ဟု ဆိုအပ်သော ရောက်ကြောင်း၏ အစွမ်းအားဖြင့်-ဟု အနက်ပေး။ ဤအကြောင်းဖြင့် မဂ်သည်ရင်း၊ ဖိုလ်သည်ရင်း လာတတ်၏၊ ထို့ကြောင့် ဤအရာ၌ ဝိပဿနာသည်ရင်း၊ မဂ်သည် ရင်း အာဂမန မည်၏။

---

**၇၁။ ။ဖလသမာပတ္တိဝီထိယံ ပန ယထာဝုတ္တနယေန ဝိပဿန္တာနံ ယထာသကံ ဖလမုပ္ပဇ္ဇမာနမ္ပိ ဝိပဿနာဂမနဝသေန သုညတာဒိဝိမောက္ခာတိ စ ပဝုစ္စတိ။**

အထူးကို ဆိုဦးအံ့—ဖလသမာပတ္တိဝီထိ၌ အကြင်အကြင် ဆိုအပ်ခဲ့ပြီးသော နည်းဖြင့် ဝိပဿနာ ရှုကုန်သော ဖလဋ္ဌာန်ပုဂ္ဂိုလ် လေးယောက်တို့အား ဖြစ်သော အကြင်အကြင် ရအပ်သော မဂ် တည်း-ဟူသော မိမိဥစ္စာ၏ အကျိုးဖြစ်သော ဖိုလ်ကိုလည်း ဝိပဿနာ တည်း-ဟူသော ရောက်ကြောင်း၏ အစွမ်းဖြင့်သာလျှင် "သုညတ ဝိမောက္ခ အနိမိတ္တဝိမောက္ခ အပ္ပဏိဟိတဝိမောက္ခ" ဟူ၍ သာလျှင် ဆိုအပ်၏။

---

၁—ဝုဋ္ဌာနဂါမိနီ ဝိပဿနာသည် ဒုက္ခ-ဟု စီးဖြန်း၍ မဂ် ဖြစ်ပေါ်လာပါမူ၊ ထိုမဂ်သည် **အပ္ပဏိဟိတဝိမောက္ခ အပ္ပဏိဟိတမဂ်** မည်၏။

ဤသို့ မဂ်သည် ဝိပဿနာအားလျော်စွာ သုညတမဂ်, အနိမိတ္တမဂ်, အပ္ပဏိဟိတ မဂ်-ဟု အမည် သုံးပါးရ၏၊ ဖိုလ်သည်လည်း ထို့အတူ သုညတဖိုလ်, အနိမိတ္တဖိုလ်, အပ္ပဏိဟိတ ဖိုလ်—ဟု မဂ္ဂဝီထိအားလျော်စွာ အမည်သုံးပါး ရ၏-ဟူလို။

၇၁။ ။**ယထာဝုတ္တနယေန**-ဟူသည်ကား၊ ဝါ-ဟူသောပုဒ်ကို ရှေး၌ ဆိုအပ်ပြီးသော အနန္တာနုပဿနာ အစရှိသည်တို့၏ အစွမ်းအားဖြင့်-ဟု အနက်ပေး။ **ယထာသကံဖလမုပ္ပန္နမာနမ္ပိ**-ဟူသည်ကား၊ ဝါ-ဟူသောပုဒ်ကို အကြင်အကြင် ရအပ်ပြီးသော မဂ်၏ အကျိုးဖြစ်၍ ဖြစ်သော မိမိ မိမိ၏ ဖိုလ်သည် ဖြစ်သော်လည်း-ဟု အနက်ပေး။ မဂ်-ဟု ဆိုအပ်သော ရောက်ကြောင်း၏ အစွမ်းအားဖြင့် မရမူ၍ ဝိပဿနာတည်း-ဟူသော ရောက်ကြောင်း၏ အစွမ်းဖြင့်သာလျှင် ဖလသမာပတ်ကို[၁] ဝင်စားသောအခါ၌ သုံးပါးကုန်သော အမည်တို့ကို ရ၏၊ အဘယ့်ကြောင့်ရသနည်း ဆိုသော် ထိုဖလသမာပတ် ဝင်စားသော အခါ၌ မဂ်ဖြစ်ခြင်း မရှိသည်အဖြစ်အားဖြင့် ထိုမဂ်၏ ဖိုလ်ဖြစ်ခြင်း၏ အကြောင်းအဖြစ်နှင့် မယှဉ်သောကြောင့် သုံးပါးသော အမည်တို့ကို ရ၏-ဟူလို။

---

**၇၂။ ။အာရမ္မဏဝသေန ပန သ,ရသဝသေန စ နာမတ္တယံ**
**သဗ္ဗတ္ထ သဗ္ဗေသမ္ပိ သမမေဝ စ။**
**အယမေတ္ထ ဝိမောက္ခဘေဒေါ။**

ဆက်ဆံသည်မှ တပါး မဆက်ဆံသည်ကို ဆိုအံ့၊ အလုံးစုံသော မဂ္ဂဝီထိ ဖလသမာပတ္တိဝီထိ၌ အလုံးစုံသော မဂ် ဖိုလ် တို့အား အမည်သုံးပါး အပေါင်းသည်လည်း၊ဝါ-သုညတ ဝိမောက္ခ အနိမိတ္တ ဝိမောက္ခ အပ္ပဏိဟိတဝိမောက္ခ-ဟူသော အမည်သုံးပါး အပေါင်း

---

၁—ဖလသမာပတ် ဝင်စားခြင်းဟူသည် နတ်တို့သည် နတ်တို့၏ ချမ်းသာကို ခံစားကုန်သကဲ့သို့ မင်းတို့သည်လည်း မင်း၏ စည်းစိမ်ကို ခံစားကုန်သကဲ့သို့ အရိယာပုဂ္ဂိုလ်တို့သည်လည်း မျက်မှောက်သော ကိုယ်၏အဖြစ်၌ လောကုတ္တရာ ချမ်းသာကို ခံစားလိုသောကြောင့် ဝင်စားတော်မူကြကုန်၏၊ ထိုဖလသမာပတ်ကို ဝင်စားသော အခါ၌ မဂ်စိတ်ထပ်၍ မဖြစ်ပါဘဲ ဖိုလ်စိတ် အကြိမ်များစွာသာ ဖြစ်၏။

ထို့ကြောင့် ဖိုလ်သည် ပဌမ မဂ်၏ အစွမ်းဖြင့် ဖြစ်သော်လည်း ဖလသမာပတ် ဝင်စားသောအခါ၌မူ ဖြစ်သော ဖိုလ်စိတ်တို့သည် မဂ်၏ အစွမ်းဖြင့် မဖြစ်ကုန်ဘဲ အောက် ဝိပဿနာ၏ အစွမ်း ဝိပဿနာဂမနအားဖြင့်သာ ဖြစ်ကုန်၏၊ ယင်းဝိပဿနာသည် သင်္ခါရတရားတို့ကို အနတ္တ-ဟု ရှုသည်ဖြစ်အံ့၊ ဖိုလ်သည်လည်း **သုညတဝိမောက္ခ** မည်၏။ အနိစ္စ-ဟု ရှုသည် ဖြစ်အံ့၊ ဖိုလ်သည်လည်း **အနိမိတ္တဝိမောက္ခ** မည်၏။ ဒုက္ခ-ဟု ရှုသည် ဖြစ်အံ့၊ ဖိုလ်သည်လည်း **အပ္ပဏိဟိတဝိမောက္ခ**မည်၏။

သည် ခပ်သိမ်းသော သင်္ခါရတို့မှ ဆိတ်သည်အဖြစ်ကြောင့် သုညတ အမည်ရှိသော နိဗ္ဗာန်၊ သင်္ခါရနိမိတ်မှ ကင်းသည်အဖြစ်ကြောင့် အနိမိတ္တအမည်ရှိသော နိဗ္ဗာန်၊ တဏှာ-ဟူသော တောင့်တခြင်း ကင်းသည် အဖြစ်ကြောင့် အပ္ပဏိဟိတ အမည်ရှိသော နိဗ္ဗာန် တည်းဟူသော အာရုံ၏ အစွမ်းဖြင့်၎င်း၊ ရာဂ အစရှိသည်မှ ဆိတ်ခြင်းကြောင့် သုညတ ရူပနိမိတ် စသော အာရုံမှ ကင်းခြင်းကြောင့် အနိမိတ္တ, ကိလေသာ-ဟူသော တောင့်တခြင်းကင်းသောကြောင့် အပ္ပဏိဟိတ-ဟူသော မိမိ ဂုဏ်အစွမ်းဖြင့်၎င်း တူသည်သာလျှင် တည်း။ ဤဝိပဿနာကမ္မဋ္ဌာန်း၌ ဤဆိုခဲ့ပြီးသော နည်းသည် ဝိမောက္ခအပြားတည်း။

---

၇၂။ ။**အာရမ္မဏဝသေန** [၁] ဟူသည်ကား၊ ဝါ-ဟူသောပုဒ်ကို အလုံးစုံသောသင်္ခါရတရားတို့မှ ဆိတ်သည် အဖြစ်ကြောင့်၎င်း၊ သင်္ခါရနိမိတ်မှ ကင်းသည်အဖြစ်ကြောင့်၎င်း၊ တဏှာ-ဟူသော တောင့်တခြင်းမှ ကင်းသည်အဖြစ်ကြောင့်၎င်း၊ သုညတ အနိမိတ္တ အပ္ပဏိဟိတ အမည်ရှိသောနိဗ္ဗာန်ကို အာရုံပြု၍ ဖြစ်သောကြောင့် ထိုသုံးပါးသော အမည်ရှိသော နိဗ္ဗာန်-ဟူသော အာရုံ၏ အစွမ်း ဖြင့်-ဟု အနက်ပေး။ **သရသဝသေန** [၂] ဟူသည်ကား၊ ဝါ-ဟူသော ပုဒ်ကို ရာဂ အစရှိသည်မှ ဆိတ်သည် အဖြစ်ကြောင့်၎င်း၊ ရုပ် အာရုံ အစရှိသော အာရုံမှ ကင်းသည် အဖြစ်ကြောင့်၎င်း၊ ကိလေသာ တောင့်တခြင်းကင်းသည် အဖြစ်ကြောင့်၎င်း မိမိ၏

---

**၁**—မဂ်နှင့် ဖိုလ်တို့၏ သုညတ စသော အမည်သုံးပါးကို ရမှုသည် အာရုံအားဖြင့်၎င်း, မိမိ ဂုဏ်သတ္တိ အစွမ်းအားဖြင့်၎င်း ရလေ၏။

ဆိုလိုရင်းကား—မဂ်,ဖိုလ်တို့သည် သုညတနိဗ္ဗာန်ကို အာရုံပြုပါမူ သုညတမဂ်, သုညတ ဖိုလ်မည်၏။ အနိမိတ္တနိဗ္ဗာန်ကို အာရုံပြုပါမူ အနိမိတ္တမဂ်,အနိမိတ္တဖိုလ် မည်၏၊ အပ္ပဏိဟိတ နိဗ္ဗာန်ကို အာရုံပြုပါမူ အပ္ပဏိဟိတမဂ်, အပ္ပဏိတ ဖိုလ် မည်၏၊ ဤကား "**အာရမ္မဏ-ဝသေန**" အရတည်း။

၂—မဂ်ဖိုလ်တို့သည် ရာဂစသည်မှ ဆိတ်သော သတ္တိကြောင့် သုညတမဂ်, သုညတဖိုလ် မည်၏၊ ရူပနိမိတ်စသော အာရုံမှ ကင်းခြင်းကြောင့် အနိမိတ္တမဂ်, အနိမိတ္တဖိုလ် မည်၏၊ ကိလေသာ—ဟူသော တောင့်တခြင်း ကင်းသော သတ္တိကြောင့် အပ္ပဏိဟိတမဂ်, အပ္ပဏိတ ဖိုလ် မည်၏။ ။ဤကား "**သရသဝသေန**" အရတည်း။

ဂုဏ်၏ အစွမ်းဖြင့်-ဟု အနက်ပေး။ **သဗ္ဗညု**-ဟူသည်ကား၊ ဝါ-ဟူသောပုဒ်ကို မဂ္ဂဝီထိ၌ရှင်း၊ ဖလသမာပတ်ဝီထိ၌ရှင်း-ဟု အနက်ပေး။ **သဗ္ဗသမ္ပိ**-ဟူသည်ကား၊ ဝါ-ဟူသောပုဒ်ကို မဂ်အားရှင်း, ဖိုလ်အားရှင်း-ဟု အနက်ပေး။

---

## ပုဂ္ဂလဘေဒ

## သောတာပန်ပုဂ္ဂိုလ်

**၇၃။ ။တတ္ထ ပန သောတာပတ္တိမဂ္ဂံ ဘာဝေတွာ ဒိဋ္ဌိ ဝိစိကိစ္ဆာ ပဟာနေန ပဟီနာပါယဂမနော သတ္တက္ခတ္တုပရမော သောတာပန္နော နာမ ဟောတိ။**

ဝိမောက္ခဘေဒမှ တပါး ပုဂ္ဂလဘေဒကို ဆိုအံ့၊ ဤဝိပဿနာကမ္မဋ္ဌာန်း၌၊ ဝါ-ထိုလေးယောက်သော ဖလဋ္ဌာန်ပုဂ္ဂိုလ်တို့တွင် သောတာပတ္တိမဂ်ကို ပွါးစေ၍ ဒိဋ္ဌိ ဝိစိကိစ္ဆာ ကိုပယ်ခြင်းကြောင့် အပါယ်သို့ သွားခြင်းကို ပယ်ပြီးသည် ဖြစ်၍ လူ့ပြည် နတ်ပြည် အရောအားဖြင့် ၇-ကြိမ် ပဋိသန္ဓေယူခြင်း အတိုင်းအရှည်ရှိသော သောတာပန် မည်၏။

---

## သောတာပန်ပုဂ္ဂိုလ်အဘွင့်

၇၃။ ။ထိုသောတာပန်ပုဂ္ဂိုလ်အား ၇-ကြိမ်တို့၌ ကာမသုဂတိဘုံ၌ ပဋိသန္ဓေယူခြင်း-ဟု ဆိုအပ်သော အတိုင်းအရှည်ရှိသောကြောင့် ထိုသောတာပန်ပုဂ္ဂိုလ်သည် **သတ္တက္ခတ္တုပရမ**[၁] မည်၏။ ရှစ်ကြိမ်မြောက်စသော ဘဝ၌ ကာမဘုံသို့ မလာ၊ ဤသည်လျှင် အဓိပ္ပါယ်တည်း၊ အကြင် သတ္တက္ခတ္တုပရမ သောတာပန်ပုဂ္ဂိုလ်ကို

---

၁-ဤလေးယောက်သော ဖလဋ္ဌာန် ပုဂ္ဂိုလ်တို့တွင် သောတာပတ္တိမဂ်ကို ရသော သောတာပန် ပုဂ္ဂိုလ်သည် သောတာပတ္တိမဂ်ဉာဏ်ဖြင့် သက္ကာယဒိဋ္ဌိနှင့် ဝိစိကိစ္ဆာ ၂-ပါးကို ပယ်ခြင်းကြောင့် အပါယ်လေးပါး ကျရောက်ခြင်းမှ ကင်းလွတ်၍ ကာမဘုံ၌ ၇-ကြိမ် ပဋိသန္ဓေနေ၍ ၈-ကြိမ်မြောက် ကာမဘုံ၌ မနေသော **သတ္တက္ခတ္တုပရမ သောတာပန်** ဖြစ်လေ၏-ဟူလို။ ။ရူပ, အရူပဘုံတို့၌ကား ၇-ကြိမ်ထက် အလွန်လည်း နေကောင်း၏-ဟု ဆရာတို့ဆိုကြကုန်၏-ဟုမှတ်။

ရည်၍ “နတေဘာဝံ အဠွမ မာဒိယန္တိ”-ဟူသော ဤစကားကို မိန့်ဆိုအပ်၏။ ရူပ အရူပဘာဝ သို့ကား ၇-ကြိမ်ထက် အလွန်လည်း ရောက်ကုန်၏-ဟု ဆရာတို့သည် မိန့်ဆိုကုန်၏။

---

## **သကဒါဂါမ်ပုဂ္ဂိုလ်**

**၇၄။ ။သကဒါဂါမိမဂ္ဂံ ဘာဝေတွာ ရာဂ, ဒေါသ, မောဟာနံ တနုကရတ္တာ သကဒါဂါမီနာမ ဟောတိ သကိံ-ဒေဝ ဣမံ လောကံ အာဂန္တွာ။**

သကဒါဂါမိမဂ်ကို ပွါးများ၍ ရာဂ ဒေါသ မောဟတို့ကို ခေါင်းပါးအောင် ပြုတတ်သည် အဖြစ်ကြောင့် တကြိမ်သာလျှင် ဤလူ့ပြည်သို့ လာခြင်းကြောင့် **သကဒါဂါမ်**[၁] မည်၏။

---

## **သကဒါဂါမ်ပုဂ္ဂိုလ်အဘွင့်**

**ရာဂ, ဒေါသ, မောဟာနံ**-ဟူသော ဤပါဌ်၌ ရာဂ ဒေါသ နှင့် တကွ တခုတည်းသော ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ် ပဋိဃသမ္ပယုတ်စိတ်၌ တည်သော မောဟကိုရည်၍ မောဟကို[၂] ယူခြင်းကို အရှင်အနုရုဒ္ဓါ ဆရာသည် ပြုအပ်၏-ဟူသော အဆုံးအဖြတ်ကို မှတ်အပ်၏။

---

## **အရဟန္တာပုဂ္ဂိုလ်**

**၇၆။ ။အရဟတ္တမဂ္ဂံ ဘာဝေတွာ အနဝသေသကိလေသပ္ပ-ဟာနေန အရဟာနာမ ဟောတိ ခီဏာသဝေါ လောကေ အဂ္ဂဒက္ခိဏေယျော။**

**အယမေတ္ထ ပုဂ္ဂလဘေဒေါ။**

---

၁-သကဒါဂါမ် ပုဂ္ဂိုလ်သည် သကဒါဂါမိမဂ်ဖြင့် ရာဂ, ဒေါသ, မောဟတို့ကိုခေါင်းပါးအောင် ပြုတတ်သည် အဖြစ်ကြောင့် ဤလူ့ပြည်သို့ တကြိမ်သာ လာသောကြောင့် **သက-ဒါဂါမ်ပုဂ္ဂိုလ်** မည်၏။

၂-မောဟ-၏ အရ လောဘ, ဒေါသနှင့် တကွဖြစ်သော ဒိဋ္ဌိဂတဝိပ္ပယုတ်, **ပဋိဃ** ဝိပ္ပယုတ် မောဟကိုသာ ယူရ၏-ဟုမှတ်။

အရဟတ္တမဂ်ကို ပွါးများ၍ အကြွင်းမဲ့ ကိလေသာကို ပယ်ခြင်းကြောင့် ကုန်ပြီးသော အာသဝေါရှိသော လူ့ဘုံ၌ မြတ်သော အလှူကို ခံထိုက်သော ရဟန္တာပုဂ္ဂိုလ် ဖြစ်၏။

ဤဝိပဿနာကမ္မဋ္ဌာန်း၌ ဤဆိုအပ်ပြီးသော နည်းသည် ပုဂ္ဂိုလ်အပြားတည်း။

---

## ရဟန္တာပုဂ္ဂိုလ် အဘွင့်

၇၆။ ။ထိုပုဂ္ဂိုလ်အား ၄-ပါးကုန်သော အာသဝေါ တရားတို့သည် ကင်းကုန်သောကြောင့် **ခီဏာသဝ** မည်၏၊ ထိုပုဂ္ဂိုလ်သည် အလှူကို ခံခြင်းငှါ ထိုက်သော ပုဂ္ဂိုလ်တို့ထက် မြတ်သော ပုဂ္ဂိုလ်ဖြစ်သောကြောင့် **အဂ္ဂဒက္ခိဏေယျ**[၁] မည်၏။

ပုဂ္ဂလဘေဒအဘွင့် ပြီး၏။

---

## သမာပတ္တိဘေဒ

## ဖလသမာပတ်

**၇၇။ ။ဖလသမာပတ္တိယော ပနေတ္ထ သဗ္ဗေသမ္ပိ ယထာသက ဖလဝသေန သာဓာရဏာဝ။**

ပုဂ္ဂလဘေဒမှ တပါး သမာပတ္တိဘေဒကို ဆိုအံ့—ဤဝိပဿနာကမ္မဋ္ဌာန်း၌ ဖလသမာပတ်တို့သည်၊ ဝါ-ဖိုလ်ဝင်စားခြင်းတို့သည် ခပ်သိမ်းသော ဖလဋ္ဌာန် ပုဂ္ဂိုလ်တို့အားလည်း အကြင်အကြင် ရအပ်သော မဂ်တည်းဟူသော မိမိဥစ္စာ ဖြစ်သော ဖိုလ်၏အစွမ်းဖြင့် ဆက်ဆံကုန်သည်သာတည်း။

---

## ဖလသမာပတ် အဘွင့်

၇၇။ ။**သဗ္ဗေသမ္ပိ**—ဟူသည်ကား၊ ဝါ-ဟူသောပုဒ်ကို ၄-ယောက်ကုန်သော အရိယာပုဂ္ဂိုလ်တို့အားလည်း-ဟု အနက်ပေး။

---

၁—ရဟန္တာပုဂ္ဂိုလ်-သည် အရဟတ္တမဂ်ဉာဏ်ဖြင့် အလုံးစုံသော ကိလေသာတို့ကို အကြွင်းမဲ့ ပယ်ဖျက်သောကြောင့် လောကသုံးခွင် ဘုံအပြင်၌ မြတ်သော အလှူကို ခံထိုက်သော အဂ္ဂဒက္ခိဏေယျပုဂ္ဂိုလ် ဖြစ်၏။

## နိရောဓသမာပတ်

၇၀။ ။နိရောဓသမာပတ္တိ သမာပဇ္ဇနံ ပန အနာဂါမီနဉ္စေဝ အရဟန္တာနဉ္စ လဗ္ဘတိ။

နိရောဓသမာပတ်ကို ဝင်စားခြင်းကို၊ ဝါ-စိတ် စေတသိက် စိတ္တဇရုပ် တို့၏ ချုပ်ခြင်းသို့ရောက်ခြင်း ဝင်စားခြင်းကို ကာမ ရူပ ဘုံ၌ တည်သော သမာပတ် ၈-ပါးနှင့် ပြည့်စုံသော အနာဂါမ် ပုဂ္ဂိုလ်တို့သည်၎င်း, ရဟန္တာ ပုဂ္ဂိုလ်တို့သည်၎င်း ရအပ်၏။

---

## နိရောဓသမာပတ် အဘွင့်

၇၀။ ။စိတ် စေတသိက် တို့၏ မဖြစ်ခြင်း-ဟု ဆိုအပ်သော ချုပ်ခြင်းသို့ ရောက်ခြင်းသည် **နိရောဓသမာပတ်**[၁] မည်၏၊ ပစ္စုပ္ပန် ဖြစ်သော အတ္တဘော၌ စိတ်ချုပ်ခြင်းသို့ ရောက်၍ နေခြင်းသည် နိရောဓသမာပတ် မည်၏။

**အနာဂါမီနံ**—ဟူသည်ကား၊ ကာမဘုံ ရူပဘုံ၌ တည်ကုန်သော သမာပတ် ၈-ပါးကို ရကုန်သော **အနာဂါမ်**[၂] ပုဂ္ဂိုလ် တို့သည်၎င်း, ထို့အတူ ရဟန္တာ ပုဂ္ဂိုလ်တို့သည်၎င်း, နိရောဓသမာပတ်ကို ရအပ်၏။

---

## နိရောဓသမာပတ် ဝင်စားပုံ

၇၉။ ။တတ္ထ ယထာက္ကမံ ပဌမဈာနာဒိ မဟဂ္ဂတသမာပတ္တိံ သမာပဇ္ဇိတွာ ဝုဋ္ဌာယ တတ္ထဂတေ သင်္ခါရဓမ္မေ

---

၁—ချုပ်မှောက်သော ကိုယ်၏အဖြစ်၌ စိတ် စေတသိက်တို့၏ ချုပ်ခြင်းသို့ ရောက်၍ ကိလေသာဟူသော ပူပန်ခြင်းမှ ငြိမ်းလျက် ချမ်းသာစွာ နေခြင်းသည် **နိရောဓသမပတ်** မည်၏။

၎င်းနိရောဓ သမာပတ်ကို အရိယာဖြစ်တိုင်း မဝင်စားနိုင်၊ သမာပတ် **ရှစ်ပါး**ကို ရသော ကာမ ရူပဘုံသား ဈာနလာဘီ အနာဂါမ်နှင့် ရဟန္တာများသာလျှင် **ဝင်စား** နိုင်၏၊ ကြွင်းသော ပုဂ္ဂိုလ်များ မဝင်စားနိုင်။

၂—အနာဂါမိမဂ်ကို ရသော အနာဂါမ်ပုဂ္ဂိုလ်သည် အနာဂါမိမဂ်ဖြင့် ကာမရာဂကို အကြွင်းမဲ့ ပယ်ဖျက်သောကြောင့် ဤလူ့ဘုံသို့ မလာရကား **အနာဂါမ်ပုဂ္ဂိုလ်** မည်၏။

**တဿ တဿေဝ ဝိပဿနော ယာဝ အာကိဉ္စညာယတနံ ဂတ္ဝါ တတော ပရံ အဓိဋ္ဌေယျာဒိကံ ပုဗ္ဗကိစ္စံ ကတွာ နေဝသညာနာသညာယတနံ သမာပဇ္ဇတိ။**

ထိုနိရောဓသမာပတ်၌ အစဉ်အတိုင်း ပဌမစျာန် အစရှိသော မဟဂ္ဂုတ်သမာပတ်ကို ဝင်စား၍ ပဌမစျာန် အစရှိသော မဟဂ္ဂုတ်သမာပတ်မှ ထ၍ ထိုပဌမစျာန် အစရှိသော မဟဂ္ဂုတ် သမာပတ်၌ ဖြစ်ကုန်သော သင်္ခါရတရားတို့ကို ထိုထို သို့သော ပဌမစျာန် အစ ရှိသော မဟဂ္ဂုတ် သမာပတ်၌သာလျှင် ဝိပဿနာ ရှုသော အနာဂါမ်, ရဟန္တာပုဂ္ဂိုလ်သည် အာကိဉ္စညာယတန ကုသိုလ်, ကြိယာစျာန်တိုင်အောင် ဝင်စား၍၊ ထိုအာကိဉ္စညာယတန ကုသိုလ် ကြိယာ စျာန်ကို ဝင်စားသည်မှ နောက်၌ အဓိဋ္ဌာန်ခြင်း အစ ရှိသော၊ ဝါ-ကိုယ်နှင့် မစပ် အသီးအသီး ထားအပ်သော သက်န်း စသော ပရိက္ခရာ, ကျောင်း အစရှိသည်တို့ကို မီး စသည်ဖြင့် မဖျက်ဆီးနိုင်အောင် အဓိဋ္ဌာန်ခြင်း၊ သံဃာတို့ တောင့်တအံ့သည်ကို ဆင်ခြင်ခြင်း၊ ဘုရားခေါ်တော်မူအံ့သည်ကို ဆင်ခြင်ခြင်း၊ (၇) ရက် အတွင်း၌ ကမ္မဇရုပ်ကို ဖြစ်စေတတ်သော အသက်၏ တည်ခြင်းကို ကြည့်ခြင်း-ဟု ဆိုအပ်သော ၄-ပါးသော ပုဗ္ဗကိစ္စကို ပြု၍ နေဝသညာ နာသညာယတန ကုသိုလ်, ကြိယာစျာန်ကို ဝင်စား၏။

---

## နိရောဓသမာပတ် ဝင်စားပုံ အဘွင့်

၇၉။ ။**တဿ**—ဟူသည်ကား၊ ဝါ-ဟူသောပုဒ်ကို ထိုနိရောဓ သမာပတ်၌-ဟု အနက်ပေး။ **ယာဝ အာကိဉ္စညာယတနံ ဂတ္ဝါ** ဟူသည်ကား၊ ဝါ-ဟူသောပုဒ်ကို ဤသို့ဆိုအပ်ပြီးသော အပြားဖြင့် သမထဝိပဿနာတို့၏ အစုံ ဖွဲ့အပ်သည်အဖြစ်သို့ ရောက်စေခြင်း၏ အစွမ်းဖြင့် အာကိဉ္စညာယတနတိုင်အောင်သော သမာပတ်သည် ရှိ၏၊ ထိုအာကိဉ္စညာယတန တိုင်အောင်သော သမာပတ်ကို ဝင်စား၍။ **အဓိဋ္ဌေယျာဒိကံ**-ဟူသည်ကား၊ ကိုယ်နှင့် စပ်သော

ဝတ္ထုကို ထား၍ အသီးအသီး ထားအပ်သော သင်္ကန်း အစရှိသော ပရိက္ခရာ ကျောင်း အစရှိသည်တို့၏ မီးအစရှိသော ရန်သူကြောင့် မပျက်စီးခြင်းငှါ ဓိဋ္ဌာန်ခြင်း၊ သံဃာသည် မြော်လင့်ခြင်း၊ ဘုရားသည် ခေါ်ဝေါ်ခြင်းတို့၏ ရှေးဦးစွာ ထရခြင်း၊ ၇-ရက် အတွင်း၌ အာယုသင်္ခါရ၏ ဖြစ်ခြင်းကို ရှုဆင်ခြင်ခြင်း၊ ဤသို့ လေးပါးအပြား ရှိသော ပုဗ္ဗကိစ္စ[၁]ကိုပြု၍ ဟူလို။

သမာပတ်အဖွင့် ပြီး၏။

---

**နိရောဓသမာပတ်ဝင်စားပုံ**

၁—လေးလံလှစွာသော ခန္ဓာဝန်ကို ရွက်ဆောင်ရခြင်း၌ လွန်စွာ ငြီးငွေ့လှ၍ မျက်မှောက်သော ကိုယ်၏ အဖြစ်၌ နိဗ္ဗာန်ချမ်းသာကို ခံစားလိုသော အနာဂါမ် ရဟန္တာပုဂ္ဂိုလ်သည် ဆွမ်းစားပြီး၍ လက်ခြေကို ကောင်းစွာ ဆေးကြောခါ ဆိပ်ငြိမ်သော အရပ်၌ ကောင်းစွာ ခင်းအပ်ပြီးသော နေရာဝယ် ထက်ဝယ်ဖွဲ့ခွေ၍၊ ကိုယ်ကို ဖြောင့်စွာထားလျက် ထိုင်နေကာ နိရောဓသမာပတ်သို့ ရှေးရှု သတိကို ဖြစ်စေ၍ ပဌမဈာန်ကို ဝင်စားရ၏၊ ပဌမဈာန်မှ ထပြီးခါ ပဌမဈာန်၌ ဖြစ်သော စိတ် စေတသိက် သင်္ခါရတရားတို့ကို အနိစ္စ, ဒုက္ခ, အနတ္တ, ဟု မညံ့လွန်း, မထက်လွန်းသော ဝိပဿနာဉာဏ်ဖြင့် ရှုအပ်ကုန်၏၊ ထို့အတူ ဒုတိယဈာန် တတိယဈာန်, စတုတ္ထဈာန်, ပဉ္စမဈာန်, အာကာသာနဉ္စာယတနဈာန်, ဝိညာဏဉ္စာယတနဈာန်တိုင်အောင် ဝင်စား၍ ၎င်းဈာန်မှ ထပြီးခါ သင်္ခါရတရားတို့ကို ရှုအပ်ကုန်၏။

ထို့နောက် အာကိဉ္စညာယတနဈာန်ကို ဝင်စားပြီး၍ ထိုအာကိဉ္စညာယတနဈာန်မှ ထ၍ ဝိပဿနာ မရှုဘဲ—

(၁) ကိုယ်နှင့် မစပ် အသီးသီး ထားအပ်သော သင်္ကန်းစသော ပရိက္ခရာ, ကျောင်း အစရှိသည်တို့ကို မီးစသည် မဖျက်ဆီးနိုင်အောင် အဓိဋ္ဌာန်ခြင်း။

(၂) သံဃာတို့ တောင့်တအံ့သည်ကို ဆင်ခြင်ခြင်း။

(၃) ဘုရား ခေါ်တော်မူအံ့သည်ကို ဆင်ခြင်ခြင်း။

(၄) ၇-ရက်အတွင်း၌ ကမ္မဇရုပ်ကို ဖြစ်စေတတ်သော အသက်၏ တည်ခြင်းကို ကြည့်ရှုခြင်း-ဟု ဆိုအပ်သော ၄-ပါးသော ပုဗ္ဗကိစ္စကို ပြုပြီး၍ နေဝသညာနာသညာယတနဈာန်ကို ဝင်စားရ၏၊ ၎င်းဈာန်စိတ် နှစ်ကြိမ်၏ အဆုံး၌ ကာမဘုံမှာ ၇-ရက်, ရူပဘုံမှာ အလိုရှိသလို စိတ်, စေတသိက်, စိတ္တဇရုပ်တို့ ချုပ်ကုန်၏၊ ၎င်းကို **နိရောဓသမာပတ်ဝင်စားသည်**-ဟု ဆိုအပ်၏။

ပိုင်းခြားသော ကာလကို လွန်လျှင် အနာဂါမ် ပုဂ္ဂိုလ်အား အနာဂါမိဖိုလ်, ရဟန္တာပုဂ္ဂိုလ်အား အရဟတ္တဖိုလ် တကြိမ်ဖြစ်၍ ဘဝင်ကျ၏၊ ထို့နောက် ပစ္စဝေက္ခဏာဉာဏ် ဖြစ်လေ၏။

## နိဂုံး

**၈၂။ ။ဘာဝေတဗ္ဗံ ပနိစ္စေဝံ၊ ဘာဝနာဒွယမုတ္တမံ။**
**ပဋိပတ္တိ ရသဿာဒံ၊ ပတ္ထယန္တေန သာသနေ။ ။**

ဥယျောဇဉ်ကို ဆိုဦးအံ့—သာသနာတော်၌ ဈာနသုခ ဖလသုခ စသည်အပြားရှိသော သမထဝိပဿနာ-ဟု ဆိုအပ်သော အကျင့်ဖြင့် ရအပ်သော သာယာအပ် ခံစားအပ်သော အရသာ တည်းဟူသော ဈာနသုခ, ဖလသုခ စသည်အပြားရှိသော ချမ်းသာကို တောင့်တသော အမျိုးသားသည် ဤသို့ အကြွင်အကြွင် ဆိုအပ်ခဲ့ပြီးသောနည်းဖြင့် မြတ်သော သမထဘာဝနာ, ဝိပဿနာ ဘာဝနာ တည်းဟူသော ဘာဝနာနှစ်ခုအပေါင်းကို ပွါးစေအပ်၏။

---

## နိဂုံးအဘွင့်

၈၂။ ။**ပဋိပတ္တိရသဿာဒံ**-ဟူသည်ကား၊ ဝါ-ဟူသောပုဒ်ကို ဈာနသုခ ဖလသုခ အစရှိသည် အပြားရှိသော သမထဝိပဿနာ-ဟု ဆိုအပ်သော အကျင့်ဖြင့်ရအပ်သော ခံစားအပ်သော အရသာကို-ဟု အနက်ပေး။

ဤဆိုအပ်ပြီးသောစကားဖြင့် အဘိဓမ္မတ္ထဝိဘာဝနီမည်သော အဘိဓမ္မတ္ထသင်္ဂြိုဟ်ကျမ်း၏အဘွင့်၌

နဝမကမ္မဋ္ဌာန်းပိုင်းအဘွင့်သည် ပြီးဆုံးခြင်းသို့ရောက်ပြီ။

## သင်္ဂြိုဟ်ကျမ်းပြီး နိဂုံး

**စာရိတ္တ သောဘိတ ဝိသာလ ကုလောဒယေန၊**
**သဒ္ဓါဘိဝုဍ္ဎ ပရိသုဒ္ဓ ဂုဏောဒယေန၊**
**နမ္ဗဝှယေန ပဏိဓာယ ပရာနုကမ္ပံ၊**
**ယံ ပတ္ထိတံ ပကရဏံ ပရိနိဋ္ဌိတံ တံ။**

အမျိုး၏ အကျင့်ဖြင့် တင့်တယ် ပြန့်ပြောသော အမျိုး အနွယ်၌ ဖြစ်ခြင်းရှိထသော ကံ အစရှိသည်ကို ယုံကြည်သော သဒ္ဓါတရားဖြင့် အလွန်ပွါးသော စင်ကြယ်သော ဒါန သီလ အစရှိသော ဂုဏ်တို့၏ ဖြစ်ခြင်းရှိသော နမ္ဗ အမည်ရှိသော ဒါယကာသည် အဘိဓမ္မာ ပိဋက တည်းဟူသော ပရိယတ္တိသာသနာတော်၌ ချမ်းသာသဖြင့် သက်သောဉာဏ်၏ ရင့်ခြင်း လက္ခဏာရှိသော သူတပါးတို့အား ချီးမြှောက် ခြင်းကို တောင့်တ ဖြစ်စေ၍ အကြင် အဘိဓမ္မတ္ထသင်္ဂြိုဟ် ကျမ်းကို ရှိသေစွာ တောင်းပန်အပ်၏၊ ထိုနမ္ဗအမည်ရှိသော ဒါယကာသည် အထူးသဖြင့် တောင်းပန်အပ်သောကြောင့် ဝါ-အနုရုဒ္ဓါ ဆရာသည် စီရင်အပ်သော အဘိဓမ္မတ္ထ သင်္ဂြိုဟ်ကျမ်းသည် ဤမျှ အတိုင်း အရှည်ရှိသော ကိုးပါးသော ပရိစ္ဆေဒတို့ဖြင့် အချင်း ခပ်သိမ်းအပြီးသို့ ရောက်ပြီ။

---

## သင်္ဂြိုဟ်ကျမ်းပြီးနိဂုံးအဘွင့်

အကြင် ဥပါသကာအား အမျိုးတို့၏အလေ့ အကျက်ဖြင့် အလွန် ပွင့်လင်းသော ဥစ္စာများသော အမျိုး၌ ဖြစ်ခြင်းရှိခြင်းကြောင့် **စာရိတ္တသောဘိတဝိသာလကုလောဒယ** မည်၏၊ ထို ဥပသကာ သည်-ဟူလို။

အကြင် ဒါယကာအား ကံ အစရှိသည်လျှင် အာရုံရှိသော သဒ္ဓါတရားဖြင့် အလွန် ပွါးသည်လည်းဖြစ်သော, ဖြူစင်သည်လည်း ဖြစ်သော ဒါန သီလ အစရှိသော ဂုဏ်တို့၏ ဖြစ်ခြင်းရှိသောကြောင့် **သဒ္ဓါဘိဝုဍ္ဎပရိသုဒ္ဓဂုဏောဒယ** မည်၏၊ ထို ဒါယကာသည်ဟူလို။

နမ္ဘ အမည်ရှိသော ဥပါသကာသည် အဘိဓမ္မာပိဋကဟု ဆိုအပ်သော ပရိယတ္တိသာသနာ၌ လွယ်ကူစွာ သက်ဝင်ခြင်းငှါ စွမ်းနိုင်သော ပညာကို ရင့်စေတတ်သော လက္ခဏာရှိသော တပါး ကုန်သော သောတုဇနတို့အား ချီးမြှောက်ခြင်းကို အလိုရှိ၍ အကြင် အဘိဓမ္မတ္ထသင်္ဂဟမည်သော ကျမ်းကို ရှိသေစွာ တောင်းပန်အပ်၏၊ ထိုကျမ်းသည် ဤမျှ အတိုင်းအရှည် ရှိကုန်သော ကိုးပါးကုန်သော အပိုင်းအခြားတို့ဖြင့် အလုံးစုံ ပြီးဆုံးခြင်းသို့ ရောက်ပြီ၊ ဤသို့ အနက် ယောဇနာခြင်းကို ပြုအပ်၏။

## **အာသီသ**

**ပုညေန တေန ဝိပုလေန တုမူလသောမံ၊**
**ဓညာဓိဝါသမုဒိတောဒိတ မာယုကန္တံ။**
**ပညာဝဒါတ ဂုဏသောဘိတလဇ္ဇိ ဘိက္ခူ၊**
**မညန္တု ပုညဝိဘဝေါဒယ မင်္ဂလာယ။ ။**
**ဣတိ အနုရုဒ္ဓါစရိယေန ရစိတံ အဘိဓမ္မတ္ထသင်္ဂဟံ နာမ၊**
**ပကရဏံ။**

ပြန့်ပြောသည်သာလျှင် ဖြစ်သော ထိုအဘိဓမ္မတ္ထ သင်္ဂြိုဟ် ကျမ်းကို စီရင်ရသော ကောင်းမှုကြောင့် ဖြူစင်သော အရိယာ မဂ် ပညာဖြင့် စင်ကြယ်သော သီလ အစရှိသော ဂုဏ်ဖြင့် တင့်တယ် ကုန်သည် ဖြစ်၍ မကောင်းမှုမှ ရှက်တတ်သော အလေ့ရှိကုန်သော ရဟန်းတို့သည်၊ ဘုန်းရှိသော ရဟန်းတို့၏ နေရာဖြစ်သော အလွန် ကျော်စော ထင်ရှားထသော မူလသောမ အမည်ရှိ သောကျောင်းကို ဝါ-မူလသောမ အမည်ရှိသော ဒါယကာသည် ဆောက်အပ်သည် အဖြစ်ကြောင့် မူလသောမ အမည်ရှိသော ကျောင်းကို ဝါ- တုမူလသောမ အမည်ရှိသော ကျောင်းကို ကောင်းမှုတည်း ဟူသော စည်းစိမ်၏ ဖြစ်ခြင်း မင်္ဂလာ အကျိုးငှါ အသက်ထက်ဆုံး အောက်မေ့ စေကုန်သတည်း။

သီဟိုဠ်ကျွန်း၏ တမ်းခွန်သဘွယ် ဖြစ်၍ ဝေဇယန္တာပြသာဒ် ဖျားဝယ် စိုက်ထားအပ်သော ပတ္တမြားမှန်ကင်းကဲ့သို့ တဝင်းဝင်း

ပညာရောင်ဖြင့် တောက်ပသော အရှင်အနုရုဒ္ဓါ ဆရာသည် စီရင်အပ်သော အဘိဓမ္မတ္ထသင်္ဂဟ အမည်ရှိသော ကျမ်းသည် ပြီးပြီ။

---

(က) အကြင်ဥပါသကာအား အမျိုးတို့၏ အလေ့အကျက်ဖြင့် အလွန်ပွင့်လင်းသော ကြွယ်ဝချမ်းသာသော အမျိုး၌ဖြစ်ခြင်းရှိ၏။ ထို့ကြောင့် ထိုဥပါသကာသည်"စာရိတ္တ။ပ။ဒယေန"မည်၏၊ ထိုဥပါသကာသည် (ဝိဘတျန်ခံသည်) အကြင်ဥပါသကာအား ကံအစရှိသည်လျှင် အာရုံရှိသော သဒ္ဓါတရားဖြင့် အလွန်ပွါးသည်လည်းဖြစ်သော ဖြူစင်သည်လည်း ဖြစ်သော ဒါန-သီလ အစရှိသော ဂုဏ်တို့၏ ဖြစ်ခြင်း ရှိ၏၊ ထို့ကြောင့် ထိုဥပါသကာသည် "သဒ္ဓါဘိ။ပ။ဒယေန"မည်၏၊ တေန-ထိုဥပါသကာသည် (ဝိဘတျန်ခံသည်)။

နမ္မ အမည်ရှိသော ဥပါသကာသည် အဘိဓမ္မာပိဋကတ်ဟု ဆိုအပ်သော ပရိယတ္တိသာသနာ၌ လွယ်ကူစွာ ဥာဏ်သက်နိုင်ခြင်းငှါ စွမ်းနိုင်သောပညာကို ရင့်စေတတ်သော လက္ခဏာရှိသော တပါးကုန်သော သောတုဇနတို့အား ချီးမြှောက်ခြင်းကို အလိုရှိ၍ အကြင်အဘိဓမ္မတ္ထသင်္ဂဟ မည်သောကျမ်းကို ရိုသေစွာ တောင်းပန်အပ်၏၊ ထိုကျမ်းသည် ဤမျှအတိုင်းအရှည်ရှိကုန်သော ကိုးပိုင်းတို့ဖြင့် ပြီးဆုံးခြင်းသို့ရောက်ပြီ၊ ဤသို့ အနက်ယောဇနာခြင်းကို ပြုအပ်၏။

(ခ) ကျမ်းသည် ဖြစ်စေအပ်သော ပြန့်ပြောစွာသော ထိုကောင်းမှုကြောင့် အရိယာမဂ်နှင့် ယှဉ်သော ပညာကြောင့် စင်ကြယ်စွာသော သီလ အစရှိသော ဂုဏ်ဖြင့် တင့်တယ်၏၊ ထိုသို့ တင့်တယ်သောကြောင့် သာလျှင် လဇ္ဇီဖြစ်ကုန်သော ရဟန်းတို့သည် ဘုန်းရှိသော ရဟန်းတို့၏ နေရာဖြစ်၍ ဖြစ်သော အလွန်ထင်ရှားသော တုမူလသောမ အမည်ရှိသော ကျောင်းကို ကောင်းမှု၏ ပြည့်စုံခြင်း၏ ပွါးရာ-ဟု ဆိုအပ်သော မင်္ဂလာ အလို့ငှါ အသက်ထက်ဆုံးအောက်မေ့ စေကုန်သတည်း။ ထို တုမူလသောမ အမည်ရှိသော ကျောင်း၌ နေကုန်သော ရဟန်းတို့သည် ယခု တုမူလသောမ အမည်ရှိသော ကျောင်း၌ သီတင်းသုံးကုန်သော အရှင်တို့ကဲ့သို့

အသက်ထက်ဆုံး လဋ္ဌိသဘော ရှိကြပါစေကုန်သတည်း၊ ဤကား အရှင်အနုရုဒ္ဓါဆရာ၏ အလိုတော်တည်း။

အဘိဓမ္မတ္ထဝိဘာဝနီ အမည်ရှိသော ဤအဘိဓမ္မတ္ထသင်္ဂဟ ကျမ်း၏အဘွင့် ဋီကာသည် ပြီး၏။

---

## ဋီကာကျော်နိဂုံး

၁-၂—ပြည့်စုံစွာ သီလကိုစောင့်ခြင်း စက္ခုစသော ဣန္ဒြေကို စောင့်ခြင်း-ဟု ဆိုအပ်ကုန်သော အကြောင်းတို့ကြောင့် ပညာရှိ တို့သည် နှစ်သက်အပ်ကုန်သော သီလ သမာဓိ အစရှိကုန်သော ဂုဏ်တို့၏တည်ရာ ဖြစ်ကုန်ထသော ဈာနသမာပတ်, ဖလသမာပတ် တို့၌ လေ့လာကုန်သော သီတင်းသုံးဘော်တို့သည် ကောင်းစွာ မြတ်နိုးအပ်ထသော ဘုရားသခင်၏ ပိဋက အစရှိကုန်သော များစွာ ကုန်သော ကျမ်းတို့၌ ပညာရှိတို့သည် ပူဇော်အပ်သော ဆရာ၏ အဖြစ်သို့ ရောက်သော အကြင် အရှင်သာရိပုတ္တရာ မထေရ်သည် နှလုံးမွေ့လျော် ပျော်ဘွယ်ရာ ဖြစ်သော မြို့တို့ထက် အလွန်မြတ်သော မြို့လည်းဖြစ်ထသော ပုလတ္တိ အမည်ရှိသော မြို့၌ ကြီးသော ဘုန်း လက်ရုံး ရှိထသော ပရက္ကမဘုဇ အမည်ရှိသော မင်းသည် ဆောက်လုပ်အပ်သော နှလုံးမွေ့လျော်ဘွယ် ရှိကုန်သော ပြာသာဒ်, မြတ်သော စည်ပင်သော ဥယျာဉ်တို့ဖြင့် အလွန်မွေ့လျော်ဘွယ် ရှိထသော ဇေတဝန်အမည်ရှိသော ကျောင်း၌ နေလေ၏။

၃—ဝိနည်း အဋ္ဌကထာ အစရှိသည်တို့၏ အဘွင့်ဖြစ်ကုန်သော သာရတ္ထဒီပနီ အစရှိကုန်သော ဋီကာတို့သည် အကြင် အရှင်သာရိ ပုတ္တရာ မထေရ်မြတ်၏ ဉာဏ်၏ အစွမ်းကို ဤဘုရားရှင် သာသနာ တော်မြတ်၌ ထင်လည်း ထင်ရှား စေကုန်၏၊ ထို ဋီကာတို့၏ ကောင်းမြတ်သော အနက်တို့ကို ပြသောကြောင့် ထိုဋီကာတို့သည် သူတော်ကောင်းကို အဖန်တလဲလဲ နှစ်သက်လည်း နှစ်သက်စေ ကုန်၏။

၄–ကိလေသာတို့သည် မလှုပ်ချောက်ခြားနိုင်သည် ဖြစ်၍ မြဲမြံစွာ ဖြစ်ခြင်းသို့ ရောက်ကုန်သော မြတ်သော သီလ သမာဓိ အစ ရှိကုန်သော ဂုဏ်တို့၏ တည်ရာဖြစ်သော ထိုအရှင်သာရိပုတ္တရာ မထေရ်မြတ်၏ ကရုဏာကို အမှီပြု၍ ထိုငါသည် များစွာသော ကျမ်းလျှင်အာရုံရှိသော လိမ္မာသည် အဖြစ်ကို ရပြီ၊ ထိုငါ၏သာလျှင် ဤဉာဏ်၏ ပြည့်စုံခြင်းသည် လောကီ, လောကုတ္တရာ ဖြစ်သော စည်းစိမ်၏ မြတ်သော အကြောင်းဖြစ်၏။

၅–ထိုငါသည် သန့်ရှင်းစင်ကြယ်သော လုံ့လဝီရိယ ရှိသော ထိုအဘိဓမ္မတ္ထသင်္ဂဟ အမည်ရှိသော ကျမ်း၏အဘွင့် ဋီကာကိုပြုသော ကောင်းမှု၏ အစွမ်းကြောင့် မချွတ်စင်စစ် **အရိမေတ္တေယျ** ဘုရား၏ ကိုးပါးသော လောကုတ္တရာတရား–ဟု ဆိုအပ်သော အမွေဥစ္စာ ရှိသူ ဖြစ်ရပါလို၏။

၆–ထိုအရိမေတ္တေယျ ဘုရားပွင့်တော်မူသော အခါ၌ ထိုအရိ မေတ္တေယျ ဘုရား၏ သာသနာတော်ကို ထွန်းတောက်ပ စေတတ် သော ကိလေသာတို့မှ စင်သော စိတ်ရှိသော သာရိပုတ္တရာ အမည် ရှိသော ငါ၏ ဆရာကို ဖူးမြင်လည်း ဖူးမြင်ရပါလို၏၊ အရိုအသေ လုပ်ကျွေးလည်း လုပ်ကျွေး ရပါလို၏။

၇–ဤဋီကာသည် ၂၄–ရက် အတိုင်းအရှည်ရှိကုန်သော ရက်တို့ ဖြင့် ပြီးဆုံးခြင်းသို့ ရောက်သကဲ့သို့ ထို့အတူ သတ္တဝါတို့၏ ကောင်းသော အကြံတို့သည် လျှင်စွာ ပြည့်စုံစေကုန်သတည်း။

**အရှင်သာရိပုတ္တရာ အမည်ရှိသော မထေရ်၏ တပည့်ဖြစ်သော သုမင်္ဂလသာမိ အမည်ရှိသော မထေရ်သည် စီရင်အပ်သော အဘိဓမ္မတ္ထဝိဘာဝနီ အမည်ရှိသော အဘိဓမ္မတ္ထသင်္ဂဟဋီကာသည် ပြီးဆုံးခြင်းသို့ရောက်ပြီ။**

---

ဤဋီကာကျော်ကျမ်းကို မြန်မာဘာသာပြန်ဆိုရာ ၁၃၁၅-ခု တပေါင်းလပြည့်ကျော် ၁၅-ရက်နေ့တွင် ပြီးဆုံးခြင်းသို့ ရောက်သတည်း။